www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၁)
## အထီးကျန်အုတ်ဂူ

ဆယ်ပေခန့်ကျယ်သော တောလမ်းတစ်ခုရှိသည်။

ထိုလမ်းဘေးတစ်ဖက်တစ်ချက်တွင် တောပန်းတောင်ပန်းများက ရာသီအလိုက်ဖူးပွင့်နေကြသည်။

ကျေးငှက်သာရကာများ၏ အသံကလည်း သဘာဝအလှကို ဖြည့်စွက်ပေးသလို ရှိနေသည်။

ဤတောတောင်အတွင်းသို့ရောက်ရှိသူများသည် သဘာဝအလှကိုမှချခံစားကြရသည်။

သို့သော် မာဂဓစကားဖြင့် တေးသီဖွဲ့နေသော ကျေးငှက်သာရကာများ၏ အသံသည်လည်း ရုတ်ခြည်းတိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်များ ထပျံသွားသော တောင်ပံရိုက်ခတ်သံများသည် ဆက်တိုက်ထွက်ပေါ်လာသည်။

မကြာမီ တောတောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဤသို့ ကျေးငှက်သာရကာများ ထပျံသွားသည်မှာ အကြောင်းရှိသည်။

ဆီမထည့်သည်မှာ ကြာပြီဖြစ်သော လှည်းဝင်ရိုးမှ ထွက်ပေါ်လာသည့်အသံသည် တအီအီမြည်လာသောကြောင့်ပင်တည်း။

မကြာမီ မြင်းခွာသံပေါ်လာသည်။ မြင်းခွာသံနှင့်အတူ တအီအီမြည်သောမြင်းလှည်းဝင်ရိုးမှအသံသည်လည်း ထွက်ပေါ်နေသည်။

ထိုမြင်းလှည်းသည် ဆယ်ပေမျှ ကျယ်သော တောလမ်းကလေးသို့ ရောက်ရှိခဲ့လေသည်။

မြင်းရထားမှာ အနက်ရောင် ဆေးသုတ်ထားသော်လည်း အနက်ရောင်မှာ လွှင့်ပျက်နေပေပြီ။

မြင်းမှာမူ မြင်းလှည်းနှင့်ဆန့်ကျင်လှစွာ နုပျိုနေသည်။

မွန်ကိုမြင်းတစ်ကောင်ဖြစ်နေခြင်းက ပို၍ လန်းဆန်းတက်ကြွနေခြင်းဖြစ်သည်။

အုန်းခွံရောင်မြင်းကြီးသည် တိမ်ယံသို့တက်၍ တိမ်ညွန့်ကို ခူးစားတော့မည့်အလား ကြွရွနေပေသည်။

မြင်းကြီးသည် မြင်းရထားကိုပေါ့ပါးသွက်လက်စွာ ဆွဲသွားသည်။



မြင်းရထားပေါ်၌ မြင်းလှည်းမောင်းသူကိုမှ တွေ့ရသော်လည်း မြင်းရထား၌ စကားပြောသံများကိုကြားနေရသည်။

မြင်းသည် မြင်းလိမ္မာကြီးဖြစ်ဟန်ရှိ၏။ တစ်လမ်းတည်းသာရှိသော မြင်းလမ်းကြောင်း၌အသားကျပြေးသွားလျက်ရှိသည်။ လမ်းကလည်း မှားစရာမရှိပေ။

အတန်ကြာ ပြေးသွားပြီးနောက် ကျိုးစန်းတောင်ခြေသို့ ရောက်သွားလေတော့သည်။ မြင်းရထားခရီးစဉ်မှာ ပြီးဆုံးသွားပြီဖြစ်သည်။

"ဟီး... ဟီး... ဟီ"

မြင်းကြီးသည် ဟီလိုက်သည်။ ထိုအခါ မြင်းရထားတံခါးသည် တဖြည်းဖြည်း ပွင့်လာတော့သည်။

မြင်းရထားအတွင်းမှ အဘိုးအိုတစ်ဦးဆင်းလာသည်။ ထို့နောက် အဘွားအိုတစ်ဦးသည် ရှစ်နှစ်အရွယ်သားကလေးနှင့်အတူ ဆင်းလာသည်။

အဘိုးအိုသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

မြင်းရထားမောင်းလာသည့် လမ်းတစ်လျှောက်လုံးကိုလည်း ကြည့်သည်။ မည်သည့်အရိပ်အယောင်မျှ မတွေ့ရပါ။

မြင်းရထား၏လှည်းဝင်ရိုးသံများ တိတ်ဆိတ်သွားသည်နှင့် ကျေးငှက်သာရကာများ၏ အသံများကို ကြားလိုက်ရသည်။

အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် မြင်း

www.burmeseclassic.com



ကို မြင်းရထားမှဖြုတ်ကာ လွှတ်ပေးလိုက်သည်။

ထိုအခါ မွန်ဂိုမြင်းကြီးသည် ပျော်မြူးစွာ တောထဲသို့ပြေးသွားလေတော့သည်။

အဘိုးအိုသည် မြင်းရထားကိုတစ်ချက်ကြည့်လိုက််ပြီး....

"ဒီအတိုင်းပဲ ထားခဲ့မယ်... မြင်းရထားအိမ်ကိုတော့ ဒုက္ခပေးမယ့်လူရှိမှာ မဟုတ်ဘူး"

အဘွားအိုက....

"ရှင်လဲ သတိတွေပေါ့လာပြီနော်"

"ကိစ္စမရှိပါဘူး... နောက်ထပ် တစ်မိုင်လောက်ကတည်းက လမ်းလွှဲထားခဲ့ပြီပဲ"

"အင်းလေ... သတိဆိုတာ ပိုတယ်ရှိရတယ်ဆိုလို့ သတိထားရတာပါ၊ အခုအချိန်မှာတော့ ရှင်နဲ့ကျွန်မကို အားလုံးက မေ့လောက်နေပါပြီ"

အဘိုးအိုက သက်ပြင်းချလိုက်ပြီး....

"အင်းလေ... ဆယ်နှစ်လောက်တောင် ရှိနေပြီကိုး၊ တခြားလူတွေ ဘယ်လောက်မေ့မေ့ ငါကတော့ မမေ့နိုင်ပါဘူး"

"မမေ့နိုင်လို့ပဲ ရှင် ဒီကိုရောက်လာပြီမဟုတ်လား"

"အင်း... ဟုတ်တယ်၊ မမေ့နိုင်လို့ ဒီကိုရောက်လာခဲ့ရပြီ၊ ငါတို့ဘဝအေးချမ်းသာယာချင်ရင် ဒီကိုမလာသင့်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် လာရတာပဲလေ"

အဘွားအိုက ခေါင်းညိတ်လိုက်သည်။



"ရှင်မလာရင်လဲ သူက ရှင့်ကိုနားလည်ခွင့်လွှတ်မှာပါရှင်"

အဘိုးအိုမှာ တွေတွေငေးငေးကြီးဖြစ်သွားသည်။

အဘွားအိုအား မည်သို့မျှ ပြန်လှန်မပြောတော့ပေ။ ကလေးငယ်အား ကောက်ယူပွေ့ချီလိုက်ပြီး တောင်ပေါ်သို့ လှမ်းတက်သွားလေတော့သည်။

အဘွားအိုသည် အဘိုးအိုနောက်သို့ချက်ချင်း မလိုက်ပေ။ ဖါးရိုက်သုံးရိုက်အကွာမှ လိုက်သည်။ ခွာ၍လိုက်သည်။

သူတို့သည် သွားလာရာ၌ သတိထားသည့်အကျင့်ကိုမူ မပျောက်ချေ။

မပျောက်သည်မှာ အကြောင်းရှိသည်။ သူတို့ ယခုထိ အသက်ရှင်သန်နေသည်မှာ ထိုအကျင့်ကို မပျောက်သေးသောကြောင့် ဖြစ်သည်။

လေသည် တဟူးဟူး တိုက်ခတ်နေသည်။ တောင်ထိပ်ပိုင်းသို့ရောက်လေလေ လေက တိုက်ခတ်လေလေဖြစ်၏။ သစ်ပင်များသည် ယိမ်းထိုးလှုပ်ရှားနေကြသည်။

အဘိုးအိုသည် တောင်ထိပ်သို့ရောက်သောအခါ ကလေးငယ်ကိုအောက်သို့ချလိုက်သည်။

ပတ်ဝန်းကျင်ကိုလည်း တစ်ချက် လှေ့လာအကဲခတ်သည်။ တစ်ယောက်ယောက်ရှိနေပါက သူသည် ကြည့်ရုံနှင့်သိပေသည်။

တောင်ထိပ်တစ်လျှောက်၌ မြက်ပင်များပေါက်နေသည်။ မည်သူမျှ ရှင်းလင်းထားခြင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှရိပ်ဖြတ်ထားခြင်းမရှိချေ။ နင်းခြေထားခြင်းလည်း မရှိ။

အဘိုးအိုသည် ဓားတစ်လက်ကိုဆွဲထုတ်လိုက်သည်။ ဓားမှာ နေရောင်အောက်၌ ဖွေးခနဲလက်သွားသည်။

ဓားအရှည်မှာ ဆယ့်ရှစ်လက်မခန့်သာရှိ၏။ ဓားရှည်ဟု ပြော၍မရချေ။

ဓားတိုမဟုတ် ဓားရှည်မဟုတ် ဓားတစ်ချောင်းသာ ဖြစ်ပေသည်။

ဓားရိုးမှာ ငွေလက်ကိုင်ရိုးဖြစ်သည်။ သားနားလှပသော ဓားတစ်လက်ပင် ဖြစ်၏။

အဘိုးအိုသည် ထိုဓားကိုကိုင်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်နေသည်။

လူသားအရိပ်အယောင်ရှိသည့် အငွေ့အသက်ကို သူလုံးဝ မခံစားရချေ။ အဘိုးအိုသည် သက်ပြင်းတစ်ချက်ချလိုက်၏။

မြက်ပင်ရှည်များကိုနင်းလျက် တောင်ထိပ်တစ်နေရာသို့ လျှောက်သွားသည်။

ထို့နောက် ဓားကိုဝှေ့ယမ်းကာ မြက်ပင်များကိုရှင်းလင်းနေလိုက်သည်။

ထိုစဉ် ပေါ့ပါးသောခြေသံသည် ပေါ်လာလေတော့၏။ အဘိုးအိုသည် ခြေသံရှင်ကိုသိလေသည်။

"ဘယ်သူတွေ နောက်ယောင်ခံလိုက်လာသေးသလဲ"



ခြေသံရှင်ကား အဘွားအိုပင်ဖြစ်၏။ အဘွားအို နောက်ချန်နေရစ်ခဲ့ပြီး ရန်သူများ လိုက်လာမလာကြည့်ရှုနေခဲ့ခြင်းဖြစ်သည်။

"ဘယ်သူမှ နောက်ယောင်ခံလိုက်မလာပါလား"

အဘိုးအိုသည် သွက်သွက်လက်လက်ဖြင့်မြက်ပင်များကို ရှင်းလင်းနေလိုက်သည်။ မကြာမီ မြေကွက်လပ်ဖြစ်ပေါ်လာသည်။

ထိုမြက်ပင်များ ရှင်းလင်းသွားသောအခါ အုတ်ဂူတစ်ခုပေါ်လာလေတော့သည်။

အဘိုးအိုသည် ဓားကိုပြန်ရုပ်သိမ်းလိုက်ပြီး အုတ်ဂူကိုမျက်တောင်မခတ် ကြည့်နေတော့သည်။

သူ့ကိုသေချာစွာ ကြည့်မည်ဆိုလျှင် မျက်ရည်များ ရစ်ဝဲနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အဘိုးအိုသည် မျက်နှာကိုလက်ဖြင့် သပ်ချလိုက်ရာ အဘိုးအို၏မျက်နှာမှာ ကွာကျသွား၏။ ထိုအခါ အသက်လေးဆယ်ခန့်ရှိသော လူလတ်ပိုင်း ယောကျာ်းတစ်ယောက်၏မျက်နှာ ပေါ်လာသည်။

ထိုသူသည် ယောကျာ်းပီသ၏။ ထူထဲသောမျက်ခုံးနှင့် မျက်နှာကျကောင်း၏။

ထို့အတူ အဘွားအိုသည် မျက်နှာတုကိုချွတ်ချလိုက်၏။ သူမသည်လည်း အသက်သုံးဆယ်ကျော်ကျော်သာရှိသော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။

သူတို့နှစ်ယောက်သည် အသင့်ယူလာသောပန်းများကို အုတ်ဂူပေါ်သို့တင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမွှေးတိုင်များကို မီးမွှေးလျှက် စိုက်ထူလိုက်ကြသည်။ အမွှေးတိုင်မှ မီးခိုးငွေ့များ တလူလူထွက်လာသည်။

မကြာမီ အမွှေးတိုင်များမှ မီးခိုးငွေ့များ အုတ်ဂူကို ဖုံးလွှမ်းသွားလေတော့သည်။

လူရွယ်သည် အုတ်ဂူကို မျက်တောင်မခတ်ငေးကြည့်ရာမှ မျက်ရည်ဝဲလာသဖြင့် မျက်နှာလွှဲလိုက်၏။ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း မျက်ရည်မကျအောင် ထိန်းသိမ်းလိုက်ရ၏။

လူရွယ်သည် အမျိုးသမီးဘက်သို့ ကြည့်လိုက်သည်။ အမျိုးသမီးက ခေါင်းညိတ်လိုက်ပြီး မန်တိုခေါ် သက်သက်လွှတ်ပေါက်စီများကို ကမ်းပေးလိုက်သည်။

လူရွယ်က ထိုပေါက်စီများကို အုတ်ဂူပေါ်တင်ပေးလိုက်သည်။ လူရွယ်က တိုးတိုးပြောလိုက်သည်။

"ညီလေး... ညီလေးဟာ အခုတော့အေးချမ်းစွာ လဲလျောင်းနေပြီ မဟုတ်လား၊ အေးချမ်းမှုကို ညီလေး လိုက်ရှာတယ်၊ အေးချမ်းမှုကို မတွေ့ရဘူး၊ သေမှပဲ အေးချမ်းမှုကို ညီလေးတွေ့တော့တယ်မဟုတ်လား၊ ညီလေး... မင်းကို အစ်ကို ဘယ်တော့မှမေ့မှာမဟုတ်ပါဘူးကွယ်"

သူ့အသံမှာ ဆို့နင့်နေသည်။

လူရွယ်၏မျက်နှာကြေကွဲမှုများ အတိုင်းသား ပေါ်လွင်နေသည်။ လူရွယ်သည် ကြေကွဲဝမ်းနည်းစွာ ဆက်ပြောနေ၏။

"ညီလေး... မင်းတို့ ငါတို့ဟာ အစတေးခံသားကောင်တွေပါ။ ကြိုမသိခဲ့ရတဲ့အတွက် အခုလိုဖြစ်ပျက်ခဲ့ရတာပါ"



လူရွယ်က ဆက်လက်၍ ဆုမွန်ကောင်းများ တောင်းနေလေသည်။ တတွတ်တွတ် ရေရွတ်နေသည်။

အမျိုးသမီးကတော့ ဘာမျှပြောမနေပေ။ လူရွယ်က မန်တိုခေါ် သက်သက်လွှတ်ပေါက်စီကို အုတ်ဂူပေါ် တင်ပေးလိုက်သည်နှင့် ထိုဂူကို ရိုသေစွာ ဂါရဝပြု၏။

ထို့နောက် တောင်အောက်သို့မြင်ရသော နေရာသို့သွားကာ အောက်မှတက်လာမည့်သူကို ကြည့်ရှုနေလေတော့သည်။

ဤတောင်ပေါ်သို့ လူအရောက်အပေါက်နည်းလှသည်။ သို့သော် အမျိုးသမီးသည် သတိကြီး၏။

သူသည် တောင်တက်လှောင်ဆင်းလမ်းကို သတိရှိရှိကြီးစွာ ကြည့်နေတော့၏။

အမွှေးတိုင်များသည် လေတိုက်နေသဖြင့် လျင်မြန်စွာ ကုန်ဆုံးလောင်ကျွမ်းသည်။ ထိုအမွှေးတိုင်များ ကုန်ဆုံးသွားသည်အထိ လူရွယ်က တတွတ်တွတ် စကားပြောနေသည်။

အမျိုးသမီးသည် တောင်အောက်သို့ကြည့်နေရာမှ အုတ်ဂူအား စကားပြောနေသည့်ခင်ပွန်းသည်အား လှမ်းကြည့်လိုက်သည်။

သူသည် ခင်ပွန်းသည်၏ခံစားမှုကို နားလည်သည်။ သဘောပေါက်သည်။

ထို့ကြောင့် သူတို့သည် အန္တရာယ်များအကြားမှ ဤနေရာသို့ ရောက်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်တာ အချိန်ကာလအတွင်း၌ သူမသည် တစ်နှစ်သာပျက်ကွက်ပြီး သူမ၏ခင်ပွန်းသည်နှင့်အတူ လိုက်ပါခဲ့သည်။

နှစ်တိုင်းလိုလို သူမသည် လိုက်ပါစမြဲဖြစ်သည်။ သူတို့လာရမည်လေ။ တစ်ချိန်က သူတို့အားလုံး လက်တွဲခဲ့ကြသည်မဟုတ်ပါလား။

နေရောင်သည် ဦးခေါင်းပေါ်တည့်တည့်ကျရောက်လာလေပြီ။ နေမွန်းတည့်လေပြီ။

အမျိုးသမီးသည် မျက်နှာဖုံးအတုကိုပြန်စွပ်လိုက်သည်။

"အစ်ကို... ကျွန်မတို့ပြန်ကြဖို့သင့်ပြီ"

လူရွယ်သည် အုတ်ဂူကို အတန်ကြာကြည့်ပြီးမှ ခေါင်းညိတ်လိုက်သည်။

ထို့နောက် မျက်နှာဖုံးအတုကို ပြန်စွပ်လိုက်သည်။ နောက်သို့တစ်လှမ်းချင်းဆုတ်လာပြီး အုတ်ဂူအား ဂါရဝပြုပြန်သည်။

ထို့နောက် ကလေးငယ်အား ပွေ့ချီလိုက်ပြီး တောင်အောက်အဆင်းခရီး စတင်လေတော့သည်။

ဤတစ်ကြိမ်တွင် အမျိုးသမီးက ရှေ့မှကြို၍ဆင်းသည်။ သူတို့၏လှုပ်ရှားမှုသည် ညင်သာလှသည်။

မကြာမီ တောင်ခြေသို့ရောက်ရှိလေသည်။ မည်သည့်အနှောင့်အယှက် အတားအဆီးကိုမျှ မတွေ့ရပေ။

"ရှီး....."

လူရွယ် လေချွန်လိုက်သောအခါ အုန်းခွံရောင်မြင်းကြီးသည်



ပြေးလာလေသည်။

မြင်းကြီးကို မြင်းရထားတွင် တပ်ဆင်ထားပြီး လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေတော့သည်။

သို့သော် လူရွယ်၏စိတ်အစဉ်မှာမူ လွန်ခဲ့သောအတိတ်ဆီသို့ ပျံ့သန်းသွားလေတော့သည်။

ဤသို့ဖြစ်ခြင်းမှာ ဤတစ်ကြိမ်သာမဟုတ်ပါ။ ဆယ်နှစ်ဆယ်မိုးကြာသည့်တိုင် ဤသို့ဖြစ်လေ့ရှိပါသည်။

သူ့အတွက် မနေ့တစ်နေ့ကလို သတိရနေပါသည်။ အရာတိုင်းလိုလို သတိရအမှတ်ရနေပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

ဆက်သားနှင့်တွေ့ဆုံခြင်း

နှင်းများသည် တဖွဲဖွဲ တသည်းသည်းကျလျက်ရှိသည်။

လေတဟူးဟူး တိုက်ခတ်လျက်ရှိသဖြင့် နှင်းများသည် လေနှင့်အတူ လွင့်ပါလျက်ရှိသည်။

တောင်တန်းကြီးသည် ဖွေးဖွေးဖြူနေခြင်းဖြစ်တော့သည်။

သို့သော် နေရောင်နှင့်ထိတွေ့သော နှင်းပွင့်နှင်းဖတ်များမှာ စိန်ပွင့်များနှယ် အရောင်တောက်နေလေသည်။

နှင်းတောထဲတွင် လူတစ်ယောက်ပြေးလွှားနေသည်။

ထိုလူအား ချမ်းအေးမှုက မည်သို့မျှမပြုနိုင်ပါ။ ထိုလူသည် ချမ်းအေးမှုဒဏ်ကို ကြံ့ကြံ့ခံလျက် နှင်းတောထဲ၌ ပြေးလျက်ရှိပါ



သည်။ အလွန်ကြံ့ခိုင်သော လူပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဖျင်ကြမ်းအင်္ကျီကိုသာ ဝတ်ဆင်ထားသောကြောင့်ပေတည်း။

သူ့တစ်ကိုယ်လုံးတွင် ချွေးများစီးကျနေသည်။ ဤမျှအေးချမ်းသောဆောင်းကို အန်တုနိုင်သော သူ့ကြံ့ခိုင်မှုမှာ ချီးကျူးအံ့သြဖွယ်ရာပင်။

ကျစ်လစ်သန်မာသော သူ့ခန္ဓာကိုယ်က ဆောင်းအအေး၏ဒဏ်ကို အန်တုနိုင်စွမ်းရှိနေသည်။

သူကား ရောက်လီဖြစ်သည်။ အသက်နှစ်ဆယ့်ငါးနှစ်ခန့် ရှိသေးသည်။

ရောက်လီသည် ထူးဆန်းသောလူတစ်ယောက်ဖြစ်သည်။ သူသည် အခြားသူများနှင့်မတူ တမူထူးခြားသူဖြစ်သည်။

ရောက်လီ တာဝန်ပြီးဆုံးသွားပေပြီ။ ထို့ကြောင့် ဤအရပ်ဒေသသို့လာ၍ အနားယူအပန်းဖြေနေခြင်းဖြစ်သည်။

အခြားသူများနှင့်မတူသော ရောက်လီဟုပြောခဲ့သည်။

တကယ်ပင် အခြားသူများနှင့်မတူသူဖြစ်သည်။

အခြားသူများအနားယူ အပန်းဖြေလျှင် ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်မည်၊ စည်းစိမ်နှင့်နေမည်။

ရောက်လီကတော့ သည်သို့မဟုတ်ပေ။ နှင်းတောထဲ ၌ ချွေးပြိုက်ပြိုက်ကျအောင် ပြေးလွှားနေသည်။

ရောက်လီ ဤနေရာဤဒေသသို့ရောက်ခဲ့သည်မှာ နှစ်လခန့်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီဖြစ်သည်။

နှစ်လအတွင်း သူသည် ကိုယ်လက်သန့်စွမ်းရေး လေ့ကျင့်ခန်းများကိုသာလုပ်သည်။

ထို့ကြောင့် သူသည် တာဝန်အသစ်များ ကိုထမ်းဆောင်နိုင်ရန် အသင့်ဖြစ်နေပေပြီ။

တစ်နေ့ ရောက်လီသည် နှင်းများပေါ်သို့ပြေးလွှားနေသည်။ ထိုနှင်းများပေါ်တွင် သူခြေရာသည် သုံးလက်မခန့်သာထင်၏။

တစ်နေ့နေ့တွင် သူသည် နှင်းပြင်ပေါ်၌ ခြေရာမထင်အောင် ပြေးလွှားနိုင်သူဖြစ်မည်ဟု ယုံကြည်သည်။

နှင်းထုမျက်နှာပြင်သည် စိတ်ချရသည်မဟုတ်ပေ။ ပြိုကျတတ်သည်။

နှင်းများက သဲသဲမဲမဲကျလျက်ရှိနေသဖြင့် တော်တော်ဝေးဝေးကို မမြင်နိုင်ပေ။

သူပြေးလွှားနေသော်လည်း အသက်အန္တရာယ်နှင့် အမြဲနီးကပ်လျက် ရှိနေသည်။

သို့သော် သူသည် ရင်တဖိုဖိုဖြစ်ရခြင်းကို နှစ်သက်သည့်အလျောက် ပြိုကျတတ်သော နှင်းပြင်ပေါ်တွင်သာ ပြေးလွှားနေတတ်သည်။

ထို့ကြောင့် အသည်းတယားယား ရင်တဖိုဖိုလုပ်နေရသောမည်သည့်စွန့်စားခန်းကိုမဆို နှစ်သက်ပေသည်။

ဤသို့ဖြင့် သူသည် သတ်ဖြတ်သုတ်သင်ရေးသမားတစ်ဦးအဖြစ် ကျော်ကြားလာခဲ့ရတော့သည်။



သူ၏မူရင်းမျက်နှာကို တွေ့ဖူးသူ၊ မြင်ဖူးသူများကား ရှားလှသည်။

သူသည် နေရာဒေသကိုလိုက်၍ မျက်နှာအမျိုးမျိုး ရုပ်အမျိုးမျိုးဖြင့် ပြောင်းလဲလှုပ်ရှားတတ်၏။ သူ၏ဓားပညာမှာလည်း ထိပ်တန်း၌ ရှိပေသည်။

နှင်းများမှာ ထူထပ်သိပ်သည်းစွာ ကျနေဆဲသာဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မွှားနေသည်။

ရှေ့ကိုဘာမျှမမြင်ရချေ။ ရောက်လီသည် မမြင်ရသည် မြင်ရသည်ကို ဂရုမစိုက်ဘဲ နှင်းတောထဲပြေးလွှားနေသည်။ သူ့ပတ်ဝန်းကျင်တစ်ခုလုံး ဖြူဖွေးနေသည်။

မိုးကောင်းကင်လေထုနှင့်မြေကြီးအားလုံး ဖြူဖွေးနေသည်။ အဖြူရောင်စောင်ထည်ကြီးတစ်ခု လွှမ်းအုပ်ထားသည့်နှင့် တူနေတော့သည်။

ရောက်လီသည် ရှေ့ကိုကြည့်လိုက်၏။ ဖြူဖြူအရောင်ကိုသာ မြင်ရသည်။

သို့သော် ရောက်လီသည် အပြေးရှိန်ကိုလျှော့မချပါချေ။ ဆက်ပြေးမြဲ ပြေးနေသည်။

ချောက်ကမ်းပါးသို့ကျမည်ကိုလည်း မစိုးရိမ်။ သစ်ပင်များနှင့်တိုက်မည်ကိုလည်း မစိုးရိမ်။ အရာအားလုံး ရောက်လီ မစိုးရိမ်ပါ။

သူ့စိတ်သည် ပေါ့ပါးတက်ကြွနေ၏။ ပြေးနေရသည်မှာ နှင်း

www.burmeseclassic.com

www.burmeseclassic.com



ပွင့်များပေါ်မဟုတ်။ တိမ်များပေါ် ပြေးလွှားနေရသကဲ့သို့ ထင်မှတ်နေသည်။

သူ၏ပြေးအားကောင်းသလောက် လေက အရှေ့မှ ဆီးတိုးနေ၏။

ပါးပြင်ကို လေအေးအေး ပွတ်တိုက်နေသည်ကိုလည်း သူသဘောကျနေသည်။

တဖြည်းဖြည်း ရောက်လီသည် တောင်ကုန်းဆင်ခြေလျှောသို့ရောက်ရှိလာသည်။

သူသည် တောင်ခြေသို့ဦးတည်လိုက်သည်။ လက်ဝဲဘက်ကိုက်တစ်ရာခန့်တွင် မတ်စောက်သော ချောက်ကမ်းပါးတစ်ခုရှိသည်ကို အလိုလို မှတ်မိလာ၏။

သူ၏ခြေထောက်အောက်မှနှင်းထုသည် ရုတ်တရက် ပြိုဆင်းသွားသည်။

ရောက်လီ ဟာခနဲဖြစ်သွားသည်။ တစ်ပြိုင်နက်တည်း ခုန်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ပေ့ါပါးစွာ မြောက်တက်သွားပြီး ဘေးဘက်သို့ ကျရောက်သွား၏။

နှင်းထုနှင့်ခြေထောက် ပြန်တွေ့လေပြီ။ ခုန်တက်ပြီး ပြန်ကျလာသော သူ့ခန္ဓာကိုယ်၏ပေ့ါပါးမှုကို ရောက်လီလွန်စွာ ကျေနပ်သွား၏။

ကိုယ်ဖော့ပညာမှာ တစ်ဖက်ကမ်းခတ်မဟုတ်သည့်တိုင်



လွန်စွာတိုးတက်လာပြီမဟုတ်ပါလော။

ထိုစဉ် သူ့ရှေ့ဆီမှ မည်းမည်းအရိပ်တစ်ရိပ်ပေါ်လာသည်။

ရောက်လီ မျက်မှောင်ကုတ်လိုက်သည်။ သူသည် ကိုယ်ရှိန်သတ်လိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် သူ့ကိုယ်ကို ကာကွယ်လိုက်သည်။

ရောက်လီသည် ခြေထောက်များမှာ နှင်းထုထဲ ဒူးဆစ်နီးပါး ရှုံ့ကျုံဝင်သွား၏။

ရောက်လီသည် သူ့ရှေ့မှ မည်းမည်းလူရိပ်ကို စူးစိုက်ကြည့်လိုက်သည်။

ထိုလူရိပ်သည် မလှုပ်ရှားပေ။ အဘယ်သို့ဖြစ်သနည်း။

နှင်းထုနှင့်အတူ ပြိုကျလာသော လူဖြစ်သလော။ သာမန်သိုင်းသမားများအနေဖြင့် ဤနှင်းဖုံးလွှမ်းသော မြေပြင်ကို ခြေမတင်ရဲပါချေ။

ရောက်လီသည် ထိုမည်းမည်းလူရိပ်ရှိရာသို့ ပြေးလွှားသွားလေတော့သည်။

တောင်ခြေသို့ရောက်လေလေ သစ်ပင်များ ပိုများလေလေဖြစ်သည်။

ထိုသစ်ပင်များသည်လည်း နှင်းပွင့်များ ဖုံးအုပ်ပြီး ဖြူဖွေးနေသည်။

ရောက်လီသည် သတိမလစ်ပါ။ ပတ်ဝန်းကျင်အား ဦး ခေါင်းတောင်းမော့် အကဲခတ်ကြည့်ရှုလာသည်။

"ထောင်ချောက်တစ်ခု ဖြစ်ချင်ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း သံသယရှိသောရောက်လီက တွေးလိုက်သည်။ သို့သော် သူ့အသွေးအသားများက ကြောက်လန့်မလာပါ။

ထူးထူးခြားခြား အာရုံမခံစားရပါ။ ထို့ကြောင့် သူသည် ရှေ့သို့တိုးသွားလေသည်။

သူ ရှေ့သုံးဆယ်ပေခန့်အကွာ လူတစ်ယောက်လဲကျနေသည်ကိုတွေ့ရ၏။

ရောက်လီသည် သတိထားရင်း ထိုလူရှိရာသို့တိုးသွားလေတော့၏။

ဖြူဖွေးသောနှင်းထုပေါ်တွင် နီရဲသောသွေးစက်အချို့စွန်းထင်းနေသည်ကိုတွေ့ရ၏။ တောင်ဝှေးတစ်ချောင်းသည် မလှမ်းမကမ်းတွင် ကျနေသည်။

ထိုလူသည် အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။ နဖူးသွေးများယိုစီးကျနေ၏။ ထိုဒဏ်ရာမှသွေးထပ်မံ၍ မထွက်တော့ပေ။

အေးသဖြင့် သွေးစီးကြောင်းကြီးစီးကျပြီး အေးသွားခြင်းဖြစ်ပေလိမ့်မည်။

ရောက်လီသည် ထိုလူအနီးသို့ရောက်သောအခါ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ထိုလူသည် ခြေထောက်တစ်ဖက်လိန်နေသော လူဖြစ်နေသည်တကား။

သို့သော် သူသည် လူငယ်တစ်ယောက်သာဖြစ်၏။ သူသည် သတိမလစ်ပေ။



ရောက်လီကိုမြင်သောအခါ အကူအညီတောင်းသည့် မျက်လုံးများဖြင့် လှမ်းကြည့်လေသည်။

သူသည် စုတ်သပ်ပြီး ညည်းညူနေသည်။ သူ့နဖူးမှဒဏ်ရာမှာလည်း သစ်ပင်နှင့်တိုက်မိပြီး ရရှိထားဟန်တူ၏။ ဒဏ်ရာကအတော်ကြီး၏။

"အင်း... သူ့မျက်နှာမှာ အမာရွက်တစ်ခုတော့ တိုးသွားပြီ"

ရောက်လီ စိတ်ထဲမှ ပြောလိုက်မိ၏။

ရောက်လီသည် ထိုလူငယ်အား မည်သို့ကယ်တင်ရမည်နည်းဟု စဉ်းစားမိ၏။

သူသည် ကောင်းကင်သို့မော့ကြည့်လိုက်၏။ နှင်းများကဘာဖွဲ့ဖွဲ့ တသည်းသည်း ကျနေဆဲပင်။

ယခုလူငယ်ဒဏ်ရာရထားသည့်နေရာမှာ တောင်ခုလပ်တွင်ဖြစ်၏။ တောင်ခြေသို့မရောက်သေးပေ။ တောင်ခြေဆိုလျှင် ရွာရှိ၏။

သူသည် နှင်းတောများအကြား ဤလူငယ်ကိုခေါ်သွားရန် အခက်အခဲရှိ၏။

မည်မျှပင် ခက်ခဲပါစေ တောင်ခြေအရောက်ကြိုးစား၍ ခေါ်သွားလျှင်ဖြစ်၏။

နောက်တစ်နည်းမှာ သိပ်မကောင်းချေ။ တောင်ခြေမှလူများအား သွားရောက်အကြောင်းကြားခြင်းဖြစ်၏။

တောင်ခြေမှသူများမရောက်လာလျှင် ဤလူငယ် အအေးဒဏ်၍ သေကောင်းသေမည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီသည် ဤလူငယ်အား သူကိုယ်တိုင် ကယ်ဆယ်သွားရန် ဆုံးဖြတ်လိုက်တော့၏။

ထိုသို့မကယ်ဆယ်လျှင်လည်း မဖြစ်ချေ။ ခြေထောက်သွင်သွင်ကျိုးသွားသဖြင့် ထိုဒဏ်ရာကိုပြုစုရန် ပစ္စည်းလုံးဝမရှိချေ။

ထို့ကြောင့် လူငယ်ပခုံးပေါ် ထမ်းတင်လိုက်၏။ လူငယ်သည် နာကျင်မှုကိုခံစားလိုက်ရသဖြင့် လွတ်ခနဲ အော်လိုက်မိ၏။

"အား....."

ရှောက်လီကတော့ လူငယ်အော်သည်ကို ဂရုမစိုက်ပါ။ ခပ်သွက်သွက်ပင် လျှောက်လိုက်ပါ၏။ နေရောင် စတင်ထွက်ပေါ်လာသည်ကို သူသတိပြုမိ၏။

နေရောင်ပေါ်လျှင် နှင်းများပြိုကျတတ်ပေသည်။

ရှောက်လီ ထမ်းလာသောလူငယ်၏ကိုယ်အလေးချိန်ကြောင့် သူ့ဒူးဆစ်များသည် နှင်းတောထဲမြုပ်ဆင်းသွားသည်။

ထို့ကြောင့် သူသည် ခက်ခက်ခဲခဲ လမ်းလျှောက်နေရတော့၏။ လူငယ်မှာ ညည်းတွားနေသည်။

ရှောက်လီက....

"ခင်ဗျားကို မလှုပ်ရှားစေချင်ဘူး... ဒါပေမယ့် ဒီလိုမခေါ်လို့လည်းမရဘူး၊ ခင်ဗျားက နဖူးမှာရော ခြေထောက်မှာပါ ဒဏ်ရာရထားတယ်၊ ခဏတော့ သည်းညည်းခံလိုက်ပါဦးလေ၊ မကြာခင် တောင်ခြေရွာကိုရောက်တော့မှာပါ"

"ကျေးဇူးပါပဲခင်ဗျာ"



လူငယ်သည် ဒဏ်ရာများကို အံကြိတ်သည်းခံရင်း ပြောလိုက်၏။

"ကျုပ်နေရာမှာ ခင်ဗျားရောက်နေရင်လဲ ဒီလိုကူညီမှာပဲ"

ရှောက်လီက ပြောလိုက်၏။

လူငယ်က တစ်ချက်စုပ်သတ်လိုက်ပြီး....

"အင်း... ကျွန်တော် အကြီးအကျယ်မှားသွားတယ်"

ရှောက်လီသည် လမ်းကိုသာမှန်မှန်လျှောက်နေ၏။ ဒူးဆစ်မြုပ်နေသော နှင်းတောထဲတွင် ခက်ခဲစွာ လျှောက်နေရခြင်းဖြစ်၏။

"ကျွန်တော်က နှင်းတောထဲမှာသွားရတာ မြေပြန့်မှာသွားရတာထက် နည်းနည်းပဲ ပိုခက်မယ်လို့ထင်နေတာ၊ ဒီလောက် ခက်ခဲမယ်လို့ လုံးဝမထင်ခဲ့ဘူး"

ရှောက်လီက ဝန်ခံလိုက်သည်။

"အင်း... လူတော်တော်များများက ဒီလိုပဲ ထင်လေ့ရှိကြပါတယ်"

လူငယ်က....

"သူပြန်လာအောင် စောင့်ဖို့ ကောင်းပါတယ်ဗျာ၊ ကျုပ်က နှင်းတောမှာရာရင် လွယ်လွယ်လေးလို့ထင်နေတာ"

ရှောက်လီ မျက်မှောင်ကုတ်သွား၏။ လူငယ်သည် ကယောင်ကတမ်း လျှောက်ပြောနေခြင်းဖြစ်သလော။

သို့မဟုတ် ဤလူငယ်သည် တစ်စုံတစ်ယောက်ကို ရှာဖွေနေခြင်းပင် ဖြစ်သလော။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ဆက်မေးလေသည်။

"ခင်ဗျား တီဗက်ရောက်ဖူးသလား"

ရှောက်လီမှာ ပို၍ပင် မျက်မှောင်ကုတ်သွားတော့သည်။

လူငယ်သည် အဘယ်အဓိပ္ပာယ်ဖြင့် တီဗက်ကိုရောက်ဖူးသလောဟု မေးရသနည်း။

"ဘာလဲ... ဘာဓိပ္ပာယ်လဲ"

"ခင်ဗျားတီဗက်က မန်တိုကိုစားဖူးသလား"

ဤလူငယ် ကယောင်ကတမ်းဖြင့် ပြောခြင်းမဟုတ်တော့ပါ။ ရှောက်လီက ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့... မန်တိုကို ဝံပုလွေတွေ ပိုကြိုက်နှစ်သက်ကြပါတယ်ခင်ဗျာ"

လူငယ်သည် သက်ပြင်းချလိုက်သည်။

"ကံကောင်းတာပဲ... ကျွန်တော်ရှာနေတဲ့လူကို တန်းတွေ့တာပဲ၊ ကျွန်တော်ရှာနေတဲ့လူဟာ ခင်ဗျားဖြစ်လိမ့်မယ်လို့ ထင်ကိုမထင်ဘူးဗျာ"

သူတို့သည် စကားဝှက်ဖြင့် အချက်ပေးဆက်သွယ်ပြီးသွားကြပေပြီ။

ရှောက်လီက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ သူတို့သည် တောင်ခြေသို့ရောက်လုနီးနေပေပြီ။

ရှောက်လီက....

"ကျုပ်ကို ဘာကိစ္စနဲ့ရှာတာလဲ"



"သတင်းပို့စရာရှိလို့ပါ"

"ဘာသတင်းလဲ"

"စီယံမြို့ကလာတဲ့ သတင်းပဲ... ရွှေလိပ်ပြာတည်းခိုခန်းကို ခင်ဗျားသွားပါလို့ ညွှန်ကြားလိုက်ပါတယ်"

လူငယ်မှာ စုတ်သတ်လိုက်သည်။ နဖူးမှ ဒဏ်ရာနှင့်ခြေထောက်မှဒဏ်ရာတို့က သူ့အား နာကျင်စေပေသည်။

ရှောက်လီသည် တောင်အောက်သို့ပြေးဆင်းသွားသည်။ နှင်းထုပါးသွားသဖြင့် သူ မြန်မြန်ပြေးနိုင်ပေသည်။ မကြာမီ တောင်ခြေသို့ရောက်ရှိသွားတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)
## တာဝန်

ရှောက်လီက လူငယ်အား ခုံတင်ပေါ် အသာတင်လိုက်သည်။

လူငယ်မှာ သတိလစ်စပြုနေလေပြီ။ လူငယ်သည် ဒဏ်ရာကြောင့် အနည်းဆုံး လေးငါးလမျှ အနားယူရပေမည်။

သမားတော်ကြီးသည် လူငယ်အားချရန် ခုတင်ပေးလိုက်သည်။

ထို့နောက် လူငယ်အား ကြည့်ကာ မျက်မှောင်ကုတ်မိတော့သည်။ ဒဏ်ရာက ပြင်းထန်သည်ကိုး။

ရှောက်လီက ပခုံးတစ်ချက်တွန့်ပြီး ပြောသည်။



"နှင်းတောထဲမှာ တွေ့ရတာ"

သမားတော်ကြီးသည် လူငယ်အား ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

ရှောက်လီသည် ဆက်ပြောသည်။

"ကြည့်ရတာ တောင်ပေါ်က ကျလာပုံပဲဗျ... နှင်းတွေ ပြိုကျတော့ သူလဲ ပါလာပုံရတယ်၊ ဒီနေ့မနက် နှင်းခဲတွေ အတော်ပြိုတယ်"

သမားတော်ကြီးသည် လူငယ်အား အနီးကပ် စစ်ဆေးလိုက်သည်။ ထို့နောက် ရှောက်လီဘက်လှည့်ကာ ပြောလိုက်သည်။

"မင်းနဲ့တွေ့လာတာ ကံကောင်းတယ်... မင်းနဲ့မတွေ့ရင် ဒဏ်ရာကြောင့်မသေဘဲ နှင်းတောထဲမှာ အအေးပတ်သေမှာ၊ သူ မင်းကို ကျေးဇူးတင်ရမှာပဲ"

ရှောက်လီက ပြတင်းပေါက်မှ အပြင်သို့ကြည့်လိုက်သည်။

"လူသားတစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့တာပါ၊ အထူးလုပ်ဆောင်ခဲ့တာ မဟုတ်ပါဘူး"

"ထားလိုက်ပါတော့... မင်းကတော်င် ခက်ခက်ခဲခဲ ကယ်လာမှတော့ ငါက ကုသပေးရမှာပေါ့ကွာ၊ ဟော့... နေဦး၊ ဒီသူငယ် ဘာတွေပြောနေလဲ မသိဘူး"

လူငယ်က မသဲမကွဲစကားကို ရေရွတ်နေသည်။

ရှောက်လီက ပြုံးလိုက်သည်။

"မန်တို... မန်တို၊ တိဗက်... တိဗက်"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ထိုစကားများကို ပြောနေသည်။

ရှောက်လီက....

"အလကား ကယောင်ကတမ်းတွေပြောနေတာပါဗျာ၊ ကဲ ... ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ရှောက်လီသည် ဦးညွတ်နှုတ်ဆက်လိုက်သည်။

"ကောင်းပါပြီကွာ"

သမားတော်ကြီးက ပြောလိုက်သည်။ ရှောက်လီ ထွက်ခွာသွားပေပြီ။

သူသည် တောင်ခြေရွာကလေးရှိ တည်းခိုခန်းသို့ပြန်သွားသည်။ ထိုတည်းခိုခန်းတွင် သူနေထိုင်ပေသည်။

သူ၏ပစ္စည်းများကို သိမ်းဆည်းလိုက်သည်။ သူ့ပစ္စည်းပစ္စယများမှာ များများစားစား မရှိပါ။

အဝတ်အိတ်တစ်ခုနှင့်ပင် ထည့်လိုက်သည်။ အဝတ်အစားအချို့သာ ရှိပါသည်။

ထို့နောက် ကျသင့်ငွေကို ရှင်းပေးလိုက်၏။

တည်းခိုခန်းပိုင်ရှင်က....

"ဆရာလေး သွားတော့မလို့လား"

"အေးဗျာ... ကျုပ်သွားတော့မယ်"

"နောက်ကြုံရင်လာပါ ဆရာလေး"

"ကြုံမှာပါဗျာ... ကျုပ်အနားယူတဲ့အခါ ဒီကိုပဲလာမှာပါ"

ရှောက်လီက ထိုသို့ပြောပြီး တည်းခိုခန်းမြင်းစောင်းရှိရာ



သို့ထွက်လာသည်။

မြင်းညိုကြီးတစ်ကောင်သည် ရှောက်လီကိုတွေ့ရသည်နှင့် တစ်ချက်ဟီလိုက်၏။

ရှောက်လီက မြင်းညိုကြီးအား ပွတ်သပ်ပေးပြီး....

"တို့ခရီးထွက်ရတော့မယ်ကွ"

မြင်းညိုကြီးက ခွာကိုရှပ်ပြလေသည်။ ရှောက်လီ၏စကားကို နားလည်ဟန်တူ၏။

မြင်းဇောင်းမှ မြင်းညိုကြီးကိုထုတ်ယူလာပြီး မြင်းညိုကြီးပေါ် လွှားခနဲ ခုန်တက်လိုက်၏။

"ကဲ... သွားတော့ ဖွေသား"

မြင်းကြီးကို ဖနောင့်နှင့်တို့လိုက်သောအခါ မြင်းညိုကြီးသည် အသားကျထွက်သွားလေတော့၏။

မြင်းခွာသံသည် စီးချက်ဝါးချက်နှင့် ပေါ်လာတော့၏။

ရှောက်လီသည် ဤရွာကလေး၌ရှိနေစဉ် အချိန်ဇယားနှင့်စနစ်တကျ သွားလာလှုပ်ရှားခဲ့၏။

သူသည် နံနက်စောစော အိပ်ရာထ၏။ အိပ်ရာထသည်နှင့် နှင်းတောင်ပေါ်သို့ပြေးတက်၏။ နှင်းတောထဲဝယ် ပြေးလွှား၏။

နံနက်ပိုင်းတွင် နှင်းတောင်ပေါ်မှဆင်းလာပြီး နံနက်စာကို စား၏။ ခေတ္တအနားယူသည်။

ထို့နောက် ရွာထိပ်မှ တို့ဟူးဆိုင်သို့သွားကာ တို့ဟူးပဲစား

www.burmeseclassic.com



ထိုဆိုင်တွင် နာရီဝက်ခန့် အချိန်ဖြုန်းပြီး ရွာထိပ်ဆိုင်ကလေးများတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ဖြင့် လျှောက်သွားသည်။

ဤသို့ပြုလုပ်ခြင်းမှာ အကြောင်းနှစ်ခုရှိသည်။

ပထမအကြောင်းမှာ သူ့အား စောင့်ကြည့်နေသည့်သူ၊ အမှားအယွင်း ပြုလုပ်စေချင်သောကြောင့် ဖြစ်သည်။

သူ့အား စောင့်ကြည့်နေသူသည် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားနေသော သူ့အား စောင့်ကြည့်ပြီး ငြီးငွေ့သွားလိမ့်သည်။

တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် အမြဲမပြတ် ဝင်ထွက်သွားနေသူသည် အဘယ်မှာလျှင် စိတ်မပျက်ဘဲ ရှိစေအံ့နည်း။

ထိုအခါ စောင့်ကြည့်နေသူသည် အမှားအယွင်းများ ပြုလုပ်မိပေလိမ့်မည်။

နောက်တစ်ကြောင်းမှာ သူသည် အချိန်နှင့်ဇယားနှင့်လှုပ်ရှားနေသူဖြစ်ခြင်းကြောင့် သူ့အား တွေ့ဆုံလိုသူသည် သူ့အား မည်သည့်နေရာ မည်သည့်အချိန်တွင် တွေ့ဆုံရမည်ကို အလွယ်တကူ သိနိုင်ပေလိမ့်မည်။

သတင်းပေးလာသူ လူငယ်သည် သူ့အား တောင်ခြေရှိရာ ဖွေနိုင်ပါလျက် တောင်ပေါ်သို့တက်လာသဖြင့် ခြေကျိုးနဖူးကွဲသည့် ဒဏ်ရာရရှိသွားခဲ့ပေသည်။

ရှောက်လီသည် သူ၏မြင်းညိုကြီးကို စီယုံမြို့သွားသည့် လမ်းမကြီးပေါ်တွင် တက်စေလိုက်သည်။ ထိုအခါ ရွာနှင့်အတော်ကင်းဝေးသွားပြီ ဖြစ်သည်။



ထိုအခါ ရှောက်လီသည် မြင်းကို တရကြမ်း ဒုန်းစိုင်းစီးနှင်လေတော့သည်။

သူ့အား ရွာကလေးမှ အရေးတကြီးထွက်သွားသည်ဟု မမြင်စေလိုပေ။

ထို့နောက် သူသည် သစ်ပင်များအကြားသို့ မြင်းညိုကြီးကို မောင်းဝင်လိုက်ပြီး သူလာလမ်းအတိုင်း ပြန်စောင့်ကြည့်လေ၏။

ထို့နောက် နောက်မှလိုက်လာသူ ရှိမရှိကို အကဲခတ်ခြင်းဖြစ်သည်။

သူသည် ဤသို့သုံးကြိမ်မျှ အကဲခတ်ကြည့်ပြီးဖြစ်သည်။ သူ့နောက်မှ မည်သူမျှလိုက်လာခြင်းမရှိချေ။

ထို့ကြောင့် သူသည် စီယုံမြို့သို့ စိတ်ချလက်ချ ခရီးနှင်တော့သည်။

စီယုံမြို့နှင့်နှင်းဖုံးရာတောင်ခြေရွာကလေးမှာ မဝေးကွာလှပါ။ ဆယ့်သုံးမိုင်မျှသာ ဝေးပါသည်။

ထို့ကြောင့် နေမွန်းမတည့်မီ ရှောက်လီသည် စီယုံမြို့ကလေးသို့ ဆိုက်ရောက်လာလေတော့သည်။

စီယုံမြို့သို့ ရောက်လာသောအခါ ရှောက်လီသည် မြို့ကို အကဲခတ်ကြည့်လိုက်သည်။ ပုံမှန် အချိန်မှန် မြို့သည် လှုပ်ရှားနေလေသည်။

ရှောက်လီသည် မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး မြင်းကိုဆွဲကာ စီယုံမြို့တွင်းသို့ ဝင်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လီသည် ရွှေလိပ်ပြာတည်းခိုခန်းကိုရှာဖွေလေ၏။

မြို့လယ်လမ်းမတွင်ပင် ရွှေလိပ်ပြာစားသောက်ဆိုင်ကို တွေ့ရသည်။

ရောက်လီသည် ရွှေလိပ်ပြာစားသောက်ဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ ဆိုင်တစ်ဆိုင်သို့ ရွှေလိပ်ပြာစားသောက်ဆိုင်ကို သေချာစွာမြင်ရသည့် စားပွဲကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

သူသည် အစားအသောက်များကို မှာကြားကာ ထိုနေရာမှ ရွှေလိပ်ပြာစားသောက်ဆိုင်ကို အကဲခတ်ကြည့်တော့သည်။

အရာအားလုံးသည် ပုံမှန်အတိုင်းပင်ဖြစ်သည်။ မသင်္ကာဖွယ်ရာ တစ်စုံတစ်ရာမျှ မတွေ့ရပေ။ တစ်စုံတစ်ခုကို သင်္ကာမကင်းသော ခံစားမှုမျိုးလည်း မပေါ်ခဲ့ပေ။

သူသည် အစားအသောက်များကို အေးအေးဆေးဆေး စားသောက်လိုက်သည်။ ကျသင့်ငွေကိုရှင်းပေးလိုက်သည်။ ရွှေလိပ်ပြာစားသောက်ဆိုင်ရှေ့သို့ လျှောက်လာသည်။

မြင်းကို မြင်းချည်တိုင်တွင်ချည်ပြီး ဆိုင်တွင်းသို့ဝင်လေ၏။

သူသည် ငွေကိုင်စာရေးရှေ့သို့သွားပြီး......

"နှင်းတောထဲမှာ တစ်ခါတလေ ဝံပုလွေကိုတွေ့ရတယ်ဗျ"

ငွေကိုင်စာရေးသည် ရောက်လီကိုမော့ကြည့်သည်။

"ကျုပ်တို့မြို့မှာတော့ ဝံပုလွေမရှိပါဘူး၊ စိတ်ချတည်းခိုနိုင်ပါတယ်"

သူသည် စကားကိုပြောရင်း သော့တစ်ချောင်းကိုထုတ်ပေး



လိုက်တော့သည်။

သော့တွင် နံပါတ်ရှစ်ဟုရေးထိုးထား၏။ ရောက်လီသည် သော့ကိုလှမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ရောက်လီသည် အခန်းနံပါတ်ရှစ်ကိုသွားလေသည်။ သော့ဖွင့်ပြီး အခန်းတံခါးဖွင့်လိုက်သောအခါ မည်သူ့ကိုမျှမတွေ့ရချေ။

ရောက်လီသည် အခန်းထဲကိုဝင်လိုက်သည်။ အခန်းထဲ၌ လူရှိပုံလည်းမရ။

ရောက်လီသည် အခန်းပတ်လည်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

စားပွဲပေါ်၌ ခြင်္သေ့ရုပ်ဖြင့်ဖိထားသော စာရွက်တစ်ရွက်ကို တွေ့လိုက်ရသဖြင့် ရောက်လီကိုယူဖတ်လိုက်သည်။

"ကျန်းယန် ဘုရားကျောင်းကို အမြန်လာ"

ရောက်လီသည် တစ်ချက်ပြုံးလိုက်သည်။ သူ့အထက်မှ တာဝန်ပေးအပ်လျှင် ထိုသို့ပင်'အမြန်လာ'ဟု အကြောင်းကြားတတ်သည်။

တာဝန်ပေးမည့်သူနှင့် မတွေ့မီ ကြားခံလေးဆင့်မျှ အခြားသူများနှင့် တွေ့ရတတ်သည်။

တစ်ခါတစ်ရံသာ တာဝန်ပေးသူက ထိပ်တိုက်ခေါ်ယူတွေ့ဆုံတတ်သည်။ ဤသည်မှာ သူတို့အဖွဲ့၏ထုံးစံကဲ့သို့ ဖြစ်နေပေသည်။

စာရွက်ပါ အကြောင်းအရာကို ရောက်လီတစ်ချက်ကြည့်ရုံနှင့်မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာရွက်ကိုမီးရှို့ပြီး ပြာများကို ပြတင်းပေါက်ပြင်ပသို့ လွှင့်ပစ်လိုက်တော့သည်။

ကျိန်းယန်မြို့မှာ စီပုံမြို့မှ မိုင်တစ်ရာခန့် ကွာဝေးသဖြင့် နှစ်ရက်ခန့် မနားမနေ ခရီးနှင်ရမည်ဖြစ်သည်။

ရှောက်လီသည် စားသောက်ဆိုင်စာရေးကို သော့ပြန်အပ်ပြီး ပြင်ပသို့ထွက်လာခဲ့သည်။

ရှောက်လီသည် မြင်းညိုကြီးကိုစီးကာ တရကြမ်းခရီးနှင်လာလေတော့သည်။

ကျိန်းယန်မြို့သို့သွားရန် လမ်းနှစ်သွယ်ရှိသည်။ တစ်သွယ်မှာ ဖြတ်လမ်းဖြစ်သည်။ မိုင်နှစ်ဆယ်နီးပါး ခရီးတို၏။ ထိုလမ်းမှသွားလျှင် မိုင်ရှစ်ဆယ်ခန့်ဖြင့် ရောက်နိုင်၏။

ကျန်တစ်လမ်းကား ဖြတ်လမ်းမဟုတ်ပါ။ မိုင်တစ်ရာမျှအကွာအဝေးရှိသော လမ်းဖြစ်သည်။ ထိုလမ်းကို ရှောက်လီရွေးချယ်လိုက်သည်။

ထိုလမ်းကား ဖြောင့်၏။ နောက်ယောင်ခံလိုက်သူများပုန်းကွယ်ရာ နေရာမရှိချေ။ တစ်စုံတစ်ယောက်ပါလာပါက ရှောက်လီ သိနိုင်သည်။

နောက်ယောင်ခံလိုက်သည့်နေရာတွင် အလွန့်အလွန်ကျွမ်းကျင်မှသာ ရှောက်လီ မသိနိုင်ဘဲဖြစ်ရမည်။

ထို့ကြောင့် သူသည် မိုင်ရှည်ပြီး လမ်းဖြောင့်သောလမ်းကို ရွေးချယ်ခြင်းဖြစ်တော့သည်။



ရှောက်လီသည် ဖြောင့်တန်းသောလမ်းကိုရွေးချယ်ပြီး မြင်းကို အသော့နှင်လိုက်သည်။

သတိဆိုသည်မှာ အမြဲတမ်း လက်ကိုင်ထားရမည်ဖြစ်သည် မဟုတ်ပါလား။

ဤခရီးတွင် သူသည် မြင်းကိုအနားပေးရန်သာ စဉ်းစားပါသည်။ သူအနားယူရန် မစဉ်းစားပါ။ လမ်းတွင် ညအိပ်ရန် မရည်ရွယ်ပါ။

သူသည် ကျိန်းယန်မြို့သို့ရောက်ရှိရန် စိတ်စောနေသော်လည်း သူ့အား နောက်ယောင်ခံလိုက်မည့်သူများကို သူမမေ့ပါ။

လမ်းခရီးတွင် အကြိမ်ပေါင်းမြောက်မြားစွာပင် နောက်လှည့်ကြည့်အကဲခတ်သည်။ မည်သည့်နောက်ယောင်ခံသူမျှ ပါမလာပါ။

သူ ကျိန်းယန်မြို့သို့ရောက်ရန် စိတ်စောနေခြင်းမှာ သူ့တာဝန် မည်သည့်တာဝန်ဖြစ်သည်ကိုသိလိုခြင်း ဖြစ်သည်။

သုတ်သင်ခြင်းတာဝန်လော။ စာ သို့မဟုတ် အမှတ်အသားတစ်ခုခုကိုယူဆောင်ရန် ဖြစ်လေသလော။ သို့မဟုတ် ပို့ဆောင်ရန် တာဝန်ဖြစ်လေသလော သူ စောကြောမသိနိုင်ပါ။

ထို့ကြောင့် ရှောက်လီသည် ကျိန်းယန်မြို့ဆီသို့သာ ခရီးပြင်းနှင်လေတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)
ပွေးစားဖခင်

ကျန်းယန်မြို့.....။

ကျန်းယန်မြို့မှာ လမ်းဆုံလမ်းခွဖြစ်၍ ကုန်သည်ပွဲစားများ နားခိုရာမြို့တစ်မြို့ ဖြစ်သည်။ သို့ဖြစ်၍ လူစည်ကားသည်။

နံနက်ပိုင်းအချိန်တွင် ရောက်လီ ဝင်ရောက်လာခြင်းဖြစ်၍ လူစည်ကားမှုကို သူတွေ့ရတော့သည်။

သူသည် မြင်းပေါ်မှဆင်းပြီး လူကြားထဲမြင်းကြိုးကို ဆွဲခေါ် လျှောက်လာရသည်။

"ဒီမှာ ဘုရားကျောင်း ဘယ်နှစ်ခုရှိပါသလဲဗျာ"

သူက ဈေးသည်တစ်ဦးအား မေးမြန်းစုံစမ်းလိုက်သည်။



ဈေးသည်က....

"ဟာ... ဒီမြို့မှာ ဘုရားကျောင်းတစ်ကျောင်းတည်းရှိတာဗျ။ ရှေ့ဆက်လျှောက်သွား ဘုရားကျောင်းကို ခင်ဗျားတွေ့မှာပဲ"

ကျန်းယန်မြို့တွင် ဘုရားကျောင်းတစ်ကျောင်းတည်းသာရှိကြောင်း သူသိလိုက်ရပေပြီ။ သူစိတ်အေးသွား၏။

ဘုရားကျောင်းတစ်ကျောင်းတည်းသာရှိ၍ အခြားကျောင်းများကို မတွေ့ရတော့ပြီ။

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ဗျာ"

သူက ဈေးသည်အား ကျေးဇူးတင်စကားပြောကြားကာ ရှေ့ဆက်ထွက်လာခဲ့လေသည်။

သူသည် လူကြားထဲ အတန်ကြာအောင် လျှောက်နေရသေးသည်။ ထို့နောက် လူက တဖြည်းဖြည်း ပါးသွား၏။

ထို့နောက် ကျန်းယန်ဘုရားကျောင်းကို လမ်းကွေ့တစ်ခုအလွန်တွင် ဘွားခနဲ တွေ့လိုက်ရတော့သည်။

ကျန်းယန်ဘုရားကျောင်းမှာ အဆောက်ကြီးမားး၏။ ကျောက်ဖြူသားဖြင့် ဆောက်လုပ်ထားခြင်းဖြစ်၍ အလွန်လှပသည်။ တစ်ကျောင်းဆို ဆိုသလောက် လှပတင့်တယ်ပေသည်။

သူသည် မြင်းကိုတိုင်တွင်ချည်ပြီး ဘုရားကျောင်းတွင်းသို့ ဝင်လာခဲ့သည်။

ဘုရားကျောင်းထဲတွင် လူအများအပြား ပျားပန်းခတ်ရှိနေကြသဖြင့် သူက တွေးတောစဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလူများလှသော ဘုရားကျောင်း၌ အဘယ်ကြောင့် ချိန်းဆိုရသနည်း။ သတင်းသည် မှားယွင်းနေပြီလော။

သူသည် မထူးတော့ပြီဟု ဆုံးဖြတ်ကာ ဘုရားကျောင်းအတွင်းသို့ ဝင်လိုက်၏။

ဗုဒ္ဓမြတ်စွာရှေ့မှောက်တွင် ဒူးထောက်ရင်း ရှိသေစွာ ရှိခိုးဂါရဝပြုလိုက်လေ၏။

အမွေးတိုင်တစ်တိုင် ကုန်လောက်သည့်အခါတွင်မှ ဘုရားကျောင်းထဲတွင် တဖြည်းဖြည်း လူရှင်းသွားလေသည်။

အတန်ကြာသော် ဘုရားကျောင်းတစ်ခုလုံး တိတ်ဆိတ်သွားလေတော့သည်။

ရောက်လီသည် ဘုရားကျောင်းကို အကဲခတ်လိုက်သည်။

ဘုရားကျောင်းအတွင်း၌ အဘိုးအိုတစ်ဦးသာရှိတော့သဖြင့် သူနှင့်အဘိုးအို နှစ်ယောက်သာရှိတော့သည်ကို သူသတိပြုလိုက်မိသည်။

အဘိုးအိုသည် သူ့အား ကျောပေး၍ ဘုရားဝတ်ပြုနေ၏။ အဘိုးအို၏ဝတ်စုံမှာ အဖြူရောင်ဖြစ်သော်လည်း လျှော်ဖွပ်ဖန်များနေသဖြင့် အဝါရောင်သို့လုနေချေပြီ။

ရောက်လီ သက်ပြင်းချလိုက်သည်။

တစ်ခုခုလွဲချော်နေပြီဟု ထင်မှတ်မိ၏။ ဤဘုရားကျောင်းထဲ၌ အဘိုးအိုနှင့်သူ နှစ်ဦးတည်းသာရှိနေသဖြင့် အခြားသူတစ်ယောက်ကို မျှော်လင့်ရန် မဖြစ်နိုင်ချေ။



ရောက်လီ ဖြည်းညင်းစွာ ခေါင်းယမ်းခါပြီး မတ်တတ်ထရပ်၏။ သူ ပြန်ရပေတော့မည်။

ထိုအခိုက် အဘိုးအိုသည် သူ့ဘက်သို့လှည့်လာလေတော့သည်။

ရောက်လီ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲဖြစ်သွားသည်။ အကြောများ တောင့်တင်းသွားသည်။

အဘိုးအိုက 'ဝံပုလွေ'ဟု တိုးတိုးနှုတ်ဆက်လိုက်သည်။

ရောက်လီမှာ မတုံ့ပြန်နိုင်ဘဲဖြစ်နေပါသည်။ အံ့သြလွန်းသဖြင့် ကြက်သေသေနေမိသည်။

အဘိုးအိုမှာ စန်ကျုံးယင်ဖြစ်သည်။ စန်ကျုံးယင်သည် မတ်တတ်ထရပ်လိုက်သည်။

ဟောင်းနွမ်းနေသော အဖြူရောင်ဝတ်စုံအောက်တွင် ဝတ်နေကျ မီးခိုးရောင်ဝတ်စုံရှိနေသည်ကို သူတွေ့လိုက်ရသည်။

အဘိုးအို၏မျက်နှာမှာ အကဲခတ်ရခက်သော မျက်နှာမျိုးဖြစ်သည်။

အသက်ခြောက်ဆယ်ခန့်ရှိပြီး အရပ်မြင့်မြင့်၊ ပိန်ပိန်ရှည်ရှည်ဖြစ်လေ၏။ မျက်လုံးမှာ နက်မှောင်ပြီး စူးရှလှ၏။ နှာခေါင်းကောက်၏။

အဘိုးအို၏မျက်နှာကို သေချာစွာကြည့်လျှင် လင်းနို့တစ်ကောင်နှင့်တူသည်ဟု ထင်မြင်မိပေလိမ့်မည်။

ထို့ကြောင့် အဘိုးအိုအား အချို့က 'လင်းနို့'ဟု ခေါ်ကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

စန်ကျုံးယင်သည် ရှောက်လီအား ပြုံးပြလိုက်သည်။ သူပြုံးပြပုံမှာ လင်းနို့သွားဖြဲပြသည်နှင့်တူနေသည်။

ပြုံးပြပြီးသည်နှင့် ဆွေးရိပ်သမ်းသောမျက်နှာဖြင့် ရှောက်လီအား ကြည့်နေသည်။

ရှောက်လီ သတိဝင်လာသောအခါ ဒူးထောက်ဂါရဝပြုလိုက်မိသည်။ ထို့နောက် အဘိုးအိုအား သူက ပြေးဖက်သည်။

စန်ကျုံးယင်ကလည်း အလိုက်သင့်ပြန်ဖက်လိုက်သည်။ အတန်ကြာမှ လူချင်းခွာလိုက်ကြသည်။

ရှောက်လီက စန်ကျုံးယင်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"ဆရာ နေကောင်းပုံရတယ်နော်"

စန်ကျုံးယင်က ပြုံးလိုက်သည်။

"မင်းညာပြောတာ ငါ သိပါတယ်ကွာ၊ ဒါပေမယ့် ဒီလိုစကားမျိုးပဲ ငါကလဲ ကြားချင်နေတာ၊ ဒါနဲ့မင်းကော လေ့ကျင့်ခန်းမှန်မှန်လုပ်ရဲ့လား၊ ငါတို့အလုပ်က အမြဲတမ်း ကြံ့ခိုင်တောင့်တင်းဖို့လိုတယ်"

သူက ခေါင်းညိတ်လိုက်သည်။

"လုပ်ပါတယ် ဆရာ"

"မင်းဒဏ်ရာကကော...."

"ကောင်းကောင်းပျောက်သွားပါပြီ"

"ဗိုက်မှာထိတာဆို... ငါလဲ ပထမတော့ မင်းဆီ လာဦးမလို့ပဲ



ဘူး၊ စိတ်သာရှိတာ လူက မလာဖြစ်ပါဘူးကွာ"

"ဆရာလာဖို့မအားဘူး မဟုတ်လား... ကျွန်တော်နားလည်ပါတယ်၊ ဆရာလာဖို့စိတ်ကူးတာကိုပဲ ကျွန်တော်ဝမ်းသာလှပါပြီ"

ရှောက်လီက စိတ်ရင်းအတိုင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

"မင်းကို ဂရုစိုက်ကြရဲ့လား"

"ဟုတ်ကဲ့... ဂရုစိုက်ပါတယ်ဆရာ၊ ဆရာပဲ အတော်ဆုံးသမားတော်ကြီးကိုလွှတ်ပေးခဲ့တာ မဟုတ်လား။ သူတို့ဟာ ကျွန်တော့်ကို တော်တော်ပဲဂရုစိုက်ကြပါတယ်"

စန်ကျုံးယင်က ရယ်မောလိုက်သည်။

"အေး... အတော်ဆုံးလူတွေအတွက် အတော်ဆုံးသမားတော်တွေပဲ ကုသသင့်တာပေါ့ မဟုတ်ဘူးလား၊ ဟား... ဟား... ဟား"

သူ့မှာ ရှက်သလို ခံစားလိုက်ရသည်။ အကြောင်းရှိပါသည်။

မိမိသည် လွန်ခဲ့သည့်တစ်နှစ်ကျော်ခန့်ကမှ အတော်ဆုံးအကောင်းဆုံး လူတစ်ယောက်ဖြစ်ခဲ့ပါသည်။

ယခုအချိန်တွင်မူ....။ သူ သက်ပြင်းချလိုက်သည်။

"ဆရာ... ကျွန်တော့်ကိုနှစ်သိမ့်လိုက်တာပါ"

စန်ကျုံးယင်က....

"ဘာပဲပြောပြော မင်းမသေတာတော့ အမှန်ပဲ"

"ကံကောင်းသွားလို့ပါဆရာ"

စန်ကျုံးယင်က ခေါင်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကျွမ်းကျင်လို့ပါ... မင်းသာမဟုတ်ဘဲ အခြားတစ်ယောက်ဆိုရင် ပြေးလို့လွတ်မှာမဟုတ်ဘူး"

ဆရာ၏ချီးကျူးသံကြောင့် ရှောက်လီမှာ တုန်သွားရသည်။

သူ သက်ပြင်းချလိုက်ပြီး....

"တကယ်ဆို ကျွန်တော်ထွက်ပြေးစရာမလိုပါဘူး၊ အစီအစဉ်ဟာ ဘက်ပေါင်းစုံပြည့်စုံတဲ့အစီအစဉ်ပါ၊ ဟာကွက်လုံးဝမရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်ထွက်ပြေးခဲ့ရတယ်"

စန်ကျူးယင်က....

"ငါပြောချင်တာက ဒါပဲပဲ... အချိန်အခါ အခြေအနေဆိုတာ မမျှော်လင့်ဘဲ ပြောင်းလဲတတ်တယ်၊ မင်းတို့ကို တာဝန်ပေးလိုက်တာကို မင်းတို့အောင်မြင်အောင် ထမ်းဆောင်နိုင်တယ်ဆိုတာ အချိန်အခါအလိုက် ပြောင်းလဲနေတာကို မင်းတို့အတိုးအလျော့လုပ်နိုင်လို့ အောင်မြင်တာ"

"မှန်ပါတယ်ဆရာ... မတော်တဆိုတဲ့စကားဟာ ပျော့ညံ့သူအတွက် သုံးကြတာပါ၊ သူတို့ရဲ့အမှားကိုဖုံးကွယ်ဖို့ ဒီစကားလုံးကို အကာအကွယ်ယူထားကြတာပါ"

"ဟုတ်တယ်... လူတွေဟာ တစ်လုံးရဖို့ မျှော်လင့်ထားပေမယ့် တစ်စက်ပဲရကြတာပဲ၊ ဘယ်တော့မှလူဟာ ထင်တိုင်းမပေါက်မြောက်ဘူး၊ မင်းအစီအစဉ်တွေ တစ်ခါတစ်ရံတော့ ပျက်စီးရမှာပေါ့"

"ကျွန်တော်တာဝန်နှစ်ခုရှိပြီဆရာ... ဘယ်လိုလုပ်ပျက်စီးဆုံးရှုံးရတာဆိုတာကို ကျွန်တော်လုံးဝစဉ်းစားလို့မရဘူး၊ တကယ်တော့



ကျွန်တော်ဟာ အရင်ကလောက် ကာယအား၊ ဉာဏအား မပြည့်ဝတော့ဘူးဆိုတာ သေချာပါတယ်"

"ဒါကတော့ အခြေအနေအကြောင်းကြောင်းတွေကြောင့်ပါ၊ မင်းအပြစ်မဟုတ်ပါဘူး... အခြေအနေကို လိုက်လျောညီထွေ မဆောင်ရွက်နိုင်တာဟာ တစ်ခါတစ်ရံ အဆုံးအရှုံးကိုဖြစ်စေပေါ်စေတယ်"

"ဆရာ ကျွန်တော့်ကိုငဲ့ညှာလိုက်တယ်ဆိုတာ ကျွန်တော်သိပါတယ်ဆရာ"

စန်ကျူးယင်က....

"ဘာလဲ... မင်းကို ငါက သားတစ်ယောက်အနေနဲ့အခွင့်အရေးပေးတာလို့ ယူဆနေသလား၊ မထင်နဲ့ မင်းကိုသားတစ်ယောက်လို ချစ်တာဟာ ချစ်တာပဲ တာဝန်ဟာတာဝန်ပဲ၊ အင်း... လူဆိုတာ အမြဲတမ်း မနိုင်ဘူးကွ၊ တစ်ခါတစ်ရံတော့ ရှုံးနိမ့်ရတာပဲ၊ ဒီလိုမှလဲ ရှုံးနိမ့်တဲ့အတွက် ပိုကြိုးစားတတ်တယ်"

ရှောက်လီ ဆက်မပြောတော့။ စန်ကျူးယင်ကလည်း ဆက်မပြောတော့ပါ။

သူသည် အိတ်ထဲမှစာရွက်တစ်ရွက်ထုတ်ပြီး ရှောက်လီအားပေးလိုက်သည်။

ရှောက်လီသည် စာပါအကြောင်းအရာများကို ကျက်မှတ်လိုက်ပြီး စန်ကျူးယင်အား ပြန်ပေးလိုက်သည်။

စန်ကျူးယင်က နောက်ထပ်လိပ်စာတစ်ခုထုတ်ပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီယူ၍ ဖတ်လိုက်၏။ ထို့နောက် မှတ်သားပြီးကြောင်း ခေါင်းညိတ်ပြလိုက်သည်။

စန်ကျုံးယင်သည် ရွှေစက္ကူ၊ ငွေစက္ကူ မီးရှို့ပူဇော်သောခွက်အတွင်းဝယ် ထိုစာနှစ်စောင်စလုံးကို မီးရှို့လိုက်သည်။ နှစ်စောင်စလုံးတစ်ခဏအတွင်း ပြာကျသွားသည်။

သူတို့စကားမပြောကြခြင်းမှာ အကြောင်းရှိသည်။ ခိုးဝှက်နားထောင်နေသူရှိက မကြားစေရန်ဖြစ်သည်။

ယခုကဲ့သို့ စာနှင့်ရေးပြသောအခါ အကြောင်းအရာသည် လုံခြုံမှုရှိသွားပေသည်။

စာကိုမီးရှို့ပစ်လိုက်သောအခါ ထိုအကြောင်းအရာကိုသိသူဆို၍ စန်ကျုံးယင်နှင့်ရှောက်လီတို့နှစ်ယောက်သာ ရှိတော့သည်။

စန်ကျုံးယင်က....

"ကဲ... ငါသွားတော့မယ်"

ရှောက်လီ တားလိုက်သည်။

"ဆရာ... ကျွန်တော်တို့ ခဏစကားပြောကြရအောင်"

"နောက်တော့ ပြောကြတာပေါ့ကွာ၊ အချိန်အများကြီး ရှိသေးတာပဲ၊ အဲဒီကျမှ ပြောဆိုကြတာပေါ့"

"ဪ... ဒါထက် ဆရာရဲ့ငှက်ကလေးတွေကော ရှိသေးရဲ့လား"

"ရှိပါဗျာ... ငါလဲ ငှက်စုဆောင်းနေတာပဲ၊ အခု အလွန်ရှားတဲ့ ငှက်တစ်မျိုးတောင် ရထားသေးတယ်၊ မင်း ငါ့ဆီရောက်တဲ့အခါ ငှက်ကို ငါ ပြမယ်"



ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"ဪ... ငါမေ့နေလိုက်တာ"

စန်ကျုံးယင်သည် ပြောပြောဆိုဆို အိတ်ထဲနှိုက်လိုက်သည်။

သူ့လက်ပြန်ထွက်လာသောအခါ 'မန်တို'ခေါ် အသားလွတ်ပေါက်စီတစ်လုံးပါလာသည်။ ရှောက်လီ၏မျက်လုံးအစုံ တောက်ပသွားသည်။

"ဆရာ မမေ့ဘူးနော်"

စန်ကျုံးယင်က ရယ်ပြီးပြောလိုက်သည်။

"ငါ ဘယ်တော့မှမမေ့ဘူးကွ"

ရှောက်လီ၏ရင်ထဲ ကျင်ခနဲဖြစ်သွားသည်။

စန်ကျုံးယင်သည် ရှောက်လီ၏ပခုံးကိုနွေးထွေးစွာ ပုတ်လိုက်ပြီး ဘုရားကျောင်းနောက်မှ ထွက်သွားလေတော့သည်။

အတန်ကြာမှ တံခါးပိတ်သံ ခပ်သဲ့သဲ့ကြားလိုက်ရသည်။ ရှောက်လီမှာ မူလရပ်နေသည့်နေရာ၌ ငိုင်၍ရပ်နေမိသည်။

"ငါ ဘယ်တော့မှမမေ့ဘူးကွ"

စန်ကျုံးယင်၏အသံသည် သူ့ရင်ထဲ၌ ပဲ့တင်ထပ်နေသည်။

သူသည် ဗုဒ္ဓမြတ်စွာရုပ်ပွားတော်အား ထိုင်၍ရှိခိုးလိုက်သည်။

ရိုသေချုပ်ဝပ်စွာ ရှိခိုးပြီးနောက် ဘုရားကျောင်းထဲမှ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်အစဉ်သည် 'တာဝန်'တည်းဟူသော မြင်းဇက်ကြိုးကို ဆွဲမိလေပြီ။ သည်မြင်းကို လိုရာရောက်အောင် စီးသွားရပေတော့မည်။

ယခုတစ်ကြိမ် ပေးအပ်သောတာဝန်သည် လွန်စွာ အရေးကြီးကြောင်း သူ သိလိုက်သည်။

အဘယ်ကြောင့်ဆိုသော် သည်တာဝန်ကို စန်ကျုံးယင်ကိုယ်တိုင် တာဝန်ပေးသွားသောကြောင့်ပေတည်း။

ယခင်ကဆိုလျှင် စာသို့မဟုတ် ကြားလူတစ်ယောက်ဖြင့် တာဝန်ပေးမြဲဖြစ်၏။

ရောက်လီသည် အံကြိတ်လိုက်သည်။ သည်တာဝန်ကို တစ်ကြိမ်တွင် လုံးဝအပျက်အစီး အဆုံးအရှုံးမခံနိုင်ပါ။

သည်တာဝန်အောင်မြင်မည်။ မိဘမဲ့ဖြစ်ခဲ့သည့်မိမိတွင် မွေးစားဖခင်တစ်ယောက် ရှိခဲ့သည်။

ထိုသူကား စန်ကျုံးယင်တည်း။ ထိုမွေးစားဖခင်က ပေးအပ်သည့်တာဝန်ကို သူအောင်မြင်အောင် ထမ်းဆောင်ရပေတော့မည်။

သည်တစ်ကြိမ် ရှုံးနိမ့်လျှင် သူ့မွေးစားဖခင်မှာ မျက်နှာပျက်ရပေတော့မည်။

ယခင်ကလည်း နှစ်ကြိမ်ရှုံးနိမ့်ပြီးခဲ့ရပေပြီ။ ရှုံးနိမ့်ရသည့် အဖြစ်မျိုးကို ရောက်လီ မခံစားလိုက်ရတော့ပါ။ ခါးသီးလှပေသည်။

သူသည် ဘုရားကျောင်းမှအထွက်တွင် စာပါ အကြောင်းအရာများကို ပြန်၍ စဉ်းစားလိုက်သည်။



သူ့တွင် အချိန်သိပ်မရှိတော့ပါ။ စန်ကျုံးယင်သည် တိုတောင်းသောအချိန်ကာလအတွင်း သူ့အား ထိုတာဝန်ပေးအပ်ခဲ့သည် မဟုတ်ပါလား။

သူတစ်ယောက်တည်းတာဝန်ထမ်းဆောင်ရမည် မဟုတ်ပါ။ ဝိုဏ်းသားတစ်ယောက်နှင့်ပူးတွဲတာဝန်ထမ်းဆောင်ရပါမည်။ သူ အချိန်မဖြုန်းနိုင်တော့ပါ။

မြင်းပေါ် လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်းစီးနင်းလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)
## လူသတ်ပွဲ

ရှောက်လီသည် စားသောက်ဆိုင်အတွင်းသို့ ဝင်လာခဲ့၏။ စားသောက်ဆိုင်မှာ မီးများ ထိန်လင်းအောင် ထွန်းညှိထားသည်။ သူသည် ရုပ်လျက် အကဲခတ်လိုက်သည်။

ထောင့်တစ်ထောင့်ရှိ စားပွဲတစ်လုံးတွင် လူတစ်ယောက် ထိုင်နေသည်။

အပြာရောင်စတ်စုံကိုဝတ်ဆင်ထားသော ထိုလူသည် အသက်သုံးဆယ်ခန့်သာ ရှိသေးသည်။

ထိုလူ၏ပခုံးပေါ်တွင် ကြက်တူရွေးတစ်ကောင် နားနေသည်။



ရှောက်လီသည် ထိုလူရှိရာသို့လျှောက်သွားလေသည်။

အပြာရောင်ဝတ်စုံနှင့်လူမှာ မျက်လုံးပြူးပြူး နှာတံပေါ်ပေါ် ဖြစ်သည်။

ဤမျှ မျက်နှာပေါ်လွင်သောသူကို သူ မည်သို့မေ့နိုင်ပါမည်နည်း။ ရှောက်လီ၏ထူးခြားချက်တစ်ရပ်မှာ တစ်ကြိမ်တွေ့ဖူးသောသူကို အဘယ်သောအခါမျှ မေ့လေ့မရှိခြင်းတည်း။

သူသည် ထိုလူ၏စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ထိုစားပွဲခုံတွင် ထိုသူတစ်ယောက်တည်း ထိုင်နေခြင်းဖြစ်သည့်အတွက် သူဝင်ထိုင်လိုက်သောအခါ ထိုလူနှင့်ရှောက်လီနှစ်ယောက်ဖြစ်သွားတော့သည်။

ထိုလူ ရှောက်လီကိုမကြည့်ဘဲနှင့်စကားစပြောသည်။

"အားလုံးပေါင်း သုံးယောက်တိတိရှိတယ်... လှေပေါ်အိမ်ပေါ်မှာ တည်းခိုနေတယ်၊ သူတို့ကလွဲလို့ တခြားလူမရှိဘူး၊ အစောင့်တော့ရှိတယ်"

ထိုလူသည် ရှောက်လီကို လုံးဝမကြည့်ချေ။ သူက ဆက်ပြောလိုက်သည်။

"မင်း လူဘယ်နှစ်ယောက်ယူမလဲ"

ရှောက်လီက ထိုလူ၏မေးခွန်းကို မဖြေပေ။

သူသိချင်သည့်အချက်ကိုသာ မေးမြန်းလေသည်။

"သူတို့သုံးယောက်စလုံး တစ်နေရာတည်း မစုတာဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူက မဲ့လိုက်သည်။

"ည အရက်သောက်ချိန်မှာတော့ သူတို့သုံးယောက်အတူရှိကြတယ်၊ မင်း ဒီညပဲ အချိန်ရမယ်၊ မနက်လင်းရင်တော့ မဖြစ်တော့ဘူး"

ရောက်လီက ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်ပါတယ်"

ရောက်လီ ထရပ်လိုက်လေသည်။

"ဒီတာဝန်ကို ကျုပ်တစ်ယောက်တည်းပဲ ယူမယ်၊ ကျုပ် ဘယ်သူနဲ့မှ တွဲမလုပ်တတ်ဘူး၊ ကျုပ်တစ်ယောက်တည်း တာဝန်ယူတာပဲ ကောင်းပါတယ်"

ရောက်လီသည် ထိုလူကို ကျောခိုင်းလှည့်ထွက်သွားလေသည်။

မျက်လုံးပြူးပြူး၊ နှာတံပေါ်ပေါ်နှင့်လူက ရောက်လီ၏ ကျောပြင်ကို မျက်လုံးပြူး မျက်ဆံပြူးနှင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

လေ့ပေါ်အိမ်ဆိုသည်မှာ တည်းခိုခန်းတစ်ခု၏အမည် ဖြစ်ပါသည်။ အလွန်နာမည်ကြီးသော တည်းခိုခန်းဖြစ်သည်။

ထိုတည်းခိုခန်းသို့ သာမန်လူများ လာရောက်မတည်းခိုနိုင်ချေ။ ငွေကြေးချမ်းသာသူများသာ တည်းခိုကြသည်။

လေ့ပေါ်အိမ်သည် ငွေကြေးရှိက မည်သူ့ကိုမဆို ကြိုဆိုသည်။



လေ့ပေါ်အိမ်တွင် ငွေရှိက ဘာမဆိုရနိုင်သည်။ အစားအသောက်၊ အရက်၊ မိန်းမ အားလုံးရနိုင်သည်။

ရောက်လီသည် ထိုလေ့ပေါ်အိမ်တည်းခိုရိပ်သာနှင့် တည့်တည့်ရှိသော အဆောက်အအုံ၏ အိမ်အမိုးပေါ် ရောက်ရှိနေသည်။

သူသည် အမိုးပေါ်၌ လဲလျောင်းရင်း တည်းခိုခန်းအား အကဲခတ်နေသည်။

တည်းခိုခန်း၏အောက်ထပ်တွင် လူဆယ်ယောက်ခန့်တွေ့ရသည်။

တည်းခိုခန်း၏အပြင်ဘက်တွင် လူသုံးယောက်ခန့်တွေ့ရသည်။

ထိုသုံးယောက်သည် အစောင့်ဖြစ်ရန် သေချာလှသည်။ အထဲ၌ သူတို့သုံးယောက်ရှိလိမ့်မည်။

ထိုသူသုံးယောက်ကို ကာကွယ်စောင့်ရှောက်ရန် ထိုလူသုံးယောက်ရှိနေရခြင်းပင်။ ထိုသူ၏လက်ထဲ၌ လက်နက်မတွေ့ရချေ။

သို့သော် တစ်ခဏအတွင်း သူတို့လိုချင်လျှင် လက်နက်များရောက်ရှိလာမည်မှာ သေချာလှပါသည်။

ရောက်လီသည် ထိုအစောင့်သုံးယောက်ကို အကဲခတ်ပြီးနောက် အပေါ်ထပ်သို့ပြန်ကြည့်လိုက်သည်။

အပေါ်ထပ်တွင် ခန်းမကျယ်ကြီးတစ်ခန်းနှင့် အခန်းပေါင်းများစွာရှိကြောင်း တွေ့ရသည်။

ထိုအထပ်တွင် ရောက်လီသည် ထိုလူသုံးယောက်ကိုတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပေမည်။

ရောက်လီသည် သူ၏ပစ္စည်းများကိုထုတ်၍ စစ်ဆေးလိုက်သည်။

ဓားတို စုစုပေါင်းကိုးလက်။ ကြိုးခွေတစ်ခု။ ဓားရှည်တစ်လက်။ မီးခိုးထွက်စေသည့် လက်နက်ပုန်းများ။ အားလုံး သူ့နေရာနှင့်သူ ထည့်လိုက်သည်။

ကြိုးခွေအား သစ်ပင်ထက်တွင် ချိတ်နှင့်ချိတ်လိုက်သည်။

ရပြီ။ သူလိုချင်သည့်အချိန်တွင် ကြိုးဖြင့်လွဲကာ ဧည့်ခန်းတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားသည်။

ရောက်လီသည် အချိန်ကိုစောင့်စားရင်း ရင်တထိတ်ထိတ် ခုန်လာသည်။

ရင်ခုန်ရသည့်အကြောင်းရှိသည်။ ဤသို့သောတာဝန်များကို သူ့အနေဖြင့် ထမ်းဆောင်ခဲ့ဘူးသည့်အတွက် မဟုတ်လှပါ။ သို့ရာတွင် နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ပြီးဖြစ်ပါသည်။

သို့အတွက် သူ့ကိုယ်သူ သံသယဝင်လျက်ရှိသည်။

မခုန်စဖူး ရင်ခုန်နေရခြင်းဖြစ်၏။ ညဥ့်သည် တဖြည်းဖြည်း အေးလာသည်။

တည်းခိုခန်း အပေါ်ထပ်တစ်ထပ်လုံး မီးများထိန်လင်းအောင် ထွန်းညှိထားသည်။

ရောက်လီသည် ထိုအပေါ်ထပ်ကို ဂရုစိုက်ကြည့်နေသည်။ မျက်တောင်မခတ်ကြည့်နေသည်။



မည်သူ့ကိုမျှ မတွေ့ရသဖြင့် ရောက်လီ သို့လောသို့လော တွေးနေလေပြီ။

လူမမြင်ဘဲနှင့် သူဝင်ရမည်လော။ မဝင်နိုင်ပါ။ သုတ်သင်ရမည့်သူ တစ်ဦးတစ်ယောက်မျှ မတွေ့ရဘဲ မဝင်နိုင်ပါ။

သူတို့သည် အိပ်ရာဝင်ခါနီးတွင် အရက်သောက်တတ်သည်။ ထိုအချိန်ကို စောင့်ရမည်လော။ ယနေ့မှထွက်မလာလျှင် သူရှုံးနိမ့်သွားရဦးမည်။ တာဝန်ကတော့ မထမ်းဆောင်လိုက်ရ။

သို့သော် သေရမည့်သူများ မသေသဖြင့် သူ တာဝန်ထမ်းလစ်ဟင်းသည်ဟု ပြောဆိုကြရပေတော့မည်။

သူ စနစ်တကျစီစဉ်ရန် အချိန်မရပါ။ ဤလက်နက်များမှာ အလွယ်တကူ ရနိုင်သောလက်နက်များဖြစ်၍ သူ အလွယ်တကူအနိုင်ရခဲ့ခြင်း ဖြစ်ပါသည်။

ရောက်လီ သက်ပြင်းချလိုက်၏။

သူ အကူအညီခေါ်လာခဲ့လျှင် ကောင်းလေစွဟု နောင်တရမိသည်။ ခက်သည်မှာ သူသည် တစ်ကိုယ်တော်လုပ်ရှားတတ်ခြင်း ပေတည်း။

ဤသို့ ရောက်လီ တောင်တွေးမြောက်တွေး လုပ်နေစဉ်မှာပင် ဧည့်ခန်းဆောင်အတွင်းသို့ လူတစ်ယောက်ဝင်လာသည်။

မီးရောင်ထိန်လင်းနေသည်ဖြစ်၍ ထိုလူအား ကောင်းစွာမြင်ရသည်။

ထိုလူသည် အသက်ငါးဆယ်ခန့်ရှိပြီး ပိုးဖဲဝတ်စုံကိုဝတ်ဆင်

www.burmeseclassic.com



ထားသည်။

အထက်တန်းစားများ ဝတ်ဆင်သောဝတ်စုံပင်။ အဖိုးထိုက်တန်သောဝတ်စုံ ဖြစ်သည်။

သူဝတ်လာပုံကိုကြည့်ခြင်းအားဖြင့် အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

ထိုစဉ် ဧည့်ခန်းထဲသို့နောက်ထပ် ဖဲဝတ်စုံဝတ်ဆင်ထားသူ နှစ်ယောက် ဝင်လာကြသည်။

ထိုသုံးယောက်သည် အရက်အိုးများကိုကိုင်ကာ ခွက်များကို ယူဆောင်လာကြသည်။

ထိုသုံးယောက်ကို ရှောက်လီ သတ်ရမည်ဆိုသည်မှအပ ရှောက်လီ ဘာမျှမသိချေ။

သူ့တာဝန်မှာ အခြားအချက်အလက်များကို သိဖို့မလိုပါ။ သတ်ရန်ဆိုသည့်အချက်ကိုသိလျှင် လုံလောက်ပါသည်။

ရှောက်လီသည် ဓားရှည်ကိုပါးစပ်တွင် ကိုက်လိုက်၏။ ညာဘက်တွင် ဓားပါးလေးသုံးချောင်းကို အဆင့်သင့်ကိုင်ကာ ဘယ်လက်ဖြင့် ကြိုးကိုလွှဲ၍ လျှပ်တစ်ပြက် အခန်းတွင်းဝင်ရောက်သွားတော့သည်။

"ဝုန်း....."

ပြတင်းပေါက်မှာ ကျိုးပဲ့လွင့်စဉ်သွား၏။

အရက်သောက်နေသည့် ပိုးဖဲဝတ်စုံဝတ်လူသုံးယောက်သည် အလန့်တကြားဖြစ်သွားသည်။ သူတို့သည် ထရပ်လိုက်ကြ၏။



မဖိတ်ခေါ်ဘဲ ရောက်လာသူသည် ရန်သူဖြစ်ကြောင်းကို သူတို့သိလိုက်လေ ပြီ။

သူတို့သည် ဓားများကိုဆွဲထုတ်ရန် ကြိုးစားလိုက်ကြသည်။

"ဝှစ်... ဝှစ်... ဝှစ်"

ရှောက်လီထက် ဓားပါးလေးများက အရင်ရောက်လာ၏။

ဓားပါးလေးသုံးလက်သည် သူတို့သုံးဦးထံသို့ပြေးဝင်သွားသည်။

"အား... အား... အား"

နှစ်ယောက်မှာ ရုတ်တရက်ဖြစ်၍ တိမ်းရှောင်နိုင်စွမ်းမရှိကြပါ။

ဓားပါးလေးများသည် သူတို့၏ရင်ဝသို့စိုက်ဝင်သွားကြသည်။ ထို့နောက် ဝုန်းခနဲ ဝုန်းခနဲ ပြိုလဲကျသွားသည်။

ကျန်တစ်ဦးမှာ တိမ်းရှောင်လိုက်နိုင်သည်။ သို့သော် ဓားပါးလေးက လက်မောင်းတွင် သွားစိုက်နေသည်။

ရှောက်လီသည် ထိုလူမသေသည်ကို သိသည်နှင့်တစ်ပြိုင်နက် ထိုလူရှိရာသို့ခုန်ဝင်သွား၏။ သူသည် ဓားကိုသုံးချက်အထိ ထိုးသွင်းလိုက်သည်။

ထိုသူမှာ လျင်မြန်လှသော ရှောက်လီ၏ဓားချက်သုံးချက်ကို ရှောင်တိမ်းနိုင်၏။ ထို့နောက် လက်ဝါးဖြင့်ပင် ပြန်လည်တိုက်ခိုက်သည်။

"ဖြန်း... ဖြန်း... ဖြန်း"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏သိုင်းပညာအဆင့်ကို ရှောက်လီ ကောင်းစွာ သိလိုက် လေပြီ။

လက်မောင်းတွင် ဒဏ်ရာရထားပါလျက် ဓားနှင့်လူကို လက်ဝါးဖြင့် တိုက်ခိုက်နိုင်သည်မှာ တော်ရုံအဆင့်မဟုတ်ပေ။

ထိုလူနှင့်ဤပုံစံအတိုင်း တိုက်ခိုက်သွားပါက သိုင်းကွက်သုံးရာခန့် ယှဉ်ပြိုင်ရပေမည်။ နောက်ဆုံးရှုံးနိမ့်သူက သူပင် ဖြစ်ပေလိမ့်မည်။

ထိုလူမှာ ဓားပင်မထုတ်ဘဲ သူ့အား တိုက်ခိုက်နေသည်။ ထိုလူ၏သိုင်းပညာမှာ ကြောက်ခမန်းလိလိ ထက်မြက်နေသည် မဟုတ်ပါလား။

ရှောက်လီ၏ဓားပညာမှာ ရန်သူ့အား သုတ်သင်ရန် သင်ကြားထားသောဓားပညာဖြစ်၍ သေကွင်းသေကွက်များဆီသို့သာ သူ့ဓားဦးတည်သွားနေသည်။

အလွန်ရက်စက်ကြမ်းကြုတ်သည်။ ထိရန်ရှရန် တိုက်ခိုက်သောဓားသိုင်းမဟုတ်။ သေရန် အသက်ထွက်ရန် တိုက်ခိုက်သောဓားသိုင်းသာဖြစ်သည်။

သို့သော် သူ့ဓားချက်သည် တစ်ချက်မျှ ထိုလူအား မထိခိုက်ပါ။

ထိုသူသည် ရှောက်လီ၏ဓားချက်များကို ရှောင်တိမ်းနိုင်ရုံမက လက်ဝါးဖြင့်ပင် ပြန်လည်တိုက်နိုင်သည်။

ထိုလူ၏လက်ဝါးသိုင်းမှာလည်း လွန်စွာ ကြောက်စရာကောင်းသည်။



ထိုလူ၏ဘယ်လက်မောင်းတွင် ဓားပါးလေးစိုက်ဝင်နေ၏။ ထိုဒဏ်ရာမှ သွေးတစ်စက်စက်ကျနေ၏။ သို့သော် ထိုဒဏ်ရာက ထိုလူအား အကြီးအကျယ် ရန်မပြုချေ။

ထိုလူက....

"မင်းလို ကြေးစားလူသတ်သမားက ငါလိုလူမျိုးကိုသတ်လို့ရမလား၊ မင်းကို ဘယ်သူခိုင်းတာလဲ... ပြောစမ်း"

ရှောက်လီက မပြောပါ။ ဆက်လက်၍သာ တိုက်ခိုက်၏။ ထိုအခိုက် အောက်ထပ်မှအစောင့်များ ပြေးလွှားလာသံကိုကြားလိုက်ရသည်။

ရှောက်လီအဖို့ အချိန်မရှိတော့ပါ။ ထို့ကြောင့် မီးခိုးထွက်စေသောလက်နက်ကို မြေပြင်သို့ပေါက်ခွဲလိုက်ပါသည်။

"ဝုန်း...."

မီးခိုးများ အူထွက်လာသည်။ အခန်းထဲ၌ လွှမ်းခြုံသွားသည်။ ရှောက်လီသည် ဓားရောလူပါ ထိုလူဆီသို့ ခုန်ဝင်လိုက်သည်။

မည်မျှသိုင်းပညာကောင်းစေ မျက်စိကန်းသကဲ့သို့ဖြစ်သွားသောအချိန်တွင် ဟာကွက်ဖြစ်ပေါ်သွားသည်သာဖြစ်၏။

ရှောက်လီ၏တိုက်ခိုက်မှုမှာ တရားသဖြင့် တိုက်ခိုက်မှုမဟုတ်ပါ။

မီးခိုးများလွှမ်းခြုံစေပြီး အလစ်တိုက်ခိုက်မှုဖြစ်ပါသည်။ ထိုလူမှာ ခုခံနိုင်စွမ်းမရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အား...."

ထိုလူသည် ရောက်လီ၏ဓားချက်ကြောင့် အသက်ထွက်သွားတော့သည်။

ရောက်လီသည် မီးခိုးများထဲ၌ ဓားပါးလေးများကို ရှာဖွေနှိုက်ယူလိုက်သည်။

ထို့နောက် ကြိုးနှင့်တစ်ဖက်အိမ်ခေါင်မိုးသို့ တက်ကာ နောက်ဆုံးကြိုးကို ဖြုတ်ယူလိုက်သည်။

အိမ်ခေါင်မိုး ဆယ်လုံးခန့်ပြေးပြီး တစ်ဖက်လမ်းထဲသို့ခုန်ချလိုက်သည်။ အမှောင်ရိပ်ထဲတွင် မည်သူမျှ သူ့ကိုကြည့်မနေပါချေ။

ရောက်လီသည် စန်ကျူးယင် ပေးထားသောလိပ်စာအတိုင်း ထွက်လာခဲ့ရာ မကြာမီ ထိုလိပ်စာရှိရာအိမ်သို့ ရောက်ရှိလာလေသည်။

ရောက်လီသည် နောက်ယောင်ခံလိုက်လာသူရှိမရှိ အကဲခတ်လိုက်သည်။ မည်သူမျှမရှိသဖြင့် အခန်းတံခါးကိုခေါက်လိုက်သည်။

"ဒေါက်... ဒေါက်... ဒေါက်"

ပထမနှစ်ချက်ခေါက်ပြီးမှ နောက်တစ်ချက် ခေါက်လိုက်ခြင်းဖြစ်သည်။

တံခါးကို ထိုကဲ့သို့ခေါက်ရန် အမှတ်အသားပြုလုပ်ထားပြီးဖြစ်ပေသည်။

အသက်နှစ်ဆယ်ခန့် အမျိုးသမီးတစ်ဦးထွက်လာလေ



သည်။

သူမက....

"ရှင့်ကိစ္စပြီးပြီလား"

"အောင်မြင်ကြောင်း သတင်းပို့လိုက်ပါ"

"ရှင့်အရည်အချင်း ပြန်ပေါ်လာပြီနော်"

"အင်း... မဆိုးပါဘူး"

"ဒါဖြင့်ရော...."

သူမက စာအိတ်ကိုထုတ်ပေးသည်။ ရောက်လီက စာအိတ်ကို ဖွင့်ကြည့်သည်။

အမျိုးသမီးက....

"ရှင့်အတွက် မြင်းဇောင်းထဲမှာ မြင်းတစ်ကောင်ရှိတယ်"

"ကျုပ်အသုံးပြုဖို့ပေါ့"

"စာထဲမှာ ပါတဲ့အတိုင်းလေ"

"ကောင်းပါပြီ"

"ရှင်တစ်ထောက် နားလိုက်ပါဦး... အရှေ့ဘက်မှသွားလို့ရပါတယ်၊ ကိစ္စက အေးအေးဆေးဆေးပေါ့"

"ဒါဖြင့် ကျုပ်နားလို့ရသေးတာပေါ့"

"ဒါပေါ့... ဒါပေမယ့် အပြင်တော့ ထွက်မသွားပါနဲ့၊ ရှင့်ကို လူမြင်လို့မဖြစ်ဘူး၊ ရှင်သဘောပေါက်ပါတယ်နော်"

"သဘောပေါက်ပါတယ်"

"ဒါဖြင့် ကျွန်မအိပ်ရာလဲပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ရောက်လီ လဲလျောင်းရန်အတွက် အိပ်ရာခင်းအသစ် ပြင်ဆင်ပေးလေသည်။

ရောက်လီသည် သူ့ပစ္စည်းပစ္စယများကို အနီးရှိ စားပွဲပေါ်တင်ပြီး လဲလျောင်းလိုက်တော့သည်။

○



## အခန်း(၆)
## နှင်းတောင်ဝံပုလွေ

ရောက်လီသည် အရက်ထိုင်သောက်နေသည်။

နယ်ခြားမြို့ကလေးရှိ အရက်ဆိုင်တစ်ဆိုင်တွင် ဖြစ်သည်။

သူလုပ်ခဲ့သည့် အလုပ်ကိုပြန်လှန်စဉ်းစားနေသည်။ သူသတ်ခဲ့သည် လူသုံးဦးစလုံး သေဆုံးသွားကြောင်း သတင်းအတိအကျ ရခဲ့ပေပြီ။

ထိုသုံးယောက်အသတ်ခံရသည့်သတင်းမှာ အရပ်တကာနှံ့နေပြီ။

လမ်းဘေးမှလူကလည်း ထိုသုံးယောက်အသတ်ခံရသည့်သတင်းကို ပြောနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးယောက်၏အခြေအနေကို သိလိုက်ရသော ရောက်လီ အံ့အားသင့်သွားခဲ့ရသည်။

ထိုသုံးယောက်မှာ နိုင်ငံခြားသားမွန်ဂိုများဖြစ်သည်။ မွန်ဂိုနိုင်ငံမှ စစ်သူကြီးအတွင်းဝန်နှင့်တပ်မှူးတို့ဖြစ်ကြောင်း သိလိုက်ရသည့်အတွက် ရောက်လီ အထူးပင် တုန်လှုပ်မိသည်။

တုန်လှုပ်ခြင်းမှာ သူသည် မှားယွင်း၍ သုတ်သင်မိပြီလောဟု တွေးမိ၍ဖြစ်သည်။

ရောက်လီ သက်ပြင်းချလိုက်လေသည်။ ယခုမှတော့ မတတ်နိုင်တော့ပေ။ မိမိမှားယွင်းလျှင် မိမိခံရပေတော့မည်။

ယခု သူရောက်ရှိနေသည့် နယ်စပ်မြို့ကလေး၌ မပျော်ပါ။

နှင်းတောထဲ၌ တစ်ယောက်တည်းနေခဲ့ရသည်က ပို၍ ပျော်စရာကောင်းသေးသည်။ ပျင်းလျှင်တောင် ပြေးနေရခြင်းက သူ့အတွက်ပျော်စရာပင်။

ယခုကမူ သူ၏ဆရာလည်းဖြစ်၊ မွေးစားဖခင်လည်းဖြစ်သောစန်ကျုံးယင်က နှင်းတောင်၌အနားယူစေရန် ဖန်တီးပေးလေ့ရှိသည်။

ယခုအခါ နယ်စပ်မြို့ကလေးသို့လာရောက်ရခြင်းဖြစ်သည်။ အဘယ်ကြောင့် နှင်းတောင်၌ အနားယူရန် စီစဉ်ပေးခြင်းဖြစ်သည်ကို ရောက်လီ မသိချေ။

သူသည် ဤမြို့ကလေး၌ မနေချင်ပေ။ သို့သော် အထက်အမိန့်အရ ဤမြို့လေး၌ မနေချင်သော် နေရပေမည်။



သူ့စိတ်ထဲ၌ တစ်စုံတစ်ရာမှားယွင်းနေသည်ဟု ထင်မြင်နေသည်။ ဘာမှားယွင်းနေမှန်း မသိပေ။

သို့သော် စန်ကျုံးယင်သည် မှားယွင်းတတ်သူမဟုတ်ပေ။ မှားချင်းမှားလျှင် သူသာ မှားယွင်းပေမည်။

ထို့ကြောင့် သူသည် ပေးထားသောငွေလွှဲလက်မှတ်များ၊ ငွေလွှဲလက်မှတ်ဖြင့် လွှဲအပ်ယူထားသည့် ငွေအကြွေများကို သုံးစွဲပစ်ရန် ဖြုန်းပစ်ရန် လောင်းကစားဝိုင်းရှိရာသို့ ထွက်လာလေတော့သည်။

ထို့နောက် စားသောက်ဆိုင်တစ်ခုအဖြစ် မျက်နှာဖုံးစွပ်အရေခွံခြုံထားသော လောင်းကစားဝိုင်းသို့ဝင်သည်။ သူသည် ငွေအတော်များများ ဖြုန်းပစ်လိုက်သည်။

သူသည် အထက်မှညွှန်ကြားချက်အတိုင်း သုံးဖြုန်းလောင်းကစားပစ်ရန် ညွှန်ကြားထားသည်မဟုတ်ပါလော။

သူသည် ယခုသုံး ရက်အတွင်းတွင် ငွေအတော်များများကို သုံးဖြုန်းလောင်းကစားပစ်ပြီးဖြစ်သည်။

ဤသို့လောင်းကစားနေရခြင်းကို သူငြီးငွေ့သည်။ သူ ဆက်လက်သည်းမခံနိုင်တော့ပါ။

ထို့ကြောင့် လက်ကျန်ငွေများကိုထိုးထည့်ပြီး ထိုင်ရာက ထလိုက်သည်။

ထိုအခိုက် သူ၏ညာဖက်ထောင့်မှ လူတစ်ယောက်သည်သည်း ထရပ်ပြီး လူအုပ်ကြားထဲသို့ဝင်သွားသည်ကို ရောက်လီ အမှတ်မထင် သတိပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရှောက်လီ၏အကြောအချဉ်များမှာ ရုတ်တရက် တောင့်တင်းသွားမိသည်။

ဤသို့ ဖြစ်လေ့ဖြစ်ထရှိသည့်အချိန်မှာ ရန်သူနှင့်ကြုံရသော အချိန်သာဖြစ်သည်။

ရှောက်လီသည် ထိုလူကိုလိုက်မကြည့်ဘဲ လောင်းကစား ဝိုင်းမှ ထွက်ခဲ့သည်။

လမ်းမကြီးအတိုင်း ရှောက်လီထွက်လာသည်။

ရှောက်လီသည် လက်ဝတ်ရတနာများ ရောင်းချရသောဆိုင် ရှေ့တွင် ရပ်နားလိုက်ပြီး လက်ဝတ်ရတနာများကိုကြည့်လိုက်သည်။

ထိုဆိုင်ရှိ ဆိုင်မှန်မှတစ်ဆင့် နောက်ယောင်ခံလိုက်လာသူ ရှိမရှိ ကြည့်ရှုခြင်းဖြစ်သည်။

ဟော... တွေ့ပြီ။ နောက်ယောင်ခံလိုက်လာသူကိုတွေ့ရပါ လေပြီ။

ထိုသူကိုတွေ့ရသောအခါ ရှောက်လီ အကြီးအကျယ် အံ့သြ သွားလေသည်။

ထိုသူမှာ မွန်ဂိုသုံးယောက်ကိုသတ်မည့်ကိစ္စ၌ မိမိနှင့်အတူ လက်တွဲခဲ့သည့် မျက်လုံးပြူးပြူး နှာတံပေါ်ပေါ်နှင့်လူ ဖြစ်နေ၍ပေ တည်း။

မျက်လုံးပြူးပြူးနှင့်လူသည် ရှောက်လီဆိုင်ရှေ့ရပ်နေသည် ကိုတွေ့ရပြီးသည်နှင့် လမ်းသွယ်တစ်ခုသို့ ချိုးကွေ့သွားသည်။

ရှောက်လီသည် သက်ပြင်းချပြီး လူကြားထဲ ဆက်လက်



လျှောက်သွားနေလိုက်သည်။

သူ၏အာရုံမှ ပို၍လွင့်နေသည်။ သူ့စိတ်ထဲ၌ ဘဝင်မကျဘဲ ဘင်းကျပ်ကျပ်ဖြစ်နေသည့်အရာကို သူ စတင်တွေ့ရှိပြီဖြစ်ပါသည်။

ထိုအဖြစ်မှာ မျက်လုံးပြူးပြူးနှင့်လူကို တွေ့လိုက်ရသော ကြောင့်ဖြစ်ပါသည်။

သူကဲ့သို့သော သုတ်သင်ရေးသမားများကို တာဝန်ပြီးဆုံး သည်နှင့် လူကြားထဲမှလွတ်ကင်းအောင် နှင်းတောင်ကဲ့သို့သောနေရာ များ၌ နေရာချထားတတ်ပေသည်။

ယခုမူ သူသည် အထက်မှညွှန်ကြားချက်အရ လူကြားထဲ၌ ရှိနေရသည်။

လောင်းကစားဝိုင်းများ လူမြင်သူမြင် ငွေကြေးများကို သုံး ဖြုန်းနေရပေသေးသည်။

လူကြားထဲရှိနေသည်မှာအကြောင်းမဟုတ်။ လောင်းကစား ဝိုင်းများထဲ၌ လူမြင်သူမြင် သုံးဖြုန်းနေရသည်မှာ အကြောင်းမဟုတ်။ မျက်လုံးပြူးပြူးနှင့်လူကိုတွေ့မြင်နေရသည်မှာ အကြောင်းမဟုတ်။

အဘယ်ကြောင့် ဤမြို့ထဲ၌ လာဆုံနေရပါသနည်း။

စန်ကျူးယင် မှားယွင်းပြီး စေလွှတ်ခြင်းလော။ မဖြစ်နိုင်ပါ။ စန်ကျူးယင်သည် အမှားမရှိပြုလုပ်တတ်ပေသည်။

သူ၏ဆရာဖြစ်သော မွေးစားဖခင်ဖြစ်သော စန်ကျူးယင် သည် အသေးအဖွဲ့ကိုပင် မမှားအောင် ဂရုစိုက်တတ်သူဖြစ်သည်။

ယခုမူ မှားယွင်းမှုကို ကြုံကြိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးပြူးနှင့်လူသည် သူ့အား နောက်ယောင်ခံလိုက်သည့်လူ ဖြစ်နေသည်။

ရောက်လီသည် တည်းခိုခန်းသို့ပြန်လျှောက်လာသည်။ လမ်းတစ်လျှောက်လုံး သူ့နောက်သို့ နောက်ယောင်ခံလိုက်သည့်လူရှိနေသည်။ သူ့အတွေ့အကြုံအရ ခံစားသိရှိနေသည်။

သို့သော် နောက်ယောင်ခံလိုက်သည့်လူကို သူရှာဖွေမတွေ့ပါချေ။

လိုက်သည့်လူကတော့ လိုက်နေဆဲသာ။ မည်သို့ပင်ဖြစ်စေ ထိုလူမှာ သူကဲ့သို့ကျွမ်းကျင်သူ တစ်ယောက်ဖြစ်မည်ကိုတော့ ရောက်လီသိလိုက်သည်။

○

ကြီးမားခန့်ညားသော ဂေဟာကြီးတစ်ခု တည်ရှိသည်။

ထိုဂေဟာကြီး၏အရှင်သခင်မှာ ဘုရင်မင်းမြတ်အားထားသော တာဝ်မှူး ကြီးဖြစ်ပေသည်။

ပုထိုးသည် ကျားသစ်ရေဖြင့်ခင်းထားသော ကုလားထိုင်တွင် ထိုင်နေသည်။

သူသည် အလွန်တင်းမာခက်ထန်နေသည်။ ဒေါသထွက်နေသည်။

သူသည် အရက်အိုးကို ဆောင့်ချလိုက်သည်။ ဒေါသတကြီး



ဆောင့်ချပြီးနောက် ထိုင်နေသောလူလေးယောက်ကို အမြင်မကြည် သင်စွာဖြင့် ကြည့်လိုက်လေသည်။

အတွင်းဝန် ကျိုကုန်း....။

အတွင်းဝန် ကျိုကုန်း၏မျက်နှာမှာ ပညာရှိဆန်၏။ ပိုပုဝဝဖြစ်သည်။ အမြဲပြုံးနေတတ်သည့် သူ့မျက်နှာပေါ်၌ ယခုအပြုံးလုံးဝမရှိပါချေ။

စီယင်ကွမ်းမှာ ကြီးမားထွားကျိုင်းသောလူကြီးတစ်ဦးဖြစ်၏။ ကိုယ်ရံတော်တပ်မှူးကြီး ဖြစ်သည်။

စီယင်ကွမ်းသည် နိုင်ငံရပ်ခြားတိုင်းပြည်များ၌ သူလျှိုများထားရှိပြီး တိုင်းပြည်လုံခြုံရေးအတွက် တာဝန်ယူနေသူဖြစ်၏။

စန်ကျုံးယင်....။

သူသည် စီယင်ကွမ်း၏လက်ထောက်ဖြစ်သည်။

ရှုဝါထင်း....။

ရှုဝါထင်းမှာ နေပြည်တော်တလွှားရှိ ထောင်များ၏ထောင်မှူးချုပ်ဖြစ်၏။ သူသည် မုတ်ဆိတ်ကျင်စွယ်များရှိပြီး ရုပ်ရည်မှာလည်း ကြမ်းတမ်းလှပေသည်။

သူ့အား မြင်ရသူများသည် ကြောက်ရွံ့စိတ် အမြဲပေါ်ကြရသည်။

ပုထိုးသည် တစ်ယောက်စီအား အကဲခတ်ကြည့်ရှုပြီး စကားစလိုက်သည်။

"အဲဒီအဖြစ်အပျက်ဟာ အတော်မျက်နှာပျက်စရာကောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီအဖြစ်အတွက် ဘုရင်မင်းမြတ် တော်တော် ဒေါသထွက်ခဲ့ရတယ်”

အားလုံး ငြိမ်သက်နေကြသည်။ ပုထိုးက စကားဆက်သည်။

“လူသတ်သမားဟာ သာမန်လူသတ်သမား မဟုတ်ဘူး၊ ကြေးစားလူသတ်သမားဖြစ်တယ်... အစာရှိအရာခံသုံးယောက်ကို တစ်ချိန်တည်း သတ်သွားနိုင်တာဟာ ကြေးစားလူသတ်သမားတွေရဲ့ လုပ်ရပ်ပဲ”

ရှုဝါထင်းက ခေါင်းညိတ်လိုက်သည်။

“မှန်ပါတယ်... လုပ်ကြံသတ်ဖြတ်တဲ့နေရာကို ကျွန်တော်တို့ သွားရောက်စစ်ဆေးပြီးပါပြီ၊ လူသတ်သမားဟာ သူတို့ကို အငိုက်ဖမ်း လုပ်ကြံတာပါ၊ သူ့ရဲ့လက်စလက်နဟာ အထူးလေ့ကျင့်သင်ကြားပေးထားတဲ့ ကြေးစားစားသမားရဲ့ လုပ်ကြံမှုဆိုတာ သေချာပါတယ်”

ပုထိုးက မေးလိုက်သည်။

“ဒီကိစ္စမှာ မန်ချူးတွေပါတယ်လို့ ဆိုချင်တာလား”

ရှုဝါထင်း အဖြေမပေးမီ ကျိုကုန်းက ကြားဝင်ပြောလိုက်သည်။

“ဒီလုပ်ကြံမှုသတင်းဟာ အုပ်ဆိုင်းလို့မရဘဲ ချက်ချင်းပျံ့နှံ့သွားပါတယ်၊ မန်ချူးသံတမန်တွေဟာ သူတို့ရဲ့လက်ချက်မဟုတ်ဘူးလို့ ချက်ချင်းပဲ ငြင်းပါတယ်”

ရှုဝါထင်းက....

“သူတို့ဟုတ်နေရင်လဲ ငြင်းမှာပဲမဟုတ်လား”



ကျိုကုန်းက....

“ဒါပေမယ့် ခုကိစ္စမှာ သူတို့လုပ်ကြံရင်လဲ သူတို့အတွက် အကျိုးရှိတာမှမဟုတ်တာ၊ ဒီလောက်တော့ ကျုပ်တို့တွက်တတ်ရမှာပေါ့”

“ဟုတ်တယ်... မွန်ဂိုတွေကို မန်ချူးတွေ မလုပ်ကြံဝံ့ပါဘူး၊ လုပ်ကြံတာနဲ့ ပြဿနာတက်မှာပဲ၊ ဒီတော့ မန်ချူးတွေဟာ လုံးဝလုပ်ကြံဝံ့မှာ မဟုတ်ဘူး”

ကျိုကုန်းက တွေးတွေးဆဆဖြင့် ပြောသည်။

“တကယ်ဆိုရင် ကျွန်တော်တို့နဲ့မွန်ဂိုတွေ ပြေလည်မှုရရင် ဘယ်သူက ကြောက်ရွံ့မလဲဆိုတာ တွေးရမယ်ခင်ဗျ၊ ကြောက်ရွံ့တဲ့လူက မွန်ဂိုနဲ့ကျွန်တော်တို့ အထင်မှား အမြင်မှားဖြစ်အောင် ကြားထဲက လုပ်ကြံနိုင်တယ်”

ပုထိုး မျက်မှောင်ကုတ်သွားသည်။

“ဘာလဲ... ခင်ဗျားက တာလီနိုင်ငံကလေးကို ဆိုလိုချင်တာလား၊ တာလီနိုင်ငံလေးက သူ့လုံခြုံရေးအတွက် ကျုပ်တို့နဲ့မွန်ဂိုတို့ကို ရန်တိုက်ပေးတာလို့ဆိုချင်တာလား၊ ရှင်းရှင်းပြောစမ်းပါဗျာ၊ တရားခံ ဘယ်သူလဲ... ကဲ... စီယင်ကွမ်း ခင်ဗျား ဘာပြောနိုင်သလဲ”

သူသည် စီယင်ကွမ်းအား လှမ်းမေးလိုက်သည်။ စီယင်ကွမ်းက သက်ပြင်းချလိုက်၏။ စန်ကျိုးယင်ဘက်သို့ လှည့်လိုက်သည်။

“ခင်ဗျားပြော”ဟူသည့် သဘောပင်။

စန်ကျိုးယင်က....

www.burmeseclassic.com

www.burmeseclassic.com



"တရားခံဟာ ဘယ်သူမှမဟုတ်ပါဘူးဗျာ"

ထိုအခါ လူအများ စိတ်ဝင်စားသွားကြသည်။

စန်ကျိုးယင်ကို ဝိုင်းကြည့်ကြလေသည်။

"တရားခံဟာ ကျုပ်တို့ရဲ့လူတစ်ယောက်ပါပဲဗျာ"

"ဘာ...."

"ဗျာ...."

ပုထိုးနှင့်လူအားလုံးပင် အံ့သြသွားကြလေသည်။

စန်ကျိုးယင်က သက်ပြင်းချရင်း....

"ဟုတ်ကဲ့... သူ့ကိုပေးအပ်တဲ့တာဝန်က တခြား လုပ်တာက တခြား ဖြစ်ပါတယ်"

အမှန်မှာ စန်ကျိုးယင်သည် ဤသုံးယောက်ကို သတ်ဖြတ်ရန် ရှောက်လီအား တာဝန်ပေးအပ်ခဲ့ပေသည်။

ပုထိုးက မေးလိုက်သည်။

"သေသေချာချာလေး ရှင်းပြပါဦး"

စန်ကျိုးယင်က....

"သူဟာ ဒီအရင်ကလည်း တာဝန်ကိုနှစ်ကြိမ်တိတိ မအောင်မမြင် ဖြစ်ခဲ့ပါတယ်၊ အခုလည်း ဒီလိုပဲ ဖြစ်ပြန်တယ်၊ သူဟာ လေ့ပေါ်အိမ်အနီးမှာ ရှိနေရာမှာ မဟုတ်ပါဘူး၊ သူဟာရှိနေရုံမက အဲဒီလေ့ပေါ်အိမ်မှာရှိနေတဲ့ မွန်ဂိုတာဝန်ရှိသူတွေကိုသတ်ဖြတ်ခဲ့ပါတယ်"

စီယင်ကွမ်းက ဒေါသဖြင့် ပြောလိုက်သည်။

"ဒီအကြောင်းတွေကို မင်း ကျုပ်ကိုအရင်ပြောပြဖို့ ကောင်းဘယ်ကွ"

စန်ကျိုးယင်က ရှင်းပြသည်။

"ဟုတ်ကဲ့... ရှင်းပြဖို့အချိန်မရလို့ပါ... သူ့ကိုတာဝန်မကျေပွန်သို့ ပေးအပ်တဲ့တာဝန်ကို အောင်မြင်အောင်မထမ်းဆောင်လို့ ရာထူးအထုတ်ပယ်ပစ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ အဲဒီအစီအရင်ခံစာကို အတွင်းဝန်ကြီးဆီနဲ့ ကိုယ်ရံတော်တပ်မှူးဆီလည်း တင်ထားပါတယ်၊ လေးရက်လောက် ရှိနေပါပြီ"

ရှုဝါထင်းက....

"ဆက်ပြောပါဦး"

စန်ကျိုးယင် ဆက်ပြောသည်။

"သူဟာ တာဝန်ပေါ့လျော့တယ်... အောင်မြင်အောင် မထမ်းဆောင်နိုင်ဘူး၊ အဲဒီလိုဖြစ်ပျက်နေတဲ့အတွက် သူ့ကို အသေးစားအပေါ့စားတာဝန်တွေကိုသာ ပေးထားခဲ့ပါတယ်၊ အခင်းဖြစ်ပွားတဲ့နေရာကိုရောက်ပြီး သူကျူးလွန်ခဲ့တဲ့လက်စလက်နတွေကို စစ်ဆေးဆော့ သူ့လက်ချက်ဆိုတာ သေချာပေါက် စစ်ဆေးတွေ့ရှိရပါတယ်၊ အဲဒီမှာ ကြားထားမြင်ထားတာတွေကို ပေါင်းစပ်လိုက်ရင် သူဟာ ဒီအမှုကို ကျူးလွန်တယ်ဆိုတာ သေချာနေတော့တာပဲ၊ ဒါ့အပြင် သူ့နောက်ကို ကျွန်တော်တို့လိုက်နေပါတယ်၊ သူဟာ နယ်စပ်မြို့ကလေးဆီရှိနေ တယ်ဆိုတာလည်း စုံစမ်းသိရှိပြီးဖြစ်ပါတယ်"

စန်ကျိုးယင်က ရှည်လျားစွာ ရှင်းပြလိုက်သည်။

ကိုကုန်းက....



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သေချာရဲ့လား"

စန်ကျူးယင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... သူဟာ အဲဒီမြို့ကလေးမှာ လောင်းကစားနေတယ်၊ သူ့ရဲ့လောင်းကြေးဟာလည်း အဆမတန်များပြားတယ်လို့ သတင်းရနေပါတယ်"

ရှုဝါထင်းက....

"ဒါဆိုရင် ဒီကောင်တစ်နေရာရာက ငွေတွေ အများကြီးရနေတာပေါ့... ဘယ်ကရနိုင်သလဲ"

စန်ကျူးယင်က....

"အတိအကျတော့ မပြောနိုင်ပါဘူး။ ဒါပေမယ့် ကျုပ်ရဲ့သုံးသပ်ချက်အရ သူဟာတာလီနိုင်ငံမှာ ဓားပညာသွားရောက်သင်ကြားခဲ့ပါတယ်၊ ကျုပ်တို့ရဲ့စီစဉ်မှုအရ သွားခဲ့တာပါ။ သူဟာ ခေါင်းဆောင်အချို့နဲ့ အတော်ရင်းနှီးခဲ့ကြောင်း သိရပါတယ်"

ပုထုံး အံကြိတ်လိုက်သည်။

"ဒါဆို တာလီနိုင်ငံက ငွေပေးပြီး ဒီကောင့်ကိုသိမ်းသွင်းလိုက်တာဖြစ်မယ်"

စန်ကျူးယင်က....

"ဖြစ်နိုင်ချေ ရှိပါတယ်"

ကျိုကုန်းက....

"ကျုပ်တို့မွန်ဂိုတွေနဲ့သာ ပြေလည်ရင် မွန်ဂိုတွေက တာလီနိုင်ငံဘက်ကို စစ်ဦးလှည့်လိမ့်မယ်လို့ သူတို့တွက်ထားလိမ့်မယ်"



စီယင်ကွမ်းက ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်ပါတယ်... ကျုပ်တို့ရဲ့မွန်ဂိုတွေကို စစ်မဖက်ပြိုင်နေရင် သူတို့ဟာ အေးချမ်းလိမ့်မယ်လို့ယူဆဟန် တူပါတယ်၊ အဲဒါကြောင့် အခုလိုဖန်တီးလိုက်တာဖြစ်မယ်"

ပုထုံး အံကြိတ်ပြီးပြောလိုက်သည်။

"ဒီကိစ္စဟာ တာလီနိုင်ငံရဲ့လက်ချက်ဆိုတာ သေသေချာချာသိရရင်ကောင်းမယ်"

စန်ကျူးယင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော်တို့ကြိုးစားနေပါတယ်"

ပုထုံးက ပြောလိုက်သည်။

"ဒီကိစ္စကို ဒီအတိုင်းပစ်ထားလို့မဖြစ်ဘူး၊ နှစ်နိုင်ငံရေးကိစ္စဖြစ်နေတယ်... သိပ်အရေးကြီးတယ်၊ ကျုပ်တို့ဖက်က ဒီလိုဒီလို အရေးယူထားပါတယ်လို့ပြနိုင်ရမယ်၊ ဒီတော့ တရားခံ ဘယ်သူလဲ၊ သူ့အပြစ်အတွက် သူ့ကျခံဖို့ကို ခင်ဗျားတို့ စဉ်းစားထားရမယ်၊ ဒါမှတစ်ဘက်နိုင်ငံကလည်း ကျေနပ်မှာပေါ့၊ ခုကိစ္စမှာ ကျုပ်တို့ဘက်က အလွန်ဖြစ်နေတယ်၊ သေတဲ့လူတွေဟာလဲ တာဝန်ကြီးမားတဲ့လူတွေဖြစ်နေတယ်၊ ခင်ဗျားတို့ ကျုပ်ပြောတာကို ရှင်းရဲ့လား"

စီယင်ကွမ်းနှင့်စန်ကျူးယင်တို့မှာ ဤကိစ္စ၌ တာဝန်ရှိနေသူများဖြစ်သည့်အလျောက်....

"ဟုတ်ကဲ့... ရှင်းပါတယ်"

စန်ကျူးယင်က....

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ အမြန်ဆုံး အပြစ်ပေးနိုင်အောင် ကျွန်တော် စီစဉ်ပါ့မယ်၊ သုံးလေးရက်လောက် အချိန်ပေးပါ"

ပုထုံးက....

"ရတယ်... အပြစ်ပေးနိုင်အောင်သာ စဉ်းစားပါ၊ ကဲ... ခင်ဗျားတို့အားလုံး သွားနိုင်ပါပြီ"

အားလုံးပင် ထရပ်လိုက်ကြလေသည်။

ထို့နောက် တပ်မှူးကြီးက အရိုအသေပေးလိုက်ကြသည်။

ထို့နောက် ကျိုကုန်း၊ စိုယင်ကွမ်း၊ ရှုဝါထင်းနှင့်စန်ကျုံးယင်တို့ အလျှိုလျှို ထွက်ခွာသွားကြ၏။ ထို့နောက် ပုထုံးက အရေးတကြီး လှမ်းမေးလိုက်သည်။

"နေဦး... သူ့နာမည်ကို ကျုပ်ကိုပြောခဲ့ပါဦး"

ထိုအခါ စန်ကျုံးယင်က နောက်လှည့်လိုက်ပြီး....

"ရှောက်လီ... ရှောက်လီပါ၊ သူ့ရဲ့လျှို့ဝှက်နာမည်ကတော့ နှင်းတောင်ဝံပုလွေပါ"

ပုထုံးသည် သူတို့ထွက်သွားရန် လက်ခါပြလိုက်တော့၏။

○



အခန်း(၇)

သုတ်သင်မည့်သူ

မှောင်မိုက်သောည....။

ရှောက်လီသည် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ သူ အိပ်မက်ဆိုး မြင်မက်မိသည်။

သူ့အား ဓားကိုင်လူတစ်ယောက်က ဓားဖြင့် နုပ်နုပ်စဉ်းသည်ဟု မြင်မက်သည်။

သူ့တစ်ကိုယ်လုံး ချွေးစေးများပြန်ပြီး အေးစက်နေသည်။

ရှောက်လီသည် အမှောင်ထုကို စူးစိုက်ကြည့်လိုက်သည်။ တစ်ခဏအတွင်း အန္တရာယ်အငွေ့အသက်ကို ခံစားလိုက်ရ၏။

ထို့ကြောင့် ဘေးတွင်ချထားသောဓားကို ဆုပ်ကိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့အာရုံတွင် ရန်သူရောက်ရှိလာသည်ကို အလိုလိုခံစားမိသည်။

ထို့ကြောင့် တံခါးအား စိုက်ကြည့်နေမိ၏။ သူကြည့်နေသည်မှာ မှန်ပါသည်။

တံခါးသည် လုံးဝအသံမကြားရဘဲ တဖြည်းဖြည်း တစစပွင့်သွား၏။

တံခါးပွင့်သွားပြီးနောက် လူတစ်ယောက်သည် ဖြည်းညင်းစွာ ဝင်လာသည်။

ကြောင်တစ်ကောင်ကဲ့သို့ အသံမကြားရစေဘဲ ထိုသူဝင်လာသည်။

ရှောက်လီသည် ထိုလူ၏လှုပ်ရှားပုံကိုကြည့်သည်။

အနုပညာဆန်လှသော ထိုလူ၏လှုပ်ရှားမှုသည် လုံးဝအသံမထွက်ချေ။

တကယ်တော့ ထိုသူ၏လှုပ်ရှားပုံသည် သူ့လှုပ်ရှားပုံနှင့်တူညီလှချေသည်။

ထိုလူသည် ခုတင်အနီးသို့ချဉ်းကပ်လာပြီး ဓားပါးလေးများဖြင့် ပစ်သည်။

"ဝှစ်... ဝှစ်... ဝှစ်"

တစ်ဆက်တည်းမှာပင် လက်ထဲမှဓားရှည်ဖြင့် ထိုးချလိုက်တော့သည်။



ထိုကဲ့သို့ အစဉ်အဆက်မပြတ် တိုက်ခိုက်မှုမျိုးသည် ဘာလီနိုင်ငံ၌ သူသင်ကြားခဲ့ဖူးသည်။

ရန်သူသည် တိုက်ခိုက်ပြီးသည်နှင့် ခုတင်ပေါ်၌ ရှောက်လီမဟုတ်ဘဲ ခေါင်းအုံးများသာဖြစ်ကြောင်း သိရှိသွားတော့၏။

ထို့ကြောင့် ရန်သူသည် ရိပ်မိလျှင် ရိပ်မိချင်း ခန္ဓာကိုယ်ကို လွှဲချရှောင်ထွက်လိုက်သည်။

ရှောက်လီသည် ရန်သူ့ခြေထောက်ကိုကန်လိုက်ပြီး ဓားဖြင့် အောက်မှပင့်ထိုးလိုက်၏။

ရန်သူလဲအချတွင် ဓားသည် ရန်သူ့ဝမ်းဗိုက် အတွင်းသို့ စွိခနဲ ဝင်သွားတော့သည်။

မမျှော်လင့်သောတိုက်ခိုက်မှုသည် ရန်သူအား ဇီဝိန်ချုပ်သွားစေသည်။

ရန်သူသည် အံ့အားသင့်ရင်း ရှောက်လီ၏ဓားချက်ကို ခံယူလိုက်ရသည်။ ရန်သူ၏ခန္ဓာကိုယ်ကြီးသည် ပြိုလဲကျလာသည်။

ရှောက်လီသည် ရန်သူ့ခန္ဓာကိုယ်ကြီး ဝုန်းခနဲ ပြိုလဲကျလာမည်စိုးသဖြင့် လျင်မြန်စွာထ၍ ထိန်းပေးလိုက်သည်။ ဖြည်းညင်းစွာ ချပေးလိုက်သည်။

သူကဲ့သို့ သတ်သင်ရေးသမားတစ်ဦးအား အလွယ်တကူ လုပ်ကြံ၍မရကြောင်း၊ သူ့အား လုပ်ကြံခိုင်းသူများ ဧကန်မုချသိရပေသည်။

ထို့ကြောင့် တခြားလုပ်ကြံရေးသမားများ အနီးအနား၌ထပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သည်ဟု သူ ယုံကြည်မိသည်။

ရှောက်လီသည် အခန်းထဲမှ ငွေနှင့်ပစ္စည်းများကိုယူလိုက်၏။

ထို့နောက် အမှောင်ထုကိုအကာအကွယ်ပြုကာ တည်းခိုခန်းထဲမှမျက်စိလျှင်လျှင် နားလျှင်လျှင်ထား၍ ထွက်ပြေးလာတော့သည်။

ရှောက်လီသည် လမ်းကြားထဲသို့ရောက်လာ၏။ အမှောင်ထုကို အကာအကွယ်ပြုကာ ခပ်သွက်သွက် လျှောက်လိုက်သည်။

ထိုစဉ်....

"ခြင်...."

တစ်စုံတစ်ခုကို တိုက်မိဟန်တူသောအသံတစ်သံသည် နောက်မှပေါ်လာသည်။

ရှောက်လီ ကြက်သီးထသွားသည်။ သူ့နောက်မှ နောက်ယောင်ခံလိုက်လာသူတစ်ဦးဦး ရှိနေပြီဖြစ်ကြောင်း သူသိလိုက်ရ၍ဖြစ်သည်။

ထို့ကြောင့် သူသည် နံရံကိုကပ်ကာ နောက်ဘက်မှ ရန်သူကိုစောင့်လိုက်သည်။ မကြာမီ လူရိပ်တစ်ရိပ်ရောက်ရှိလာတော့သည်။

ထိုလူသည်လည်း ရှောက်လီပျောက်သွားသဖြင့် အံ့ဩသွားပုံရ၏။

သို့သော် ချက်ချင်းပင် ရှောက်လီပုန်းအောင်းရာကို ရိပ်မိသွားတော့သည်။



ထိုလူသည် ဓားကို ရွှမ်းခနဲ ဆွဲထုတ်ပြီး ရှောက်လီအား ခုန်ဝင်တိုက်ခိုက်တော့သည်။

ထိုလူ၏တိုက်ခိုက်မှုမှာ လျင်မြန်လှ၏။ ထိုးသတ်တိုက်ခိုက်ပုံကိုကြည့်လိုက်သည်နှင့် ထိုသူသည်လည်း သုတ်သင်ရေးသမားတစ်ဦးဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် ရှောက်လီ ပေါ့ပေါ့ဆဆ မတိုက်ရဲပါ။ ခြေမြှချင်း ခြေမြင်ကြသည်မဟုတ်ပါလော။

ရှောက်လီသည် ထိုသုတ်သင်ရေးသမားအား သတိကြီးစွာထား၍ ပြန်လည်တိုက်ခိုက်လေသည်။

"ခွမ်း...."

ဓား,ဓားချင်းထိပြီး မီးပွင့်သွားသည်။ နှစ်ယောက်စလုံး နောက်သို့ဆုတ်သွားရသည်။

ရှောက်လီ ဆုတ်သွားသော်လည်း ထိုလူက ချက်ချင်းပင် ရှေ့သို့တိုးကာ တိုက်ခိုက်သည်။

ထိုလူ၏ဓားချက်များသည် ရှောက်လီ၏ အဓိကသွေးကြောနေရာများကိုသာ ထိုးနှက်တိုက်ခိုက်နေသည်။

ရှောက်လီ အံ့ကြိတ်မိ၏။ အခန်းထဲ၌ သူ့ကဲ့သို့လျှို့ဝှက်သုတ်သင်ရေးသမားတစ်ဦးနှင့် တွေ့ဆုံခဲ့ရသည်။

ယခုလည်း လျှို့ဝှက်သုတ် သင်ရေးသမားတစ်ဦးကို တွေ့နေပြန်ပြီ။

"ခြင်း...."

www.burmeseclassic.com

www.burmeseclassic.com



ဓား,ဓားချင်းထိသံ ထွက်ပေါ်လာသည်။ ရောက်လီသည် လက်ပြန်ဓားချက်များကို အများဆုံး အသုံးပြုသူဖြစ်သည်။

ထိုလက်ပြန်ဓားချက်များသည် ရန်သူအား ဒုက္ခပေးနိုင်ဆုံးသော ဓားချက်များဖြစ်ကြောင်း သူတာလီနိုင်ငံတွင် ဓားပညာသွားသင်စဉ်က သင်ကြားမှတ်ယူခဲ့ရသည်။

သူရင်ဆိုင်နေရသော ရန်သူသည်လည်း လက်ပြန်ဓားချက်များကို အများဆုံး အသုံးပြုနေသူ ဖြစ်သည်။

ထိုသူသည်လည်း တာလီနိုင်ငံသို့ သွားရောက်၍ ဓားသိုင်းပညာသင်ကြားဖူးသူဖြစ်မည်ဟု ရောက်လီ တွေးမိနားလည်လိုက်သည်။

ယခုလို အချိန်မျိုး၌ အချိန်ဆွဲ၍ မတိုက်ခိုက်နိုင်ပါ။ ရန်သူအား ချက်ချင်းရှင်းပစ်ရမည်ကို သူသိပါသည်။

အချိန်ဆွဲနေခြင်းအားဖြင့် အခြားရန်သူများကိုဖိတ်ခေါ်သလိုဖြစ်နေပါမည်။

ထို့ကြောင့် သူသည် အိတ်တွင်းသို့လက်နှိုက်ပြီး တစ်စုံတစ်ခုကိုပစ်ချလိုက်သည်။

ရောက်လီသည် မီးခိုးထွက်စေသော လက်နက်ပုန်းကို အသုံးပြုပြီး တိုက်ခိုက်တော့မည်ဟု ရန်သူက ထင်မှတ်ကာ ရုတ်တရက်ခုန်ဆုတ်သွားသည်။

ဤသို့ထင်အောင် ရောက်လီက ပရိယာယ်ဆင်လိုက်ခြင်းဖြစ်သည်။



သူသည် ရန်သူနောက်သို့ လျှပ်တစ်ဖြက်ခုန်ဝင်ကာ ဓားကို ထိုးသွင်းလိုက်သည်။

သူသည် ဓားချက်ခုနစ်ချက်မျှ ထိုးသွင်းတိုက် ခိုက်လိုက်ခြင်းဖြစ်သည်။

ရန်သူသည် ရောက်လီ၏ဓားချက်ခြောက်ချက်သာ ခုခံနိုင်၏။ ဓားချက်တစ်ချက်ကိုမူ သူ မခုခံနိုင်ချေ။

ထို့ကြောင့် သေကွင်းသေကွက်မှ လွတ်ရာကျွတ်ရာဖြစ်သည့် ပခုံးဖြင့် ခံပေးလိုက်ရသည်။

ရောက်လီသည် ပခုံးကို ဓားနှင့်ထိုးမိသည်နှင့် ကိုယ်ကိုတစ်ပတ်လှည့်ကာ ရန်သူအား ခြေဖျားနှင့်ခတ်လိုက်သည်။

ရန်သူသည် ရောက်လီ၏ဓားချက်ကို ပခုံးနှင့်ထိုးခံပြီးသည်နှင့် ဓားချက်တစ်ချက် ထိုးသွင်းလိုက်သည်။

သို့သော် သူ့ဓားချက်က ရောက်လီ၏ ခန္ဓာကိုယ်ထဲသို့မဝင်မီ ရောက်လီ၏ခြေဖျားက သူ့နားထင်သို့ရှေးဦးစွာ လာရောက်ရိုက်ခတ်မိ၏။

"ဝုန်း....."

ရန်သူမှာ ပြင်းထန်သောခြေဖျားခတ်မှုကြောင့် တစ်ပတ်လည်ပြီး လွင့်စဉ်သွား၏။

ရောက်လီသည် လွင့်ပါခုန်လိုက်သွားပြီး ဓားချက်သုံးချက် ထိုးသွင်းလိုက်သည်။

"အား....."

www.burmeseclassic.com

www.burmeseclassic.com



ရန်သူသည် တစ်ချက်မျှ တွန့်သွားပြီး ငြိမ်သက်သွားတော့သည်။

ရှောက်လိသည် ရန်သူ၏မျက်နှာအား ကြည့်လိုသော်လည်း အချိန်မရှိဟုယူဆပြီး လမ်းကြားထဲမှ အမြန်ဆုံး ပြေးထွက်သွားတော့သည်။

○

တစ်ခန်းလုံးတွင် ငှက်လှောင်အိမ်များ ပြည့်နေသဖြင့် ငှက်သံများ ဆူညံနေသည်။

ငှက်များက အမျိုးအစားစုံလင်လှသည်။ အရောင်အသွေးစုံလင်လှသည်။

အချို့ငှက်များသည် တစ်လက်မခန့် သေးငယ်လှပြီး အချို့ငှက်ကြီးများမှာ သုံးပေခန့်အထိ ကြီးမားလှသည်။

ရုတ်တရက် ငှက်များက ဆူညံလာသည်။ ငှက်လှောင်အိမ်များထားသော အခန်းတံခါးကို တစ်စုံတစ်ယောက်က ဖွင့်လိုက်၍ ဖြစ်ပေသည်။

ထိုလူသည် ငှက်များနှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်ကြောင်း သိသာလှသည်။

ဝင်လာသူအား စန်ကျုံးယင် ဖြစ်ပါသတည်း။

စန်ကျုံးယင်သည် ငှက်များကို အစာကျွေးလိုက်သည်။ ငှက်



များသည် ဆူညံစွာဖြင့် အစာစားသောက်ကြသည်။

ထို့နောက် စန်ကျုံးယင်သည် ငှက်များကိုရီဝေစွာ ကြည့်နေခဲ့တော့၏။

သူ၏မျက်ဝန်း၌ ကရုဏာအရိပ်အယောင်များ ယှက်သမ်းနေပါသည်။

ထိုအကြည့်ကို သူ၏လက်အောက်ငယ်သားများ လွန်စွာခံထားကြရသည်။

သူသည် နှုတ်ချို၏။ လက်အောက်ငယ်သားများ၏ အရေးအခင်းဟူသမျှ ဖြေရှင်းပေး၏။

ထို့ကြောင့် သူ့လက်အောက်ငယ်သားများက သူ့အား ချစ်ကြည်ညိုကြခြင်းဖြစ်သည်။

စန်ကျုံးယင်သည် မျက်ဝန်း၌ ကြေကွဲသောအရိပ်အယောင်ပေါ်လာပြီးနောက် သူသည် ညည်းပြောပြောလိုက်သည်။

"အင်း.... ငါပြုစုပျိုးထောင်ခဲ့တဲ့ ငှက်ကလေးတစ်ကောင်သော့ သွားရာပြီပေါ့"

ငှက်လှောင်အိမ်အခန်းမှ စန်ကျုံးယင် ပြန်ထွက်လာသည်။

ထိုအခိုက် ကောင်းကင်မှ တဖျပ်ဖျပ် တောင်ပံရိုက်ခတ်သံပေါ်လာတော့သည်။

စန်ကျုံးယင်သည် ပြုံးလိုက်ပြီး ညာဘက်လက်မောင်းကို သန့်တန်းပေးလိုက်သည်။

ခိုငှက်တစ်ကောင် ပျံလာခြင်းဖြစ်၏။ ခိုငှက်ကလေးသည်

www.burmeseclassic.com

www.burmeseclassic.com



ပျံ့ဝဲရင်း စန်ကျုံးယင်၏လက်ပေါ်တွင် နားလေတော့သည်။

စာပို့ခိုများတွင် ဝါးကျည်တောက်အသေးကလေးများပါသည်။

ဝါးကျည်တောက် သေးသေးကလေးများကို စာပို့ခိုခြေထောက်များတွင် ချိတ်ဆွဲပေးထားသည်။

စာပို့ခိုများ၏ညာခြေတွင် တံဆိပ်များပါပြီး ထိုတံဆိပ်အရ မည်သည့်အရပ်ကလာသောခိုမှန်း သိနိုင်သည်။

ယခုလာသော ခို၏တံဆိပ်ကိုကြည့်ကာ နယ်မှလာသောခိုဖြစ်ကြောင်း သိလိုက်ရသည်။

စန်ကျုံးယင်၏မျက်နှာသည် ဝင်းပသွား၏။ သူသည် စာပို့ခိုကိုမျှော်နေခြင်းဖြစ်ပါသည်။ စာကိုဖတ်လိုက်သည်။

ထိုအခါဝင်းပနေသော သူ့မျက်နှာသည် ညှိုးမှိုင်းသွား၏။ တောက်ပနေသောမျက်လုံးများသည် အရောင်မှိန်သွား၏။

မယုံနိုင်ခြင်း၊ အံ့သြခြင်း အရိပ်အယောင်များ ယှက်သမ်းလာသည်။

ထိုအရိပ်အယောင်များ ပေါ်ပေါက်လာခြင်းမှာ ခဏသာဖြစ်သည်။ မကြာမီ ပျောက်ကွယ်သွားလေတော့သည်။

သူသည် အံ့သြခြင်းယှက်သမ်းနေသည့်မျက်နှာတွင် တင်းမာခက်ထန်သောအမူအရာများ ပေါ်ပေါက်လာသည်။

ဤသည်မှာ စာကိုဖတ်ပြီးသည်နှင့် ဖြစ်ပေါ်လာသည့်အမူအရာများ ဖြစ်သည်။



စာပါ အကြောင်းအရာကား....

"မအောင်မြင်ပါ"ဟူသတည်း။

စန်ကျုံးယင်သည် စာကိုဆယ်ကြိမ်မြောက် ပြန်လည်ဖတ်လိုက်သည်။

သူ အထပ်ထပ်အကြိမ်ကြိမ် ဖတ်နေခြင်းမှာ စာအကြောင်းအရာကို မယုံကြည်၍ဖြစ်သည်။

သူဖတ်နေစဉ်အတွင်း နဖူးနှင့်လက်များမှာ ချွေးစီးများထွက်လာသည်။

သူသည် ရှောက်လီအား သတ်ဖြတ်ရန် အစီအစဉ်ကိုပေးခဲ့သည်။ တစ်ယောက်တည်းမဟုတ် နှစ်ယောက်ဖြစ်၏။

ရှောက်လီ၏အစွမ်းကို ဥပေက္ခာမပြုရက်သဖြင့် ဤသို့နှစ်ယောက်ထားရှိခြင်းဖြစ်သည်။

လူတစ်ယောက်စီမှာလည်း ရှောက်လီကဲ့သို့ ထက်မြက်သူများဖြစ်သည်။

နှစ်ဆင့်သတ်ဖြတ်မည်ဖြစ်သဖြင့် ရှောက်လီ မည်ကဲ့သို့မျှမလွတ်နိုင်ဟု သူထင်ထားသည်။

ယခုမူ လွတ်သွားပေပြီ။ သူ၏အစီအစဉ်များ အချည်းနှီးဖြစ်သွားပေပြီ။

ရှောက်ရှိလာသော သတင်းအရ၊ ရှောက်လီ သို့မဟုတ် နှင်းတောင်ဝံပုလွေသည် လွတ်မြောက်သွားခဲ့ပြီဖြစ်ပါသည်။

ရှောက်လီ လွတ်မြောက်သွားပြီဟုဆိုလျှင် သူ့လွှတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ညှိ့သတ်ဖြတ်သုတ်သင်ရေးသမားနှစ်ဦး သေဆုံးသွားရပေလိမ့်မည်။

မှန်သည်။ ရောက်လီသည် သတ်ဖြတ်သုတ်သင်ရေးသမားနှစ်ဦးကို မည်သည့်နည်းနှင့်မျှ မသတ်ဘဲ မနေနိုင်ချေ။

ထိုနှစ်ယောက်သည် သတ်ဖြတ်ခြင်းခံရပြီးမှသာ သူ လွတ်မြောက်ရေးလမ်းစကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

စန်ကျုံးယင်သည် သက်ပြင်းချလိုက်သည်။

သူ့အာရုံထဲဝယ် ရောက်လီကိုမြင်ယောင်လာသည်။ ရောက်လီ၏ လှုပ်ရှားပုံများကို မြင်ယောင်လာသည်။

အလွန့်အလွန်သန်မာဖျတ်လတ်သော တိုက်ခိုက်သုတ်သင်ရေးသမားတစ်ဦးပါပေ။

ထိုအခိုက် ဝကောင်းကင်မှ တဖျပ်ဖျပ် တောင်ပံရိုက်ခတ်သံကို ကြားလိုက်ရသဖြင့် စန်ကျုံးယင် မျက်မှောင်ကုတ်မိလေသည်။

ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ သူသည် ကောင်းကင်ယံကိုမော့ကြည့်လိုက်၏။

ခိုငှက်တစ်ကောင်ပျံသန်းလာခြင်း ဖြစ် သည်။ ခိုငှက်သည် ပြတင်းပေါက်မှဝင်ပြီး စန်ကျုံးယင်၏ပခုံးပေါ် လာနားခြင်းဖြစ်ပါသည်။

သူသည် ခိုငှက်ကလေးအား အစာကျွေးလိုက်သည်။ ထိုမှတစ်ဆင့် မည်သည့်အရပ်မှလာသည်ကို တံဆိပ်ကြည့်လိုက်သည်။ ထို့နောက် စာကိုဖြုတ်ယူလိုက်သည်။



တံဆိပ်က လှိုပေမြို့မှဖြစ်ကြောင်း ပြနေသည်။ လှိုပေသည် ဆိပ်မြို့တစ်မြို့ပင်၊ နေပြည်တော်မှ လွန်စွာ ဝေးကွာသည်။

ခိုငှက်ကြောင့်သာ ဤမျှမြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်ခြင်းဖြစ်သည်။

စာကို စန်ကျုံးယင် မျက်မှောင်ကုတ်ကြည့်လိုက်သည်။ ပြီးနောက် ဖွင့်ဖတ်လိုက်သည်။

“အနက်ရောင် အမှတ်တစ် ဝံပုလွေ”

စာက ဒါပဲဖြစ်သည်။ စကားဝှက်ဖြင့် ရေးထားခြင်းဖြစ်သည်။

ထိုစကားဝှက်မှာ စန်ကျုံးယင်ကိုယ်တိုင် တီထွင်ထားသောဖြစ်သည်။

စန်ကျုံးယင်နှင့် သူ၏လက်ထောက်ငယ်သား လက်တစ်ဆုပ်စာမျှသာ ဤစကားဝှက်ကို ဖတ်နိုင်သည်။

အနက်ရောင်ဆိုသည်မှာ သူ့ အန္တရာယ်တွေ့ရပြီဟူသည့် အဓိပ္ပာယ်ဖြစ်သည်။

အမှတ်တစ်ဆိုသည်မှာ သူ့လုံခြုံရေးအတွက်ကို အမြန်ဆုံးစီစဉ်ပေးရန်ဖြစ်ပါသည်။

ဝံပုလွေဆိုသည်မှာ ရောက်လီပင်ဖြစ်သည်။ ထို့ပြင် ထပ်မံသိရသည်မှာ ဝံပုလွေဟု ရေးထားသည့်အတွက် ထပ်မံဆက်သွယ်ဦးမည်ဆိုသည့် အဓိပ္ပာယ်ပေးသေးသည်။

စန်ကျုံးယင် ရင်မောသွားသည်။ ရောက်လီသည် တစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရာ၌ ကျောက်ချ၍ရပ်နားနေမည်မဟုတ်ပါ။

သူ့အား လုပ်ကြံမှုများရှိနေသည်ကို သိသဖြင့် နေရာအနှံ့ လျှောက်သွားနေမည်ဖြစ်ပါသည်။

ထို့ကြောင့် လှိုင်ပေမြို့၌လည်း အတည်တကျနေထိုင်မည် မဟုတ်ပါ။

ရှောက်လီ မည်သည့်နေရာသို့ပြေးနေမည်နည်း။ စန်ကျိုးယင် မသိပါ။

စန်ကျိုးယင်သည် ရှောက်လီပြေးမည့်နေရာကိုမသိလျှင် ထောင်ချောက်ပြုလုပ်ရန် မလွယ်ကူပါ။

မည်သို့ပင်ဖြစ်စေ၊ ရှောက်လီဖြစ်စေ၊ ရှောက်လီကဲ့သို့ လူတော်လူကောင်းတစ်ယောက်ကို သုတ်သင်ပစ်ရန် မျှော်နေမိပါသည်။

ယခုမှတော့ မသုတ်သင်၍မရတော့။ ပထမနှင့်ဒုတိယနှစ်ကြိမ်တွင်လည်း သူ့အလုပ်ကိုမအောင်မြင်စေရန် ဖန်တီးထားပြီးပြီမဟုတ်လား။

သို့သော် သူ့တွင် ရှောက်လီကဲ့သို့ လူတော်များရှိနေပါသေးသည်။

တစ်ယောက်လျော့သွား၍ အကြောင်းမထူးဟုသာ ဖြေသိမ့်ရပါသည်။

ရှောက်လီအား မသုတ်သင်လျှင် သူ့တွင်ဆုံးရှုံးနစ်နာစရာများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ကြောင့် ရှောက်လီအား သုတ်သင် ရှင်းလင်းပစ်ရမည်။



စန်ကျိုးယင် ဘဝင်မကျသည့်အချက်တစ်ချက် ရှိသည်။

နယ်စပ်မြို့ကလေး၌ ရှောက်လီသည် သူ့အတွက် ထောင်ချောက်ကို မည်သို့ရိပ်မိသွားပါသနည်း။

ထိုထောင်ချောက်မှ အလွတ် ရုန်းထွက်သွားနိုင်ပုံမှာလည်း အံ့သြစရာပင်ကောင်းသည်။

ရှောက်လီသည် မိမိထင်ထားသည်ထက်ပင် ပိုတော်နေပြီလောဟု စန်ကျိုးယင် တွေးမိပြီး လက်ဖဝါး၌ ချွေးစေးများထွက်လာရသည်။

တော်ပေသေးသည်။ သူ့အား လုပ်ကြံဖျက်ဆီးနေသူမှာ မိမိဖြစ်ကြောင်း သူမသိခြင်းက မိမိတပန်းသာနေသည်။

ရှောက်လီ မည်မျှတော်စေကာမူ မိမိက လေ့ကျင့်ပြုလုပ်ပျိုးထောင်ခဲ့သူဖြစ်သည်။

မိမိ၏ နည်းနိဿယများအရသာ ရှောက်လီ ထက်မြက်လာသူဖြစ်၏။ သူ၏ ပျော့ကွက်ဟာကွက်မှန်သမျှ မိမိက သိထားသည်။

စန်ကျိုးယင်သည် ရှောက်လီအား ထောင်ချောက်ဆင်ရန် ဗျူဟာကို တွေးတောနေသည်။

အတန်ကြာမှ သူ့မျက်လုံးများ ဝင်းလက်တောက်ပလာသည်။ ဤတစ်ကြိမ်တွင် ရှောက်လီ အလွတ်ရုန်းနိုင်ပါ ဦးမည်လော။

သို့သော် သူ့အစီအစဉ်ကို အကောင်အထည်ဖော်၍မရသေးချေ။

ရှောက်လီက ဆက်သွယ်မှသာ သူ့အနေဖြင့် တုံ့ပြန်စီစဉ်

www.burmeseclassic.com

---

www.burmeseclassic.com



နိုင်ပါမည်။

မည်သို့ပင်ဖြစ်စေ နှင်းတောင်ဝံပုလွေသည် သူ၏တိုက်ခိုက်သုတ်သင်ရေးသမားဘဝမှ အနားယူရတော့မည်မှာ သေချာနေသည်ဟု စန်ကျုံးယင် တွေးလိုက်သည်။

စန်ကျုံးယင်သည် ငှက်ကိုလှောင်အိမ်၌ထည့်လိုက်ပြီး အရက်ကိုငှဲ့ကာ အေးအေးဆေးဆေး သောက်လိုက်သည်။ အတန်ကြာမှ သတိရပြီး အကြောင်းပြန်ကြားစာကိုရေးလိုက်သည်။

သို့သော် စာရေးသည့်လက်သည် တုန်တုန်ယင်ယင် ဖြစ်နေချေသည်တကား.....။

○

---



## အခန်း(၈)
## လှည့်စားမှုကြားဝပ်သွားရသူ

ရှောက်လိသည် မြင်းပေါ်မှခုန်ဆင်းပြီး မြင်းကိုသစ်ပင်တွင် ချည်နှောင်လိုက်၏။

ထို့နောက် ရှေ့တွင်မြင်နေရသောချိကျားကျေးရွာ ကလေးအား ခိုးကြောင်ခိုးဝှက် လှမ်းကြည့်လိုက်သည်။

ရှောက်လိမှာ အရေးပါသောသူဖြစ်သည်။ ကိုယ်ရံတော်တပ်ဖွဲ့ဝင် တိုက်ခိုက်သုတ်သင်ရေးသမားတစ်ဦးဖြစ်သည်။

တိုင်းပြည်လုံခြုံရေးအတွက် စာစောင်များ၊ စာချုပ်စာတမ်းများ ခိုးယူရန် ဖျက်ဆီးရန်ဆိုလျှင် တိုက်ခိုက်သုတ်သင်ရေးသမားတို့ကို လွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူလျှိုများ၊ အနက်ရောင်သိုင်းသမားများအား သတ်ဖြတ်
သုတ်သင်လိုလျှင် တိုက်ခိုက်သုတ်သင်ရေးသမားတို့ကိုစေလွှတ်သည်

သူသည် တိုက်ခိုက်သုတ်သင်ရေးသမားဖြစ်ရသည်ကို စိတ်
အနှောင့်အယှက်မဖြစ်ပါ။

နိုင်ငံတာဝန်ကိုထမ်းဆောင်ရန် သူ၏ဆရာသမားက ဖြေ
အပ်သောတာဝန်ကို ကျေပွန်ရန်သာ အလေးထား ဦးစားပေးခဲ့သူဖြ
သည်။

သူသည် ရန်သူများအား နှစ်ပေါင်း ခုနစ်နှစ်အထိ တိုက်ခိုက်
သုတ်သင်သတ်ဖြတ်ခဲ့သည်။

ဤသို့ တိုက်ခိုက်သုတ်သင်သည့်အခါ သူသည်လည်း သေ
ဘေးနှင့်အကြိမ်ကြိမ် ကြုံခဲ့ရသည်။

ကြုံခဲ့ရသော်လည်း သူသည် လွတ်မြောက်ခဲ့သည်ချည်း ဖြစ်
သည်။

ဤသို့ဖြင့် သူ၏နာမည်သည် မန်ချူး၊ မွန်ဂို၊ တာလီ၊ တိဗက်
နိုင်ငံများအထိ ကျော်ကြားလာခဲ့ရသည်။

နှင်းတောင်ဝံပုလွေဟူသော အမည်ကို ထိုနိုင်ငံရှိ လျှို့ဝှက်
သိုင်းသမားများကြားတွင် သိရှိလာကြသည်။

ယခု တာလီနိုင်ငံသုတ်သင်ရေးသမားများက ပစ်မှတ်အဖြစ်
ထားနေပြီဟု ခန့်မှန်းသည်။

ယခု သူ့အား သတ်ဖြတ်သုတ်သင်သူများသည် တာလီဓား
ကွက်များကိုသာ ထုတ်သုံး၍ဖြစ်၏။



သူသည် ဤအတိုင်း မည်မျှပြေး၍လွတ်မြောက်မည်နည်း။

တာလီနိုင်ငံသည် သေးပင်သေးငယ်သော်လည်း ဓားသမား
အများအပြားနှင့် သူလျှိုအများအပြားရှိသည် မဟုတ်ပါလော။

သို့သော် တာလီနိုင်ငံမှ ဓားသမားအများအပြားနှင့် သူလျှို
အများအပြားကို သူ ရင်းနှီးပေသည်။

သူတို့သည် တရုတ်၊ တိဗက်ပြည်မှ သိုင်းသမားများကို လုံး
ဝမထိခိုက်မသတ်ဖြတ်ကြပေ၊ မန်ချူးများကိုသာ တိုက်ခိုက်တတ်
ကြပေသည်။

သို့သော် ယခုမှ မိမိသည် တာလီနိုင်ငံမှဟု ယူဆရသောလျှို့
ဝှက်ဓားသမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုကို ခံနေရသည်မဟုတ်ပါ
လော။

ရောက်လီသည် ချိကျားကျေးရွာသို့ တဖြည်းဖြည်း ချဉ်းကပ်
လာခဲ့သည်။

ဤရွာတွင် သတင်းပို့ရန် နေရာတစ်ခုရှိသည်ကို သူ သတိ
ထားခဲ့သည်။

လျှို့ဝှက်သတင်းပို့သည့်နေရာ အဓော်များများကို ရောက်
လီကျက်မှတ်ထားခဲ့ပေ၏။

ရောက်လီသည် ချိကျားကျေးရွာမှ ရွာအတွင်းသို့ရောက်လာ
၏။

သူသည် ရွာထဲမှ တစ်ကြိမ်ဖြတ်လျှောက်ခဲ့ပြီးဖြစ်၏။ သူ၏
နောက်မှ နောက်ယောင်ခံလိုက်သူ ပါမပါကို သိရှိရန်ပြုလုပ်ခဲ့ပြီး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။

ချိုကျားကျေးရွာမှ ရွာငယ်ကလေးမျှသာဖြစ်၏။ အိမ်ခြေငါးဆယ်ခန့်ရှိသဖြင့် လုံးဝစည်ကားမှုမရှိပေ။

သို့ရာတွင် ရွာထိပ်၌ အရက်ဆိုင်တစ်ဆိုင်ရှိနေပေ၏။ အရက်ဆိုင်သည် ဆယ်နှစ်ကျော်ကာလကြာ ဖွင့်ခဲ့ပေပြီ။

ရွာမှာ စည်ကားမှုမရှိသဖြင့် အရက်ဆိုင်မှာလည်း လက်မလည်အောင် ရောင်းချရမှုမရှိပေ။

ဆိုင်ရှင်ဖြစ်သောလူဝကြီးမှာ အရက်သောက်လိုက် ငိုက်မျည်းလိုက်ဖြင့် အချိန်ကုန်နေရပေ၏။

ဤလူဝကြီးမဖြစ်မီက သူသည် လူပိန်ကလေးတစ်ဦးမျှသာဖြစ်၏။

စားလိုက်သောက်လိုက်အိပ်လိုက်ဖြင့် သူသည် ဤသို့ ဆူဖြိုးဝလာခြင်းဖြစ်ပါ၏။

ရောက်လီ ဆိုင်ထဲသို့ဝင်လာသောအချိန်တွင်လည်း လူဝကြီးသည် ငိုက်မျည်းနေဆဲသာဖြစ်ပါသည်။

ရောက်လီအား အိပ်ချင်မူးတူးမျက်လုံးများဖြင့် လှမ်းကြည့်လိုက်ပြီး....

"ဘာသောက်မလဲ... ဒီမှာအရက်မျိုးစုံမရှိဘူး။ ပိန်းတစ်ရာအရက်တစ်မျိုးပဲ ရမယ်ဆရာ"

ရောက်လီသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ထိုလူဝကြီးသာ ရှိသည်။



"ပိန်းတစ်ရာအရက် မသောက်ချင်ဘူး... လင်းနို့အရက်သောက်ချင်တယ်၊ လင်းနို့ အရက်မရှိဘူးလား"

ရောက်လီက ပြန်မေးလိုက်ခြင်းဖြစ်ပါသည်။

လူဝကြီး မျက်လုံးကျယ်သွားသည်။ ချက်ချင်းပင် အိပ်ရာမှထလာသည်။

အရက်နှင့်စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးသည်။

လူဝကြီးသည် ကိုယ်ခန္ဓာဝဖြိုးနေသော်လည်း လွန်စွာ ဖျတ်လတ်နေသည်ကိုတွေ့ရ၏။

ဤခန္ဓာကိုယ်ကြီးဖြင့် လူတစ်ယောက်ကို လွယ်ကူစွာ လှုပ်ရှားသတ်ဖြတ်နိုင်သည်ဟု တွေးမိသည်။

လူဝကြီးသည် ပြင်ဆင်ပေးပြီးသည်နှင့် စားပွဲခုံတွင် ဝင်ထိုင်သည်။

"ငါးနှစ်အတွင်း ခင်ဗျားဟာ ပထမဆုံးရောက်လာတဲ့ ဧည့်သည်ပဲ... ခင်ဗျားရဲ့အမည်ကို...."

သူသည် စကားမဆုံးမီ ရောက်လီသည် အရက်အိုးတွင် လက်ညှိုးထိုးကာ ခုံပေါ်တွင်စာရေးပြလိုက်သည်။ လူဝကြီးက အလျင်အမြန်ဖတ်၏။

"နှင်းတောင်ဝံပုလွေ"

ရောက်လီသည် သူ၏အမည်ကိုရေးပြလိုက်ခြင်းဖြစ်သည်။

ရောက်လီ၏ လျှို့ဝှက်အမည်ကို တွေ့ရသောအခါ လူဝကြီး၏မျက်နှာတွင် လေးစားသောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးစားပါတယ်ဗျာ... ကျွန်တော် ဘာကူညီရမလဲ"

ရောက်လီသည် အစားအသောက်များကို ငုံ့စားလိုက်သည်။ လူဝကြီး၏မေးခွန်းကိုမဖြေဘဲ အမြန်စားသောက်လိုက်ခြင်းဖြစ်သည်။

လူဝကြီးသည် စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေတော့သည်။

ပြီးမှ လူဝကြီးက....

"ကဲ... ဆို...."

စားသောက်ပြီးသောအခါ ရောက်လီအား ပြောလိုက်လေသည်။

ရောက်လီက....

"ကျုပ် သတင်းပို့စရာရှိတယ်"

လူဝကြီးက ခေါင်းညိတ်လိုက်၏။

"ရပါတယ်... သွားကြတာပေါ့"

လူဝကြီးသည် ဆိုင်ကိုပိတ်လိုက်၏။

သူ့ဆိုင်၌ အရက်သောက်သူ လေးငါးဆယ်ဦးသာရှိ၏။ ပိတ်လည်း အကြောင်းမဟုတ်ပါ။ ဆိုင်တံခါးခေါက်ပြီး ဖွင့်ရောင်းခိုင်းကြပါသည်။

လူဝကြီးက....

"ဒီနေရာက မလုံခြုံဘူး... ဒါကြောင့် ကျုပ်က လျှို့ဝှက်နေရာတစ်ခု ရှာထားရတယ်၊ အဲဒီနေရာကိုသွားကြမယ်"

ရောက်လီသည် လူဝကြီးနောက်လိုက်သွားလေတော့၏။



သူတို့သည် ရွာပြင်သို့ထွက်လာကြသည်။ လူဝကြီးသည် လူရိပ်သူရိပ်မတွေ့ရသောအခါမှ ချိုကျားကျေးရွာ၏အနောက်ဘက်ရှိ တောင်စောင်းတစ်ခုပေါ်သို့တက်လာကြသည်။

တောင်စောင်းတွင် သစ်ကြီးဝါးကြီးများ ပေါက်နေရာ ထိုသစ်ကြီးဝါးကြီးများကြားတွင် ဝါးတဲလေး တစ်တဲအား တွေ့ရသည်။

"အင်း... အတော်စေ့စပ်တဲ့လူပဲ"

ရောက်လီသည် လူဝကြီးအား ကျိတ်၍ချီးကျူးလိုက်၏။

လူဝကြီးသည် ဝါးတဲလေးအတွင်းသို့ဝင်သွား၏။ ရောက်လီလည်း လိုက်ဝင်လိုက်သည်။ ဝါးတဲအတွင်း၌ အတွင်းခန်းတစ်ခုရှိသေးကြောင်း တွေ့လိုက်ရ၏။

ရောက်လီက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်လေသည်။ သို့သော် သူ သတိမပြတ်ပါ။ လက်တစ်ဖက်ကို အိတ်ထဲတွင်ထည့်ပြီး ဓားပါးလေးကိုကိုင်ထား၏။

သူ့လက်ထုတ်လိုက်သည်နှင့် လူဝကြီးသေဆုံးရပေမည်။ သူ့စိတ်ထဲ၌လူဝကြီးကို ယုံကြည်စိတ်ချ ခြင်းမရှိပါချေ။

သူ၏စိတ်သည် အားလုံးအပေါ် သံသယရှိနေသည်သာ ဖြစ်ပါသည်။

မကြာမီ လူဝကြီးသည် အခန်းအပြင်သို့ထွက်လာသည်။ သူ့လက်ထဲတွင် ခိုလှောင်အိမ်တစ်ခုပါလာသည်။

ရောက်လီ သက်ပြင်းချလိုက်ပြီး လက်ပြန်ထုတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လီသည် အသင့်ရေးထားသောစာကို ခို၏ခြေထောက် ဝါးကျည်တောက်ထဲသို့ထည့်လိုက်သည်။ ထို့နောက် ခိုကလေးကို လွှတ်ပေးလိုက်သည်။

ခိုကလေးသည် ပထမတွင် အရှေ့ဘက်သို့ပျံသွားပြီးမှ အတန်ကြာမှ တောင်ဘက်သို့ကွေ့ပြီး ပျံသန်းသွားလေသည်။

လူဝကြီးသည် ခိုငှက်ကလေးကိုမော့ကြည့်နေရာမှ....

"ဒီမှာ ခင်ဗျား ဘယ်လောက်ကြာမလဲ"

"သတင်းပြန်ရတဲ့အထိပေါ့"

"ကောင်းပြီ... ခင်ဗျားလုံခြုံရေးအတွက် ကျုပ် တာဝန်ယူပါတယ်၊ အဲဒီလိုတာဝန်ယူရတဲ့အတွက် ကျုပ် ဂုဏ်ယူပါတယ်၊ ဒီမှာ အေးအေးဆေးဆေး နားနေပါ"

ရောက်လီ ခေါင်းညိတ်လိုက်သည်။

"ဒါပေမယ့် ခင်ဗျားပါ ဒီမှာရှိနေမှ ကျုပ်အတွက် ပိုလုံခြုံမှုရှိမယ်ဗျ"

လူဝကြီးသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး....

"ကောင်းပါပြီဗျာ"

သူသည် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အတန်ကြာမှ သူသည် တစ်စုံတစ်ခုကို တွေးမိဟန်တူသည်။

"သတင်းက ဘယ်လောက်ကြာမှာလဲဗျ၊ ကျုပ် ဆိုင်ကိုပစ်ထားခဲ့ရင် ရွာထဲကလူတွေ တစ်မျိုးထင်နေဦးမယ်၊ ဒီရွာမှာ ဘာမှုအပြစ်မရှိဘဲ ကျုပ်နေခဲ့တာ ဆယ်နှစ်ရှိပြီ"



ရောက်လီ ခေါင်းညိတ်လိုက်သည်။

"မနက်အထိပါပဲဗျာ... မနက်ကျလို့မှ သတင်းမရရင် ခင်ဗျား ပြန်နိုင်ပါပြီ၊ တစ်ညတလေတော့ ရွာသားတွေ ပြဿနာမဖြစ်နိုင်ပါဘူးဗျာ"

"နေပြည်တော်ကသတင်းဟာ ဒီကိုမနက်နဲ့ ပြန်ရောက်နိုင်ပါ့မလားဗျ"

ရောက်လီ ရင်ထိတ်သွားသည်။ လူဝကြီးသည် ပါးနပ်သူဖြစ်သည်။ သူသည် အ,အမဟုတ်ပါ။

ခိုများသည် နေပြည်တော်သို့သာ ဆက်သွယ်နိုင်သည်။ အခြားမြို့များကိုပို့လျှင် သီးခြားလေ့ကျင့်ထားသော ခိုကိုသာသုံးရသည်။

ရောက်လီက သက်ပြင်းချလိုက်သည်။

"ရောက်ပါတယ်ဗျာ... ဒီသတင်းက အရေးကြီးတာပဲ"

ရောက်လီ ဒါပဲပြောလိုက်သည်။

ရောက်လီသည် ကုလားထိုင်မှထကာ ခုတင်ပေါ်တက်၍ လဲလျောင်းလိုက်သည်။

သူသည် သတင်းပြန်မရမီ ကောင်းစွာ အနားယူနိုင်ပေသည်။ ရောက်လီ အိပ်ပျော်သွားပေပြီ။

O

စန်ကျုံးယင်သည် ငှက်များထားရာအခန်းတွင်း၌ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရိုးရိုးထိုင်ခြင်းမဟုတ် အရက်ထိုင်သောက်နေခြင်းဖြစ်သည်။ အရက်အိုးမှာ တစ်ဝက်ကျိုးနေပြီ။ သူ့မျက်နှာလည်း အတော်ကလေး နီရဲနေပြီ။

အမှန်မှာ စန်ကျိုးယင် စိတ်လှုပ်ရှားနေခြင်းဖြစ်သာဖြစ်၏။ သူသည် ရောက်လီဆက်သွယ်လာမည့်သတင်းကို သိလိုက်လှပေပြီ။ အချိန်တရွေ့ရွေ့ ကုန်ဆုံးလာခြင်းကို သူ မနှစ်သက်ပါ။

အလုပ်တစ်ခုပြီးပြတ်ရန် အခြေအနေပေးပါက အမြန်ဆုံးပြီးပြတ်သင့်ဟု သူခံယူထားသည်မဟုတ်ပါလော။

စန်ကျိုးယင်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့လှမ်းမျှော်လိုက်သည်။

ခိုငှက်ကိုမျှော်နေခြင်းဖြစ်သည်။ သူသည်ကြည့်နေရင်းမှ ခေါင်းကို ခါယမ်းလိုက်သည်။

ကောင်းကင်တွင် အစက်ကလေး တစ်စက်တွေ့ရလေပြီ။ စန်ကျိုးယင် အသေအချာကြည့်လိုက်၏။

သူ့မျက်နှာတွင် အပြုံးကလေးပေါ်လာသည်။ ထိုအပြုံးသည် အေးစက်မာကျောနေသည်။

လူသတ်လိုသည့် အရိပ်အယောင်များ ယှက်သမ်းနေသည်။ သူသည် လက်မောင်းတစ်ဖက်ကို ဆန့်တန်းပေးလိုက်၏။

တပို့ခိုသည် စန်ကျိုးယင်၏လက်မောင်းပေါ်၌ လာရောက်နားသည်။



စန်ကျိုးယင်သည် တပို့၏တံဆိပ်ကိုကြည့်လိုက်ရာ ချိကျားကျေးရွာမှဖြစ်ကြောင်း သိလိုက်ရသည်။

ခိုအား အစာကျွေးပြီးသည်နှင့် စာကို လျင်မြန်စွာ ထုတ်ဖတ်လိုက်သည်။

"ရန်သူက တာလီနိုင်ငံမှ ဓားသမားဖြစ်နိုင်၏။ အကြောင်းခင်းကို ရှာဖွေပေးပါ။ ခေတ္တလုံခြုံရေးကို စီစဉ်ပေးပါ။. အမြန်" ဟု ရေးသားထားသည်။

စန်ကျိုးယင်သည် စာကိုဖတ်ပြီးသည်နှင့် အသင့်ရေးသားထားသောစာတစ်စောင်ကို ခိုခြေ၌ထည့်လိုက်သည်။

ပျံလာသောခိုကို လှောင်အိမ်တွင်းထည့်သွင်းပြီးလေပြီ။ ထို့နောက် ခိုကိုလွှတ်လိုက်လေသည်။

စန်ကျိုးယင် ကျိတ်ပြုံးမိ၏။

ရောက်လီ ထက်မြက်သည်မှန်သော်လည်း အကြောင်းမှန်ကိုမသိသဖြင့် အူချာချာဖြစ်နေသည် မဟုတ်ပါလော။

စန်ကျိုးယင် နောက်ထပ်ခိုတစ်ကောင်ကို ဇာတ်ယူလိုက်ပြန်၏။

စာတစ်စောင် ကောက်ရေးပြီး ဝါးကျည်တောက်အတွင်းထိုးသွင်းလိုက်သည်။

ခိုအား လေထဲသို့ပင့်မြှောက်တင်ခါနီးတွင် စန်ကျိုးယင် တီးတိုးပြောမိလေတော့သည်။

"နှင်းတောင်ဝံပုလွေ ကျူပ်ကို တမလွန်ဘဝကနေ ခွင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါစေ”

စန်ကျူးယင်သည် ခိုငှက်ကို လေထဲသို့တင်မြှောက်လိုက်လေသည်။

ခိုငှက်ကလေးသည် အတောင်တဖျပ်ဖျပ်ခတ်ရင်း ချိကျား ကျေးရွာဘက်သို့ ပျံသွားလေတော့သတည်း။



အခန်း(၉)

ပြေးပေဦး

ရောက်လီသည် သူ့အား လိုက်လံသတ်ဖြတ်နေသူရှိသော်လည်း အပြင်ပန်းကတော့ အေးအေးဆေးဆေးပင်။ ရင်ကတော့ ပူနေသည်။

သို့သော် လူဝကြီး ညွှန်ခံသောအစားအသောက်များကို တဖြည်းဖြည်းချင်း စားနေသည်။

သူသည် နံနက်အစောကြီးကတည်းက အိပ်ရာမှနိုးနေပြီး ခိုငှက်ကို မျှော်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု နံနက်စာစားသည့် အချိန်အထိ စာပို့ခိုရောက်မလာသေးပေ။

"ဖျပ်... ဖျပ်... ဖျပ်"

တောင်ပံခတ်သံပေါ်လာသည်နှင့် ဝမ်းသာအားရ ရောက်လီက လှမ်းကြည့်လိုက်သည်။ စာပို့ခိုပင်တည်း။

လူဝကြီးက စာပို့ခိုကိုလှမ်းယူကာ ဝါးကျည်တောက်အတွင်းမှ စာကိုယူပေးလိုက်၏။

ရောက်လီသည် စာကိုဖတ်ပြီးသည်နှင့် သက်ပြင်းချလိုက်သည်။

"ကဲ... ကျုပ်သွားတော့မယ်"

"ကောင်းပါပြီဗျာ"

လူဝကြီးက ဒါပဲပြောသည်။ ရောက်လီသည် ဝါးအိမ်ကလေးထဲမှထွက်ခွာသွားသည်။

လူဝကြီးသည် ရောက်လီပျောက်ကွယ်သွားသည့်အချိန်အထိ ရောက်လီ၏ကျောပြင်ကို ငေးကြည့်နေမိ၏။

"ဖျပ်... ဖျပ်... ဖျပ်"

တောင်ပံရိုက်ခတ်သံပေါ်လာသဖြင့် လူဝကြီးမှာ အံ့သြသွား၏။

တစ်နေ့တည်း စာပို့ခိုနှစ်ကောင်ဆင့်လာခြင်းမျိုး ရှားသည်။

လူဝကြီးသည် ခိုမှစာကိုဖြုတ်လိုက်၏။ ဖတ်ကြည့်သောအ



[illegible]တစ်ကိုယ်လုံးတောင့်တင်းသွားတော့သည်။

သူသည် သက်ပြင်းချလိုက်ပြီး ခရီးထွက်ရန် ပြင်ဆင်ရတော့

ထိုစာ၌ ခရီးထွက်ရန် အမိန့်ပါလာသည်မဟုတ်ပါလား။

○

ရောက်လီသည် မြင်းကို အသော့နှင်လာ၏။ စာအရ သူ[illegible]သည် ယန်စီမြို့ပြင်သို့ သွားမည်ဖြစ်၏။

ယန်စီမြို့ပြင်၌ ဘုရားကျောင်းပျက်တစ်ခုရှိရာ ထိုဘုရား[illegible]ောင်းပျက်သို့ ဦးတည်သွားနေခြင်း ဖြစ်၏။

သူသည် ဤနေ့လယ်ခင်း၌ပင် ယန်စီမြို့သို့ရောက်နိုင်သည်[illegible]သိထား၏။

ဤသို့ဖြင့် ဆက်လာရာ ယန်စီမြို့ကိုမြင်လာရတော့၏။ နေ့လယ်အချိန်လည်း ရောက်ပေပြီ။

"အင်း... နေ့လယ်ခင်းကြီး ဝင်လို့မဖြစ်ဘူး၊ မြို့ပြင်သစ်တော[illegible]ထဲမှာလဲ နားနေမှာပဲ"

သူသည် သစ်တောအုပ်ရှိရာသို့ မြင်းကို အသာစီးလာခဲ့တော့

သူသည် တစ်နေ့ခင်းလုံး သစ်တောထဲ၌ အိပ်စက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နေလည်းကုန်ပြီ။ အမှောင်လည်း ဖုံးလွှမ်းစပြုပြီ။

ရောက်လီ မြို့ထဲသို့ဖြတ်သန်းဝင်ရောက်လာတော့သည်

မြို့ထဲ၌ မသင်္ကာသူတစ်ယောက်မျှ မတွေ့ရချေ။

သူ့အား နောက်ယောင်ခံလိုက်သူလည်း မရှိချေ။

မြင်းကို အချိန်အတော်ကြာ စီးလာသောအခါ တစ်ဖက်မြို့ ပြင်သို့ ရောက်လာ၏။

မြို့ပြင်၌ ရောက်လီ လိုက်ရှာသည်။ ဟော... တွေ့ ပါ

ဘုရားကျောင်းပျက်အဆောက်အအုံတစ်ခု။ ဘုရားကျော ပျက်ဘေးဘက်မှာ သချိုင်းဖြစ်နေ၏။ ချုံနွယ်ပိတ်ပေါင်းများကလည် ခါးလယ်ခန့်ရှိနေ၏။

ရောက်လီ မျက်မှောင်ကုတ်သွား၏။

စန်ကျုံးယင် မှားယွင်းနေပြီလော။ ဤမျှပျက်စီးနေသော ရားကျောင်းသို့ သူ့ကိုစေလွှတ်မည်မထင်ပေ။

သို့သော် ဘုရားကျောင်း တံစက်မြိတ်တွင် မီးအိမ်စိမ်း တ ခုရှိနေခြင်းက စန်ကျုံးယင်စေလွှတ်လိုက်သည့် နေရာအမှန်ဖြ ကြောင်း ဖော်ပြနေသည်။

မီးအိမ်စိမ်းသည် အစိမ်းရောင်သင်္ကေတဖြစ်နေ၏။ အားလ အေးချမ်းနေပြီဟု အဓိပ္ပာယ်ရသည်။

ရောက်လီ သက်ပြင်းချလိုက်၏။ စန်ကျုံးယင်သည် ဤ ကျောင်းပျက်၌ အစားအစာရိက္ခာအားလုံး စီစဉ်ထားပြီးဖြစ်ပေမည်



ရောက်လီသည် ဤနေရာ၌ တစ်လတန်သည် နှစ်လတန် သည် တည်းခိုရပေတော့မည်။

ဤနေရာ၌ တည်းခိုနေချိန်အတွင်း တာလီဓားသမားများ၏ ခေတ္တလုံခြုံမှုရ ရှိပေမည်။

ဤအချိန်အတွင်း တာလီဓားသမားများ လုပ်ကြံသည့် အ ကြောင်းရင်းမှန်ကိုလည်း စန်ကျုံးယင်က ရှာဖွေပေလိမ့်မည်။

ရောက်လီသည် မြင်းပေါ်မှဆင်းလိုက်၏။ သူ၏အထာရှိ မြင်းကို ချုံနွယ်ပိတ်ပေါင်းများအကြား ဝှက်ထားတတ်ခြင်းဖြစ် သည်။

ထို့နောက် သူသည် ဘုံကျောင်းပျက်ဆီသို့ တစ်လှမ်းချင်း က်လာတော့၏။

လမ်းကလေးမှာ ကွေ့ဝိုက်ပြီး ဘုရားကျောင်းဆီသို့ဖောက် သို့သော် ချုံနွယ်ပင်များက လမ်းပျောက်စေပေပြီ။

သို့သော် ရောက်လီ၏စူးရှသော မျက်စိများက မီးအိမ်စိမ်းမှ င်းရောင်ဖြင့် ဘုရားကျောင်းတံခါးရှိ အပေါက်ကလေးတစ်ပေါက် ရောက်သွားလေတော့၏။

ထိုအပေါက်ကလေးကို ရောက်လီ အမှတ်မထင် သတိထား ခြင်းဖြစ်သည်။

သူ့အား ထိုအပေါက်မှ ချောင်းကြည့်နေသည်ဟု ခံစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လီသည် ရှေ့ဆက်မလျှောက်တော့ပေ။ တစ်လှမ်း ချင်း နောက်ဆုတ်လေတော့သည်။

ရှေ့တွင် ရန်သူရှိသည်ဟု စိတ်ထဲ၌ မသိုးမသန့် ခံစားမိသည် မဟုတ်ပါလော။

သူသည် တစ်လှမ်းချင်း နောက်ဆုတ်လာရာမှ လက်ခနဲဖြ သွားပြီး သူ့ရင်ဘတ်၌ စူးရှသောခံစားမှုကို ခံစားလိုက်ရသည်။

ဓားပျံတစ်လက်သည် ရောက်လီရင်အုံ၌ စိုက်ဝင်နေလေ သို့ရာတွင် သူနောက်ဆုတ်သည်မှာ မြန်ခဲ့သဖြင့် ဓားပျံသည် စူး သင့်သလောက် မစူးဝင်တော့ပေ။

ရောက်လီသည် စဉ်းစားမနေတော့ပါ။ ချုံနွယ်ပင်များကြား သို့ ကိုယ်ကိုလိမ့်ချလိုက်လေ၏။

ပထမပိုင်းတွင် အတော်ကလေးသွားလိုက်ပြီး ချုံနွယ် များကြား၌ ကိုယ်ကိုငြိမ်၍ ဝပ်နေလိုက်သည်။ ရင်အုံမှသွေးများ စီးကျနေဆဲပင်။

ရောက်လီ၏ခံစားမှုက ရောက်လီ၏အသက်ကို ကယ်ဆ လိုက်ခြင်းဖြစ်တော့သည်။

ရောက်လီ ငြိမ်သက်နေ၏။ သူ ငြိမ်နေသဖြင့် သူ့ပတ် ကျင်မှ ချုံနွယ်ပိတ်ပေါင်းများလည်း ငြိမ်သက်နေသည်။

ထိုစဉ် သူ၏ညာဘက်မှချုံနွယ်တစ်ခု လှုပ်ရှားသွား၏ ကြာမီ ရန်သူတစ်ယောက်၏အရိပ်ပေါ်လာ၏။



မည်းမှောင်သောကာလ ညအခါဝယ် ဝတ်စုံအနက်ရောင် သည် သူ့အား အမှောင်ထဲ၌ ကိုယ်ပျောက်လူကဲ့သို့ ဖြစ်နေစေ၏။

သို့သော် အမှောင်ထဲ၌ ကျင့်သားရနေသော ရောက်လီအဖို့မူ အနက်ရောင်ဝတ်ရန်သူကို တွေ့နေရသည်သာ ဖြစ်ပါသည်။

ထိုသူ၏ လှုပ်ရှားမှုကိုကြည့်၍ တာလီနိုင်ငံမှ ဓားသမား ဖြစ်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

တာလီနိုင်ငံမှ ဓားသမားများသည် ဖနောင့်နင့်နင်း၍ လမ်း လျှောက်တတ်ကြသည်မဟုတ်ပါလော။

သူပြုံးလိုက်သည်။ သားကောင်သည် သူ့ရှေ့မှောက် ရောက် နေပြီမဟုတ်လော။

ရောက်လီသည် အသက်ရှူသံကိုထိန်းထားသဖြင့် ထိုလူ သည် မည်သည့်နေရာ၌ ရှာရမှန်းမသိ ဖြစ်နေပုံရ၏။

ရောက်လီသည် အသက်ကိုဖြည်းညင်းစွာ ဝအောင်ရှူလိုက် ပြီး ဓားနှင့်လူတစ်သား တည်းဖြစ်သွားအောင် စုစည်းလိုက်၏။

ထို့နောက် ရန်သူရှိရာသို့ တစ်ဟုန်ထိုး ခုန်ဝင်တိုက်ခိုက်လိုက် သည်။

သူ၏တိုက်ခိုက်မှုမှာ ဝံပုလွေတစ်ကောင်က သားကောင် တိုက်ခိုက်ပုံမျိုးပင်ဖြစ်သည်။

ရန်သူမှာ ရောက်လီ ရုတ်တရက် ထွက်ပေါ်လာသောအခါ ထိတ်လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ခြေသုံးလှမ်းခန့် ဆုတ်လိုက်သည်။ ချုံနွယ်ပိတ်ပေါင်းများက သူ့အတွက် အတားအဆီးဖြစ်နေ၏။

သေရေးရှင်ရေး ဖြစ်နေသောကြောင့် ရောက်လီသည် ဓားကွက်ခုနစ်ကွက်ကို သုံးလိုက်ရသည်။ အကွက်တိုင်း ရက်စက်ကြမ်းကြုတ်မှုအပြည့်ပါသည်။

ရန်သူလည်းချောင်းသွေးသောက်ရန် အကွက်တိုင်းက အားထုတ်သည်။

ရန်သူမှာ ရောက်လီ၏ပြင်းထန်သောထိုးနက်တိုက်ခိုက်မှုကို အလျင်အမြန်ခုခံပေးလိုက်ရ၏။

သို့သော် ရောက်လီ၏ဓားချက် လေးချက်ခန့်ကိုသာ ခုခံကာကွယ်နိုင်၏။

"အင့်....."

ကျန်ဓားချက်သုံးချက်က ရန်သူ၏နှလုံးသားတည့်တည့်ကို ထိုးချနိုင်ခဲ့သည်။

ရန်သူမှာ ကျယ်ကျယ်လောင်လောင်ပင် မအော်နိုင်ဘဲ အင့်ခနဲ တစ်ချက်သာညည်းပြီး လဲကျသွားတော့သည်။

ထိုစဉ် ရန်သူနှစ်ယောက်ထပ်မံရောက်လာပြီး ရောက်လီအား ဘယ်နှင့်ညာခွဲကာ တိုက်ခိုက်တော့သည်။

ရန်သူနှစ်ယောက်ရောက်လာသောအခါ ရောက်လီ လန့်သွားသည်။



ရန်သူများသည် သူ့အား သုတ်သင်ရန် အလုံးအရင်းနှင့် ရောက်လာကြပြီဟု သူခန့်မှန်းမိသောကြောင့်ဖြစ်မိ၏။

ရန်သူများနှင့်ဓားကွက်ငါးကွက်ခန့် ယှဉ်မိသောအခါ ရန်သူများသည် ကြေးစားဓားသမားများ (သို့မဟုတ်)တိုက်ခိုက်သုတ်သင်ရေးသမားများဖြစ်ကြောင်း ရိပ်မိလိုက်၏။

ရန်သူများသည် အချက်ကျကျ တိုက်ခိုက်ကြသည်။

ပူးပေါင်းတိုက်ကွက်ဟု ထင်မှတ်ရလောက်အောင် သူတို့နှစ်ဦး၏တိုက်ခိုက်မှုက တွဲဖက်ညီလှသည်။

ရောက်လီသည် ရန်သူများ၏ ဓားချက်များကို ဂရုတစိုက်ရှောင်ရှားရသည်။

ဓားချက်များက သူ့အသက်သွေးကြောများဆီသို့ လာနေ၍ သည်။

ရောက်လီ၏ဓားသည် ရန်သူများဆီသို့ဝင်သွား၏။ မြွေနှစ်ကောင်နွယ် တွန့်လိမ်၍ဝင်သွားခြင်းဖြစ်သည်။

ရန်သူတစ်ဦး၏လက်ကိုင်ဓားရိုးပေါ်သို့ ဓားသည်ကျရောက်သည်။

သို့သော် ရန်သူတစ်ဦး၏ဓားက သူ့နောက်ကျောသို့ဝင်လာ ရှေ့မှဓားကိုရုပ်သိမ်းလိုက်ရ၏။ နောက်မှ ဓားကိုကာကွယ်ရတော့သည်။

"ခွမ်း....."

www.burmeseclassic.com



တစ်ဖက်ရန်သူသည် သူ၏ဗိုက်ဆီသို့ ဓားဖြင့်ထိုးချလိုက်

ရောက်လီသည် အသက်စွန့်၍ အပြုအမူတစ်ရပ်ကို ပြုလ
သည်။ သူသည် ရန်သူ၏ဓားကို မရှောင်ပါ။

ဝမ်းဗိုက်ကိုသာ ရှပ်၍ ရှောင်လိုက်ပါသည်။ ရန်သူနှင့်သူ
အကွာအဝေးမှာ မဝေးပါ။

ထို့အတွက် ဝမ်းဗိုက်အား တစ်လက်မ မရှိတရှိ ရှပ်၍
သွားပါသည်။

ဤသည်မှာ အသက်နှင့် အဝေးကြီးဖြစ်ပါသည်။ ရော
လီ၏ဓားက ရန်သူ၏လည်မျိုအား လျှင်မြန်စွာ ထိုးချလိုက်ပါသ
တစ်ဆက်တည်း ခန္ဓာကိုယ်ကိုကျုံ့၍ ငုံ့ပေးလိုက်ပါသည်။

ခေါင်းပေါ်မှ ဓားချက်တစ်ချက် ဖြတ်သန်းသွားပါသည်
ပင်များပင် ပြတ်သွားပါ၏။

ရောက်လီသည် နောက်ပြန်ခြေတစ်ချက် ခတ်လိုက်၏
သူသည် သူထင်မှတ်ထားသည့်အတိုင်း နောက်သို့ ခြေနှစ်လှမ်
ဆုတ်၍ရှောင်သည်။

ရောက်လီသည် ရန်သူများအား ခုန်အုပ်၍တိုက်ခိုက်ပါ
သည်။

သူ၏ဓားချက်များမှာ ရန်သူအား ဖုံးလွှမ်းသွားသည်
ခဏ အတွင်းမှာပင် ရန်သူများ လဲကျသွားမည်ဟု ထင်မှတ်ရ

သို့သော် ရန်သူက သူ့ဓားချက်များကို ခုခံကာကွယ်



သည်။

ထိုစဉ် သူ့နောက်ကျောမှ လေတိုးသံကြားရသဖြင့် ဓားကို
ရှပ်သိမ်းပြီး နောက်ကျောကိုကာကွယ်လိုက်ရသည်။

"ခြွမ်း... ခြွမ်း"

ဓားပါးလေးနှစ်လက်မှာ အောက်သို့ပြုတ်ကျသွားပါ၏။
အဝေးမှပစ်လိုက်သော ဓားပျံများဖြစ်ပါ၏။

ထို့ပြင် ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့လာသံများကို
လည်း ကြားလိုက်ရသဖြင့် ရောက်လီမှာ သူ့လွတ်မြောက်ရေးအတွက်
ခလွယ်တော့ဟူ၍ သိလိုက်၏။

သူသည် ရန်သူများအား တန့်သွားအောင်လုပ်ပြီး ဘုရား
ကျောင်းအတွင်းဝင်နိုင်လျှင်တော့ လွတ်နိုင်ပေသည်။

ရောက်လီသည် ရန်သူနှစ်ယောက်အား အတင်းတရ ကြမ်း
တိုက်ခိုက်လိုက်သည်။

ရန်သူများသည် ရောက်လီက အသေခံတိုက်ခိုက်တော့မည်
ဟင်မှတ်သဖြင့် နောက်သို့ခြေလှမ်းအတော်များများ ဆုတ်သွားကြ
လေသည်။

ဤသည်ကို အခွင့်ကောင်းယူ၍ ရောက်လီသည် ဘုရား
ကျောင်းပျက်ထဲသို့ လျှင်မြန်စွာ ဝင်ပြေးလေတော့သည်။

နောက်မှလိုက်သောရန်သူများသည် ရုတ်တရက် တန့်သွား
သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းပျက်ထဲသို့ ဝင်မလိုက်ရဲတော့ချေ။ ဘုရားကျောင်းပျက်ထဲမှစောင့်၍ လုပ်ကြံမည်ကိုကြောက်နေသည်။

ရှောက်လီသည် ဉာဏ်များသော ဝံပုလွေဖြစ်နေသည်မဟုတ်ပါလား။

လုပ်ကြံသူများသည် ဘုရားကျောင်းပျက်အပြင်ဘက်မှအတွင်းသို့ဝင်ရန် အကြံကြီးကြံလျက်ရှိကြ၏။

ဘုရားကျောင်းပျက်အတွင်းတွင် မည်သူမျှမရှိပါ။ မီးအိမ်အလင်းရောင်ဖြင့် တစ်ကျောင်းလုံးအား တွေ့မြင်နေရသည်။ မည်သည့်ရိက္ခာမျှလည်း မရှိပါ။

တကယ်ဆိုလျှင် သူ့အား ကြိုဆိုမည့်သူများသည် ရိက္ခာများကို သယ်ဆောင်ခဲ့ရမည် ဖြစ်ပါသည်။

ယခုတော့ ရိက္ခာတစိုးတစိမျှ မတွေ့ရသဖြင့် သူ့အား ကြိုဆိုမည့်သူတစ်ဦးမျှ မရောက်ရှိကြောင်း သိရသည်။

ကြိုဆိုသူများအစား သတ်ဖြတ်သူများ ရောက်ရှိနေခြင်းက စဉ်းစားစရာဖြစ်နေပါသည်။

ရှောက်လီ ရင်ထဲတင်းကျပ်နေသည်။ သူ့အား စန်ကျုံးယင်က ထောင်ချောက်ထဲဝင်ရန် ခေါ်လွှတ်လိုက်သလို ဖြစ်နေသည် မဟုတ်ပါလား။

ဤသူများသည် သူ့အား ဓားလက်နက်များဖြင့် ကြိုဆိုကြသူများဖြစ်ပါသည်။ မည်သည့်နည်းနှင့်မျှ ကယ်တင်မည့်သူများမဖြစ်နိုင်



ရှောက်လီသည် တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော ကြောက်ရွံ့မှုကို စတင်ခံစားလိုက်ရပါသည်။

သူသည် အပြင်သို့အသာချောင်းကြည့်လိုက်သည်။ လူလေးယောက်သည် တစ်စုံတစ်ခုသောအကြံအစည်ကို ကြံစည်နေကြောင်း ရိုးရိုးရိပ်ရိပ် တွေ့ရလေသည်။

ထိုအထဲတွင် ဝမိုင်သောလူတစ်ယောက်၏အရိပ်ကို တွေ့လိုက်သောအခါ ရှောက်လီတစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ထိုလူသည် ချိကျားကျေးရွာမှ သူ့အား စောင့်ရှောက်ခဲ့သူမဟုတ်ပါလော။ ချိကျားကျေးရွာမှ လူဝကြီးပင်ဖြစ်သည်။

ရှောက်လီသည် ထိုလေးယောက်ကိုရင်ဆိုင်ရန် စဉ်းစားလိုက်သည်။ သူ သေမည်။

ထိုလေးယောက်နှင့်ယှဉ်လျှင် သူ မုချသေပေလိမ့်မည်။ ထိုအခါ သူ့အား သတ်သူကိုဖော်ထုတ်နိုင်တော့မည်မဟုတ်ပါ။

ထိုလေးယောက်နှင့်ရင်ဆိုင်၍ အကျိုးမရှိကြောင်းစဉ်းစားမိသောအခါ သူသည် ဘုရားကျောင်းပျက်မှ လွတ်မြောက်ထွက်ပြေးနိုင်မည့်နည်းကိုသာ စဉ်းစားမိတော့သည်။

သူသည် ဘုရားကျောင်းရှေ့ကို ချောင်းကြည့်လိုက်သည်။

လူလေးယောက်သည် တိုးတိုးတိတ်တိတ် တိုင်ပင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အံ့ကိုကြိတ်ရင်း ဘုရားကျောင်းပျက်နောက်မှထွက်လိုက်သည်။

ချုံတောထဲသို့ဆင်းလိုက်သောအခါ အမှောင်ထဲ၌ပျောက်ကွယ်သွားတော့သည်။

သူသည် သူ မြင်းရှိရာသို့ တရွေ့ရွေ့ မှန်းဆ၍သွားသည်။ မြင်းရှိရာရောက်သောအခါ မြင်းသေနေပြီကိုတွေ့ရသဖြင့် သူ မျက်နှာပျက်သွားသည်။ သူ ဘာမှမတတ်နိုင်တော့။

သူ ဘုရားကျောင်းပျက်မှမထွက်သေးဟု ထိုလူလေးယောက်ယုံကြည်နေရန်သာ လိုအပ်သည်။

ထိုသို့ယုံကြည်နေလျှင် သူထွက်ပြေးချိန် အလုံအလောက်ရပေမည်။

သူသည် အံကြိတ်ကာ အမှောင်ထုကို အကာအကွယ်ယူရင်း ပထမဖြည်းညင်းစွာ ထွက်သည်။

ဘုရားကျောင်းနှင့်ဝေးသောအခါမှ အလျင်အမြန်ပြေးသည်။ သူ့ကိုယ်ဖော့ပညာသည် သူ ထင်ထားသည်ထက် ပိုကောင်းနေပေသည်။

ဘုရားကျောင်းပျက်မှ စအထွက်တွင် အသံဗလံများမထွက်ရန် လိုအပ်သည်။

အသံဗလံထွက်လျှင် အသိပေးသလိုဖြစ်သွားမည်။ ထို့ကြောင့် ဖြည်းညင်းစွာ လှုပ်ရှားခြင်းဖြစ်သည်။



ယခုလိုက်မလာပုံထောက်လျှင် ထိုလေးယောက်သည် သူ ဘုရားကျောင်းပျက်မှမထွက်သေးဟု ယုံကြည်နေပုံရပေသည်။

သူသည် သူ၏ကိုယ်ဖော့ပညာကိုသုံးလျက် အပြေးထွက်လာခဲ့၏။ သူ့ရင်ဘတ်မှဓားကို နှုတ်လိုက်သည်။

ဓားသည် များစွာနစ်ဝင်ခြင်းမရှိချေ။ ဗိုက်ကိုလည်း ဓားချက်တစ်ချက်သာ ထိထားသည်။ ထိုဒဏ်ရာမှာလည်း မပြောပလောက်ချေ။

သူသည် ကိုယ်ဖော့ပညာကိုသုံး၍ ပြေးနေလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)
## သွေးသောက်ညီတော်

ရှောက်လီသည် သစ်ပင်တစ်ပင်အောက်၌ထိုင်နေသည်။

ပြေးလွှားလာရာမှ မောပန်းပြီး ထိုင်အနားယူခြင်းဖြစ်သည်။ သူ့တစ်ကိုယ်လုံး ပေရေနေသည်။

သူ့တွင်ရှိသော ငွေလွှဲလက်မှတ်အားလုံးသည်လည်း အ သက်လုပြေးခဲ့ရာတွင် ကျကျန်ခဲ့ပေပြီ။ သူ့တွင် ငွေစအချို့သာ ကျ ရှိတော့သည်။

သူသည် ငါးရက်အတွင်း အတော်ခရီးပေါက်အောင် ပြေး နိုင်ခဲ့သည်။ သူသည် ပြေးသာပြေးနေသော်လည်း မည်သည့်နေရာသို့



ပြေးရမှန်းမသိဘဲ ဖြစ်နေပါသည်။

ရန်သူ၏လက်မှ လွတ်မြောက်ရေးအတွက်သာ ပြေးခဲ့ရခြင်း ဖြစ်သည်။

သူ၏ဒဏ်ရာများမှာ မကြီးကျယ်သဖြင့် ရွာတစ်ရွာမှသမား တော်တစ်ဦးအား ပြသဆေးထည့်ခဲ့ပါသည်။

ရှောက်လီသည် ထိုင်ရင်း ဖြစ်ပျက်သမျှအားလုံးကို ပြန်လှန် စဉ်းစားတွေးတောနေမိသည်။

သူ မည်သည့်နေရာတွင် မှားယွင်းခဲ့ပါသနည်း။

ရန်သူများ၏လှုပ်ရှားမှုမှာ တာလီနိုင်ငံမှ တားသမားများဖြစ် ရန် သေချာသည်။ သူတို့သည် ဘုရားကျောင်းပျက်အတွင်းကို ဝင် ရောက်နေကြသည်။

အဘယ်ကြောင့် ကြိုတင်ရောက်ရှိနေရသနည်း။ သူ ဆက် သွယ်ခဲ့သည်မှာ အလွန်မြန်သည်။

အခြားသူများ သယ်ရက်ခန့်အကြာမှ အဆက်အသွယ်ရမည့် စာကို သူက တစ်ညတည်းနှင့်ဆက်သွယ်ခဲ့သည်။

ဤနေရာကိုသိရှိသူမှာ စန်ကျုံးယင်နှင့်သူ နှစ်ဦးသာဖြစ် သည်။

ရန်သူသည် မိမိနောက်မှလိုက်လာခြင်းမဟုတ်ပေ။ မိမိရှေ့မှ ကြို၍ စောင့်နေခြင်းသာဖြစ်သည်။

သို့ဖြစ်၍ စန်ကျုံးယင် သတင်းပေါက်ကြားသွားသည်လား

www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ပေ။

သို့သော် စန်ကျုံးယင်လောက် သေချာသူ ဤလောကတွင် မရှိပေ။ သူသည် အမှားအယွင်းကို လက်ခံသူမဟုတ်ပါ။

စန်ကျုံးယင်ထံမှ သတင်းပေါက်ကြားမှုမရှိနိုင်ဟု တထစ်ချ တွေး၍ရပါသည်။

ရှောက်လီ အလွန်ပင်ပန်းနေပါပြီ။ ခေါင်းမှာမူးဝေသလိုခံ စားလာရသည်။ သူသည် အဆက်မပြတ် တွေးတောစဉ်းစားနေပါ သည်။

အဖြေမှန်ကို စဉ်းစား၍မရသဖြင့် ပို၍ခေါင်းမူးနောက်လာပါ သည်။ သို့သော် သူ ဆက်စဉ်းစားသည်။

စန်ကျုံးယင်သည် သူ့အား လူရှုပ်ပွေလှသော နယ်စပ်မြို့က လေးတစ်မြို့သို့ စေလွှတ်၏။

စေလွှတ်ရုံသာ စေလွှတ်သည်မဟုတ်။ ငွေလွှဲလက်မှတ်ဖြင့် ငွေများစွာပေးလိုက်သေးသည်။ ထိုငွေများကို တရကြမ်း သုံးဖြုန်းခိုင်း ၏။

ထို့ပြင် မိမိနှင့်အတူ တာဝန်ယူခဲ့သော သူသည် မိမိအား နောက်ယောင်ခံလိုက်ခဲ့ပေသည်။

ရှောက်လီသည် စိတ်မသက်သာစဖွယ်ရာ သက်ပြင်းချလိုက် သည်။

ထို့နောက် လူသူကင်းရှင်းသောဘုရားကျောင်းပျက်သို့ မိမိ



အား သွားရောက်ခိုလှုံနေရန် စန်ကျုံးယင်က စေလွှတ်ပြန်သည်။

သို့ရာတွင် မိမိအား သတ်ဖြတ်သုတ်သင်မည့်သူ တစ်စုက ကြိုတင်စောင့်စားနေခဲ့ကြသည်။

ဤဖြစ်ရပ်ကိုစီစဉ်သူမှာ စန်ကျုံးယင်ဖြစ်ပါသည်။ ဖခင် လည်း ဖြစ်ပါသည်။ ဤသို့သောလူက မိမိအား သေတွင်းသို့ပို့ပါမည် လော။

“မဖြစ်နိုင်ပါဘူး”

ရှောက်လီမှာ အသံထွက်အောင်ပင် ရေရွတ်လိုက်သည်။

သူသည် ပင်ပန်းလှသဖြင့် မျက်စိမှိတ်ပြီး လှဲချလိုက်သည်။

သို့ရာတွင် သူ့မျက်စိထဲ၌ စန်ကျုံးယင်ကိုပင် မြင်ယောင်နေ ပါသည်။

သူသည် ထထိုင်လိုက်ပြန်သည်။ သူ့ဦးခေါင်းများကလည်း တွေးတောရလွန်းသဖြင့် ချာချာလည်နေပြန်သည်။

ထိုစဉ် အဝေးမှမြင်းလှည်းတစ်စီးလာနေသည်ကို တွေ့ လိုက်ရတော့သည်။

ရှောက်လီမှာ ပင်ပန်းနေပြီဖြစ်၍ ထိုမြင်းလှည်းဖြင့် ခရီးကြုံ လိုက်ရန် စဉ်းစားမိသည်။

ယခု သူသွားရမည့်နေရာကိုစဉ်းစားပြီး ဖြစ်ပါသည်။ ယခင် က သွားမည့်နေရာကို နှစ်ယောက်သိခဲ့ရသည့်အတွက် ပြဿနာဖြစ်ခဲ့ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ သူသွားရမည့်နေရာကို သူတစ်ယောက်တည်းသိပါသည်။ ပြဿနာမဖြစ်နိုင်တော့ပါ။ သူသည် အမြဲတမ်း ပြေးမနေနိုင်ပါ။ အမြဲတမ်း ပုန်းမနေနိုင်ပါ။

မိမိအား တာလီနိုင်ငံမှ ဓားသမားများက အဘယ့်ကြောင့် လိုက်လံသတ်ဖြတ် သုတ်သင်ရပါသနည်း။ မဖြစ်နိုင်သည်ထားဦး။

စန်ကျူးယင်က မိမိအား သေတွင်းသို့မည်သည့်အတွက်ကြောင့် ပို့ပေးရသနည်း။

ထိုအဖြေကို သူ ရှာရပါမည်။ ထိုအဖြေကိုရှာဖွေရန် သူ အကူအညီလိုပါသည်။

ယခု လိုက်လံသတ်ဖြတ်နေသူများကို သူပုန်းရှောင်နေရပါ၏။ ထို့အတွက် အကူအညီလိုပါသည်။ သူ့အား မည်သူက ကူညီပါမည်နည်း။

သူသည် လူတစ်ယောက်ကိုသတိရမိသည်။

ထိုသူမှာ အခြားသူမဟုတ်ပါ။ သူ၏ သွေးသောက်ညီဖြစ်သူ ဟူကျန်းစုပင် ဖြစ်ပါတော့သည်။

ဟူကျန်းစုသည် သူ့အားတကယ်ခင်တွယ်သူဖြစ်ကြောင်း ရှောက်လီ သိပါသည်။

သူ့အား အသက်ကိုပင် ပဓာနမထားဘဲ ကူညီသူတစ်ယောက်ဖြစ်ပါသည်။

သူသည် ရှောက်လီအား များစွာ ကူညီနိုင်ပါသည်။



အဘယ်ကြောင့်ဆိုသော် သူသည်လည်း စန်ကျူးယင် မွေးထားသောတိုက်ခိုက်သုတ်သင်ရေးသမားတစ်ဦး ဖြစ်နေပေသောကြောင့်သာတည်း။

○

တိဗက်နိုင်ငံ.....

အသက်နှစ်ဆယ့်သုံးနှစ်မျှရှိသေးသော လူငယ်တစ်ယောက်သည် ကျောက်ခင်းလမ်းအတိုင်း လျှောက်လာနေ၏။

သူသည် ဓာပေသမားများဝတ်ဆင်ထားသော ဝတ်စုံအတိုင်း ဝတ်ဆင်ထားသော်လည်း သူ့ဝတ်စုံမှာ အရက်နံ့တထောင်းထောင်းထနေပါသည်။

ဤသို့ အရက်နံ့တထောင်းထောင်းထနေသည်မှာလည်း မထူးဆန်းပါ။

သူသည် သုံးနေ့နှင့်သုံးည မနားတမ်း အရက်သောက်ခဲ့သည် မဟုတ်ပါလော။ ယခု ထိုနေရာမှ ထလာခြင်းဖြစ်သည်။

သူသည် စိတ်ဓာတ်ကျနေ၏။ စိတ်ဓာတ်ကျသဖြင့် အရက်ကို ဤမျှသောက်နေခြင်းဖြစ်သည်။

သူသည် လေးလံသောခြေလှမ်းဖြင့် လျှောက်လာရာ တစ်ခုသောလမ်းခွဲအရောက်တွင် သူ့ခြေလှမ်းများ ရပ်တန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲတစ်နေရာတွင် ဆိုင်းဘုတ်တစ်ခုရေးထားသည်။

'လစန္ဒာဘုရားကျောင်းသို့'

လှုငယ်သည် ဆိုင်းဘုတ်ကိုဖတ်လိုက်သည်။

ထို့နောက် ခေါင်းတဆတ်ဆတ်ညိတ်ကာ ထိုလမ်းအတိုင်း ဝင်သွားပါတော့သည်။

လစန္ဒာဘုရားကျောင်း.....။

လစန္ဒာဘုရားကျောင်းဆို၍ မည်ကာမတ္တာ ဘုရားကျောင်း မဟုတ်ပါ။

ရဲတိုက်ကြီးတမျှ ကြီးမားသောဘုရားကျောင်းဖြစ်ပါ၏။

နှစ်ထပ်အဆောက်အအုံကြီးဖြစ်ပြီး အောက်ထပ်ခန်းမကြီး တစ်ခုလုံးမှာ ဝတ်ပြုရန်အတွက်သာဖြစ်ပါသည်။

ထိုအောက်ထပ်တွင် ခန်းမကြီးအဖြစ် အခန်းငယ်နှစ်ခုရှိ၏။

တစ်ခန်းမှာ စာကြည့်ခန်းဖြစ်ပြီး တစ်ခန်းမှာ လစန္ဒာဘုရားကျောင်းအား အုပ်ချုပ်သည့်အုပ်ချုပ်ရေးမှူးတစ်ဦး နေထိုင်သည်။

ဘုရားကျောင်းတွင် သန့်ရှင်းရေးအလုပ်သမား နှစ်ယောက် ရှိသည်။ နှစ်ယောက်စလုံး သန်မာထွားကျိုင်းလေသည်။

လှုငယ်ဘုရားကျောင်းတွင်းသို့ဝင်လာသောအခါ သန့်ရှင်းရေးသမားလူထွားကြီးက ဝိတ်ဆို့လိုက်တော့သည်။

"ဘာကိစ္စရှိသလဲ"

လှုငယ်က ဣန္ဒြေပျက်ခြင်း၊ ကြောက်လန့်ခြင်းမရှိချေ။



လူထွားကြီးအား တစ်ချက်မော့ကြည့်လိုက်ပြီး.....

"အုပ်ချုပ်ရေးမှူး ယန်းပင်နဲ့တွေ့ချင်ပါတယ်"

"ခဏစောင့်ဦး"

လူထွားကြီးသည် ထိုမျှသာပြောပြီး အထဲဝင်သွားလေတော့ ၏။

လှုငယ်သည် စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေလေသည်။

မကြာမီ လူထွားကြီး ပြန်ထွက်လာပြီး.....

"ဝင်သွားပါ"

လှုငယ်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အခန်းထဲသို့ ဝင်လိုက်၏။

အခန်းထဲ၌ လူတစ်ယောက်ထိုင်နေ၏။ ထိုလူသည် အဝါ ရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။ ထိုလူ၏မျက်လုံးများမှာ အေးစက်စူး ရှလှသည်။

သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း မျက်လုံးကိုကြည့်ရုံ နှင့် သိသာသည်။

သူ့ခန္ဓာကိုယ်မှာ ကျစ်လစ်သန်စွမ်းပြီး အသက်လေးဆယ် မျှ ရှိနေပေပြီ။

သိုင်းသမားတစ်ယောက်အနေဖြင့် အစွယ်ကောင်းပင်ဖြစ် သည်။

သူသည် ထိုဘုရားကျောင်း၏ အုပ်ချုပ်ရေးမှူးယန်းပင် ဖြင်

www.burmeseclassic.com

www.burmeseclassic.com



၏။

ယန်းပင်သည် လူငယ်ကိုခြေဆုံးခေါင်းဆုံး တစ်ချက်အကဲခတ်လိုက်သည်နှင့် မျက်နှာတုတပ်ဆင်ထားကြောင်း သိလိုက်သည်။

"မင်းရဲ့မျက်နှာအမှန်ကို သိရအောင် မျက်နှာဖုံးတုကို ချွတ်ပြပါ"

လူငယ်က ခေါင်းညိတ်လိုက်ပြီး မျက်နှာဖုံးတုကို ချွတ်ပြလိုက်၏။

အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူငယ်တစ်ယောက်၏မျက်နှာပေါ်လာသည်။

ယန်းပင်သည် လူငယ်၏မျက်နှာပေါ်မှ ဓားဒဏ်ရာကိုကြည့်ပြီး ဓားဒဏ်ရာမရှိရင်တော့ ရုပ်ကမဆိုးပါဘူးဟု မှတ်ချက်ချမိလေသည်။

လူငယ်သည် သူ၏မျက်နှာကိုပြန်တပ်လိုက်သည်။

"ကျုပ် ဒီမှာနှစ်ရက်နေမယ်... ကျုပ်ကိုသိပ်မကျော်ကြားသေးတဲ့ သမားတော်ကြီးတစ်ယောက်ယောက်ကိုခေါ်ပေးပါ"

ယန်းပင်က မျက်နှာကုတ်ပြီးပြောလိုက်သည်။

"ကျုပ်တို့ သုံးနေကျသမားတော်"

လူငယ်က အရေးတကြီးလက်ကာပြလိုက်သည်။

"ပြင်ပသမားတော်ပဲ တစ်ယောက်ယောက်ကို လိုချင်တယ်ဗျာ၊ အဲဒီသမားတော်ဟာ နှုတ်လုံရမယ်၊ သူတစ်ပါးအရေးအခင်း



ကို စိတ်ဝင်စားမှုလဲမရှိရဘူး၊ အဓိကတော့ စိတ်ညှို့နိုင်ဖို့ပဲ"

ယန်းပင် စဉ်းစားသည်။ လူငယ်ခေါ်ပေးစေချင်သည့်သမား ကို စဉ်းစားမိသောအခါမှ ခေါင်းညိတ်သည်။

"မင်းရဲ့အခန်းနံပါတ်က...."

ယန်းပင် စကားမဆုံးမီ လူငယ်က ကြားဖြတ်ပြောလိုက် သည်။

"တကယ်လို့ အခန်းနံပါတ်ကိုးအားရင် အဲဒီအခန်းမှာပဲ နေ ပါတယ်... လူမရှိခဲ့ရင်ပေါ့လေ"

လူငယ်က အခန်းနံပါတ်ကိုးအား တောင်းဆိုလိုက်သည်။

ထိုအခန်းမှာ ထောင့်စွန်းအခန်းဖြစ်သည်။ စင်္ကြံလမ်းနှင့် သည်း ကပ်နေ၏။

ထိုအခန်း၏အနောက်ဘက်တွင် ပြတင်းတံခါးတစ်ချပ်ရှိ သည်။

ယန်းပင်က ခေါင်းညိတ်သဘောတူလိုက်၏။

"မင်းနာမည်က...."

"ကျုပ်နာမည် ဟူကျန်းစု"

"မင်း တည်းခိုနိုင်ပါပြီ"

ဟူကျန်းစုသည် ယန်းပင်ကိုဦးညွှတ်ဂါရဝပြုပြီးနောက် အ ထပ်သို့တက်သွားလေသည်။

ထို့နောက် သူ့အခန်းကိုကြည့်သည်။ အခန်းတွင်းသို့ပြေးဝင်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး စားပွဲတစ်လုံး၌ဝင်ထိုင်လေသည်။

အမှန်စင်စစ် လစန္ဒာဘုရားကျောင်းသည် အစစ်မဟုတ်

ဘုရားကျောင်းအဖြစ် ဟန်ပြတည်ထောင်ထားခြင်းဖြစ်
တကယ်တော့ ဘေးမဲ့အဆောက်အအုံသာလျှင် ဖြစ်တော့၏။

ဘေးမဲ့အဆောက်အအုံဟူသည်မှာ အဘယ်နည်း။ ဘေးမဲ့
ဆောက်အအုံဟူသည်မှာ ဘေးရန်တစ်ခုခုကို ကြောက်၍ ထွက်
လာသောသိုင်းလောကသားတိုင်း ဘေးမဲ့အဆောက်အအုံသို့ ဝင်
ရကြတော့ချေ။

ဘေးမဲ့အဆောက်အအုံ၏ လျှို့ဝှက်စကားကို သိသူလ
တစ်ဆုပ်စာသော ထိပ်တန်းသိုင်းသမားသာ ခိုလှုံခွင့်ရရှိတော့
သူ့အား ထိုအကြောင်းကို ဆရာဖြစ်သူ စန်ကျုံးယင်က
ပြခဲ့၏။

ဟူကျန်းစုသည် ဆရာဖြစ်သူကို သတိရလိုက်သော
မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲကျလာတော့သည်။

○

## အခန်း(၁၁)
## ဘေးမဲ့စခန်းဟူသည်

လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က ဖြစ်သည်။ တိုင်းပြည်အေး
ချမ်းမှု မရှိပါ။

တရုတ်နှင့်မန်ချူးတို့စစ်ဖြစ်နေကြသဖြင့် တရုတ်တစ်ပြည်
ကြိမ်မီးအုံးသကဲ့သို့ဖြစ်နေကြသည်။

မွန်ဂိုတို့ကလည်း တိဗက်ကို မကြာခဏတိုက်နေသည်။

အိမ်နီးနားချင်းနိုင်ငံများ စစ်ဘေးစစ်ဒဏ်ခံနေရသောအခါ
လီနိုင်ငံကလေးမှာလည်း အေးချမ်းမှုမရှိတော့ပါချေ။

နိုင်ငံအားလုံးအခြေအနေရှုပ်ထွေးနေသလို သိုင်းလောကအ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့အစည်းများမှာလည်း အခြေအနေရှုပ်ထွေးနေပါသည်။

သိုင်းလောကရှိ အဖွဲ့အစည်းများမှာလည်း အချင်းချင်း တိုက် ခိုက်လျက်ရှိနေကြ၏။ သိုင်းဂိုဏ်းအချို့မှာ ပြိုကွဲပျက်စီးသွား သည်။

အောက်လမ်းသိုင်းသမားများ တစ်စခန်းထလာသည်။ နိုး ဆိုးလုယက်မှုများ ပြုလုပ်ကြ၏။

နိုင်ငံတိုင်းသည် သူလျှိုများ၊ ကြေးစားသမားများ ဆေး လွှတ်ကြသည်။

ကိုယ့်နိုင်ငံအတွင်း၌လည်း သူလျှိုများ၊ ကြေးစားသမား များဖြင့် ပြည့်နှက်နေတော့သည်။

သိုင်းလောကသားများ၏ဘဝမှာ လုံခြုံမှုမရှိချေ။ တဖြုတ် ဖြုတ် ဇီဝိန်ကြွေကျနေ၏။

ပြိုင်ဘက်များက လုပ်ကြံသည်က တစ်ဖက်၊ တိုင်းရေးပြည် ရေးအရ သေဆုံးသည်ကတစ်ဖက်ဖြစ်သဖြင့် သိုင်းလောကသားတို့၏ နာမည်ကြီးဂိုဏ်းတစ်ခုဖြစ်သော ရွှေနဂါးဂိုဏ်းချုပ်ကသိုင်းလောက သားများ၊ သူလျှိုအကြီးအကဲများ၊ ကြေးစားသမားများကို စုစည်း ဖိတ်ခေါ်လိုက်တော့သည်။

ထို့အတွက် လူစုလူဝေးကြီးသည် ခန်းမကျယ်ကြီးတစ်ခုအ တွင်း စုဝေးရောက်ရှိနေတော့၏။

ခန်းမကျယ်ကြီးမှာ ဝါးများဖြင့် ဆောက်လုပ်ထားသော



ဆောင်ကြီးဖြစ်၏။ အလွန်ကြီးမားသဖြင့် မီးတိုင်များ အနှံ့အပြားထွန်း သည်။

ထိုခန်းမကြီးမှာ ကျုံစန်းတောင်၏တစ်ခုသောတောင်ထိပ် တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ခန်းမကျယ်ကြီးအတွင်း၌ ဂိုဏ်းအဖွဲ့အသီးသီးမှ သိုင်းခေါင်း ဆောင်များရောက်ရှိနေကြပြီ ဖြစ်ပါသည်။

သူတို့သည် ပြိုကွဲပျက်စီးနေသော သိုင်းလောကအရေးအ ခင်းကို ကယ်တင်နိုင်ရန် ဆွေးနွေးကြခြင်းဖြစ်ပါသည်။

ရွှေနဂါးဂိုဏ်းချုပ်သည် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ ဆူညံနေသောအသံများ တိတ်သွားသည်။ ရွှေနဂါးဂိုဏ်းချုပ်သည် အားလုံးခြုံ၍ တစ်ချက်ကြည့်လိုက်သည်။

"ကျုပ် ဒီနေ့အားလုံးကို ဖိတ်ခေါ်တာအကြောင်းရှိတယ်၊ သိုင်းလောကတစ်ခုလုံး လုံခြုံမှုမရှိဘဲ ဖြစ်နေတယ်၊ အဲဒါကို အား လုံးသိစေချင်လို့ ဖိတ်ခေါ်လိုက်ရတာပဲ"

အားလုံးက ခေါင်းညိတ်လိုက်ကြ၏။ သူတို့လည်း သိကြပါ သည်။ ရွှေနဂါးဂိုဏ်းချုပ်က ဆက်ပြောသည်။

"ခုချိန်မှာ နိုင်ငံအချင်းချင်း စစ်မက်ဖက်ပြိုင်နေသလို သိုင်း လောကထဲမှာလဲ အားပြိုင်မှုတွေပြည့်နေတယ်၊ သိုင်းသမားတိုင်းဟာ အောက်လမ်းသိုင်းသမားတွေရဲ့ရန်ကို ဖြုခွင်းနေရတယ်"

ထိုအခါ အဆိပ်ပန်းဂိုဏ်းချုပ်က ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်… ဘာပဲပြောပြော သိုင်းလောကဟာ ညီညွတ်မှုမရှိဘဲ အပြိုင်ပြိုင်အကွဲကွဲ ဖြစ်နေယ်ဆိုတာတော့ အားလုံးဝန်ခံရမှာပဲ"

ထိုအခါ တမန်တော်ဂိုဏ်းချုပ်က ထရပ်ပြီး မေးခွန်းထုတ်လိုက်သည်။

"ဘာလဲ… ခင်ဗျားက သိုင်းလောကသားတွေ စုစည်းပြီး ခေါင်းဆောင်ရွေးမလို့လား၊ ဒီလောက် အကွဲကွဲအပြိုင်ပြိုင်ဖြစ်နေတဲ့ သိုင်းလောကကို ခင်ဗျားမို့…"

"တဆိတ်လောက် ကျုပ်စကားကို နားထောင်ပါဦးဗျာ"

ရွှေနဂါးဂိုဏ်းချုပ်က ပြောလိုက်သဖြင့် အားလုံးငြိမ်သက်သွားကြရသည်။

ထို့နောက် ရွှေနဂါးဂိုဏ်းချုပ်ကပင် ဆက်၍ပြောလိုက်သည်။

"သိုင်းလောက ဖရိုဖရဲဖြစ်နေချိန်မှာ ခေါင်းဆောင်တစ်ယောက်ကိုရွေးဖို့ဆိုတာ ပိုပြီးအန္တရာယ်များပါတယ်၊ ကျုပ်အနေနဲ့က လောလောဆယ် သိုင်းလောကညီညွတ်ဖို့ထက် သိုင်းလောကသားတွေရဲ့ အသက်အန္တရာယ်လုံခြုံဖို့ကိုပဲ ဦးစားပေးချင်တယ်"

ထိုအခါ ကျောက်ဖြူနန်းတော်သခင်ကြီးက ထရပ်ပြီး ထောက်ခံလေသည်။

"ခင်ဗျားရဲ့စိတ်ကူးက မဆိုးပါဘူး"



ကင်းမြီးကောက်ဂိုဏ်းချုပ်ကလည်း…

"အဲသည်အကြံကောင်းတယ်"

ရွှေနဂါးဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ဟာ သိုင်းလောကခေါင်းဆောင်ကို မရွေးနိုင်ပေမယ့် လုံခြုံတဲ့ဘေးမဲ့နေရာကိုတော့ ဖန်တီးပေးနိုင်ကြလိမ့်မယ်လို့ ...ပါတယ်"

ခြသေ့်ဂိုဏ်းချုပ်က တအံ့တသြပြောလိုက်လေတော့သည်။

"လုံခြုံတဲ့ဘေးမဲ့နေရာဟုတ်လား… ဘယ်လိုဘေးမဲ့နေရာ

ရွှေနဂါးဂိုဏ်းချုပ်က…

"ဟုတ်ပါတယ်… ဘေးမဲ့နေရာပါ"

ခုနစ်စင်ကြယ်ဂိုဏ်းချုပ်က ဝင်ပြောသည်။

"ကျုပ်တော့ ခုထက်ထိ ဘာမှနားမလည်သေးဘူး၊ ဘာ...းမဲ့နေရာမှန်းလဲ မသိဘူး"

မန်ချူးသူလျှိုအကြီးအကဲက ပြောလိုက်သည်။

"ဟုတ်ပါတယ်… ခင်ဗျားပြောတဲ့ဘေးမဲ့နေရာကို ဘယ်လို...လဲဆိုတာ ကျုပ်တို့သဲသဲကွဲကွဲ မသိရသေးပါဘူး၊ ခင်ဗျားရဲ့အ...ကို ပွင့်ပွင့်လင်းလင်းပြောပါဗျာ"

ရွှေနဂါးဂိုဏ်းချုပ်ကြီးက…

"ကျုပ်စကားကိုဆုံးအောင်မပြောရသေးဘူး… ခင်ဗျားတို့က

www.burmeseclassic.com

www.burmeseclassic.com



ချည်း ဖြတ်ပြောနေကြတယ်၊ ကျုပ်စကားကိုဆုံးအောင် နားထောင်… ခင်ဗျားတို့က လိမ့်ပတ်လည်ကြမှာပေါ့”

အားလုံးငြိမ်ကျသွားသည်။ မှန်သည်။ အားလုံးက ကြား… ဖြတ်ပြောနေကြသည် မဟုတ်ပါလား။

ရွှေနဂါးဂိုဏ်းချုပ်က ဆက်၍ပြောသည်။

“လုံခြုံတဲ့ဘေးမဲ့စခန်းတွေ ဖွင့်လှစ်တည်ထောင်ရမယ်၊ အဲ… စခန်းမှာနားခိုသူဟာ ဘယ်လိုမှ အန္တရာယ်မတွေ့စေရဘူး၊ အဲဒီစခန်း… မှာ သတ်ဖြတ်မှုဆိုတာ လုံးဝမရှိစေရဘူး၊ နောက်ဆုံး ကုန်ကုန်ပြော… မယ်၊ အဲဒီစခန်းမှာ အငြိုးကြီးတဲ့ရန်သူနှစ်ဦးဆိုရင်တောင် လုံးဝ… သတ်ဖြတ်ရဘူး”

မွန်ဂိုသူလျှိုအကြီးအကဲက....

“ဘယ်သူက ဒီအာမခံချက်ကိုပေးမှာလဲ”

မေးသင့်မေးထိုက်သောမေးခွန်းပင်။ ရွှေနဂါးဂိုဏ်းချုပ်က....

“ဂိုဏ်းချုပ်အသီးသီးက ဒီအာခံချက်ကိုပေးရမယ်၊ အသေး… စိတ်ကိုတော့ ကျုပ် နောက်မှပြောပြပါမယ်”

ရွှေနဂါးဂိုဏ်းချုပ်က စည်းကမ်းချက်များကိုပြောပြ၏… အားလုံးဝိုင်းဝန်းဆွေးနွေးကြ၏။ ပြုပြင်တန်သည်ကို ပြုပြင်သည်…

အဓိကစည်းကမ်းချက်မှာ ဘေးမဲ့ဂေဟာအတွင်း အားလုံး သွေးထွက်သံယိုမှုမရှိစေရန် အတွက်ပင်ဖြစ်သည်။



စည်းကမ်းဖောက်ဖျက်သူရှိလျှင် ထိုသူအား အဖွဲ့အစည်း အားလုံးမှဝိုင်းဝန်းသုတ်သင်ကြရန် ဖြစ်သည်။

ရွှေနဂါးဂိုဏ်းချုပ်၏အကြံဉာဏ်ကို အားလုံးက လက်ခံသဘောတူလိုက်ကြသည်။

မန်ချူးသူလျှိုအကြီးအကဲက ပြောလိုက်သည်။

“ဒါကိုတော့ အားလုံးက အချိုးကျထည့်ရမှာပေါ့၊ ကျုပ်တို့က လဲ ငွေကြေးထည့်ဝင်မယ်”

ထိုအခါ ငွေကြေးကိစ္စသည် ပြီးပြတ်သွားလေတော့သည်။

တရုတ်သူလျှိုအကြီးအကဲက....

“ငွေကြေးကိစ္စက ပြီးပြတ်ပါပြီ... ဒီစခန်းရဲ့လုံခြုံရေးတာဝန် ကို ဘယ်သူယူမှာလဲ၊ ဂေဟာကိုထိန်းသိမ်းရမယ်လေ”

ရွှေနဂါးဂိုဏ်းချုပ်က....

“ကျုပ်အဖွဲ့က တာဝန်ယူနိုင်ပါတယ်”

“ဟာ... ဒီလိုတစ်ဖွဲ့တည်းက တာဝန်ယူတာမကောင်းပါဘူး၊ အကောင်းဆုံး အစီအစဉ်ကတော့ သိုင်းလောကအဖွဲ့အစည်းနှစ်ခု ဒါမှမဟုတ် သုံးခုလောက်စုစည်းပြီး တာဝန်ယူမှကောင်းပါတယ်၊ ဒါမှလဲ လေးစားကြောက်ရွံ့ကြမှာပေါ့၊ တည်းခိုတဲ့လူတွေရဲ့ အဆင့်အတန်းကို သတ်မှတ်ပေးဖို့လဲ လိုလိမ့်မယ်”

တာလီနိုင်ငံမှ စစ်သူကြီးတစ်ယောက် ဝင်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တာလီနိုင်ငံမှ စစ်သူကြီးပြောသည့်စကားကို အကျေအလည် ဆွေးနွေးကြသည်။

အားလုံးသဘောတူသော စည်းကမ်းချက်တစ်ချက်ကိုချ လိုက်သည်။

နိုင်ငံအသီးသီးတွင် ဘေးမဲ့စခန်းဆယ်ခုလောက် တည် ဆောက်မည်ဟု။ ဤသို့ဖြင့် ဘေးမဲ့စခန်းများပေါ်ပေါက်လာလေ တော့သည်။

ထိုဘေးမဲ့စခန်းများတွင် တစ်စုံတစ်ရာသော ပြစ်မှုကျူး လွန်ပြီးသူ သိုင်းသမားတို့ဝင်ရောက်နားခိုကြ၏။

ဘေးလည်း ကင်းခဲ့ကြသည်။ စည်းကမ်းချက်များကို သိုင်း လောကသားများက တိတိကျကျ လိုက်နာခဲ့ကြသည်။

နိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွားမှုပြီးဆုံးသွားသောအခါ နိုင်ငံအကြီးအကဲများက ငွေကြေးထောက်ပံ့မှုကို ရပ်ဆိုင်းလိုက်သည်။

သို့သော် ဘေးမဲ့စခန်းများသည် လုံးဝပျောက်ကွယ်သွား ခြင်း မရှိခဲ့ချေ။

ဘေးမဲ့စခန်းများ၏ သြဇာအာဏာသည် တစ်နေ့ထက်တစ် နေ့ ကြီးထွားလာနေဆဲဖြစ်၏။

ဘေးမဲ့စခန်းများတွင် လုံခြုံစွာ ဝင်ရောက်ခိုနားနိုင်ကြသည်။ လုံခြုံရေးမှာ ယနေ့တိုင် စိတ်ချနေရဆဲ ဖြစ်သည်။

အချိန်အခါမဟုတ်ဘဲ မိုးရေစက်များက တသုန်သုန်ကျဆင်း



သာတော့သည်။

မိုးရေစက်များသည် ပြတင်းပေါက်အနီး၌ ထိုင်နေသော ဟူ ကျန်းစု၏မျက်နှာပေါ်သို့ ပျက်ဖျန်းလာလေသည်။

ဟူကျန်းစုသည် မိုးရေများကို လက်ခုံဖြင့်သုတ်လိုက်သည်။ မိုးရေကြောင့် သူ၏မျက်လုံးများ ဝေဝါးသွားသည်မဟုတ်ပါလား။

သူသည် မိုးရေထဲသို့ကြည့်လိုက်သည်။ ထိုအခါ မိုးရေထဲ၌ လျှောက်လာသောလူတစ်ယောက်ကို တွေ့လိုက်ရတော့သည်။

ဟူကျန်းစု ရင်တုန်သွား၏။ ထို့နောက် ဝမ်းသာခြင်း၊ လှိုက် ဆို့ခြင်း၊ အံ့သြခြင်းတို့ဖြင့် ပြွမ်းတီးနေသော စိတ်ဝေဒနာကိုခံစားလိုက် ရတော့သည်။

သူသည် ရုတ်တရက် ထိုင်ရာမှ ထရပ်လိုက်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)
## တိုက်ဆိုင်မှု

"ကုယ့်မုဆွေ"

ဟူကျန်းစုသည် နှုတ်မှတီးတိုးရေရွတ်လိုက်၏။ မိုးရေထဲ၌ ကုယ့်မုဆွေသည် လျှောက်လာနေသည်။

ဟူကျန်းစုသည် လွန်ခဲ့သောသုံးနှစ်ကာလသို့ပြန်၍ မြင်ယောင်လာမိသည်။

တိုက်ပွဲတစ်ပွဲ....။

တိုက်ပွဲမှာ ရှုပ်ထွေးနေသည်။

မန်ချူးစားသမားများ ရောက်နေသည်ဟု သတင်းရရှိ၏။



ထိုနေရာသို့ရောက်အောင်သွားပြီး တိုက်ခိုက်နေကြခြင်းဖြစ်သည်။

သတင်းရရှိသည်မှာ မန်ချူးစားသမားသုံးယောက်သာဖြစ်သည်။ လက်တွေ့တွင်ကား အယောက်နှစ်ဆယ်ခန့်ရှိနေသည်။

သတင်းပေးသူသည် လူအရေအတွက် မှားယွင်းသတင်းပေးခြင်းသာ ဖြစ်သည်။

ဟူကျန်းစုတို့မှာ သူ အပါအဝင် ခုနစ်ယောက်သာရှိ၍ အယောက်နှစ်ဆယ်ကို မယှဉ်နိုင်ဘဲဖြစ်နေသည်။

မန်ချူးစားသမားများသည် အံ့ဩလောက်အောင် တိုက်ခိုက်ရည်ကောင်းနေသည်။ ထိုသူများ၏ခေါင်းဆောင်မှာ အိုယန်းတုဖြစ်လေသည်။

အိုယန်းတု....။

ကျော်ကြားသော မန်ချူးဖျက်ဆီးရေးသမားဖြစ်သည်။

သူ့ကိုမန်ချူးများက လွန်စွာ အသုံးချကြလေသည်။ သုတ်သင်ရေးသမားတစ်ဦးဖြစ်လိုက်၊ ဖျက်ဆီးရေးသမားဖြစ်လိုက်နှင့် နှစ်ဘဝ၌ သံသရာလည်နေသူဖြစ်သည်။

အိုယန်းတုသည် မွန်ဂိုနယ်အတွင်း၌လည်း ဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သူဖြစ်၍ မွန်ဂိုများကလည်း သတ်ချင်နေသည်။

အိုယန်းတုသည် တရုတ်အာဏာပိုင်များကလည်း သတ်ချင်နေသည့်သူဖြစ်သည်။ နှစ်နိုင်ငံက သုတ်သင်လိုသောလူဖြစ်သည်။

သို့သော် ယခုတော့ သူသည် ဟူကျန်စုတို့ကိုသာ..နိုင်မလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

ဟူကျန်းစုမှာ လူနည်းနေသောကြောင့် ဆုတ်ခွာရန် ပြင်ဆင်၏။ သို့သော် သူက ဆုတ်ခွာရန် အမိန့်မပေးပါချေ။

ထို့ကြောင့် မထူးတော့ပြီဟူသော အသိဝင်လာသောအခါ ဟူကျန်းစုက သူနှင့်အသက်ချင်းလဲ၍ တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်သည်။

ခွေးသည်ပင်လျှင် ချောင်ပိတ်ရိုက်လျှင် ကိုက်တတ်သည့်သဘောရှိသည် မဟုတ်ပါလော။

ဟူကျန်းစုသည် အပြင်းအထန် အပြန်အလှန် တိုက်ခိုက်လေတော့သည်။

သို့သော် ထက်မြက်သော မန်ချူးစားသမားသုံးယောက်၏ ပိတ်ဆို့တိုက်ခိုက်မှုသည် မှောင်နေမှုကြောင့် ပွင့်ခအောင်ရုန်းမ ထွက်နိုင်ပေ။

တစ်ဦးချင်းဆိုလျှင် ထိုမန်ချူးစားသမားများမှာ သေလောက်နေပါပြီ။

ယခုမူ မသေနိုင်။ အပြိုင်အဆိုင်နေရသည်။ ထိုမန်ချူးစားသမားများမှာ အဆင့်မြင့်စားသမားများဖြစ်သည်။

အတွေ့အကြုံပါရှင်သော သိုင်းသမားများဖြစ်ပါသည်။

ထို့ကြောင့် ဟူကျန်းစုအနေဖြင့် မန်ချူးစားသမားကို အသေအလဲ ခုခံယှဉ်ပြိုင်နေရသည်။



သူ့လူများမှာ မန်ချူးစားသမား၏လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေသည်။

ထို့အတူ မန်ချူးစားသမားဆယ်ယောက်ခန့်မှာလည်း သေဆုံးသွားပြီဖြစ်၏။

ဟူကျန်းစုသည် အမြန်ဆုတ်ခွာရန် ဆုံးဖြတ်လိုက်သည်။ သူသည် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ထိုအခါ သူ့အား ဝိုင်းဝန်းတိုက်ခိုက်နေသောမန်ချူးစားသမားသုံးယောက်အနက် တစ်ယောက်ကျသွားသည်။ သို့သော် သူ့လူများ အားလုံးကုန်ပြီ။ အားလုံးကျကုန်ပြီ။

ထို့ကြောင့် ကျန်ရှိနေသောမန်ချူးများသည် သူ့အား ဝန်းရံတိုက်ခိုက်ကြတော့သည်။

ဟူကျန်းစုသည် အကြံထုတ်ပြီး ခုခံတိုက်ခိုက်နေတော့သည်။ သူသည် ရန်သူအား ဒူးထောက်အညံ့မခံ။ အညံ့ခံလိုသူ တစ်ယောက်မဟုတ်ပေ။

ထို့ကြောင့် ဓားကို တရကြမ်းဝှေ့ယမ်းပြီး သူသေကိုယ်သေတိုက်ကွက်များကို သုံးလေတော့သည်။

ထိုတိုက်ကွက်များကြောင့် မန်ချူးစားသမားသုံးယောက် ကျဆုံးသွားသည်။

သူ့နောက်ကျောတွင်လည်း ရှုးရှသောနာကျင်မှုကို ခံစားလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်နှာတပြင်လုံးလည်း ဖျန်းခနဲနွေးသွားသည်။ မျက်နှာတွင် ဓားတစ်ချက်ထိလိုက်လေသည်။ မျက်လုံးထဲ၌ အနီရောင်မြင်ရပြီး သူလဲကျသွားတော့သည်။

သူ သတိမလစ်သေး။ ထိုအခိုက် လူတစ်စုရောက်လာပြီး မန်ချူးဓားသမားများအား ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ထိုလူစုခေါင်းဆောင်ကို ဟူကျန်းစု သတိမလစ်မီ တွေ့လိုက်ရသည်။

ထိုသူကား ဟူကျန်းစု၏ ရင်းနှီးသောမိတ်ဆွေတစ်ဦးဖြစ်သူ မွန်ဂိုတပ်မှူး ကုယုံဆွေပင်ဖြစ်ပါတည်း။

ကုယုံမုစွေနှင့်သူသည် အလွန်တရာရင်းနှီးသူဖြစ်ပါသည်။

ကုယုံမုစွေသည် တိဗက်၊ တရုတ်၊ မွန်ဂိုနယ်စပ်များ၌ ဟူကျန်းစုနှင့်လက်တွဲကာ မန်ချူးများကိုသုတ်သင်ဖူးသူဖြစ်၏။

ကုယုံမုစွေဆိုသူသည် မည်သည့်လူအမျိုးအစားဖြစ်ပါသနည်း။

ကုယုံမုစွေသည် ချမ်းသာသောလူတန်းစားမှ ပေါက်ဖွားလာ သူတစ်ဦးဖြစ်၏။

သူ၏ဖခင်သည် ချမ်းသာသောမွန်ဂိုသူကြွယ်ကြီး လက်တစ်ဆုပ်စာတွင် အပါအဝင်ဖြစ်သည်။

သူသည် ငယ်စဉ်က စာပေပညာကိုသင်ကြားကာ ထူးချွန်သောစာပေပညာရှင်ဖြစ်ရမည်ဟု ရည်မှန်းချက်ထားခဲ့လေသည်။



သို့သော် သူ့ဘဝသည် မမျှော်လင့်ဘဲ ပြောင်းလဲခဲ့တော့သည်။ အဘယ်ကြောင့်နည်း။

သူ့မိဘများသည် တိုင်းပြည်အတွက် အမြဲတစေထောက်ပံ့နေခဲ့ပေသည်။

ငွေကြေးကြွယ်ဝသည့်အလျောက် ငွေကြေးများကို တိုင်းပြည်အတွက် ထောက်ပံ့ခဲ့ပေသည်။

ထိုသည်ကို မန်ချူးသူလျှို များက သိရှိကြသည်။ ထို့ကြောင့် မန်ချူးသူလျှိုများက သူ့မိဘများ အား ရန်သူအဖြစ် သတ်မှတ်ကာ သုတ်သင်ရှင်းလင်းခဲ့သည်။

ထိုအချိန်မှစ၍ ကုယုံမုစွေ၏ဘဝသည် တစ်ဆစ်ချိုးပြောင်းလဲခဲ့ရပေသည်။

သူသည် မွန်ဂိုတပ်သို့ဝင်ရောက်ခဲ့သည်။ သူပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို နိုင်ငံအား ပေးဆပ်လှူဒါန်းလိုက်လေ၏။

သူသည်လည်း မန်ချူးများကို အဓိကထား၍ သုတ်သင်သည့် သူလျှိုဘဝသို့ ရောက်ခဲ့ရလေသည်။

သူ၏ခါးစည်းကြိုးသည် ကြောက်စရာအကောင်းဆုံး လက်နက်ဖြစ်၏။

သူသည် တစ်ကိုယ်တော် စွန့်စားခြင်းများကို များစွာပြုလုပ်ခဲ့

မန်ချူးများနှင့်ပတ်သက်လျှင် ပို၍လုပ်၏။ သူသည် မန်ချူး

www.burmeseclassic.com

www.burmeseclassic.com



များကို လက်စားချေနေသည်မဟုတ်ပါလော။

ဟူကျန်းစုသည် လွန်ခဲ့သောသုံးနှစ်က အဖြစ်အပျက်ကိုပြန်လည်မြင်ယောင်လာပြီး သက်ပြင်းချလိုက်သည်။

ကုယ်မုစွေသည် ဘေးမဲ့ဂေဟာအပေါ်ထပ်ကိုတက်လာသည်။

သူသည် အခန်းတံခါးကိုဖွင့်လိုက်သောအခါ လူငယ်တစ်ယောက်က ကြည့်နေသည်။

သူ့မျက်လုံးများကိုမူ မှတ်မိသလိုလိုရှိ၏။ သို့သော် ရုပ်ကိုတော့ မမှတ်မိပေ။ ထို့ကြောင့် အေးစက်စက် ကြည့်နေမိသည်။

လူငယ်က....

"လောကမှာ ချမ်းသာကြွယ်ဝမှုကို လက်ရှောင်တဲ့လူတွေလဲ ရှိတာပါပဲလား"

ကုယ်မုစွေသည် အမြဲတမ်း ဖျင်ကြမ်းအင်္ကျီကိုဝတ်ဆင်ထား၏။ သူသည် လောကအလှအပကို လုံးဝဂရုမစိုက်ပေ။

ကုယ်မုစွေ မျက်မှောင်ကုတ်သွားသည်။

"နှင်းတောထဲမှာပျောက်တတ်တဲ့ လူနှစ်ယောက်ကို ငါသတိရသလိုပဲ မင်းမျက်လုံး ငါမှတ်မိသလိုပဲ"

လူငယ်က မျက်နှာဖုံးကို ခွာချလိုက်သည်။

"အဲဒီနှစ်ယောက်အနက် ညီဖြစ်သူက ကျွန်တော်ပါပဲ"

ကုယ်မုစွေသည် မျက်နှာဝင်းလက်သွားသည်။ အလွန်ပျော်



ရွှင်သွား၏။ သူသည် လူငယ်ကို ပြေးပွေ့ဖက်လေသည်။

"ဟူကျန်းစု"

သူက တီးတိုးရေရွတ်လိုက်သည်။

ဟူကျန်းစုက မျက်နှာဖုံးကိုပြန်တပ်လိုက်ပြီး....

"ဟုတ်ပါတယ်... ကျွန်တော် ဟူကျန်းစုပါ"

လူငယ်ကလည်း ခင်မင်ရင်းနှီးစွာ ပြန်လည်ပွေ့ဖက်လိုက်သည်။

ကုယ်မုစွေသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ကာ အခန်းတွင်းသို့ဝင်လိုက်သည်။

ထို့နောက် တံခါးကိုပိတ်လိုက်သည်။ ကုယ်မုစွေက အရေးတယူ ပြောလေသည်။

"ငါ မင်းကိုတွေ့ရတာ ဝမ်းသာပါတယ်၊ ဒါပေမယ့် မင်း ဒီက အခုထွက်သွားရလိမ့်မယ်၊ မြန်မြန်သွားပေတော့... ဒီမှာ အိုယန်းတုရှိနေတယ်"

ဟူကျန်းစုသည် ကုယ်မုစွေ၏စကားကို ချက်ချင်းပင် နားလည်လိုက်ပါသည်။

ထို့ကြောင့် သူသည် မျက်လုံးပြူးသွားသည်။ ကြက်သီးများလည်း ထလာမိသည်။

မိုးသည် သဲကြီးမဲကြီး ရွာချလာ၏။ အမိုးပေါ်သို့ မိုးသီးမိုးပေါက်များ ကျလာသံသည် ဆူညံစွာ ပေါ်ထွက်လာသည်။ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်တစ်ခုလုံး အေးစိမ့်လာသည်။

ဘေးမဲ့စခန်း....။

ဘေးမဲ့စခန်းသည် အလွန်တင်းကျပ်သော စည်းကမ်းများ ဖြင့် လွှမ်းခြုံထားသည်။ ထိုစည်းကမ်းများကို လူတိုင်းလိုက်နာကြရ ပေ၏။

လူတိုင်းလိုက်နာသည့်အတွက်လည်း ထိုစည်းကမ်းများ သည် မပျက်နိုင်သော သံမဏိစည်းကမ်းများဟု ထင်မြင်ယူဆလာရ လေတော့သည်။

ထိုစည်းကမ်းများကို မလေးစားလျှင် မလေးစားသူသည် အပြစ်ဖြစ်သွားရပေသည်။

အကြီးမားဆုံးသောအပြစ်ကို ကျူးလွန်ခြင်းဖြစ်ပါသည်။

ဟူ၍ကျွန်စု သက်ပြင်းချလိုက်သည်။

"ဖြစ်ပါ့မလား"

သူက တီးတိုးမေးလိုက်သည်။ ကုယ့်မုဇွေက ပြုံးလိုက်၏။

"မင်းဟာ တစ်နေ့တခြား ယုံကြည်ချက် လျော့နည်းလာနေ ပါကလား၊ မင်း တစ်ခါက ဘုန်းကြီးဝတ်လိုက်သေးတယ်ဆို၊ ဘယ်နှစ် လခံလိုက်သလဲ"

"ခင်ဗျားမသိတာ ဘာရှိသေးသလဲ၊ ကျွန်တော့်အကြောင်း တောင်မှ အကုန်သိနေပါကလား"

"ဟား... ဟား... ဟား၊ ဒါက ပန်းသတင်းပန်းချင်ဆောင်



သေ့ကွာ၊ ငါ့အလုပ်က လျှို့ဝှက်တဲ့အလုပ်မှန်သမျှ သိနေဖို့လိုအပ်တယ် မဟုတ်လား"

"ခင်ဗျားက ပိုကိုသိနေတယ်ဗျာ"

"ထားပါတော့... မင်း စိတ်ဓာတ်မကျစမ်းပါနဲ့၊ မင်းတို့ ငါ တို့က ဒီအလုပ်ကို တမင်ရွေးချယ်ခဲ့တာပဲမဟုတ်လား၊ ဒါပေမယ့် မင်း ဒီကိုရောက်လာလိမ့်မယ်လို့ ငါမထင်ဘူးကွ"

"ကျွန်တော် ဒီဘဝမျိုးကို ဘာကြောင့်ရွေးချယ်ခဲ့တယ်ဆို တာ အခုထိ စဉ်းစားလို့မရပါဘူးဗျာ"

"ဒါလဲ ကံကြမ္မာရဲ့အလှည့်အပတ် တစ်ခုပေါ့ကွာ"

"ထားပါတော့လေ... ဒီနေ့ ခင်ဗျားလိုလူမျိုးတွေ ပေါ်လာပြီ ဆိုတော့ ကျုပ်အဖို့ လုံခြုံရာ ဘယ်ရှိတော့မလဲ၊ ဘယ်အရာမှ အားကိုး ရာမရှိတော့ပါလား"

ကုယ့်မုဇွေက ရယ်လိုက်သည်။

"မင်း မထင်ပါနဲ့ကွာ၊ ငါတို့မသိတာတွေ အများကြီးရှိပါသေး တယ်၊ ငါ လွန်ခဲ့တဲ့ နှစ်နှစ်လောက်အထိ ဒီကိစ္စတွေကို စိတ်တောင်မ ကူးမိဘူးကွ"

"အခုတော့ကောဗျာ"

"ငါ တပ်မှူးဘဝက အနားယူလိုက်ပြီကွ၊ သူ့ကိုလဲ သည်းမခံ ချင်တော့ဘူး၊ သူ့ရဲ့ခြေလှမ်းက ပိုကျဲလာပြီကွ"

"ခင်ဗျားအပြင်မှာလဲ သူ့ကိုတားဆီးသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ… အပြင်မှာမလွယ်ဘူး"

"ခင်ဗျားဆီမှာ ခက်တဲ့အရာများ ရှိသေးလို့လားဗျာ"

"မဟုတ်ဘူးကွ… သူဟာ အရင်ကထက် ကြီးကျယ်လာနေပြီ"

"သူ ဘာဖြစ်လို့ ဘေးမဲ့စခန်းမှာ ခိုလှုံရသလဲဗျ"

"အဲဒါတော့ ငါ မသိဘူး၊ သူ့မှာ ကိုယ်ရံတော်ချည်း ခုနစ်ယောက်ရှိတယ်"

"ကျွန်တော်ကတော့ သူဘေးမဲ့စခန်းမှာ လာခိုနေတာကို အံ့ဩနေတယ်၊ ဘေးမဲ့စခန်းမှာ လုပ်ကြံဖို့ကတော့ ခင်ဗျား ဘယ်နည်းနဲ့မှမလွတ်နိုင်ဘူး"

"သေတစ်နေ့ မွေးတစ်နေ့ပါပဲကွာ"

"ခင်ဗျား ပြောရခက်ပါလား"

"ငါ့ဘဝဟာ မန်ချူးတွေကိုသုတ်သင်ဖို့ မွေးဖွားလာတာပါ၊ ငါကိုယ်တိုင်ကလဲ မန်ချူးတွေကိုသုတ်သင်ဖို့ခံယူထားတယ်၊ အခု ငါ တပ်မှူးဘဝက အနားယူထားပြီးပြီဆိုတော့ ပိုပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တာပေါ့"

"ဒီလိုဆိုရင်လဲ ခင်ဗျားမှာ ကျောထောက်နောက်ခံ မရှိတော့ဘူးပေါ့"

"ရှိတယ်ဆိုတာကလဲ အောင်မြင်တဲ့အခါမှပါကွာ… ဒါတွေက သူတို့ရဲ့လုပ်နည်းလုပ်ဟန်ပဲလေ၊ ဒါကို အပြစ်မြင်လို့တော့ မရဘူး၊



သုံးရှုံးရင် သူတို့က မသိဘူး မရှိဘူးလုပ်တာပါကွာ၊ အဲဒီတော့ ဌာနအတွင်းမှာ ရှိတာနဲ့မရှိတာ ဘာမှမထူးပါဘူးကွာ"

"ခင်ဗျား အမြဲကံကောင်းနေမှာ မဟုတ်ဘူး၊ အဲဒါကိုတော့ သတိထားဗျ"

"ငါ သိပါတယ်ကွာ၊ ငါ အမြဲတမ်း ကံကောင်းနိုင်မှာမဟုတ်ဘူးဆိုတာ ဒါကြောင့် မင်းကို ဒီက အမြန်ထွက်သွားခိုင်းနေတာပေါ့"

"ခင်ဗျား မလုပ်လို့မပြီးဘူးလားဗျာ"

"ငါရဲ့သိက္ခာအတွက် လုပ်ရမှာပေါ့ကွာ"

ဟူကျန်းစု ပါးစပ်ပိတ်သွားရသည်။ ကုယ့်မုဈွေ ဆုံးဖြတ်ထားပြီးလျှင် မည်သူမျှ ဖျက်၍မရကြောင်း ဟူကျန်းစုသိ၏။

ထို့ကြောင့် သူက….

"ကျွန်တော် နှစ်ရက်နေဖို့ဗျ… ဒါပေမယ့် မနက်ကျရင် သွားတော့မယ်ဗျာ"

ထိုအခါ ကုယ့်မုဈွေက ဟျာဟျာသလဲ ပြောသည်။

"မဖြစ်ဘူးကွ မဖြစ်ဘူး… အိုယန်းတုဟာ မနက်ကျရင် ထွက်သွားတော့မှာ မင်း ဒီညပဲပြန်ပါ၊ မင်းကို စေတနာထားလို့ ငါ ဒီစကားမျိုးပြောတာပါကွာ၊ ငါလုပ်တဲ့ကိစ္စမှာ မင်းနဲ့ငါနဲ့ရင်းနှီးမှုကို မြင်ကြလိမ့်မယ်၊ မင်းနဲ့ငါတို့ လက်တွဲလုပ်ခဲ့ကြတာလည်း အားလုံးကသိနေကြတယ်ကွ၊ မင်းကိုသံသယဝင်မှာ သေချာတယ်၊ အင်း… မင်းကို တစ်ချိန်က ကယ်ခဲ့တာ မင်းကိုသေတွင်းထဲပို့ဖို့ ဖြစ်နေပါဦးမယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုသည် ကုယ်မုစွေကိုဦးညွှတ်လိုက်သည်။

တို့နောက် သူ့အခန်းဆီသို့ ပြန်လာတော့သည်။ သူသည် ကုယ်မုစွေတက်လာသည်နှင့် ကုယ်မုစွေဝင်မည့်အခန်းကို သိလိုက်သည်။

သူကြို၍စောင့်နေခြင်း ဖြစ်သည်။ ကုယ်မုစွေသည် ဟူကျန်းစု၏ကျောပြင်ကိုငေးကြည့်နေပြီး ခေါင်းစာယမ်းယမ်း လုပ်နေလေသည်။

○

ယန်းပင်မှ ဘေးမဲ့စခန်းအတွင်းဖြစ်ပေါ်နေသည့် အခြေအနေကိုသဘောမကျဘဲ ဖြစ်နေသည်။

သူသည် အတွေ့အကြုံများလှလေပြီ။

ထို့ကြောင့် အထက်မှဌာနခွဲမှူးအား ဟူကျန်းစုအကြောင်း မေးမြန်းစာကို စာပို့ခိုနှင့် ပို့လိုက်ခြင်းဖြစ်သည်။

သူသည် လက်တွေ့သမားတစ်ယောက်ဖြစ်သည်။ တိုက်ဆိုင်မှုကို ယုံကြည်သူတစ်ဦးမဟုတ်ပါ။

လွန်ခဲ့သည့်နှစ်ရက်ခန့်က မန်ချူးသူလျှိုတစ်ယောက်ဖြစ်သော အိုယန်းတုကိုလက်ခံခဲ့၏။

မည်သည့်အကြောင်းကြောင့် ခိုလှုံ လာသည်ကို သူမမေးပါ။



မေးရန်လည်း အကြောင်းမရှိပါ။

ဘေးမဲ့စခန်းသို့ လာရောက်ခိုလှုံလာသူကို လက်ခံရန်သာရှိပါသည်။

အိုယန်းတု၏အဓိကလုပ်ငန်းမှာ မွန်ဂိုနယ်အတွင်း အဖျက်လုပ်ငန်းလုပ်ရန်ဆိုသည်ကိုတော့ ယန်းပင်ပင် သိထားပါတော့သည်။

အိုယန်းတုနှင့်ဟူကျန်းစုတို့ မဟာရန်သူများဖြစ်သည်ကိုလည်း ယန်းပင် သိထားပါသည်။

မနေ့က မွန်ဂိုတပ်မှူးကုယ်မုစွေကလည်း ရောက်ရှိလာလေသည်။

ကုယ်မုစွေတပ်မှူးဘဝမှ အနားယူပြီဆိုသည့်သတင်းကိုလည်း သူ ရရှိခဲ့ပြီးလေပြီ။

သူ၏သတင်းပေးသမားများက ကုယ်မုစွေလာရောက်ခြင်းမှာ အိုယန်းတုနှင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ကုယ်မုစွေသည် နှစ်ဖက်လှ သူလျှိုလုပ်ရန် အိုယန်းတုအား အဆိုပြုလာခြင်းဖြစ်ကြောင်း စသည်တို့ကို ပြောပြလိုက်သည်။

ဤအချက်ကို ယန်းပင်မယုံပါ။

အဘယ်ကြောင့်ဆိုသော် မွန်ဂိုနယ်မြေအတွင်း အဖျက်အဆီးလုပ်ရန် တာဝန်ယူထားသောသူလျှိုနှင့် မွန်ဂိုတပ်မှူးဟောင်းတို့ မည်သည့်နည်းနှင့်မျှ အပေးအယူမလုပ်နိုင်ဟု ယူဆထားကြောင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုတပ်မှူးဟောင်း ကဲယုံမုစွေသည် မန်ချူးတို့အား ပြင်းထန်စွာ ဆန့်ကျင်သူဖြစ်ပါသည်။

ထိုသတင်းကို သူကောင်းစွာ သိပါသည်။ မွန်ဂိုတပ်မှူးဟောင်းသည် မည်သည့်နည်းနှင့်မျှ မန်ချူးနှင့် လက်တွဲမည့်သူမဟုတ်ပါ။

ဂျင်းနောက် တရုတ်နိုင်ငံမှ နာမည်ကျော်သုတ်သင်ရေး ဟူကျန်းစုသည် ရောက်ရှိလာပါသည်။

ဟူကျန်းစုသည် သမားတော်ကြီးတစ်ဦးနှင့် တွေ့ချင်သည်ဟု ဆိုသည်။

ဤသည်မှာ အကြောင်းပြချက်တစ်ခု ဖြစ်ပေလိမ့်မည်။

သုတ်သင်ရေးသမားများသည် အကြောင်းပြချက်ကောင်းတစ်ခုကို ရှာထားတတ်ပါသည်။

ထိုအကြောင်းပြချက်ဖြင့် အိုယန်းတုအား လုပ်ကြံလေမည်လော။

သို့သော် သူကောင်းစွာမှတ်မိသည့် အချက်တစ်ချက်ရှိပါသည်။

ဟူကျန်းစုမျက်နှာတွင် ဓားဒဏ်ရာရှိခဲ့သည်နှင့်ပတ်သက်ပေသည်။

ဟူကျန်းစုသည် မျက်နှာတွင်သာမက တစ်ကိုယ်လုံး ဓားဒဏ်ရာဖြင့် ဤဘေးမဲ့စခန်းသို့ ရောက်ရှိလာခဲ့သည်။



ဟူကျန်းစုအား လာရောက်တွေ့ရှိသူမှာ ကုယုံမုစွေ။

ဟူကျန်းစု ယခု ဤဘေးမဲ့စခန်းသို့ရောက်ရှိနေသည်။

ဟူကျန်းစု၏မဟာရန်သူတော် အိုယန်းတုလည်း ရောက်နေသည်။

ဤသည်ကို တိုက်ဆိုင်မှုတစ်ခုဟူ၍ ယန်းပင်လက်မခံပါချေ။

○

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ မျက်စိမှိတ်၍အိပ်လိုက်သည်။ ထိုအခါ သွေးသံရဲရဲမြင်ကွင်းကိုသာ မြင်ယောင်လာမိသည်။

ထိုကဲ့သို့သွေးရဲရဲသံရဲရဲမြင်ကွင်းကိုသာ မြင်နေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်၏။

သူသုတ်သင်ခဲ့သောလူများ၏မျက်နှာများပင် ဖြစ်သည်။

ထိုဝေဒနာခံစားနေသောမျက်နှာများတွင် သူမမေ့မပျောက်ပြန်လည်သတိရနေမိပါသည်။

ဟူကျန်းစုသည် သူ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လိုက်သည်။

သို့သော် သွေးသံရဲရဲမျက်နှာများကတော့ ပျောက်မသွားချေ။

ထိုအခိုက် စကြာလမ်းမှပေါ်ပါးသောခြေသံအား ကြားလိုက်ရသည်။

ခြေသံသည် ကိုယ်ဖော့စွမ်းအားကောင်းသူ၏ခြေသံမျိုးဖြစ်သည်။

အလေ့အကျင့်ဖြစ်နေသောကြောင့် ဟူကျန်းစုသည် ဓားကိုကောက်ယူလိုက်သည်။ မျက်စိကိုဖွင့် နားကိုစွင့်လိုက်သည်။

စင်္ကြံလမ်းမှ ကြားရသောခြေသံသည် အလွန်ညင်သာလှသည်။

## အခန်း(၁၃)
## ဂုဏ်သိက္ခာအတွက်အသက်

နေမင်းဝင်သွားခဲ့လေပြီ။ အမှောင်သည် စတင်ဝင်ရောက်လာလေ၏။

ည.....။

ညသည် မဖိတ်ခေါ်ဘဲ ရောက်လာခဲ့လေပြီ။ ဟူကျန်းစုထွက်သွားလိုသော်လည်း ထွက်သွား၍မရသေးပါ။

အကြောင်းမှာ ယန်းပင်ထံမှ သမားတော်ကြီးအကြောင်းကို ညသန်းခေါင်ကျော်မှသာ သိရမည်ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် သူသည် ခုတင်ပေါ်လှဲရင်း စောင့်ဆိုင်းနေမိလေ

www.burmeseclassic.com

www.burmeseclassic.com



ခြေဖော့၍နင်းသွားပုံမှာ တော်ရုံတန်ရုံ သိုင်သမားမသိနိုင်လောက်အောင် ဖြစ်ရသည်။

ကင်းလှည့်နေသော ယန်းပင်၏လူလည်း ဖြစ်နိုင်သည်။ သို့မဟုတ်က ကုယ်ံမှစွေလည်း ဖြစ်နိုင်သည်။

သို့တည်းမဟုတ် မိမိအား စောင့်ကြည့်နေသူ ဖြစ်လေသလော။

ဟူကျန်းစုသည် ဓားကိုကိုင်၍ ထရပ်လိုက်လေ၏။ တံခါးနားကပ်၍ အသာနားထောင်လိုက်သည်။

စင်္ကြံလမ်းသည် မည်းမှောင်နေသည်။ လူရိပ်တစ်ခုသည် စင်္ကြံလမ်းအတိုင်း ခြေဖော့၍လျှောက်လာ၏။

ထိုလူရိပ်သည် ပတ်ဝန်းကျင်အား အကဲခတ်လိုက်ပြီးနောက် အခန်းတစ်ခန်းရှေ့သို့ ရောက်သွားသည်။

ထို့နောက် တံခါးအား အသံမမြည်အောင် ဖွင့်လိုက်သည်။

"ကျွီ..."

အသံမြည်ဖြစ်အောင် မြည်သွားသည်။ တံခါးသည် ပွင့်သွားသည်။

ထိုအချိန်မှာပင် ထိုလူ၏နောက်၌ အလင်းတန်းနှစ်ခုက ရောက်သွားသည်။

"အား..."

သူသည် ထိတ်လန့်ပြီး ရောင်တိမ်းလိုက်လေ၏။ မကြာမီ လူရိပ်သုံးခုက တြိဂံပုံဝိုင်းရံကာ တိုက်ခိုက်လိုက်သည်။



ထိုလူများ၏တိုက်ခိုက်မှုမှာ တိကျသေချာသည်။ အမှောင်အတွင်းမှ ထိုလူသည်သုံးယောက်၏ ပိတ်ဆို့တိုက်ခိုက်မှုကို မရှောင်တိမ်းနိုင်ချေ။

"ဝုန်း..."

ကြမ်းပေါ်သို့ ထိုလူပြုတ်ကျသွားလေသည်။

ထိုလူပြုတ်ကျသွားသည်နှင့်လူသုံးဦးက မီးများကိုပြန်လည်ထွန်းညှိလိုက်သည်။

အလင်းရောင်သည် စင်္ကြံလမ်းအတိုင်းဖြာကျလာ လေသည်။

ဝုန်းဒိုင်းဆူညံနေသောအသံများကြောင့် ဟူကျန်းစုသည် အခန်းထဲ၌ငြိမ်နေ၍ မဖြစ်တော့ကြောင်း သိလိုက်၏။

သူသည် တံခါးကိုလျင်မြန်စွာဖွင့်၍ ဓားကိုဆွဲထုတ်သည်။

သူသည် မီးရောင်ဖြာကျနေသောအခန်းသို့ လျင်မြန်စွာ ရောက်ရှိလာ၏။

ယန်းပင်နှင့် သူ၏ငယ်သားနှစ်ယောက်သည် သေဆုံးသူအား ကြည့်ရှုနေသည်။

အခန်းတံခါးဝတွင် ငေးငိုင်နေသော အိုယန်းတုကိုပါ တွေ့လေသည်။

အိုယန်းတု၏မျက်နှာ မကောင်းချေ။ အခန်းတံခါးအလွန်

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ဘေး၌လဲကျနေသော အလောင်းတစ်လောင်းကိုပါ တွေ့ရသည်။

ယန်းပင်က ဟူကျန်းစုအား စူးရှသောအကြည့်ဖြင့် ကြည့်လိုက်သည်။

ဟူကျန်းစုက ယန်းပင်အား မေးလိုက်သည်။

"ဘာတွေ ဆူညံဆူညံဖြစ်နေကြတာလဲဗျ"

ယန်းပင်က မဲ့ရွဲ့ပြီးဖြေသည်။

"သူက အိုယန်းတုကိုလုပ်ကြံဖို့ကြိုးစားလို့ ကျုပ်တို့က တားဆီးလိုက်တာ"

ဟူကျန်းစုသည် မျက်နှာတုစွပ်ထားသဖြင့် ဣန္ဒြေမပျက်ချေ။ သို့သော် အလွန်တရာ ဝမ်းနည်းနေ၏။

သူသည် သေသူ၏အလောင်းကို မကြည့်ဘဲနှင့် မည်သူမည်ဝါဖြစ်သည်ကို သိနေသည်။

ယန်းပင်က ဟူကျန်းစုအား တစ်ချက်ကြည့်လိုက်သည်။

ဟူကျန်းစု မျက်နှာမပျက်ချေ။ ယန်းပင်ကို ပြန်ကြည့်လိုက်သည်။

"ကဲ... ဒီအလောင်းကို သယ်သွားပေတော့"

ယန်းပင်က သူ့ငယ်သားများအား အမိန့်ပေးလိုက်သည်။

ငယ်သားများသည် အလောင်းကို သယ်မထုတ်သွားကြသည်။



ယန်းပင်က....

"ကဲ... ကျုပ်ကိုသွားခွင့်ပြုပါဦး၊ ခင်ဗျားတို့စိတ်ချလက်ချနဲ့ ကျုပ်တို့ကာကွယ်မှုအောက်မှာ နေနိုင်ပါတယ်၊ ဘာမှပူစရာမရှိပါဘူး"

သူသည် အေးစက်စွာပြောပြီး ထွက်ခွာသွားလေတော့သည်။

ယန်းပင် ထွက်သွားသောအခါ ဟူကျန်းစုသည်လည်း တိတ်ဆိတ်စွာ သူ့အခန်းသို့ပြန်လာခဲ့သည်။ ဟူကျန်းစုသည် အံကိုတင်းတင်း ကြိတ်လိုက်မိသည်။

သူ့ရင်ထဲ ဆို့နစ်နေသည်။ သူ၏မိတ်ဆွေ ကုယုံမုစွေသည် သေဆုံးသွားပြီဖြစ်သည်။

သူသည် မန်ချူးများကို သုတ်သင်ခဲ့၏။ မန်ချူးများကို သုတ်သင်သော သူ့တာဝန်ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင်သွား၏။

သို့သော် သူသည် စွန့်စားရကျိုးမနပ်ချေ။ သူသေဆုံးသွားခဲ့ရပြီဖြစ်သည်။

ဤသို့ဖြင့် အရုဏ်ကျင်း၍ အလင်းဆောင်လာသည်။

ယန်းပင်သည် ဘုရားရုပ်တုတော်တစ်ခုရှေ့တွင် ဝတ်ပြုနေသည်။

သူ၏ရင်ထဲ၌ ရှင်းလင်းမနေပါ။ တင်းကျပ်နေတော့သည်။

သူသည် ကုယုံမုစွေအား စောင့်ကြည့်နေခဲ့သည်။ သူ့ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com



သည် မှန်သွား၏။

ကုယ့်မုစွေသည် အိုယန်းတုအား လုပ်ကြံရန် ကြိုးစားနေသည်။

သူက ကုယ့်မုစွေအား ဟန့်တားနိုင်ခဲ့သေးသည်။ သူ့လုပ်ရပ် အောင်မြင်သည်ဟု ပြောရပေမည်။

ဤတာဝန်ကို ယန်းပင်ထမ်းဆောင်အောင်မြင်၍ တော်တော့သည်။

မအောင်မြင်လျှင် အပြစ်ဒဏ်ကျခံရမည်။ ဤသည်မှာ သူတို့၏ထုံးစံပင်ဖြစ်သည်။

သူသည် နောက်ထပ်နှစ်နှစ်ထမ်းဆောင်ပြီးလျှင် တာဝန်ပြီးဆုံးပြီးဖြစ်၏။

ထိုအခါ သူသည် ကြွယ်ဝချမ်းသာသူ ဖြစ်နေပေတော့မည်။

သူကဲ့သို့အုပ်ချုပ်ရေးမှူးများမှာ ဝင်ငွေကောင်းလှပေသည်။

ဧည့်သည်များထံမှရသောငွေကို သူသည် တင်ပြစရာမလိုပေ။

ဧည့်သည်များသည် စားရေးသောက်ရေးကို ပြဿနာပြုလုပ်ကြသည်မဟုတ်ချေ။

ထိုငွေနှင့် ဘေးမဲ့စခန်းအတွက် ထောက်ပံ့သောငွေမှ ဖဲ့ချန်၍ရသောငွေ နှစ်ရပ်ပေါင်းသည် အုပ်ချုပ်ရေးမှူးတစ်ဦးအတွက် တစ်နှစ်တစ်နှစ်တွင် များပြားစွာရသည်။



ယန်းပင်မှာ ဝတ်ပြုပြီးလှည့်လိုက်ရာ သူနှင့်ကိုက်သုံးကိုက်အကွာခန့်တွင် ဘုရားဝတ်ပြုနေသော လူတစ်ယောက်အား တွေ့လိုက်ရလေသည်။

"ဟူကျန်းစု"

ယန်းပင်က လွတ်ခနဲ ရေရွတ်မိသည်။ ဟူကျန်းစုသည် ထိုင်ရာမှထလိုက်သည်။

"ကျွန်တော် ရောက်နေတာကြာပြီ"

"အင်း... မင်းရောက်တာ ငါမသိဘူးကွာ"

"ကျွန်တော်ကြောင့် ခင်ဗျားဝတ်ပြုရာမှာ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ကျွန်တော် ငြိမ်ငြိမ်သက်သက်နေတာပါ"

"မင်းကော ဘုရားဝတ်မပြုဘူးလား"

"ဝတ်ပြုတာပေါ့... ဘယ်ဝတ်မပြုဘဲနေလိမ့်မလဲ၊ ကျွန်တော် ဘုန်းကြီးဝတ်ခဲ့တာကို ခင်ဗျားသိမယ်လို့ထင်တယ်၊ ကျွန်တော် ဘုရားဝတ်ပြုတာကို အကျင့်ပါနေပါပြီဗျ"

ယန်းပင် မဲ့ရွဲ့လိုက်သည်။ သူသည် ဟူကျန်းစု၏အပြောကို သဘောမကျဘဲ ဖြစ်သွားသည်။

"မင်းမိတ်ဆွေအတွက် လက်စားချေဖို့ကော စိတ်မကူးဘူးလား၊ ကုယ့်မုစွေဟာ မင်းမိတ်ဆွေ မဟုတ်လား"

ဟူကျန်းစု ခေါင်းတယမ်းယမ်းလုပ်လိုက်သည်။

"လက်စားချေဖို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်ပြီးပြောသည်။

"ကျွန်တော်ပြောတာကို ခင်ဗျားယုံချင်မှယုံပါ၊ ခင်ဗျားရော သူရော လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပေါ့နော်"

ယန်းပင် သက်ပြင်းချလိုက်သည်။

ဟူကျန်းစု၏စကားသည် ကျေနပ်စရာကောင်းလှပေသည်။

"ငါကတော့ ဘယ်သူ့ကိုမဆို တားဆီးရမှာပဲလေ"

ဟူကျန်းစုက မေးလိုက်သည်။

"သမားတော်ကြီးအမည်ကို သိရပြီမဟုတ်လား"

ယန်းပင်က စာရွက်တစ်ရွက် လှမ်းပေးလိုက်၏။ ဟူကျန်းစုသည် ဖတ်မကြည့်ဘဲ အိတ်ထဲထည့်လိုက်တော့၏။ ယန်းပင်က ဆက်၍ပြောလိုက်သည်။

"ဝေးတယ်ကွ... မွန်ဂိုနယ်စပ်အထိ သွားရလိမ့်မယ်"

"ဝေးတော့လဲ ကောင်းတာပေါ့ဗျာ၊ အသစ်အဆန်းတွေ တွေ့ရတာပေါ့... မဟုတ်ဘူးလား"

ဟူကျန်းစုသည် ခန်းမကျယ်ကြီးအတွင်းမှ ထွက်သွားသည်။

သူထွက်သွားမှပင် ယန်းပင်မှာ သက်ပြင်းချလိုက်၏။ သူ သတိပြုမိလာ၏။ သူ့တစ်ကိုယ်လုံး ချွေးများ စွတ်စိုနေသည်ဟု။

ယန်းပင် တွေးနေသည်။

ဟူကျန်းစုနှင့် ရန်သူမဖြစ်ရခြင်းမှာ ကောင်းပေ၏။ ရန်သူ ဖြစ်လျှင် မလွယ်။



အေးစက်မာကျောသော ဤလူငယ်ကိုရင်ဆိုင်ရခက်မည် ဖြစ်ကြောင်း ယန်းပင်သိသည်။

ယခု ဟူကျန်းစုသည် သူ့မိတ်ဆွေ ကုယုံမှုစွဲ၏ဖြစ်အင်ကို ဖြစ်ရိုးဖြစ်စဉ်ဟု မှတ်သွားပုံရသည်။

ထို့ကြောင့် ယန်းပင် စိတ်သက်သာရာရသွားသည်။

တစ်ချက်တွေးတောရသည်မှာ ဘေးမဲ့စခန်းအတွင်း မသတ်ဖြတ်ရ။

သတ်ဖြတ်သူ သေဒဏ်ထိုက်သင့်မည်ဟု ဆုံးဖြတ်ထားခြင်း ပေတည်း။

ဟူကျန်းစုသည် ဘေးမဲ့စခန်း၏စည်းကမ်းကို ချိုးဖောက်ဝံ့ တော့မည်မဟုတ်ဟု ယန်းပင် တွေးတောနေလေသည်။

ယန်းပင်တွေးတောနေသကဲ့သို့ ဟူကျန်းစုလည်း တွေး တောနေပါသည်။

သူတွေးတောနေသည်မှာ ယန်းပင်သည် သူ့တာဝန်ကို ကျေ ပွန်စွာထမ်းဆောင်နှင့် တူပေသည်ဟု တွေးနေခြင်းဖြစ်သည်။

တစ်စုံတစ်ယောက်သည် ဘေးမဲ့စခန်းအတွင်း၌ လူတစ်ဦး အားထိပါးဒုက္ခရောက်စေမည်ဆိုပါက အုပ်ချုပ်ရေးမှူးတစ်ဦးအနေ ဖြင့် ကာကွယ်ရမည်မဟုတ်ပါလား။

ဤသည်မှာ အုပ်ချုပ်ရေးမှူးတစ်ယောက်လုပ်ဆောင်ရမည့် အဓိကတာဝန်ပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးသော ကုယ်မှုမွေ့မှာ သေသွားပြီဖြစ်ပါသည်။

အိုယန်တုကတော့ မသေသေးပါ။ သိက္ခာအတွက် ကုယ်မှုမွေ့အသေခံခဲ့သော်လည်း မည်သည့်အကျိုးမျှ ဖြစ်ပေါ်မလာပါ။ သူ သေသွားရသည်သာရှိပါသည်။

ဟူကျန်းစုသည် သက်ပြင်းချလိုက်၏။ သူ ပြန်စဉ်းစားနေသည်။

ကုယ်မှုမွေ့သည် သူ့အား ဤဘေးမဲ့စခန်းသို့ခေါ်ဆောင်လာခဲ့ဖူးသည်။

ဤနေရာ၌ပင် သူ့အား အသက်ရှင်စေရန် ကုသခဲ့ဖူးသည်။

သူ၏ကိုယ်ရံတော်တပ်ဖွဲ့ကို ထားပစ်ခဲ့ပြီး သူ့အား ကိုယ်ဖိ ရင်ဖိ ပြုစုခဲ့ခြင်းဖြစ်သည်။

သူ့ကိုယ်ရံတော်တပ်ဖွဲ့ လိုက်လာသောအခါ မှ သူ ပြန်လိုက်သွားခဲ့ပေသည်။

ယခု ဤနေရာ၌ ကုယ်မှုမွေ့ သေသွားခဲ့လေပြီ။

ကုယ်မှုမွေ့သည် သူ့အသက်ကိုကယ်ခဲ့၏။ ကုယ်မှုမွေ့၏တာဝန်ကို သူဆက်လက်မယူသင့်ပါသလော။ သူ့ကျေးဇူးကို ဤနေရာ၌ ပြန်ဆပ်ရပေမည်။

ကျေးဇူးကိုဆပ်ပြီးလျှင် မိမိသေရမည်မှာ သေချာသည်။ အဘယ်ကြောင့်ဆိုသော် ဘေးမဲ့စခန်း၏စည်းကမ်းကို မိမိဖောက်ဖျက်ပြီးသောကြောင့် ဖြစ်ပေသည်။



ဟူကျန်းစု နာကြည်းစွာ ပြုံးလိုက်သည်။ သေခြင်းတရားကို သူစဉ်းစားမိ၍ ဖြစ်သည်။

မိမိအား အခြားသူလျှိုများက သတ်ရန် ကြံစည်နေသည်။

သေခြင်းတရားသည် မိမိနှင့်အနီးကလေးဖြစ်၏။ သေခြင်းတရားကို အထူးကြောက်နေစရာမလိုပါ။

သေခြင်းတရားသည် မိမိအား နောက်မှကပ်လိုက်နေသည် မဟုတ်ပါလား။

သူတစ်ပါး၏ကျေးဇူးကိုမဆပ်ဘဲ မနေနိုင်ပါ။

သူ၏ဂုဏ်သိက္ခာအတွက် သူသည် မန်ချူးအိုယန်းတုကို သတ်ခဲ့ရသည်ဟုဆိုသည်။

သူ၏ဂုဏ်သိက္ခာ....။ မှန်သည်။

ကုယ်မှုမွေ့ပြောစဉ်က ဂုဏ်သိက္ခာကို အလေးမနက်မထားပါချေ။

ယခုတော့ သူစဉ်းစားနေရပြီ။ ဘေးမဲ့စခန်း၏စည်းကမ်း။

ထိုစည်းကမ်းအကြောင်းလည်း သူ စဉ်းစားနေရပြီ။

စည်းကမ်းဆိုသည်မှာ တစ်ခါတစ်ရံ ချိုးဖောက်ပေးမှသာ အသက်ဝင်နေသည်။ သို့မဟုတ်ပါက စည်းကမ်းမှာ လျော့နည်းနေပေသည်။

ဟူကျန်းစုက သမားတော်ကြီး၏အမည်ကိုဖတ်လိုက်သည်။ လိပ်စာကိုလည်း မှတ်သားထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးကို လိုက်ရှာနေပါသည်။ အထူးသဖြင့် စိတ်ညှို့တတ်သည့်သမားတော်ကြီးကိုလိုက်ရှာနေပါသည်။ အကြောင်းရှိပါသည်။

သူ၏စိတ်ခံစားမှုများကို ပြောပြချင်၍ဖြစ်ပါသည်။

သူသည် စိတ်ဓာတ်ပျက်ပြားနေသည်ဟု ထင်နေသည်။ သူ့ကိုယ်သူ စွဲ့ရှာစိတ်ဝင်နေသည်။ သုတ်သင်ရေးသမားဘဝကို မုန်းတီးနေသည်။

အဘယ်ကြောင့် သူ ဤသို့ဖြစ်နေသနည်းဟု သိချင်သည်။ စိတ်ညှို့တတ်သည့်သမားတော်ကြီးသည် ဤအကြောင်းနှင့်ပတ်သက်၍ သူ့အား ပြောပြနိုင်လိမ့်မည်ထင်သည်။

ဟူကျုန်းစုသည် အိတ်ငယ်တစ်လုံးကိုထုတ်ယူလိုက်သည်။ ထို့နောက် ထိုအိတ်ငယ်အတွင်းမှ ပုလင်းငယ်နှစ်လုံးကိုထုတ်ယူလိုက်သည်။

ပုလင်းငယ်နှစ်လုံးအတွင်းမှ ဆေးမှုန့်များကိုယူကာ ရေနှင့်ဖျော်ဆပ်လိုက်သည်။

ထို့နောက် သူ၏လက်နှစ်ဖက်ကို လက်အိတ်စွပ်လိုက်သည်။ အပ်ကလေးများကို ထိုဆေးရည်ထဲထည့်လိုက်သည်။ မကြာမီ အပ်ကလေးများသည် အစိမ်းရောင်သန်းသွား၏။

အပ်ကလေးများကိုယူလိုက်ပြီး ဆေးရည်များကိုသွန်ပစ်လိုက်သည်။



ထိုအဆိပ်အပ်ကလေးများသည် သူ၏ကြောက်မက်ဖွယ်ရာလက်နက်ပင် ဖြစ်တော့သည်။

ဆံချည်မျှင်ခန့်သာရှိသော ဤအပ်ကလေးများကို ဦးခေါင်းထဲသို့ပစ်သွင်းခဲ့လျှင် ဤအပ်ကလေးများကို မည်သူမျှရှာဖွေရန် မတတ်နိုင်တော့ချေ။

အပ်များမှာ အဆိပ်ပြင်းလှပြီး ချက်ချင်းပင် သေလေမည်။ သေချာစွာ မစစ်ဆေးလျှင် အဆိပ်အပ်ကြောင့်ဟု ထင်မြင်ရန် ခက်ခဲပေသည်။

ဤအဆိပ်အပ်များသည် မည်သူ့အတွက်နည်း။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)
## တာဝန်မကျေသောအုပ်ချုပ်ရေးမှူး

ဟူကျန်းစုသည် ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်သည်။

အမှောင်ထုသည် ကြီးစိုးနေသော်လည်း အရှေ့ဘက်အလင်းရောင် ဖြိုးဖြိုးဖျဖျတွေ့ရသည်။ မိုးလင်းတော့မည်။

ဟူကျန်းစု သွက်လက်စွာလှုပ်ရှားလိုက်သည်။ ပြတင်းပေါက်မှတစ်ဆင့် အိမ်ခေါင်မိုးပေါ်သို့ တက်လိုက်သည်။

ဘေးမဲ့ဂေဟာ၏ အိမ်ခေါင်မိုးတွင်ဖြစ်သည်။

သူသည် အို ယန်းတု၏အခန်းရှိရာသို့ မှန်းဆပြီးသွားသည်။



ကြောင်းသွားသွားခြင်း ဖြစ်သည်။

မည်သည့်အသံဗလံမျှ မထွက်ပေါ်ပေ။ ထို့နောက် အုတ်ကြွပ်မိုးကိုခွာ၍ အသာလျှိုဝင်လိုက်သည်။

မကြာမီ အိုယန်းတု၏ မျက်နှာကျက်ပေါ်သို့ ရောက်ရှိလာတော့သည်။

ဟူကျန်းစုသည် မျက်နှာကျက်တစ်ချပ်ကို ဖြည်းညင်းစွာဖယ်ရှားလိုက်သည်။ ထိုအပေါက်မှ အောက်သို့ချောင်းကြည့်လိုက်သည်။

အိုယန်းတုသည် လက်ထောက်ပြီး အပြင်သို့ငေးနေသည်။ သူထိုင်နေသည်မှာ ကြာပြီဖြစ်ပုံရသည်။

အိုယန်းတုအတော်ပင် အိုနေပေပြီ။ နားသပ်စပ်မှ ဆံစများပင် အတော်ဖြူနေပြီကိုတွေ့ရသည်။

အိုယန်းတုကိုကြည့်ရသည်မှာ စိတ်ဓာတ်အတော်ကျနေပြီဖြစ်ကြောင်း တွေ့ရသည်။

ဟူကျန်းစုသည် အိုယန်းတု၏ဦးခေါင်းပေါ်သို့ ရောက်ရှိရန်နေရာကိုဖြည်းဖြည်းချင်း ရွှေ့လိုက်သည်။

ထိုစဉ် အိုယန်းတုမှာ ဆတ်ခနဲတုန်သွားပြီး အပေါ်သို့မော့ကြည့်လိုက်သည်။

ဟူကျန်းစုသည် အိုယန်းတု၏ဦးခေါင်းသို့ ဆံချည်မျှင်ခန့်ရှိသောအဆိပ်များကို ပစ်ထည့်လိုက်တော့သည်။ သူ၏တိုက်ခိုက်မှုမှာ

www.burmeseclassic.com

www.burmeseclassic.com



အလွန်လျှင်မြန်၏။

အိုယန်းတု မော့အကြည့်တွင် လျှပ်တစ်ပြက် ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

အိုယန်းတုမှာ အော်ပင်မအော်နိုင်ချေ။ ခုတင်ပေါ်သို့ပြန်လဲကျသွား၏။ အိုယန်းတု အသက်ထွက်သွားချေပြီ။

ဟူကျန်းစုသည် အိုယန်၏အခန်းတွင်းသို့ ခုန်ဆင်းလိုက်သည်။ အခန်းထဲ၌ လိုက်လံရှာဖွေလိုက်သည်။

အိုယန်းတု တွေဝေငေးမောနေရခြင်း၏ အကြောင်းကို သိလိုက်ရလေသည်။ ဘိန်းနှင့် ဘိန်းရှူသောကိရိယာများကို တွေ့လိုက်ရခြင်းတည်း။

"သြော်... ဒါကြောင့် သူ့စွမ်းအင်တွေ လျော့သွားတာကို"

ဟူကျန်းစုစိတ်ထဲမှ မှတ်ချက်ချလိုက်သည်။ ထို့နောက် သူသည် မျက်နှာကျက်ပေါ်သို့ပြန်ခုန်တက်လိုက်ပြီး မျက်နှာကျက်အပေါက်များကို ပိတ်လိုက်လေသည်။

ထို့နောက် အမိုးပေါ်သို့ပြန်တက် လာကာ လာလမ်းအတိုင်း ပြန်ခဲ့လေတော့သည်။

သူသည် သူ့အခန်းသို့ပြန်မလာတော့ပါ။ လစန္ဒာဘုရားကျောင်းအနောက်ဘက်မှတစ်ဆင့် အပြင်သို့ ထွက်ခဲ့လေတော့သည်။

ထို့နောက် အားကုန်ပြေးလွှားလိုက်သည်။ လစန္ဒာဘုရားကျောင်းနှင့် အတော်ဝေးသောအခါမှ အပြေးရပ်လိုက်သည်။



သူသည် ဘေးမဲ့စခန်း၏ ဥပဒေကိုချိုးဖောက်ခဲ့လေပြီ။

ထို့အတွက် သေရမည်ကို သူသိသည်။ သို့သော် သူတစ်ပါးလက်ချက်ဖြင့် သေရမည်ကို စိတ်ကူးထဲ၌မရခဲ့ချေ။

သူသည် တတ်နိုင်သမျှတော့ ပြေးရပေမည်။ မလွတ်နိုင်မှန်းသိတော့မှ ပြန်လည်တိုက်ခိုက်ရပေမည်။

ယန်းပင်သည် အိပ်ရာမှနိုးလာလေသည်။ သူ၏ဘဝမှာပျင်းရိငြီးငွေ့စရာပင်။ အိပ်လိုက်၊ ဘုရားကျောင်းကိုကြည့်ရှုလိုက်ဖြင့် အချိန်ကုန်နေရသည်။

ယခု သူ၌ စိတ်ဝင်စားစရာဖြစ်ပေါ်နေရသည်။ အိုယန်းတု၊ ကုယုံမုစွေနှင့် ဟူကျန်းစုတို့ လာရောက်တည်းခိုနေသောကြောင့် ဖြစ်သည်။

မည်သူက မည်သူ့ကိုသတ်မလဲဟု စောင့်ကြည့်နေရသဖြင့် သူ့စိတ်မှာ မအားမလပ်နိုင်အောင် ဖြစ်နေရသည်။

ယခု အိုယန်းတုကိုသတ်ရန် ကြံစည်သည့်ကုယုံမုစွေကို တားဆီးပြီးလေပြီ။ သူ၏ပျင်းရိငြီးငွေ့မှုမှာ ပြန်ပေါ်လာလေတော့သည်။

ညက စောစောမအိပ်ဘဲ ညဉ့်နက်မှအိပ်ရာဝင်ခဲ့သောကြောင့် သူနိုးလာသောအခါ အတော်ပင် နေမြင့်နေကြောင်း တွေ့ရသည်။

ပြတင်းပေါက်မှအပြင်သို့ လှမ်းကြည့်လိုက်သောအခါ မိုး

www.burmeseclassic.com

www.burmeseclassic.com



တိမ်နေပြီ။ နေအလင်းရောင်ဖူးဖူးကိုလည်း တွေ့လိုက်ရသည်။

"နေတောင် အတော်မြင့်နေပြီပဲ"

ယန်းပင်သည် သူ၏အခန်းထဲမှထွက်လိုက်သည်။ သူ၏ဝမ်းဗိုက်မှဆာလောင်မှုကိုသတိပြုမိသဖြင့် စားသောက်ခန်းထဲသို့ဝင်လိုက်မိသည်။

ငယ်သားတစ်ဦးကို တွေ့ရှိလိုက်ရသည်။

"ဆရာ နေအတော်မြင့်နေပါလားဆရာ"

"အေးကွာ... ညက ညဉ့်နက်နေမှအိပ်လို့ အိပ်ရာထနောက်ကျသွားတယ်၊ ငါဖို့စားစရာပြင်ကွာ"

ငယ်သားက ပန်းကန်နှင့်ပြင်ဆင်ပြီး စားစရာများကိုချပေးလေသည်။

ယန်းပင်သည် ငယ်သားပြင်ဆင်ပေးသည်ကို အားရပါးရစားသောက်လိုက်သည်။

ပြီးစီးသွားသောအခါ...

"ဒီနေ့ ဘာထူးခြားသေးသလဲ"

ငယ်သားအား ယန်းပင်က မေးလိုက်သည်။ ငယ်သားက ခေါင်းခါပြသည်။

"ဘာမှမထူးခြားပါဘူး"

"မနက်စာ ဘယ်သူတွေစားပြီးပြီလဲ၊ အိုယန်းတုကော အစားလာစားပြီးလား... နေတောင်အတော်မြင့်နေပြီပဲ"



"ခုထက်ထိ ကျွန်တော် သူ့ကိုမတွေ့ရသေးဘူး"

ယန်းပင် မျက်မှောင်ကုတ်သွား၏။

"ဘာကြောင့် သူလာမစားတာလဲ၊ လာ... သူ့အခန်းထဲကို သွားကြည့်မယ်"

ယန်းပင်သည် ထိုင်ရာမှထကာ အခန်းအပြင်သို့လျှောက်သွားလေတော့သည်။

လက်အောက်ငယ်သား လူထွားကြီးကလည်း ယန်ပင်းနောက်မှလိုက်ရတော့သည်။

သူတို့သည် အိုယန်းတု၏အခန်းရှေ့သို့ ရောက်လာကြ၏။ အခန်းတံခါးမှာ ပိတ်ထားဆဲရှိ၏။

"ဒီလူ အထဲမှာ အိပ်နေလို့လား... အိပ်ရင် ထရမှာပေါ့၊ နေတောင် အတော်မြင့်နေပြီ"

ယန်းပင်သည် ပြောပြောဆိုဆို တံခါးခေါက်လိုက်လေ၏။

"ဒေါက်... ဒေါက်... ဒေါက်"

"အိုယန်းတု... အိုယန်းတု တံခါးဖွင့်ပါ"

အထဲမှ ပြန်ထူးသံမကြားရပါ။

ယန်းပင် သုံးကြိမ်မျှ ခေါ်သည်။ သုံးကြိမ်စလုံး အတွင်းမှ ပြန်မထူးပါ။

ယန်းပင်၏ရင်ထဲ၌ စိုးရိမ်သောကများ ဖိစီးဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ငယ်သားလှထွားကြီးအား လှည့်ကြည့်လိုက်သည်။

"တံခါးရိုက်ဖွင့်ကွာ"

လှထွားကြီးသည် အခန်းတံခါးကိုလက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း....."

တံခါးရွက်များ ပြုတ်ထွက်ကုန်၏။ ယန်းပင်သည် အခန်းထဲသို့ လျှင်မြန်စွာ ဝင်လေသည်။

အခန်းထဲသို့ဝင်လျှင်ဝင်ချင်း အိုယန်းတု၏အလောင်းကို မြင်လိုက်ရလေသည်။

ယန်းပင်၏မျက်မှာ ညှိုးပုပ်သွားသည်။ သူ မမြင်ချင်သည့်အရာကို မြင်လိုက်ရပြီ မဟုတ်ပါလား။

သူသည် အလောင်းကို စစ်ဆေးကြည့်လိုက်၏။ မည်သည့် ဒဏ်ရာမှမရှိဘဲ အိုယန်းတုသေနေသည်။

ဤသည်ကို ယန်းပင်သည် ဌာနခွဲမှူးထံသို့ အကြောင်းကြားရပေမည်။

သူသည် အခန်းထဲမှထွက်ကာ အစီရင်ခံစာတစ်စောင် ကောက်ရေးပြီး စာပို့ခိုနှင့်ပို့လိုက်သည်။

ထို့နောက် ငယ်သား လှထွားကြီးအား တစ်ချက်ကြည့်လိုက်သည်။



"မင်းက ဟူကျန်းစုရှိမရှိ သွားကြည့်... ရှိနေရင်လဲ တစ်မျိုးပဲ၊ ခရှိရင်လဲ တစ်မျိုးစဉ်းစားရမှာပဲ"

လှထွားကြီးသည် ချက်ချင်းသွားကြည့်ပြီး ပြန်လာသည်။

"ဟူကျန်းစုကို မတွေ့ရတော့ပါဘူး ဆရာ"

ယန်းပင်မှာ မျက်မှောင်ကုတ်သွားမိသည်။ ယန်းပင်အား အတွေးများက ဖိစီးသွားပါပြီ။

ဟူကျန်းစုသည် အဘယ်ကြောင့် အသိမပေးဘဲ ထွက်သွားရပါသနည်း။

ထွက်သွားလျှင် စခန်းမှူးဖြစ်သော မိမိကိုအသိပေးသင့်ပါသည်။

အကုသိုလ်သည် အလုံးအရင်းနှင့်ဝင်လာပြီဟု ယန်းပင် မှတ်ချက်ချမိသည်။

ဤသို့ဖြင့် ညကိုရောက်ရှိလာတော့သည်။ လမင်းမသာ ကြည်ပြာမလင်းသောညသည် မှောင်မိုက်နေသည်။

ထိုညအမှောင်ကို ကဆုန်စိုင်းချလာသော မြင်းခွာသံများက ဖြိုခွင်းလိုက်သည်။

ယန်းပင် ကြည့်လို -်သည်။ သန်းခေါင်ယံပင် ကျော်နေချေပြီ။

ယန်းပင် အသံကိုနားစွင့်လိုက်သည်။ မြင်းငါးကောင် လှစန္ဒဘုရား ကျောင်းသို့လာနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ လစန္ဒာဘုရားကျောင်းကို မြင်းငါးကောင် ဆိုက်ရောက်လာ၏။

ယန်းပင် ထွက်၍ကြည့်လိုက်သည်။ ဠာနခွဲမှူးနှင့် ငယ်သား သုံးဦးဖြစ်သည်။

တစ်ဦးသည် သမားတော်ကြီးဖြစ်၏။ ဠာနခွဲမှူး၏မျက်နှာ မှာ သုန်မှုန်နေ၏။ ယန်းပင်က ဦးညွှတ်ပြီး ဂါရဝပြုလိုက်၏။

ဠာနခွဲမှူး၏မျက်နှာကိုကြည့်ပြီး သူ မသက်မသာခံစား လိုက်ရသည်။

"ကြွကြပါ"

သူသည် အထဲသို့ဦးဆောင်ခေါ်ငင်လာလေတော့သည်။

သူတို့သည် အိုယန်းတု၏အလောင်းရှိရာသို့သွားကြခြင်းဖြစ် ပါသည်။

သမားတော်ကြီးသည် အိုယန်းတု၏အလောင်းရှိရာကို စစ် ဆေးလေသည်။

သမားတော်ကြီးသည် အလွန်တော်သောသမားတော်ကြီး ဖြစ်သော်လည်း အိုယန်းတု၏ရောဂါကို ရှာမတွေ့ဘဲဖြစ်နေ၏။

ထိုတစ်ညလုံး ဒဏ်ရာရှာဖွေရင်း အချိန်ကုန်ခဲ့ရသည်။

နံနက်လင်းတော့မှ ဦးခေါင်းထဲမှ ဆံချည်ခန့် အပ်ကလေး များကို ရှာဖွေတွေ့ရှိရတော့သည်။

"ဒီအဆိပ်အပ်ကြောင့် အိုယန်းတုသေရတာပဲ"



သမားတော်ကြီးက ပြောလိုက်သည်။

ဠာနခွဲမှူး၏မျက်နှာမှာ တင်းမာနေသည်။ ယန်းပင်အား သေချာစွာ စစ်မေး၏။

ယခုအချိန်သည် ယန်းပင်သည်တာဝန်အရှိဆုံးပုဂ္ဂိုလ် ဖြစ် နေသည် မဟုတ်ပါလော။

အိုယန်းတုသည် ဘေးမဲ့စခန်း၌ အသတ်ခံသွားခဲ့ရလေပြီ။

"ခင်ဗျားတို့စာထဲမှာ ဟူကျန်းစုအကြောင်းပါတယ်၊ သူသတ် နိုင်တယ်လို့ ခင်ဗျား ယူဆရမှာပေါ့၊ ဘေးမဲ့စခန်းရဲ့စခန်းမှူးဟာ အ ရာရာကို သံသယမျက်စိနဲ့ကြည့်နေသင့်တယ်"

ယန်းပင်က....

"ယန်းပင်က ကုယုံမုစွေရဲ့အဖြစ်အပျက်ကြောင့် ဟူကျန်းစု က မေ့သွားမိပါတယ်၊ နောက်ပြီး ဟူကျန်းစုက ကုယုံမုစွေတို့အဖြစ်အ ပျက်ကို သာမန်အဖြစ်အပျက်အနေနဲ့ ပြောပါတယ်၊ ဒါကြောင့် ဟူ ကျန်းစုသတ်မယ်လို့ မထင်မိပါဘူး"

ဠာနခွဲမှူးက မေးလိုက်သည်။

"သူက ဘာကြောင့် ဒီကိုရောက်နေရတာလဲ"

ယန်းပင်က....

"သမားတော်တစ်ယောက်ကို လာရှာခိုင်းတာပါ၊ ပြီးတော့ စိတ်ညို့ပညာလဲ တတ်ရမယ်လို့ဆိုတာပဲ"

ဠာနခွဲမှူးက....

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်ကို ခင်ဗျားသိသယဝင်ဖို့ သိပ်ကောင်းတာပဲ"

ယန်းပင်က ဖြေရှင်းလိုက်သည်။

"ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဟူကျန်းစုကိုသတ်ပစ်ဖို့ဆိုတာလဲ မလွယ်လှဘူး၊ သူက ဘာမှမလှုပ်ရှားခဲ့ဘဲကိုး၊ သူ့ကိုသတ်ရင် ကျုပ်ကလဲ အကြောင်းပြချက် ပေးရဦးမှာပဲ မဟုတ်ဘူးလား"

ဌာနခွဲမှူးက မဲ့လိုက်သည်။

"အကြောင်းပြချက်ရှာမရတော့ အိုယန်းတု သေရတာပေါ့ဗျာ"

ယန်းပင်က....

"ကျုပ်တာဝန်ပေါ့လျော့တာကို ဝန်ခံပါတယ်၊ ဒါပေမယ့် အိုယန်းတု သေရတာကိုတော့ ရိုးရိုးသေဆုံးရတာပဲလို့ မှတ်ထင်ခဲ့ပါတယ်"

ဌာနခွဲမှူးက....

"ခုကိစ္စက ရှင်းတယ်လေ... ဘေးမဲ့စခန်းမှာ ဟူကျန်းစုနဲ့အိုယန်းတု နှစ်ယောက်ရှိတယ်၊ ခု ဟူကျန်းစုမရှိတော့ဘူး အိုယန်းတုက သေပြီ...'ဒီတော့ ဟူကျန်းစု သတ်တာကလွဲလို့ တခြားဘယ်သူမှ မဖြစ်နိုင်တော့ဘူး"

ဌာနခွဲမှူးသည် သူ၏ လက်အောက်ငယ်သားများဘက်သို့ လှည့်ကာ....

"သတင်းပို့ခိုတွေ အားလုံးလွှတ်လိုက်၊ ဟူကျန်းစုကိုသုတ်သင်ဖို့ အမိန့်ထုတ်လိုက်၊ ဟူကျန်းစုဟာ ဘေးမဲ့စခန်းမှာ အပြစ်ကျူးလွန်သွားပြီ"



ငယ်သားတစ်ယောက်သည် ဦးညွှတ်လျက် ထွက်ခွာသွားလေသည်။

"ဘယ်သမားတော်ဆီ လွှတ်လိုက်သလဲ"

"မွန်ဂိုတရုတ်နယ်စပ်က သမားတော်ပါပဲ... သမားတော်ကြီးက လျှို့ဝှက်စွာနေထိုင်ပါတယ်"

"ဘာပဲပြောပြော သူက ကျုပ်တို့ထက် တွင်ရက်စောနေပြီ"

ယန်းပင်က....

"သူပြေးလို့ လွတ်မှာမဟုတ်ပါဘူး"

ဌာနခွဲမှူးက သက်ပြင်းတစ်ချက်ချလိုက်၏။

"ပြေးမလွတ်တာထက် ပြေးဖြစ်စေခဲ့တဲ့ အကြောင်းမဖြစ်ဖို့က ပိုကောင်းတာပေါ့"

ယန်းပင် မျက်နှာပျက်သွားသည်။ ဌာနခွဲမှူး၏ စကားအဓိပ္ပာယ်က သူ့တွင်အပြစ်ရှိသည်ဟု ဖော်ပြလိုက်သလိုဖြစ်၏။

ဌာနခွဲမှူးက ဆက်ပြောလိုက်သည်။

"ခင်ဗျားက အုပ်ချုပ်ရေးမှူးတစ်ယောက်ရဲ့တာဝန်ကို မထမ်းဆောင်နိုင်ဘူးဆိုတာ သေချာသွားပြီပေါ့ဗျာ"

ယန်းပင်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ကျုပ်... ကျုပ်...."

www.burmeseclassic.com

www.burmeseclassic.com



ဌာနခွဲမှူးက ဓားတစ်လက်ကြမ်းပြင်ပေါ်သို့ စိုက်ချလိုက်သည်။

"ခင်ဗျားကိစ္စထဲ ကျုပ်ဝင်မပါချင်ဘူး... ကိုယ့်ကိစ္စကိုယ်ဖြေရှင်းတာ ကောင်းပါတယ်"

ဌာနခွဲမှူးသည် အေးစက်စွာ ပြောလိုက်သည်။

ယန်းပင်သည် ကြမ်းပြင်ပေါ်၌ချထားသော ဓားကိုစိုက်ကြည့်လိုက်၏။

သူ့ကျော၌ ချွေးများသီးနေလေပြီ။ ဌာနခွဲမှူးသည် သူ့ကို သတ်သေခိုင်းနေလေပြီ။

သူသည် တစ်ချက်စဉ်းစားလိုက်သည်။ သူသည် အုပ်ချုပ်မှုရေးဘဝ၌ ရှစ်နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးလေပြီ။

ထိုရှစ်နှစ်အတွင်း မည်သည့်အမှားအယွင်းမှ မလုပ်ခဲ့ချေ။

ယခုတစ်ကြိမ်သာ ချွတ်ယွင်းမှုဖြစ်ရသည်။ ထိုချွတ်ယွင်းမှုအတွက် ပြစ်ဒဏ်မှာ သေဒဏ်ဖြစ်နေသည်။

မိမိကြိုးပမ်းဆောင်ရွက်ခဲ့သည်တို့ကို အသိအမှတ်မပြုသည့်သဘော၊ ဥပေက္ခာပြုသည့်သဘောဖြစ်သည်။

ယန်းပင်သည် သွေးများ ဆူကြွလာသည်။ သူ့၌ မခံချင်စိတ်များ ဖြစ်ပေါ်နေသည်။ မိမိအား အခွင့်အရေးတစ်ခုတော့ ပေးဖို့ ကောင်းပါသည်။

ဟုကျန်းစုအား သူကိုယ်တိုင်ထွက်၍ သုတ်သင်စေဟုဆိုလျှင် တော်သေးသည်။

သည်သို့ဆိုလျှင် မိမိ၏ ကျဆင်းနေသောသိက္ခာကိုလည်း ပြန်ဆယ်ခွင့်ရရှိမည်ဟု ယန်းပင် ယုံကြည်သည်။ ယခုတော့ မိမိကိုယ်မိမိ သတ်သေရမည်တဲ့။

ယန်းပင်သည် သက်ပြင်းချပြီး ဓားကိုဆွဲထုတ်လိုက်သည်။

သူ၏ဝမ်းဗိုက်ဦးကို ထိုးချိန်လိုက်သည်။ ပြီးမှလျှပ်တစ်ပြက်ပင် ဌာနခွဲမှူး၏ရင်ဝသို့ ဓားကိုထိုးသွင်းလိုက်၏။ သူ၏တိုက်ခိုက်မှုမှာ လွန်စွာတိကျမှန်ကန်၏။

သို့သော် ယန်းပင် မသိသည့်အချက်မှာ ဌာနခွဲမှူးသည် ယန်းပင်ထက် ပို၍ပါးနပ်ပြီး ပို၍အတွေ့အကြုံများသည့် အချက်ကိုတည်း။

ယန်းပင် မျက်နှာပျက်သွားပြီး အံကြိတ်လိုက်သည်နှင့် ဌာနခွဲမှူးသည် အသင့်အနေအထား ဖြစ်သွားခဲ့လေပြီ။

ဓားကိုထိုးသွင်းလိုက်သောအခါ ဓားကိုလက်နှစ်ဖက်ဖြင့် ဖမ်းညှပ်လိုက်၏။ လုံးဝမရှောင်ရှားဘဲ ဖမ်းညှပ်လိုက်ခြင်းဖြစ်သည်။

ယန်းပင်သည် ထိတ်လန့်သွားလေတော့၏။ သူသည် ဓားကို ကြောက်လန့်တကြား ဆွဲနုတ်၏။ ဆွဲနုတ်၍ မရတော့ပေ။

ထိုစဉ် - ဌာနခွဲမှူးလက်အောက်ငယ်သားနှစ်ယောက်ဆီမှ ဓားရောင်ဝိုးခနဲ ဝင်းခနဲ ဖြစ်သွားသည်။

"အား..."



www.burmeseclassic.com

www.burmeseclassic.com



ယန်းပင် နာကျင်စွာ အော်လိုက်၏။

လက်အောက်ငယ်သားနှစ်ယောက်သည် ယန်းပင်အား ဓား ဖြင့် ခုတ်ချလိုက်သည်။

ယန်းပင်သည် ကြမ်းပြင်သို့လဲကျသွားတော့၏။

○

အခန်း(၁၅)

ခန့်မှန်းမိသောအကြံအစည်

ကိုယ်ရံတော်တပ်မှူးကြီးသည် ဒေါသဖြင့် လမ်းလျှောက်နေ၏။ မျက်နှာသည် တင်းမာပြီး နီရဲနေသည်။

သူ ဒေါသထွက်နေသဖြင့် အပေါက်ဝ၌စောင့်နေသော တပ်သားများပင် ငြိမ်ကုတ်နေကြ၏။

အဘယ်ကြောင့် ကိုယ်ရံတော်တပ်မှူးကြီး ဒေါသဖြစ်နေသနည်း။

မကြာမီက စာပို့သိမ်းငှက်ရောက်ရှိလာသောကြောင့် ကိုယ်ရံတော်တပ်မှူးကြီး ဒေါသဖြစ်နေရခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



စာပို့ရာတွင် နီးလျှင် စာပို့ခိုကိုအသုံးပြု၍ ဝေးလျှင် စာပို့သိမ်းငှက်ကို အသုံးပြုကြပေသည်။

ယခုတိဗက်နယ်စပ်မှ စာပို့သိမ်းငှက်ရောက်ရှိပြီး စာပါအကြောင်းအရာများကိုသိရပြီးနောက် ဒေါသအမျက်ခြောင်းခြောင်းထွက်နေခြင်း ဖြစ်တော့သည်။

စာပါ အကြောင်းအရာကား အခြားမဟုတ်။

ဟူကျန်းစုသည် ဘေးမဲ့စခန်း၏ စည်းကမ်းချက်ကို ချိုးဖောက်လိုက်ပြီဖြစ်သောကြောင့်တည်း။

ထို့ကြောင့် တိဗက်၊ တာလီ၊ မန်ချူးနှင့် တရုတ်သိုင်းသမားများအားလုံး ဟူကျန်းစုကိုသုတ်သင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။

ဟူကျန်းစုအား သုတ်သင်ရန်ပြင်ဆင်နေကြခြင်းမှာ တိဗက်၊ တာလီနှင့် မန်ချူးအာဏာပိုင်အားလုံးက အမိန့်ထုတ်ပြန်လိုက်သောကြောင့်ဖြစ်သည်။

မိမိသည်လည်း တရုတ်ပြည်ရှိ သိုင်းသမားများအားလုံးအတွက် အမိန့်ထုတ်ပြန်ရပေတော့မည်။

မိမိအနေဖြင့် ဟူကျန်းစုအား သုတ်သင်ရန် သာမန်အဖွဲ့သားများကိုထုတ်သုံး၍ မဖြစ်နိုင်ပါချေ။

ဟူကျန်းစုသည် ထိပ်တန်းသုတ်သင်ရေးသမားဖြစ်သည်။ သာမန်အဖွဲ့ဝင်များကို ဟူကျန်းစုကပြန်၍ သုတ်သင်ပစ်မည်သာ ဖြစ်သည်။



ထို့ကြောင့် သူကဲ့သို့ပင် ထိပ်တန်းသုတ်သင်ရေးသမားများကို ထုတ်သုံးရမည်သာဖြစ်ပေတော့မည်။

နန်းတော်ကိုယ်ရံတော်တပ်ဖွဲ့မှ လူများကိုလည်း ထုတ်သုံးရသည်။

နန်းတော်ကိုယ်ရံတော်တပ်ဖွဲ့မှာ အဆင့်မြင့်သိုင်းသမားများဖြစ်ကြပေသည်။

ကိုယ်ရံတော် တပ်မှူးကြီး စီယမ်ကွမ်းသည် ဟူကျန်းစုအကြောင်းသာ စဉ်းစားနေမိသည်။ အဘယ်သို့ဖြစ်ရသနည်း။

သူသည် အချက်တစ်ချက်ကို တွေးမိလိုက်၏။ ထိုအချက်မှာ ဟူကျန်းစုကို လေ့ကျင့်သင်ကြားပေးသူသည် စန်ကျုံးယင်ဖြစ်သည်ဆိုသည့် အချက်ကိုတည်း။

ဟူကျန်းစုကြောင့် မိမိမှာ အရှက်ရနေသည်။ မည်သည့်အကြောင်းကြောင့်ပင် ဖြစ်နေပါစေ မိမိမှာ အရှက်ရနေပြီ။

အခြားသူများထက် လက်ဦးအောင်မသုတ်သင်နိုင်လျှင် တစ်ရက်က နှစ်ရက်ဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် အများတကာထက် ဟူကျန်းစုကိုလက်ဦးအောင် သုတ်သင်နိုင်ရန် ကြိုးစားရပေတော့မည်။

စီယမ်ကွမ်းသည် စန်ကျုံးယင်ကိုအခေါ်လွှတ်လိုက်လေသည်။ မကြာမီ စန်ကျုံးယင် ရောက်ရှိလာသည်။

စန်ကျုံးယင်သည် စီယမ်ကွမ်းကိုဦးညွှတ်ဂါရဝပြုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စီယမ်ကွမ်းက စာပို့သိမ်းငှက်နှင့်ပါလာသော စာအကြောင်း ပြောပြလိုက်သည်။

စန်ကျုံးယင်က....

"ကျွန်တော် ဘာမှမသိရသေးပါဘူး"

"ဒါပေမယ့် တာဝန်က ခင်ဗျားအပေါ်မှာပဲ ကျနေတယ်၊ ခင်ဗျား လက်အောက်မှာပဲ သူ တာဝန်ထမ်းဆောင်နေတာမဟုတ်လား၊ သူ့ကိုတွေ့အောင်ရှာဖို့ ခင်ဗျားလုပ်ပေတော့"

သူသည် စန်ကျုံးယင်ကိုလက်ခါပြလိုက်၏။ သွားတော့ဟု ဆိုသည့်သဘောပင်တည်း။

စန်ကျုံးယင် ထွက်လာခဲ့ရ၏။ သူ့အခန်းထဲ၌ ပြန်ထိုင်ပြီး သက်ပြင်းချလိုက်၏။

သူသည် ရှောက်လီအား လိုက်လံရှာဖွေနေရသည်။

အကြိမ်များစွာ မိမလိုဖြစ်ပြီးမှ လွတ်ထွက်သွားရသည်။ သူ၏စိတ်မှာ အတော်ပင်ပန်းနေပြီဖြစ်သည်။ ယခုတိုင် ရှောက်လီအား မတွေ့ရသေးချေ။

ရှောက်လီသည် သူ့အား အဆက်အသွယ်မလုပ်တော့ပါ။ ထို့ကြောင့် သူ့မှာဒုက္ခရောက်နေရခြင်း ဖြစ်သည်။

ယခု ဟူကျန်းစု၏ပြဿနာ တက်လာရပြန်သည်။

ဟူကျန်းစုကို မန်ချူးနယ်မြေအတွင်း စေလွှတ်ထားသည်။ အဖျက်လုပ်ငန်းနှင့် သုတ်သင်ရေးလုပ်ငန်းများကို အမိန့်ပေးပို့သည်။



ဟူကျန်းစုက အကောင်အထည်ဖော်ရ၏။ ပြီးခဲ့သောတစ်လ လောက်ကတည်းကပင် ဟူကျန်းစုတို့သတင်းကို မရခဲ့ချေ။

ယခု ပေါ်လာပြီ။ သို့သော် လူကြီးအားလုံး အရှက်ရအောင် လုပ်ခဲ့ချေပြီ။

အိုယန်းဇုကိုသတ်ဖြတ်ရန် မိမိတာဝန်မပေးခဲ့ချေ။ မိမိ၏ပ ယောဂ လုံးဝမပါခဲ့။

အဘယ်ကြောင့် ဘေးတဲ့စခန်း၏ အရေးကြီးဆုံးသော စည်းကမ်းကို ချိုးဖောက်ခဲ့ရလေသနည်း။

ဟူကျန်းစုသည် အဘယ်ကြောင့် စိတ်ညှို့ပညာရှင်တစ်ဦး ကို အလိုရှိပါသနည်း။

ယခုဆိုလျှင် ထက်မြက်သောစားသမားတိုင်း သိုင်းသမား တိုင်းက သူ့အား ရှာဖွေသုတ်သင်ကြတော့မည်။ အဘယ်ကြောင့် မိုက် မဲသောအမှုကို ပြုခဲ့ရသနည်း။

စန်ကျုံးယင် ခေါင်းခါလိုက်၏။

ရှောက်လီသည်လည်း ပြေးနေရပေပြီ။ ဟူကျန်းစုလည်း ပြေးနေရပေပြီ။ သွေးသောက်ညီအစ်ကိုနှစ်ယောက်စလုံး ပြေးနေရ ပေပြီ။

စန်ကျုံးယင် စဉ်းစားလိုက်၏။ အတွေးတစ်ချက်ပေါ်လာသ ဖြင့် သူ နှစ်ခြိုက်စွာ ပြုံးလိုက်၏။ သူကောင်းစွာ အသုံးချရပေတော့ မည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီသည် လျှောက်ပြေးနေ၏။ ပြေးပေလေဦး။ မကြာမီ ဘာကြောင့်မှန်းမသိဘဲ သုတ်သင်ခံရတော့မည်။

ရှောက်လီ မည်မျှအပုန်းကောင်းပါစေ။

မကြာမီ တစ်ယောက်ယောက်သည် အရောက်သွားနိုင်မည်သာဖြစ်သည်။

သို့သော် သူ စဉ်းစားနေသည့်အချက်က ဟူကျန်းစု၏ကိစ္စဖြစ်သည်။

အဘယ်ကြောင့် စိတ်ညှို့နိုင်သည့်သမားတော်ကို ခေါ်ရသနည်း။ ဤကိစ္စကို စန်ကျုံးယင် နားမလည်နိုင်ပါ။

ယင်းအခြေအနေများကိုတွေးတောရင်း ရုတ်တရက် သူ့အဖြေများ မြင်လိုက်ရသည်။ စန်ကျုံးယင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ဟူကျန်းစုနှင့်ရှောက်လီတို့သည် သူ လေ့ကျင့်ပေးခဲ့သော သူ့တပည့်များဖြစ်၏။

သူ၏မွေးစားသားများလည်း ဖြစ်၏။ သူတို့ ပါးစပ်ဟသည်နှင့် ဝမ်းထဲ၌ အဘယ်နှစ်ခွရှိသည်ကို သူသိလိုက်ရသည်။

○

ဟူကျန်းစုသည် လေ့ဆိပ်သို့ဆင်းလာ၏။ သူ မနားမနေ



ခရီးနှင်ခဲ့သည်။ ယခု သူ လေ့ဆိပ်သို့ဆင်းလာနိုင်ခဲ့လေပြီ။

မြစ်ကြောင်းအတိုင်း စုန်ဆင်းရန်သာ ရှိတော့သည်။ မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားလျှင် တိဗက် တရုတ်နယ်စပ်သို့ရောက်ရှိတော့မည်။

မွန်ဂိုနယ်အတွင်း ရောက်ရှိသွားလျှင် စိုးရိမ်ရန် မရှိတော့။

တရုတ်နယ်အတွင်း ကျွမ်းကျင်သလို မွန်ဂိုနယ်အတွင်းသို့၌လည်း သူကျွမ်းကျင်သည်။

သူ့အား လုပ်ကြံရန် နယ်အသီးသီးသို့ ဓားသမားများ၊ သိုင်းသမားများ စေလွှတ်ပြီးပြီဟု သူ တွက်ဆမိ၏။

သူသည် တိဗက် တရုတ်နယ်စပ်ရှိ သမားတော်ကြီးထံ အရောက်သွားရပေမည်။

သမားတော်ကြီးထံရောက်ပြီးလျှင် သူ အကြောင်းမဟုတ်တော့ပါ။

ထိုသမားတော်ကြီးက သူလိုအပ်သမျှ အားလုံးလုပ်ပေးနိုင်လျှင် သူ့အား မည်သူမျှ ရှာဖွေတွေ့ရှိတော့မည်မဟုတ်ပါ။

ထိုသမားတော်ကြီးကို တွေ့ကိုတွေ့ရမည်။

မွန်ဂိုနယ်စပ်သို့သွားမည့် လှေတစ်စင်းရှိနေပါသည်။ ထိုလှေပေါ်တွင် ခရီးသည် ဆယ်ယောက်ခန့်ပါပြီး ကျန်ပစ္စည်းများကတော့ အပြည့်အသိပ် ဖြစ်နေပါသည်။

ဟူကျန်းစုမှာ များစွာ အကင်းပါးသည်။ လှေပေါ်ရှိလူအား

www.burmeseclassic.com

www.burmeseclassic.com



လုံးကို တစ်ယောက်ချင်း လှေလာပြီးပေပြီ။

အားလုံးရိုးရိုးခရီးသည်ချည်း ဖြစ်နေသည်။ သာမန်ကုန်သည်များသာ ဖြစ်သည်။

"လူစုံပြီလားဟေ့"

လှေသမားတစ်ယောက်က မေးလိုက်၏။

"အေး... လူစုံပြီ၊ ထပ်လာက်ဖို့ လူမရှိတော့ဘူး"

လှေသမားတစ်ယောက်က ပြန်အော်သည်။

ထိုအခါ ကုန်းပေါ်မှလှေသမားသည် ကြိုးကိုဖြုတ်သည်။ လှေထွက်ရန် တာစူနေပြီ။

ထိုအခါကျမှ ဟူကျန်းစု လှေပေါ်တက်လိုက်၏။ သူသည် အရာရာ သတိရှိသူဖြစ်၏။

လှေမထွက်ခင် ခားသမားတစ်ဦးဦး လိုက်ပါလာလျှင် သူ လှေပေါ်လိုက်တော့မည် မဟုတ်ချေ။

သူသည် ရွက်တိုင်နား သွားထိုင်နေလိုက်သည်။

လှေထိုးသမားသုံးယောက်သည် လှေကိုကမ်းစပ်မှခွာလိုက်သည်။

ထို့နောက် လှေထိုးသမားများသည် ရွက်များကို ပြင်ဆင်ကြတော့၏။

ရေစုန်ကို ရွက်လွှင့်သွားလျှင် မည်မျှခရီးတာသွားပါမည်နည်း။



ထိုစဉ် ကမ်းစပ်သို့မီးခိုးရောင်ဝတ်လူနှစ်ယောက် ရောက်ရှိလာ၏။

ထိုသူနှစ်ယောက်ရောက်ရှိလာပုံမှာ အမောတကော ဖြစ်သည်။

တစ်ယောက်က'တောက်'ခေါက်လိုက်ပြီး နောက်လူကို လှည့်ကြည့်၏။

နောက်လူက ခေါင်းညိတ်လိုက်၏။ ထိုအခါနှစ်ယောက်စလုံးပြေး၍ လှေပေါ်သို့ခုန်တက်လိုက်ကြ၏။

သူတို့နှစ်ဦး၏ ကိုယ်ဖော့ပညာမှာ အလွန်ကောင်း၏။ အတော်ဝေးနေသော လှေဆီသို့ ရောက်လုရောက်ခင် ခုန်နိုင်သည်။

သူတို့နှစ်ဦး ရေထဲသို့ ဗွမ်းခနဲ ကျသွား၏။

ထိုအခါ ကြိုးနှင့်သံချိတ်တစ်ခုသည် လှေတွင် လာချိတ်လေ၏။

သူတို့၏ ကိုယ်ဖော့ပညာသည် အလွန်ကောင်း၏။ ထို့ကြောင့် သိုင်းပညာသည်လည်း အလွန်ကောင်းသည်ဟု ခန့်မှန်းနိုင်ပါသည်။

ထိုလူနှစ်ဦးသည် တိဗက်လော၊ မန်ချူးလော၊ မွန်ဂိုလော၊ မိမိတို့အဖွဲ့မှလူလောဟု ခွဲခြား၍မသိရပါ။

သို့သော် သူသိသည်မှာ ထိုသူနှစ်ဦးသည် မိမိအား လုပ်ကြံမည့်သူနှစ်ဦးဖြစ်သည်ကိုပင်။ ထိုသူနှစ်ဦးသည် ဤလှေကို အမိဖိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့၏။

ဤသို့ဆိုလျှင် လှေဆိုက်ကပ်မည့် ဆိပ်ကမ်း၌လည်း မိမိကိုလုပ်ကြံမည့်သူ အပြည့်အနှက်ရှိနေမည်မှာ သေချာ၏။

သူတို့သတင်းရသွားလေပြီ။

ဟူကျန်းစုသည် လှေကြီးကမ်းစပ်နှင့်အလွန်ကွာဝေးသွားပြီလားဟု ကြည့်လိုက်၏။

ကမ်းစပ်နှင့် အလွန်မကွာဝေးသေးပေ။ ထိုလူနစ်ယောက်သည် လှေပေါ်သို့ရောက်ရှိပြီး လှေသူကြီးနှင့်သွားရောက် စကားပြောနေ၏။

လှေအတက်အဆင်း ခရီးသည်များကို မေးမြန်းနေခြင်းဖြစ်ပုံရ၏။

ဟူကျန်းစု ပြုံးလိုက်၏။

သူသည် မသိမသာ ထလိုက်ပြီး ကုန်ပစ္စည်းများ တင်ထားရာသို့ ကိုယ်ကိုကိုင်း၍ လျှောက်လာသည်။

ထို့နောက် ကုန်ပစ္စည်းများအကြားမှ ဖျဉ်ချပ်တစ်ချပ်ကိုယူလိုက်ပြီး ရေထဲသို့အသံမမြည်အောင် ဆင်းလိုက်၏။

ဟူကျန်းစု ကျန်နေရစ်ပြီ။

"ရှာပေဦးတော့ မိတ်ဆွေတို့ရေ"

သူသည် အသံမထွက်ဘဲ ရေငုပ်လိုက်၏။ မကြာမီ လှေကြီးသည် တဖြည်းဖြည်း ဝေးကွာသွားလေတော့၏။



ဟူကျန်းစုသည် သူ့အား မမြင်ရလေအောင် ပထမတွင် ရေငုပ်နေ၏။

ထို့နောက် လှေကြီးဝေးကွာသွားသောအခါမှ ခေါင်းပေါ်လိုက်၏။

ထို့နောက် ကမ်းစပ်သို့ တဖြည်းဖြည်း ကူးခတ်လာလေတော့၏။

၁

စန်ကျိုးယင်သည် ဟူကျန်းစု၏သတင်းကို နားထောင်နေသည်။

စာပို့သိမ်းငှက်ရောက်လာသောအခါ သတင်းကိုသိရလေပြီ။ ထိုအခါ တိဗက်နယ်စပ်သို့ ခရီးထွက်လာလေတော့သည်။

သူသည် ခရီး၌ အဖော်မပါ တစ်ကိုယ်တည်း မလာပါ။ သူသည် အမြဲသတိရှိသောသူဖြစ်သည့်အတွက် ချင်းရှောင်နှင့် ချီရှောင်တို့အား ခေါ်လာခဲ့၏။

ချင်းရှောင်နှင့် ချီရှောင်တို့သည် ဟူကျန်းစုနှင့် ရောက်လီကဲ့သို့ အလွန်အားကိုးရသော သားတပည့်များဖြစ်လေ၏။

ချီရှောင်က....

"ဆရာ... ဟူကျန်းစုကို လှေဆိပ်မှာ ခြေရာခံမိသွားကြပြီတဲ့၊

www.burmeseclassic.com



တစ်ဖက်က ကွန်ယက်ကတော့ ပိုက်စိပ်တိုက်နေပြီဆရာ”

ချီရှောင်က စာပို့လင်းယုန်ဖြင့် ပို့လိုက်သည့် သတင်းကိုဖတ်ပြနေခြင်းဖြစ်၏။

စန်ကျုံးယင်က သက်ပြင်းချလိုက်၏။ သူသည် ရှောက်လီဆီမှသတင်းမရသဖြင့် မောနေ၏။

ယခုဟူကျန်းစု၏ခြေရာကိုကောက်မိသဖြင့် သူ အမောသက်သာနေပေသေး၏။

ချင်းရှောင်က ချီရှောင်ကိုပြောလိုက်၏။

“ခြေရာကောက်မိတာတော့ မှန်တယ်... ဒါပေမယ့် ကမ်းပေါ်က အဖွဲ့တွေကလဲ သူ့ကိုမမိသေးပါဘူးကွာ၊ သူက ခြေရာဖျောက်သွားတာကွ”

ထိုအခါ စန်ကျုံးယင်က ပြောလိုက်၏။

“မိသွားရင် ငါ အံ့သြမိမှာကွ... သူ လူတော်တစ်ယောက်ဖြစ်လာအောင် ငါပဲ လေ့ကျင့်ပေးလိုက်တာ မဟုတ်လား၊ ဒီကောင် တော်ရုံတန်ရုံနဲ့ ဘယ်အဖမ်းခံလိမ့်မလဲ၊ စဉ်းစားကြည့်စမ်း... သူ့နေရာရောက်ရင် ငါ ဘာလုပ်မလဲ၊ ဒီနေရာဟာ ရေလမ်းပဲရှိတယ်၊ ဒီကထွက်ဖို့ ဘယ်လိုနည်းလမ်းနဲ့ထွက်မလဲ၊ ကုန်းလမ်းကလဲ မထွက်နိုင်ဘူး... ဘာဖြစ်လို့လဲဆိုတော့ ကုန်းလမ်းကသွားနိုင်တဲ့ လမ်းမှန်သမျှကို ငါ ပိတ်ဆို့ထားပြီးပြီပဲ”

ချီရှောင်က မေးလိုက်၏။



“ဆရာ... သူ တိဗက်နယ်စပ်ကိုသွားမှာ”

“မဟုတ်ဘူး... မွန်ဂိုနယ်စပ်ကိုသွားမှာ”

ချင်းရှောင်က ပြောလိုက်၏။

“သူ ပုန်းနေဖို့မလွယ်ပါဘူး... သူ့ရုပ်ရည်က လူတကာထင်သာမြင်သာ ဖြစ်နေတာပဲ၊ အဲဒီရုပ်ရည်ကြောင့် သူဟာ ပုန်းနေရာကထွက်ကိုထွက်ရမယ်”

“အေး... မင်းတို့ပုစ္ဆာတစ်ပုဒ်တွက်သလို အဖြေနဲ့အလုန်တွက်တာဟာ သိပ်ကောင်းတယ်ကွ၊ သူ ဘယ်လိုထွက်လာမယ်ဆိုတာတို့စောင့်ကြည့်ရမယ်”

ချီရှောင်က...

“သူ လေ့ဆိပ်ကလေ့ပေါ်မှာ ပျောက်သွားတယ်လို့ သတင်းကဆိုတယ်၊ ဒါဆို သူရေထဲဆင်းသွားပြီ ကိုယ်ယောင်ဖျောက်သွားတာဖြစ်မှာပေါ့၊ သူ ကုန်းလမ်းကတော့ မထွက်ဘူး၊ ရေလမ်းကပဲ ထွက်မယ်၊ နောက်လှေတစ်စင်းပေါ် ဒါမှမဟုတ် သူ့ဘာသာ အကြံအဖန်လုပ်ထားတဲ့ လှေတစ်စင်းစင်းနဲ့ ထွက်လာရမယ်”

ချင်းရှောင်က...

“သူ့ရုပ်ကို လူတကာ သိမြင်နေတာလဲ တွက်ဦး၊ သူ့ရုပ်ဖျက်လာမှာ သေချာတယ်”

ချီရှောင်က ပြန်ပြောလိုက်၏။

“ရုပ်ဖျက်မှာကတော့ အသေအချာပေါ့ကွာ၊ ဒါကို သည့်ပြော

www.burmeseclassic.com

www.burmeseclassic.com



နေစရာတောင် မလိုပါဘူး၊ ဒါပေမယ့် တို့တွေရဲ့အမြင်မှာတော့ ဘယ်လောက်ရှုပ်ဖျက်ဖျက် သိနေတာပါပဲကွာ"

စန်ကျုံးယင်သည် စဉ်းစားနေ၏။

ဟူကျန်းစု ထွက်နိုင်သည့်ထွက်ပေါက်များကို စဉ်းစားနေခြင်းဖြစ်၏။

သူသည် ဟူကျန်းစုထွက်နိုင်မည့် ထွက်ပေါက်ကို စဉ်းစားမိသဖြင့် ကျေနပ်စွာ ပြုံးလိုက်လေ၏။

သို့သော် သူသည် ဟူကျန်းစု၏အကြံအစည်ကို အမြဲတမ်းကြိုတင်တွက်ဆနိုင်ခဲ့သော်လည်း ရောက်လီ၏အကြံအစည်ကိုမူ မှန်းဆ၍မရဘဲ ဖြစ်နေပါသည်။

သူ၏ ကျေနပ်သောအပြုံးသည် ပြန်လည်ကွယ်ပျောက်သွားရလေတော့သည်။

○

အခန်း(၁၆)

လှပသောထောင်ချောက်

ဟူကျန်းစုမှာ အတွေးများ ထွေပြားနေရသည်။ သူ့အား နောက်မှ တကောက်ကောက် လိုက်နေကြပြီ။

ထိုသူများသည် မွန်ဂိုနယ်အတွင်းသို့လည်း လိုက်မည်မှာ သေချာသည်။

မွန်ဂိုနယ်၏ ဓားသမားများကကော၊ သူတို့လည်း မိမိအား အမဲလိုက်ကြတော့မည် ဖြစ်တော့သည်။

မွန်ဂိုနယ်အတွင်းရောက်လျှင် လွတ်မည်ဟု တွေးထင်ခဲ့သည့် မိမိအမြင်များ မှားယွင်းနေခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူကတော့ ပြေးလွှားနေမိ၏။ ငယ်စဉ်ကပင် အလေ့အကျင့်ဖြစ်နေသဖြင့် အလိုလိုလှုပ်ရှားနေမိခြင်းဖြစ်၏။

သူ ပြေး၍ကော လွတ်ပါမည်လော။

သေချင်းသေလျှင် အမိမြေ၌ပင် သေလိုပါ၏။ သူတစ်ပါးမြေထဲ၌တော့ မသေလိုပါ။

အမိမြေအတွင်းသို့ ပြန်လည်ဝင်ရောက်ရပါမည်။ ပြီးတော့ လူမသိသူမသိနေရာ၌ သေချင်သည်။ သူသည် စိတ်ကူးယဉ်ဆန်နေပြီလော။

ဟူကျန်းစု သက်ပြင်းချလိုက်၏။

အကြံအစည်တစ်ခုကို စိတ်ကူးလိုက်ပါ၏။ သူ့အကြံအစည်မှာ စိတ်ကူးယဉ်ဇာတ်လမ်းတစ်ပုဒ်လိုပင် ဖြစ်နေပါသည်။

သူမသေမီ သူ၏သွေးသောက်အစ်ကိုနှင့် ဆရာဖြစ်သူကိုတော့ တွေ့သွားချင်ပါသေး၏။

တဖြည်းဖြည်း မှောင်လာသောအခါ သူသည် သစ်ပင်အောက်မှ ထလိုက်မိသည်။

သူသည် မြို့ကလေး၏ ဆင်ခြေဖုံးရပ်ကွက်ဆီသို့ ဦးတည်လျှောက်သွားလေတော့၏။

လမ်းများသည် ကျဉ်းမြောင်းပြီး ညစ်ပတ်နံစော်နေပါ၏။

ဟူကျန်းစုသည် လမ်းအတိုင်းဝင်ခဲ့ပြီးနောက် အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်၏။



ထို့နောက် ဘေးဘီဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်၏။

"ဒေါက်... ဒေါက်... ဒေါက်"

ဒုတိယအကြိမ် တံခါးခေါက်လိုက်သောအခါ ဆံပင်များ ဖြူဖွေးနေသောအဘိုးအိုတစ်ယောက်၏ဦးခေါင်းသည် ပြူထွက်လာလေ၏။

ဟူကျန်းစုက မွန်ဂိုဘာသာဖြင့် တစ်စုံတစ်ခုကိုပြောလိုက်သည်။

အဘိုးအိုသည် ဟူကျန်းစုအား အတွင်းသို့ခေါ်သွင်းလိုက်၏။

ဤရပ်ကွက်ကား အခြားမဟုတ်။

မွန်ဂိုဆင်းရဲသားတို့နေထိုင်သော ရပ်ကွက်ပင်တည်း။

အဘိုးအိုက....

"မင်းကိုလိုက်ရှာနေကြတယ်"

"ဟုတ်တယ်"

"မင်း ဒီကိုလာဖို့မသင့်ဘူး... အားလုံးက ဝိုင်းရှာကြတာဆိုတော့ တစ်ယောက်မဟုတ်တစ်ယောက် တွေ့သွားနိုင်တယ်"

"ကျွန်တော် ကုယ်မုစွေရဲ့မပြီးပြတ်တဲ့အလုပ်ကို ဝင်ရှင်းပေးခဲ့တာပါ"

အဘိုးအို သက်ပြင်းချလိုက်၏။

ကုယ်မုစွေသည် မွန်ဂိုတပ်မှူးမဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



"ကုယံ့မုစွေကော"

"သေပြီ"

အဘိုးအိုမှာ မျက်မှာပျက်သွားသည်။

အဘိုးအိုသည် ကုယံ့မုစွေ၏ဆရာပင်ဖြစ်၏။ ထို့ကြောင့် သိသူမှာ အလွန်နည်းပါးသည်။

အဘိုးအိုက မေးလိုက်၏။

"မင်း ဘာဆက်လုပ်မလဲ"

"ကျွန်တော့် ပြည်ထဲအရောက်ပြန်သွားချင်တယ်... ကျွန်တော့် မြေပေါ်မှာပဲ သေချင်တယ်"

"အို... ဘယ်လွယ်မှာလဲကွာ"

ဟူကျန်းစုက ရယ်မောလိုက်၏။

"လွယ်ကူရင် ကျွန်တော် ဒီကိုတောင် လာစရာမလိုတော့ဘူးပေါ့ဗျာ၊ ဟုတ်တယ်မဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်ရတော့၏။ အဘိုးအိုသည် မြေပုံတစ်ချပ် ယူလာ၏။

ဟူကျန်းစုက မြေပုံပေါ်၌ လမ်းကြောင်းတစ်ခုကို ရေးဆွဲလိုက်၏။

"ရေလမ်းက စုန်ဆင်းသွားရင် အဲဒီမြို့ကလေးကို သုံးရက်တည်းနဲ့ အရောက်သွားနိုင်မယ် မဟုတ်လား"

အဘိုးအိုက စဉ်းစဉ်းစားစား ပြောလိုက်၏။



"ရေလမ်းကိုပဲ သူတို့စောင့်ကြည့်နေကြတာပဲ၊ ကုန်းလမ်းဆိုရင်တော့ မပြောနဲ့တော့ အကုန်ပိတ်ဆို့ပြီးပြီ"

ဟူကျန်းစုက ပြောလိုက်၏။

"မှုန်ဂိုသူလျှိုတွေကို တိဗက်တွေလိုက်ပို့နေတဲ့ လှေတွေရှိတာပဲ၊ သူတို့လှည့်စားနိုင်မှာ မဟုတ်ဘူးလား"

"ဒီအတွက် ငွေဘယ်လောက်ပေးရတယ်မှတ်သလဲ၊ ပေးရတဲ့ငွေကြေးက နည်းတာမဟုတ်ဘူးကွ"

ဟူကျန်းစုသည် အိတ်ထဲမှ ရွှေတုံးကလေးကိုနှိုက်လိုက်သည်။

အဘိုးအိုက လှမ်းပေးလိုက်၏။

"ဒီမှာ ရွှေ... ဒီလောက်ဆိုရင် သူတို့အငမ်းမရ လိုက်ပို့ပေးကြမယ် ထင်ပါတယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ဒီလောက်ပေးတော့ မင်းကိုဘာမှမဖြစ်ဘဲ ဟိုအဲထိရောက်အောင် လိုက်ပို့ပေးနိုင်မှာ သေချာပါတယ်"

"ကောင်းပြီ... ဒါဆို ဒီညပဲ သွားမယ်"

"ဘယ်ဖြစ်မလဲ... လူစုရဦးမယ်၊ မနက်ထွက်နိုင်ရင် စောတယ်လို့ ဆိုရမယ်"

"ဟာ... ဒီထက်စောလို့ မဖြစ်ဘူးလား"

အဘိုးအိုက စိတ်မရှည်သလို ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နည်းနဲ့မှ မစောဘူး... မင်း ဒီမှာပဲ နားပေါ့၊ ကျုပ်အစစအရာရာ စီစဉ်ထားလိုက်ပါ့မယ်၊ သွားဖို့ အဆင့်သင့်ဖြစ်တာနဲ့ လာခေါ်မယ်"

ဟူကျန်းစုသည် စုတ်ချာလှသော အိမ်ကလေးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

"ဒီမှာ လုံခြုံမှုရှိပါ့မလား"

"ငါ့အသက်ကိုတင်ပြီး အာမခံတယ်ကွာ၊ ဒီအိမ်ထဲမှာ မင်းရှိနေသမျှ ဘယ်သူမှမလာစေရဘူး"

ဟူကျန်းစု ဘာမှမပြောတော့ပါ။

ဤသို့ဖြင့်·တစ်ညတာ ကုန်ဆုံးသွား၏။

နောက်တစ်နေ့နံနက် အလင်းရောင်မထွက်မီပင် အဘိုးအိုက ဟူကျန်းစုအား လာရောက်ခေါ်ငင်သည်။

ထို့နောက် အဘိုးအိုသည် ချောင်းလက်တက်လေးတစ်ခုသို့ ဆင်းသွား၏။

ချောင်ထဲ၌ဝှက်ထားသော လှေတစ်စင်းကိုတွေ့လိုက်ရသည်။

လှေမှာ ဆယ့်နှစ်ပေခန့်ရှည်ပြီး ခြောက်ပေခန့်ကျယ်သည်။

အဘိုးအိုက ဟူကျန်းစုအား လှေပေါ်တင်ပေးလိုက်ပြီး....

"လမ်းမှာ သူတို့စကားကို မင်း နားထောင်ရလိမ့်မယ်၊ သူတို့ကလဲ မင်းကိုလိုအပ်မှ ပြောမှာပါ"



ဟူကျန်းစုက ခေါင်းညိတ်လိုက်၏။

မွန်ဂိုလေးယောက်သည်လည်း လှေပေါ်သို့တက်လိုက်၏။

စုစုပေါင်း ဟူကျန်းစုနှင့်ငါးယောက်ဖြစ်သွားသည်။

မကြာမီ သူတို့သည် ထွက်ခွာလာခဲ့ကြသည်။ အဘိုးအိုနှုတ်ဆက်၍ ကျန်ခဲ့သည်။

သူတို့လှေစုထွက်ခွာသွားပြီးသည်နှင့် မကြာမီ တစ်ဦးရောက်ရှိလာတော့သည်။

ထိုသူမှာ အခြားသူမဟုတ်ပါ။ စန်ကျုံးယင်ပင် ဖြစ်ပါ၏။

မွန်ဂိုအဘိုးအိုသည် မျက်မှောင်ကြုတ်၍ ကြည့်နေ၏။

စန်ကျုံးယင်က ဦးညွတ်ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ်"

စန်ကျုံးယင်က ပြောလိုက်ခြင်းဖြစ်ပါသည်။

အဘိုးအိုက....

"မင်းနဲ့ငါ ကျေးဇူးတရားကိစ္စ ရှင်းလင်းသွားပြီနော်"

စန်ကျုံးယင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"မင်းသာ ငါပြောတဲ့အတိုင်း မလုပ်ဘဲ ဒီမှာပဲ လုပ်ကြံမယ်ဆိုရင် ငါက ဝင်စွက်မှာ အသေအချာပဲ"

"ကျုပ်က ကတိပေးပြီးရင် ဒီကတိကို သေသေချာချာ စောင့်ထိန်းပါတယ်၊ သူ့ကို တခြားလူထက် ကျုပ်တို့က ဦးအောင်ဖမ်းမိဖို့

www.burmeseclassic.com

www.burmeseclassic.com



အငြေးကြီးနေတယ်လေ”

“ဘာဖြစ်လို့လဲ”

“အရှက်မကွဲအောင်ပေါ့ဗျာ… အရှက်မကွဲအောင်ပေါ့၊ ဘေးမဲ့စခန်းစည်းကမ်းကိုဖောက်ဖျက်တာ နည်းနည်းနှောနှောအပြစ်လားဗျာ၊ ကျုပ်တို့လူကို ကျုပ်တို့ရှင်းပစ်နိုင်တယ်ဆိုရင် အများအမြင်မှာ အများကြီး ကောင်းသွားတာပေါ့”

အဘိုးအိုက အေးစက်စက် ပြောလိုက်သည်။

“သူပြေးလို့မလွတ်မှာကတော့ သေချာပါတယ်”

စန်ကျုံးယင် ဂါရဝပြုပြီး ဦးညွတ်နှုတ်ဆက်လိုက်၏။

“ကဲ… ကျုပ်လဲ စီစဉ်စရာရှိတာကို စီစဉ်ရဦးမယ်၊ ကျုပ်ကို သွားခွင့်ပြုပါဦး”

အဘိုးအိုက ဘာမှပြန်မပြောပါ။

စန်ကျုံးယင်လည်း လှည့်ထွက်သွားလေတော့၏။

ဤကား ထောင်ချောက်တစ်ခုပင်။ ဟူကျန်းစုအတွက်ကား အလွန်လှပသော ထောင်ချောက်တစ်ခုပင်။

သင်မှန်းဆပေါ်မှ ပျားရည်စက်ဖြစ်သည်။ မည်သို့သော ထောင်ချောက်နည်း။

အဘိုးအိုမှာ တစ်ချိန်က မွန်ဂိုတပ်မှ ရဲရဲတောက်တပ်မှူးတစ်ဦးဖြစ်သည်။

သူသည် တိုက်ပွဲပေါင်းများစွာကို ဦးဆောင်အနိုင်ယူခဲ့သူ



ဖြစ်၏။

တစ်ပွဲတွင်တော့ သူ မနိုင်ခဲ့ပေ။ သေလုနီးပါး ဖြစ်ခဲ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က တိုက်ပွဲတစ်ပွဲတွင် စန်ကျုံးယင်က အဘိုးအိုအား သတ်ဖြတ်နိုင်ခဲ့သည့်အဖြစ်ကိုရောက်ရှိခဲ့၏။

သို့သော် စန်ကျုံးယင်က မသတ်ဘဲ လွှတ်ပေးခဲ့သည်။

ဤကား အကြွေးကိစ္စဖြစ်နေသည်။ ယခု စန်ကျုံးယင်သည် ဟူကျန်းစုမရောက်မီ ရောက်လာခဲ့ပြီး ဟူကျန်းစုအတွက် ထောင်ချောက်တစ်ခု စီစဉ်လိုက်တော့၏။

ဟူကျန်းစုသည် ထိုထောင်ချောက်တွင် အပ်ခြင်းခံရပေတော့သည်။ ဤသို့ဖြင့် ဟူကျန်းစု ရောက်ရှိလာခဲ့၏။

ဟူကျန်းစုနှင့် အဘိုးအိုစကားပြောသောအခါ ကုယ်မုစွေအတွက် ကြားဝင်ပြီး အလုပ်လုပ်ပေးခဲ့သူမှာ ဟူကျန်းစုဖြစ်ကြောင်း အဘိုးအို သိလိုက်ရတော့သည်။

ထိုအခါ အဘိုးအို သဘောထားပြောင်းသွားတော့သည်။

မွန်ဂိုတပ်မှူးဟောင်းတစ်ဦးအတွက် အလုပ်လုပ်ပေးခဲ့သူကို မွန်ဂိုနယ်မြေအတွင်း၌ သွေးမြေမကျကောင်းပေ။ အဘိုးအိုသည် စိတ်ပြောင်းလဲသွားတော့၏။

ဟူကျန်းစုအား မွန်ဂိုအတွင်း၌ အဖမ်းမခံတော့ပေ။

စန်ကျုံးယင်နှင့် ပြန်လည်ဆွေးနွေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်ကျုံးယင်သည် မွန်ဂိုနယ်မြေအတွင်း၌ သုတ်သင်ခြင်းမခံ ရသေးပေ။

မိမိနယ်မြေမှသာ ဖမ်းဆီးသုတ်သင်ရန် သဘောတူရသည်။

အဘိုးအိုသည် သက်ပြင်းချလိုက်၏။

ကုယ်မိုးစွေအတွက် ကြားဖြတ်အလုပ်လုပ်ပေးခဲ့သဖြင့် ဟူကျန်းစုကို စန်ကျုံးယင်၏လက်ထဲ ထိုးအပ်ခဲ့ရပါသည်။

"အင်း… အကြွေး… အကြွေး"

"အတော်ဆိုးဝါးပါကလား"

အဘိုးအိုသည် တီးတိုးရေရွတ်လိုက်ပြီး ခေါင်းငိုက်စိုက်ကျ ထွက်ခွာသွားတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်း) ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)
### မားစာ

လှေသည် မွန်ဂိုတို့၏မြစ်ကြောင်းအတိုင်း စုန်ဆင်းခဲ့ရာမှ တရုတ်ပြည်ထဲသို့ ရောက်ရှိလာတော့၏။

ထိုအခါ ဟူကျန်းစု၏စိတ်ထဲတွင် ကြည်နူးသွားလေတော့သည်။

အမိမြေသို့ပြန်လည်ရောက်ရှိလာခဲ့ပြီ မဟုတ်ပါလား။ မွန်ဂိုနယ်ထဲ၌ သမားတော်ကြီးကိုရှာဖွေရာ မတွေ့ခဲ့ပေ။

သူသည် လေကိုတဝကြီး ရှူပစ်လိုက်၏။ လှေသည် ကမ်းစပ်သို့တိုးကပ်လိုက်၏။

ဟူကျန်းစုသည် ကမ်းပေါ်သို့ခုန်တက်လိုက်သည်။

လှေသမား မွန်ဂိုများကို လက်ပြနှုတ်ဆက်ပြီး ကျေးရွာခင်း ထွက်ခွာလာ၏။

လှေသည်လည်း ပြန်လည်ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုသည် တောင်ကုန်ကလေးအပေါ်သို့ ရောက်ရှိလာခဲ့သည်။

တောင်ကုန်းပေါ်၌ တွင်းတစ်တွင်း တူးသည်။ လူတစ်ကိုယ်စာမြှုပ်နိုင်သည့်တွင်းကို တူးနေပေသည်။

ထို့နောက် တွင်းပေါ်၌ သစ်ကိုင်းများကို ဒေါက်ခံထားလိုက်သည်။

တူးထားသောမြေစာများကို သစ်ကိုင်းများပေါ်သို့တင်လိုက်သည်။

ထောက်ခံထားသော သစ်ကိုင်းများကိုတွင်းထဲမှ ကန်လိုက်လျှင် မြေစာများသည် တွင်းထဲသို့ကျသွားပေတော့မည်။

ဟူကျန်းစုသည် အံတစ်ချက်ကြိတ်လိုက်သည်။ အံကြိတ်ရမည်လော။

သူသုတ်သင်ခဲ့သော သွေးရဲရဲသံရဲရဲ မျက်နှာများကို သူပြန်လည်မြင်ယောင်လာသောကြောင့်ဖြစ်၏။

ထိုမျက်နှာများကို ပြန်လည်မြင်ယောင်တိုင်း သူစိတ်မချမ်းမသာ ဖြစ်ရသည်။

ယခုတစ်ကြိမ်တွင် သူ မည်သို့မျှ မနေရတော့ပါ။ သူလည်း ထိုသူများကဲ့သို့ သေဆုံးရတော့မည်ဖြစ်သည်။

ဟူကျန်းစု တွင်းထိပ်၌ ရပ်လိုက်သည်။ ဆုမွန်ကောင်းများတောင်းလိုက်သည်။ သူ့ကိုယ်သူ ဓားနှင့်ထိုးရန် ဟန်ပြင်လိုက်သည်။

ထိုတစ်ခဏအတွင်း သူ၏ခန္ဓာကိုယ် ထုံကျင်သွားသလိုဖြစ်



သွားပြီး ဓားမှာလည်း လက်ထဲမှလွတ်ကျသွား၏။

မျက်လုံးများ ဝေဝါးလာသော်လည်း မျက်နှာတစ်ခုကိုတွေ့ဖြစ်အောင် တွေ့လိုက်သေးသည်။

ထိုသူမှာ သူ၏ဆရာ စန်ကျုံးယင်၏မျက်နှာပင် ဖြစ်သည်။

ထို့နောက် ဟူကျန်စုသည် ဝုန်းခနဲ လဲကျသွား၏။

စန်ကျုံးယင်သည် မြေပေါ်လဲကျသွားသော ဟူကျန်းစုကို ပွေ့ချီကာ တောင်ကုန်းကလေးပေါ်မှ ပြေးဆင်းသွားလေတော့သည်။

ဟူကျန်းစု ပြန်လည်သတိရလာသောအခါ လှေတစ်စင်းပေါ်တွင် ပြန်လည်ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုစဉ် စန်ကျုံးယင်၏မျက်နှာကို တွေ့မြင်လိုက်ရလေ၏။

ဟူကျန်းစုသည် သတိရလာပြီဖြစ်သော်လည်း အိပ်မက်မက်သလိုဖြစ်နေသည်။

စန်ကျုံးယင်၏နံဘေးတွင် လူတစ်ယောက်ရှိနေသည်ကိုလည်း တွေ့ရသည်။

ဟူကျန်းစု ထထိုင်ရန် ကြိုးစားသည်။ မထနိုင်ပေ။ တစ်ကိုယ်လုံး လေးလံနေပေသည်။ လှုပ်ရှား၍ မရပေ။

စန်ကျုံးယင်က ပြောလိုက်သည်။

“သမားတော်ကြီး... သူ့ကိုမေးလို့ရပြီလား”

သမားတော်ကြီး ခေါင်းညိတ်လိုက်၏။

“မေးလို့ရပါပြီ... သူ့ကိုမှူးယစ်ဆေး တိုက်ကျွေးထားတယ်၊ သူ တော်တော်ဖြေနိုင်လိမ့်မယ်လို့ ထင်ပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



စန်ကျူးယင်က ဟူကျန်းစုအား မေးလိုက်သည်။

"ငါဘယ်သူလဲဆိုတာ သိလား"

"သိ… သိပါတယ်"

"သိရင်ပြောစမ်း"

"ဆရာ… ဆရာစန်ကျူးယင်ပါ"

ဟူကျန်းစု စိတ်သဏ္ဌာန်အတွင်းဝယ် ငယ်ဘဝများကိုပြန်လည်သတိရလာတော့သည်။

စန်ကျူးယင်ထံမှ လေသံထပ်ထွက်လာသည်။

"တကယ်တော့ မင်းဟာ ငါ့သားဆိုရင် မှားမယ်မထင်ဘူး။ မင်းတို့ကို ငါကပဲ ငယ်ငယ်ကတည်းက မွေးဖွားစောင့်ရှောက်ပြုစုလာခဲ့ရတာ"

စန်ကျူးယင်က နူးညံ့စွာ စကားပြောလိုက်သည်။

ဟူကျန်းစုက ခေါ်လိုက်သည်။

"ဆရာ…"

"မင်းကို ငါသိပ်ချစ်တယ် တပည့်"

"ဟုတ်ကဲ့… ကျွန်တော်ကလဲ ဒီအတိုင်းပါပဲ ဆရာရယ်၊ ဆရာ့ကို သိပ်ချစ်ပါတယ်"

"ငါသိချင်တာတွေ မေးပါရစေ… မင်းဖြေပါဦး"

"ဟုတ်ကဲ့… ကျွန်တော်ဖြေပါ့မယ်"

စန်ကျူးယင်က ဟူကျန်းစု၏မျက်နှာကို စိန်းစိန်းကြည့်လိုက်သည်။ ထို့နောက် ဟူကျန်းစုကိုမေးလိုက်၏။



"မင်း ဘာဖြစ်လို့ သမားတော်ကိုရှာနေရတာလဲ"

ဟူကျန်းစုသည် မျက်လုံးများကိုမှိတ်၍ ပြန်ဖြေသည်။

"ငြိမ်းချမ်းဖို့"

"ဘာ… ငြိမ်းချမ်းဖို့ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ကျွန်တော် မငြိမ်းချမ်းဘူး၊ ဒီဘဝကိုမပျော်ပိုက်ဘူး။ ကျွန်တော်လုပ်ခဲ့သမျှ ကျွန်တော်နောင်တရနေတယ်"

"ဒါဖြင့် မင်း ဘုန်းကြီးဝတ်ခဲ့တာလဲ၊ ငြိမ်းချမ်းဖို့ပဲပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်… ဘုန်းကြီးဝတ်တာလဲ ငြိမ်းချမ်းဖို့ပါ၊ ဒါပေမယ့် မရဘူး… အားလုံးက ကျွန်တော့်ကို ခြောက်လှန့်နေကြတာပဲ၊ ဒါကြောင့် စိတ်ညစ်ပြီး ကျွန်တော့်အသိအာရုံတွေ ပျောက်ဖျက်ပစ်ဖို့ ကျွန်တော်ကြိုးစားချင်တာပါ"

စန်ကျူးယင် လေးပင်စွာ သက်ပြင်းချလိုက်သည်။

"မင်းသတိထားစမ်း… ရှောက်လီဆီက ဘာများသတင်းသလဲ"

စန်ကျူးယင်က မေးလိုက်သည်။

ထိုအခါ ဟူကျန်းစုက မကြားဟုထင်သည်။

"ဟင်…"

"ရှောက်လီဆီက ဘာသတင်းရသလဲ"

စန်ကျူးယင်၏အသံက ကျယ်လောင်လာသည်။

ဟူကျန်းစုသည် အတန်ကြာ ငြိမ်သက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"ဘာသတင်းမှမရပါဘူး"

စန်ကျိုးယင်က လေသံမာမာဖြင့် မေးလိုက်သည်။

"မဟုတ်ဘူး... ရောက်လီဆီက မင်းကိုသတင်းပို့ခဲ့တယ်"

ထိုအခါ သမားတော်ကြီးကပါးစပ်ကို လက်ညှိုးနှင့်ပိတ်၍ တံခွန်း၍ လုပ်လိုက်သည်။ ဖြည်းညင်းစွာ မေးရန် အချက်ပြခြင်းပင်။

ဟူကျန်းစုက....

"သူနဲ့အဆက်အသွယ်မရတာ ကြာပါပြီ"

"သူ ဘယ်မှာလဲ... မင်းသိလား"

"မသိဘူး"

"မင်းကို ငါ စာတစ်ကြောင်းဖတ်ပြမယ်၊ အဓိပ္ပာယ်ပြော စမ်း"

စန်ကျိုးယင်သည် ရောက်လီပို့ခဲ့သော တာပို့ခိုမှစာကို ဖတ်ပြလိုက်သည်။

ထိုစာသည် ဟူကျန်းစုအတွက် ရောက်လာသောစာဟု သူထင်သည်။

စာပါကြောင်းအရာကို စန်ကျိုးယင် မသိဘဲဖြစ်နေသည်။ စာမှာ စကားဝှက်မဟုတ်ပါ။

ဟူကျန်းစုနှင့်ရောက်လီတို့ နှစ်ဦးတည်းသာသိမည်ဖြစ်သော စာပင်ဖြစ်မည်ဟု စန်ကျိုးယင် ယုံကြည်နေသည်။

"နှင်းအိမ်ဓားကိုးတစ်ချောင်း"



ဟူကျန်းစု၏ခန္ဓာကိုယ်မှာ လှုပ်ခါသွားသည်။

စန်ကျိုးယင်က အရေးတကြီး မေးလိုက်သည်။

"အဲဒီ နှင်းအိမ်ဓားကိုးတစ်ချောင်းရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ"

"ဒါ... ဒါ ရောက်လီရဲ့စာပဲ၊ သူ...သူ ဒုက္ခရောက်နေပြီ၊ သူ ဒုက္ခရောက်ပြီ"

ဟူကျန်းစု ခန္ဓာကိုယ်မှာ လှုပ်ခါနေသည်။ သူ ရောက်လီအား မည်မျှအရေးထားကြောင်း ခန္ဓာကိုယ်က ဖော်ပြနေ၏။

"ဆက်ပြောစမ်း"

"သူ့ကို လုပ်ကြံနေကြတယ်"

"ဟုတ်ပြီ... ဆက်ပြော"

"သူ အကူအညီလိုနေတယ်"

"သူ့နေရာပါသလား"

"နေရာက ထပ်ပြီး လျှို့ဝှက်ထားတယ်"

စန်ကျိုးယင် မျက်မှောင်ကုတ်သွားတော့၏။

"ထပ်ပြီး လျှို့ဝှက်ထားတယ်ဟုတ်လား"

"ဟုတ်တယ်.... လျှို့ဝှက်ထားတယ်"

"မင်း စဉ်းစားစမ်း၊ စဉ်းစားပြီး ထပ်ပြောစမ်း"

"ဟုတ်တယ်... နှင်းအိမ်... နှင်းအိမ်ပဲ"

"အဲဒီနှင်းအိမ်က ဘယ်မှာလဲ"

"မသိဘူး... သူညွှန်ပြမှရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... နှင်းအိမ်မှာ သူနေတဲ့နေရာ ရေးထားမယ်၊ ဒါ သူ့လုပ်နည်းလုပ်ဟန်အတွက် လုပ်တာပဲ"

"နှင်းအိမ်က ဘယ်မှာလဲ"

"စီချွန်မှာပါ"

"စာကို စကားဝှက်နဲ့ရေးထားတာလား"

"ဟုတ်တယ်"

"စကားဝှက် ပြောစမ်း"

"အများကြီး....."

"အများကြီး ဟုတ်လား"

"ဟုတ်တယ်... ငယ်ငယ်ကတည်းက ကြုံတာတွေ အားလုံးဟာ စကားဝှက်တွေချည်းပဲ"

စန်ကျုံးယင်က သက်ပြင်းချလိုက်၏။ သူသည် ဟူကျန်းစုအား မူးယစ်ဆေးဝါးများတိုက်ကျွေးပြီး မေးမြန်းခဲ့ပေသည်။

စကားဝှက်သာရလျှင် ရောက်လီအား ရှာဖွေနိုင်ပြီဖြစ်သည်။

ထို့ပြင် နှင်းအိမ်ထဲ၌ သူရေးသားထားမည့်နေရာကို သိလျှင်လည်း များစွာအရာရောက်ပေသည်။

တစ်ဖန် နှင်းအိမ်သည် စီချွန်ပြည်နယ်ထဲ၌ ရှိနေသော်လည်း တစ်နယ်လုံး၌ မည်သို့ရှာဖွေမည်နည်း။

အကယ်၍ အပေါက်အိမ်လိုနေရာမျိုးကိုဖြစ်နေလျှင် ပို၍ရှာဖွေရခက်ပေမည်။

အခက်အခဲအားလုံး ပြေလည်စေရန် အကြံကောင်းတစ်ခု



တော့ လိုပေလိမ့်မည်။

ဉာဏ်ကြီးရှင် စန်ကျုံးယင်အဖို့ အကြံကောင်းတစ်ချက်မှာ လတ်ခနဲ ဝင်လာပါသည်။

စန်ကျုံးယင်သည် သမားတော်ကြီးဘက်သို့လှည့်၍ ပြောလိုက်သည်။

"သူ့ကိုဖြေဆေးတိုက်လိုက်ပါတော့"

သူသည် သမားတော်ကြီး ဖြေဆေးအတိုက်ကိုစောင့်၏။

"ပြီးပြီလား"

"ဟုတ်ကဲ့... ဖြေဆေးပြေသွားရင် နဂိုအတိုင်း ပြန်ဖြစ်သွားပါလိမ့်မယ်"

"ကျေးဇူးပါပဲ... ရော့...."

စန်ကျုံးယင်သည် သမားတော်ကြီး၏လက်ထဲသို့ ငွေစများစွာကို ထည့်ပေးလိုက်သည်။

"ခင်ဗျားကို ကမ်းကပ်ပေးမယ်... ခင်ဗျားဘာသာ သွားတော့နော်"

"ဖြစ်ပါတယ်"

သမားတော်ကြီးက ဒါပဲပြောသည်။ ကမ်းစပ်သို့လှေဦးထိုးရပ်ပေးလိုက်သောအခါ ကမ်းပေါ်သို့ တက်သွားလေတော့၏။

စန်ကျုံးယင်သည် လှေကိုစီချွန်ပြည်နယ်ဘက်သို့ ဦးတည်မောင်းနှင်လေတော့သည်။

ဟူကျန်းစုမှာ သတိရလာတော့သည်။ သတိရ၍ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူ့ဘေးမှစားပွဲတွင် သက်သက်လွတ်ပေါက်စီများကို တွေ့လိုက်ရသည်။

တစ်ဖန် သူ့အား ပြုံးကြည့်နေသော စိန်ကျိုးယင်ကိုတွေ့လိုက်ရ၏။ သူက ပေါက်စီတစ်လုံးကိုယူစားလိုက်၏။

"ဆရာက မမေ့သေးဘူးကိုး"

သူက ကျေနပ်နှစ်သိမ့်စွာ ဖြေလိုက်သည်။

စိန်ကျိုးယင်က....

"ငါဘယ်တော့မှ မမေ့ပါဘူးကွာ"

သူက ပြောလိုက်၏။

"ဒါထက် ကျွန်တော့်ကို ဘယ်မှာရှာတွေ့တာလဲဆရာ"

"မင်းတို့ကို ငါ အမြဲတမ်းပြောခဲ့တာပဲ၊ ပြိုင်ဘက်ရဲ့ခြေလှမ်းကိုသိချင်ရင် သူတွေးသလိုတွေး၊ သူလုပ်သလိုလုပ်ရမယ်လို့ သင်ပေးခဲ့တာပဲ၊ မင်းတို့အကြောင်းကို အမှုမချေးခါးမှကျန် ငါအကုန်သိပြီးသားပဲကွာ"

"ဩော်... ဆရာက အမြဲတမ်းထက်မြက်နေဆဲပါကလား"

စိန်ကျိုးယင်က ရယ်လိုက်သည်။

"မင်းလဲ ထက်မြက်နေဆဲပါပဲကွာ"

သူက ခေါင်းခါလိုက်ပြီး....

"ဆရာလောက်မထက်မြက်လို့ အခုလိုတွေ့သွားရတာပေါ့၊ ထက်မြက်ရင် ဘယ်တွေ့မလဲဆရာရာ"

"မင်းက ငါ့ကိုချီးကျူးမနေနဲ့... မင်းကိုအားလုံးက ရှာနေကြ



ပြီ"

"ကျွန်တော် အတွေးမမှားပါဘူးဆိုရင် ဟို... မွန်ဂိုအတိုးကြီးသစ္စာဖောက်တာပဲ ဖြစ်ရမယ်"

"သူ သစ္စာမဖောက်ပါဘူး၊ ငါ့ကျေးဇူး သူ့အပေါ်မှာမရှိရင် မင်းကိုတောင် ကယ်လိမ့်ဦးမယ်လို့ ငါထင်တယ်"

"ဒါဆိုရင် ဟိုမွာကတည်းက ဆရာဖမ်းနိုင်တာပေါ့"

"ဟား... ဟား... ဟာ... ငါ အမြဲတမ်း စဉ်းစားနေရတဲ့အချက်က မင်းကို အရှင်ဖမ်းနိုင်ပါ့မလားဆိုတဲ့အချက်ပဲ၊ ငါတွေးတော့မှန်တယ်လေ၊ တောင်ကုန်းထိပ်မှာ မင်းဘာလုပ်နေသလဲ၊ ကိုယ့်ကိုယ်ကိုသတ်သေဖို့ ကြိုးစားနေတာမဟုတ်လား"

ဟူကျုန်းစု သက်ပြင်းချလိုက်၏။

"ကျွန်တော်ကိုယ့်မြေပေါ်မှာ သေချင်တဲ့ဆန္ဒမရှိခဲ့ရင် ဘယ်သူမှ ကျွန်တော့်ကိုရှာတွေ့လိမ့်မယ်မထင်ဘူး"

စိန်ကျိုးယင်က လေးလေးနက်နက် မေးလိုက်သည်။

"မင်း ဘာကြောင့်ဒီလောက် ပြောင်းလဲသွားရတာလဲ၊ ဘာကြောင့်ပြောင်းလဲသွားရတာလဲ"

သူ ခေါင်းငုံ့သွား၏။ သည်အဖြစ်မျိုးဖြင့် ဆရာ့ကိုရင်မဆိုင်ချင်။

"ကျွန်... ကျွန်တော့်ဘဝကို စိတ်ကုန်လာလို့ပါ"

"မဟုတ်သေးဘူးလေ"

စိန်ကျိုးယင်က စိတ်မသက်သာစွာဖြင့် ခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်ပြောသည်။

"မဟုတ်ဘူးဆရာ... အခုနောက်ပိုင်းမှာ ကျွန်တော်ဟာ စိတ်မလုံတော့ဘူး၊ ကျွန်တော်သုတ်သင်ခဲ့တဲ့ လူတွေရဲ့မျက်နှာကိုပဲ ပြန်မြင် ယောင်နေတော့တယ်၊ သူတို့တွေဟာ ကျွန်တော့်ကို ခြောက် လှန့်နေကြတယ်၊ ကျွန်တော်ကြိုးစားပြီး မေ့ပျောက်ပစ်ပါတယ်၊ မေ့လို့ ကိုမရဘူးဆရာရဲ့"

စန်ကျိုးယင်က....

"မင်းဟာ ဘယ်လိုလူလဲဆိုတာ မင်းသိမှာပေါ့၊ ဒီလုပ်နေရ တဲ့အတွက် စိတ်ထိခိုက်မှာတော့ အမှန်ပဲ၊ တို့ဘဝက လူသားမဆန်မိဖို့ အရေးကြီးတယ် မဟုတ်လား၊ မင်း ဘုန်းကြီးဘဝကို မပျော်ပိုက်တာ ဒါကြောင့်ပါပဲ"

"ကျွန်တော်မပျော်ပိုက်ဘူးလို့ ဆရာဘယ်လိုသိတာလဲ"

"မင်း ကြာရှည်မဝတ်နိုင်ခဲ့ဘူးလေ"

ဟုကျန်းစု သက်ပြင်းချလိုက်၏။

"ဒါပေမယ့် ဘုန်းကြီးဝတ်ခဲ့တဲ့ဘဝမှာတော့ ကျွန်တော်ဟာ အေးချမ်းသာယာမှုကို ရခဲ့ပါတယ်"

စန်ကျိုးယင်က....

"တို့လုပ်နေတာဟာလဲ အားလုံးငြိမ်းချမ်းဖို့ပဲမဟုတ်လား"

"အရင်က ကျွန်တော် အဲဒီလိုထင်ခဲ့တာပဲ"

"ဒါဆိုရင် အခုမထင်တော့ဘူးပေါ့"

ဟုကျန်းစု ဘာမှပြန်မပြောတော့ပါ။ သူပါးစပ်ပိတ်သွားလေ



ပြီး စန်ကျိုးယင်က ပြောလိုက်၏။

"ဒါပေမယ့် မင်းအရင်လိုသွက်လက်နေဦးမှ ဖြစ်မယ်ကွ"

သူ အံ့ဩသွား၏။

"ကျွန်တော် သေရတော့မှာမဟုတ်ဘူးလား၊ ဘေးမဲ့စခန်းရဲ့ သတ်မှတ်ထားတဲ့စည်းကမ်းကို ဖောက်ခဲ့တယ်လေ"

စန်ကျိုးယင်က လေးလေးနက်နက်ပြောလိုက်၏။

"မင်းကို ငါ လက်မလွှတ်သေးဘူး၊ မင်းရှိမှဖြစ်မယ်၊ မင်း အကူအညီ အများကြီးလိုနေသေးတယ်"

ဟု မျက်မှောင်ကုတ်သွား၏။

"ရှောက်လီအတွက်လား"

"ရှောက်လီအတွက် မင်းသေလို့မဖြစ်သေးဘူးကွ"

သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရှောက်လီ ဘာဖြစ်လို့လဲ... သူဟာ ကျွန်တော်တို့ထက် ပိုအောင်မြင်တဲ့သူပဲ၊ သူ့မှာခံစားချက်လဲမရှိဘူး... အခု သူ ဘာဖြစ်နေ လို့လဲ၊ ကျွန်တော့်ကိုပြောပြစမ်းပါ"

သူ တရကြမ်းမေးလိုက်သည်။

စန်ကျိုးယင် သက်ပြင်းချလိုက်သည်။ စန်ကျိုးယင် ဆက် ပြောလေ၏။

"သူဟာ ငါခိုင်းတဲ့အလုပ်တစ်ခု လုပ်ပါတယ်၊ အဲဒါလုပ်ပြီးတဲ့ နောက် သူ့ရဲ့တွဲဖက်တစ်ယောက်က သူ့ကိုလုပ်ကြံခဲ့တယ်၊ သူ လွတ် သွားတယ်၊ ငါကိုလုံခြုံတဲ့နေရာ ရှာခိုင်းတယ်၊ အဲဒီမှာလဲ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့က ထပ်ပြီးလုပ်ကြံပြန်တယ်၊ သူ အခုထွက်ပြေးနေရတယ်လေ"

"ဟာ… ဒုက္ခပဲ၊ သူ့ကို အမြန်ပြန်ခေါ်မှပေါ့"

စန်ကျိုးယင်က….

"ဘယ်လိုပြန်ခေါ်မှာလဲ… သူရှိတဲ့နေရာကို ငါမသိဘူးလေ၊ သူကလဲ ငါ့ကိုမဆက်သွယ်ဘူး"

သူ မျက်မှောင်ကုတ်သွား၏။

"ဆရာကိုတောင် သူ မဆက်သွယ်ဘူးလား"

စန်ကျိုးယင် ခေါင်းညိတ်လိုက်၏။

"ငါတို့အထဲမှာ နှစ်ဖက်သူလျှိုရှိလိမ့်မယ်လို့ သူ ငါ့ကိုမကြာခဏ ပြောခဲ့တယ်၊ ဒါကို ငါမယုံခဲ့ဘူး၊ အခုတော့ ဒီအတိုင်း ဖြစ်နေပြီလေ၊ အခု သူ့ကိုလုပ်ကြံတဲ့လူတွေ ရှိနေတယ်၊ သူ ငါ့ကို သူ့နေရာကိုသတိပေးတိုင်း လုပ်ကြံတဲ့လူတွေ ပေါ်နေတာပဲ"

"ဒါဆိုရင်လဲ ဆရာရယ်… သူ့ကိုအမြန်ဆုံးတွေ့အောင် ရှာသင့်တာပေါ့"

"အေး… ငါ မင်းကိုသေခွင့်မပေးနိုင်ဘူးလို့ပြောတာ၊ အဲဒီအဓိပ္ပာယ်ပဲ သူ့ကို အမြန်ဆုံးရှာရမယ်၊ သူ့ကိုရှာဖို့ကလဲ မင်းကို အားကိုးမှရတယ်မဟုတ်လား"

ဟူကျန်းစုက နားမလည်နိုင်စွာ ကြည့်လိုက်သည်။

"ဘယ်လို… ဘယ်လိုဆရာ"

စန်ကျိုးယင်က ရှင်းပြလိုက်သည်။

"သူက စာတစ်စောင်ပို့လိုက်တယ်… မင်းဆီကိုဖြစ်မယ်လို့



မှန်းဆရတယ်၊ အဲဒါကတော့ နှင်းအိမ်ဓားကျိုးတစ်ချောင်းတဲ့"

ဟူကျန်းစု နားလည်ကြောင်း ခေါင်းညိတ်လိုက်သည်။

စန်ကျိုးယင်က….

"အခုဘယ်ကိုတော့ မင်းဖော်နိုင်လိမ့်မယ်လို့ ငါ ယူဆတယ်၊ ခင်း ရှောက်လီဆီသွားပါ၊ သူ့ကိုတွေ့အောင်ရှာပါ… သူ့ကို ငါ့ဆီခေါ်လာခဲ့ပါ မင်းပဲ ဒီအလုပ်ကိုလုပ်နိုင်မယ်၊ ဒီတော့ မင်းကို အသေသတ်လို့ဖြစ်ပါ့မလား"

ဟူကျန်းစုက ငေးငိုင်နေသည်။ သူ ရင်အစုံမှာခုန်လာသည်။ သူ၏သွေးသောက်အစ်ကိုအကြောင်းကို သူသိသည်။

သူသေသည်မှာ သူ့ကိုစိတ်ညှိုပြီး မေးမြန်းခဲ့သည့်အကြောင်းကိုတည်း။

သို့သော် သူသည် ဆိုးဝါးသောအဖြစ်အပျက်များကို မပြောခဲ့ချေ။

ရှောက်လီနှင့်သူသည် ငယ်စဉ်ကာလကပင် သွေးသောက်ညီအစ်ကိုဖြစ်ခဲ့ကြသည်။ ရှောက်လီသည် ယခုပြေးနေရပေပြီ။

ရှောက်လီ အကူအညီလိုအပ်နေပြီဖြစ်သည်။ သူ မိမိထံ အကူအညီတောင်းနေရပေပြီ။

ဤသည်မှာ ကျေနပ်ဖွယ်ရာပင်ဖြစ်သည်။ မိမိသေ၍မဖြစ်သေးပါ။

ရှောက်လီလိုအပ်သည့် အကူအညီများကိုပေးပြီးမှ သေ၍ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုသည် စန်ကျိုးယင်ဖက်သို့ လှည့်လိုက်၏။ စန်ကျိုးယင်ကို ကြည့်လိုက်၏။

စန်ကျိုးယင်က....

"ငါသဘောမကျတာ တစ်ခုရှိတယ်ကွ၊ အဲဒါ ဘာတွေလဲ သိလား၊ ဟား... ဟား... ဟား တိုက်ခိုက်မှုဆိုတာတွေကိုပေါ့၊ မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံး ဓားသမားတွေလက်အောက်က အလွတ်ပြေးနေရတယ်၊ အဲဒီတိုက်ခိုက်မှုကို ငါသဘောမကျဘူးကွာ"

ဟူကျန်းစုက မေးလိုက်၏။

"ဒါထက် လေ့က ဘယ်ကိုဦးတည်ပြီး သွားနေတာလဲ"

"မင်းသွားချင်တဲ့မြို့ကို ပို့ပေးမှာပေါ့ကွယ်၊ ဒီနေ့ညဆိုရင် စီချွန်ပြည်နယ်ထဲရောက်ပြီ၊ အဲဒါဆိုရင် မင်းသွားချင်တဲ့နေရာ သွားလို့ရပြီပေါ့၊ ငါတို့က အဲဒီက လှည့်ပြန်မှာပါ၊ သတင်းတော့ ပို့နော်"

"ဒါဖြင့် ကျွန်တော် ဒီမှာပဲဆင်းလိုက်မယ်"

"ဟာ... စီချွန်နယ်ထဲ မရောက်သေးဘူးလေ၊ ဒီနေ့ညမှ ရောက်မှာကွ... လိုသေးတယ်"

"ကိစ္စမရှိပါဘူး... ဒီနယ်ထဲမှာ သူ့ကိုရှာချင်လို့"

ဟူကျန်းစုသည် စီချွန်ပြည်နယ်ထဲမရောက်မီ ကမ်းပေါ်သို့ တက်သွားလိုက်၏။ သူသည် တမင်ဆင်းလိုခြင်းဖြစ်သည်။

နှင်းအိမ်နှင့် တိုက်ရိုက်မပတ်သက်လို၍ ဖြစ်သည်။

သူ့နောက်၌အရိပ်များ လိုက်ပါလာမည်ဖြစ်ရာ ထိုအရိပ်များကို ရှင်းထုတ်ရပေဦးမည်။



ဟူကျန်းစု၏အတွေးများကို စန်ကျိုးယင် ရိပ်စားမိလေ၏။

ဟူကျန်းစုကိုလွှတ်ပေးခြင်းသည် ထောင်ချောက်ဆင်ခြင်းမဟုတ်ပါလော။

တကယ်က ဟူကျန်းစုကိုလွှတ်ရန် အကြောင်းမရှိချေ။

ဟူကျန်းစုကို ငါးစာအဖြစ် အသုံးချပြီး ရှောက်လီကို အမိဖမ်းမည်ဟု စန်ကျိုးယင် ယူဆထားသည်။

သူသည် မသိဟန်ဆောင်ရင်း....

"အေး... မင်းဆင်းချင်ဆင်းပေါ့ကွာ၊ ငါမတားပါဘူး... မင်းသွားရင် သတိထားပြီးသွား၊ မင်းနောက်ကို ဓားသမားတွေရာချီလိုက်နေမှာ.... ငါက မင်းကိုမသေစေချင်သေးဘူး"

ဟူကျန်းစု သဘောတူပါသည်။ ဆရာသည် သူနှင့်ရှောက်လီကို သားကဲ့သို့ချစ်သည်မဟုတ်ပါလော။

လွန်ခဲ့သည့်ရက်များစွာကပင် သူတို့စားတတ်သော အသားခြောက်ပေါက်စီကို ယူဆောင်လာခဲ့သေးသည် မဟုတ်ပါလော။

"စိတ်ချပါဆရာ... ကျွန်တော် ဒီပြည်နယ်ထဲဆင်းလာတာက ရှောက်လီကို ဒီပြည်နယ်ထဲမှာရှာချင်လို့ပါ ဆရာ"

သူ့အပြောမခိုင်မာကြောင်း ဟူကျန်းစု သိပါသည်။

သို့သော် သူ ထိုမျှသာပဲ ပြောနိုင်ပါသည်။

"အေးပါ.. ရှာပါ၊ မင်းတွေ့ရင် သတင်းပို့ချင် ပို့လိုက်၊ မပို့ချင်လဲ ရှောက်လီကိုခေါ်လာခဲ့ပေါ့ကွာ၊ သွား... သွား"

ဟူကျန်းစုသည် [illegible] ပေါ်သို့ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စန်ကျုံးယင်အား လက်ပြ၍ နှုတ်ဆက်သည်။

စန်ကျုံးယင်ကလည်း နှုတ်ဆက်သည်။ ထို့နောက် လှေသည် ဆက်လက်ထွက်ခွာသွားလေတော့၏။

ဟူကျန်းစုသည် လှေကို ငေးကြည့်နေမိလေသည်။

○



အခန်း(၁၈)

နောက်ယောင်ခံသူတစ်သိုက်

စီချွန်ပြည်နယ်....။

အကျယ်ဝန်းဆုံး ပြည်နယ်အားလုံးထဲတွင် စီချွန်ပြည်နယ်ပါဝင်၏။ --

ထို့ကြောင့် စီချွန်ပြည်နယ်ထဲတွင် လူရှာရမည်ဆိုလျှင် မောပန်းစရာ အကောင်းဆုံးဖြစ်နေသည်။

ဟူကျန်းစုသည် မြို့ကြီးတစ်မြို့သို့ဝင်ခဲ့၏။ သူ့နောက်မှ အရိပ်များပါလာခဲ့သည်။ အရိပ်များကို မျက်ခြည်ပြတ်ခဲ့ရသည်။

အရိပ်များအားလုံးပျောက်မှ ရှေ့ဆက်ခရီးထွက်ခဲ့သည်။ နောက်ဆုံး၌ သူသည် နှင်းအိမ်ရှိရာမြို့ကလေးသို့ ရောက်ရှိလာခဲ့တော့သည်။

နှင်းအိမ်ရှိရာမြို့ကလေးမှာ အသင့်အတင့် စည်ကားပါသည်။ နောက်ပိုင်းတွင်တော့ လူသူများအပြင်မထွက်ကြတော့ပါ။ မနေ

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပသည်ကို။

ဟူကျုန်းစုသည် မြို့ပတ်လမ်းအတိုင်း လျှောက်လာခဲ့သည်။ သူသည် မတ်ဝန်းကျင်ကို မပြတ်မလပ် အကဲခတ်နေသည်။

သူ့နောက်မှ နောက်ယောင်ခံလိုက်သူတို့ကို အကဲခတ်ခြင်း ဖြစ်သည်။ မည်သူမျှ နောက်ယောင်ခံလိုက်သူမရှိပါ။

သို့သော် စိတ်ချရစေရန် နောက်တစ်ကြိမ်ထပ်ပြီး နောက်ယောင်ခံလိုက်သူရှိမရှိ ကြည့်သည်။ မည်သူမျှ မရှိချေ။

ထို့ကြောင့် ဟူကျုန်းစုသည် လမ်းအတိုင်းလျှောက်ဝင်လာခဲ့သည်။

ဆင်ခြေဖုံးရပ်ကွက်ရှိ လမ်းကလေးတစ်လမ်းသာ ဖြစ်လေသည်။ ညစ်ပေပြီး ကျဉ်းမြောင်းသည်။

"လိုဝှက်အပေါင်ဆိုင်"

ဟူကျုန်းစုသည် မော့ကြည့်လိုက်၏။ အပေါင်ဆိုင်ကိုလှမ်းမြင်လိုက်ရသည်။

နေ့လယ်ခင်းဖြစ်သဖြင့် အပေါင်ဆိုင်၌ လူရှင်းနေလေသည်။

သို့သော် ဆိုင်ထဲ၌တော့ လူရှိနေသည်သာဖြစ်ပါ၏။ ဆိုင်ရှင်သည် ပူလောင်မှုကိုကာကွယ်ရန် ယပ်ခတ်နေတော့သည်။

ဟူကျုန်းစုသည် ရွှေတုံးတစ်တုံးကို အပေါင်ဆိုင်ပိုင်ရှင်ရှေ့သို့ ချပေးလိုက်သည်။

"နှင်းတောင်ဝံပုလွေ ဘာမှာသွားသလဲ"

လေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။ သူ့အနီး၌ တော်ရုံတန်ရုံ



ကပ်ရုံမျှဖြင့် သူ ဘာမေးသည်ကိုမသိနိုင်ချေ။

အပေါင်ဆိုင်ပိုင်ရှင်သည် အထုပ်ကလေးတစ်ထုပ်ကိုလှမ်းပေးရင်း.....

"ဆယ့်သုံးမိုင်တောင်တန်း တတိယလိုဏ်ဂူ"

ဆိုင်ပိုင်ရှင်က ထိုစကားကိုရွတ်သည်။

ဟူကျုန်းစုသည် အထုပ်ကလေးကိုင်ကာ ပြန်ထွက်လာပါသည်။ အထုပ်ထဲတွင် ဘာမှမရှိပါ။ သူက အပေါင်ဆိုင်ထဲသို့ဝင်သည်။ အပေါင်ဆိုင်ထဲမှ အထုပ်ကလေးဆွဲကာထွက်လာသည်။

အပေါင်ဆိုင်၌ တစ်စုံတစ်ခုလာပေါင်သော လူတစ်ယောက်အဖြစ် စောင့်ကြည့်နေသူများမြင်မည်။

အကယ်၍ စောင့်ကြည့်နေသူများက ဤအထုပ်သည် မသင်္ကာဖွယ်ရာ အထုပ်ဖြစ်သည်ဟုမြင်ပြီး ဝင်လုသည်ဆိုပါစို့ အထုပ်ဖြေကြည့်သောအခါ ဘာမှမတွေ့ရသည့်အဖြစ်နှင့်သာ ကြုံရမည်။

ဟူကျုန်းစုမှာ အပေါင်ဆိုင်ရှင်၏စကားကို မှတ်သားလာခဲ့ပါသည်။

ထိုစကားသည်သာ နှင်းတောင်ဝံပုလွေခေါ် ရှောက်လီ၏ နေရာဖြစ်ပေသည်။

ရှောက်လီသည် ဤမြို့ကလေးမှ ဆယ့်သုံးမိုင်ကွာသည့် တောင်တန်းပေါ်တွင် နေထိုင်သည်။

တောင်တန်းများပေါ်၌ အိမ်ကလေးများ ဆောက်လုပ်နေထိုင်ခြင်းမှာ ရှောက်လီ၏ဝါသနာပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်တန်းပေါ်ရှိ တစ်အိမ်အိမ်တွင် ရှောက်လီရှိမည်မှာ သေချာသည်။

မကြာမီ တို့ညီအစ်ကိုနှစ်ဦး ပြန်လည်ဆုံစည်းရပေတော့မည်။

မိမိတို့ချင်း မတွေ့ရသည်မှာ ငါးနှစ်မျှကြာချေပြီ။ ဤသည်မှာ စန်ကျုံးယင်ကြောင့်ပင်ဖြစ်သည်။

စန်ကျုံးယင်သည် သူတို့အား ပူးတွဲတာဝန်ချမပေးသဖြင့် ဤသို့ကွဲကာနေခြင်းဖြစ်သည်။

နီးတကျက်ကျက်ဝေးတစ်သက်သက် ဟူသောစကားမှာ သူတို့ညီအစ်ကိုနှစ်ဦးအတွက် မဟုတ်ချေ။

သူတို့နီးသည်ဖြစ်စေ ဝေးသည်ဖြစ်စေ ချစ်ခင်ကြသည်သာဖြစ်တော့သည်။

ဟူကျန်းစုသည် မြို့ပြင်သို့ထွက်လာခဲ့သည်။ မြို့ပြင်တွင် အတော်အသင့်မြင့်သော တောင်တန်းကြီးတစ်ခုကိုတွေ့ရပေသည်။

ဟူကျန်းစုသည် တောင်ကိုကွေ့ပတ်ပြီး တက်လာတော့သည်။

သူသည် အလွန်သတိရှိသူဖြစ်၏။ မြို့ကလေးမှအထွက်တွင် နောက်ယောင်လိုက်ခံသူ ရှိမရှိစစ်ဆေးခဲ့သေး၏။

နောက်ယောင်လိုက်သူမရှိမှ တောင်ပေါ်တက်ခဲ့ခြင်းဖြစ်သည်။

သူတက်လာခဲ့သည်မှာ တောင်လယ်သို့ရောက်ရှိပေပြီ။



သစ်ပင်များ များစွာပေါက်ရောက်နေသဖြင့် အိမ်တစ်လုံးကို ရှာဖွေရန် အတော်ခက်နေသည်။

ထိုစဉ် သစ်ပင်အချို့ လှုပ်ရှားသွားသောကြောင့် ဟူကျန်းစု အကြောများ တောင့်တင်းသွားသည်။

သူအသင့်ပြင်လိုက်၏။ ဖြည်းညင်းစွာ သူတက်လာတော့သည်။

မျက်စိနှင့်နားကို လျှင်လျှင်ထားသည်။ သူ တစ်ထစ်ချင်း တက်လာသည်။

"ဟာ...."

သူ့ရှေ့တိုက် အတော်လှမ်းလှမ်းတွင် လူတစ်ယောက်။ သူ့မျက်နှာအား ဟူကျန်းစု သေသေချာချာ တွေ့လိုက်ရသည်။

"ရှောက်လီ"

ဟူကျန်းစု အော်လိုက်၏။ သူ့အသံများ တုန်နေပေ၏။ မှန်သည်။

ရှေ့၌ရပ်နေသောသူမှာ ရှောက်လီပင် ဖြစ်လေတော့သည်။

"ဟူကျန်းစု"

ညီအစ်ကိုနှစ်ယောက်တို့သည် ပြေးဖက်ကြတော့သည်။

ဝမ်းသာအားရ ပွေ့ဖက်မိကြသည်။ သူတို့နှစ်ဦး၏သွေးများ ပေါင်းစည်းသွားသကဲ့သို့ ခံစားလိုက်ကြရသည်။

"လာ... ငါ့အိမ်သွားမယ်"

ရှောက်လီက ပြောပြီးသည်နှင့် ဟူကျန်းစုအား ခွဲခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



၏။

"အစ်ကို... မင်း ဘယ်လိုဖြစ်ပြီး ပြေးလွှားနေရတာလဲ"

ရောက်လီက ရယ်မောပြီး....

"ငါက အေးအေးဆေးဆေးမှပြောမလို့ မင်းက အခုသိချင်တော့လဲ အခုပြောပြရတာပေါ့ကွာ"

ရောက်လီက စန်ကျုံးယင်နှင့်ပတ်သက်သမျှ ခံစားခဲ့သမျှကို ပြန်ပြောလိုက်တော့သည်။

ရောက်လီ၏စကားဆုံးသောအခါ ဟူကျန်းစု ခေါင်းခါယမ်းလိုက်ရလေသည်။

"မင်းမှားနေပြီထင်တယ် အစ်ကို"

ရောက်လီက ဟူကျန်းစု၏မျက်နှာကို အသေအချာကြည့်သည်။

"ငါက ဘာမှားတာလဲ"

ဟူကျန်းစုက ဆက်ပြောလိုက်သည်။

"သူ့ကို မင်းက ရန်သူထင်နေတယ်မဟုတ်လား၊ ရန်သူမဟုတ်ဘူး၊ မင်းရဲ့ရန်သူမဟုတ်ဘူး မင်းကိုရှာဖို့ ငါ့ကိုလွှတ်လိုက်တာ"

ရောက်လီ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"လာ... ဒီလိုဆိုရင်"

ရောက်လီသည် ဟူကျန်းစု၏လက်ကိုဆွဲကာ ပြေးထွက်သွားတော့သည်။

တောင်ပေါ်သို့ အလူးလူး အလဲလဲ ပြေးတက်လာတော့



သည်။ ဟူကျန်းစုကိုလည်း ဆွဲခေါ်သည်။ တောင်ထိပ်သို့ရောက်သောအခါ နှစ်ဦးစလုံး ဟောဟဲဖြစ်နေသည်။

သူက ရင်မောသံကြီးဖြင့် မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ"

တောင်ထိပ်၌ နားလိုက်ကြသည်။

"ကဲ... ဆက်ပြောပါဦး၊ ဆရာစန်ကျုံးယင်က ဘာပြောသလဲဆိုတာ"

"မင်းပြေးနေတယ်တဲ့... မင်းကိုရှာပြီးပြန်ခေါ်ခဲ့တဲ့၊ မင်း အကူအညီလိုအပ်နေပြီတဲ့"

"ဟား... ဟား... ဟား"

ရောက်လီသည် လိုက်လိုက်လှဲလှဲ ရယ်မောလေတော့သည်။

သူသည် ရောက်လီရယ်မောနေသည်ကို အံ့သြစွာ ကြည့်နေသည်။

"မင်း ဘာရယ်တာလဲ... ငါပြောတဲ့အထဲမှာ ရယ်စရာတစ်ခုမပါဘူး၊ ငါတို့အထဲမှာ နှစ်ဖက်လှည့်သူလျှိုရှိနေတာပါကွ"

ရောက်လီက ရယ်ရှိန်သပ်လိုက်ပြီး....

"ဘာလဲ... မင်းကို သူက အဲဒီအတိုင်းပြောသလား"

"အေး... ပြောတယ်၊ မင်းကိုပြန်ခေါ်ဖို့လဲ ငါတစ်ယောက်တည်းမှ စိတ်ချရသတဲ့ကွ"

"ဒါတော့ ဟုတ်တယ်၊ သူ ငါ့ကိုရှာလို့မရဘူးလေ၊ ငါက သူ့ကို အဆက်အသွယ်မလုပ်တာ၊ ဒါပေမယ့် ငါညီသီကိုတော့ အဆက်အ

www.burmeseclassic.com

www.burmeseclassic.com



သွယ်လုပ်မယ်ဆိုတာ သူသိထားတယ်၊ ဒီတော့ မင်း ငါ့ဆီရောက်လာအောင် အကွက်ဆင်ရတော့တာပေါ့၊ တကယ်တော့ မင်း သူနဲ့တွေ့ပြီးမှ ငါ့ကိုလာတွေ့တာဟာ မင်း ငါ့အတွက် ငါးစာဖြစ်သွားတာပဲ"

သူတို့သည် ထိုနေရာ၌ နေသားတကျထိုင်လိုက်သည်။

တောင်၏အရှေ့ဘက်အလယ်လောက်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်လေးတစ်လုံးကိုတွေ့ရလေသည်။

ထိုအိမ်မှာ တောင်နံရံကိုကျောပေး၍ ဆောက်ထားပြီး ရှေ့တွင် ပေတစ်ရာခန့်ကျယ်သော ကွက်လပ်ရှိလေသည်။

သူတို့ထိုင်နေသောနေရာမှ ထိုအိမ်ကလေးကို ကောင်းစွာမြင်ရပေသည်။

ဟူကျန်းစုက လှပသောအိမ်ကလေးကိုကြည့်ပြီး....

"မင်း ဒီနေရာကို ဘယ်လိုများရှာခဲ့တာလဲအစ်ကို"

သူသည် မနေနိုင်ဘဲ မေးမိတော့သည်။

ရှောက်လီက....

"မင်းဘုန်းကြီးဝတ်တဲ့သတင်းကြားတော့ ငါလဲ အေးအေးဆေးဆေးနေနိုင်အောင် ရှာထားခဲ့ရတာကွ"

"ဒီအိမ်ဆောက်တာ အတော်တော့ အချိန်ယူရမယ်၊ မင်း ဘယ်လောက်တောင် အချိန်ယူရတာလဲ"

"မမှတ်မိတော့ဘူးကွ... ငါအားတိုင်းမှာ ဒီကိုလာပြီး ဒီအိမ်ကိုဆောက်ခဲ့တာပဲကွ"

"ဒီနေရာကို မင်းတစ်ယောက်တည်းသိတာပေါ့"



"ဟုတ်တယ်... ဒါကြောင့် ငါ မသေသေးတာပေါ့၊ ဒါပေမယ့် အခုတော့ အလကားဖြစ်သွားပြီကွာ"

"ဘာဖြစ်လို့လဲ"

"ဟား... ဟား... ဟား မင်းတွေ့ရမှာပေါ့ကွာ၊ မင်း ဒီကိုကြည့်ထား၊ ဒီမှာတွေ့လား... လေးနဲ့မြား၊ အဲဒီအိမ်ကို ဝိုင်းမယ့်ကောင်တွေကိုပစ်ဖို့"

ဟူကျန်းစု နားမလည်ပေ။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ ရှောက်လီ"

"မင်းကိုတစ်ယောက်တည်း လွှတ်လိုက်တာလို့ မင်းထင်လား၊ ငါ မထင်ဘူး"

"ဘာလဲ... မင်းက ငါ့နောက်မှာနောက်ယောင်ခံလိုက်တဲ့လူတွေပါလာမယ်လို့ ထင်လို့လား"

"ငါ့စိတ်ထဲမှာတော့ ပါလာမယ်ထင်တာပဲ"

ဟူကျန်းစုက ရယ်လိုက်သည်။

"ဟား... ဟား... ဟား ငါ ဒီလောက်မညံ့သေးပါဘူးကွာ"

ရှောက်လီက တည်တည်ကြည်ကြည်ဖြင့် ဖြေလိုက်သည်။

"မင်း မညံ့တာငါသိပါတယ်၊ ဆရာစန်ကျူးယင် မင်းထက်ပိုတော်တယ်ဆိုတာလဲ ငါသိတယ်၊ သူက မင်းထက်ပိုပြီးတော်တဲ့လူတွေကို နောက်ယောင်ခံလိုက်ဖို့ လွှတ်လိုက်မှာကွ၊ ငါ အထင်ပေါ့လေ"

"ဟား... ဟား... ဟား မင်းတော့ ရူးကြောင်ကြောင်ဖြစ်နေပါပြီ၊ ပြေးရလွန်းလို့ စိတ်ဖောက်ပြန်သွားပြီထင်တယ်၊ မင်းစိတ်

www.burmeseclassic.com

www.burmeseclassic.com



ထင်နဲ့ရှမ်းမပြောပါနဲ့ကွာ”

ရောက်လီ ပြုံးလိုက်သည်။

“ငါ့စိတ်အထင်ကို မပြောချင်ပါဘူးကွာ၊ ငါလက်တွေ့ကိုပဲ သဘောကျတယ်၊ ဒါပေမယ့် တချို့ဖြစ်မယ့်ဟာတွေကိုတော့ စိတ်ထဲက အလိုလို သိနေသလိုပဲကွ”

သူတို့ပြောနေချိန်အထိ အိမ်ကလေးပတ်ဝန်းကျင်၌ မည်သည့်ထူးခြားမှုမျှ မတွေ့ရပါ။

“မင်းဟာ ထစ်ခနဲရှိ ဆရာ့ကိုပဲ အထင်လွဲနေတာကိုး၊ ဆရာ့ကို အထင်မလွဲသင့်ပါဘူး၊ ဆရာက မင်းကိုချစ်ပါတယ်”

ရောက်လီက ခေါင်းညိတ်လိုက်သည်။

“ငါ့အထင်မှားတာ ဖြစ်ပါစေလို့ ဆုတောင်းနေပါတယ်”

ဟူကျန်းစုက သက်ပြင်းချလိုက်သည်။

ရောက်လီသည် အလွန်စိတ်ခတ်နိုင်မာ၏။ သူ့ကိုယ်သူမှလွဲ၍ မည်သူ့ကိုမှမယုံကြည်ချေ။

ယခုဟူကျန်းစုအား အကူအညီတောင်းခြင်းမှာ တကယ့်ကို အကူအညီလိုအပ်နေ၍ ဖြစ်သည်။

သူတစ်ယောက်တည်း ဤအဖြစ်အပျက်မှ ရုန်းမထွက်နိုင်သောကြောင့်ဖြစ်သည်။

သို့သော် သူသည် စန်ကျုံးယင်အား အလွန် လေးစားချစ်ခင်သူဖြစ်ပါသည်။

စန်ကျုံးယင်အတွက်ဆိုလျှင် အရိုးကြေကြေ အရေခန်းခန်း



ထမ်းဆောင်ပေးမည့်သူဖြစ်ပါသည်။

ယခုမည်သို့ဖြစ်ကုန်ကြပါသနည်း။ မည်သည့်အတွက်ကြောင့် အယူအဆ လွဲမှားကုန်ရပါသနည်း။ ဟူကျန်းစု တွေးတောနေပါသည်။

ထိုစဉ် ရောက်လီ၏မျက်နှာ ရုတ်တရက် တင်းမာသွားသည်ကိုတွေ့လိုက်ရ၏။

ဟူကျန်းစုသည် ရောက်လီကြည့်နေရာသို့လှမ်း ကြည့်လိုက်သောအခါ လူတစ်စုတက်လာနေလေပြီ။

အားလုံးပေါင်း လူနှစ်ဆယ်ခန့်ရှိသည်။ ဟူကျန်းစု မျက်နှာ ပျက်သွားလေတော့သည်။

ရောက်လီ၏ထင်မြင်ချက် မှန်နေပြီလော။ သူသည် တကယ့်ကိုညှံ့ဖျင်းသူတစ်ယောက် ဖြစ်နေပြီလော။

ဤမျှများပြားသောလူများ သူ့ကိုနောက်ယောင်ခံလိုက်သူများ ဖြစ်နေသလော။

ရောက်လီက ပြောလိုက်သည်။

“သေသေချာချာ ကြည့်စမ်း... ဘယ်သူလို့ မင်းထင်သလဲ”

ဟူကျန်းစုက သေချာစွာ အကဲခတ်လိုက်၏။ ထိုလူများ၏လှုပ်ရှားမှုသည် စနစ်ကျပြီး မြန်ဆန်သည်။

အိမ်ကလေးအနီးသို့ ရောက်သောအခါ လျှပ်တစ်ပြက်ဝိုင်းရံလိုက်ကြောင်း တွေ့ရသည်။

ရောက်လီက တိုးညင်းစွာရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပြီလား"

ဟူကျန်းစု ကြက်သေသေနေသည်။

ရှောက်လီက....

"မင်းဟာ ငါးစာပဲ... ငါက ငါ့ညီကိုယုံတယ်၊ အရင်က အဖြစ်အပျက်တွေကို သင်ခန်းစာယူထားတယ်၊ ဒါကြောင့်မို့ ငါလွှတ်တာပေါ့"

ဟူကျန်းစုနှုတ်မှ တီးတိုးရေရွတ်လိုက်သည်။

"အထူးတပ်ဖွဲ့ပါလား"

"ဟုတ်တယ်... နန်းတော်စောင့် အထူးတပ်ဖွဲ့ပဲ၊ ငါ့အတွက် ဒီအယောက်နှစ်ဆယ်တောင် လွှတ်လိုက်တယ်ဆိုတော့ ငါဟာ ဂုဏ်ယူစရာဖြစ်နေပြီ"

ရှောက်လီ တကယ်ဂုဏ်မယူပါ။ ခံပြင်းသည့်စကားများကို ရွဲ့ပြောနေခြင်းသာဖြစ်၏။

ဟူကျန်းစုခမျာတော့ စကားပင်မပြောနိုင်ရှာပါ။ သူ့နောက်မှ နောက်ယောင်ခံလိုက်သူမရှိဟု သူ ထင်ခဲ့မိသည်မဟုတ်ပါလော။

ရှောက်လီသည် မြားတစ်ချောင်းကို လေးတွင်တင်လိုက်ပြီး လေညို့ကိုမဆွဲသေးဘဲ အောက်သို့ကြည့်နေသည်။

ကိုယ်ရံတော်များသည် လက်နက်ကိုယ်စီဖြင့် အိမ်ကလေးဆီသို့ ပြေးဝင်သွားကြသည်။ ရှောက်လီက ရယ်လိုက်သည်။

"သူတို့ ငါ့ကိုမတွေ့ရင် တော်တော်အူကြောင်ကြောင် ဖြစ်သွားမှာပဲ၊ သိပ်အံ့သြသွားကြမယ်"



ဟူကျန်းစုက ဖြည်းညင်းစွာ ပြောလိုက်သည်။

"ငါ့မျက်စိနဲ့မြင်နေရတာတောင် မယုံနိုင်လောက်အောင်ဖြစ်နေမိတယ်ကွာ"

သူသည် စကားဆုံးသည်နှင့်လေးညို့ကိုဆွဲလိုက်သည်။ ထို့နောက် အိမ်တံခါးဝဆီသို့ ချိန်ရွယ်လိုက်သည်။

ဟူကျန်းစုက အိမ်ကလေးဆီသို့လှမ်းကြည့်လိုက်၏။

နန်းတော်စောင့် အထူးတပ်ဖွဲ့ဝင်များသည် ရှောက်လီအားရှာဖွေ၍မတွေ့သောအခါ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ရှေ့သို့ဝင်လာခဲ့သည်။

"ရွှီး...."

ရှောက်လီသည် လေးညို့ကိုလွှတ်လိုက်၏။ ထို့နောက် လျင်မြန်စွာ တစ်ချက်ပြီးတစ်ချက် ပစ်လွှတ်လေသည်။

မြားချက်ဆယ်ချက်ခန့် ပစ်လွှတ်လိုက်သောအခါ ဟူကျန်းစုသည် ရှောက်လီ၏လေးပစ်ပညာကို သြချယူသွားရ၏။

"သူဟာ တကယ်ထက်မြက်တဲ့သူပါလား... မြားချက်ဆယ်ချက်ကို လျှပ်တစ်ပြက် ပစ်နိုင်တယ်ဆိုတာ တော်ရုံတန်ရုံလူမဟုတ်ဘူး"

ဟူကျန်းစု စိတ်ထဲမှပြောလိုက်ခြင်းဖြစ်ပါသည်။

နန်းတော်အစောင့် အထူးတပ်ဖွဲ့ဝင်သုံးယောက်ခန့် ဇီဝိန်ကြွေသွား၏။

ကျန်နေသောအစောင့်တပ်ဖွဲ့ဝင်များမှာ အပြုံပြုံအကွဲကွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်းကြရသည်။

ကျန်ကိုယ်ရံတော်များသည် မြားလာရာဘက်သို့ ပြေးတ[illegible]

လာကြသည်။

နန်းတော်စောင့်အထူးတပ်ဖွဲ့ဝင်ဆိုသည်မှာ တော်ရုံတ[illegible]

အရည်အချင်းဖြင့် မရချေ။ အထူးသတ္တိရှိကြသည်။

ထို့ကြောင့် မြားကိုဂရုမစိုက်ဘဲ ပြေးတက်လာခြင်း[illegible]

သည်။

ရှောက်လီသည် အတော်များများ တက်လာသည့်အချိန်[illegible]

စောင့်နေလိုက်သည်။

ထို့နောက် နံဘေးရှိ နွယ်ကြီးတစ်ချောင်းကို ဆောင့်ဆွဲလို[illegible]

ရာ ကျောက်မောင်းပြုတ်ကျသံနှင့်အတူ ကျောက်တုံးများသည် [illegible]

တော်စောင့်အထူးတပ်ဖွဲ့ဝင်များဆီသို့ ပြုတ်ကျသွားတော့သည်[illegible]

"ဝုန်း... ဂျလိမ်း... ဂျလိမ်း"

ရှောက်လီက....

"ဒီထောင်ချောက်ကို နန်းတော်စောင့်အထူးတပ်ဖွဲ့ဝင်[illegible]

အတွက် ထောင်ထားတာမဟုတ်ဘူး၊ ဒို့ပြင်ရန်သူတွေအတွက်ထော[illegible]

ထားတာ အခုတော့ ဝမ်းနည်းစရာပေါ့ကွာ၊ ငါလဲမတတ်နိုင်[illegible]

ဘူး... သူတို့လဲ တက်လာရဲကြတော့မှာ မဟုတ်ဘူး၊ ငါတို့လဲ သွာ[illegible]

စို့"

ဟူကျန်းစုက မေးလိုက်သည်။

"ဘယ်ကိုသွားကြမှာလဲ"



"လောလောဆယ်တော့ ဒီပတ်ဝန်းကျင်က လွတ်အောင်

[illegible]ကြရမှာပေါ့၊ စန်ကျူးယင်ရဲ့ပစ်မှတ်က ဒီမှာရှိနေတယ်၊ ဒီကလွတ်

[illegible]ောင် ပြေးကြရမယ်"

ရှောက်လီသည် တောင်အနောက်ဘက်ခြမ်းမှ တောင်

[illegible]ောက်သို့ဆင်းသွားလေသည်။

ဟူကျန်းစုသည် နောက်မှလိုက်သွားသည်။ နန်းတော်စောင့်

[illegible]ဝင်များအား အတုံးအရုံးဖြစ်ကျန်ရစ်ခဲ့ကြသည်။ စန်ကျူးယင်

[illegible] ဒေါသထွက်မဆုံးရှိချေမည်။

ရှောက်လီသည် ပေါ့ပါးသွက်လက်စွာ တောင်အောက်သို့

[illegible]နေ၏။

ဟူကျန်းစုသည် ရှောက်လီပေါ့ပါးစွာ ဆင်းသက်နေသည်

[illegible]ကြည့်ရှုရင်း မေးလိုက်၏။

"မင်းနှင်းတောထဲမှာခြေရာမထင်အောင် ပြေးလို့ရပြီလား"

"ဟင့်အင်း... မရသေးဘူး"

"ဒါပေမယ့် မင်းရဲ့ကိုယ်ဖော့ပညာကတော့ အတော်တိုး

[illegible]နေတာပဲ"

"ဟား... ဟား... ဟား၊ ပြေးတဲ့နေရာမှာတော့ အတော်ကို

[illegible]င်တာပဲ၊ တခြားနေရာမှာတော့ အသုံးဝင်သလား မဝင်သ

[illegible]တာ မသိဘူးကွ၊ ဟား... ဟား... ဟား"

ရှောက်လီသည် တောင်ခြေသို့ရောက်ရှိသွား၏။

နောက်ထပ် တောင်တစ်လုံးပေါ်သို့ ပြန်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခလယ်ကျမှ နားနေတော့သည်။

ဟူကျန်းစုက...

"ငါတို့ ဘယ်ကိုသွားမှာလဲအစ်ကို"

ရှောက်လီက ပြောလိုက်သည်။

"ဒီတောင်တန်းမှာ သွားလို့ရတဲ့ လမ်းလေးသွယ်ရှိတယ်၊ ဒါပေမယ့် အဲဒီလမ်းလေးသွယ်ကို သူတို့ပိတ်ဆို့ထားမှာ သေချာတယ်"

သူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဆရာ စန်းကျူးဟာ သေချာတယ်၊ ဒီလမ်းတွေက ဆင်းလို့ရမှာမဟုတ်ဘူး၊ ဆင်းတာနဲ့ ကွိခနဲနေအောင် ဖမ်းလိမ့်မယ်"

ရှောက်လီက ရယ်မောလိုက်သည်။

"တောင်က နှစ်တောင်ဆင့်နေတာ... သူတို့ ငါတို့ကို ဒီတောင်ပေါ်မှာရှာရင် သုံးနှစ်လောက်ရှာရမှာ၊ သူတို့တွေ့အောင် မရှာနိုင်ပါဘူးကွာ"

"ဘာလဲ... မင်းက ဒီတောင်ပေါ်မှာ တစ်သက်လုံးနေမယ် စိတ်ကူးလို့လား"

"ဟား... ဟား... ဟား... ဘယ်သူတွေနေနိုင်မလဲကွာ၊ တစ်နေ့ကျရင်တော့ ဆင်းရမှာပေါ့"

"ဟား... ဟား... ဟား၊ ရိက္ခာအတွက် မပူနဲ့ကွာ၊ ငါတစ်နေရာမှာ ရိက္ခာတွေကိုစုဆောင်းထားပါတယ်၊ တစ်နေရာရောက်တော့ မင်း တွေ့ရပါလိမ့်မယ်"



"မင်းက အမြဲသေချာတဲ့လူပါလား"

"မင်းကော မသေချာတဲ့လူမျိုးလား"

သူတို့သည် စကားတပြောပြောနှင့်လျှောက်လာခဲ့ရာ ပြုပြင်ဖန်တီးထားသောလိုဏ်ဂူတစ်ခုကို တွေ့လိုက်ရတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)
## လွဲချော်နေသောသခြင်းတရား

စန်ကျူးယင်....။

စန်ကျူးယင်သည် မျက်နှာတင်းမာခက်ထန်နေသည်။ သူသည် တပ်မှူးကြီးပုထိုးထံမှ ပြန်လာသည်မှာ မကြာသေးပါ။

တပ်မှူးကြီးပုထိုး အလွန်ဒေါသဖြစ်နေသည်။ ထို့ကြောင့် သူ့အား ဝေဖန်ပြစ်တင်ခဲ့သည်။ အဘယ်ကြောင့် ဒေါသထွက်နေရသနည်း။

စန်ကျူးယင်သည် မွန်ဂိုတပ်မှူးများလုပ်ကြံခံရသည့်အတွက် တရားခံရောက်လီအား အမိမဖမ်းနိုင်သေးသောကြောင့် ဖြစ်၏။

ရောက်လီကို သေဒဏ်အပြစ်ပေးရမည်။ ရောက်လီ၏ခြေဖျားကိုတောင် မမြင်ရသေးပေ။

စန်ကျူးယင်သည် မျက်နှာတစ်ခုလုံး တင်းမာသုန်မှုန်နေ



သည်။ အခြေအနေမကောင်း။ သူ အဆုံးခံအရဆုံး ပုဂ္ဂိုလ်ဖြစ်နေသည် ပျောက်ပါလေ။

ထိုစဉ် နန်းတော်စောင့်အထူးတပ်ဖွဲ့မှ ဆက်သားသည် အပြေးအလွှားရောက်ရှိလာ၏။ စန်ကျူးယင်က အလျင်စလို မေးလိုက်သည်။

"အခြေအနေကို ပြောစမ်း"

ဆက်သားက....

"ရောက်လီဟာ ကြိုတင်ရှောင်တိမ်းသွားပါတယ်၊ သူဟာ ချုံခိုတိုက်ခိုက်ခဲ့ပါတယ်၊ သူ ချုံခိုတိုက်ခိုက်မှုဟာ တကယ်အောင်မြင်ပါတယ်၊ ကျွန်တော်တို့လူလေးယောက်ကျဆုံးပါတယ်၊ ရောက်လီဟာ ရှိ ဝှက်ထောင်ချောက်တွေပါ ဖြုတ်ချခဲ့ပါတယ်"

"ဝုန်း...."

စန်ကျူးယင်သည် စားပွဲခုံအား လက်ဝါးဖြင့် ရိုက်လိုက်သည်။ သူသည် မချိမဆံ့ဖြစ်နေသည်။

ဟူကျန်းစုအား ငါးစာအဖြစ် ထပ်လွှတ်လိုက်ပြီးနောက် နန်းတော်စောင့်တပ်ဖွဲ့တစ်ခုလုံး လိုက်ပါမသွားရုံတမည် စေလွှတ်ခဲ့သည်။ နန်းတော်စောင့်တပ်ဖွဲ့မှ လူလေးဦးသေပြီး ရောက်လီလွတ်သွားခဲ့သည်။

"ရောက်လီ လွတ်သွားတယ်ဟုတ်လား"

"ဟုတ်ကဲ့... လွတ်သွားပါတယ်"

"ဟူကျန်းစုကော...."

www.burmeseclassic.com

www.burmeseclassic.com



"ပါသွားပါတယ်... ရောက်လီနဲ့အတူ ပါသွားပါတယ်"

စန်ကျုံးယင် မျက်နှာတစ်ခုလုံး သုန်မှုန်သွားလေတော့၏။

"သွားစမ်းကွာ... သွားစမ်း"

ဆက်သားကို မောင်းထုတ်ပစ်လိုက်သည်။ သူ့တပ်မှူးကြီးပုဆိုးက ဆူပြီး၍ မကြာမီ အမင်္ဂလာသတင်းကို ကြားရလေ၏။

ဤကိစ္စကို သူ ကြိုတင်စီစဉ်ခဲ့ခြင်းဖြစ်၏။ အစိက တာဝန်မထမ်းဆောင်မီ တာဝန်အသေးစားနှစ်ခုအား ရောက်လီကို ထမ်းဆောင်စေခဲ့သည်။

ထိုတာဝန်နှစ်ခုကိုလည်း အောင်မြင်မှုမရှိစေရန် ဖန်တီးခဲ့သည်။ ထိုတာဝန်နှစ်ခုကို ရောက်လီ အောင်မြင်စွာ မထမ်းဆောင်စေရန်မှာ အလွယ်ကလေးဖြစ်သည်။

တစ်ဖက်ရန်သူအား ကြိုတင်သတင်းပေးလိုက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် ရောက်လီမှာ တာဝန်များ မအောင်မြင်ဘဲ လက်လွှတ်ထွက်ပြေးရသည့်ဘဝသို့ ရောက်တော့သည်။

ယခုမွန်ဂိုတပ်မှူးများအား လုပ်ကြံခိုင်းပြီးသည့်နောက် ရောက်လီအား ငွေများစွာ ပုံပေးပြီး သုံးဖြုန်းခိုင်းခဲ့လေ၏။

တစ်ဖက်နိုင်ငံမှ ငွေများ ပေးအပ်သည့်သဘောဟု ထင်ရန် ဤအကွက်ကိုသုံး ခြင်းဖြစ်သည်။

ရောက်လီအား သစ္စာဖောက်တစ်ဦးအဖြစ် အားလုံးက ထင်မြင်ယူဆသွားခဲ့သည်။ သူ၏အကြံအစည်မှာ လွန်စွာ ပီရိသေသပ်သဖြင့် အားလုံးပင် ရောက်လီအား အယုံအကြည်မရှိကြတော့ပေ။



ရောက်လီ သေဆုံးသွားသည့်ကိစ္စတွင် မိမိ၏ပယောဂပါဝင်ကြောင်း မည်သူမျှ သိတော့မည်မဟုတ်ပါ။ ရောက်လီအား လုပ်ကြံရန်လည်း အကွက်ကျကျ စီမံထားခဲ့ပါသည်။

နန်းတော်စောင့်အထူးတပ်ဖွဲ့ကို စေလွှတ်လိုက်သည်ကိုကြည့်၊ ရောက်လီသေဆုံးစေရန် မိမိ မည်မျှကြိုးပမ်းအားထုတ်သည်ကို သိနိုင်သည်။

သို့သော် ရောက်လီကား မသေသေးပါ။ ရောက်လီသည် ပို၍ထက်မြက်နေပြီလော။ မိမိသည်ပင် အိုမင်းလာပြီလော။ ရောက်လီကို ဖမ်းဆီးသတ်ဖြတ်ရန် မိမိအကြံမထုတ်နိုင်တော့ပြီလော။

ယခုပင် အချိန်ကြာမြင့်နေပြီဖြစ်ပါသည်။ ဤကိစ္စမှာ အချိန်ကြာမြင့်၍ မဖြစ်ပါ။ ကြာလျှင် လူသိသွားနိုင်သည်။ လူအများက ဂရုစိုက်လာပြီး အခြေအနေအရင်းအမြစ်များကို တွက်ဆလာနိုင်သည်။

တာလီနိုင်ငံမှလည်း သူတို့နှင့်မည်သို့မျှ မပတ်သက်ကြောင်း အကြောင်းပြလာလိမ့်မည်။ မွန်ဂိုများကလည်း လုပ်ကြံမှုအကြောင်းကို ရှာဖွေတွေ့ရှိသွားကြလိမ့်မည်။

ရောက်လီအား သတ်ဖြတ်ပြီး အပြစ်ပုံချမှသာ အားလုံးဂရုစိုက်မှုကင်းဝေးသွားပေလိမ့်မည်။ သတ်ပြီးလျှင် ပြီးပြီ။ တာလီနိုင်ငံကို အပြစ်ဖို့ရန်သာရှိတော့သည်။

ရောက်လီသေသွားပြီဖြစ်၍ တာလီနိုင်ငံမှာလည်း မည်သို့မျှ တတ်နိုင်မည်မဟုတ်ချေ။ သူ့အစီအစဉ်အတိုင်းဖြစ်မည်ဆိုလျှင် အားလုံးချောမွေ့နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူစီစဉ်သကဲ့သို့မဖြစ်။ ရောက်လီ မသေနိုင်ခြင်းက သက်သေခံနေပေသည်။ သူ့အစီအစဉ်များ လွဲချော်နေသည်။ ရောက်လီကလည်း သူ့အား လုပ်ကြံမှုများ များပြားလာသဖြင့် အဖြေရှာနိုင်ပေသည်။ အဖြေရှာတွေ့သွားလျှင် မိမိထံသို့ရောက်ရှိလာပေမည်။

စန်ကျုံးယင် သက်ပြင်းချလိုက်သည်။ မိမိစီစဉ်ထားသည်မှာ အလွဲလွဲအချော်ချော်ဖြစ်နေခြင်းက ရောက်လီ အဖြေရှာဖို့ ပိုနီးစပ်နေခြင်းဖြစ်သည်။

ထို့ကြောင့် ချင်းရှောင်နှင့်ချိုရှောင်တို့နှစ်ဦးအား သူ့အနီးတွင် အချိန်ပြည့်ကာကွယ်ရန် တာဝန်ချလိုက်သည်။

ထို့ပြင် အမိန့်တစ်ခုလည်း ထုတ်လိုက်သည်။ နေပြည်တော်ရှိ ထောက်လှမ်းရေးမှူးများ၊ သူလျှိုများအားလုံးသည် ထိုအမိန့်ကို ရကြသည်။

ထိုအမိန့်မှာ ဘေးမဲ့စခန်း၏ စည်းကမ်းကိုချိုးဖောက်သော ဟူကျန်းစုအား သုတ်သင်ရန်နှင့် သူ့အား ကူညီနေသူ ရောက်လီအား တစ်ပါတည်းသုတ်သင်ရန် အမိန့်ပင်ဖြစ်ပါသည်။

ဟူကျန်းစုက သူ့အဖြစ်အပျက်များကို ပြန်ပြောပြနေသလို ရောက်လီကလည်း သူ့အဖြစ်အပျက်များကိုပြန်ပြောနေသည်။

ရောက်လီက....

"မင်းကို သူလွှတ်လိုက်တာမဟုတ်လား၊ မင်းကိုသတ်မိန့်ထုတ်တော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါးစာထင်ပြီးဟပ်ရမယ့်ငါးက လွတ်သွားတာကိုး"



"အေး... ဟုတ်တယ်"

"ခုနေမှာတော့ ငါဟာ သူ့အသက်လိုပဲ အရေးကြီးနေပြီ၊ ငါ့ကိုမိဖို့က ပထမကွ၊ မင်းကိုသုတ်သင်ဖို့ စဉ်းစားတာဒုတိယ"

"မင်းကို သူက ဘာကြောင့်သုတ်သင်ပစ်ဖို့ စဉ်းစားနေရတာလဲကွာ၊ သူက ဘာကြောင့် မင်းကိုသုတ်သင်ဖို့ ကြိုးစားနေတာလဲ"

ရောက်လီ ခေါင်းယမ်းလိုက်သည်။

"ငါ မသိဘူး"

ဟူကျန်းစုက ငေးငေးငိုင်ငိုင်ဖြင့် ပြောသည်။

"ငါတို့ဟာ သူ့တပည့်ဆိုပေမယ့် သူဟာ ငါတို့ကို သားတွေလိုချစ်တာပဲ"

ရောက်လီက....

"ငါတို့ကလဲ သူ့ကိုဆရာလိုတစ်မျိုး... အဖေလိုတစ်မျိုး ချစ်ခင်ခဲ့တာပါကွာ၊ ငါတို့မှာ ငယ်ငယ်ကလေးတည်းက မိဘမဲ့ခဲ့ရတာမဟုတ်လား၊ တို့ကလဲ သူတို့လိုပါပဲ"

ဟူကျန်းစုက အေးစက်စက် ပြောမိလေသည်။

"ခုတော့ အားလုံးပြီးဆုံးသွားသလိုပါပဲကွာ... သူ ဘာများကြံစည်နေတယ်ဆိုတာ ငါသိချင်လိုက်တာ"

"လွယ်ပါတယ်ကွ"

ဟူကျန်းစုက မျက်မှောင်ကုတ်သွားသည်။

"မင်းက သိနေလို့လား"

"ဟင့်အင်း... မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲနဲ့များကွာ… လွယ်တယ်လို့ မင်းကပြောရသလား၊ ဟ… လွယ်တာပေါ့၊ မသိရင်မေး… မစင်ရင်ဆေးတဲ့"

"ဘယ်သူ့ကိုမေးရမှာလဲကွ"

"ဟ… ကာယကံရှင်ကိုပေါ့"

ဟူကျန်းစု ပါးစပ်ပိတ်သွားလေသည်။ အတန်ကြာ ငြိမ်သက်သွားပြီးမှ ဟူကျန်းစုပြောသည်။

"ဟုတ်တယ်… သူ့အပြင် တခြားလူမသိနိုင်ဘူး၊ သူ့ကိုပဲ မေးကြည့်ရမယ်"

"ဟုတ်တယ်… ဒါကြောင့် ငါ သူ့ဆီသွားမေးမလို့ စဉ်းစားနေတာ"

"သူလဲ ငါတို့လာမယ်ဆိုတာကို မျှော်လင့်ထားမှာပဲ"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"သူ့အသိုင်းအဝိုင်း ရှိတာပဲကွာ၊ သူ့အသိုင်းအဝိုင်းထဲမှာ ငါ့ကို စုံစမ်းရမှာပေါ့၊ သတင်းဆိုတာ အဆက်အစပ်ရှိတာပဲကွာ"

"ဒါဆို သွားကြမယ်လေ"

"တို့ပုန်းနေတာ တစ်ရက်ပဲရှိသေးတယ်၊ နန်းတော်စောင့်အထူးတပ်သားတွေ ပြန်မယ်ထင်လို့လား"

"ဟား… ဟား… ဟား၊ နန်းတော်စောင့်အထူးတပ်ဖွဲ့ဝင်ဟာ ရန်သူကို ဘယ်တော့မှ မပိတ်ဆို့ဘူးကွ၊ သူတို့ကတွေ့ရင် အကြောင်းကြား လာရှင်းလင်း… ဒါပဲလုပ်တယ်၊ ငါ ထင်တာက ဆရာစန်ကျုံးယင်ဟာ သည့်ပြင်တပ်ဖွဲ့တွေကို ဝိုင်းဝန်းပိတ်ဆို့မယ် ထင်ထားတာ"



"ငါ့ကြောင့် သူတို့လေးယောက်ကျသွားတာကိုလဲ ထည့်တွက်ဦးကွ"

"ဒါကတော့ ကျမှာပေါ့ကွာ၊ သူတို့ခေါင်းထဲမှာ လူလေးဦးကျသွားတာ အမြဲဝင်မနေပါဘူး"

ရှောက်လီက ရယ်မောရင်း…

"ဒီလိုဆိုရင် စွန့်ပြီးဆင့်ကြတာပေါ့၊ လူသွားလမ်းကိုရှောင်တောလမ်းကို ခုတ်ထွင်ဆင်း၊ အင်း… မင်းနဲ့ငါ နှစ်ယောက်ပေါင်းနေမှတော့ ပိတ်ဆို့မယ့်လူလဲ နှစ်ဆပေါင်းရှိမှာပေါ့"

သူသည် ရယ်မောရင်း ပြောလိုက်သော်လည်း ဟူကျန်းစုနှင့် သူငယ်စဉ်ဘဝကတည်းက အဖြစ်ချင်း တူညီခဲ့သည်ကို သတိရလိုက်လေသည်။

ဟူကျန်းစုသည် ရှောက်လီ၏မျက်နှာကိုကြည့်ပြီး…

"ဘာလဲ… မင်းကပါ တို့ငယ်ငယ်က အဖြစ်အပျက်တွေကို ပြန်သတိရနေပြီလား"

ရှောက်လီက ခေါင်းညိတ်ဝန်ခံသည်။

"ဟုတ်တယ်ကွ… ငါတို့ငယ်ငယ်က အဖြစ်အပျက်တွေကို သတိရနေတယ်"

"အင်း… ငါတို့ဘဝတစ်လျှောက်လုံး ငြိမ်းချမ်းမှုကို ဘယ်အခါမှမရတော့ဘူးနဲ့တူပါရဲ့ကွာ"

ရှောက်လီ တုန်ခါသွားသည်။

"ငြိမ်းချမ်းမှု"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားလုံးအား ရှောက်လီ ရေရွတ်လိုက်သည်။

မှန်ပေသည်။ ဟူကျန်းစုသည် ငြိမ်းချမ်းမှုကို အမြဲတမ်း တောင့်တနေ၏။

သူသည် ငြိမ်းချမ်းမှုကိုမည်သည့်အခါမျှ မရရှိခဲ့ပါချေ။ ထို့အတူ မိမိကော ငြိမ်းချမ်းမှုကိုတောင့်တခဲ့ဖူးပါသလား။

တောင့်တခဲ့ပါသည်။ မိမိသည်လည်း မည်သည့်အခါကမျှ ငြိမ်းချမ်းမှုကိုမရရှိခဲ့ပါ။

လူတိုင်းလူတိုင်း ငြိမ်းချမ်းမှုကိုလိုချင်ကြပါ၏။ မရနိုင်သော အချိန်ဖြစ်၍ သူက တမင်မေ့ထားခြင်းသာ ဖြစ်ပါသည်။

○

စန်ကျိုးယင်သည် ငှက်လှောင်အိမ်များထားရာ အခန်းသို့ဝင်လာလိုက်သည်။

သူသည် စာပို့သိမ်းငှက်တစ်ကောင်ကိုထုတ်ယူလိုက်သည်။

ထို့နောက် သိမ်းငှက်၏ခြေထောက်ထဲသို့ စာတစ်စောင် ထည့်လိုက်ပြီး ပြတင်းပေါက်မှလွှတ်တင်လိုက်သည်။

သိမ်းငှက်သည် အတောင်တဖျပ်ဖျပ်ခါရင်း အပေါ်သို့ထိုးတက်သွားသည်။ အိမ်ကိုတစ်ပတ်ပျံဝဲပြီးနောက် မြောက်ဘက်သို့ဦးတည်ပျံသန်းသွားလေတော့သည်။

စန်ကျိုးယင် သက်ပြင်းချလိုက်သည်။ ရှောက်လီကိစ္စသည်



သူ့ရင်ထဲ၌ တင်းကျပ်နေသောကိစ္စဖြစ်ပါ၏။

သူ့လက်အောက်မှ လူအပေါင်းကိုလည်း အားလုံးအသိပေးရန် မဖြစ်နိုင်ခြင်းက ရင်ထဲ၌ ဤမျှတင်းကျပ်နေခြင်းဖြစ်ပါသည်။

ထို့ကြောင့် သူသည် စိတ်ကြိုက်ဓားသမားများကို ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ရှောက်လီလို လူမျိုးအတွက် အထူးထက်မြက်သောဓားသမားများ လိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။

နန်းတော်စောင့်အထူးအဖွဲ့ကဲ့သို့ တပ်ဖွဲ့မျိုးပင် အထိနာခဲ့ရသည်မဟုတ်ပါလော။

ထို့ကြောင့် သူ အထူးလေ့ကျင့်ပေးထားသော လူများအား ခေါ်ယူကာ သီးခြားစီတွေ့ဆုံပြီး တာဝန်ပေးအပ်မည်ဖြစ်ပါသည်။

ဤသို့ဆိုလျှင် သူ၏ပိုက်ကွန်များကို နေရာအနှံ့ဖြန့်ချထားနိုင်ပြီဟု ဆိုနိုင်သည်။

မကြာမီအချိန်အတွင်း ရှောက်လီအား သုတ် သင်နိုင်တော့မည်ဟု သူယူဆလိုက်သည်။

ရှောက်လီနှင့်ဟူကျန်းစုတို့ လွတ်အောင်ပြေးကြပေတော့။

မနက်ကလည်း ဘေးမဲ့စခန်း၏ဌာနခွဲမှူးနှင့် တာဝန်ရှိသူများ ရောက်ရှိလာခဲ့သေးသည်။

သူတို့လည်း ဟူကျန်းစုအား ရှာဖွေနေကြောင်း အကြောင်းကြားခြင်းဖြစ်သည်။

ဟူကျန်းစုအာ သတ်ဖြတ်လျှင် ရှောက်လီကိုလည်း သတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရမည်ဖြစ်ကြောင်း၊ ရောက်လီသည် ဟူကျန်းစုအား အကာအကွယ်ပေးနေသူဖြစ်ကြောင်း၊ စန်ကျုံးယင်က ဌာနခွဲမှူးနှင့်တာဝန်ရှိသူများအား ပြောလိုက်သည်။

"သူနားတို့ရေ လွတ်အောင်ပြေးပေတော့"

စန်ကျုံးယင် စိတ်တွင်းမှပြောလိုက်သည်။

ထိုအခိုက် အိမ်ရှေ့မှရိပ်ခနဲ လှုပ်ရှားသွားသဖြင့် စန်ကျုံးယင် ကြည့်လိုက်သည်။

ချီရောင်အား တွေ့လိုက်ရသည်။ အိမ်အနောက်ဘက်တွင် ချင်းရောင်ရှိသေးသည်။

အိမ်ပတ်ပတ်လည်တွင်လည်း ထူးချွန်သောဓားသမားများ စောင့်ကြပ်နေကြသေး၏။

သူ၏အိမ်ဂေဟာမှမလုံခြုံလျှင် အဘယ်နေရာသည် လုံခြုံပါမည်နည်း။

စန်ကျုံးယင်သည် နဖူးမှချွေးစက်များ လက်ခုံဖြင့် သုတ်လိုက်သည်။

ယခုအတောအတွင်း မကြာခဏ သူချွေးပြန်နေတတ်သည် မဟုတ်ပါလော။

○



အခန်း(၂၀)

ခြေသံ

ရောက်လီနှင့်ဟူကျန်းစုတို့သည် ဤပုံစံအတိုင်း လူတောထဲ [illegible] ဝင်၍မဖြစ်သည်ကို သိကြသည်။

"မင်းနဲ့ငါ ရုပ်ဖျက်မှဖြစ်လိမ့်မယ်"

ရောက်လီက ပြောလိုက်သည်။

"အေး... ရုပ်ဖျက်ကြတာပေါ့"

ဟူကျန်းစုကလည်း ခေါင်းညိတ်သည်။

ဤသို့ဖြင့် သူတို့သည် ဇာပေသမားများပုံစံ ရုပ်ဖျက်လိုက်ကြသည်။ သူတို့သည် တောင်ပေါ်မှဆင်းသက်ခဲ့ကြတော့၏။

သူတို့သည် လူသွားလမ်းများကိုအသုံးမပြုကြပါ။ ချုံနွယ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီး တောင်အောက်သို့ဆင်းသက်ကြသည်။

တောင်ပေါ်သို့တက်သည့် ထင်းခုတ်သမားသုံးယောက်မှလွဲ

www.burmeseclassic.com

www.burmeseclassic.com



၍ အခြားသူများကိုမတွေ့ရပါ။

ဤသို့ဖြင့် ရောက်လီတို့သည် တောင်တန်းပေါ်မှလွယ်ကူစွာ ဆင်းသက်လာနိုင်ပါသည်။ သူတို့သည် မြစ်ဆိပ်သို့ဆင်းသွားကြလေသည်။

"လှေတစ်စင်းတော့ ဝယ်မှဖြစ်မယ်"

ဟူကျန်းစုက ပြောလိုက်သည်။

"လှေဝယ်မှဖြစ်မယ်ဆိုလဲ ဝယ်တာပေါ့ကွာ"

ရောက်လီက ပြန်ပြောသည်။ သူတို့သည် လှေတစ်စင်းဝယ်လိုက်ကာ ပွဲဦးတစ်ယောက် ပွဲတစ်ယောက်ထိုင်ကာ လှော်ခတ်ကြလေတော့သည်။

ဟူကျန်းစုက....

"တို့ ဘယ်ကိုအရင်သွားမလဲ"

ရောက်လီက....

"ငါတို့နှစ်ယောက်စလုံး သေပြေးရှင်ပြေး ပြေးနေတဲ့လူဆိုတော့ သတင်းစုံစမ်းဖို့ အခက်အခဲရှိတယ်"

ဟူကျန်းစု စိတ်ပျက်သွားသည်။

"ငါတို့ အခက်အခဲရှိတယ်ဆိုတော့ မင်းက တခြားလူတစ်ယောက်ကိုရှာဦးပေါ့ ဟုတ်လား၊ တခြားလူလဲရှာမနေပါနဲ့အစ်ကိုရာ၊ အဲဒီလူက မယုံရတဲ့လူဖြစ်နေရင် ခက်နေပါဦးမယ်"

"တို့ကို ကူညီမယ့်သူရှိပါတယ်ကွ"

"ဘယ်သူလဲ"



"ကျင်းစုကို့ပါပဲ"

ကျင်းစုကို့သည် ချောမောလှပသော မိန်းမလှလေးတစ်ယောက် ဖြစ်ပါသည်။ သူမ၏ အလှနောက်ကွယ်တွင် ကြောက်စရာကောင်းသော အချက်တစ်ချက်မျှမက ရှိ၏။

သူမသည် တာလီနိုင်ငံသူတစ်ယောက်ဖြစ်သည့်ပြင် တာလီနိုင်ငံ၏ တပ်မှူးတစ်ယောက်လည်းဖြစ်သည်။ အံ့သြသွားပါသလား။

ထိုခေတ် ထိုအခါက အမျိုးသမီး တပ်မှူးဆိုသည်မှာ တကယ်အံ့သြဖွယ်ရာတစ်ရပ်ဖြစ်ပါသည်။ သူမအား မလေးစားဘဲမနေနိုင်ပါ။ ဓားသမားပညာတွင် တစ်ဖက်ကမ်းမျှ တတ်ကျွမ်းသူဖြစ်ပါသည်။

သူမသည် နိုင်ငံပေါင်းစုံသို့ သွားကာ ထောက်လှမ်းရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။ သူမသည် တာလီနိုင်ငံ၏သူလျှိုတစ်ယောက်ပင် ဖြစ်ပါသည်။

သို့သော် သူမအကြောင်းသိသူမှာ လက်တစ်ဆုပ်စာမျှသာရှိသည်။ ထို့ကြောင့် သူမ၏ဘဝသည် လွန်စွာလုံခြုံခဲ့သည်။ ခုလည်း သူမသည် ကျန်နယ်အတွင်းရှိ ရွှေဓားအာမခံဌာနတွင် ဝင်ရောက်လုပ်ကိုင်နေသည်။

ငွေကိုင်စာရေးကြီးအဖြစ် သူမတာဝန်ထမ်းဆောင်နေသော ရွှေဓားအာမခံဌာနသည် စင်စစ်တာလီနိုင်ငံ၏ သတင်းထောက်လှမ်းရေး ဌာနတစ်ခုဖြစ်သည်။

အပြင်ဘန်းအလုပ်အကိုင်ကို တကယ်လုပ်ကိုင်နေသည့် ဌာ

www.burmeseclassic.com

www.burmeseclassic.com



နဖြစ်သည်။

ညအတွက် ထိုဌာနတွင် လုပ်ကိုင်နေသူလေးဦးမှအပ ကျန်
ဝန်ထမ်းများသည် သတင်းထောက်လှမ်းရေးဌာနခွဲဖြစ်ကြောင်း လုံး
ဝမသိကြပါပေ။

ညနေစောင်းသောအခါ မင်းလမ်းမမှာ လူသူကင်းရှင်းသွား
၏။ ရွှေဓားအာမခံဌာနမှာလည်း တံခါးပိတ်သွားခဲ့ပြီဖြစ်သည်။

ရွှေဓားအာမခံဌာနမှ အမျိုးသမီးတစ်ယောက်ထွက်လာ
သည်။ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော ထိုအမျိုးသမီးသည် အ
လွန်လှပပေသည်။

သူမသည် ရွှေဓားအာခံဌာနမှအထွက်တွင် ဘေးဘီဘယ်
ညာကို တစ်ချက်မျှ အကဲခတ်လိုက်သည်။ ထို့နောက် ညာဘက်သို့
ထွက်ခွာသွားတော့သည်။

ထိုအမျိုးသမီးသည် လမ်းတိုသုံးခုကိုဖြတ်ကျော်သွား၏။ ထို့
နောက် လမ်းသွယ်တစ်ခုထဲသို့ချိုးကွေ့လိုက်သည်။

"ကောင်းစားသောက်ဆိုင်"

ထိုစားသောက်ဆိုင်အတွင်းသို့ဝင်သွားလေတော့သည်။

ထို့နောက် နံရံကိုကျောပေးပြီး အပေါက်ဝသို့မျက်နှာပေးကာ
ထိုင်ချလိုက်သည်။ အစားအသောက်များကို မှာယူပြီး စားသောက်နေ
တော့သည်။

သူမ ၎င်းအစားတွင် လူရိပ်တစ်ရိပ်ကို ရိပ်ခနဲ တွေ့လိုက်သဖြ
မော့ကြည့်လိုက်မိသည်။



သူမ၏မျက်နှာကွက်ခနဲ ပျက်သွား၏။ လူရိပ်သည် သူမ၏
စားပွဲတွင် ဝင်ထိုင်သည်။

"မင်းရဲ့လက်နှစ်ဖက်စလုံး ငြိမ်ငြိမ်ကလေးတင်ထား"

အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်သည်။ ထိုလူက ဆက်၍ပြော
သည်။

"မင်းဟာ တစ်နေ့တခြား လှလာပါလား ကျင်းစုကို့"

ထိုအမျိုးသမီးကား ကျင်းစုကို့ပင်ဖြစ်ပါသည်။

ထိုလူက သက်ပြင်းချပြီး...

"ငါရုပ်ဖျက်ထားတယ်"

"ကျွန်မ သိပါတယ်"

"ငါရုပ်ဖျက်ထားတာကိုတောင် မင်းကသိနေတယ်ဆိုတော့
ငါ့ရုပ်ဖျက်ပညာဟာ မစွမ်းတော့ပါလား"

"ဟုတ်တယ်... အထူးသဖြင့် ရှင့်မျက်လုံးကို ပြောင်းလို့မရပါ
ဘူးလေ၊ ရုပ်ဖျက်တဲ့လူအားလုံး မျက်လုံးကိုတော့ ရုပ်မဖျက်နိုင်ကြဘူး
လေ၊ ကျွန်မက မျက်လုံးကိုပဲကြည့်တယ်"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"မျက်လုံးကိုတော့ ဘယ်သူကမှ ရုပ်မဖျက်နိုင်ကြဘူးလေ၊
အဲဒီအချက်ဟာ ရုပ်ဖျက်ပညာရဲ့အားနည်းချက်ပဲ"

ကျင်းစုကို့က...

"ရှင် ကျွန်မကို ဘယ်အချိန်ကစပြီး နောက်ယောင်ခံလိုက်
လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေတားအာမခံဌာနက ထွက်လာတဲ့အချိန်ကပဲ ဆိုပါတော့"

"ရှင် အချိန်ဖြုန်းတာပဲ"

"မင်း ထင်လို့ပါ"

ထိုလူက သက်ပြင်းချလိုက်သည်။

"မင်းနဲ့စကားပြောချင်လို့ပါ"

ကျင်းစုကို ငိုင်ကျသွားသည်။

"ရှင်ဘာဖြစ်လို့ ဟူကျန်းစုကို ကူညီရတာလဲ၊ သူဟာ ဘေးမဲ့စခန်းစည်းကမ်းကို ချိုးဖောက်ခဲ့သူပါ၊ သူ အခု ဘာကြောင့် ရှင်ပါဒုက္ခရောက်...."

ကျင်းစုကို၏စကားကို သူက လက်ကာ၍တားလိုက်သည်။

ကျင်းစုကို စကားပြတ်သွားသည်။

"မဟုတ်ဘူး... မဟုတ်ဘူး၊ ဟူကျန်းစုကိစ္စက နောက်မှဖြစ်တာ၊ ကျုပ်ကို အရင်လိုက်သတ်နေကြတာဗျ၊ ဟူကျန်းစုကိစ္စနဲ့ ကျုပ်ကိုရောပြီးရှင်းပစ်ဖို့ နောက်မှအမိန့်ထုတ်တာဖြစ်မယ်"

ကျင်းစုကို မျက်မှောင်ကုတ်သွား၏။

"ရှင်ပြောတာ ကျွန်မတော့ ဘာမှနားမလည်ဘူး၊ ကျွန်မသိတာကတော့...."

ထိုသူမှာ ရောက်လီဖြစ်ပါသည်။ ရောက်လီက ရုပ်ဖျက်ထားသော်လည်း ကျင်းစုကိုက မှတ်မိနေပါသည်။

ရောက်လီက....

"ကဲ... မင်းသိတာကို ပြောဦး၊ ကျုပ် နောက်မှရှင်းပြမယ်"



ကျင်းစုကိုက ရှင်းပြလိုက်သည်။

"ဟူကျန်းစုဟာ လစန္ဒာဘုရားကျောင်းမှာခိုလှုံနေတဲ့ အိုယန်းတုကိုသတ်ခဲ့တယ်၊ ဒီအတွက် သူ့ကိုသတ်မိန့်ထုတ်ခဲ့တယ်၊ ရှင်က သူ့ကိုကူညီတယ်တဲ့၊ ဒီတော့ ရှင့်ကိုပါ သတ်မိန့်ပေးခဲ့တယ်၊ ကျွန်မတို့သိတာကတော့ ဒါပါပဲ"

ရောက်လီက....

"ဟုတ်တယ်... ဟူကျန်းစုကလဲ ကျုပ်ကိုပြောပြပါတယ်၊ ဒါပေမယ့် ကျုပ်ကိစ္စကတော့ သူ့ကိစ္စထက်စောပြီး အရင်ဖြစ်ပျက်ခဲ့တာဗျ၊ ကျုပ်ကိုလိုက်သတ်နေတာက ဟူကျန်းစုကိစ္စထက် စောနေတယ်၊ ကျုပ်က သူနဲ့လဲ ဘာမှပတ်သက်တာမဟုတ်ဘူး၊ ဟူကျန်းစုက ကျုပ်ကိုလာတွေ့တာ"

ကျင်းစုကိုက လက်ကာပြလိုက်၏။

"ကျွန်မ အရင်ပြောမယ်... ရှင်နားထောင်"

"ပြောပါ... ပြောပါ၊ ကျုပ်နားထောင်ပါ့မယ်"

"ဟူကျန်းစုဟာ မွန်ဂိုနယ်ထဲကနေ ဒီကိုထွက်ပြေးလာတယ်၊ ဒီရောက်တော့ နန်းတော်စောင့်အထူးတပ်ဖွဲ့ကိုစေလွှတ်ပြီး ဟူကျန်းစုကိုဖမ်းခဲ့တယ်၊ နန်းတော်စောင့်တပ်ဖွဲ့ဟာ ဟူကျန်းစုကို မိလုမိခင်ဖြစ်ခဲ့တယ်"

"အဲဒီအခါမှာ ရှင်က ဟူကျန်းစုကိုဝင်ကူညီရော ဟူကျန်းစုလွတ်သွားတယ်၊ ရှင်သာ မကူညီရင် ဟူကျန်းစုကို အမိဖမ်းနိုင်မှာသေချာတယ်၊ ဒါကြောင့် ရှင့်ဆရာ စန်ကျုံးယင်က ထောက်လှမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့ တပ်မှူးတွေ သူလျှိုတွေအားလုံးကို အမိန့်ပေးလိုက်တယ်၊ ရှင့်ကို ဟူကျန်းစုကိုကူညီမှုနဲ့ သုတ်သင်ဖို့ဆိုတာကို"

ရောက်လီက အံကြိတ်လိုက်သည်။

"အင်း... ဆရာစနိကျုံးယင်ရဲ့ လက်ချက်ပဲ"

"ရှင် ဘာပြောလိုက်တာလဲ၊ ရှင့်ကြည့်ရတာ တစ်မျိုးပဲ"

"လွဲချော်မှုတစ်ခုပေါ့ဗျာ... ကဲ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောကြရအောင်"

ကျင်းစုကို့ ခေါင်းညိတ်လိုက်သည်။

"ကျွန်မတို့အိမ်ကို သွားကြမယ်လေ"

ကျင်းစုကို့သည် အစားအသောက်များကို လက်စသိမ်းလိုက်၏။ ပိုက်ဆံရှင်းပေးလိုက်ပြီးနောက် သူမ၏အိမ်ရှိရာသို့လာခဲ့တော့သည်။ ကျင်းစုကို့၏အိမ်မှာ နှစ်ထပ်အိမ်ဖြစ်သည်။

သူမသည် ဟန်ဆောင်နေထိုင်ခဲ့သည်ဖြစ်၍ အပေါ်ထပ်သာ ငှားရမ်းနေထိုင်ခဲ့သည်။ အောက်တွင် အခြားသူများရှိသည်။

ရောက်လီနှင့်ကျင်းစုကို့တို့လမ်းကြားအတိုင်း လျှောက်လာသည်။ အိမ်ရှေ့သို့ရောက်လာသည်။ အိမ်ပေါ်တက်သည့်လှေကားနံဘေးသို့ ရောက်လာသည်။

"ကဲ... တက်လေ၊ ဘယ်သူမှ အကဲခတ်ကြည့်မနေပါဘူး"

ကျင်းစုကို့က ပြောလိုက်သည်။

ရောက်လီ ဘာမှမပြောတော့ပေ။ အပေါ်ထပ်သို့ တက်လိုက်လေသည်။



အပေါ်ထပ်တွင် အခန်းသုံးခန်းရှိပြီး နှစ်ခန်းမှာ ပိတ်ထားသည်။ ကျင်းစုကို့၏အခန်းသာ လူနေသည်။

အခန်းထဲသို့ ကျင်းစုကို့က အလျင်ဝင်သည်။ ရောက်လီက လိုက်ဝင်ပြီး အခန်းတံခါးကို လျင်မြန်စွာ ပိတ်လိုက်သည်။

သူမက ပြုံးပြီး ပြောလိုက်သည်။

"ဒီအခန်းက ဒီလောက်ကြောက်စရာမရှိပါဘူး... လုံခြုံပါတယ်"

ရောက်လီ ဘာမှပြန်မပြောပါ။ အခန်းတစ်ခုလုံးကိုလိုက်လံစစ်ဆေးနေတော့သည်။ အခန်းတွင်းရှိ မည်သူမျှမရှိကြောင်း သေချာမှ ကျင်းစုကို့နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

သူမသည် အပေါ်ရုံအင်္ကျီကိုချွတ်လိုက်သည်။ အတွင်း၌ လုံခြုံသောအဝတ်အစားများ ရှိနေပါသည်။

"ကျွန်မတို့ချင်း မတွေ့တာ သုံးနှစ်လောက်တောင်ရှိပြီ ထင်တယ်နော်"

"ကျုပ် မင်းကိုမတွေ့ရပေမယ့် အမြဲတမ်း သတိတော့ရနေပါတယ်"

"ကျွန်မက ရှင့်ကိုသတိရတာပါပဲ"

"ကျုပ်တစ်ခု မေးပါရစေ"

"မေးပါ"

"မင်း ကျုပ်ကိုလုပ်ကြံဖို့ စိတ်မကူးပါဘူးနော်"

"ခစ်... ခစ်... ခစ်၊ ရှင်မို့ မေးရက်တယ်၊ ရှင့်ခုထက်ထိ အ

www.burmeseclassic.com

www.burmeseclassic.com



သက်ရှင်နေတုန်းပဲ မဟုတ်လားရှင်”

သူက ပြုံးလိုက်သည်။

“မင်း ကျုပ်ကိုသတ်တယ်ဆိုတာနဲ့ ဟူကျန်းစုကလဲ မင်းကို သတ်မယ်ဆိုတာ သိထားလို့မဟုတ်လား။ ဟဲ... ဟဲ... ဟဲ”

သူမကလည်း ရယ်မောလိုက်ပါသည်။

“ဟုတ်တယ်... ကျွန်မ ရှင့်ကိုသတ်ချင်ရင် ဟူကျန်းစုကိုလဲ သတ်မှစိတ်ချရမယ်၊ တကယ်ဆိုရင် ရှင်တို့နှစ်ယောက်စလုံးကိုသတ်မှ ဖြစ်မယ်ရှင့်”

သူသည် သက်ပြင်းချလိုက်သည်။

သူမက ရှောက်လီကိုကြည့်ပြီး....

“ဘာလဲ... ရှင်က ကျွန်မကို လူတကာကို လိုက်သတ်နေတဲ့ မိန်းမဆိုးကြီးလို့ မြင်နေပြီလား”

သူက သက်ပြင်းချရင်းပြောသည်။

“ငါသေရင် တခြားလူလက်နဲ့ မသေချင်ပါဘူးလေ”

“ဒါနဲ့များရှင်... ရှင်က ဘာအရူးထပြီး ဘေးမဲ့စခန်းစည်းကမ်းကို ချိုးဖောက်တဲ့လူကို သွားအကူအညီပေးရတာလဲ”

“ဒီအတွက် မင်းရဲ့လူလွှတ်ထားတယ်ပေါ့ ဟုတ်လား”

“လွှတ်ဆို အားလုံးလိုက်နာရမယ့်အချိန် မဟုတ်လား”

“ဒါဆို မင်းကိုယ်တိုင်လဲ အခွင့်အရေးရရင် သတ်မယ်ထင်ပါရဲ့”

“ရှင့်ကို အမြဲသတိရနေတယ်လို့ ပြောပြီးပြီပဲ၊ ရှင်နဲ့ကျွန်မ



ဘယ်တော့မှ အေးအေးချမ်းချမ်း ဆုံကြမှာလဲရှင်”

“ကျုပ် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ”

“တစ်ချိန်တုန်းကလိုပဲ သဘောထားလိုက်ပါ”

သူက ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

ရှောက်လီနှင့်ကျင်းစုကို့တို့မှာ တစ်ယောက်နှင့်တစ်ယောက် မြတ်နိုးတွယ်တာမိကြသော်လည်း တာဝန်ကိုယ်စီရှိနေခြင်းနှင့်ရပ်တည်သည့်နိုင်ငံချင်း မတူမှုကြောင့် တစ်ဦးကိုတစ်ဦး ဖွင့်ဟမပြောကြပါချေ။

သို့သော် တစ်ဦး၏စိတ်သဘောကိုတစ်ယောက်က သိနေပါသည်။

ရှောက်လီက....

“ကျုပ်ရှင်းပြပါ့မယ်... သေသေချာချာ နားထောင်ပါ”

“ပြောမှာသာ ပြောပါရှင်... ကျွန်မ အသေအချာဆုံး နားထောင်နေပါတယ်”

“ကောင်းပြီ... စန်ကျုံးယင်ဟာ ကိုယ့်ဆရာဆိုလည်း မမှားဘူး၊ အဖေဆိုလဲ ဟုတ်တယ်”

“ကျွန်မသိပါတယ်... ရှင် သူ့ကိုဘယ်လောက်လေးစားချစ်ခင်တယ်ဆိုတာ”

“ဟုတ်တယ်... ကျုပ် သူ့ကိုတကယ်ချစ်ပါတယ်၊ ဒါပေမဲ့ သူကတော့ ကျုပ်ကိုအပြတ်ရှင်းဖို့ ကြိုးစားနေပါပြီ”

ကျင်းစုကို့ မျက်လုံးပြူးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာ"

ရှောက်လီ၏အသံက တိုးသွားသည်။

"ဒါကို ကျုပ် လက်မခံချင်ပါဘူး၊ ဒါပေမယ့် သူဟာ ဘေးမဲ့စခန်းစည်းကမ်းကို ချိုးဖောက်ခဲ့တဲ့ ဟူကျန်းစုကို အရအမိဖမ်းခဲ့ပြီး ကျုပ်ဆီကိုလွှတ်ပေးခဲ့တယ်"

ကျင်းစုကို့က ရယ်လိုက်သည်။

"ဒါက ပိုတောင်မဖြစ်နိုင်သေးတယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"မဖြစ်နိုင်ဘူး... ဘေးမဲ့စည်းကမ်းကိုချိုးဖောက်ခဲ့တဲ့ ဟူကျန်းစုကို တွေ့တာနဲ့ သေဒဏ်ပေးရမယ့်ကိစ္စပဲဥစ္စာ"

"မင်း ကျုပ်ပြောတာ နားထောင်စမ်းပါ၊ ပြီးရင် ဇာတ်ရည်လည်လာမှာပါ"

"ကဲ... ပြော... ပြော"

"သူသိတာပေါ့... ဟူကျန်းစုကိုသတ်နိုင်ရင် သူ နာမည်ကောင်းတောင်ရဦးမယ်၊ ဒါပေမယ့် သူဟာ ဟူကျန်းစုကိုတည်ကြက်အဖြစ်သုံးပြီး ကျုပ်ဆီလွှတ်တယ်"

"ရှင်ပြောတာတွေကို တစ်ခုမှမယုံဘူး"

"အေး... ကျုပ်လဲယုံကြည်ဖို့ခက်နေသေးတယ်၊ ဟူကျန်းစုရဲ့ပြဿနာ မပေါ်ခင်ကတည်းက ကျုပ်ကိုမင်းတို့ရဲ့ဓားသမားတွေ လုပ်ကြံခဲ့တယ်၊ မင်းတို့ကို စန်ကျုံးယင်က ကူညီနေတယ်မဟုတ်လား"



ကျင်းစုကို့က ရယ်လိုက်၏။

"ဒါက မဟုတ်တာတစ်မျိုး၊ ခစ်... ခစ်... ခစ်"

"ကျုပ် တကယ်ပြောနေတာ"

"ကျွန်မတို့ရဲ့ဓားသမားတွေနဲ့ပတ်သက်နေရင် ကျွန်မတော့ သိရမှာပဲ"

"မင်း မသိဘဲ စန်ကျုံးယင်ကိုကူညီရင်ကော"

"ရှင်က ကျွန်မတို့ဓားသမားတွေကို ဘယ်လိုလူစားတွေလို့ ထင်နေလို့လဲ၊ အမိန့်ကိုတကယ်နာခံတတ်တဲ့ ဓားသမားတွေရှင့်"

"ကျုပ်တကယ်ပဲ မင်းတို့ဓားသမားတွေရဲ့ တိုက်ခိုက်တာကို ခံခဲ့ရပါတယ်"

"ကျွန်မ မယုံဘူး... ဒီနိုင်ငံအတွင်းမှာ ကျွန်မရဲ့အမိန့်မရဘဲ ဘယ်ဓားသမားမှ လှုပ်ရှားခွင့်မရှိဘူးရှင့်၊ ရှင် သိရဲ့လား"

ရှောက်လီသည် ပြောရခက်သည့်ကလေးငယ်တစ်ဦးကို ကြည့်သည့်ပမာ သူမကို ကြည့်လိုက်သည်။

သူမက...

"ရှင် ဘာလုပ်ခဲ့တယ်၊ ဘာဖြစ်ခဲ့တယ်ဆိုတာကိုသာ ကျွန်မကို ရှင်းရှင်းလေးပြောစမ်းပါ"

ရှောက်လီက...

"ကဲ... ပြောမယ် နားထောင်၊ ကျုပ်တာဝန်တစ်ခုကို ထမ်းဆောင်ခဲ့ရတယ်၊ အဲဒီတာဝန်ကိုလဲ အောင်အောင်မြင်မြင်ဖြစ်ခဲ့ပါတယ်။ မွန်ဂိုတပ်မှူးတွေကို လုပ်ကြံဖို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်...."

သူမ အံ့အားသင့်သွားရလေသည်။

"ဒါ ရှင့်လက်ချက်ဟုတ်လား"

"ဟုတ်တယ်"

"ဘာလို့ ရှင်က ဒီလိုလုပ်ရတာလဲ၊ အခု ရှင်တို့တပ်မှူးတွေက ကျွန်မတို့လက်ချက်လို့ စွပ်စွဲနေကြတယ်"

ရှောက်လီက ပြောလိုက်သည်။

"နားထောင်ဦး... နားထောင်ဦး၊ ကျုပ်ဆက်ပြောပြပါမယ်"

"အဲဒီလုပ်ကြံမှုလဲပြီးရော နယ်စပ်မြို့ကလေးတစ်မြို့ကို ကျုပ်ကိုသွားခိုင်းတယ်၊ ကျုပ်ကိုသုံးဖြုန်းခိုင်းတော့တာပဲ"

"ဘုရားရေ ဘာအဓိပ္ပာယ်လဲ"

"ကျုပ်လဲ မသိဘူးလေ... အရင်တုန်းက လုပ်ကြံမှုတစ်ခုပြီးရင် တောင်ပေါ်စခန်းတစ်ခုခုကို လွှတ်တယ်၊ လူသူကင်းဝေးတဲ့နေရာမှာ အနားယူရတယ်၊ အားမွေးရတယ်၊ အခုဟာက အရင်နဲ့ပြောင်းပြန်ဖြစ်နေတယ်"

"ကျွန်မတော့ ဘာမှခွဲခြားပြီးမပြောတတ်တော့ဘူး"

"အဲဒီမှာ တာလီဓားသမားတစ်ယောက်က ကျုပ်ကိုလုပ်ကြံခဲ့တယ်၊ ကျုပ် စန်ကျူးယင်နဲ့ဆက်သွယ်ပြီး ခိုလှုံဖို့နေရာတောင်းတယ်၊ ခိုလှုံရမယ့်နေရာတော့ ပေးပါတယ်၊ အဲဒီနေရာလဲရောက်ရော တာလီဓားသမားတစ်စုက ဝိုင်းပြီး လုပ်ကြံကြတော့တာပဲ၊ အဲဒီလူတွေဟာ မင်းမသိဘဲနဲ့ စန်ကျူးယင်အတွက် လုပ်ရှားပေးနေတဲ့လူတွေပဲ ဖြစ်



မှာပေါ့"

ကျင်းစုကို့မှာ တွေဝေသွား၏။ အတန်ကြာမှ သက်ပြင်းချလိုက်သည်။

"မဖြစ်နိုင်ပါဘူး... မွန်ဂိုတွေလုပ်ကြံတာကို ကျွန်မတို့လက်ချက်လို့ စွပ်စွဲနေကြတယ်၊ ဒီလိုမိုက်မဲတဲ့အလုပ်မျိုးကို ကျွန်မတို့ဓားသမားတွေ တစ်ယောက်မှမလုပ်ဘူး၊ အခုမှ ပေါ်လာပြီမဟုတ်လား၊ ရှင် လုပ်ခဲ့တာလို့ ရှင်ဝန်ခံနေပြီလေ"

"တစ်ခုတော့ရှိတယ်... ကျုပ်ကိုလုပ်ကြံတဲ့ကိစ္စဟာ မွန်ဂိုလုပ်ကြံမှုနဲ့ပတ်သက်တယ်ဆိုတာကို မသိလို့ဖြစ်မှာပေါ့"

"နေပါဦး... ရှင်က ဘာဖြစ်လို့ ကျွန်မတို့ဓားသမားတွေလို့ တစ်ထစ်ချ စွပ်စွဲနေတာလဲ"

"သူတို့ရဲ့ဓားသမားပညာဟာ ကျုပ်ကိုယ်တိုင် မင်းတို့ဆီမှာ သင်ရတဲ့ ဓားပညာဖြစ်နေလို့ပါပဲ"

ကျင်းစုကို့ မျက်လုံးပြူးသွားသည်။

ရှောက်လီက....

"မင်းမသိဘဲနဲ့သူတို့ဟာ စန်ကျူးယင်အတွက် အလုပ်လုပ်ပေးတာ ဖြစ်နိုင်မယ်လို့ထင်သလား"

"ရှင်ပြောတာမှန်မယ်ဆိုရင် စဉ်းစားစရာကောင်းလာပြီပေါ့"

"ကျုပ်အနေနဲ့ စန်ကျူးယင် ဘာကြောင့် ဒီလိုလုပ်ရတာလဲ ဆိုတာကို ဆန်းစစ်ရမယ်"

"ဒီတစ်ခါမှာ...."

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသည် တစ်ပိုင်းတစ်စနှင့်ရပ်တန့်သွား၏။

ကျင်းစုကို့မှာည်း မျက်မှောင်ကုတ်သွားသည်။

အပြင်ဘက်မှပေါ့ပါးသောခြေသံကိုကြားလိုက်ရ၍ ဖြစ်သည်။ ကျင်းစုကို့သည် မီးအိမ်အား မီးမှုတ်လိုက်သည်။

အိမ်ခန်းတစ်ခန်းလုံး မည်းမှောင်သွားလေတော့သည်။

○



အခန်း(၂၁)

– အတိုက်အခိုက်အရှုပ်အထွေး

ညအမှောင်....။

ကြယ်ပြာမလင်း၊ လမင်းမသာသဖြင့် အမှောင်က ပို၍ကြီးစိုးနေသည်ဟု ထင်မှတ်ရ၏။

ဟူကျန်းစုသည် အိမ်အကွယ်တစ်ခု၌ ပုန်းခိုနေသည်။

ထိုစဉ် ခြေသံများ ကြားလိုက်ရသဖြင့် ခန္ဓာကိုယ်မှာ ဆတ်ခနဲ တောင့်တင်းသွားသည်။

ခြေသံမှာ အရပ်တစ်ခုတည်းမှထွက်လာသော အသံမဟုတ်။

အရပ်လေးမျက်နှာမှလာသော အသံများဖြစ်၍ ဟူကျန်းစုမျက်နှာပျက်သွားသည်။

ဟူကျန်းစုသည် ရှောက်လီအတွက် အလွန်စိုးရိမ်သွားပြီး အိမ်အနီးသို့ ချဉ်းကပ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခြေဖော့၍ အိမ်ပေါ်တက်သွားသောလူရိပ်များကို တွေ့လိုက်ရသောအခါ ဟူကျန်းစု အချိန်ဆွဲမနေနိုင်တော့ပေ။ ဓားကို ဆွဲထုတ်လျက် အိမ်ပေါ်သို့ပြေးတက်ရလေတော့၏။

လူရိပ်သုံးရိပ်သည် ကျင်းစုကို၏အခန်းတံခါးဝ၌ ရောက်ရှိနေပေပြီ။ တစ်ယောက်က တံခါးကိုရိုက်ဖွင့်ရန် ဟန်ပြင်နေသည်။

"ဝုန်း....."

တံခါးကိုရိုက်ဖွင့်သူက ရိုက်ဖွင့်လိုက်၏။ တံခါးရွက်များပွင့်ပြီး အရှိန်နှင့်အခန်းကိုသွားရိုက်သည်။

ကျန်နှစ်ယောက်သည် အခန်းထဲခုန်ဝင်ကာ လက်နက်ပုန်းများကို တရကြမ်းပစ်တော့သည်။

ဟူကျန်းစု အပေါ်သို့ပြေးတက်လာစဉ် အောက်မှလူနှစ်ယောက်တက်လာသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် နောက်သို့ပြန်လှည့်ပြီး တက်လာသော ဓားသမားနှစ်ယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရတော့သည်။

ဓားသမားနှစ်ယောက်မှာ ဟူကျန်းစု ခုန်ဆင်းလာသောကြောင့် အလန့်တကြား ရှောင်တိမ်းလိုက်ကြသည်။

သို့သော် ချက်ချင်းပင် ဟူကျန်းစုအား ပြန်လည်တိုက်ခိုက်သည်။

ဟူကျန်းစုကလည်း နှစ်ယောက်စလုံးအား တိုက်ခိုက်သည်။

တစ်ယောက်မျှ အလျှော့မပေးချေ။ အလျှော့ပေးလိုက်သည်နှင့် လည်လှီးမည်မှာ သေချာသည်။



လှေကားတွင် တိုက်ခိုက်နေရခြင်းဖြစ်၍ နေရာက ကျဉ်းမြောင်းသည်။

ရန်သူနှစ်ယောက်မှာ မလွတ်မလပ်ဖြစ်နေသည်ကို ဟူကျန်းစုတွေ့ရသည်။ သူက ထိုအခွင့်အရေးကို အမိအရယူသည်။

ရန်သူ၏ဓားနှစ်လက် ရှုပ်ရှုပ်ထွေးထွေးဖြစ်စေရန် ဖန်တီးသည်။

ဟူကျန်းစု၏ ထူးဆန်းသောဓားချက်ကြောင့် ရန်သူနှစ်ဦး၏ ဓားမှာ အချင်းချင်း ပြန်ထိခိုက်သွားသည်။

ထိုအချက်ကိုပါ အခွင့်ကောင်းယူကာ ရန်သူတစ်ယောက်ကို ထန်ချလိုက်သည်။

"ဝုန်း....."

ဓားသမားမှာ အောက်သို့လိမ့်ကျသွားသည်။ သူ့ကိုယ်ကို အရှိန်မသတ်နိုင်ခဲ့ပေ။

ကျန်ဓားသမားတစ်ဦးမှာလည်း ဟန်ချက်ပျက်သွား၏။ အခြားဓားသမားများ ဟန်ချက်ပျက်လျှင် အရှုံးနှင့်ရင်ဆိုင်ကြရသည်။

ဟူကျန်းစုက ဦးခေါင်းအား ယောင်ပြခုတ်လိုက်၏။ သူသည် အလူးလူးအလဲလဲ ဦးခေါင်းအား ကာကွယ်လိုက်သည်။

ထိုအခါ ရင်ဝ၌ လစ်ဟသွားတော့၏။ သွက်လက်လှသော ဟူကျန်းစု၏ညာခြေက ရင်ဝသို့ဆောင့်ချလိုက်သည်။

"ဝုန်း....."

နံရိုးကျိုးသံနှင့်အတူ ရန်သူဓားသမားသည် မရှုမလှ ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျသွား၏။

ပထမပြုတ်ကျသွားသော ဓားသမားသည် ခုန်ထလာပြီး ဟူကျန်းစုအား တိုက်ခိုက်လေသည်။ ဟူကျန်းစုက ထိုသူ့ထံ ခုန်ဝင်ပြီး တိုက်ခိုက်သည်။

ဓားချက်ခုနစ်ချက်ခန့် ဝင်သွားသည်။ ဓားသမားမှာ အလူးအလဲအကွဲအပြဲ ရှောင်တိမ်းရသည်။

ထိုဓားကွက်များကို ဘယ်ယိမ်းညာနွဲ့ဖြင့် ရှောင်သည်။ ဘယ်ဘက်သို့ရှောင်တိမ်းလိုက်သောအခါ ဟူ ကျန်းစု၏ပတ်ကန်ချက် မှန်သွား၏။

"ဝုန်း....."

ရန်သူဓားသမားမှာ လွင့်စဉ်ထွက်သွားလေတော့သည်။ ဟူကျန်းစုသည် ခုန်ပျံလိုက်ပါသွားပြီး ဓားနှင့်ထိုးချလိုက်သည်။

"အား....."

ထိုရန်သူသည် ဒူးထောက်ကျသွားတော့သည်။

အခန်းတွင်းသို့ ဝင်သွားသော ဓားသမားနှစ်ဦးသည် ချက်ချင်းပင် ရှောက်လီထံသို့ တိုက်ခိုက်လေတော့သည်။

ကျင်းစုကို့ကလည်း စားပွဲနောက်ကွယ်မှခုန်ထွက်ကာ တိုက်ခိုက်တော့သည်။

ရန်သူနှစ်ဦးသည် တာလီနိုင်ငံမှသင်ယူခဲ့သော ဓားပညာကို ထုတ်သုံး၏။

သူမက မဲ့လိုက်သည်။ ထိုဓားကွက်များသည် ရန်သူအား အမြန်ဆုံး လုပ်ကြံရန် တီထွင်ထားသောဓားကွက်များဖြစ်သည်။

သို့သော် ထိုပညာကိုတီထွင်ထားသူမှာ အခြားသူမဟုတ်။ သူမ၏ဖခင်ပင် ဖြစ်တော့သည်။

ထို့ကြောင့် ထိုဓားကွက်သည် အခြားသူအား လုပ်ကြံပါက ထက်မြက်ကောင်း ထက်မြက်မည်ဖြစ်သော်လည်း သူမကိုလုပ်ကြံသောအခါ ရယ်စရာဖြစ်နေတော့သည်။

သူမမှာ ထိုဓားကွက်အားလုံးကို သိထားသည်သာမက ဓားကွက်၏ဟာကွက်ကိုပါ သိထားသူဖြစ်သည်။

ထို့ကြောင့် ဓားချက်ဆယ်ချက်ခန့် သူက ထိုးသွင်းပြီးသော် ရန်သူသည် သူမ၏ဓားချက်တစ်ချက်ဖြင့် အသက်ပျောက်သွားလေတော့၏။

သူမက ရှောက်လီအား ကြည့်လိုက်သောအခါ ရှောက်လီက ပွဲသိမ်းအနိုင်ယူလိုက်သည်ကိုတွေ့ရလေသည်။

သူမသည် ရှောက်လီ၏တိုက်ခိုက်မှုကိုကြည့်ပြီး ကြက်သီးထမိလေသည်။

ရှောက်လီ၏တိုက်ခိုက်မှုမှာ ပြတ်သည်။ ဝံပုလွေတစ်ကောင်၏ တိုက်ခိုက်မှုကဲ့သို့ အားပါသည်။

ထိုအခိုက် အခန်းအနီးသို့ ချဉ်းကပ်လာသောခြေသံကို ကြားလိုက်ရသည်။ ရှောက်လီက သူမအား လက်ပြလိုက်သည်။

ထိုအခါ သူမသည် လဲပြိုနေသောစားပွဲခုံကို အကာအကွယ်ယူလိုက်၏။ ရှောက်လီကမူ တံခါးအကွယ်၌ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုသည် အခန်းရှေ့သို့ရောက်လာလေသည်။ ဟူကျန်းစုသည် အခန်းထဲသို့လှမ်းဝင်လိုက်သည်။

အခန်းထဲ၌ အလောင်းသုံးလောင်းကို တွေ့ရှိရသည်။

ရောက်လီ၏အလောင်းမဟုတ်သည်ကို သူ သိပါသည်။

သူ မျက်မှောင်ကုတ်သွား၏။ ရောက်လီ မည်သည့်နေရာ၌ ပုန်းခိုနေပါသနည်း။ ဤနေရာမှ ထွက်ခွာသွားပြီလော။

သူက လေသံဖြင့် ခေါ်လိုက်၏။

လေသံသာဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်သည့်အခါ ဖြစ်၍ အတော်လေး ကျယ်လောင်ပေသည်။

တံခါးအကွယ်မှ ရောက်လီ ထွက်လာသည်။ စားပွဲခုံနောက်ကွယ်မှ သူမလည်း ထွက်လာသည်။

ရောက်လီတို့မသေကြောင်း တွေ့ရသောအခါ ဟူကျန်းစုသည် ဓားကိုပြန်သိမ်းလိုက်သည်။

ဟူကျန်းစုက....

"အစ်ကို... မင်းကိုထိသွားသေးသလား"

ရောက်လီက....

"မထိဘူး... မင်းကော"

"ဘာမှမဖြစ်ဘူး... အပြင်မှာ ငါနှစ်ယောက်ရှင်းခဲ့တယ်၊ ဒီလိုဆိုရင် သူတို့လာတာ စုစုပေါင်းငါးယောက်ပေါ့၊ နောက်ထပ်လဲ လာကြဦးမယ်ကွ၊ ငါတို့ ဒီက အမြန်ဆုံးလစ်ကြစို့"

ရောက်လီက သူမအား လှမ်းကြည့်သည်။



အဆုံးအဖြတ်ပေးရန် မေးမြန်းသည့်သဘောဖြစ်သည်။ သူမ၏မျက်နှာထားမှာ ရိုပ်ခနဲပြောင်းလဲသွားသည်။

သူမ၏ဓားဖြင့် ဟူကျန်းစုဆီသို့ ပစ်ထည့်လိုက်တော့၏။

ရောက်လီက အလန့်တကြားအော်သည်။

"မလုပ်နဲ့"

သူမ၏ဓားသည် ဟူကျန်းစုရှိရာ တည့်တည့်မတ်မတ်သွားနေ၏။

ဟူကျန်းစုမှာ ရုတ်တရက် ဖြစ်သောကြောင့် ကြက်သေသေနေလေပြီ။

ဓားသည် သူ၏လည်ပင်းနံဘေးမှ အရှိန်ပြင်းစွာဖြင့် ပွတ်သပ်ဖြတ်ကျော်သွား၏။ သူသည် ဓားရှိန်ဟပ်သည်ကို ခံစားလိုက်ရသည်။

"အား...."

စူးရှနာကျင်စွာ အော်ဟစ်အသံနှင့်အတူ လူတစ်ယောက်လဲပြိုကျသံကိုကြားလိုက်ရသည်။

ဟူကျန်းစုနောက်တွင် ရန်သူဓားသမားတစ်ယောက် လဲကျသေဆုံးသွားချေပြီ။

ရောက်လီသည် ထိုအခါကျမှ သက်ပြင်းချနိုင်တော့သည်။

"ဟား...."

ကျင်းစုကို့က....

"သူ့ကိုသာ ကျွန်မပစ်တာဆိုရင် ရှင် ကျွန်မကို လက်စား

www.burmeseclassic.com

www.burmeseclassic.com



ချေမှာပဲ မဟုတ်လား"

သူမက ရောက်လီအား စိန်းစိန်းကြည့်၍ပြောလိုက်သည်။

ရောက်လီမှာ အဖြေမပေးနိုင်ချေ။ သူ ပါးစပ်ပိတ်ထားရလေတော့၏။

ထိုစဉ် လမ်းမပေါ်မှပေါ့ပါးစွာ ပြေးလာသောခြေသံများကို ကြားလိုက်ရတော့သည်။

ရန်သူများဖြစ်ရမည်။ အလုံးအရင်းနှင့် ရန်သူများ လာချေပြီ။

ဟူကျန်းစုသည် ရှောင်တိမ်းရန်နေရာကိုကြည့်လိုက်သည်။ ရှောင်တိမ်းရန် နေရာမရှိချေ။ လာသည့်ရန်သူများကို တိုက်ခိုက်ရန်သာရှိတော့သည်။

ဟူကျန်းစုက....

"ဘာလုပ်နေကြတာလဲ... ကျုပ်တို့အမြန်ဆုံး ထိုးဖောက်ထွက်မှဖြစ်မယ်၊ ရန်သူအင်အားက များတယ်၊ ထိုးဖောက်ထွက်ဖို့တောင် ခက်နေဦးမယ်ထင်တယ်"

သူက လောဆော်လိုက်သည်။ ရန်သူများမဝိုင်းမီ ဖောက်ထွက်မှ တော်ရုံကျပေမည်။

ကျင်းစုကို့က....

"ခြေသံက လူတော်တော်များပုံရတယ်၊ အောက်ဆင်းလိုက်တာနဲ့ သူတို့နဲ့တန်းတိုးမှာပဲ၊ လူများတော့ ထိုးဖောက်ထွက်လို့ရမှာမဟုတ်ဘူး... အဝိုင်းခံရမှာပဲ"

ဟူကျန်းစု စိတ်တိုသွားသည်။



"ဘာလဲ... ကျုပ်တို့ သူတို့လာတဲ့အထိ ဒီအခန်းထဲမှာစောင့်နေရမှာလား၊ အပြင်မှာပဲ တိုက်မယ်၊ သေရင်လဲ ကျယ်ကျယ်ဝန်းဝန်းနဲ့သေချင်တယ်၊ ဘယ်လောက်လူများပလေစေ ကျုပ် မမှုဘူး"

"ရှင်ကတော့ သေလူပဲ... ဘယ်မှုမလဲ"

"သေရမှာကို ကျုပ်မကြောက်ဘူးဗျ... ကျုပ်က သေချင်နေတဲ့လူ၊ တကယ့်ကို ကျယ်ကျယ်ဝန်းဝန်းမှာ တိုက်ခိုက်ပြီး သေသွားချင်လို့ပြောနေတာ"

သူမက....

"သားရဲတွင်းဆိုတာ ကယ်ပေါက်ကတော့ ရှိသေးတာပေါ့၊ ကယ်ပေါက်မရှိရင် ဒီလိုအရေးကြုံတဲ့အခါ ကွီခနဲ မိနေမှာပေါ့"

သူမသည် ပြောပြောဆိုဆို ထုပ်တန်းပေါ်သို့ခုန်တက်လိုက်သည်။

"လာ... ကျွန်မနောက်ကို လိုက်ခဲ့ကြ"

ဟူကျန်းစုက ရောက်လီကိုကြည့်လိုက်သည်။ ရောက်လီက ခေါင်းညိတ်ပြီး သူမနောက်မှခုန်လိုက်သွားတော့၏။

ဟူကျန်းစုကလည်း ခုန်လိုက်ရတော့သည်။ မကြာမီ သူတို့သည် ခေါင်မိုးပေါ်သို့ရောက်ရှိသွားကြလေသည်။ သူမက အိမ်အမိုးအပြားများကို ပြန်တပ်လိုက်၏။

"လာ...."

သူမက လမ်းပြ၍ ခေါ်ဆောင်သွား၏။ မသွားမီ လမ်းမသို့ ညွှန်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးတုတ်များဖြင့် ပြေးလွှားလာသော နန်းတော်စောင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များကိုတွေ့မြင်ရတော့သည်။

သူမက....

"နောက်ထပ် နှစ်အိမ်သုံးအိမ်လောက်ရောက်ပြီးရင် ကျွန်မရဲ့လုံခြုံတဲ့အခန်းတစ်ခန်းဆီ ရောက်မှာပါ"

အိမ်တစ်အိမ်ခေါင်မိုးပေါ်သို့ ရောက်သောအခါ သူမက ရယ်လိုက်သည်။

အိမ်အမိုးအပြားများကိုခွာပြီး ရှောက်လီနှင့်ဟူကျန်စုတို့အား ဝင်စေသည်။

ထို့နောက် သူတို့သည် သူမ၏လုံခြုံသောအခန်းသို့ ရောက်ရှိသွားခဲ့ကြလေပြီ။

အခန်းထဲ၌ ရိက္ခာခြောက်များနှင့် အရက်အိုးများကိုတွေ့ရသည်။

သူမက....

"ရှင်တို့ ဘာမှမစားရသေးဘူးမဟုတ်လား။ အေးအေးဆေးဆေး စားကြတာပေါ့"

သူမက စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပြင်ဆင်ပေးလေသည်။

ဟူကျန်းစုက သူမအား မေးမြန်းလိုက်၏။

"ဒီအခန်းက လုံခြုံပါ့မလား"

"ဒီအခန်းက မြို့စားရဲ့လျှို့ဝှက်အခန်းရှင့်... မြို့စားက ရှပ်



ချင်ပွေချင်တဲ့အခါ ဒီအခန်းကိုအသုံးပြုတယ်၊ ကျွန်မစုံစမ်းရသလောက် ပြောတာပေါ့နော်"

သူမက ရယ်၍ပြောလေသည်။

ဟူကျန်းစုကလည်း ပြုံးမိသွားလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)
## ဟာလီဓားပညာ

နန်းတော်စောင့်ကိုယ်ရံတော်တပ်သားများသည် ကျင်းစုကို၏အခန်းထဲသို့ ရောက်သောအခါ သွေးကွက်များနှင့် အလောင်းများကို တွေ့ရလေသည်။

သက်ရှိသတ္တဝါတစ်ဦးမျှ မတွေ့ရချေ။ ကိုယ်ရံတော်တပ်ဖွဲ့ခေါင်းဆောင် မျက်မှောင်ကုတ်သွား၏။

သူ၏ငယ်သားဘက်သို့လှည့်မေးလိုက်၏။

"ဘယ်မလဲ တိုက်ခိုက်သတ်ဖြတ်သွားသူတွေ"

"သူတို့ခြေရာဖျောက်သွားတာပဲ ဖြစ်ရမယ်"

"တစ်အိမ်တက် တစ်အိမ်ဆင်း ရှာမယ်... ဘယ်သူပဲဖြစ်ဖြစ် ဒီနယ်မြေထဲမှာ သောင်းကျန်းနေတာကို ခွင့်မပြုနိုင်ဘူး"

"ကောင်းတယ်... ရှာရင် ကောင်းတယ်"



နန်းတော်စောင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များသည် တစ်အိမ်တက် တစ်အိမ်ဆင်း ရှာဖွေကြတော့၏။

ရှောက်လီတို့နေထိုင်သော နေအိမ်ကို ရှာဖွေရန်မှ ခေါင်းဆောင်ဖြစ်သူက ရှာဖွေခွင့်မပြုချေ။

"ဒီအိမ်က ကိုယ်တော်လေး တစ်ခါတစ်ရံ နေထိုင်တဲ့အိမ်ဖြစ်တယ်၊ အခု သူလဲ မရှိဘူး... ရှာဖို့မလိုဘူး"

သူတို့သည် ရှောက်လီတို့နေထိုင်သော အိမ်ကိုကျော်၍ရှာဖွေကြလေသည်။ သို့သော် မည်သူ့ကိုမျှ မတွေ့ရချေ။

ရှောက်လီသည် အရက်ခွက်မော့လိုက်၏။

ဟူကျန်းစုက....

"သူတို့အင်အားက စုစုပေါင်း ခြောက်ယောက်တောင်ရှိတာ၊ သူတို့ ကျုပ်တို့ကို ဘယ်လိုတွေ့သွားသလဲ မသိဘူး၊ နောက်ပြီး ကျုပ်တို့က ရုပ်ဖျက်ထားတာဗျ"

ကျင်းစုကိုက....

"မဟုတ်ဘူးရှင့်... သူတို့က ရှင်တို့ကိုရှာဖွေတွေ့သွားတာ မဟုတ်ဘူး၊ သူတို့က ရှင်တို့ ကျွန်မဆီကိုလာမယ်ဆိုတာသိလို့ ကျွန်မကိုစောင့်ကြည့်နေတာဖြစ်မယ်၊ ရှင်တို့လဲလာရော အုံနဲ့ကျင်းနဲ့ဝိုင်းတိုက်ကြတာပဲ"

ရှောက်လီက မေးလိုက်သည်။

"မင်းရဲ့ဓားသမားတွေတော့ မဟုတ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းသဖြစ်သွား၏။

"တာလီဓားပညာ ထုတ်သုံးတာနဲ့ တာလီနိုင်ငံက ဓားသမားဖြစ်ရောလား၊ ရှင်လဲ တာလီနိုင်ငံမှာ ဓားပညာသင်ခဲ့တာပဲ၊ ရှင်လဲ တာလီဓားပညာကို ထုတ်မသုံးဘူးလား"

သူမက ခေါင်းသဖြင့် အော်ငေါက်နေ၏။

ဟူကျန်းစုက....

"သူတို့ရဲ့ဓားပညာကိုတော့ ခင်ဗျားတွေ့မှာပေါ့"

သူမက ခေါင်းသဖြင့်....

"ဓားပညာကို တရုတ်နဲ့ကျွန်မတို့လူလို့ စွပ်စွဲရမလား"

ဟူကျန်းစုက....

"တာလီဓားပညာကတော့ ဓားပညာပေါ့၊ ဒါပေမယ့် တာလီနိုင်ငံရဲ့ထိပ်တန်းဓားပညာဖြစ်နေတယ်၊ ဒီလို ထိပ်တန်းဓားပညာမျိုးကို တခြားလူတွေကို သင်ပေးလို့လား"

သူမက ရှင်းပြလိုက်သည်။

"ဒီလိုဓားပညာမျိုးကို ကျွန်မတို့ဓားသမားတွေကိုသင်ပေးတယ်၊ အထူးအခွင့်အရေးတစ်ရပ်အနေနဲ့ တရုတ်ပြည်ရဲ့ကိုယ်ရံတော်တပ်ဖွဲ့ဝင်တွေကိုလဲ သင်ပေးတယ်"

ဟူကျန်းစုက မျက်လုံးပြူး မျက်ဆံပြူးဖြင့် ပြောလိုက်၏။

"အို... ဒါဖြင့် ကျုပ်နဲ့ရောက်လီနစ်ယောက်ပဲ ပြန်ဖြစ်နေတာကလား"



မှန်ပါသည်။ ရောက်လီနှင့်ဟူကျန်းစုတို့သည် စန်ကျူးယင်၏ ဦးစဉ်ပေးမှုဖြင့် တာလီနိုင်ငံသို့သွားရောက်၍ ဓားပညာသင်ကြားခဲ့ရသည်။

ဟူကျန်းစုသည် ချက်ချင်းပင် တာလီနိုင်ငံအား သတိရတမ်းတမိလိုက်သည်။

ထိုအကြောင်းကို သူ ဘယ်တော့မှမမေ့နိုင်ပါ။ အမြဲပင် သတိရနေပါသည်။

တာလီနိုင်ငံ....။

○

နေရောင်မှာ ခြစ်ခြစ်တောက် ပူလောင်နေပါသည်။

သဲကန္တာရဖြစ်သည့်အတွက် အရိပ်အာဝါသဟူ၍ လုံးဝမရှိချေ။

ဟူကျန်းစု သဲကန္တာရအား ဖြတ်ကျော်လာခဲ့သည်မှာ ခုနစ်ရက် တိတိရှိပြီဖြစ်၏။

ယနေ့ညဖြတ်ကျော်ပြီးလျှင် ဆူးချုံများ ပြည့်နေသောအရပ်သို့ရောက်ရှိမည်။ အိုအေစစ်စခန်းကလေးလည်း ဖြစ်၏။

သူသည် ရေနှင့်ရိက္ခာကိုကြည့်လိုက်သည်။ ချွေတာ၍သုံးလျှင် ဆယ်ရက်ခန့် သုံးနိုင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသည်။ သူ၏မျက်လုံးများက ဖတ်ဝန်းကျင်ကို အကဲခတ်နေသည်။

သူ အဘယ်ကြောင့် သဲကန္တာရထဲရောက်ရှိနေပါသနည်း။

သူသည် တိဗက်သုတ်သင်ရေးသမား တစ်ဦးအား စောင့်မျှော်နေခြင်းဖြစ်ပါသည်။

ထိုတိဗက်သုတ်သင်ရေးသမားသည် မိမိတို့တပ်မှူးတစ်ဦးအား လာရောက်လုပ်ကြံခြင်းဖြစ်ပါသည်။ ထိုသူသည် အောင်မြင်သွားခဲ့သည်။

လုပ်ကြံခံရသောတပ်မှူးသည် တိဗက်များနှင့်အကြိမ်ကြိမ်စစ်ပွဲဆင်နွှဲခဲ့ဖူးသူဖြစ်၏။ ဝါရင့်တပ်မှူးတစ်ဦးလည်း ဖြစ်ပါသည်။

ထို့ကြောင့် တိဗက်များသည် ထိုတပ်မှူးများအား လျှို့ဝှက်လုပ်ကြံခဲ့ခြင်းဖြစ်သည်။

ထိုလုပ်ကြံမှုအား ခြေရာခံလိုက်သောအခါ နောက်ဆုံးတွင် လိုဂူဆိုသူ တိဗက်တစ်ဦးအား ခြေရာခံမိလေသည်။

လိုဂူသည် လုပ်ကြံမှုအောင်မြင်သဖြင့် တိဗက်သို့တိတ်တဆိတ်ပြန်ရန် ကြိုးစားနေသည်။

သူသည် အလွန်ပါးနပ်သူဖြစ်၍ သုံးကြိမ်မျှ ခြေရာဖျောက်သွားခဲ့၏။

ဟူကျန်းစုမှာ လိုဂူအား မနည်းပင် ခြေရာခံလိုက်ရသည်။ သည်တစ်ခါတော့ အလွတ်မပေးနိုင်တော့ပေ။



နောက်ဆုံးတွင် သူ ဖြတ်သန်းပြန်မည့်လမ်းကို မှန်းဆနိုင်ခဲ့သည်။

ထို့ကြောင့် သူက ဦးဆောင်လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်၏။

မည်သူမဆို သဲကန္တာရအတွင်း ခုနစ်ရက်ခန့်လာရသည်ဆိုလျှင် ပင်ပန်းနွမ်းနယ်ရမည်သာ ဖြစ်သည်။

ထို့ကြောင့် ဟူကျန်းစုက ကြိုတင်စောင့်ဆိုင်းနေခြင်းဖြစ်၏။

သူ ကြိုတင်ရောက်ရှိသည်မှာ အင်အားအပြည့်ဖြင့် တိုက်ခိုက်နိုင်ရန်ဖြစ်သည်။ နေသည် တစ်စထက်တစ်စ ပိုမိုပူပြင်းလာသည်။

ဟူကျန်းစုသည် ကျောက်တုံးကြီးတစ်တုံး၏ အရိပ်အောက်သို့ တိုးဝင်လိုက်သည်။

ထိုအရိပ်သည်လည်း သူ့ကိုအအေးဓာတ်မပေးနိုင်ပါ။ လေကပူနေ၍ ဖြစ်သည်။

ထိုစဉ် အဝေးမှလွင့်ပျံ့လာသော ခေါင်းလောင်းသံကိုကြားလိုက်ရ၏။ ခေါင်းလောင်းကလေးများက မြည်သောအသံဖြစ်ပါသည်။

ဟူကျန်းစု မျက်လုံးမှေး၍ကြည့်လိုက်သည်။ အဝေး၌အစက်ကလေးနှစ်စက်ကိုတွေ့ရသည်။

ထို့နောက် တဖြည်းဖြည်း ကြီးလာသည်။ နောက်ဆုံးလူတစ်ယောက်နှင့် လားတစ်ကောင်ဖြစ်နေကြောင်းကို တွေ့ရှိရလေသည်။

လားကိုယ်ပေါ်တွင် ဝန်စည်စလွယ်များ တင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးနှင့်လူက လားကိုဆွဲလာသည်။

ဟူကျန်းစုသည် ဓားကိုဆုပ်ကိုင်လိုက်မိသည်။ ဟူကျန်းစုသည် သက်ပြင်းချလိုက်၏။ သူစောင့်ဆိုင်းနေသူ ရောက်ရှိလာပြီမဟုတ်ပါလား။

သူ မထသေးပါ။ ထရန်မလိုသေးဟု ယူဆသောကြောင့်ဖြစ်သည်။

မုတ်ဆိတ်မွေးနှင့်သူမှာ လိုဂူပင်ဖြစ်သည်။ သူ၏ကျောတွင် အသားပိုဘုရှိ၏။

သူ၏လက်နက်မှာ ကြီးမားသောရဲတင်းကြီးတစ်လက်ဖြစ်သည်။ ရဲတင်းကြီးမှာ လား၏ကျောပေါ်တွင် ထိုးစိုက်ထားသည်။

လိုဂူသည် ကျောက်ဆောင်ရှိရာသို့ဦးတည်လာပြီး မျက်မှောင်ကုတ်ကြည့်တော့၏။

အဘယ့်ကြောင့်ဆိုသော် ကျောက်ဆောင်အောက်တွင် လူတစ်ယောက်လဲလျောင်းလျက် ရှိနေသောကြောင့်တည်း။

ဤနေရာ၌ လူ မတွေ့မချင်းမှာ ဝမ်းသာစရာမဟုတ်ပါ။ လိုဂူက မျက်တောင်မခတ်ဘဲစိုက်ကြည့်လိုက်သည်။

လဲလျောင်းနေသူကလည်း မိမိအား မျက်တောင်မခတ်ကြည့်နေသည်။ လိုဂူ ရင်ထိတ်သွားခဲ့ရပေပြီ။

ယခုမူ သူ့အား လူတစ်ယောက်က စောင့်စားနေ၏။ ထိုလူသည် အပျင်းပြေအိပ်နေခြင်းမဟုတ်ကြောင်း လိုဂူ သိပေသည်။



သူ ရပ်ကြည့်လိုက်နေစဉ်မှာပင် ထိုလူသည် ထရပ်လာသည်။

ထိုလူ၏လက်ထဲမှ အလင်းရောင်တန်း လက်ခနဲ ဖြစ်သွားခြင်းအားဖြင့် ထက်မြက်သောဓားတစ်ချောင်းရှိနေမည်ဟု သူ တွက်ဆလိုက်သည်။

သူ တွက်ဆနေသည့်အချိန်မှာပင် ထိုလူသည် ထရပ်လာသည်။ ထိုလူကား ဟူကျန်းစုပင်တည်း။

ဟူကျန်းစုသည် ရှေ့ကိုတိုးထွက်လာသည်။ လိုဂူက သက်ပြင်းချလိုက်ပြီး မရဲသော်လည်း ပြေးခဲ့စေအသံမျိုးဖြင့် ပြောလိုက်၏။

"ကျုပ်မှာ ဘာအဖိုးတန်ပစ္စည်းမှမပါလာဘူး"

သူက ရယ်လိုက်၏။

"ခင်ဗျားရဲ့လက်နှစ်ဖက်ခြေနှစ်ဖက်နဲ့ခေါင်းတစ်လုံးထက် အဖိုးတန်တဲ့အရာ ဘာရှိရဦးမလဲ"

သူ ပြောလိုက်သည်မှာ လိုဂူ၏အသက်ပင်ဖြစ်သည်။ လိုဂူ ဘွတ်ခနဲ မျက်နှာပျက်သွား၏။

သို့သော် ချက်ချင်း ဣန္ဒြေဆယ်ပြီး ပြန်မေး၏။

"မင်း ဘယ်သူလဲ"

"သေမင်းတမန်"

"ဘာ... သေမင်းတမန်လဲ"

"ခင်ဗျားရဲ့သုတ်သင်ရေးဘဝကို အငြိမ်းစားပေးပစ်မယ့်

www.burmeseclassic.com

www.burmeseclassic.com



သေမင်းတမန်ပေါ့”

လိုဂူသည် ရဲတင်းကြီးကိုဆွဲထုတ်လိုက်၏။

သူသည် လိုဂူအား ကြာရှည်စကားပြောမနေပါ။ သူ့အား အမောဖြေခွင့်မပေးနိုင်ပါ။ သူ ဝင်တိုက်ပါတော့သည်။

လိုဂူကလည်း သူ၏ကြီးမားရှည်လျားသော ရဲတင်းကြီးဖြင့် ပြန်လှန်ခုခံတိုက်ခိုက်လေသည်။ လေရှိန်ကြောင့် သံမှုန်များထလာသည်။

သူသည် လိုဂူ၏အတွင်းအားကိုကျိတ်၍ ချီးကျူးလိုက်၏။ သူ၏ဓားကွက်ကိုထုတ်၍ တိုက်ခိုက်သည်။

သူသည် လိုဂူ၏ရဲတင်းကြီးတိုက်ကွက်များမှ ထိုးဖောက်၍ တိုက်ခိုက်သည်။

ရဲတင်းတိုက်ကွက် ခုနစ်ဆယ့်နှစ်ကွက်ဖြင့် လိုဂူသည် ကျော်ကြားခဲ့ပေသည်။

လိုဂူလုပ်ကြံခဲ့သမျှ လူများသည် သိုင်းကွက်ငါးဆယ် အရောက်တွင် သေဆုံးသွားရသည်သာဖြစ်သည်။

လိုဂူသည် ဟူကျန်းစုကိုကြည့်လိုက်၏။ မျက်နှာမှာနုနုက လေးဖြစ်၍ သူ့ထက်များစွာ အသက်ငယ်ကြောင်း တွေ့လိုက်သည်။

သူ၏ရဲတင်းတိုက်ကွက် ဆယ်ကွက်ခံနိုင်လျှင် တော်တော် တန်တန်လူဟု သတ်မှတ်နိုင်ကြောင်း လိုဂူ တွေးလိုက်သည်။

တကယ်တမ်းတိုက်သောအခါ လိုဂူသည် သိုင်းကွက်သုံး



ဆယ်အထိ လူငယ်ဟူကျန်းစု၏ အကျီလက်စကိုပင် ထိအောင်မတိုက်ခိုက်နိုင်ခဲ့ချေ။

ထို့ကြောင့် လိုဂူရင်ထိတ်သွားသည်။ သူ အတွင်းအားစုစည်းကာ တရကြမ်းတိုက်ခိုက်လိုက်၏။

သူ၏ရဲတင်းတိုက်ကွက်များသည် ဟူကျန်းစု၏တစ်ကိုယ်လုံးကို လွှမ်းခြုံသွား၏။

ဟူကျန်းစုသည် ‘ရဲတင်းတိုက်ကွက်’ ခုနစ်ဆယ့်နှစ်ကွက်ကို မှတ်သားနေသည်။ ပျော့ကွက်ဟာကွက်များကို ရှာဖွေနေသည်။

မကြာမီ ခုနစ်ဆယ့်နှစ်ကွက်၏ ပျော့ကွက်ဟာကွက်များကို တွေ့ရှိသွားတော့သည်။

လိုဂူ၏သိုင်းကွက်များမှာ ခုနစ်ဆယ့်နှစ်ကွက် ပြည့်သွားလေပြီ။

ဟူကျန်းစု၏အကျီလက်စကိုပင် ထိအောင်မတိုက်နိုင်သောကြောင့် လိုဂူတုန်လှုပ်နေပေပြီ။

သူသည် ခရီးပြင်းနှင်လာခဲ့ခြင်းကြောင့် အလွန်ပင်ပန်းနွမ်းနယ်နေသည်။

ထို့ကြောင့် သူကိုင်ထားသည့်ရဲတင်းကြီးပင် လေးလံလာသည်ဟု ထင်မိလေသည်။

လိုဂူသည် ထိုခုနစ်ဆယ့်နှစ်ကွက်ကိုပင် ထပ်သုံးလေတော့ ၏

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုမှာ ထိုသိုင်းကွက်များကို နားလည်ခဲ့ပြီဖြစ်၏။

သိုင်းကွက်သည် အကွက်ပေါင်းဆယ့်နှစ်ကွက်၊ အတွဲပေါင်း ခြောက်ခုရှိ၏။

အတွဲတစ်ခုအကူးတွင် လေးလံသော ရဲတင်းကြောင့် ခေတ္တ တုံ့ဆိုင်းဖြစ်သွား၏။ ထိုအချိန်မှာ တဒင်္ဂအချိန်ကလေးပင် ဖြစ်သည်။

သူတို့တိုက်ခိုက်ရေးသမားများအဖို့ ဤတဒင်္ဂလေးပင် အရေးကြီးသောအချိန်ဖြစ်သည်။

ဟူကျန်းစုသည် လိုဂူ၏တိုက်ခိုက်မှုကို ဆယ့်နှစ်ကွက်ပြည့် အောင် စောင့်နေလိုက်၏။

ဆယ့်နှစ်ကွက်ပြည့်ပြီးနောက် ဆယ့်သုံးကွက်အကူးအ ပြောင်းတွင် ဟူကျန်းစုသည် ဓားချက်သုံးချက်ကို ထိုးသွင်းလိုက်ပါ သည်။ လိုဂူ၏လက်ကောက်ဝတ်ကို ထိုးချသွား၏။

ဒုတိယဓားချက်သည် ဝမ်းဗိုက်ကိုဝင်သွားပါသည်။

"အင့်...."

လိုဂူမှာ ရဲတင်းလွတ်ကျသွားပြီး ရင်ဝနှင့်ဗိုက်ကို လက်နှစ် ဖက်ဖြင့် အုပ်လိုက်ပြီး ဒူးထောက်ကျသွားလေသည်။ လက်ကြားမှ သွေးများ တရဟောစီးကျနေသည်။

လိုဂူ၏ခန္ဓာကိုယ်ကြီးမှာယိမ်းယိုင်နေသည် လိုဂူက မေး လိုက်သည်။

"မင်း ဘယ်သူလဲ"



"ဟူကျန်းစု"

လိုဂူသည် သူ့ကိုနာကြည်းစွာ ကြည့်လိုက်ပြီး....

"မင်းကို တမလွန်ဘဝက စောင့်နေမယ်"

လိုဂူ အံကြိတ်ရင်း ပြောလိုက်သည်။ ထိုအခါ သူ ကြက်သီး ထသွား၏။

လိုဂူသည် သူ့အား ကြောက်မက်ဖွယ်မျက်လုံးများဖြင့် စိုက် ကြည့်ရင်း လဲကျသေဆုံးသွားသည်။

သူသည် လိုဂူ၏လားကိုဆွဲကာ သဲကန္တာရအတွင်းမှပြန် ထွက်လာခဲ့သည်။

သို့သော် အာရုံထဲဝယ် လိုဂူ၏ကြောက်မက်ဖွယ်ရာ အကြည့် ကို အတန်ကြာသည်အထိ မမေ့ပျောက်နိုင်ဘဲ ဖြစ်ခဲ့ရလေသည်။

ဤသို့ဖြစ်သူသည် ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ရောက်လာ ခဲ့ရပေသည်။

ထိုရပ်ကွက်ရှိစားသောက်တွင် သူစားသောက်နေခဲ့ရာ အရက်ခွက်ကိုကောက်ယူလိုက်သည်။

အရက်ခွက်ထဲတွင် လိုဂူ၏ ကြောက်မက်ဖွယ်ရာမျက်နှာကို မြင်သည်နှင့် သူသည် အရက်ခွက်ကို သွန်ပစ်လိုက်၏။ ယခင်က ဤ ကဲ့သို့မဟုတ်ပါ။

တာဝန်တစ်ခုထမ်းဆောင်သည်နှင့် သေသူကို မေ့ပစ်နိုင် သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်ရှိပြီ။ သေသူအား မမေ့ဘဲ ရှိနေခဲ့လေသည်။ ဆယ်ရက်ခန့်ကြာသောအခါ စန်ကျူးယင်ထံသို့ သူပြန်လည်ရောက်ရှိလာလေသည်။

သူ့တွင် သံယောဇဉ်ဆို၍ စန်ကျူးယင်နှင့်ရောက်လီတို့သာရှိ၏။

စန်ကျူးယင်ကိုတွေ့ရသောအခါ သူ လိုက်လိုက်လှဲလှဲ ဝမ်းသာသည်။

သူသည် ဆရာအား ဒူးထောက်၍အရိုအသေပေးလိုက်သည်။

စန်ကျူးယင်က ဆွဲထူရင်း....

"ကဲ... ထိုင်ပါဦးကွာ"

သူသည် ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်ရ၏။ စားပွဲပေါ်တွင် သားလွတ်ပေါက်စီများကို တွေ့လိုက်ရသောအခါ ဟူကျန်းစုမျက်နှာမှာ ဝင်းထိန်သွားသည်။

"ဆရာက အမှတ်ရသားပဲ"

စန်ကျူးယင် လေးလေးနက်နက်ပြောသည်။

"ငါ့ဘဝမှာ မင်းတို့ပဲရှိတာမဟုတ်လား၊ မင်းတို့ ဘာကြိုက်တတ်တယ်ဆိုတာ ငါမေ့လို့ဖြစ်ပါ့မလား"

ဟူကျန်းစုက ပေါက်စီတစ်လုံးကိုယူ၍ စားသောက်လိုက်၏။



"စား... စား၊ ဒါတွေအားလုံး သားစားဖို့ပဲ"

ဟူကျန်းစုမှာ မျက်ရည်လည်မတတ်ဖြစ်သွား၏။ သူ့အား သားအဖြစ် စန်ကျူးယင်က မှတ်ယူထားသည် မဟုတ်ပါလား။

စန်ကျူးယင်က....

"ငါ့လက်အောက်မှာ ငယ်သား ဘယ်နှစ်ယောက်ရှိတယ်လို့ မင်းထင်သလဲ"

"အများကြီးရှိမှာပေါ့ ဆရာ"

"အေး... တကယ်ထက်မြက်တဲ့လူက လက်တစ်ဆုပ်စာ ပြည့်အောင် မရှိပါဘူး"

ဟူကျန်းစုမှာ ဆရာဖြစ်သူ၏စကားကြောင့် ကျေနပ်နှစ်သိမ့်သွား၏။ စန်ကျူးယင်က ဆက်ပြောသည်။

"မင်းရဲ့ ဓားပညာက ဘယ်လိုလဲ၊ ဘယ်အဆင့်ထိရှိသလဲ"

"မဆိုးလှဘူးလို့ထင်တာပဲ ဆရာ"

"အေး... မင်းနဲ့တိုက်ပွဲဖြစ်ခဲ့တဲ့ လိုဂူလိုလူမျိုးကို အချိန်တိုတိုနဲ့ သုတ်သင်နိုင်ပါ့မလား"

လိုဂူ အင်အားအပြည့် နားနားနေနေရှိလျှင် တိုက်ပွဲအခြေအနေတစ်မျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။

ဟူကျန်းစုသည် တွေဝေသွား၏။ လိုဂူအား သူက အမဲလိုက်ကောင်နှယ် အကွက်ချပြီး တိုက်ခိုက်ခဲ့၍ နိုင်ခဲ့ပြီးဖြစ်၏။

စန်ကျူးယင်က ဟူကျန်းထံမှ အဖြေကိုစောင့်မျှော်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သတ်နိုင်မယ် မထင်ဘူး"

စန်ကျုံးယင်က....

"အားလုံး မင်းတို့လို သုတ်သင်ရေးသမားတွေချည်းပဲ၊ မင်းတို့အချင်းချင်း ပြန်တွေ့ရင် ဘယ်လိုလုပ်ကြမလဲဆိုတာကို ငါတွေးနေတယ်"

ဟူကျန်းစု ငေးငိုင်သွားသည်။ သူတို့သည် သုတ်သင်ရေးသမားသာဖြစ်၏။

သူတို့လုပ်ကြံသူများသည် သူလျှိုတပ်မှူးများနှင့် ရန်သူအားပေး သစ္စာဖောက်များသာ ဖြစ်၏။

သူကဲ့သို့ သုတ်သင်ရေးသမားချင်းအတွက်မူ အကွက်ချပြီးသာလုပ်ကြံခဲ့ရပေသည်။

စန်ကျုံးယင်က ပြောသည်။

"ဒါကြောင့် မင်းတို့ကို အတော်ဆုံး သုတ်သင်ရေးသမားဖြစ်အောင် မွမ်းမံပေးဖို့ စဉ်းစားနေတယ်၊ မင်းတို့ အတော်ဆုံး သုတ်သင်ရေးသမားဖြစ်ရမယ်"

ဟူကျန်းစု အံ့အားသင့်သွားသည်။

စန်ကျုံးယင်က ဆက်ပြော၏။

"မင်းတို့ တာလီနိုင်ငံကိုသွားရမယ်... ဟိုမှာစားပညာသင်ရမယ်"



ဟူကျန်းစု ခေါင်းညိတ်လိုက်သည်။ သူ ခေါင်းမညိတ်စရာမရှိပါ။

စန်ကျုံးယင်က....

"ဒါဆို ဒီနေ့ပဲ ခရီးထွက်ဖို့ပြင်ထားပေတော့"

ဟူကျန်းစုက....

"ကျွန်တော်တစ်ခုမေးပါရစေ ဆရာ"

"မေးပါ"

"ဆရာ့စကားထဲမှာ မင်းတို့လို့ပါတယ်၊ အဲဒါ ဘယ်သူတွေလဲ"

စန်ကျုံးယင် ရယ်မောလိုက်သည်။

"မင်းနဲ့ရှောက်လီတို့ပဲပေါ့"

ဟူကျန်းစု၏ဝမ်းသာမှုမှာ အမြင့်ဆုံး တက်သွားသည်။ သူ၏ သွေးသောက်အစ်ကို ရှောက်လီနှင့်သွားရမည်ဆိုသဖြင့် အတိုင်းမသိ ဝမ်းသာပါသည်။

"ဆရာ တကယ်ပြောတာလားဟင်"

စန်ကျုံးယင် ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဒီလောကမှာ မင်းတို့နှစ်ယောက်လောက် ထက်မြက်တဲ့ သုတ်သင်ရေးသမားတွေ မရှိစေရဘူးကွ၊ မင်းတို့နှစ်ယောက်ပဲ အထက်မြက်ဆုံး ဖြစ်စေရမယ်"

ဟူကျန်းစုမှာ ဘဝင်မြင့်ချင်စိတ်ပေါက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်ကျုံးယင်က....

"မင်း ဟိုရောက်ရင် ရောက်လီကိုတွေ့မှာပါ"

"ဟုတ်ကဲ့... ကျွန်တော် ဘယ်ကိုသွားရမှာလဲ ဆရာ"

"ကျင်းရှထင်း"

ဤသို့ဖြင့် ဟူကျန်းစုသည် တာလီနိုင်ငံသို့ ခရီးထွက်ခဲ့ရ တော့သည်။

သူသည် လျှို့ဝှက်လမ်းကြောင်းမှတစ်ဆင့် တာလီနိုင်ငံ တွင်းသို့ ဝင်ရောက်ခဲ့ရလေသည်။

သူတို့ခရီးစဉ်မှာ လူသိခံ၍မဖြစ်ပါ။ စန်ကျုံးယင်နှင့်ကျင်းရှ ထင်းတို့သို့နှိုင်းပြီး ဓားပညာသင်ကြားပေးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဟူကျန်းစုသည် မြို့ကလေးတစ်မြို့သို့ရောက်လာခဲ့သည်။ မြို့ကလေး၏တောင်ဘက်သို့လျှောက်လာခဲ့သည်။

ဤသည်မှာ ညွှန်ကြားချက်အတိုင်း ဖြစ်သည်။ အရက်ဆိုင် တစ်ဆိုင်ကို တွေ့လိုက်ရသည်။

"ဝါးရွက်စိမ်းအရက် ရှိလား"

အရောင်းစာရေးကို မေးလိုက်၏။

အရောင်းစာရေးက....

"ရှိတယ်... ပယင်းရောင်ကြိုက်သလား အဖြူရောင်ကြိုက် သလား"

"အဖြူရောင်ပဲ ပေးပါ"



ဟူကျန်းစု၏ဆက်သွယ်မှုမှာ ပြီးဆုံးသွားသည်။ အရောင်း စာရေးက သူ့အား အနောက်ဘက်အခန်းဆီသို့ ခေါ်ဆောင်သွား သည်။

ဆံပင်များဖြူဖွေးနေသောအဘိုးအိုတစ်ယောက်အား တွေ့ လိုက်ရသည်။

"ခဏနေဦး"

အရောင်းစာရေးက သူ့အား ခဏနေခိုင်းပြီးမှ အဘိုးအိုနှင့် တီးတိုးသွားပြောနေသည်။

အဘိုးအိုသည် တီးတိုးစကားပြောပြီးနောက် ဟူကျန်းစုအား ခြေဆုံးခေါင်းဆုံးကြည့်၏။

"ငါ့နောက် လိုက်ခဲ့"

အဘိုးအိုသည် ထိုစကားကိုပြောပြီးသည်နှင့်ထွက်သွား သည်။

ဟူကျန်းစုလည်း နောက်မှလိုက်သွားသည်။ မကြာမီ သူတို့ သည် မြို့ပြင်သို့ရောက်ရှိလာပြီး တောအုပ်တစ်ခုအလယ်ရှိ ရဲတိုက် တစ်ခုသို့ရောက်ရှိသွားသည်။

ထိုရဲတိုက်မှာ ကျင်းရှထင်း၏ ရဲတိုက်ပင်ဖြစ်ပါသည်။

ဟူကျန်းစုသည် ထိုရဲတိုက်၌လှုပ်သော မိန်းကလေးတစ်ဦး ကိုတွေ့လိုက်ရ၏။

ထိုမိန်းကလေးမှာ ကျင်းစုကို့ပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုသည် ထိုမိန်းကလေးကိုမြင်သည်နှင့် ချစ်ချင်စိတ်ပေါက်သွား၏။

သို့သော် သံယောဇဉ်မထားသင့်သော ဘဝလုပ်ငန်းစဉ်ကို မြင်သဖြင့် စိတ်ကိုချုပ်တည်းလိုက်သည်။

မကြာမီ ရဲတိုက်သို့ကြိုတင်ရောက်ရှိနေသော ရှောက်လီအား တွေ့လိုက်ရတော့သည်။

"ဟာ... အစ်ကို ဆရာစန်ကျုံးယင်ကတော့ ပြောလိုက်တာပဲ၊ ရှောက်လီ ရောက်လာလိမ့်မယ်လို့... မင်းက အရင်ရောက်နှင့်နေတာပေါ့လေ"

ဟူကျန်းစုသည် ဝမ်းသာအားရ ပြေးဖက်၏။ ရှောက်လီကလည်း ပြန်ဖက်သည်။

ဤသည်မှာ သွေးသောက်ညီအစ်ကိုနှစ်ဦး၏ တွေ့ဆုံခန်းဖြစ်လေသည်။

သူတို့ရောက်ပြီး နောက်တစ်နေ့တွင်ပင် ကျင်းရှထင်းက သူတို့အား သိုင်းပညာ စတင်သင်ကြားပေးတော့သည်။

ကျင်းရှထင်း၏ဓားကွက်မှာ ဆယ့်ခြောက်ကွက်သာရှိသည်။

ဓားကွက်တစ်ကွက်တွင် ကွက်ပြောင်းလေးမျိုးရှိသည်။ ဓားကိုင်ပုံ၊ ခြေနင်းပုံကအစ ထူးခြားလှသည်။

သူတို့သည် ဓားကွက်များ ကို တစ်လနှင့်တတ်မြောက်မည်ဟု ထင်ခဲ့သည်။



တကယ်တမ်း သင်ကြားသောအခါ သုံးလခန့်ကြာမှ တတ်မြောက်ခဲ့ပေသည်။

တကယ်လက်တွေ့ပင် ထိုဓားပညာသည် ခက်ခဲလှ၏။ အ[illegible]ထူးဆန်းသော ဓားပညာဖြစ်သည်။ ဓားကွက်တိုင်းတွင် ရက်စက်မှုရှိသည်။

ဟူကျန်းစုနှင့်ရှောက်လီတို့သည် ထိုဓားပညာကို သုံးလကြာအောင် သင်ယူခဲ့ရသည်။ ရှောက်လီက ပို၍ထူးချွန်သည်။

ကျင်းစုကို့နှင့်ရှောက်လီတို့မှာ တပူးပူးတတွဲတွဲရှိနေကြသည်။

သူတို့မှာ တစ်ယောက်ကိုတစ်ယောက်က စိတ်ဝင်စားဟန်[illegible] ပြသည်။ နှုတ်ကတော့ ဖွင့်မပြောကြပေ။

သို့သော် ဓားပညာသင်ကြားပြီးသည်နှင့် ရှောက်လီနှင့်အတူ ဟူကျန်းစုသည် တရုတ်ပြည်သို့ပြန်ကြရ၏။

ထို့နောက် ရှောက်လီနှင့် ဟူကျန်းစုတို့ ကွဲကွာသွားကြရတော့သည်။

ရှောက်လီက မွန်ဂိုနှင့်တာလီနယ်စပ်အတွင်း တာဝန်ယူရသည်။

ဟူကျန်းစုမှာ တိဗက်နှင့်မန်ချူးနယ်တွင် တာဝန်ယူရသည်။ နှစ်ယောက်စလုံးတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်ကြသဖြင့် နာမည်ကျော်ကြားလျက်ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လီနှင့်ဟူကျန်းစုတို့မှ တစ်ခဏမျှ ပြန်လည်တွေ့ဆုံခဲ့ကြ၏။

ဟူကျန်းစုမျက်နှာတွင် ဓားဒဏ်ရာရရှိပြီးချိန်တွင် ဖြစ်သည်။ သုံးရက်မျှ တွေ့ဆုံပြီးနောက် သူတို့ပြန်လည်ထွက်ခွာသွားကြရ၏။

ဟူကျန်းစုမှာ ထိုအခါမှစ၍ ငြိမ်းချမ်းမှုကိုတောင့်တလာခဲ့ခြင်းဖြစ်သည်။

○

"ဟေ့... ငါပြောတာ ဟုတ်တယ်မဟုတ်လား"

ရောက်လီက မေးလိုက်သည်။ ဟူကျန်းစုက အတွေးသံသရာထဲတွင် နစ်မျောနေသည်။ ရောက်လီ မေးသည်ကိုမကြားပေ။

"ဘာ... ဘာဟုတ်တာလဲ"

ရောက်လီက မျက်မှောင်ကုတ်ပြီး ထပ်ပြောလိုက်သည်။

"ငါတို့ပြဿနာပြေလည်ဖို့ တာလီနိုင်ငံရဲ့အကူအညီ လိုနေပြီဆိုတာလေ"

"တာလီနိုင်ငံထက် ကျင်းစုကို့ရဲ့အကူအညီလိုတယ် ပြ
ပြောစမ်းပါကွာ"

"လေးလေးနက်နက် မလေးနက်နက် ဒီကိစ္စမှာ တာလီနိုင်



ာ မားသမားတွေပါဝင်နေတယ်လို့ စွပ်စွဲနေမှတော့ ပြဿနာရဲ့အဖြေ
ကို ကျွန်မလဲ ဝင်ရှာရတော့မှာပဲ"

ဟူကျန်းစုက....

"ဒီမှာ ခင်ဗျားကို ကျုပ်မေးပါရစေ... ခင်ဗျားကိုလေ့ကျင့်ပေးခဲ့တာ ဘယ်နှစ်ယောက်ရှိသလဲဗျ"

"ကျွန်မလဲ မသိဘူးရှင့်"

"ကျုပ်တို့နှစ်ယောက်တည်းပဲလား"

ရောက်လီက ဝင်မေးလိုက်ခြင်းဖြစ်ပါသည်။

"ကျွန်မလဲ ဒီနောက်ပိုင်း အိမ်ပြန်မရောက်တော့ဘူး၊ ပြီးတော့ ကျွန်မရဲ့ဖေဖေက သိပ်ပြီး လျှို့ဝှက်တဲ့လူတစ်ယောက်ဖြစ်နေခဲ့တယ်ရှင့်"

ဟူကျန်းစုက....

"စန်ကျုံးယင်က အပြောအရတော့ ကျုပ်တို့နှစ်ယောက်တည်း ရှိတဲ့ပုံပဲ"

"သေချာအောင် ကျွန်မပြန်စစ်ဆေးလိုက်ဦးမယ်"

"ဘယ်လိုစစ်ဆေးမှာလဲ"

ရောက်လီက ဝင်မေးလိုက်သည်။

"ဒီကိစ္စမျိုးကျတော့ ဌာနခွဲမှူးတွေက လုပ်ကိုင်ကြတယ်ရှင့်၊ သူတို့က ခိုးကြည့်ရမှာပေါ့"

ရောက်လီက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်ကစပြီး မင်းပဲ ကျုပ်တို့အစားလုပ်ပေးရမှာ"

ကျင်းစုကို့က ပခုံးတွန့်လိုက်ပြီး....

"ရှင်တို့နဲ့ ကျွန်မအတူပါသွားတာကို သူတို့ကမသိဘဲရှိပါ့မလားရှင့်"

ရောက်လီ ငြိမ်သက်သွားသည်။

ကျင်းစုကို့က....

"အကောင်းဆုံးကတော့ ဌာနခွဲမှူးဆီက စာရင်းကို ဒီညသွားခိုးကြည့်ရင်ကောင်းမယ်၊ နန်းတော်စောင့် ကိုယ်ရံတော်တွေ လှုပ်ရှားနေတော့ ထောက်လှမ်းမှုတွေ နောက်ဆုတ်နေကြလိမ့်မယ်"

"တွေ့သွားရင် မင်းကိုမသတ်ဘဲ နေပါ့မလားကွာ"

ရောက်လီက ပြောလိုက်သည်။ ကျင်းစုကို့က ရယ်လိုက်၏။

"ရှင်တို့ကိုတော့ ထောက်လှမ်းရေးမှူးတွေက သတ်မှာပဲ၊ ရှင်တို့ကိုသတ်ဖို့လဲ အမိန့်ထုတ်ထားတယ် မဟုတ်လား၊ ကျွန်မကတော့ သေစာရင်းထဲမှာ မပါဘူး၊ ကျွန်မကိုသတ်ချင်မှ သတ်မှာ"

"လုပ်မနေနဲ့ သေချင်သေ ရှင်ချင်ရှင်၊ အားလုံး အတူတူသွားကြမယ်၊ သုံးယောက်ဆိုတော့ အားရှိတာပေါ့၊ တော်ရုံတန်ရုံ စားသမားတွေလောက်တော့ ကျုပ်တို့သုံးယောက်က မှုမယ်မဟုတ်ဘူး"

ကျင်းစုကို့က....

"ဒါလဲ ကောင်းတာပဲ... ကျွန်မကတော့ မထူးပါဘူးရှင်၊ ဝင်ပါမယ်လို့ ဆုံးဖြတ်ထားပြီပဲ"



သူတို့သည် ခေါင်မိုးပေါ်မှထွက်လိုက်ကြ၏။ ခေါင်မိုးပေါ်သို့ သုံးယောက်စလုံးရောက်ရှိလာကြသည်။

ခေါင်မိုးများပေါ်မှ ရွေစားအာမခံဌာနဆီသို့ဦးတည်၍ လျှောက်သွားကြတော့သည်။

သူတို့ကိုဦးဆောင်ခေါ်သွားသူမှာ ကျင်းစုကို့ပင်ဖြစ်ပါတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၃)
လျှို့ဝှက်စာရင်း

ရွှေတားအာမခံဌာန.....။

ကျန်နန်နယ်တွင် နာမည်ထင်ရှားသော သယ်ယူပို့ဆောင်
ရေးဌာနကြီး ငါးခုရှိသည့်အနက် ကျန်းစုကို့ အလုပ်လုပ်သော ရွှေ
အာမခံဌာနသည် တစ်ခုအပါအဝင်ဖြစ်သည်။

ရွှေတားအာမခံဌာနအဖြစ် ဖွင့်လှစ်ခဲ့သည်မှာ ဆယ်နှစ်မျှကြ
ခဲ့ပြီဖြစ်သည်။

ရွှေတားအာမခံဌာနသည် တာလီနိုင်ငံအတွက် သူလျှိုလု
ပေးနေသောဌာနဖြစ်သည်။

ရွှေတားအာမခံသယ်ယူပို့ဆောင်ရေးမှာ မျက်နှာဖုံးတစ်ထ
ခြင်းသာ ဖြစ်၏။

ထိုမျက်နှာဖုံးအရ အလုပ်ကိုဝီပြင်ပြင်ဖြစ်အောင် ပြုလု



နိုင်ခြင်းက သူတို့၏မျက်နှာဖုံးကို ပိုမိုခိုင်ခံ့စေခဲ့၏။

ကင်းသမားနှစ်ယောက်မှာ ရွှေတားအာမခံရှေ့တွင် ကင်း
စောင့်နေကြသည်။

သူတို့သည် သတိဝီရိယအပြည့်ဖြင့် ကင်းစောင့်နေကြခြင်း
ဖြစ်သော်လည်း လူသုံးယောက်ကိုမူ သူတို့သတိမပြုမိဘဲ ရှိခဲ့ကြ
သည်။

လူသုံးယောက်သည် ကင်းသမားများမျှော်လင့်မထားသည့်
ခေါင်မိုးမှတစ်ဆင့် ရွှေတားအာမခံဌာန၏ ခေါင်မိုးပေါ်သို့ ရောက်ရှိနေ
ကြသည်။

ဟူကျန်းစုသည် အစောင့်အနေဖြင့် ကျင်းစုကို့က ခေါင်မိုး
ပေါ်၌ထားခဲ့ခြင်း ဖြစ်လေသည်။

ကျင်းစုကို့နှင့်ရောက်လီတို့သည် ကြောင်များအလား ပေါ့ပါး
စွာ အထဲဝင်သွားကြသည်။

ကျန်းစုကို့သည် ဤအခန်းများကိုကျွမ်းကျင်စွာ သွားလာနေ
ခဲ့သူဖြစ်သဖြင့် အခန်းအနေအထားများကို သိနေသည်။

ထို့ကြောင့် သူမသည် ဌာနခွဲမှူး၏အခန်းတွင်းသို့ မကြာမီ
ရောက်ရှိသွားတော့သည်။

ကျင်းစုကို့သည် ဌာနခွဲမှူးအခန်း၌ လူသူမရှိကြောင်း သေ
ချာသောအခါ ရောက်လီအား ပြောလိုက်သည်။

"ရှင် ဟူကျန်းစုကိုသွားခေါ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီသည် ကျင်းစုကို့ စကားအတိုင်း ဟူကျန်းစုကို သွားခေါ်ရလေသည်။

ထို့နောက် သူတို့သုံးယောက်သည် စာရွက်စာတမ်းများကို မွှေနှောက်ရှာဖွေလေတော့သည်။

ရှာဖွေရာတွင် ကျင်းစုကို့သည် ခန်းဆီးများကိုချထားပြီး ဖယောင်းတိုင်မီးထွန်း၍ ရှာဖွေခြင်းဖြစ်သည်။

အတန်ကြာသော် စာရွက်တစ်ရွက်ကိုတွေ့ရလေသည်။

"တွေ့ပြီ"

ကျင်းစုကို့ တိုးတိုးပြောလေသည်။ ထို့နောက် ရှောက်လီ ဒေါက်ထဲသို့ လှမ်းထည့်ပေးလိုက်၏။

ရှောက်လီသည် အနီရောင်စက္ကူကိုကြည့်လိုက်သည်။

ကျင်းစုကို့က....

"ဒီအမှတ်အသားက ကျွန်မကို စောင့်ကြည့်ကြရမယ်ဆိုတဲ့ လူစာရင်း အမှတ်အသားပဲ"

ရှောက်လီသည် ရွှေထားအာမခံဌာန၏စနစ်ကျပုံကို ချီးကျူးလိုက်သည်။ ထို့နောက် စာရွက်ကိုဖတ်ရှုတော့သည်။

မိမိတို့နိုင်ငံမှ တပ်မှူးကြီးများ၊ တပ်မှူးများနှင့်ပညာရှင်များ စာရင်းကို တွေ့လိုက်ရသည်။ ရှောက်လီသည် ဆက်ဖတ်သွား၏။

တစ်နေရာသို့ရောက်သောအခါ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားတော့သည်။



"ဒီမှာရေးထားတယ်... ကျင်းရှထင်း သင်ကြားပေးခဲ့သူများ စာရင်း ဆိုပါကလား"

ဟူကျန်းစုက ပါးစပ်မှပြောရင်း ဆက်ဖတ်လိုက်လေသည်။

"ချင်းရောင်... ချိရှောင်... တွေ့စန်... ယီလျှံ... ရှောက်လီ... ဟူကျန်းစု... ပကွေ... သင်းယီ... လျှံပုဟူ... ကျို့လော့ကန်း... အီ ကွမ်း... စန်းရှုထုံး"

ကျင်းစုကို့က ပြောလိုက်သည်။

"ဆယ့်နှစ်ယောက်တောင်မှပါလား"

ဟူကျန်းစုက မဲ့လိုက်ပြီး....

"ဟော့... တို့နှစ်ယောက်တည်း မဟုတ်ပါလားကွ၊ ဆရာစန်ကျုံးယင်ပြောတော့ တို့နှစ်ယောက်တည်းကိုသာ သင်ပေးတာဆိုပါ ကလား"

ရှောက်လီက စဉ်းစဉ်းစားစား ပြောသည်။

"ဟုတ်တယ်... ငါတို့လို သင်တန်းတက်ပြီးသူတွေ ဆယ်ဦး တောင် ရှိနေတယ်"

ကျင်းစုကို့က ဝင်မေးလိုက်သည်။

"ရှင်တို့လိုလူစားမျိုးတွေပဲ မဟုတ်လား"

ဟူကျန်းစုက သက်ပြင်းချလိုက်သည်။

"သူကပြောတယ်... ဒီလောကမှာ ငါတို့နှစ်ယောက်စလုံးကို သတ်သင်ရေးသမားတွေထဲမှာ အထက်မြက်ဆုံး ဖြစ်အောင်လုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



မတွဲ”

ကျင်းစုကို့ ဆင်ခြေပေးသည်။

“ရှင်တို့ဟာ သူပြောသလို အထက်မြက်ဆုံး ဖြစ်လာလို့ နောက်ထပ် လူတွေ မွေးထုတ်ပေးလားမှမသိဘဲ”

ရှောက်လီက ခေါင်းခါလိုက်သည်။

“စာရင်းအရ ကျုပ်တို့အရင် လေးယောက်ရှိခဲ့တာပဲ၊ ဘာကြောင့် ကျုပ်တို့နှစ်ယောက်တည်းရှိတယ်လို့ ပြောရတာလဲ”

ဟူကျန်းစုက....

“နောက်ပိုင်းမှာလဲ သူဆက်လိမ်တာပဲမဟုတ်လား၊ ကျုပ်တို့နောက်မှ လွှတ်ထားတဲ့လူတွေရှိပေမယ့် ဘယ်သူမှမလွှတ်ဘူးလို့ သူဆက်လိမ်နေခဲ့တာပဲမဟုတ်လား”

ကျင်းစုကို့က....

“ရှင်တို့ကို စိတ်ထဲစွဲထားအောင် တမင်ပြောတာလားမှ မသိတာ”

ဟူကျန်းစုက မဲ့ရွဲ့လိုက်သည်။

“ကျုပ်တို့က ဘဝင်မြင့်တဲ့လူတွေမှ မဟုတ်တာ၊ ကျုပ်တို့လိုလူတွေ များလာလို့လဲ ဂရုမစိုက်ဘူး၊ နည်းသွားလို့လဲ ဘဝင်မမြင့်ဘူး အဓိက,က ကျုပ်တို့တာဝန်ကျေဖို့ သူခိုင်းတဲ့အလုပ်ကို အောင်မြင်ဖို့ပဲ”

ရှောက်လီက ဝင်ပြောလိုက်သည်။

“သူ ကျုပ်တို့အတွက် ဂုဏ်တက်အောင် အမြဲကြိုးစားခဲ့ပါ



တယ်ဗျာ”

ဟူကျန်းစုက မကျေမနပ်ဖြင့် ဆက်လက်ပြောလေသည်။

“ကျုပ်တို့ ခုလိုကျော်ကြားလာတာဟာ သူ့အတွက် ကြိုးစားရင်း ကျော်ကြားလာတာပါဗျာ”

“ကဲ... ရှင်တို့ ဒီစာရင်းကိုရပြီ၊ ရှင်တို့ ဘာဆက်လုပ်ကြမလဲ”

ရှောက်လီက....

“ဘာလုပ်ရမှန်းတော့ မသိဘူး။ ဒီလူတွေရဲ့ရာဇဝင်ကိုသိရင်တော့ အနည်းအကျဉ်းတော့ စန်ကျုံးယင်ရဲ့ရည်ရွယ်ချက်ကို ခန့်မှန်းမိမယ် ထင်တယ်”

ကျင်းစုကို့က သက်ပြင်းချလိုက်သည်။

ရှောက်လီက ဆက်ပြောလိုက်သည်။

“ကျုပ်တို့ကို ဆက်လက်ကူညီပါဦး”

“သူတို့ရဲ့ရာဇဝင်ကိုသိရင် ရှင်တို့အဖြေရှာနိုင်မှာလား”

“အတိအကျတော့ မပြောနိုင်ဘူးပေါ့၊ ခန့်မှန်းရတာပါ၊ အဖြေကိုဖော်ထုတ်နိုင်မယ်လို့ မျှော်လင့်ရတယ်”

ရှောက်လီက ပြောလိုက်ခြင်းဖြစ်ပါသည်။

ရှောက်လီက ဆက်ပြောသည်။

“ကျုပ်တို့အနေနဲ့က သူ့ကိုသွားမမေးနိုင်ဘူးလေ၊ ဒီတော့ ကျုပ်တို့တစ်ခုခုလုပ်တဲ့သဘောပါပဲ”

ဟူကျန်းစုက....

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကျုပ်တို့ပုန်းမနေချင်ဘူးဗျာ၊ လေ့လာလို့ရနိုင်မယ့် နေရာမှန်သမျှ လေ့လာချင်တယ်၊ ဒါမှ သူ့ရဲ့ရည်မှန်းချက်ကိုသိနိုင်မယ်"

ကျင်းစုကို့က စဉ်းစဉ်းစားစားပြောသည်။

"ဒီလိုလူတွေရဲ့ရာဇဝင်ရှိပါတယ်... ဒါလဲဌာနမှူးရဲ့လက်ထဲမှာပဲ၊ ဒါပေမယ့် ဒီမှာတော့ မရှိဘူး"

ဟူကျန်းစုက မေးလိုက်သည်။

"ဒါဖြင့် ဌာနခွဲမှူးက ဘယ်မှာနေသလဲ"

ကျင်းစုကို့က....

"သူ့အိမ်မှာပဲပေါ့"

"ဌာနခွဲမှူးကတော့ ဟုတ်ပါတယ်... ရာဇဝင်ရှိတဲ့နေရာကို သိချင်တာ"

"ဒါလဲ သူ့လက်ထဲမှာပဲရှိမှာပေါ့"

"ဒီလိုဆိုရင် သူ့ကိုသွားတွေ့ရမယ်"

ကျင်းစုကို့က....

"ဒါပေမယ့် သူ့ဆီက တောင်းလို့တော့ရမှာမဟုတ်ဘူး၊ ဒါက ထိပ်တန်းလျှို့ဝှက်မဟုတ်လား၊ သူဘယ်နည်းမှ မပေးနိုင်ဘူး"

ဟူကျန်းစုက....

"အဲဒါမှဒုက္ခပဲ"

"ကျွန်မ သူ့ကိုဒုက္ခမပေးချင်ပါဘူး"



"ကျုပ် နားလည်ပါတယ်... သူ ဘယ်မှာနေသလဲ"

"ရှင် သူ့ကိုတော့ ဒုက္ခမပေးစေချင်ဘူး"

"သူ့အသက်မသေစေရဘူးလို့ ကျုပ်ကတိပေးပါတယ်"

ကျင်းစုကို့ စိတ်ရှုပ်သွား၏။

အတန်ကြာ စဉ်းစားပြီးမှ နေရာတစ်ခုကိုပြောပြလိုက်သည်။

"သူ ဘာမှမဖြစ်ပါစေနဲ့... ရှင်တို့ ဟိုအခန်းကိုပြန်လာကြပါ"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။ ထို့နောက် အခန်းထဲရှိ ခြေရာမပျက် ပြန်သိမ်းဆည်းလိုက်၏။

ထို့နောက် ဖယောင်းတိုင်မီးမှုတ်ငြိမ်းသတ်ကာ ခေါင်မိုးပေါ်သို့ပြန်တက်ခဲ့ကြလေတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)
## အကြောင်းကိုရှာသည်

ခြံဝင်းကျယ်ကြီးတစ်ခုတွင် ကင်းသမားနှစ်ယောက်စောင့်နေကြ၏။

ခြံကြီး၏ပတ်လည်တွင် လူတစ်ရပ်ခန့်မြင့်သော စည်းရိုးသစ်ပင်များရှိ၏။

ထိုစည်းရိုး၏အရှေ့တောင်ထောင့်တွင် သစ်ပင်များလှုပ်ရှားနေသည်ကို ကင်းသမားများတွေ့ရှိလိုက်ရသည်။

ကင်းသမားနှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ညဦးပိုင်းတွင် ထိုလမ်းကျော်လောက်တွင် အပြင်းအထန်တိုက်ခိုက်မှုဖြစ်ထားသဖြင့် သူတို့သည် ဝီရိယဖြင့် နိုးကြားစွာ စောင့်ရှောက်နေကြသည်။



ကင်းသမားနှစ်ယောက်သည် သစ်ပင်များလှုပ်ရှားရာသို့သွားကြလေ၏။

သူတို့သည် လှံရှည်များကို အသင့်ပြင်သွားကြသည်။

စည်းရိုးအနီးရောက်သည်နှင့် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ကြ၏။

"ဟေ့… ဘယ်သူလဲ၊ ထွက်"

ကင်းသမားနှစ်ယောက်သည် ပါးစပ်မှအော်ရင်း လှံရှည်ဖြင့်ချေးထိုးလေ၏။

ထိုအခါ လူရိပ်က ရုတ်တစ်ရက်ခုန်ထွက်လာပြီး လက်ဝါးဖြင့် ပြိုင်တူရိုက်ချလိုက်သည်။

အစောင့်နှစ်ယောက်၏မေ့စေတတ်သော အကြောအားတမင်ရိုက်ချလိုက်ခြင်း ဖြစ်ပါသည်။

ထိုလူ၏တိုက်ခိုက်မှုမှာ လွန်စွာလျင်မြန်လှသဖြင့် ကင်းသမားနှစ်ဦးစလုံး ရှန်းကန်လဲကျသွားလေတော့သည်။

ထိုအခါ ပုန်းနေသောလူတစ်ယောက် ထွက်လာလေတော့သည်။ ထိုလူကား ရှောက်လီတည်း။

"မင်းရဲ့သွေးကြောပိတ်ပညာ ကောင်းလှချည်လား"

ဟုကျန်းစုက ရယ်လိုက်၏။

"ဟား… ဟား… ဟား ကောင်းဆို ငါကတော်တော်လေ့ကျင့်ထားတာကိုး၊ မနက်ကျရင် သူ့အလိုလို ပြန်ပွင့်သွားလိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ငါတိဗက်မှာနေတုန်းက ဒီပညာကိုရထားတာကွ”

သူတို့သည် ခြံဝင်းထဲသို့ ပေါ့ပါးစွာ ခုန်ဝင်လာလေသည်။

ကျင်းစုကိုက ပြောပြထားသဖြင့် အစောင့်နှစ်ယောက်သာရှိကြောင်း သူတို့သိကြသည်။

သူတို့သည် ခြံဝင်းအတွင်းရှိ အိမ်ဂေဟာ သို့သွားကြသည်။

သူတို့သည် အိမ်အတွင်းသို့ဝင်လိုက်သည်နှင့် ဓားကိုင်၍ စောင့်နေသော ဠာနခွဲမှူးအား တွေ့လိုက်ရတော့သည်။

“မင်းတို့ ဘယ်သူတွေလဲ”

ဠာနခွဲမှူးက မေးလိုက်၏။

ရောက်လီ ပြန်မဖြေပါ။ ရုတ်တရက် စတင်တိုက်ခိုက်သည်။ ဠာနခွဲမှူး၏ဓားပညာမှာ အထူးပင်ကောင်းမွန်လှသည်။

ထို့ကြောင့် ဠာနခွဲမှူးအား မထိခိုက်မနာကျင်စေဘဲ အနိုင်ရရှိရန်မှာ အလွန်ခက်ခဲကြောင်း ရောက်လီတွေ့ရှိလိုက်ရတော့သည်။

အဘယ်ကြောင့်ဆိုသော် ဠာနခွဲမှူး၏ဓားချက်က ရောက်လီ၏အသက်ကို နှုတ်ယူမည်ကဲ့သို့ အကြိမ်ကြိမ်ဖြစ်နေသောကြောင့်တည်း။

ရောက်လီမှာ ဠာနခွဲမှူး၏ဓားချက်ကို အပြင်းအထန်ရှောင်တိမ်းနေရသည်။ သူ ပြန်လည်တိုက်ခိုက်ရပေတော့မည်။

ထို့ကြောင့် သူသည် တာလီဓားသိုင်းကိုထုတ်သုံး၍ အနိုင်မရနိုင်ကြောင်း ရောက်လီသိသည်။



တာလီဓားသိုင်းပညာကို ဠာနခွဲမှူးက ပို၍ ကျွမ်းကျင်စွာ အသုံးပြုနိုင်ပေသည်။

သူသည် တာလီဓားသိုင်းပညာကို သိထားသဖြင့် ပို၍ကာကွယ်နေနိုင်သည်။

သူသည် ခုခံနေရာမှ ဟူကျန်းစုအား ကြည့်လိုက်ရာ ရှာမတွေ့ဘဲ ဖြစ်နေသည်။

ဟူကျန်းစု ဘယ်ရောက်သွားသည်ကို မတွေ့လိုက်ရချေ။

ထိုစဉ် ဠာနခွဲမှူးသည် ရုတ်တရက် ဓားလွတ်ကျသွားလေသည်။

“ဟား... ဟား... ဟား”

ဟူကျန်းစု၏ရယ်မောသံ ပေါ်လာသည်။ ဠာနခွဲမှူးသည် ဟူကျန်းစု၏အလစ်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

အလစ်သွေးကြောပိတ်ခြင်းကို ခံလိုက်ရသဖြင့် ဓားလွတ်ကျသွားရခြင်းဖြစ်သည်။

“အလစ်တိုက်ခိုက်လို့သာ ရတာ... တကယ်တိုက်နေရင် ရမှာမဟုတ်ဘူး၊ သူ့ဓားပညာက တကယ်ကောင်းတာပဲ”

ရောက်လီ ခေါင်းညိတ်လိုက်၏။

“ကဲ... အချိန်ရှိတုန်း ရှာလိုက်ကြရအောင်”

ရောက်လီနှင့်ဟူကျန်းစုတို့သည် တုံးလုံးလဲကျနေသော ဠာနခွဲမှူး သည်အတိုင်းပစ်ထားကာ တစ်ခန်းဝင်တစ်ခန်းထွက် စာ

www.burmeseclassic.com

www.burmeseclassic.com



ရွက်စာတမ်းကို ရှာကြလေတော့သည်။

အတန်ကြာသည်အထိ မတွေ့ကြပေ။

ရှောက်လီတို့ရှာထားသည့်အခန်းတိုင်း မွစာကြနေ၏။

"တုံ… တုံ… တုံ"

အဝေးမှ အုန်းမောင်းခေါက်သံသုံးချက် ကြားလိုက်ရ၏။ မိုးလင်းတော့မည်။ သူတို့ရှာသည်မှာလည်း မတွေ့သေး။

ဟူကျန်းစုက သက်ပြင်းချလိုက်၏။

"ဘယ်မှာမှ မတွေ့ပါလား… တန်တော့ သူဟာ လျှို့ဝှက်နေရာမှာ ဝှက်ထားပုံရတယ်၊ တို့ ဘယ်လိုလုပ်ကြမလဲ"

ဟူကျန်းစု စဉ်းစားနေတော့၏။ သူတို့ ဘာလုပ်ရင်ကောင်းမည်နည်း။

ရှောက်လီက ပြောလိုက်သည်။

"သူ့ကိုပဲ မေးလိုက်တာပေါ့ကွာ… အဲဒါကမှ အချိန်ကုန်သက်သာမယ်"

ဟူကျန်းစုက…

"အဲဒါကောင်းတယ်"

"ဒါပေမယ့် ကျင်းစုကို့ကို ငါကတိပေးခဲ့တယ်ကွာ၊ ဌာနခွဲမှူး ကိုဒဏ်ရာအနာတရ မရအောင်လုပ်ပြီး မေးပါ့မယ်လို့"

"ဟား… ဟား… ဟား… စိတ်ချ… စိတ်ချ၊ ဘာအနာတရမှ ရစေရပါဘူး၊ သက်တောင့်သက်သာနဲ့မင်းသိချင်သမျှ သိရပါစေ့မယ်



ငါစစ်မေးတာ ,ဘယ်လောက်ထက်မြက်တယ်ဆိုတာ မင်းသိရတာ ပေါ့"

ဟူကျန်းစုသည် ဌာနခွဲမှူးကို ခုတင်ပေါ် ပွေ့တင်လိုက်၏။ ထို့နောက် အကြောတစ်နေရာကိုလက်ညှိုးဖြင့် ထောက်ချလိုက်၏။ သူသည် အထူးချိန်ဆကာ ထောက်လိုက်ခြင်းဖြစ်၏။

အချိန်အဆများစွာ အထောက်ခံရလျှင် အထောက်ခံရသူသည် သွေးကြောများ ပေါက်ကွဲပျက်စီးသွားပြီး ရူးသွပ်သွားနိုင်သည်။

ဟူကျန်းစုသည် ဌာနခွဲမှူးကိုကြည့်လိုက်၏။ ဌာနခွဲမှူး၏ မျက်လုံးများ ပွင့်လာသည်။

ဟူကျန်းစုသည် ရှောက်လီအား ကြည့်လိုက်ပြီး…

"ငါမေးမယ် အစ်ကို"

"မေးပါ… မေးပါ"

ဟူကျန်းစုသည် ဌာနခွဲမှူးအား ကြည့်လျက်…

"ခင်ဗျား ဘယ်သူလဲ"

ဌာနခွဲမှူး၏ပါးစပ် .လှုပ်လာသည်။ ပထမတော့ အသံမထွက်။ နောက်တော့မှ အသံထွက်လာသည်။

"ရွှေဓားအာမခံဌာနက ဌာနခွဲမှူးပါ"

ဟူကျန်းစုက…

"တကယ်တော့ ခင်ဗျားဟာ တာလီနိုင်ငံက တပ်မှူးကြီးတစ်ယောက်ပဲ မဟုတ်လား၊ ခင်ဗျား ရွှေဓားအာမခံဌာနက မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ဖုံးထွပ်ပြီး ထောက်လှမ်းရေးကိစ္စတွေ လာလုပ်နေတာမဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားရဲ့တာဝန်ကို ပြောစမ်းပါ"

"မသင်္ကာတဲ့လူတွေကို စောင့်ကြည့်ဖို့ပါ"

"ကောင်းပြီ... ခင်ဗျား စောင့်ကြည့်ရတဲ့လူတွေထဲမှာ ကျင်းရှထင်းစားပညာသင်ပေးခဲ့တဲ့ လူဆယ့်နှစ်ယောက်လဲ ပါတယ်မဟုတ်လား"

"ပါပါတယ်"

"သူတို့အကြောင်း ခင်ဗျား စုံစမ်းထားတယ်မဟုတ်လား။ သူတို့ရဲ့ရာဇဝင်ပေါ့"

"ဟုတ်တယ်... စုံစမ်းထားတယ်"

"အဲဒီရာဇဝင်အကြောင်း စာရွက်စာတမ်းတွေကို ဘယ်မှာထားသလဲ"

"ခုတင်ခေါင်းရင်းမှာ စားပွဲတစ်လုံးရှိပါတယ်... အဲဒီစားပွဲရဲ့ ခြေထောက်က ခေါင်းတိုင်တွေပါ၊ အဲဒီထဲမှာ ထားပါတယ်"

ဟူကျန်းစုသည် အသိဉာဏ်ကိုထိန်းချုပ်သော သွေးကြောကို ပြန်ဖွင့်လိုက်၏။

လှုပ်ရှားမှုကိုရစေသော သွေးကြောကိုမူ ပိတ်ထားမြဲပိတ်ထားပါသည်။

"သူ မနက်ကျရင်တော့ ဒွေ့ဒွေ့ခုန်ဒေါသထွက်နေမှာပဲ"



ဟူကျန်းစုက ရှောက်လီကိုပြောလိုက်၏။

ရှောက်လီက...

"မင်းရဲ့ပညာက အတော့်ကိုထက်တာပဲ... ဒီပညာကိုဘယ်ကရတာလဲ"

"ငါရတာ တကယ်ထူးဆန်းတယ်... တိုက်ဆိုင်မှုပဲဆိုပါတော့ကွာ၊ တစ်နေ့မှာ သဲကန္တာရထဲက ငါဖြတ်ပြန်လာတယ်၊ အဲဒီမှာ တိဘက်ကုလားကြီးတစ်ယောက် လဲကျတာတွေ့ရတာနဲ့ငါလဲ ရေတိုက်ပြုစုတာပေါ့၊ သူက ငါ့ကိုကျေးဇူးဆပ်တဲ့အနေနဲ့ အဲဒီပညာကို ပြန်သင်ပေးသွားတာပဲ"

ရှောက်လီသည် စားပွဲခုံ၏ခြေထောက်များကိုကြည့်လိုက်၏။

ခြေထောက်များမှာ အခေါင်းပေါက်များပင် အထဲမှစာရွက်ကို ထုတ်လိုက်၏။

"ဟုတ်တယ်... ငါတို့လိုချင်တဲ့စာရင်းတွေပဲ"

ရှောက်လီ အားရကျေနပ်စွာ ပြောလိုက်သည်။

ဟူကျန်းစုက...

"ဒီကမြန်မြန်ထွက်မှဖြစ်မယ်... မကြာခင် အလင်းရောင်လာတော့မယ်"

"အေး... ဟုတ်တယ်"

ရှောက်လီနှင့်ဟူကျန်းစုသည် စာရွက်စာတမ်းများကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သိမ်းမပေးတော့ဘဲ သူတို့လိုချင်သည့်စာရွက်များကို ယူ၍ ထွက်သွားကြတော့၏။

ကျန်းစုကို့က စားစရာသောက်စရာများကို ပြင်ဆင်ပေးသည်။

ရှောက်လီနှင့်ဟူကျန်းစုတို့က စိတ်ရှည်လက်ရှည်ထိုင်နေလိုက်ကြသည်။

ရှောက်လီက စာရွက်စာတမ်းများကို စားပွဲပေါ်တင်လိုက်၏။

"ကျုပ်တို့ရခဲ့တယ်"

"ရှင်တို့ သူ့ကိုမထိခိုက်စေရပါဘူးနော်"

ဟူကျန်းစုက....

"စိတ်ချပါ... ကျုပ်တို့ကတီမပျက်ပါဘူး၊ သူ့ကိုနည်းနည်းမှ ထိခိုက်အောင် မလုပ်ခဲ့ပါဘူး"

သူတို့သည် ဋ္ဌာနခွဲမှူးကိုအကြမ်းမကိုင်ခဲ့ကြပါ။ သေွးကြော ကိုထိုးပိတ်၍သာ သိလိုသည်များကိုမေးမြန်းခဲ့ပါသည်။

ရှောက်လီက ရယ်မောရင်း....

"ကဲ... နေမကောင်းလို့ပါ၊ နို့မဟုတ်ရင်တော့ ဋ္ဌာနခွဲမှူးလဲ မသက်သာဘူး"

သူ၏အဖြစ်အပျက်အလုံးစုံကို ပြန်ပြောလိုက်၏။

ကျင်းစုကို့က ပြောသည်။



"ဋ္ဌာနခွဲမှူးဟာ စားပညာမှာ တကယ်ထက်မြက်တယ်၊ နောက်ပြီး ညဘက်ဆိုရင်လည်း သိပ်သတိထားတယ်ဆိုတာပြောဖို့ မေ့သွားတယ်"

"ခင်ဗျား အမေ့ကောင်းပဲ... ကျုပ်တို့သေပြီးမှ သတိပေးပါတော့လားဗျာ"

ဟူကျန်းစုက ပြောလိုက်သည်။

ကျင်းစုကို့ ရယ်လိုက်သည်။

ထို့နောက်....

"ကဲ... ကဲရှင်တို့ ပင်ပန်းလာကြတယ်၊ စားကြဦး... စားသောက်ပြီးမှ ပြောကြတာပေါ့"

သူတို့သည် စာရွက်စာတမ်းများကိုမကြည့်အားဘဲ အစားအသောက်များကိုသာ စားသောက်လိုက်ကြလေတော့သည်။

သူတို့စားသောက်ပြီးသောအချိန်မှာပင် နံနက်မိုးသောက်အလင်းရောက်လာတော့သည်။

လမ်းမများပေါ်တွင် လမ်းသွားလမ်းလာများ စတင်သွားလာကြပေပြီ။ ကုန်သည်၊ ဈေးရောင်း၊ ဈေးဝယ်များ လှုပ်ရှားစပြုလေပြီ။

ကျင်းစုကို့ ကြည့်လိုက်၏။ ခန်းဆီးကို အသာမကာကြည့်ခြင်းဖြစ်သည်။

လမ်းပေါ်ထွက်ကာ အခြားသူများနှင့်ရောနှောသော စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြသော ထောက်လှမ်းရေးသမားများကိုပဲ တွေ့ရလေသည်။

ရှောက်လီကလည်း လာကြည့်၏။

"ထောက်လှမ်းရေးသမားတွေ ချထားတုန်းပါလား... သူတို့ ဘာကိုမသင်္ကာဖြစ်နေလဲ မသိဘူး"

ကျင်းစုကို့က....

"မသင်္ကာတာ မဟုတ်ဘူး... သူတို့က ရှင့်ကိုမတွေ့မချင်း လက်လျှော့မှာ မဟုတ်ဘူး။ သူတို့က ရှင်တို့ကိုရှာနေတာ"

"ဒါဆို ကျုပ်တို့ ဒီမှာရှိနေတာကိုများ ရိပ်မိသွားပြီလားမသိဘူး"

"မရိပ်မိပါဘူးရှင်... ရိပ်မိတော့မှ တက်ဖမ်းတော့မှာပေါ့။ ဒါပေမယ့် ရှင်ဆရာကတော့ ကျွန်မကိုသိတယ်၊ ရွှေခါးအာမခံဌာနကိုလည်း သိမှာပဲ၊ သူက ကျွန်မကိုစောင့်ကြည့်မှာတော့ သေချာတယ်"

ဟူကျန်းစုက ရယ်မောချ၍ပြောလိုက်သည်။

"ခင်ဗျား တစ်ခုခုတော့ မပူနဲ့ဗျာ"

"ဘာကိုမပူရမှာလဲရှင့်"

"သတ်မိန့်မှာ ခင်ဗျားပါလာမှာကိုလေ... သေချာတယ်၊ ခင်ဗျားဟာ ဘေးမဲ့စည်းကိုချိုးဖောက်တဲ့ဟူကျန်းစုကို ကူညီတဲ့အတွက် သေစေရမယ်လို့ သတ်မိန့်မှာပါလာမှာပဲ"

"ရှင်တို့ကြောင့် အရှုပ်တော်ပုံကြားမှာ ကျွန်မ ပါလာရတာ



ရှင့်"

"ဒါကတော့ ရှောက်လီ တရားခံပါဗျာ၊ အစ်ကို မင်းကိုစွ ကြည့်ရှင်း"

ဟူကျန်းစုက ရှောက်လီအား တစ်ဆက်တည်း ပြောလိုက်သည်။

ရှောက်လီက ကျင်းစုကို့အား....

"ကျုပ် မင်းကို အရှုပ်တော်ပုံကြားကို ဆွဲမသွင်းချင်ပါဘူးကွာ၊ မင်း အခုနေ ပြန်သွားပါ၊ အခုနေ ပြန်သွားလို့ကတော့ စန်ကျိုးယင် မသိသေးဘဲရှိမှာပါ"

ကျင်းစုကို့က ရှောက်လီအား ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ရှင်တို့နှစ်ယောက်တည်းနဲ့ ဒီအရှုပ်တော်ပုံကြီးကို ရှင်းနိုင်မယ်လို့ ထင်နေလား"

ရှောက်လီက....

"ရှင်းနိုင်ချင် ရှင်းနိုင်မှာပါကွာ၊ မရှင်းနိုင်ရင်လဲ ကျုပ်တို့သေရမှာပေါ့၊ လမ်းက နှစ်လမ်းတည်းရှိတာပဲ"

"ဒီကိစ္စက တာလီနိုင်ငံရဲ့လက်ချက်မဟုတ်ဘူးဆိုတာ ဖော်ထုတ်ဖို့ ကျွန်မမှာလဲ တာဝန်ရှိတာပဲရှင့်"

"အဲ... ခင်ဗျားဘာသာ ခင်ဗျားပါတာနော်"

ဟူကျန်းစုက ရယ်၍ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီက....

"ကဲ... ကျုပ်တို့စကားပြောနေလို့ အပိုပဲ၊ ယူလာတဲ့စာရွက်စာတမ်းတွေ ဖတ်ကြည့်ကြမယ်၊ ဒါမှ စန်ကျုံးယင်ရဲ့ရည်မှန်းချက်ကို မှန်းဆလို့ရမယ်"

သူတို့သည် တစ်ဦးချင်း၏အကြောင်းအရာများကို ဖတ်ကြည့်လေတော့၏။

ရွှေစားဌာနခွဲမှူးသည် အလွန်စေ့စပ်သေချာသူတစ်ဦးဖြစ်ကြောင်း ဖတ်ရှုရင်း သူတို့သိလာကြသည်။

တစ်ဦးချင်း၏မွေးဖွားရာ ဇာတိမှအစ ရာဇဝင်အပြည့်အစုံကို ရေးသားထား၏။

ဟူကျန်းစုက....

"အင်း... ကျုပ်အကြောင်း ကျုပ်တောင် ကောင်းကောင်းမသိဘူး၊ သူ့မှတ်တမ်းဖတ်မှ ကျုပ်မသိတဲ့အကြောင်းတွေပါ ပြန်သိရတယ်"

ရှောက်လီက....

"အင်း... ကျုပ်လက်ချက်လို့ထင်တဲ့ လုပ်ကြံမှုတွေကိုလဲ မှန်းဆရေးသားထားသေးတယ်၊ အဲဒါတွေလဲ မှန်တာပါပဲ"

မကြာမီ အားလုံးဖတ်ပြီးသွားသည်။

ကျင်းစုကို့က....

"ကဲ... ရှင်တို့ ဒီမှတ်တမ်းတွေဖတ်ပြီးသွားပြီ၊ ဖတ်ပြီးတော့ ရှင်တို့ ဘာများသိလာကြသလဲ"



ကျင်းစုကို့၏မေးခွန်းမှာ မေးသင့်မေးထိုက်သောမေးခွန်းဖြစ်သည်။

ရှောက်လီက တွေဝေငေးမောနေသည်။

ဟူကျန်းစုက....

"ကျုပ်ကတော့ တစ်စုံတစ်ရာကို ခံစားနေရတယ်၊ ဘာမှန်းတော့ မသိဘူးဗျာ"

ရှောက်လီက အရင်းမရှိ အဖျားမရှိပြောလိုက်သည်။

"တစ်ခုနဲ့တစ်ခုဟာ ဆက်စပ်နေသလိုပဲ"

ကျင်းစုကို့က....

"ထူးခြားတဲ့အချက်တွေကို ရှာကြည့်ပါလား၊ ဒါပေမယ့် ရှင်တို့ရှာနေတဲ့ ထူးခြားတဲ့အချက်တွေကို ဒီမှတ်တမ်းထဲမှာ ရှာတွေ့မယ် မထင်ဘူး"

ဟူကျန်းစုက....

"ထူးခြားတဲ့အချက် ဟုတ်လား... အားလုံးမှာထူးခြားတဲ့အချက်တွေ ရှိနေတယ်၊ ဒါကို ကျုပ်သတိထားမိတယ်"

"ဘာတိုလဲ... သိုင်းပညာထူးခြားချက်လား၊ ဘာကိုလဲရှင်"

"မဟုတ်ဘူး... သိုင်းပညာတော့ မဟုတ်ဘူး"

"အမည်တွေက နှစ်ယောက်တွဲတွေနော်၊ ဒါပေမယ့် ညီအစ်ကိုအရင်း...."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွဲတွေလဲ ညီအစ်ကိုအရင်းတွေ မဟုတ်ပါဘူး"

"ရှင်တို့လို သွေးသောက်ညီအစ်ကိုတွေချည်း မဖြစ်နိုင်ဘူးလား"

"အေးလေ... ကျုပ်လဲမပြောနိုင်ဘူး၊ ဒါပေမယ့် အားလုံးက မိဘမဲ့တွေချည်းပဲ"

ထိုအခါ ဟူကျန်းစုက ရေရွတ်လိုက်သည်။

"ဟုတ်ပြီ... ဟုတ်ပြီ"

ရှောက်လီ လှည့်ကြည့်ရင်း......

"ဘာဟုတ်တာလဲ"

ဟူကျန်းစုက....

"ကျုပ်ဟာ မိဘမဲ့... ရှောက်လီလဲ မိဘမဲ့၊ အားလုံး မိဘမဲ့တွေချည်းပဲ... ဒါဟာ ဆက်နွယ်မှုတစ်ခုပဲ"

ရှောက်လီက ပြောသည်။

"အားလုံးဟာ တစ်ချိန်က ရှောင်လင်ကျောင်းရဲ့ ပိုင်းခွဲကျောင်းတွေမှာ တက်ခဲ့ကြတယ်၊ ဒါဟာလဲ အရေးပါတဲ့အချက်ပဲ ဖြစ်ရမယ်"

ဟူကျန်းစုက....

"ကဲ... သေသေချာချာ ပြန်စဉ်းစားကြရအောင်"

ရှောက်လီနှင့်ဟူကျန်းစုသည် အချက်အလက်များကို ပြန်လည်စစ်ဆေးကြည့်ကြ၏။



သူတို့အားလုံးသည် ရှောင်လင်ကျောင်းခွဲများမှ ထွက်လာကြသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ခြောက်နေရာ၊ ခြောက်တွဲ စုစုပေါင်းတစ်ဆယ့်နှစ်ယောက်။

ဟူကျန်းစုက....

"အခုတော့ တွေ့ရပါပြီဗျာ၊ သူဟာ သူဟာ ကျုပ်တို့နှစ်ယောက်တည်းကိုမှ မွေးတာမှမဟုတ်ဘဲ၊ ခြောက်တွဲကိုမွေးတာဗျ၊ သူ ကျုပ်တို့နှစ်ယောက်တည်းကို ချစ်တယ်ဆိုတာ ညာတာပဲဗျာ"

ရှောက်လီက အံကြိတ်ပြီး ပြောလေသည်။

"ဟုတ်တယ်... ကျုပ်တို့က သူ့ကိုကိုးကွယ်နေအောင် သူက ဆုပ်တာဗျ"

ရှောက်လီရော ဟူကျန်းစုပါ ရင်ထဲမှာ နာနေမိသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)
## မုန်းတီးမှုမှာအဖြေရှာ

ကျင်းစုကို့တို့သည် ရှောက်လီ၏မျက်နှာကိုကြည့်လိုက် ဟူ
ကျန်းစု၏မျက်နှာကိုကြည့်လိုက် ပြုလုပ်နေသည်။

"နေပါဦး... ရှင်တို့ ဘာတွေများပြောနေကြတာလဲ၊ ကျွန်မ
လဲ နားလည်အောင် ပြောဦးမှာပေါ့"

"အကြောင်းစုံပြောပြရင် သိပ်ရှည်နေမယ်ဗျာ"

ဟူကျန်းစုက ပြောလိုက်သည်။

"ကျွန်မလဲ ဒီအရှုပ်တော်ပုံကြီးကိုရှင်းဖို့ ပါနေပြီပဲ၊ ကျွန်မ
နားလည်အောင် ရှင်းပြပါဦးရှင်"

ဟူကျန်းစုက....

"ခင်ဗျားကိုမပြောပြချင်လို့ မဟုတ်ပါဘူး၊ ပြန်ပြောရမှာ ရှည်
လွန်းနေလို့ပါဗျာ"



"အို... ဘာပဲဖြစ်ဖြစ်၊ ကျွန်မတော့ သိသင့်ပါတယ်"

သူက....

"ဒီအကြောင်းတွေပြောရင် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက
ပြန်စရလိမ့်မယ်"

သူ၏မျက်လုံးများသည် ရီဝေလာ၏။

အတိတ်မှအရိပ်များသည် တဖြည်းဖြည်း ကြွလာတော့
သည်။

ငယ်စဉ်တောင်ကျေးကလေးဘဝမှအကြောင်းများသည်
တရေးရေး ပြန်ပေါ်လာလေ၏။

အရာအားလုံးသည် မကြာသေးမီကမှ ဖြစ်ပွားခဲ့သည်ဟု
ထင်မှတ်ရလေသည်။

အတိတ်ကာလသည် တရေးရေး ပြန်ပေါ်လာလေ၏။
သူသည် မှတ်မိသောကာလအတိုင်းအတာအထိ ပြန်ပြောရလျှင်
အသေးစိပ် ပြန်ပြောနိုင်ပါသည်။

ထိုအတိတ်ကာလအဖြစ်အပျက်များကို သူမေ့ပစ်ရန်
မကြိုးစားခဲ့ပါ။

သူငယ်စဉ်ကာလက ဆိုးဝါးသောအနိဋ္ဌာရုံများကို ဖြတ်သန်း
ခဲ့ရသည်မဟုတ်ပါလား။

○

www.burmeseclassic.com

www.burmeseclassic.com



စုကျားကျေးရွာသည် အိမ်ခြေရာကျော်မျှသာရှိသည်။ ရွာငယ်လေးဟု ခေါ်ဆိုနိုင်ပါသည်။

စုကျားကျေးရွာရှိ လူများသည် လယ်ယာလုပ်ကိုင်စားသောက်သူများဖြစ်ပါသည်။

စုကျားကျေးရွာရှိ လယ်ပိုင်ဟူစန်းကွေဆိုလျှင် မသိသူမရှိပါချေ။ သူဌေးကြီးဟူစန်းကွေသည် အလွန်တရာနှိမ့်ချသူဖြစ်သည်။

အခြားသူဌေးများကဲ့သို့ မာန်မာနထောင်လွှားသူ မဟုတ်ပါချေ။

မျိုးရိုးအားဖြင့်လည်း ချမ်းသာခဲ့သူဖြစ်ပါသည်။ မျိုးရိုးစဉ်ဆက်ချမ်းသာခဲ့သူဖြစ်သော်လည်း လယ်သမားအပေါ်တွင် ငဲ့ညှာကာထောက်ထားခဲ့သူဖြစ်သည်။

ရွာသားများ ဒုက္ခရောက်လျှင် ကူညီရန် လယ်တွန့်ခဲ့သူမဟုတ်ပါချေ။

ထို့ကြောင့် ရွာသားများကလည်း ဟူစန်းကွေအား လေးစားခင်မင်ခဲ့သည်။

ဟူစန်းကွေ၏စေတနာအပေါ် သူတို့က လုပ်အားဖြင့် တုန့်



ခဲ့ကြသည်။

ဟူကျန်းစုမှာ ပို၍ ချမ်းသာလေတော့သည်။ စေတနာ၏ င်ပြန်ဟပ်မှုကြောင့်ပင် ဖြစ်ပါလေ၏။

ဟူစန်းကွေမှာ အသက်လေးဆယ်ခန့်ရှိပြီး ဇနီးနှင့်သားသ း လေးယောက်ရှိ၏။

သားတစ်ဦးမှာ ဟူကျန်းယုံဖြစ်ပြီး အသက်ဆယ့်ငါးနှစ်ခန့် း သားအငယ်မှာ ဟူကျန်းစုဖြစ်သည်။ သူသည် ရှစ်နှစ်သားခန့် ရှိသည်။

သားအမိ သားအဖလေးယောက်၏ဘဝသည် သာယာချမ်း မှုအပြည့်ဖြင့် ရှိသည်။

သို့သော် ထိုအေးချမ်းသာယာမှုသည် တစ်ညတွင် ပြိုကွဲ ိုးသွားလေ၏။

ထိုတစ်ညကား ခါတိုင်းညထက် မှောင်မိုက်နေသည်။

ကောင်းကင်တွင် ကြယ်ရောင်ပင် မရှိချေ။

ထိုအချိန်တွင် လူလေးယောက်သည် အမှောင်ထုကို အကာ ယ်ယူကာ ဟူစန်းကွေ၏အိမ်သို့ ချဉ်းကပ်လာကြ၏။

ထိုလူများသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကြ မျက်နှာကိုလည်း ပဝါအနက်ဖြင့် အုပ်ထားသည်။

ထိုအခါ အမှောင်ထဲတွင် ထိုလူများ လုံးဝပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



လူလေးယောက် အိမ်အနီးသို့ ချဉ်းကပ်လာကြသောအခါ အိမ်တွင် အစောင့်တစ်ယောက်မှမရှိကြောင်း တွေ့ရလေသည်။

လူလေးယောက်သည် တံခါးကိုပခုံးတိုက်ဖွင့်ပြီး အိမ်အတွင်းသို့ ဝင်ရောက်လာကြလေတော့၏။

ဟူစန်းကွေတို့အိမ်သားများ နိုးလာကြ၏။

မီးအိမ်ကို ကမန်းကတန်း ထွန်းညှိလိုက်သောအခါ ထိုလူလေးယောက်က ဟူစန်းကွေတို့အိမ်သားများကို ဓားမိုးထားကြောင်း တွေ့ရလေတော့သည်။

"အော်မယ်မကြံနဲ့... သေသွားမယ်"

ဟူစန်းကွေမှာ သူ့တစ်သက်တွင် လူဆိုးဓားပြများနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသဖြင့် ကြောက်ဒူးတုန်နေသည်။

ဓားပြများက မိသားစုအားလုံးကို နှိုးပြီး ဒူးထောက်စုပြုံထိုင်ခိုင်းထားသည်။

"ဘယ်မှာလဲ ရွှေငွေတွေ"

"ကျုပ်တို့မှာ ဒီလောက်မရှိပါဘူးခင်ဗျာ"

ဟူစန်းကွေမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ပြော၏။

ထိုအခါ ဓားပြတစ်ယောက်က အိုးခွံ ဓားနောက်ဖြင့် ရိုက်လိုက်သည်။

"အား..."

ဟူစန်းကွေ နာကျင်စွာ အော်လိုက်သည်။



ဇနီးဖြစ်သူက...

"ပြောလိုက်ပါရှင်... ပြောလိုက်ပါ၊ သူတို့လိုချင်တာ ယူသွားပါစေ၊ လူကိုဒုက္ခမပေးရင် တော်ပါပြီ"

ဟူစန်းကွေဇနီးဖြစ်သူက ဝင်လာသဖြင့် ရွှေငွေရှိရာကိုပြောလိုက်သည်။

များပြားလှသော ရွှေငွေရတနာများကိုတွေ့လိုက်ရသောအခါ ဓားပြခေါင်းဆောင်သည် လွန်စွာ လောဘတက်သွားသည်။

ရတနာများကို သိမ်းကျုံးယူငင်လိုက်သောအခါတွင် သူ၏ ချက်နှာဖုံး ကျွတ်ကျသွား၏။

ဟူစန်းကွေသည် ထိုလူကိုမီးအလင်း ရောင်ဖြင့် သေချာစွာ မြင်လိုက်ရသောအခါမှ မျက်လုံးပြူးသွားလေတော့သည်။

"မင်း... မင်း ကွဲ့ကွမ်းမဟုတ်လား၊ တစ်ရွာတည်းသားချင်း သူပ်ရက်ပါပေ့ကွာ"

သူဌေးကြီးဟူစန်းကွေ မှတ်မိသိရှိသွားသောအခါ ထိတ်လန့်သွားပြီး အကုန်လုံးကိုရှင်းပစ်ရန် အမိန့်ပေးလိုက်လေတော့၏။

"ဟေ့... မထူးဘူး... အကုန်ရှင်းပစ်"

သူသည် ပြောရင်းဆိုရင်း သူဌေးကြီးစန်းကွေအား ဓားဖြင့် ခုတ်ချပစ်လိုက်၏။

ကျန်ဓားပြများလည်း ကျန်မိသားစုများအား ခုတ်ထစ်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဟူကျန်းစုကလေးသည် ရှောင်တိမ်းပြီး ထပြေးလေတော့သည်။

ဓားပြများသည် မိသားစုအားလုံးကိုသတ်ပစ်လိုက်ကြတော့သည်။ ထို့နောက် ဟူကျန်းစုကလေးနောက်သို့လိုက်ကြသည်။

ဟူကျန်းစု၏အော်သံကြောင့် တစ်ရွာလုံး နိုးလာကြပြီး တုတ်ဓားလက်နက်များကိုကိုင်ဆောင်ကာ ရွာသားများထွက်လာကြသည်။

ဟူကျန်းစုကလေးသည် ခြေဦးတည့်ရာထွက်ပြေးလာ၏။ ခြေထောက်များပေါက်ကွဲကုန်သော်လည်း သူသည် နာကျင်ရကောင်းမှန်း မသိပါ။

ဓားပြများ လက်မှလွတ်အောင်သာပြေးရန် အသိသာရှိနေသည်။ သူသည် မရပ်မနား ပြေးနေလေတော့သည်။

တစ်ညလုံးပြေးလွှားလာခဲ့ရာ မည်သည့်အရပ်ဒေသသို့ ရောက်မှန်းမသိအောင်ပင်ဖြစ်ခဲ့ရသည်။ နောက်ဆုံး အမောဆို့ကာ လဲကျသွားတော့သည်။

သူ သတိရလာသောအခါ တောအုပ်အတွင်း ရောက်ရှိနေသည်ကိုတွေ့ရသည်။

သူသည် ခြေမွေးမီးမလောင် လက်မွေးမီးမ လောင်နေခဲ့သူဖြစ်ရာ ရွာအပြင်သို့နှစ်ကြိမ်မျှ ထွက်ဖူးသည်မှအပ အခြားအရပ်ဒေသသို့ မရောက်ဖူးချေ။

ယခု သူပြေးလာခဲ့သည့်ခရီးမှာ ရွာနှင့်မနီးပါ။ အတော်ဝေး



သည်။ သူ ရွာမပြန်တတ်တော့ပါ။ သူသည် ထိတ်လန့်ပြီး ငိုကြွေးလေတော့သည်။

အတန်ကြာ ငိုကြွေးပြီးနောက် မောပြီးတိတ်သွားသည်။ သူ ဗမ်းဗိုက်ဆာလောင်လေပြီ။

သူသည် ကောင်းကင်ကိုမော့ကြည့်လိုက်၏။ တောအုပ်ထူထပ်သဖြင့် နေရောင်ဖြိုးဖြိုးဖျဖျသာ မြင်ရ၏။

သူ အံကြိတ်လိုက်သည်။ ငိုနေ၍အကြောင်းမထူးဟု သူ သိလေပြီ။

ထို့ကြောင့် အိမ်ရှိမည်ထင်သည့်အရပ်သို့ ထွက်လာခဲ့တော့သည်။

ဟူကျန်းစုမှာ သုံးရက်တိတိ တောအုပ်ထဲ၌ လည်နေခဲ့သည်။ သူသည် တောအုပ်ထဲ၌ စားကောင်းသည့် အသီးအနှံမှန်သမျှကို စားသောက်ခဲ့သည်။

ထို့နောက် တောအုပ်အတွင်းမှ လွတ်မြောက်လာပြီး ရွာနှင့်ဆန့်ကျင်ရာအရပ်သို့ ထွက်ခွာလာခဲ့တော့သည်။

တကယ်တော့ သူ သည် ရွာရှိရာသို့သွားနေခြင်းဖြစ်သည်။ သို့ရာတွင် သူ့စိတ်ထဲ၌ သူ့ ရွာရှိရာကိုမသိဘဲ ရှိနေသည်။

ခြေထောက်များလည်း ပေါက်ပြဲနေပေပြီ။ အဝတ်အစားမှာလည်း ညစ်ပတ်ပေနေနေပေပြီ။

ယခုအချိန်တွင် သူ့ကိုသူဌေးသားတစ်ဦးဟုပြော၍ မည်သူမျှ

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ကြတော့မည်မဟုတ်ပါ။

ရက်သတ္တပတ်နှစ်ပတ်မျှကြာသောအခါ သူသည် စုကျား ကျေးရွာနှင့်မိုင်တစ်ရာခန့် ကွာဝေးသောမြို့ကလေးတစ်မြို့သို့ ရောက်ရှိလာတော့သည်။

ဟူကျန်းစုသည် မြို့လယ်ခေါင် မင်းလမ်းမအတိုင်းလျှောက် လာ၏။

ဟူကျန်းစုအဖို့ မြင်သမျှ အသစ်အဆန်းချည်းဖြစ်နေသည်။ စားသောက်ဆိုင်အနားရောက်သောအခါတွင်လည်း ဆာလောင်နေ ဖြစ်၍ ငေးမောကြည့်မိသည်။

ထိုအခါ စားသောက်ဆိုင်ပိုင်ရှင်များက ငေါက်ငမ်းမောင်း ထုတ်ကြသည်။

သူသည် စားသောက်ဆိုင်များမှ ဖယ်ခွာလိုက်ရ၏။ သူသည် ကျဉ်းမြောင်းသော လမ်းများအကြားမှ လျှောက်လာရာ ဘုရား ကျောင်းတစ်ခုကို တွေ့လိုက်ရတော့သည်။

သူသည် ဘုရားဘေး အုတ်နံရံအနီးသို့ကပ်ပြေးထိုင်ချလိုက် သည်။

ထိုနေရာသည် ထောင့်ချိုးဖြစ်သဖြင့် သူ့အတွက် အတော်အ တန် လုံခြုံမှုရှိသည်။

သူသည် ထိုနေရာ၌ ဆာဆာလောင်လောင်ဖြင့် အိပ်ပျေ သည်။ သို့သော် အိပ်၍မရပါ။ ဆာလောင်မှုကိုမေ့ရန် ကြိုးစားသေ



လေ ပို၍ဆာလောဖ်လေဖြစ်သည်။ နောက်ဆုံး သူ ထိုင်ရာမှထလိုက် သည်။

ထို့နောက် စားသောက်ဆိုင်များဆီသို့ထွက်လာခဲ့တော့ သည်။

သူထွက်လာချိန်မှာ နံနက်စာ စားသောက်ချိန်ဖြစ်သည်။ သက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လူသူကင်းရှင်းနေသည်။ သူသည် ထိုဆိုင်အနီးသို့ မယောင်မလည် ချဉ်းကပ်သွားသည်။

ဆိုင်စားပွဲထိုးများ နောက်ဖက်သို့ရောက်ရှိနေချိန်တွင် ပေါက်စီသုံးလေးလုံးကိုယူ၍ အိတ်ထဲသို့ထည့်လိုက်သည်။

ထို့နောက် အလျင်အမြန် ဆိုင်အနားမှ ထွက်ခွာလာခဲ့တော့ သည်။

သူသည် ဘုရားကျောင်းပျက်ထောင့်ချိုးကလေးသို့ဝင်ထိုင် လိုက်၏။

ပေါက်စီသုံးလေးလုံးကို ကုန်စင်အောင် စားပစ်လိုက်သည်။ ထိုပေါက်စီများသည် မန်ထိုခေါ် အသားလွတ်ပေါက်စီများပေတည်း။

ထို့နောက် သူသည် နေရာတွင် ခွေကာ လှဲလိုက်သည်။ ဗိုက် အနည်းငယ်ပြည့်သွားပြီဖြစ်သောကြောင့် မျက်လုံးများသည် အိပ် ပျော်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်တွင်လည်း သူသည် အသားလွတ် ပေါက်စီများကို အလစ်သုတ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရင်တထိတ်ထိတ် ခုန်နေသည်။ သူသည် အုတ်နံ ထောင့်ချိုးလေးသို့ရောက်သည်နှင့် ပေါက်စီတစ်လုံးကို ကိုက်စာ လိုက်သည်။

ထိုအခိုက် ပေါက်စီများ အလုခံလိုက်ရသည်။ သူ ထိတ်လန့် သွားပြီးမော့ကြည့်လိုက်မိသည်။

သူ့ထက် အနည်းငယ်ကြီးသော ကောင်လေးသုံးယောက် အားလုံးအဝတ်အစားများ ညစ်နွမ်းပေရေနေသည်။

အားလုံးသည် လမ်းပေါ်မှလူငယ်များဖြစ်ကြောင်း သိ သည်။ တေလေလူငယ်များသာဖြစ်သည်။ သူ ကြောက်ရွံ့သွားသည်။

ကောင်လေးတစ်ယောက်က ငေါက်ငမ်းလိုက်သည်။

"ဒါ ငါတို့နေရာကွ… မင်းက ဘာဖြစ်လို့ ငါတို့နေရာကိုဝင် လာရတာလဲ"

ဟူကျန်းစုက….

"ငါ မသိလို့ပါကွာ၊ ငါ့ပေါက်စီကို ပြန်ပေးကြပါ၊ ငါ အသက် စွန့်ပြီး အလစ်သုတ်ထားတာပါ"

ကောင်လေးများက ရယ်မောလိုက်ပြီး….

"ဟား… ဟား… ဟား မင်းပေါက်စီဟုတ်လား၊ ဆိုင်က အ လစ်သုတ်တာကိုများ"

"မင်းတို့လိုချင်ရင် ငါအလစ်သုတ်သလို သုတ်ပေါ့၊ အခု ငါ့ ပေါက်စီကိုသာ ငါ့ပြန်ပေးပါ"



ထိုအခါ အခြားကောင်လေးတစ်ယောက်က….

"ဒီကောင် တော်တော်လူပါးဝပါလား၊ နှိမ်ထားမှ တော်ရုံကျ မယ်၊ ကဲ… ဝိုင်းကြဟေ့"

ကောင်လေးသုံးယောက်သည် ပြောပြောဆိုဆို ဟူကျန်းစု ကို ဝင်ရောက်ထိုးကြိတ်ကြတော့သည်။

အသက်ကလည်း ဟူကျန်းစုထက်ကြီး၊ အသတ်အပုတ်က လည်း ဟူကျန်းစုထက်သာသဖြင့် ဟူကျန်းစုသည် ဖွဲအိတ်ပမာ အထိုး ခံရလေတော့သည်။ မျက်နှာတစ်ပြင်လုံး ဖူးယောင်သွားလေသည်။

အကြီးဆုံးကောင်လေးက….

"မှတ်ထား… မင်း ဒီနေရာမှာနေရင် ငါတို့အတွက် ပိုရှာထား ရမယ်ဆိုတာ မင်းသိထားရမယ်"

ဟူကျန်းစုမှာ သူ၏ထောင့်ချိုးနေရာလေးတွင် လဲကျန်ခဲ့ သည်။

သူ၏တစ်ကိုယ်လုံး နာကျင်လျက်ရှိသည်။ သူသည် ဖွဲအိတ် ပမာ အထိုးခံခဲ့ရသည်မဟုတ်ပါလား။

သို့သော် သူ ထရပ်လိုက်သည်။ ငါ့ဝမ်းပူဆာမနေသာ ဖြစ် နေရပြီမဟုတ်ပါလား။

သူသည် စားသောက်ဆိုင်များဆီသို့ ထော့နင်းထော့နင်းဖြင့် ထွက်ခဲ့လေသည်။ ဤသို့ဖြင့် ညနေစောင်းနေခဲ့ပြီဖြစ် သည်။

ညနေစောင်းသောအခါ သူသည် ထောင့်ချိုးကလေးသို့ပြန်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကြက်ပေါင်တစ်ခုကို တုန်တုန်ယင်ယင်ဖြင့် ထုတ်လိုက်သည်။

သူ့ညနေစောင်းမှ ရရှိခဲ့သည့်ပစ္စည်းဖြစ်၍ ထိုပစ္စည်းအတွက် သူတစ်နေကုန် အချိန်ကုန်ခံခဲ့ရသည်။

သူ့ဝမ်းဗိုက်မှာ တကြို့ကြို့ဆာလောင်နေသည်။ ကြက်ပေါင်ကို ကိုက်လိုက်၏။

ထိုစဉ် သူ့အား လူများဝိုင်းရံလာတော့သည်။ မနက်က ထိုးကြိတ်သွားသော တေလေကလေးသုံးယောက်ပင်။

တေလေတစ်ယောက်က....

"အမယ်... မင်းက ကြက်ပေါင်တွေ ဘာတွေနဲ့ပါလား။ ပေးစမ်း... ငါ့ကိုပေးစမ်း။ မင်းအနေနဲ့တန်ရာတန်ရာ လုပ်သင့်တယ်ကွ"

သူသည် တုန်တုန်ယင်ယင်ဖြင့် တောင်းပန်လိုက်သည်။

"မလုပ်ပါနဲ့ကွာ... မနက်ကတည်းက ငါ ဘာမှမစားရသေးပါဘူး။ ဒါလေးတော့ ချမ်းသာပေးပါကွာ"

သို့သော် တေလေကလေးက တောင်းပန်၍မရချေ။

တေလေအကြီးကောင်က ကြက်ပေါင်ကို ဆတ်ခနဲ လုယူလိုက်သည်။

သူ့မှာတောင်းပန်၍မရသောအခါ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လေတော့သည်။

သို့သော် မနက်က ထိုးကြိတ်ခံခဲ့ရသော ဒဏ်ရာများက ခုထိ မပျောက်သေးပါချေ။



သူ့ဒဏ်ရာများ ပြန်လည်နာကျင်လာသည်။ သူသည် တုန်တုန်ယင်ယင်ဖြင့် တေလေကလေးသုံးယောက်ကို လက်သီးဆုပ်လျက် ကြည့်နေလေသည်။

"သူ့ကြက်ပေါင်ကို ပြန်ပေးလိုက်စမ်း"

စီးစီးပိုးပိုးရှိလှသော အသံတစ်သံ ထွက်ပေါ်လာသည်။ တေလေကလေးသုံးယောက်မှာ ဖြုံသွားသည်။

"ရှောက်လီ"

"ဟုတ်တယ်... ငါပဲ... မင်းတို့ သူ့ဟာကိုပြန်ပေးလိုက်စမ်း"

"မင်းနဲ့ဘာဆိုင်လဲကွာ။ ဒီကောင်က ငါတို့နေရာမှာ လာအလစ်သုတ်နေတာကွ"

"ဟေ့... ပေးဆို ပေးလိုက်စမ်း"

"ဟေ့ကောင်... မင်းအမိန့်ပေးစရာမလိုဘူးကွာ"

တေလေအကြီးကောင်က ဒေါနှင့်မောနှင့်ပြောလိုက်သည်။

ရှောက်လီက....

"မင်းတို့ကို ငါကြည့်နေတာကြာပြီ၊ မင်းတို့ ဒီလိုချည်းပဲ အနိုင်ကျင့်နေကြတာ"

တေလေများက....

"မင်းနဲ့မဆိုင်ပါဘူး... မင်း ဝင်မရှုပ်ပါနဲ့"

ဟူကျန်းစုမှာ ရှောက်လီသည် တေလေအကြီးကောင်နှလောက် ကြီးထွားပြီး ပို၍သန်သန်စွမ်းစွမ်းရှိသည်ကို အားရကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထို့ပြင် ရောက်လီသည် သူ့ဘက်မှဝင်ရောက်ပြောနေသည် မဟုတ်ပါလား။

သူသည် ရုတ်တရက် ခုန်လိုက်ပြီး တေလေအကြီးကောင် လက်မှ ကြက်ပေါင်ကိုပြန်ယူလိုက်သည်။

ရောက်လီက....

"အေး... ကောင်းတယ်"

ထို့နောက် တေလေသုံးယောက်နှင့် ရောက်လီ၊ ဟူကျန်းစု တို့သည် အကြိတ်အနယ် ထိုးသတ်ပွဲပေါ်လာလေတော့သည်။

တေလေသုံးယောက်မှာ ရောက်လီကိုမခံနိုင်ချေ။ သည်ကြားထဲ ဟူကျန်းစုကပါ ဝိုင်းထိုးကြိတ်နေသဖြင့် နောက်ဆုံးထွက်ပြေးသွားကြရတော့သည်။

ဟူကျန်းစုသည် မြေပြင်၌ကျနေသော ကြက်ပေါင်အား ကောက်ယူပြီး သဲများပေကျံနေသည်ကို အကျီဖြင့် သုတ်လိုက်သည်။

"မင်း စားပါဦးလား"

ဟူကျန်းစုက မြှောက်ပြလိုက်သည်။

ရောက်လီက....

"မင်း စားပါ... မနက်ကလဲ မင်း ဘာမှမစားရသေးဘူးမဟုတ်လား"

ဟူကျန်းစု ခေါင်းညိတ်ပြပြီး ကြက်ပေါင်ကို အားရပါးရစား



လေတော့သည်။ မကြာမီ ကြက်ပေါင်သည် အရိုးသာကျန်တော့သည်။

ရောက်လီက....

"ဒီကောင်တွေကို ဒီလိုချပေးမှကွ"

"အခု မင်းရောက်လာလို့ပါ။ မဟုတ်ရင် ငါပဲ ခံရဦးမှာ"

"နေပါဦး... မင်းကို တစ်ခါမှ မတွေ့ဖူးပါဘူး။ မင်းက ဘယ်ကလာတာလဲကွ"

ဟူကျန်းစုက ရောက်လီ၏မေးခွန်းကို အပြည့်အစုံပြန်လည်ဖြေကြားလိုက်တော့သည်။

ရောက်လီက....

"ဟာ... စုကျားကျေးရွာဆိုတာ ဟိုအဝေးကြီးမှာလို့ ငါကြားဖူးတယ်၊ မင်း ဘယ်လိုလုပ် ဒီကိုရောက်လာပါလိမ့်"

"ဒီလိုပဲ တစ်မြို့ဝင်တစ်မြို့ထွက်နဲ့ ဒီကိုရောက်လာတာပါပဲ၊ ငါကငါ့ရွာကို ပြန်ချင်တာပါ၊ မပြန်တတ်ဘူး ဖြစ်နေတယ်"

"ဟား... ဟား... ဟား၊ ဒီလိုဆိုရင် စိတ်ချပေတော့၊ ငါလိုက်ပို့ပေးမယ်"

ဟူကျန်းစု ဝမ်းသာသွားသည်။

"တကယ်လားကွာ"

"တကယ်ပေါ့ကွ... ငါတစ်ယောက်တည်း နေတာပါ၊ ဘယ်သူ့ကိုမှ မှီခိုနေတာမဟုတ်ဘူး၊ ငါ့ဘဝကို ငါပိုင်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုမှာ ရောက်လီအား ခင်မင်လိုစိတ်များ ဖြစ်ပေါ်လာတော့သည်။ တကယ်တော့လည်း ရောက်လီက သူ့ထက် အသက်ကြီးပေသည်။

ရောက်လီမှာ ဤမြို့ကလေး၌ ကျင်လည်ကျက်စားနေသော တစ်ကိုယ်တော် တေလေကလေးပင်။ သူ၏မိခင် ဖခင်ကို ကောင်းစွာ မတွေ့ဖူးခဲ့ပါ။

သူ၏မိခင်နှင့်ဖခင်မှာ သုံးလေးနှစ်သားအရွယ်ကပင် သေဆုံးသွားကြသည်။

ရောက်လီမှာ ငယ်ရွယ်စဉ်ကပင် သူများပေးစားကမ်းစာတို့ဖြင့် ကြီးပြင်းခဲ့ရသူဖြစ်၏။

သူသည် လူစည်ကားရာ ဈေးများအတွင်းတွင် အလစ်သုတ်သူဖြစ်သည်။ ရောက်လီကို ဤမြို့ကလေးမှ လူတိုင်းလိုလို သိရှိကြသည်။

သူသည် သတ်ပုတ်ရန်လည်း ဝန်မလေးပါ။ ကြီးသူများနှင့်ပင် သတ်ပုတ်နိုင်သူဖြစ်ပါသည်။

သို့သော် သူသည် မည်သည့်အခါမှ သူတစ်ပါးအပေါ် ခေါင်းပုံဖြတ် အနိုင်ကျင့်လေ့မရှိပါချေ။

ထိုသို့ အနိုင်ကျင့်သူများကိုလည်း သူကြည့်မရဘဲ ဖြစ်နေတတ်သည်။

ယခုလမ်းပေါ်တွင်ပင် ဟူကျန်းစုနှင့်ရောက်လီတို့သည် ညီအစ်ကိုအရင်းများသဖွယ် ခင်မင်ရင်းနှီးသွားလေတော့၏။



သူတို့သည် စကျားကျေးရွာသို့ မှန်းဆခရီးနှင်လာသည်။ လမ်းခရီးတွင် ကြုံသလို အလစ်သုတ်ကာ ဝမ်းဗိုက်ကိုဖြည့်ဆည်းလာကြ၏။

ဤသို့ဖြင့် ခရီးထွက်လာကြရာ သုံးရက်ခန့်အကြာတွင် မြို့ကြီးတစ်မြို့သို့ ဆိုက်ရောက်ခဲ့လေတော့သည်။

ရောက်လီနှင့်ဟူကျန်းစုတို့သည် မြို့ကြီးထဲသို့ပြန်လာခဲ့သည်။ မြို့ကြီးမှာ ကြီးမားသလောက် စည်ကားသည်။

ဟူကျန်းစုမှာ လမ်းလျှောက်ရင်း ဗိုက်ဆာလာသည်။

"ငါတော့ ဗိုက်ဆာလာပြီအစ်ကို"

"ခဏနေပါဦးကွာ"

သူတို့သည် ဈေးတန်းအတွင်း အကဲခတ်လိုက်သည်။

စားသောက်ဆိုင်များရှိနေသော်လည်း ပိုင်ရှင်ကိုယ်တိုင်စီရောင်းနေ၍ အလစ်သုတ်ရန် အခက်အခဲရှိနေသည်။

ရောက်လီ အကြံအိုက်လာသည်။ အစားအသောက်များကို အလစ်ဆွဲရန် အခွင့်အလမ်းနည်းပါးလှသည်။

ထိုအခိုက် ဈေးဝယ်သူများကို ရောက်လီသတိထားမိလိုက်သည်။

ရောက်လီက ဟူကျန်းစုအား တိုးတိုးပြောလိုက်သည်။

ဟူကျန်းစုက စိုးရိမ်တကြီး တိုးတိုးပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

ရှောက်လီက....

"မဖြစ်လို့ တို့ အငတ်ခံနေနိုင်ပါ့မလား၊ အခုတောင် မင်းဆာနေပြီမဟုတ်လား"

ဟူကျန်းစု ရင်လေးလေးနှင့် ခေါင်းညိတ်လိုက်ရသည်။

ရှောက်လီသည် ဈေးဆိုင်ရှေ့သို့ မယောင်မလည် ကပ်သွားပြီး ဈေးဝယ်သူတစ်ဦး၏ပိုက်ဆံအိတ်ကို အလစ်သုတ်လာခဲ့သည်။

လူရှင်းသောလမ်းကြားတစ်ခုရောက်မှ ပိုက်ဆံအိတ်ကိုဖွင့်ကြည့်လိုက်သည်။

ထိုစဉ် ရှောက်လီလက်ထဲမှ ပိုက်ဆံအိတ်ကို တစ်စုံတစ်ယောက်က ဆတ်ခနဲ လုယူသွားသည်။

ရှောက်လီက ဒေါသတကြီး ကြည့်လိုက်သည်။

နှုတ်ခမ်းမွေးစစနှင့်လူကြီးတစ်ယောက် သူတို့၏ပိုက်ဆံအိတ်ကိုကိုင်လျက်သား တွေ့သည်။

ရှောက်လီက....

"ခင်ဗျား ဘာလုပ်တာလဲ၊ ကျုပ် ပိုက်ဆံအိတ်ကို ပြန်ပေးပါ"

ထိုလူကြီးက နှာခေါင်းရှုံ့ပြီးပြောသည်။

"မင်းတို့အလစ်သုတ်လာတာ ငါမသိဘူး မှတ်နေလား"

ရှောက်လီ တုန်လှုပ်သွားသည်။ သူတို့သည် အမှန်တကယ် အလစ်သုတ်လာခြင်းဖြစ်သည် မဟုတ်ပါလော။



"ဘာလဲ... ခင်ဗျားက ခေါင်းတုံးပေါ် ထိပ်ကွက်လုပ်မလို့လား၊ ကျုပ်တို့စားဖို့မရှိဘူးဗျ"

ရှောက်လီက ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်၏။

ထိုသူက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

ရှောက်လီက မကျေမနပ်ဖြင့် ကြည့်လိုက်၏။

ထိုအခါကျမှ သူဝတ်ထားသည့်ဝတ်စုံကို ကြည့်လိုက်မိသည်။ ရှောက်လီသည် ဟူကျန်းစု၏လက်တစ်ဖက်ကို ဖမ်းဆွဲကာ သုတ်ခြေတင်ရန် ဟန်ပြင်လိုက်၏။

သို့သော် ထိုလူက ပိုလျင်မြန်သည်။ မကြာမီ ရှောက်လီနှင့် ဟူကျန်းစုတို့သည် ထိုလူ၏လက်အတွင်းသို့ ယက်ကန်ယက်ကန် ပါသွားလေတော့၏။

သူ့အား အခန်းအပြင်တွင် အစောင့်နှင့်ထားခဲ့ကာ စခန်းတစ်ခုအတွင်းသို့ ဝင်သွားလေသည်။

သူသည် နေပြည်တော်ရှိ ကိုယ်ရံတော်တပ်မှူးအခန်း၏ အတွင်းသို့ဝင်လာခြင်း ဖြစ်သည်။

ဝင်လာသောထောက်လှမ်းရေးမှူးက အစီရင်ခံလိုက်သည်။

"ကျွန်တော် သူများပစ္စည်း အလစ်သုတ်တဲ့ကောင်လေးနှစ်ယောက်ကို ဖမ်းလာပါတယ်၊ ဒီကောင်လေးနှစ်ယောက်ဟာ အကျင့်ပျက်နေကြတယ်၊ ကြီးလာရင် ဒုစရိုက်သမားတွေဖြစ်လာမှာပါ၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် သူတို့ကို ဘယ်လိုအပြစ်ပေးရမလဲ"

တပ်မှူးက တည်ကြည်စွာကြည့်လိုက်၏။

"အဲဒါ ဘာဖြစ်သလဲ၊ ရှောင်လင်ကျောင်းက မိဘမဲ့ကလေး ဂေဟာ... အဲဒီအတွက် ဖွင့်ထားတာပါ"

"တပ်မှူးသဘောက ဒီကလေးနှစ်ယောက်ကို ရှောင်လင် ကျောင်းကိုပို့စေချင်လို့လား"

"ဟုတ်တယ်... ဒီကလေးနှစ်ယောက်ရဲ့ ရုပ်လက္ခဏာကို ကျုပ် မြင်ပြီးပြီ၊ တစ်နေ့မှာ လူတော်တွေဖြစ်လာနိုင်တယ်"

ထောက်လှမ်းရေးမှူး အံ့အားသင့်သွားသည်။ သူ ဖမ်းလာသည်မှာ တစ်နေ့သာကြာသေးသည်။ တပ်မှူးက မြင်ပြီးပြီဆို၍ အံ့ဩသွား၏။

ထောက်လှမ်းရေးမှူးက....

"ရှောက်လီက မိဘမဲ့ကလေးပါ... အခြေအနေမထူးခြားသေးပါဘူး၊ ဟူကျန်းစုကတော့ သူဌေးသားပါ၊ ဒါပေမယ့် သူ့မိဘတွေကို ဓားပြတွေသတ်သွားတော့ သူမိဘမဲ့ဖြစ်သွားတာပေါ့"

"ကျုပ် သိပါပြီးပါပြီ"

ထောက်လှမ်းရေးမှူး မအံ့ဩတော့ချေ။ တပ်မှူးက ဆက် ပြောလေ၏။

"ဒါကြောင့် အခြားနည်းနဲ့ အပြစ်ပေးမယ့်အစား ရှောင်လင် ကျောင်းကိုပို့ပေးဖို့ ပြောရတာပေါ့"



"တပ်မှူးရဲ့ ဆန္ဒအတိုင်း ဖြစ်စေရပါမယ်... ဩော်... ကျွန်တော် တင်ပြပါရစေ၊ အရေးကြီးတဲ့တာဝန်တစ်ခုကို ကျွန်တော် ခုပဲ တင်ပြထမ်းဆောင်ရမှာပါ၊ အဲဒါ ကလေးတွေကို..."

"ကိစ္စမရှိဘူး... ကျုပ်ပဲ ရှောင်လင်ကျောင်းကိုပို့လိုက်မယ်"

ရှောက်လီတို့မှာ အခန်းကျဉ်းကလေးထဲ၌ ထိုင်နေရသည်။ ထိုစဉ် အခန်းတံခါးဖွင့်ပြီး လူတစ်ယောက်ဝင်လာသည်။

ထိုလူ၏ရုပ်သွင်မှာလည်း လင်းနို့တစ်ကောင်နှင့်တူလှသည်ဟု ရှောက်လီနှင့်ဟူကျန်းစု ထင်မြင်မိလေ၏။

ထိုလင်းနို့နှင့်တူသူက နှစ်လိုဖွယ်ရာ ပြုံးပြလိုက်သည်။ ထို့နောက် မန်တိုခေါ် အသားလွတ်ပေါက်စီတစ်လုံးစီကို လှမ်းပေးလိုက်၏။

ရှောက်လီနှင့်ဟူကျန်းစုတို့မှာ အလွန်ဆာလောင်နေပြီဖြစ်သော်လည်း လှမ်း၍မယူရဲကြပါချေ။

ထိုလူက....

"ယူပါ... စားကြပါ၊ မင်း ဆာနေကြပြီမဟုတ်လား"

ထိုလူ၏အသံမှာ နူးညံ့ပျော့ပျောင်းနေ၏။

ရှောက်လီသည် လှမ်းမယူသေးဘဲ ပြန်မေးလိုက်သည်။

"ကျွန်တော်တို့ကို ဘာလုပ်မှာလဲ"

ထိုလူက ရှောက်လီ၏ဘေးတွင် ရင်းရင်းနှီးနှီး ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"မင်းတို့ကို ဦးကနှိပ်စက်မလို့ မဟုတ်ပါဘူးကွာ၊ ဦးကကူညီဖို့ ရောက်လာတာပါ၊ ရော့... အရင်စားလိုက်ကြဦး"

သူက မုန့်တိုများကိုလှမ်းပေးလိုက်၏။

သူ၏အသံမှာ ကြင်နာနူးညံ့နေသဖြင့် ရောက်လီနှင့်ဟူကျန်းစုတို့သည် အလိုလိုယုံပြီးသား ဖြစ်သွားလေသည်။

သူသည် အပြင်ဘက်တစ်နေရာရှိ အကျဉ်းသားများ အလုပ်လုပ်နေသည့်နေရာကို ပြလိုက်သည်။

"သူတို့က မင်းတို့ကို အဲဒီနေရာကိုပို့မယ်လို့ ပြောနေကြတယ်"

"ဗျာ...."

ရောက်လီမှာ ဗျာခနဲဖြစ်သွားသည်။ ဟူကျန်းစုကတော့ ဘာမျှမသိချေ။

ထောင်အကျဉ်းသားများကို သာမန်လူများကဲ့သို့မှတ်နေသည်။

ရောက်လီသည် လွန်စွာ ထိတ်လန့်တုန်လှုပ်နေ၏။

"ဒါပေမယ့် ဦးက မင်းတို့ကို ဒီကိုမပို့တော့ပါဘူး၊ ဦးတာဝန်ယူလိုက်လို့ သူတို့လဲ စိတ်ပြောင်းသွားကြတယ်"

ရောက်လီက ထိုလူအား ကြည့်လိုက်သည်။

ထိုလူက....



"မင်းတို့ရဲ့ မိဘတွေ ကွယ်လွန်သွားကြပြီမဟုတ်လား"

ရောက်လီနှင့်ဟူကျန်းစု မဖြေပါ။ ရှေငိုနေကြပါသည်။

"ဦးမှာလဲ သားသမီး မရှိပါဘူး... မင်းတို့ ဒီအတိုင်းနေသွားလို့ ဘယ်ဖြစ်မှာလဲ၊ ဦးနဲ့လိုက်ခဲ့ကြ"

သူ့အသံမှာ ကရုဏာစွက်နေပါသည်။

"ဘယ်ကိုလိုက်ရမှာလဲ"

ဟူကျန်းစုက မေးသည်။

"ရှောင်လင်ကျောင်းကိုပေါ့... ရှောင်လင်ကျောင်းမှာ မိဘမဲ့ဂေဟာ ဖွင့်ထားတယ်"

ရောက်လီနှင့်ဟူကျန်းစုမှာ တွေဝေသွားသည်။ မိဘမဲ့ဂေဟာဆို၍ တွေဝေသွားခြင်းဖြစ်ပါသည်။

ထိုလူက...

"မင်းတို့ အဲဒီမှာနေရင် တစ်နေ့ကျော်ကြားလာမှာပဲ"

သူသည် မျိုးချစ်သူရဲကောင်းပုံပြင်များကို ပြောပြလေသည်။ ရောက်လီနှင့်ဟူကျန်းစုတို့မှာ ထိုသူပြောပြသော သူရဲကောင်းပုံပြင်များကို နားထောင်ရင်း နစ်မြုပ်သွားလေသည်။

ရောက်လီနှင့်ဟူကျန်းစုတို့သည် ထိုသူနှင့်လိုက်ပါရန် သဘောတူညီလိုက်ကြသည်။

ထိုလူသည် တစ်လမ်းလုံး မျိုးချစ်သူရဲကောင်းပုံပြင်များ ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်တံတိုင်းခတ်ထားသော အဆောက်အအုံတစ်ခုသို့ ရောက်လာပါသည်။

"မင်းတို့ ဒီနေရာမှာနေရင် အနေအစား ဆင်းရဲမှာပဲ၊ ဒါပေမယ့် ဦးပြောသလို တစ်နေ့မှာ မင်းတို့ကျော်ကြားလာမှာပါ"

ဟူကျန်းစုက မေးလိုက်သည်။

"ဦးကကော ခဏခဏ လာမှာလားဟင်"

"လာမှာပေါ့"

သူကပြောရင်း သံတံခါးလက်ကိုင်ကွင်းကိုခေါက်လိုက်၏။ အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

တံခါးခေါက်သံအဆုံးတွင် ဘုန်းတော်ကြီးတစ်ပါး ထွက်လာသည်။ ထိုလူက တီးတိုးပြောလိုက်သည်။

ထို့နောက် ဘုန်းတော်ကြီး၏လက်တွင်းသို့ ရောက်လီနှင့်ဟူကျန်းစုတို့ကိုထည့်ပြီး ပြန်သွားလေတော့သည်။ ဤသို့ဖြင့် တစ်နှစ်တိတိ ကြာမြင့်ခဲ့သည်။

ရောက်လီနှင့်ဟူကျန်းစုတို့မှာ နေ့စဉ် ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး သိုင်းပညာသင်ကြားရချိန်နှင့်အလုပ်လုပ်ရချိန်မှာ မမျှတပါ။

ဆယ်နာရီခန့် ပင်ပန်းကြီးစွာ အလုပ်လုပ်ရသော်လည်း သိုင်းပညာသင်ကြားရချိန်မှာ သုံးနာရီခန့်သာရှိပါသည်။

အလုပ်ကို ကြီးသည် ငယ်သည် ခွဲခြား၍မရပါ။ ကြီးကြီးငယ်ငယ် အလုပ်ကိုပြီးစီးအောင် လုပ်ဆောင်ရပါသည်။



တင်းကျပ်လွန်းသော စည်းကမ်းချက်များကြောင့် ရောက်လီနှင့်ဟူကျန်းစုတို့မှ ဤကျောင်းတွင် မပျော်ပိုက်ကြရချေ။

သို့သော် သူတို့ထံသို့ ခြောက်ကြိမ်ခြောက်ခါမျှ လာသဖြင့်သာ သူတို့သည် မပျော်ပိုက်ခြင်းကိုအောင့်အည်း သည်းခံနိုင်ခဲ့ကြသည်။

သူလာတိုင်း အပြင်ထွက်လည်ခွင့်ရ၏။ အစားအသောက်ကောင်းများကိုလည်း စားသောက်ခွင့်ရသည်။ ထိုလူ၏အမည်ကို တဖြည်းဖြည်း သိခွင့်ရလာသည်။

စန်ကျူးယင်.....

စန်ကျူးယင်သည် လာတိုင်း အစားကောင်း အသောက်ကောင်းများအပြင် အသားလွတ်ပေါက်စီများကိုလည်း အမြဲယူခဲ့သည်။ သူတို့အား ကြင်နာစွာ ဆက်ဆံ၏။ ချိုသာစွာ ပြောဆို၏။

သူတို့ကြိုးစားလိုစိတ်ရှိအောင် အမြဲတမ်း ပုံပြင်တစ်ခုသို့မဟုတ် အကြောင်းအရာတစ်ခုကို ပြောဆိုခဲ့ပေသည်။

ရောက်လီနှင့်ဟူကျန်းစုတို့စိတ်ထဲတွင် သူတို့အား ခင်မင်သူဆို၍ စန်ကျူးယင်တစ်ယောက်တည်းသာရှိသည်ဟု တဖြည်းဖြည်း စွဲမြဲလာသည်။

စန်ကျူးယင်နိုင်းသမျှ အောင်မြင်အောင် လုပ်ပြလိုစိတ်များ အမြဲတမ်းဖြစ်လာ၏။ ထို့နောက်ပိုင်း သူတို့သည် သိုင်းပညာများကိုသာ အဓိက သင်ကြားလာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများအား သုံးနှစ်ခန့်သင်ကြားပေးရသည့်သိုင်းပညာကို သူတို့သည် တစ်နှစ်ခန့်နှင့်ပေါင်မြောက်အောင် သင်ကြားနိုင်ကြသည်။

သူတို့ကလည်း စန်ကျုံးယင်ကျေနပ်အောင် ကြိုးစားသင်ယူခဲ့ကြလေသည်။

ကျင်းစုကို့သည် ဟူကျန်းစုပြောပြသည့် အကြောင်းအရာများကိုမယုံနိုင်စွာ နားထောင်နေခဲ့သည်။

နောက်ပိုင်းအကြောင်းအရာများကို ရှောက်လီက ဖြည့်စွက်ပြောပြလေသည်။

ကျင်းစုကို့က....

"ရှင်တို့ရှောင်လင်ကျောင်းမှာ သိုင်းပညာ ဘယ်လောက်ကြာအောင် သင်ကြားခဲ့ကြသလဲ"

ဟူကျန်းစုက ဖြေသည်။

"ကိုးနှစ်ကြာပါတယ်... တစ်နေ့လုံး သိုင်းပညာသင်ကြားရတယ်၊ ခြေရာခံပညာ၊ ကိုယ်ဖော့ပညာ အို... အစုံပါပဲ၊ ကျုပ်တို့ဟာ အကြိမ်များစွာပဲ ဒီလိုသိုင်းပညာသင်ရတာကို လက်လျှော့ချင်ကြပါတယ်၊ အဲဒီလက်လျှော့ချင်တဲ့စိတ်ကို စန်ကျုံးယင်က ပျောက်အောင်လုပ်ပေးနိုင်ခဲ့တယ်"

ကျင်းစုကို့က....

"အင်း... ဟုတ်မှာပါပဲလေ၊ ရှင်တို့က ငယ်ငယ်လေးပဲရှိကြတာ မဟုတ်လား"



ဟူကျန်းစုက....

"ဘာပဲပြောပြော သူကျေနပ်အောင် ကျုပ်တို့သင်ကြားနိုင်ကြတယ်ဗျ"

ရှောက်လီကလည်း ဝင်ပြောလေ၏။

"ဟုတ်တယ်... ကျုပ်တို့ဟာ သူမကျေနပ်မှာကိုပဲ တွေးပြီးပူနေကြတာလေ၊ သူက သားတို့ကြိုးစားလိုက်ကြစမ်းဆိုရင် ကျုပ်တို့ သေချင်သော်ပါစေဆိုပြီး ကြိုးစားကြရတော့တာပါပဲ"

ဟူကျန်းစုက....

"ကျုပ်အထင်ပြောရရင် ဒီဆယ့်နှစ်ယောက်စလုံးဟာ ဒီလိုပဲ ခုံစံသွင်းခံခဲ့ရတာပဲလို့ ထင်တာပဲ"

ရှောက်လီက ဆက်ရှင်းပြလိုက်၏။

"ဒါကြောင့် မွန်ဂိုတပ်မှူးတွေကို လုပ်ကြံနိုင်းတဲ့အခါမှာ ဘယ်သူ့ကိုလုပ်ကြံမှာလဲလို့ တစ်ခွန်းမမေးခဲ့ဘူး၊ သူ့အတွက် အဓိကထားပြီး အောင်မြင်အောင် လုပ်ပေးခဲ့တယ်"

ကျင်းစုကို့က သက်ပြင်းချလိုက်၏။

"ရှင်တို့ဟာ စန်ကျုံးယင်ကို ဦးထိပ်ထားကိုးကွယ်ခဲ့ကြတာကိုး"

ဟူကျန်းစုက ရှောက်လီကိုကြည့်ပြီးပြောလိုက်၏။

"အစ်ကို... မင်းကိုလိုက်ရှာဖို့စေလွှတ်လိုက်တော့ ငါ့ကိုဘာ

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်ထင်သလဲ"

"ဘာလဲ မန်တိုလား"

"ဟား... ဟား... ဟား.. အစစ်ပေါ့၊ မန်ထိုခေါ်တဲ့ အသား လွတ်ပေါက်စီပေါ့"

သူက နာကြည်းစွာ ရယ်ရင်းပြောလိုက်၏။

"ရှောက်လီက ဒီထောင်ချောက်ထဲကို ငါ့ကိုမထည့်ခင်တုန်းက အသားလွတ်ပေါက်စီတစ်လုံးကျွေးခဲ့သေးတယ်၊ ငါတို့ဟာ အမဲလိုက်ခွေးလိုပါပဲ၊ အသားလွတ်ပေါက်စီလေးပြပြီး အသုံးချခံခဲ့ရတယ်"

ဟူကျန်းစုက ခေါင်းညိတ်လိုက်၏။

"တကယ်တော့ သူပြောခဲ့သမျှ တလွဲချည်းပဲ၊ ကျုပ်တို့ အခုတော့ သိပြီ၊ အားလုံးဟာ လှည့်စားမှု၊ လိမ်ညာမှုတွေ ပြည့်နေတာပဲ၊ သူဟာ ကျုပ်တို့ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး"

ရှောက်လီက အံကြိတ်ပြီးဝင်ပြောသည်။

"ကျုပ်တို့ဟာ ကျုပ်တို့အပေါ် သူက အလွန်ကောင်း၊ အလွန်ချစ်တယ်လို့ ထင်ခဲ့ကြတယ်၊ သူ ဘယ်လိုနိုင်းမလဲ၊ သူခိုင်းသမျှ ဘယ်လိုအောင်မြင်အောင် လုပ်ပေးရမလဲလို့ စွဲမြဲခဲ့တယ်၊ အခုလဲ ကျုပ်တို့ကိုသတ်ဖို့ ဒီလောက်ကြိုးစားမနေဘူးဆိုရင် ကျုပ်တို့ သူ့ကိုခွင့်လွှတ်နိုင်ပါတယ်"

ကျင်းစုကို့ သက်ပြင်းချလိုက်ရသည်။

သူမသည်လည်း သူလျှိုစားသမားဘဝတွင် ကျင်လည်ခဲ့ရသူ



ဖြစ်၏။ သူမ၏ဓားဖြင့် အသက်များစွာကိုခြွေခဲ့ဖူး၏။

သူမ၏ဓားသည် ပုဂ္ဂလိက ခံစားချက်အရ သူတစ်ပါးကိုမသတ်ပေ။ သူမကိုယ်တိုင် လုပ်ကိုင်နေသမျှသည် တာလီနိုင်ငံတော်အတွက်သာ ဖြစ်သည်။

ယခု ရှောက်လီနှင့်ဟူကျန်းစုတို့မှာ ဤကဲ့သို့ ဟုတ်ပါ။ သူတို့ လုပ်ကိုင်နေသည့်အလုပ်ကို မှန်သည်မှားသည် ခွဲခြမနေအားပါ။

ထိုမှန်သည် မှားသည် မခွဲခြားဘဲ လုပ်ဆောင်သောအလုပ်က တာလီနိုင်ငံတော်အတွက်လည်းမဟုတ်ပါ။

သူတို့လုပ်ကိုင်နေသမျှသည် သူတို့၏ဆရာသူတို့၏ မွေးစားဖခင်သဖွယ်ဖြစ်သည့် စန်ကျိုးယင်အတွက်သာ ဖြစ်တော့သည်။

ဤအချက်အလက်သည် ကျင်းစုကို့နှင့်သူ့အတွက် အလွန်ပင် ခြားနားနေတော့သည်။

ကျင်းစုကို့သည် မိမိလုပ်သောအလုပ်အတွက်လိပ်ပြာသန့်သည်။ နိုင်ငံတော်အတွက်ဟူသောစိတ်သည် အရာကို ဖုံးလွှမ်းသွားခဲ့သည်။

သို့သော် ဟူကျန်းစုကား ဤသို့မဟုတ်ပေ။ တစ်ဦးတစ်ယောက်အတွက် လုပ်ပေးနေရခြင်းအတွက် သူလိပ်ပြာမသန့်ခဲ့ချေ။

နိုင်ငံတော်အတွက်မဟုတ်ဟူသောဝိညာဉ်ကသူ့အား အရာရာသို့ဖုံးလွှမ်းအောင် မတတ်နိုင်ဘဲ ဖြစ်ခဲ့ချေသည်။

ထို့ကြောင့် ဟူကျန်းစုသည် ငြိမ်းချမ်းမှုကို စောင့်တရခြင်း

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်တော့၏။

ကျင်းစုကိုသည် သက်ပြင်းချပြီး မေးလိုက်၏။

"ကျွန်မတို့ ဘာဆက်လုပ်ကြမှာလဲ"

ရောက်လီက....

"စန်ကျုံးယင်ကို ပြန်ဖြိုခွဲရမယ်"

"ဒီကိစ္စတွေဟာ စန်ကျုံးယင်ရဲ့လက်ချက်ပါလို့ ဘယ်လို သက်သေပြမလဲ"

ရောက်လီ ငိုင်ကျသွားသည်။ --

ကျင်းစုကိုက ရှင်းပြလိုက်သည်၏။

"ကျွန်မတို့အားလုံး လုပ်သင့်တာက စန်ကျုံးယင်ရဲ့အကြောင်းကို အားလုံးသိရဖို့ပဲ၊ သူက အထက်လူဆိုတော့ သူ့အကြောင်းကိုစုံစမ်းရခက်နေတယ်၊ သူ့အကြောင်း အကုန်သိမှ သူဟာ ဘာလဲ၊ ဘယ်သူ့အတွက်လုပ်နေတာလဲဆိုတာ သိရမယ်"

"စန်ကျုံးယင်အကြောင်း ဘယ်သူ့ကိုသွားမေးရမှာလဲ"

ထိုအခါ ဟူကျန်းစုက ဝင်ပြောလေသည်။

"စန်ကျုံးယင်ပြောတဲ့စကားတစ်ခွန်းရှိတယ်... လူတစ်ဦးရဲ့အကြောင်းကိုသိချင်ရင် သူ့ကိုမုန်းတီးတဲ့သူကို မေးကြည့်ပါတဲ့၊ အဲဒီစကားကို စန်ကျုံးယင် မကြာမကြာ ပြောခဲ့တယ်"

ကျင်းစုကို စိတ်ဝင်စားသွားသည်။

ယခု သူမသည်လည်း အရှုပ်တော်ပုံကြီးကိုဖြေရှင်းမည့် တစ်



စိတ်တစ်ပိုင်းလူ ဖြစ်သွားချေပြီ။

သူမသည် ဟူကျန်းစုအား မေးလိုက်သည်။

"စန်ကျုံးယင်ကို ဘယ်သူက အမုန်းဆုံးလဲ"

ရောက်လီက....

"စန်ကျုံးယင်ဟာ လူမုန်းများတဲ့နေရာမှာ လုပ်ရတဲ့သူဆိုတော့ သူ့ကိုမုန်းတီးတဲ့သူတွေဟာ အများကြီးထဲက သူ့ကိုပိုမုန်းတဲ့လူကိုရှာဖို့ မလွယ်လှဘူး"

ကျင်းစုကိုက ပြောလိုက်သည်။

"ဒါကို စစ်ထုတ်ဖို့ရတယ်၊ သူရဲ့ပြိုင်ဘက်ထဲကလူဆိုရင် သူ့ကိုပိုမုန်းမယ်လို့ မှန်းဆလို့ရတယ်၊ အဲဒီလူကို ပြောပြစမ်းပါ"

ဟူကျန်းစုက....

"အမုန်းဆုံးလူကို ကျုပ်သိပြီ"

ကျင်းစုကိုက မေးလိုက်သည်။

"ဘယ်သူလဲ"

"ရှုစန်းလျံလေ"

ဟူကျန်းစုက ပြောလိုက်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)
## ယစ်ထုပ်ကြီး

ရှူစန်းလျှံသည် ဒယီးဒယိုင် လျှောက်လာနေသည်။

သူ့လက်တွင်းမှာ အရက်အိုးကိုပိုက်ထားသည်။ ရှူစန်းလျှံကား တကယ့်ယစ်ထုပ်ကြီးပေတည်း။

သူ၏အင်္ကျီများမှာ ဟောင်းနွမ်းနေသည်။ အဝတ်ဖိနပ်မှာလည်း ပေါက်ပြဲနေသည်။

သူသည် ဟောင်းနွမ်းနေသောအင်္ကျီ၊ ပေါက်ပြဲသောဖိနပ်ဖြင့်ပင် တစ်လပြီးတစ်လ အသက်ဆက်နေသည်။

မကြာမီ ရှူစန်းလျှံသည် လမ်းကြားကလေးသို့ရောက်လာ၏။ လမ်းကြားမှာ အနံ့အသက်မကောင်းပါ။ မိုးရွာထားသဖြင့် ဗွက်များပေါက်သည်။

လမ်းကြားထဲတွင် တဲအိမ်များ ပြည့်ညပ်နေရာ တဲအိမ်များမှ



မီးရောင်များသည် လမ်းပေါ်သို့ဖိတ်လျှံကျနေ၏။

တဲအိမ်တစ်လုံး၏ရှေ့သို့ရောက်သောအခါ ရှူစန်းလျှံ တဲအိမ်ထဲသို့ဝင်လိုက်၏။ ထိုတဲအိမ်မှာ တံခါးမရှိပါ။ ဟင်းလင်းပြင်ဖြစ်နေသည်။

တဲအိမ်ထဲတွင် စားပွဲတစ်လုံးနှင့်ကုလားထိုင်တစ်လုံးသာရှိသည်။

ရှူစန်းလျှံသည် ကုလားထိုင်၌ထိုင်ကာ ယူလာသောအရက်အိုးကို ကောက်မော့လိုက်သည်။ ပြီးမှ မှန်အိမ်ကို မီးထွန်းလိုက်သည်။

သူ၏ လက်များမှာ တုန်တုန်ယင်ယင် ဖြစ်နေသဖြင့် မီးအိမ်ကို ကြိုးကြိုးစားစား မီးထွန်းညှိရသည်။

ထို့နောက် သူသည် အရက်အိုးကို မော့သောက်ကာနေမေ့တော့သည်။

အတန်ကြာသော် အရက်လည်း ကုန်သွားသည်။ လူလည်း ခေါင်းငိုက်စိုက်ကျသွားသည်။

ထိုရှူစန်းလျှံဆိုသူကား မည်သူနည်း။

သူသည် တစ်ချိန်က ကျော်ကြားလှသော ကိုယ်ရံတော်တပ်ဖွဲ့မှူးတစ်ယောက်ဟုပြောလျှင် မည်သူမျှ ယုံကြည်ကြလိမ့်မည်မဟုတ်ချေ။

○

www.burmeseclassic.com

www.burmeseclassic.com



စန်ကျူးယင်သည် မိုးစက်မိုးပေါက်ကလေးများ တဖွဲဖွဲကျနေသည်ကို ငေးကြည့်နေ၏။

တကယ်တော့ မိုးစက်မိုးပေါက်များကို သူမမြင်ချေ။ ကြည့်သာကြည့်နေ၏။ သူ ဘာကိုမှမမြင်ချေ။

သူသိသည်မှာ မနက်ပိုင်းကရသော သတင်းတစ်ခုသာဖြစ်၏။

ထိုသတင်းကို သူ၏လျှို့ဝှက်အဆက်အသွယ်က ပေးပို့လိုက်ခြင်းဖြစ်သည်။ ထိုသတင်းကား ထူးခြား၏။

ရွှေဓားအာမခံဌာနမှူးထံမှ အမည်မသိသူနှစ်ဦးက တာလီနိုင်ငံတွင် လျှို့ဝှက်စွာ ဓားပညာသင်ယူခဲ့သူများ၏မှတ်တမ်းကို ယူဆောင်သွားကြောင်း သတင်းပင်ဖြစ်သည်။

စန်ကျူးယင် သက်ပြင်းချလိုက်၏။

သူသည် ရောက်လီနှင့်ဟူကျန်းစုတို့ကို အလွန်ထက်မြက်အောင် ပြုစုပျိုးထောင်ပေးခဲ့၏။ ထိုနှစ်ဦးမှာ တကယ်လည်း ထက်မြက်ခဲ့သည်။

ရွှေဓားအာမခံဌာနမှူးထံမှ မှတ်တမ်းများကိုယူဆောင်သွား



သူမှာ ရောက်လီနှင့်ဟူကျန်းစုတို့သာဖြစ်မည်ကို သိလိုက်လေပြီ။

ယခုအခါ ရောက်လီတို့သည် သူ၏အကြံအစည်အချို့ကို စတင်တွေ့ရှိသွားပြီဖြစ်ကြောင်း သူ နားလည်လိုက်တော့သည်။

ဤအတိုင်းဆက်သွားမည်ဆိုပါက ရောက်လီတို့သည် အဖြေမှန်ရရန် လမ်းကြောင်းနှင့်တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ကြောင်း ညွှန်ပြနေပေသည်။

ယခုအထိ ရောက်လီသည် မည်သည့်နေရာ၌ရှိနေသည်ကို မသိရသေးပါချေ။

ကျင်းစုကို့သည် ရောက်လီတို့သင်တန်းတက်စဉ်အခါက သင်တန်းတက်နေသူဖြစ်၍ ရောက်လီတို့နှင့်ရင်းနှီးကြောင်း သူသိနေသည်။

ယခုအခါ ကျင်းစုကို့၏အကူအညီဖြင့် လုံခြုံသည့်နေရာ၌ ရောက်ရှိနေမည်ဖြစ်ကြောင်းကို သူ ရိပ်မိလိုက်သည်။

ရောက်လီတို့ကို သူ မည်ကဲ့သို့ရှာဖွေမည်နည်း။

သူသည် ရန်သူဘာလုပ်မည်ကိုသိရန် ရန်သူစဉ်းစားသကဲ့သို့ စဉ်းစားဟု ဩဝါဒပေးခဲ့သူဖြစ်သည်။

ရောက်လီသည် အဖြေမှန်ရသည်နှင့်မိမိအား လာရောက်ရင်ဆိုင်မည်ကို စန်ကျူးယင် သိနေသည်။

စန်ကျူးယင် စဉ်းစားနေသည်။ မျက်ခုံးများ ကျုံ့လာသည်။ သူထိုင်နေ၍ မဖြစ်တော့ပါ။ ထို့ကြောင့် သူက ထရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ချင်းရောင်... ချီရောင်၊ လာခဲ့ကြစမ်း"

"ဟုတ်ကဲ့... လာပါပြီ"

ချင်းရောင်နှင့်ချီရောင် ဦးညွတ်ဂါရဝပြုလိုက်ကြသည်။

"အေး... မင်းတို့နှစ်ယောက် ငါနဲ့လိုက်ခဲ့"

သူသည် ချင်းရောင်နှင့်ချီရောင်တို့ကိုခေါ်ဆောင်ကာ ထွက်လာလေတော့၏။

သူသည် ပြင်ပလောကသို့ထွက်လေ့မရှိပါ။ ယခုအခါတော့ ထွက်ရပေတော့မည်။

ဟူကျန်းစုကိုရှာဖွေကတည်းက တစ်ခါထွက်ခဲ့ရပြီ။ သူတို့သည် လိုအပ်သောအကာအကွယ်ရရှိရန်အတွက် ရုပ်ဖျက်ပြီး ထွက်လာခဲ့ကြလေသည်။

○

ရှုစန်းလျှံမှာ အရက်သာတွင်တွင် သောက်နေသည်။

အသောက်များသဖြင့် အတော်မူးလာခဲ့ပေသည်။

သူသည် နေ့စဉ် အရက်သောက်နေရသဖြင့် လူကလည်း ဖောသွပ်သွပ် ဖြစ်လာခဲ့ပေပြီ။

ရှိသမျှငွေဖြင့် အရက်သောက်ရန်သာဖြစ်သည်။ သူသည် အရက်မူးလာသောအခါ ဒယီးဒယိုင်ဖြင့် လမ်းလျှောက်ဖြစ်တတ်သည်။



အိုသော် ကိစ္စမရှိပါ။ သည်လမ်းနှင့်သည်အိမ်သို့ သူပြန်နေကျဖြစ်ပါသည်။

မည်မျှပင်မူးမူး တန်းတန်းမတ်မတ် ပြန်နိုင်ခဲ့သည်သာ ဖြစ်၏။

ယနေ့လည်း အိမ်သို့တန်းတန်းမတ်မတ် ပြန်ရောက်နိုင်ခဲ့သည်သာ ဖြစ်၏။

မီးမထွန်းရသေးသဖြင့် အိမ်မှာမှောင်မည်းနေသည်သာ။ မည်သို့ပင် မှောင်မည်းနေစေ သူသည် သူ့အိမ်ထဲ၌ ခလုတ်မတိုက်အောင် သွားနိုင်သူဖြစ်သည်။

အရက်အိုးကို စားပွဲပေါ်တင်လိုက်ပြီးနောက် မီးအိမ်ကိုထွန်းညှိလိုက်သည်။

ထိုခဏအတွင်း ရုတ်တရက် အေးစိမ့်မှုကိုခံစားလိုက်ရသည်။ ထိုခံစားမှုမျိုးမခံစားရသည်မှာ ကြာချေပြီ။

ရှုစန်းလျှံသည် အိမ်ထဲသို့ချာခနဲ လှည့်ကြည့်လိုက်သည်။

ခုတင်ပေါ်တွင် ထိုင်နေသော လူသုံးယောက်ကိုတွေ့လိုက်ရသည်။

ရှုစန်းလျှံ သက်ပြင်းချလိုက်၏။

"လန့်သွားတယ်ကွာ... မင်းတို့ရောက်နေတာ ကြာပြီလား၊ ဘာကိစ္စရောက်နေကြတာလဲ"

ထိုင်နေသူသုံးယောက်အနက် အလယ်ကလူက...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သတိမရှိတော့ဘူး၊ ကျုပ်တို့ရောက်နေတာကို ခင်ဗျား တဲအပြင်ကတည်းက သိသင့်တယ်၊ ရန်သူဆိုရင် မခက်ဘူးလား ခင်ဗျား အသက်ရှိမှာမဟုတ်တော့ဘူး"

"ကျုပ်အရက်သမားတစ်ယောက် ဖြစ်နေပြီပဲ၊ ဘယ်သူက လုပ်ကြံတော့မှာလဲ၊ ဟား... ဟား... ဟား ကျုပ်ခေါင်းပေါ်မှာ ဘာတာဝန်မှမရှိတော့ဘူး"

"ခင်ဗျား သေရဲလား"

ရှူစန်းလျှံ ခေါင်းခါလိုက်၏။

"ငါ အသက်ကြီးပြီ၊ အရက်သောက်တာလဲ များနေပြီ၊ ဒီတော့ ဘာတာဝန်မှမယူချင်တော့ဘူး၊ ဘာကိစ္စနဲ့ရောက်လာတာလဲ ဝံပုလွေ"

ရှူစန်းလျှံက ရောက်လီကို နာမည်ဂုဏ်နှင့်တောင်ဝံပုလွေဟူသောအမည်ကို အဖျားဆွတ်သုံးနှုန်းလိုက်၏။

ထိုသုံးယောက်မှာ ရောက်လီ၊ ဟူကျန်းစုနှင့် ကျင်းစုကိုတို့ပင် ဖြစ်ပါသည်။

ရောက်လီက....

"ခင်ဗျားရဲ့အကူအညီကို လိုချင်လို့ပါ"

"ငါ ဘာမှအသုံးမကျတော့ဘူးကွ၊ ငါ ယစ်ထုပ်ကြီးဖြစ်နေပြီ ငါက မင်းတို့ကို ဘယ်လိုကူညီနိုင်မှာလဲ"

"ခင်ဗျား ကူညီနိုင်ပါတယ်ဗျာ"



"မင်းက အတင်းအကျပ်ပါပဲကလား"

"ဟုတ်တယ်"

"ဘာအကြောင်းလဲ"

"စန်ကျုံးယင်"

"ဘာ...."

ရှူစန်းလျှံမှာ မျက်နှာရှုံ့မဲ့သွား၏။ သူသည် ခေါင်းကိုခါယမ်းလိုက်၏။

"ငါ မလုပ်နိုင်ဘူး"

ရောက်လီက....

"ကျုပ်သိသားပဲ... စန်ကျုံးယင်အတွက်ဆို ခင်ဗျားလုပ်ပေးဘာ မဟုတ်ဘူး၊ ဒါပေမယ့် စန်ကျုံးယင် နစ်နာစေမယ့်ကိစ္စကိုတော့ င်ဗျားလုပ်မှာပဲ မဟုတ်လား"

ရှူစန်းလျှံ မျက်နှာပျက်သွား၏။

"မင်းတို့ကို သူ လွှတ်လိုက်တာလား"

"မဟုတ်ဘူးဗျ"

ရှူစန်းလျှံသည် အရက်အိုးကိုကောက်ယူလိုက်၏။

သို့သော် ရောက်လီက ကြားမှဖြတ်ယူကာ လွှင့်ပစ်လိုက် ည်။

"ခွမ်း...."

အရက်အိုးသည် ကြမ်းပြင်ပေါ်ခွဲကွဲကြေသွားသည်။ ရှူစန်း

www.burmeseclassic.com

www.burmeseclassic.com



လျှံ ဒေါသထွက်သွား၏။

"မင်း ဘာလုပ်တာလဲ၊ ငါကိုစော်ကားတာလား"

ရောက်လီက အရက်အိုးတစ်လုံးကိုထုတ်၍ စားပွဲပေါ်တင်ပေးလိုက်၏။ သူ ဝယ်လာခဲ့ပုံရသည်။

ရှူစန်းလျှံသည် စားပွဲပေါ်မှ အရက်အိုးကိုတွေ့ရသောအခါ မျက်လုံးအစုံမှာ တောက်ပသွားသည်။ အရက်အိုးမှသင်းပျံ့သောရနံ့များပင် ထွက်နေသည်။

ကျင်းစုကို့က....

"ကျွန်မ ဟင်းလျာတွေဝယ်ခဲ့တယ်၊ အရက်ကောင်းကောင်း ဟင်းကောင်းကောင်း ချက်စားကြတာပေါ့၊ ရှင်တို့အေးအေးဆေးဆေး စကားပြောကြပါ၊ ကျွန်မ ဟင်းချက်လိုက်ပါ့မယ်"

ကျင်းစုကို့သည် အထုပ်များကို မနိုင်မနင်း နောက်ဖေးခန်းဆီသို့သယ်သွား၏။

ရှူစန်းလျှံသည် ကျင်းစုကို့သွားရာသို့ လိုက်ကြည့်နေပြီး သက်ပြင်းချလိုက်၏။

"မင်းတို့ဆက်ဆံတာ တစ်မျိုးပါလား... မင်းတို့ ဘာအကြံနဲ့ ရောက်လာကြတာလဲ"

ရောက်လီက သွားစေသောလေသံဖြင့် ပြောလိုက်သည်။

"စန်ကျုံးယင်ကိုဖျက်ဆီးဖို့"

တစ်လုံးချင်း ထွက်လာသည်။ သူ့လေသံမှာ အေးစက်မာ



ကျောနေသည်။

ရှူစန်းလျှံသည် ရောက်လီအသံကိုကြားသိလိုက်ရသောအခါ အရိုးထဲက အေးစိမ့်သွားသလို ခံစားလိုက်ရတော့၏။

ဟင်းလျာနံ့များက သင်းပျံ့လာသည်။

မကြာမီ ကျင်းစုကို့က စားသောက်ဖွယ်ဟင်းလျာများကို စားပွဲပေါ်သို့ချပေးလိုက်၏။

ရှူစန်းလျှံက ဟင်းလျာများကိုမြည်းကြည့်ပြီး....

"လက်ရာကတော့ ပထမတန်းစားပါလား"

ရှူစန်းလျှံက အရက်အိုးကိုဖွင့်၍ ခွက်သုံးခွက်ထဲသို့ ငှဲ့လိုက်သည်။

"ကျွန်တော်တို့အတွက် မလိုပါဘူး"

ရောက်လီက ပြောလိုက်သည်။

"မလိုရင် ပိုကောင်းတာပေါ့ကွာ၊ ငါ ပိုသောက်ရတာပေါ့"

ရောက်လီက ပြောလိုက်သည်။

ထိုအခါ ရောက်လီက နောက်ထပ်အရက်အိုးနှစ်အိုးကို ထပ်မံထုတ်ပြပြီး....

"ဒီမှာတွေ့လား... ဒါတွေကို ဒီမှာသိမ်းထားလိုက်"

သူသည် အရက်အိုးနှစ်အိုးကို ခုတင်အောက်သို့သွင်းလိုက်သည်။

ရှူစန်းလျှံသည် အရက်ကိုမော့သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား... ကောင်းလိုက်တဲ့အရက်၊ ကျုပ် ဒီအရက်မျိုးမသောက်ရတာ အတော်ကြာသွားပြီ"

ကျင်းစုကိုက....

"ကဲ... အချိန်ရှိတုန်း စကားပြောကြဝါဦး"

သူမကဝင်၍ လောဆော်လိုက်သည်။

ရှုစန်းလျှံက....

"နေပါဦး... ငါ စန်ကျူးယင်အကြောင်း စုံစမ်းခဲ့တာကို မင်းတို့ ဘယ်လိုလုပ်သိကြတာလဲ"

"ခင်ဖျားဟာ သူရန်သူတစ်ဦးဆိုတာ ကျုပ်တို့သိထားပါတယ်"

"ဒါကြောင့်ပဲ ငါ လွှင့်သွားရတာပေါ့ကွာ"

"ထားပါတော့... ခင်ဗျားသိသလောက် ပြောပြစမ်းပါ"

"ကြာပြီကွာ... ငါ အတော်ပြန်စဉ်းစားရမှာ"

"အိုဗျာ... ဘယ်လိုစဉ်းစားစဉ်းစား ခင်ဗျားစဉ်းစားလို့ရတဲ့အထိ ကျွန်တော်စောင့်မယ်၊ ကျွန်တော် သူ့ကိုဖျက်ဆီးပစ်မယ်၊ သူ တစ်စစီပျက်စီးသွားမှ ကျွန်တော်ကျေနပ်မယ်"

ရှောက်လီက အေးစက်စွာ ပြောလေသည်။

ရှုစန်းလျှံက အရက်ကုန်သွားသော် အေးစက်စွာရယ်လိုက်သည်။

"အေး... ငါက ဒါမှသဘောကျတာ"



"ကျုပ်သိပါတယ်... ခင်ဗျားလဲ သူ့ကိုတစ်စစီ ချေမှုန်းပစ်ချင်တာ၊ အခုတော့ ကျုပ်နဲ့ခင်ဗျားနဲ့ဘဝတူဖြစ်သွားပြီပေါ့"

"အေးပေါ့... ဘဝတူဖြစ်သွားပြီပေါ့၊ အင်း... ဒါနဲ့ မင်းက ဘယ်လိုဘဝတူ ဖြစ်ခဲ့ရတာလဲ"

"သူ ကျုပ်ကိုဖျက်ဆီးပစ်ဖို့ ကြိုးစားနေတယ်ဆိုတာလောက်ပဲ ခင်ဗျာသိထားပါတော့ဗျာ၊ အကျယ်တော့ မပြောချင်ပါဘူး"

"အေးပါ... အေးပါ"

"ခင်ဗျား သူ့အကြောင်းကိုစုံစမ်းတာ သူသိလား"

"ဟား... ဟား... ဟား၊ သူမသိသေးလို့ ငါ မသေသေးတာပေါ့ကွာ၊ သူသိရင် ငါသေပြီပေါ့၊ သူ သတိလစ်သွားလို့ပါ၊ သူ နည်းနည်းသတိထားမိရင် သိသွားခဲ့မှာပါ၊ သူ သတိမထားခဲ့မိတော့ ငါစုံစမ်းတာကို သူ မသိဘူးပေါ့"

"ဒါထက် ခင်ဗျားက သူ့ကိုဘာကြောင့် စုံစမ်းခဲ့တာလဲ"

"လွေ့ဟန်ကြောင့်ပေါ့ နို့မဟုတ်ရင် ငါစုံစမ်းဖြစ်မှာ မဟုတ်ပါဘူး"

ရှုစန်းလျှံက မျက်နှာကိုမဲ့လိုက်ပြီး ပြောလေ၏။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)
## ထပ်ဆင့်သူလျှို

ရှူစန်းလျှံသည် ထက်မြက်သော ကိုယ်ရံတော်တပ်မှူးငယ်တစ်ယောက် ဖြစ်သည်။

မန်ချူးများကျူးကျော်တိုက်ခိုက်ရာတွင် ရဲရဲဝံ့ဝံ့ ခုခံတိုက်ခိုက်ခဲ့သူဟု နာမည်ရ၏။

သူ၏ စစ်မြေပြင်ဂုဏ်သတင်းကြောင့် နေပြည်တော်သို့ပြန်ခေါ်ခဲ့ပြီး နေပြည်တော်၌ တာဝန်ထမ်းဆောင်ရန် တာဝန်ပေးခဲ့သည်။

ရှူစန်းလျှံသည် လှုပ်ရှားမှုကိုနှစ်သက်၏။ စစ်မြေပြင်တွင် လှုပ်ရှားနေရသည်ဖြစ်၍ စစ်မြေပြင်ကိုနှစ်သက်သည်။

သို့သော် သူ့ဘဝတက်လမ်းအတွက် နေပြည်တော်၌ထိုင်ကာ ကွပ်ကဲရသည့်အလုပ်ကိုလုပ်သင့်သည်ဟု ထင်မြင်ယူဆခဲ့သည်။

မန်ချူးများသည် တရုတ်ပြည်ကိုတိုက်ခိုက်နေသည်။



ထို့ကြောင့် တရုတ်ကလည်း မွန်ဂိုနှင့်ပူးပေါင်းပြီး မန်ချူးရန်ကို တွန်းလှန်နေရသည်။

ရှူစန်းလျှံသည် မျိုးချစ်စိတ်ရှိသူဖြစ်၏။ ဟန်တရုတ်စိတ်ဓာတ်အပြည့်ရှိသည်။

ထို့ကြောင့် နေပြည်တော်ရောက်လျှင် မွန်ဂိုများနှင့်ဆက်ဆံရမည့်အရေးကို သက်ပြင်းချမိသည်။

သူ နေပြည်တော်ရောက်ခဲ့ပြီ။ နေပြည်တော်တွင် စီစဉ်ကွပ်ကဲမှုများကို စီစဉ်ရသည်။

ထိုအချိန်မှာပင် မွန်ဂိုများထဲတွင် မန်ချူးအတွက် သူလျှိုလုပ်ပေးနေသူနှစ်ဦးရှိကြောင်း အမှတ်မထင် သတိပြုမိလေ၏။

တစ်နေ့တွင် မွန်ဂိုတပ်မှူးလွေဟန်သည် နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာ၏။

သူနှင့်အတူ စိတ်ဝင်စားဖွယ်ရာ သတင်းတစ်ခုလည်း ပါလာသည်။

ထိုသတင်းကား မန်ချူးအတွက် အလုပ်လုပ်ပေးနေသည်ဆိုသော မွန်ဂို၏သတင်းတည်း။

ထိုမွန်ဂို၏အမည်မှာ ကျင်းစိပုပေတည်း။

ကိုယ်ရံတော်တပ်ဖွဲ့သည် ထိုအမည်ကိုကြားရသောအခါ လွန်စွာ ထိတ်လန့်သွားကြလေ၏။

ကျင်းစီးပုသည် တရုတ်နိုင်ငံသို့ကြာမြင့်စွာ ရောက်ရှိနေပြီး

www.burmeseclassic.com

www.burmeseclassic.com



စစ်ရေးအကြံပေးလုပ်ကိုင်နေသူဖြစ်သည်။

ထိုသတင်းကိုရသည်နှင့် ကိုယ်ရံတော်တပ်ဖွဲ့သည် ကျင်းစီးပုကိုဖမ်းရန် လှုပ်ရှားကြတော့သည်။

သတင်းရသည်မှာ ညဘက်ဖြစ်၍ ချက်ချင်းပင် ကိုယ်ရံတော်တပ်ဖွဲ့လှုပ်ရှားသည်။

ကြီးမားသောအိမ်ကြီးတစ်အိမ်သို့ ကိုယ်ရံတော်တပ်သားများ စိုင်းလိုက်ကြသည်။ လှုပ်ရှားမှုမှာ မြန်ဆန်သေသပ်၏။

သို့သော် သူတို့နောက်ကျသွားပြီဖြစ်ကြောင်း သူတို့သိလိုက်ရ၏။

အစောင့်များလည်း တစ်ယောက်မှမရှိတော့။ အိမ်ရှင်လည်းမရှိတော့ပေ။

လူသုံးယောက်သည် မီးတုတ်များ ထွန်းညှိပြီး တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်ကြည့်၏။

"တောက်... သင်းအကြံဦးသွားတာကိုး"

လွှေဟန်က တောက်ခေါက်ပြီးပြောလိုက်၏။

ထိုသုံးယောက်ကား မွန်ဂိုတပ်မှူးလွှေဟန်၊ ကိုယ်ရံတော်တပ်မှူးပုထုံးနှင့် တပ်မှူးငယ် ရှူစန်းလျှံတို့ဖြစ်ကြ၏။

ပုထုံးက အိမ်ထောင်ပရိဘောဂများကိုကြည့်ပြီး...

"သူ ထွက်သွားတာ ကြာဦးမယ်မထင်ဘူး။ ကျုပ်တို့ အမြန်ဆုံးလိုက်သွားကြရင်ကောင်းမယ်"



"လိုက်ကြလေ... လိုက်ကြတာပေါ့"

လွှေဟန်က ပြောလိုက်၏။

ရှူစန်းလျှံသည် ချက်ချင်းပင်ကိုယ်ရံတော်တပ်ဖွဲ့အား အမိန့်ပေးလိုက်၏။

○

တိတ်ဆိတ်နေသော ညဦးလယ်တွင် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာလေတော့၏။

မြင်းများသည် ကောက်ကွေ့သောလမ်းကို အရှိန်လျှော့ချခြင်းမပြုဘဲ ပြေးနေပါသည်။

တကယ်တော့ မြင်းမောင်းသူက အရှိန်လျှော့ခြင်းမရှိသဖြင့် မြင်းများ အရှိန်အတိုင်း ပြေးနေရခြင်းဖြစ်ပါသည်။

ကျာပွတ်သံက တရှမ်းရှမ်း မြည်ဟည်းနေသည်။

ကျင်းစီးပုမှာ ရင်ထဲ၌လေးလံနေသည်။ သူသည် လျှို့ဝှက်သိပ်သည်းစွာနေထိုင်ခဲ့သော်လည်း ယခု သူ၏ဘဝမှန်ကို သိသွားကြပြီဖြစ်သည်။

ကျင်းစီးပု သက်ပြင်းကို အသာချလိုက်၏။

သူသည် ဤမြေမှ အမြန်ဆုံးထွက်နိုင်မှ လွတ်မြောက်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမလင်ခင် တိကျွန်းမြို့ရောက်မှဖြစ်မည်။

ထို့ကြောင့် ကျင်းစီးပုသည် မြင်းကိုမနားတမ်း မောင်းနှင်နေခြင်းဖြစ်၏။

မြင်းများသည် မွန်ဂိုများဖြစ်၍ ကျင်းစီးပု မည်မျှမောင်းနှင်မောင်းနှင် သက်လုံကောင်းကြပေသည်။

သူလျှိုဘဝများ ဤသို့ပင်။ အသက်ကို ဖက်နှင့်ထုပ်ထားရသူများ ဖြစ်၏။

ဉာဏ်နှင့်ဝီရိယဖက်ကာ ကိုယ့်အသက်ကို ရှင်သန်အောင် ကြိုးစားနေသူများဖြစ်၏။

ကိုယ်ရံတော်တပ်ဖွဲ့သည် သူလျှိုသတင်းကိုရရှိပြီး ကျိတ်၍ စုံစမ်းနေကြောင်း ကျင်းစီးပု သိသည်။

ထိုအခါကတည်းက သူ့ဘဝ မလုံခြုံတော့ပြီကို သူ သိရှိခဲ့သည်။

ယခုဇာတိရပ် ပေါ်သွားချေပြီ။ ကျင်းစီးပုသည် မြင်းကိုကျာပွတ်ဖြင့် ရိုက်လိုက်လေသည်။

"ရှမ်း... ရှမ်း"

ထိုအခိုက် နောက်မှမြင်းခွာသံများသည် ကျင်းစီးပု၏နားအတွင်းသို့ ဝင်ရောက်လာလေသည်။

"ဟင်... မြင်းခွာသံတွေ"

သူသည် အနီးရှိဓားကိုကောက်ယူကာ ဓားအိမ်ကိုလွှင့်ပစ်လိုက်သည်။



ဓားလွတ်ကိုခါးစည်းကြိုးထဲသို့ ထည့်လိုက်သည်။ ထို့နောက် မြင်းကို ပို၍ ပို၍ မောင်းနှင်လေတော့၏။

သူ မြင်းကို အပြင်းမောင်းနှင်နေသလို နောက်မှမြင်းကိုယ်စီဖြင့် ပြေးလိုက်နေသူများကလည်း အပြေးလိုက်နေကြလေသည်။

ကျင်းစီးပု၏မြင်းများမှာ အလွန်အမျိုးကောင်း၏။

ထို့ကြောင့် အပြေးနှင်သောအခါ နောက်မှမြင်းများနှင့် ဝေးကွာသွားလေတော့၏။

သို့သော် နောက်မှ ကိုယ်ရံတော်တပ်များကလည်း အပြင်းလိုက်ကြ၏။

ရှေ့ဆုံးမှ မြင်းစီးသမားနှစ်ယောက်သည် ဝါးနှစ်ရိုက်ခန့်အထိ အမီလိုက်နိုင်ကြသည်။

ရှေ့တွင် ကွေ့နှစ်ခုရှိသည်။ ထိုကွေ့များလွန်လျှင် မြင်းစီးသမားများအား အပြတ်ချန်ထားနိုင်မည်ဟု ကျင်းစီပု တွက်လေ၏။

ထို့ကြောင့် ထိုအကွေ့သို့ရောက်လျှင် မြင်းလှည်းကိုအရှိန်မလျှော့ဘဲ ကွေ့ချလိုက်၏။

မြင်းလှည်းသည် တစ်ခြမ်းစောင်းသွားလေသည်။

ကျင်းစီးပု အရှိန်မလျှော့ချေ။ ထိုအခါ မြင်းလှည်းသည် မှောက်သွား၏။

ထိုအချိန်မှာပင် နောက်မှလိုက်လာသော မြင်းတစ်စီးက မိ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ထိုသူကား တပ်မှူးလေး ရှူစန်းလျှံပင်ဖြစ်တော့၏။

တပ်မှူးကလေးသည် ကျင်းစီးပုအား ထိုးခုတ်တိုက်ခိုက်တော့၏။

ကျင်းစီးပုကလည်း ဓားလွတ်ကိုဆွဲကာ ခုခံတိုက်ခိုက်သည်။

ရှူစန်းလျှံသည် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူဖြစ်၏။ သူ၏သွက်လက်လှသောဓားကြောင့် ရန်သူများစွာကို ကျဆုံးစေခဲ့ပြီးဖြစ်ပေသည်။

သို့သော် ကျင်းစီးပုနှင့် တိုက်ခိုက်ရသောအချိန်တွင်မူ ကြောက်စရာအကောင်းဆုံး ဓားသမားနှင့် ရင်ဆိုင်ပြီးဖြစ်ကြောင်း နားလည်လိုက်ရ၏။

ကျင်းစီးပု၏ဓားမှာ လေးလက်မခန့် ဖျက်ကျယ်၏။ ဓားမကြီးဖြစ်သည်။

ကျင်းစီးပုသည် ထိုဓားကိုပေါ့ပါးစွာ ကိုင်ဆောင်နိုင်သည်။

ရှူစန်းလျှံသည် ကျင်းစီးပုနှင့်တိုက်ခိုက်နေသည်မှာ ကြာမြင့်ပြီဖြစ်၍ လက်များပင် ထုံကျင်လာသည်။

မကြာမီကာလတွင် ဓားလွတ်ကျတော့မည်ဖြစ်သည်။

၎င်းအခြေအနေတိုင်းဆိုပါက မိမိ အရှုံးနှင့်ရင်ဆိုင်ရတော့မည်ကိုသိသဖြင့် ကိုယ်ဖော့ပညာကိုသုံး၍ လှည့်ပတ်တိုက်ခိုက်တော့၏။



အမှာကိုအပျော့နည်းနှင့် ရင်ဆိုင်ရမည်ဆိုသော ဓားပညာဥပဒေကိုလိုက်နာခြင်းပင် ဖြစ်တော့သည်။

သူသည် ကျင်းစီးပုအား လှည့်ပတ်တိုက်ခိုက်နေရာမှတဖြည်းဖြည်း အသာစီးရလာတော့သည်။

ကိုယ်ရံတော်တပ်မှူးပုထုံး လည်း ရောက်ရှိလာတော့သည်။

ပုထုံးကလည်း ကြည့်မနေပါချေ။ ချက်ချင်းပင် ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ပုထုံး၏ဓားပညာမှာ တကယ်ပင် ကောင်းမွန်လှသည်။

ပုထုံး၏တိုက်ခိုက်မှု စတင်သည်နှင့်တစ်ပြိုင်နက် ကျင်းစီးပုမှာ ခံစစ်ဖြစ်သွားရတော့သည်။

ပုထုံးက....

"ကျင်းစီးပု... မင်း အဖမ်းခံလိုက်ပါ"

ပုထုံး အေးအေးဆေးဆေး ပြောခြင်းဖြစ်သည်။

ကျင်းစီးပု ဘာမှအဖြေမပေးပါ။ အံကြိတ်ပြီး ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်တော့သည်။

ပုထုံးသည် အေးစက်စက်ရယ်လိုက်ပြီး ဓားကွက်ထုတ်ကာတိုက်ခိုက်သည်။

ပုထုံးအား ကျင်းစီးပုက ဓားချက်သုံးချက်ခုတ်လိုက်သည်။ ဓားနှစ်ချောင်းမှာ ပူးကပ်သွားသလို ဖြစ်သွားသည်။

ထိုအခါ ကျင်းစီးပု သူ့ဓားကိုဆွဲယူလိုက်သည်။ ကျင်းစီးပု

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားလေသည်။

သူ့ဓားကို သူဆွဲယူ၍မရတော့ချေ။ သူက ထိုအခါ အတွင်းအား ထုတ်သုံးလိုက်၏။

"ချွမ်း...."

ဓားသည် ကျိုးသွား၏။

ထိုအချိန်မှာပင်....

"ဝှီး...."

ကျင်းစီးပုသည် မြေပေါ်သို့လဲကျကာ အသက်ပျောက်သွားတော့သည်။

ပုထုံးမှာ အံ့အားသင့်ပြီး နောက်သို့လှည့်လိုက်မိသည်။ လေးကိုကိုင်လာသောလွှေဟန်ကို တွေ့လိုက်ရတော့သည်။

လွှေဟန်၏မျက်နှာမှာ ဒေါသကြောင့် နီရဲနေ၏။ လွှေဟန်သည် မြင်းကို ပုထုံးတို့အနီးသို့စီးလာသည်။

ထို့နောက် မြင်းပေါ်မှ ဆင်းကာ ဦးညွှတ်လိုက်သည်။

"ကျုပ်ကိုခွင့်လွှတ်ပါဗျာ... ကျုပ်လူ သူလျှိုဖြစ်နေတာကို ကျုပ် လုံးဝသည်းမခံနိုင်ဘူး"

သူ့အသံမှာ အက်ကွဲနေသည်။ မေးကြောကြီးများ ထောင်ထနေသည်။

ယခုမှတော့ ဘယ်လိုမှမတတ်နိုင်တော့ချေ။ သေပြီးသူကို ပြန်ရှင်အောင်လည်း မလုပ်နိုင်တော့ချေ။



ပုထုံးသည် စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်၏။

"ကိစ္စမရှိပါဘူးဗျာ"

ဒါပဲ ပြောရတော့သည်။

ထို့နောက် ကျင်းစီးပု၏အလောင်းကို အောက်မှကောက်ကာ မြင်းပေါ်သို့တင်လိုက်ရတော့သည်။

သူတို့ တဖွေ ပြန်လှည့်ကြရတော့သည်။

○

ရှူစန်းလျှံမှာ ခုတင်ပေါ်လဲလျောင်းနေသည်။

သူ စဉ်းစားနေသည်။ တွေးတောနေသည်။ ရင်ထဲ၌ မတင်မကျဖြစ်နေသည်။

လွန်ခဲ့သောနှစ်ရက်ခန့်က သူတို့သည် ကျင်းစီးပုအား လိုက်လံတိုက်ခိုက်ခဲ့သည်။

ကျင်းစီးပုအား လက်ရဖမ်းဆီးမိတော့မည်။ သို့သော် လွှေဟန်က ကျင်းစီးပုအား သတ်ဖြတ်ပစ်ခဲ့ပေသည်။

လွှေဟန်၏အမူအရာသည် တကယ်ကောင်း၏။

အကြောင်းပြချက်ကလည်း လက်မခံနိုင်ဖွယ်ရာဖြစ်နေသည်။ သူ့လူပေကိုး။

သို့သော် ရှူစန်းလျှံ စိတ်ထဲ၌ မတင်မကျကြီးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစီးပု သူလျှိုဖြစ်ကြောင်း လွှေဟန်က ထုတ်၍ပြောဆိုခဲ့ပေသည်။

ပြောပြီး သူကပင် သတ်ဖြတ်သုတ်သင်လိုက်သည်။ ထိုအချက်ကို သူ မတင်မကျကြီးဖြစ်နေသည်။

ရှုစန်းလျှံ ခုတင်ပေါ်၌ထိုင်ပြီး စဉ်းစားနေသည်။

လွှေဟန်သည် ကျင်းစီးပုအား သုတ်သင်ရန် လိုအပ်ပါသလော။ မလိုအပ်ပါ။

မိလျှင်လည်း သေဒဏ်အပြစ်ပေးခံရသည်သာ ဖြစ်ပါသည်။ သူ့ထံမှ သတင်းစကားများပင် ရလိုက်ဦးမည်။

အမှန်စင်စစ် ကျင်းစီးပုအား သုတ်သင်လိုလျှင် မိမိတို့မသိဘဲနှင့် သုတ်သင်နိုင်၏။

ယခုမှ သူလျှိုဟု အများသိအောင်ဖော်ထုတ်ပြီးမှ သုတ်သင်ခဲ့ပေသည်။

အကြောင်းရှိရပေမည်။ မည်သို့သောအကြောင်းနည်း။

ကျင်းစီးပုအား မန်ချူးသူလျှိုဟုဖော်ထုတ်ပြီးမှ သုတ်သင်ခြင်းသည် ကျင်းစီးပုထက် အရေးပါသောမန်ချူးသူလျှိုကို ဖုံးကွယ်လို၍လော။

ကျင်းစီးပုသည်သာ သူလျှိုဖြစ်သည်ဆိုပါစို့။ မန်ချူးများအတွက် အဓိကသူလျှိုသည် မည်သူပေနည်း။

ရှုစန်းလျှံတွေးရင်း အချက်တစ်ခုကို သတိရလိုက်သည်။ သူ သတင်းတစ်ခုရထားသည်မဟုတ်ပါလော။



မန်ချူးအတွက် လုပ်ပေးနေသည့် အဓိကသူလျှိုနှစ်ဦး ရှိနေသည်ဟူသည့် သတင်းပေတည်း။

ယခု ကျင်းစီးပုအား ဖော်ထုတ်နိုင်ခဲ့လေပြီ။ ကျင်းစီးပုသည် တရုတ်ပြည်တွင် ထိပ်တန်းစစ်ရေးအကြံပေးဖြစ်နေပေသည်။

နောက်တစ်ဦးကား မည်သူနည်း။

ရှုစန်းလျှံသည် ထိုကိစ္စကိုဖော်ထုတ်ရန် ရေဆုံးရေဖျားလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်လခန့်ကြာသောအခါ လွှေဟန်သည် ကျင်းစီးပုအား ဖော်ထုတ်ပေးခဲ့ခြင်း၊ သုတ်သင်ခဲ့ခြင်းတို့ကြောင့် နန်းတော်ထဲအထိ ဝင်ထွက်သွားလာခွင့် ရရှိလာသည်။

တရုတ်နန်းတော်အသိုင်းအဝိုင်းတွင် ဝင်ဆံ့သူတစ်ယောက်ဖြစ်လာသည်။

ကိုယ်ရံတော်တပ်ဖွဲ့ရှိ တပ်မှူးများနှင့်လည်း ရင်းနှီးခင်မင်မှု ရရှိသည်။

လွှေဟန်သည် အပေါင်းအသင်း ဆက်ဆံရေးကောင်းသူ စစ်ရေးပရိယာယ်ကျွမ်းကျင်သူ၊ ထိုနည်းဗျူဟာများကိုလည်း တရုတ်တို့နှင့် အံဝင်ခွင်ကျချပေးတတ်သူ။

နန်းတော်အတွင်း၌ သူ့အား ယုံကြည်လေးစားမှုကို တစ်စတစ်စ တူထောင်လာနိုင်တော့သည်။

ထို့ကြောင့် ရှုစန်းလျှံသည် မွန်ဂိုနိုင်ငံအထိ သွားရောက်စုံ

www.burmeseclassic.com

www.burmeseclassic.com



စမ်းခဲ့သည်။

မကြာမီ သူရလာသောအချက်မှာ သူ့အတွက် လွန်စွာ တန်ဖိုး ရှိပေသည်။

မွန်ဂိုနိုင်ငံအတွင်း၌ သူနှင့်အလွန်ခင်မင်ရင်းနှီးသော သူများရှိနေသဖြင့် ဤသို့စုံစမ်းနိုင်ခြင်းဖြစ်ပေ၏။

လွှေဟန်နှင့်ကျင်းစီးပုတို့သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်က မန်ချူးဘုရင်ထံတွင် သံတမန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်ဆိုသည့် အချက်ကိုတည်း။

နောက်ဆုံး သူတွေ့ရသည့်အချက်မှာ လွှေဟန်ကိုယ်တိုင် မန်ချူးသူလျှို ဖြစ်နေသည်ဆိုသောအချက်ပင်။

သူသည် မွန်ဂိုနိုင်ငံမှ တရုတ်နိုင်ငံသို့ ပြန်လာခဲ့၏။

လွှေဟန်၏လုပ်ဆောင်ချက်များကို မျက်စိဒေါက်ထောက်ပြီး ကြည့်ရှုလေတော့သည်။

လွှေဟန်၏လှုပ်ရှားမှုများမှာ ကြည့်ရင်းကြည့်ရင်း မန်ချူးသူလျှိုဖြစ်ကြောင်း ရှုစန်းလျှံ၏အမြင်တွင် ပီပြင်လာတော့သည်။

လွှေဟန်ကား သူ့အား မျက်စိထောက်ကြည့်သူမရှိဟုထင်ထားသဖြင့် စိတ်လွတ်လက်လွတ်လှုပ်ရှားနေပေသည်။ သူ လှုပ်ရှားရဲသည်ပေါ့။

မကြာမီကာလကလည်း သူသည် ကျင်းစီးပုအား ဖော်ထုတ်သတ်ဖြတ်ထားသည် မဟုတ်ပါလော။



ထို့ကြောင့် မည်သူမျှ သူ့အား မန်ချူးမင်းဆက်သူလျှိုဟု မထင်ရဲကြတော့ပေ။

သို့သော် လွှေဟန်၏မျက်နှာဖုံးကို ခွာချသူ ပေါ်ပေါက်လာခဲ့လေတော့သည်။

ထိုသူကား ရှုစန်းလျှံပင်တည်း။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)
## နန်းဇာတ်ရုပ်

ရှုစန်းလှျံ သက်ပြင်းချလိုက်ပြီး ဆက်ပြောလေသည်။

"လွှဲဟန်ကိုဖော်ထုတ်ခဲ့တာ ကျုပ်ဆိုတာ ဘယ်သူမှမသိကြဘူး။ ကျုပ်ကလဲ လျှို့လျှို့ဝှက်ဝှက် လုပ်ခဲ့တာကိုး"

ရှောက်လီက....

"ဒါပေမယ့် အားလုံးသိနေကြတာပဲဗျာ၊ ခင်ဗျားနာမည်ကြီးပြီး ရာထူးတက်ခဲ့တာမဟုတ်လား၊ ဒီထက် ဘယ်လိုလုပ်လူသိများနိုင်မှာလဲ"

"ဟုတ်တယ်... ကိုယ်ရံတော်တပ်ဖွဲ့မှာ ကျုပ်နဲ့စန်ကျုံးယင်ဟာ နာမည်ကြီးခဲ့ကြတာပဲ... တူတူတက်ခဲ့ကြတာပဲ၊ ကျုပ်တို့ဟာ ပြိုင်ဘက်တွေဖြစ်ခဲ့ကြတယ်၊ တစ်ဂူတည်းနဲ့ခြသေ့်နှစ်ကောင် အောင်းသလို ဖြစ်လာတာပေါ့"



"ဟုတ်တယ်"

"ငါနဲ့စန်ကျုံးယင် ပြိုင်ဘက်ဖြစ်လာတဲ့အခါ စန်ကျုံးယင်ကို ငါ သတိထားရတာပေါ့၊ စန်ကျုံးယင်ဟာ ငါနဲ့ရာထူးလုဘက်ဖြစ်လာတာကိုး၊ အဲဒီမှာတင် ငါဟာ စန်ကျုံးယင်ရဲ့နောက်ကြောင်းရာဇဝင်ကို လိုက်တော့တာပဲ၊ စန်ကျုံးယင် ဆရာကိုတွေ့လာတယ်"

"ဘယ်သူတဲ့လဲ"

"ကွေ့စန်းဝါးတဲ့... မွန်ဂိုတစ်ယောက်ပဲ"

"ဒီနာမည်ကိုကြားဖူးသလိုပဲ"

ရှောက်လီက စဉ်းစဉ်းစားစားပြောလိုက်သည်။

ထိုအခါ ရှုစန်းလှျံက....

"မွန်ဂိုတပ်မှူးကြီးထုစ်ဦးပဲကွ... အခုတော့ ကွယ်လွန်ခဲ့ပါပြီ၊ စန်ကျုံးယင်ဟာ ကွေ့စန်းဝါးရဲ့လက်ရင်းတပည့်ပေါ့"

ကျင်းစုကို့က ဝင်ပြောလာလေသည်။

"ကျွန်မတော့ နားမလည်ဘူး"

ရှုစန်းလှျံက....

"တို့နိုင်ငံက မွန်ဂိုတွေနဲ့ရင်းရင်းနှီးနှီး ဆက်ဆံတယ်မဟုတ်လား၊ အဲဒီအခါမှာ မွန်ဂိုထိပ်တန်းခေါင်းဆောင် ကွေ့စန်းဝါးနဲ့ရင်းနှီးတဲ့အတွက် စန်ကျုံးယင်က နေရာရလာတယ်၊ ကွေ့စန်းဝါးကလည်း စန်ကျုံးယင်အတွက် နေရာရအောင် တတ်နိုင်သလောက် လုပ်ပေးခဲ့တယ်၊ ဒါကြောင့် စန်ကျုံးယင်ဟာ အသက်အငယ်ဆုံး တပ်မှူးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်လာတာပေါ့”

ရှောက်လီက....

“ဆက်ပြောပါ... နည်းနည်းတော့ ပေါ်လာပြီ”

“ကျွန်မတော့ နားကိုမလည်သေးဘူး”

“နောက်တော့ နားလည်လာလိမ့်မယ်... ဆက်ပြောပါ”

“ကွေ့စန်းဝါး သေဆုံးတယ်၊ အများအမြင်မှာတော့ ရိုးရိုးသားသားပဲ သေဆုံးရတာပေါ့၊ ကျုပ်ခွဲကောင်းကောင်းနဲ့ လိုက်လံစုံစမ်းတော့မှ ကွေ့စန်းဝါးဟာ မန်ချူးတွေကို သတင်းရောင်းစားတဲ့သူပဲ၊ ဒါကြောင့် မွန်ဂိုတွေက သုတ်သင်ခဲ့တယ်ဆိုတာ ပေါ်လွင်လာတယ်၊ ဒါပေမယ့် မွန်ဂိုထိပ်ပိုင်းခေါင်းဆောင်တွေဟာ သူတို့အရက်တကွဲ အကျိုးနည်းဖြစ်ရမယ့်ကိစ္စအတွက် ဖုံးဖိထားခဲ့တယ်”

ရှောက်လီက ပြုံးလိုက်ပြီး...

“နည်းနည်းတော့ ပေါ်လာပြီမဟုတ်လား”

ဟူကျန်းစုမှာ နားမလည်နိုင်သေးသဖြင့် ငေးငိုင်နားထောင်နေရသည်။

ရှုစန်းလျုံက....

“အေး... ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ချက်ရှိတယ်”

“ဘာလဲ”

“လွှေဟန်နဲ့ကျင်းစီးပုတို့ဟာ ကွေ့စန်းဝါးရဲ့တပည့်တွေဖြစ်



နေတာပဲ”

“ဟာ... ဟုတ်လား”

“ဟုတ်တယ်”

“ကွေ့စန်းဝါးဟာ မိသေခင်ကတည်းက ပုံစံချပေးထားတယ်ထင်တယ်”

“ငါက ဒီလိုပဲယူဆတယ်”

ကျင်းစုကို့က....

“ကျွန်မသိပြီ... စန်ကျုံးယင်က မန်ချူးသူလျှိုပဲ မဟုတ်လား၊ ကျွန်မ ခုမှသဘောပေါက်တယ်”

ရှောက်လီက....

“မင်းက တည့်တည့်ပြောမှရိပ်မိတာကိုး”

“ဒါတော့ လိမ့်ပတ်မလည်သေးလို့ပေါ့ရှင့်”

ရှုစန်းလျုံက....

“ကျုပ်ကတော့ ဒီလိုမပြောခဲ့ဘူးနော်”

“ဒါပေမယ့် ရှင်ပြောတာက ဒီလိုပါပဲ၊ စန်ကျုံးယင် မန်ချူးသူလျှိုဖြစ်တဲ့သဘောပဲ”

“ငါစုံစမ်းခဲ့တာတွေဟာ သတင်းအချက်အလက်တွေပဲဖြစ်တယ်၊ သက်သေအထောက်အထားတွေတော့ မရှိဘူးကွ၊ အဲဒီတော့ စုံစမ်းခဲ့တာတွေဟာ အလကားဖြစ်နေတာပေါ့ကွာ”

“သက်သေမရှိဘူး ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ငါတို့မှာပိုင်ဆိုင်တဲ့ သက်သေခံချက်ရှိရင် စန်ကျုံးယင် ဒုက္ခရောက်တာကြာလှပြီပေါ့၊ ခုအထိ ဒီကောင်ဒုက္ခမရောက်သေးပါဘူး"

"ခင်ဗျားစုံစမ်းထားတဲ့ မှတ်တမ်းတွေကော"

"ငါစာရွက်စာတမ်း မထားရဲဘူးကွ"

"ဆက်ပြောပါဦးဗျာ"

"ရှေ့ဆက်ပြောစရာတော့ များများစားစား မရှိလှတော့ဘူးကွ၊ ငါအရက်သောက်ပြီး အမှားအယွင်းတစ်ခု လုပ်မိတာနဲ့ ကိုယ်ရဲ့တော်တပ်ဖွဲ့ကနေ ထုတ်ပစ်တာပဲ၊ ငါလွင့်သွားခဲ့ရတာပေါ့"

ကျင်းစုကို က....

"ရှင့်ယူဆချက်အရ ကျွန်မတို့ ဘယ်ကိုလိုက်ရမှန်းတောင် မသိတော့ဘူး၊ စန်ကျုံးယင်ကို သံသယရှိနေတာကတော့ အရင်ကတည်းကပဲ၊ ဒါပေမယ့် ဘယ်ကစပြီး ခြေရာခံလိုက်ရမယ်ဆိုတာ မသိဘူးဖြစ်နေတယ်"

သူမက ညည်းညည်းညူညူ ပြောလိုက်သည်။

"ငါ့အတွက်လဲ အလကားပဲလေ... ဪ... ဒါထက် မင်းတို့စိတ်ဝင်စားမယ့်သတင်းတစ်ခုကိုတော့ ပြောလိုက်မယ်"

ရှုစန်းလျှံက ပြောလေသည်။

ရှောက်လီက....

"ဘာများလဲဗျ"



"စန်ကျုံးယင်ကို သူ့ရဲ့တပ်မှူးတော်တော်များများက မလှန်ရဲကြဘူး၊ သူတို့ရဲ့အတွင်းရေးကို စန်ကျုံးယင်က ပြုစုမှတ်တမ်းတင်ထားတယ် မဟုတ်လား"

"ဒါဟာ သူ့အကျင့်ပဲဗျ၊ အားလုံးကို မှတ်တမ်းတင်ထားတယ်"

"ဟာ... သတိရပြီ၊ သူက ငှက်စုဆောင်းတာကို ဝါသနာကြီးတယ်ကွ"

"အဲဒါက လူတစ်ကိုယ် ဝါသနာတစ်မျိုးဗျ၊ သူ့ဆီမှာ ရှားပါးတဲ့ငှက်တွေ တော်တော်များများ ရှိထားတယ်"

ရှုစန်းလျှံက အရေးမကြီးသည့်အချက်ကို ပြောပြနေသည့်ပုံသဏ္ဌာန်မျိုးဖြင့် ပြောပြနေသည်။

"အေး... သူဟာတစ်နှစ်တစ်ခါ နှစ်ခါလောက်တော့ သူ့လိုပဲ ငှက်ဝါသနာကြီးတဲ့သူဆီကို သွားလေ့ရှိတယ်"

ရှောက်လီက စိတ်ဝင်စားလာသည်။ ဝါသနာတူသည့် ပုဂ္ဂိုလ်နှစ်ဦးဖြစ်လာပြီ မဟုတ်လား။

ထိုပုဂ္ဂိုလ်သည် အရေးကြီးသောပုဂ္ဂိုလ်ဖြစ်နေလျှင် သတိပြုရမည့်အချက်ဖြစ်၏။

ရှုစန်းလျှံက....

"သူသွားတဲ့နှစ်တွေကို ကျုပ်သတိထားပြီး ကြည့်တယ်၊ မသင်္ကာစရာအချက်တစ်ခု တွေ့ရတော့တာပဲ၊ သူသွားပြီး မကြာခင်

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကျုပ်တို့ရဲ့စစ်ဆင်ရေးတွေ အမြဲရပ်ဆိုင်းခဲ့ရတယ်၊ မန်ချူးတွေက အမြဲရိပ်စားမိသွားတာချည်းပဲ"

ရှောက်လီက....

"ခင်ဗျားရဲ့ ထင်မြင်ယူဆချက်ပဲလား"

"စစ်ဆင်ရေးတွေ ရပ်ဆိုင်းထားတာကတော့ ထင်မြင်ယူဆချက် မဟုတ်ဘူးလေ၊ တကယ်ရပ်တာကွ... ငါ့ထင်မြင်ချက်ဆိုတာ..."

"ကျွန်တော် သဘောပေါက်ပြီ"

"သူသွားတဲ့နေရာကို မင်းတို့သိရင် ဒီ့ထက် ပိုအံ့သြမယ်"

"ဘယ်သူ့ဆီကို သွားသလဲဗျာ"

"ကွေ့ထင်းပု"

"သူက ဘယ်သူလဲ"

"သူက ဘယ်သူလဲဆိုတော့ ကွေ့စန်းဝါးရဲ့သားလေ၊ သူဟာ ကျုပ်တို့တရုတ်ပြည်ထဲမှာနေတာ ကြာလှပြီ၊ ယီကျွန်းမြို့ပြင်ကရဲ တိုက်မှာ နေတယ်"

ရှောက်လီမှာ ထခုန်မတတ်ဖြစ်သွားရသည်။

ကျင်းစုကို သက်ပြင်းချလိုက်ပြီး....

"မယုံကြည်နိုင်လောက်အောင် တိုက်ဆိုင်မှုများနေပါလား။ ကျွန်မတို့သူလျှိုလောကမှာတော့ ဘယ်တိုက်ဆိုင်မှုကိုမှ လက်မခံဘူး။ ကွေ့စန်းဝါးဟာ မန်ချူးသူလျှိုဖြစ်နေတယ်၊ သူ့တပည့်သုံးယောက်ထဲမှာ နှစ်ယောက်ဟာ မန်ချူးသူလျှိုဖြစ်နေတယ်၊ ဒီတော့ စန်ကျူးယင်



ဟာလဲ မန်ချူးသူလျှိုဖြစ်နိုင်တာပေါ့"

"ဟား... ဟား... ဟား မင်းက အောက်ခြေကိုထင်မြင်တာကိုး၊ အပေါ်ပိုင်းကကော မဖောက်ပြန်ဘူးလို့ ပြောနိုင်လို့လား၊ ကွေ့စန်းဝါးရဲ့သားဟာ ဖခင်သေဆုံးပြီးတဲ့နောက် ဖခင်ရဲ့အရိုက်အရာကိုမဆက်ခံဘူးလို့ ပြောနိုင်သလား"

ရှောက်လီက သက်ပြင်းချရင်း ပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့ယူဆချက်တွေ ဖြစ်နေတာပဲ... အားလုံးယူဆချက်တွေချည်းပဲ မဟုတ်လား"

ရှုစန်းလျှံက....

"ငါသာ ကိုယ်ရံတော်တပ်ဖွဲ့ထဲကမထွက်ရရင် ဒီအကြောင်းတွေကို လိုက်စုံစမ်းပါတယ်ကွာ၊ အခုတော့ ဘာမှမတတ်နိုင်တော့ဘူး"

ရှောက်လီက ပြောလိုက်သည်။

"ခင်ဗျား ဆက်လုပ်သင့်တယ်ဗျာ"

ရှုစန်းလျှံက အဝေးသို့ငေးကြည့်နေသည်။

ပြီးမှ....

"တစ်ချိန်ချိန်မှာ ကျုပ်အစား ဆက်လုပ်မယ့်သူပေါ်လာလိမ့်မယ်ဆိုတာ ငါ သိနေပါတယ်၊ ဒါ့ထက် မင်းကကော ဘာကြောင့်သူ့ ကိုဆန့်ကျင်ရတာလဲ"

ရှောက်လီသည် မွှန်ဂိုသုံးဦးကိုသတိမိပုံ။ ထို့နောက် သူ့အား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သတ်ပုံ၊ တစ်ပြေးတည်း ပြေးနေရပုံတို့ကိုပြောပြလိုက်သည်။

ရှူစန်းလျှံ အတန်ကြာ ငိုင်သွား၏။

"အေး... ဒီလိုဆိုရင် ခုက္ကပဲ၊ မင်းတို့သွားရင် ကျုပ်ကိုပါ ခေါ်သွားကြပါ"

ဟူကျန်းစုက ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး"

ရှူစန်းလျှံက စိုးရိမ်စွာ ပြောသည်။

"မင်းတို့ ကျုပ်ဆီလာစုံစမ်းတာသိရင် သူ ကျုပ်ဆီရောက်လာတော့မှာပဲ"

ရှောက်လီက ဝင်ပြောလိုက်သည်။

"မပူပါနဲ့ဗျာ... သူ မသိနိုင်ပါဘူး"

"မင်းတို့ မသိဘူးကွ... ဒါမျိုးကစပြီး စာရင်းပေါ်လာတာပဲ၊ ဘယ်သူ့ဆီ လိုက်ရမလဲဆိုတာ ပေါ်လာတာပဲ"

"သူ မလိုက်နိုင်ပါဘူးဗျာ"

"အေး... အခုတော့ သူ လိုက်မလာပါစေနဲ့လို့ဆုတောင်းရတော့မှာပဲ၊ မင်းတို့ ငါ့ကိုမခေါ်သွားနိုင်ရင် ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာကတိလဲ"

"စန်ကျူးယင်အကြောင်းကို လိုက်တဲ့အခါမှာ ကျုပ်ကိုယ်စား ရေဆုံးရေဖျား လိုက်မယ်ဆိုတဲ့ကတိပါ"



ရှောက်လီက ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ... ဒီကတိကိုတောင်းစရာတောင် မလိုပါဘူး၊ ကျုပ်က ရေဆုံးရေဖျားလိုက်ဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"ငါ့ရဲ့ယူဆချက်တွေဟာ အများဆုံး မှန်ကန်မှုရှိတယ်လို့ ငါ ယုံကြည်တယ်၊ ဒါကြောင့် မင်းတို့ စလိုက်မယ်ဆိုရင် ကွေ့ထင်းပုဆီကို အရင်စလိုက်ပေတော့"

ရှူစန်းလျှံ နောက်ဆုံးပြောပြလိုက်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၉)
## အောင်မြင်စွာထွက်ခွာသွားသူ

ရှူစန်းလျှံသည် အရက်အိုးပိုက်ကာ ထုံးစံအတိုင်း အိမ်သို့ ပြန်လာခဲ့လေသည်။

အရက်သည် ဆင်ခြင်တုံတရားနှင့် အသိတရားတို့ကို လွှင့်ပစ်ခဲ့ပြီးဖြစ်သည်။

သူ အိမ်ပေါ်သို့တက်လိုက်သည်။ ထိုခဏတွင် အိမ်တွင်းမှ ဝင်းခနဲဖြစ်သွားပြီး တစ်အိမ်လုံး မီးလင်းသွားသည်ကိုတွေ့လိုက်သည်။

ရှူစန်းလျှံ ထိတ်လန့်သွားသည်။ မူးနေသော်လည်း သူ့ခြေလှမ်းကို ပြန်လှည့်ရန်တော့ သိသည်။

သို့သော် အိမ်တွင်းမှလူ၏လှုပ်ရှားမှုက ထက်မြက်၏။

ချက်ချင်းပင် ထိုလူ၏ဓားသည် သူ့လည်သို့ထောက်ထားပြီး



ဖြစ်နေတော့သည်။

ရှူစန်းလျှံသည် ထိုလူ၏မျက်နှာကိုမီးရောင်တွင် တွေ့လိုက်ရသည်နှင့် တစ်ကိုယ်လုံး အေးစက်သွားသည်။ အဘယ်ကြောင့်နည်း။

ထိုလူသည် စန်ကျုံးယင်၏ပထမဆုံးတပည့် ချီရှောင်ဖြစ်နေသောကြောင့်တည်း။ ထိုလူကို သူကောင်းစွာ မှတ်မိပေသည်။

ရှူစန်းလျှံက မသိဟန်ဆောင်ပြီး....

"ချမ်းသာပေးပါဗျာ... ကျုပ်မှာ ဘာအစွမ်းအစမှမရှိပါဘူး"

သူက ချီရှောင်အား သူခိုးဓားပြတစ်ဦးသဖွယ် တောင်းပန်၏။

ချီရှောင်က....

"ရှူစန်းလျှံ ခင်ဗျား မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိပါတယ်"

"မင်း ဘယ်သူလဲ... ဘာလို့ မင်းကိုသိရမှာလဲ၊ မင်းကကော ငါ့ကိုဘာလို့သိနေရတာလဲ"

"ခင်ဗျားအရက်သမားဆိုပေမယ့် ဒီလောက် မှတ်ဉာဏ်မဆိုးသေးပါဘူး၊ ကျုပ်ဆရာက ခင်ဗျားကိုအလိုရှိနေတာ၊ အဲဒါ ခင်ဗျား နောက်ဆုံးသိသင့်တဲ့သတင်းပဲ"

ရှူစန်းလျှံသည် ထိုအခါကျမှ မှတ်မိသွားဟန်ဖြင့်....

"မင်း... မင်း ဟုတ်ပြီ ဟုတ်ပြီ၊ မင်းကို ငါမှတ်မိပြီ၊ မင်း ဆရာစန်ကျုံးယင်က ဘာကိုလိုချင်တာလဲ၊ ငါအသက်ကြီးပါပြီကွာ၊ ဓား

www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ မကိုင်နိုင်တော့ဘူး”

ချီရှောင်က....

“ခင်ဗျား ဘယ်လောက်ပေါ့လျော့နေတယ်ဆိုတာ ကျုပ်တွေ့ရတာပဲ၊ အခုလက်တွေ့ပဲ မဟုတ်လား”

ရှုစန်းလျှံက ပြောလိုက်သည်။

“ဒီလောက်ပေါ့လျော့နေတဲ့ လူကို ဘာအသုံးပြုသင့်တော့မှာလဲ၊ ငါ့ကို အခုဘယ်ခေါ်မှာလဲ”

ထိုစဉ် ချင်းရှောင် အိမ်ထဲသို့ဝင်လာပြီးပြောသည်။

“မြင်းရထား ရောက်နေပြီ”

ချီရှောင်က ရှုစန်းလျှံဘက်သို့လှည့်၍ ပြောလိုက်သည်။

“ကဲ... ကျုပ်တို့နဲ့အေးအေးသက်သက် လိုက်ခဲ့တော့၊ ကလန်ကဆန်တော့ လုပ်မယ်မကြံနဲ့”

ရှုစန်းလျှံ မတတ်သာတော့ပါ။ ချီရှောင်၏နောက်မှလိုက်သွားရပါတော့သည်။

ရှုစန်းလျှံ မြင်းရထားပေါ် လှမ်းတက်လိုက်၏။ သူတက်ပြီးသည်နှင့် မြင်းရထားသည် စတင်ထွက်တော့သည်။

ထွက်သည်နှင့်တစ်ပြိုင်နက်တည်း သူနှင့်အတူ မြင်းရထားပေါ်၌ လူတစ်ယောက်ရှိနေသည်ကို ရှုစန်းလျှံသိလိုက်တော့သည်။

မကြာမီ မီးအိမ်တစ်ခုကို မြင်းရထားအတွင်း၌ ထွန်းညှိလိုက်၏။



ထိုအခါ အလင်းရောင်သည် မြင်းရထားအတွင်း လင်းထိန်သွားတော့သည်။

ထိုအလင်းရောင်ဖြင့် မြင်းရထားတွင်းရှိနှင့်သူကို တွေ့လိုက်သည်။ သူ ရင်တထိတ်ထိတ်ခုန်သွားသည်။

“စန်ကျုံးယင်”

သူနှုတ်မှ လွှတ်ခနဲ ရေရွတ်သွားမိလေသည်။ မှန်ပါသည်။

မြင်းရထားတွင်း၌ထိုင်နေသူမှာ စန်ကျုံးယင်ပင်ဖြစ်ပါတော့သည်။ စန်ကျုံးယင်က ခပ်ဖြည်းဖြည်းပြောသည်။

“ကျုပ်တို့မတွေ့ရတောင် အတော်ကြာနေပြီနော်”

ရှုစန်းလျှံက....

“ကျုပ်ကမတွေ့ရတာ ပိုပြီးကြိုက်ပါတယ်”

စန်ကျုံးယင်က ရယ်မောလိုက်သည်။

“ဘာလဲ... ခင်ဗျားက ကျုပ်ကိုအာဃာတ ထားနေတုန်းလား”

ရှုစန်းလျှံ ခေါင်းခါလိုက်သည်။

“ကျုပ်ဘဝမှာ ဘယ်အာဃာတမှ မရှိတော့ပါဘူး”

သူ ညာပြောလိုက်သည်။ မညာ၍လည်း မဖြစ်ပါ။

စန်ကျုံး ယင်အပေါ် အာဃာတရှိသည်ဟုပြောလျှင် အသက်နှင့်ကိုယ် အိုးစားကွဲသွားပေလိမ့်မည်။

“ခင်ဗျား အခုတလော အရက်ကိုမနားတမ်းသောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လျှော့ဖို့ကောင်းပြီဗျ"

"အရက်မသောက်လို့ ဘာသာက်ရမှာလဲဗျာ၊ ကျုပ်ဘာမှမသောက်ဘဲ သေရမှာကို ထိုင်မစောင့်နိုင်ဘူးဗျာ၊ အရက်များများသောက်ပြီး သေရတာကိုထိုင်စောင့်နေရတာ သိပ်အရသာရှိတယ်ဗျ"

"ခင်ဗျားအရည်အချင်း ဒီလောက်မညံ့ပါဘူးဗျာ၊ ခင်ဗျားသာ အလုပ်လုပ်မယ်ဆိုရင် လုပ်စရာတွေ အများကြီးပါ"

ရှူစန်းလျှံက....

"ကောင်းပါ့ဗျာ... ဒါပေမယ့် ကျုပ်ကိုအလုပ်ပေးဖို့ခေါ်တာမျိုးတော့ ကျုပ်မကြိုက်ဘူးဗျာ၊ ပြီးတော့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောဖို့အတွက်လဲ အခုလိုက်လာခဲ့မှာမဟုတ်ဘူး"

စန်ကျိုးယင်က....

"ဟုတ်ပါတယ်"

ရှူစန်းလျှံက ပြောလိုက်သည်။

"ခင်ဗျားအတွက် ကျုပ် အလုပ်လုပ်ပေးမှာ မဟုတ်ဘူးဆိုတာလဲ ခင်ဗျားသိပါတယ်"

စန်ကျိုးယင် ခေါင်းညိတ်လိုက်သည်။

"သိတယ်...ဒါပေမယ့် မေးစရာကလေး တစ်ခုနှစ်ခုလောက်ရှိနေလို့ ခင်ဗျားကိုခေါ်တွေ့တာပါ"

"ကျုပ်ဖြေမှာမဟုတ်ဘူး"

"ခုထက်ထိ ကျုပ်မေးရင် မဖြေသေးတဲ့လူမရှိပါဘူး"



"ဟား... ဟား... ဟား၊ ကျုပ်နဲ့ခင်ဗျားနဲ့ဟာ လုပ်ဖော်ကိုင်ဖက်ပါ၊ ခင်ဗျား ဒီလိုခြိမ်းခြောက်လို့မရဘူးဗျ"

"တကယ်လို့ ခင်ဗျားသာ ကျုပ်မေးတာကိုဖြေရင် ဒုက္ခမပေးပါဘူးဗျာ"

ရှူစန်းလျှံ သက်ပြင်းချလိုက်၏။

သူသည် သိုင်းပညာမလေ့ကျင့်ဘဲ အရက်ဌနှစ်မြုပ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

စန်ကျိုးယင်ကို ခုနှင့်လွယ်ရန်မဆိုထားနှင့် လက်နှင့်ပင်မရွယ်နိုင်တော့ပေ။

စန်ကျိုးယင်အား တိုက်ခိုက်ပါက အချည်းအနှီးသာဖြစ်မည်ကို သူကောင်းစွာ သိပေသည်။

ထို့ကြောင့် အံကြိတ်ကာ မြင်းရထားအပြင်ဘက်သို့ကြည့်လိုက်၏။

ပတ်ဝန်းကျင်မှ မည်းမည်းအရိပ်များသည် တရိပ်ရိပ်ဖြင့်ကျန်ခဲ့လေသည်။ မြင်းရထားမှာမူ အရှိန်ပြင်းစွာ မောင်းနှင်နေသည်။

စန်ကျိုးယင်က....

"ရှောက်လီနှင့်ဟူကျန်းစု ဘယ်မှာလဲ"

သူ စတင်မေးလေပြီ။

ရှူစန်းလျှံက....

"သူတို့က ခင်ဗျားရဲ့လူတွေပဲ... သူတို့ရှိတဲ့နေရာကို ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်သိမှာလဲ၊ သူတို့သွားရာကို ခင်ဗျားမသိရင် ဘယ်သူကမှ မသိနိုင်ဘူး"

စန်ကျုံးယင်က ဇွေ့ရှုံပြောလိုက်သည်။

"ခင်ဗျား ပြဿနာရှာတာပဲ"

ရှူစန်းလျို့က....

"တကယ်လို့ သူတို့ ကျုပ်ဆီလာရင်တောင်မှ ခင်ဗျားကို ထုတ်ပြောမှာ မဟုတ်ဘူးဆိုတာ ခင်ဗျားသိရဲ့လား"

"ဒါဆို ခင်ဗျားနှိပ်စက်ခံပြီးမှ ထုတ်ပြောမယ်ပေါ့"

"ခင်ဗျားက ဘာကြောင့် ကျုပ်ဆီလာမယ်ဆိုတာ သိနေရတာလဲ"

"ကျုပ် တွေးကြည့်တာပါ၊ သူတို့သွားတွေ့နိုင်တဲ့လူက သုံးယောက်လေးယောက်ပဲရှိတယ်၊ အခု ခင်ဗျားပဲ ကျန်တော့တယ်၊ ဒီအိမ်ကနေ ဧည့်သည်တွေထွက်သွားတယ်ဆိုတာ ပတ်ဝန်းကျင် တချို့အိမ်တွေက သိနေတယ်၊ ပတ်ဝန်းကျင်ဆိုတာ အင်မတန် စပ်စုတတ်တယ်"

"ကျုပ်က မင်းကိုပြောဖို့ ခုထိမစဉ်းစားရသေးဘူး"

"ကျုပ်ကလဲ တွေးထားပြီးသားပါ၊ ခင်ဗျားဟာ ထောက်လှမ်းရေးအဖွဲ့ကလာတာဆိုတော့ နည်းနည်းခေါင်းမာမယ်ဆိုတာ ကျုပ် သိပါတယ်၊ အဲ... တစ်နည်းလဲ တွေးကြည့်ဖို့ကောင်းပါတယ်"

"ဘာတွေးကြည့်ရမှာလဲ"



"ထောက်လှမ်းရေးတပ်ဖွဲ့ကဆိုတော့ ခင်ဗျားကိုစစ်ဆေးနိုင်တဲ့ နည်းပေါင်းများစွာ ရှိနေတယ်ဆိုတာကို ခင်ဗျားသိနိုင်တာပေါ့၊ နည်းမျိုးစုံနဲ့စစ်ဆေးမှာပဲ၊ အဲဒီအခါမှာ ခင်ဗျားလိုယစ်ထုပ်ဖြစ်နေတဲ့ လူဟာ ကြာရှည်ခံနိုင်မှာလဲ မဟုတ်ဘူး၊ ရှိသေးသမျှ မူးယစ်ဆေးဝါးတွေ ကျွေးပြီးသိချင်တာမေးနိုင်တယ်... အဲဒီနည်းလဲ တော်တော်အောင်မြင်တာပဲ"

ရှူစန်းလျို့မှာ ရင်ထိတ်သွားရလေသည်။ သူကိုယ်တိုင်နှိပ်စက်ဖူးသဖြင့် နှိပ်စက်သည့်နည်းများကို သူ သိနေသည်။

ထိုနည်းများနှင့်စစ်မေးလျှင် သူသည် အသေခံကာ မပြောဟု ငြင်းပယ်မည်သာဖြစ်၏။

သို့သော် မူးယစ်ဆေးဝါးတိုက်ကျွေးပြီး သမားတော်နှင့်မေးမြန်းမည်ဆိုသောအခါ သူမပြောဟု တင်းခံငြင်းပယ်နိုင်မည် မဟုတ်ချေ။

ထိုစစ်မေးမည်ကို သူရှိစဉ်က စမ်းသပ်စစ်ဆေးဆဲသာရှိသည်။ မအောင်မြင်သေးပါ။

ယခုအောင်မြင်နေပြီဟု ယူဆရသည်။ ရှူစန်းလျို့ အံကြိတ်လိုက်သည်။

သူသည် စန်ကျုံးယင်ကို တစ်ကြိမ်က ရှုံးနိမ့်ခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်တွင် အရှုံးမပေးနိုင်တော့ပေ။

ထို့ပြင် ရောက်လီတို့၏လမ်းကြောင်းကို ကူညီခြင်းဖြင့် စန်

www.burmeseclassic.com

www.burmeseclassic.com



ကျူးယင် ရှုံးနိမ့်အောင် လုပ်နိုင်ပေသေးသည်။

စန်ကျူးယင်အား အလျှော့ပေးမည် မပေးမည်ဆိုသည့်ကိစ္စကို ချက်ချင်းဆုံးဖြတ်ရပေမည်။

စန်ကျူးယင်အား စည်းသည့်အသာရမှုကိုမျှ မပေးနိုင်ပါ။

သူသည် သက်ပြင်းချလိုက်တော့သည်။ သူ ရှည့်ကြည့်လိုက်၏။

စန်ကျူးယင် သူ့အား အကဲခတ်နေသည်ကို တွေ့လိုက်ရသည်။

ရှူစန်းလျှံက....

"ကျုပ်မပြောလို့ မရဘူးလား"

"စစ်ဆေးတဲ့နည်းတွေ ကျုပ်တို့ဆီမှာ အများကြီးရှိတာပဲ၊ ခင်ဗျားလဲ သိသားပဲ၊ စမ်းချင်လဲ စမ်းကြည့်ဦးပေါ့လေ"

"ဘာကိုပြောရမှာလဲ"

"ရောက်လီ ဘယ်မှာလဲ... ခင်ဗျား သူ့ကိုဘာတွေပြောလိုက်သလဲ၊ ခင်ဗျားဟာ ကျုပ်အကြောင်းကို အတော်သိထားတယ်ဆိုတာ ကျုပ်သိတယ်၊ အခြားသူတွေထက် ခင်ဗျား ကျုပ်အကြောင်းကိုသိထားတယ်"

"ဒါဆို ခင်ဗျားက ကျုပ်ကိုသတ်တော့မှာပဲ"

"ကျုပ်မသတ်ပါဘူးလို့ ကတိပေးပါတယ်၊ ဒါပေမယ့် မင်းရဲ့ ပါးစပ်ကိုတော့ တစ်နည်းနည်းနဲ့ ပိတ်ထားရမှာပဲ"



ရှူစန်းလျှံက သက်ပြင်းချလိုက်၏။

"ဘယ်နည်းနဲ့မှ ကျုပ်ကိုသတ်မှာမဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်"

စန်ကျူးယင် ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားဘာသာ ဖွင့်ပြောရင်တော့ အနည်းအကျဉ်း သက်သာစရာရှိတာပေါ့၊ ကျုပ်တို့ဆီမှာရှိတဲ့နည်းတွေက မကောင်းဘူးလေ"

ရှူစန်းလျှံသည် စိတ်ထဲမှကျိတ်၍ ကျိန်ဆဲလိုက်သည်။

"မင်းနိုင်တုန်းတော့ လုပ်ထားဦးပေါ့လေ"

သူသည် စန်ကျူးယင် ချောက်ချားသွားအောင် လုပ်ကြည့်ချင်သည်။

သူသည် စကားဖြင့် ချောက်ချားအောင် လုပ်ကြည့်ရဦးတော့မည်။ ရှူစန်းလျှံ စကားစပြောလေပြီ။

"ရောက်လီ လာသွားပါတယ်"

စန်ကျူးယင် တက်ကြွသွားသည်။

"သူ ဘာတွေလာမေးသွားသလဲ"

"အစုံပဲ"

"ဘာအစုံလဲ... ခင်ဗျားက သူမေးသမျှကိုပြန်ဖြေတာပဲလား"

"ဖြေရတာပေါ့... အဓိက သူမေးတာ တစ်ချက်ရှိတယ်"

"ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ ဘယ်သူ့အတွက် အလုပ်လုပ်ပေးနေတာလဲလို့ လာမေးတာမဲ"

စန်ကျုံးယင် အကြီးအကျယ် မျက်နှာပျက်သွား၏။ ထို့နောက် ချက်ချင်းကျွေ့ဆည်၏။

ရှူစန်းလျှံ ဝမ်းသာသည်။ စန်ကျုံးယင် ချောက်ချားသွားပြီ။ ဤသည်မှာ သူမျှော်စရာ ဖြစ်သည်။

ထို့ကြောင့် ရှူစန်းလျှံ တဟားဟား ရယ်မောလိုက်တော့သည်။ စန်ကျုံးယင် ဒေါသထွက်သွားသည်။

"တိတ်စမ်း"

"ဟား... ဟား... ဟား"

ရှူစန်းလျှံက သူရယ်မောခြင်းကိုမှု မရပ်ပါချေ။ တဟားဟား ရယ်နေဆဲပါ။

စန်ကျုံးယင် လက်ပြန်တစ်ချက် ရိုက်လိုက်၏။ ရှူစန်းလျှံ အရယ်ရပ်သွားပြီး နောက်သို့ယိုင်လဲကျသွားသည်။

ထို့နောက် ရှူစန်းလျှံ ပြန်ထလာကာ ရယ်ပြန်သည်။

"ဟား... ဟား... ဟား"

"ခင်ဗျားတိတ်ဆိုတာ မကြားဘူးလား"

ရှူစန်းလျှံက....

"ဟား... ဟား... ဟား... ခင်ဗျားက တိတ်ဆိုတဲ့အတိုင်း ကျုပ်က တိတ်ရမှာလား"



စန်ကျုံးယင်က....

"သူတို့ ဘယ်လောက်သိနေပြီလဲ"

"ဟား... ဟား... ဟား၊ ခင်ဗျားကို သူတို့သုတ်သင်ပစ်တဲ့အထိ မမြင်ရတာ နာတာပဲ"

"အခု ဘယ်မှာလဲ"

ရှူစန်းလျှံ ရယ်မောရင်း တွက်ဆနေ၏။ သူ အလကား ရယ်မောနေခြင်းမဟုတ်ပါ။ တစ်စုံတစ်ခုပြုလုပ်ရန် တွက်ချက်နေခြင်းသာ ဖြစ်ပါသည်။

သူ့လှုပ်ရှားမှုသည် ယခင်ကလောက် သွက်လက်ခြင်းမရှိတော့ပါ။

သို့သော် အချိန်အနည်းငယ်ရလျှင် လုံလောက်သည်ဟု ယူဆပါသည်။

"ခင်ဗျားရယ်နေတာကို တိတ်စမ်း၊ ကျုပ်မေးတာကို ဖြေစမ်း"

ရှူစန်းလျှံက ရယ်ရင်းပြောလိုက်သည်။

"ခင်ဗျား သေအောင်မေး... ကျုပ်က မပြောဘူး၊ ခင်ဗျား ကျုပ်ကို မနိုင်တော့ပါဘူးဗျာ"

ရှူစန်းလျှံသည် ပြောပြောဆိုဆို ပြတင်းပေါက်မှဒိုင်းဗင်ထိုးချလိုက်တော့သည်။

စန်ကျုံးယင် ကမန်းကတန်း ဖမ်းဆွဲ၏။ ဖမ်းဆွဲ၍မရတော့

www.burmeseclassic.com

www.burmeseclassic.com



ပါ။

တစ်ကိုယ်လုံး မြင်းရထားအပြင်သို့ရောက်သွားသည်။ သူ့လက်ထဲ၌ ရှူစန်းလျှံ၏ဖိနပ်တစ်ဖက်သာ ကျန်ခဲ့ပါသည်။

ရှူစန်းလျှံ ဤသို့ပြုမူမည်ကို မထင်မိချေ။

"ဟား... ဟား... ဟား"

ရှူစန်းလျှံ၏ရယ်သံသည် လွင့်ပျံ့သွားလေသည်။

"ဟေ့... မြင်းရထားကိုရပ်လိုက်"

စန်ကျုံးယင်၏အော်သံသည် ဟိန်း၍ထွက်လာသည်။ မြင်းရထားသည် တကျွီကျွီမြည်လျက် ရပ်သွား၏။

စန်ကျုံးယင်သည် မြင်းရထားပေါ်မှဆင်းလျက် နောက်ဘက်သို့ပြေးသွားသည်။

ချင်းရှောင်နှင့်ချီရှောင်တို့လည်း အမြန်ပင် ခုန်ဆင်းလိုက်သွားတော့သည်။

မကြာမီ လမ်းဘေးတွင်လဲကျနေသော ရှူစန်းလျှံကိုတွေ့ရလေသည်။

ချင်းရှောင်က ဓားကိုဆွဲထုတ်လိုက်၏။

သို့သော် ဓားကိုဆွဲထုတ်ခြင်းမှာ အပိုပင်ဖြစ်ကြောင်း မကြာမီ တွေ့ရှိရသည်။ ရှူစန်းလျှံမှာ သေဆုံးနေပြီဖြစ်သည်။

သူသည် အရှိန်ပြင်းစွာ ပြေးနေသော မြင်းရထားအတွင်းမှ ခုန်ဆင်းခဲ့သဖြင့် သူသည်ဦးခေါင်းကို ကျောက်တုံးဖြင့်ထိခိုက်မိပြီး



သေဆုံးသွားခဲ့သည်။

ချင်းရှောင်က....

"သူဟာ တကယ်ပဲ အရက်သမားဖြစ်သွားခဲ့တာကိုး"

ချီရှောင်ကလည်း ပြောသည်။

"ဟုတ်တယ်... မြင်းရထားက အရှိန်ပြင်းတာတော့ မှန်တယ်၊ ဒါပေမယ့် မသေသင့်ဘူး"

ချင်းရှောင်က....

"သူ အလေ့အကျင့်ပျက်နေတာတော့ အမှန်ပဲ၊ ဒါပေမယ့် သူ မသေနိုင်ပါဘူး၊ အခုတော့ အရက်ကြောင့် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ သေခဲ့ရတယ်၊ သူသာ အရက်သမားယစ်ထုပ်ကြီးမဟုတ်ရင် သူ့ကိုယ်သူ နည်းနည်းပါးပါးတော့ ထိန်းနိုင်မှာပဲ၊ နည်းနည်းပါးပါး ဒဏ်ရာရရုံလောက်ပဲ ရှိမယ်"

ချင်းရှောင်နှင့်ချီရှောင်တို့သည် အပြန်အလှန် ပြောဆိုနေကြသည်။

စန်ကျုံးယင်က ရှူစန်းလျှံကိုနာကြည်းစွာ ကြည့်နေသည်။ ရှူစန်းလျှံသည် သူ့လက်တွင်းမှ အလွတ်ရုန်းထွက်သွားနိုင်ပြီ မဟုတ်ပါလား။

စန်ကျုံးယင်က....

"[illegible]တာ တစ်ခုမှမဟုတ်ဘူး... သူက ခုန်ချက [illegible]အောင် တမင်ခုန်ချတာ၊ ငါ့ဘေးက ခုန်ချသွား

www.burmeseclassic.com



တာပဲကွ"

ချိုရှောင်က....

"သူ ဒီလိုဆင်းရင် သေသွားမှာပေါ့ဆရာ"

စန်ကျူးယင်က....

"သေအောင် တမင်ခုန်ချသွားတာကွ၊ သူကလွတ်ဖို့ ကြိုးစားတာမဟုတ်ဘူး၊ သေဖို့ကြိုးစားတာ၊ သူ့ကိုယ်သူသေဖို့ ကြိုးစားတာ... အခုတော့ သူ အောင်မြင်သွားတာပေါ့ကွာ"

"ဟာ... ဆရာ ဟုတ်မှဟုတ်...."

စန်ကျူးယင်က ဖြတ်ပြောလိုက်သည်။

"ငါ ဘာမှမမေးလိုက်နိုင်ဘူးလေ... ငါ သူ့ဆီက ဘာမှမသိလိုက်ရဘူး၊ သူက ငါ့ကိုဘာမှပြောမသွားချင်လို့ အသေခံလိုက်တာပဲ"

ချင်းရှောင်နှင့်ချိုရှောင်တို့မှ ပါးစပ်ပိတ်သွားကြရတော့သည်။

(ခုတိယပိုင်း) ပြီး၏။

(တတိယပိုင်း-စာတ်သိမ်း) ဆက်လက်ပတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၀)
## သိမ်းငှက်နှစ်ကောင်

နေလုံးကြီးမှာ တောင်စောင်းထဲတွင် ဝင်လုလုဆဲရှိပေ

နေဝင်ဆည်းဆာချိန်ဖြစ်၍ အမှောင်က လွှမ်းမိုးရန် အားယူ
နေပေပြီ။

ဖျော့တော့သော နေရောင်အောက်တွင် ရဲတိုက်ကြီးတစ်ခု
းတည်းတည်ရှိနေပေသည်။

ထိုရဲတိုက်သည် ယီကျန်းမြို့စွန်တွင် တည်ရှိသောကြောင့်
က်တစ်ခုတည်းသာ ထီးတည်းရှိနေတော့သည်။

ရဲတိုက်၏တောင်ဘက်တွင် သစ်ပင်များထူထပ်သော
ာန်းကလေးမှာ ရဲတိုက်အနောက်ဘက်သို့တိုင်အောင် ကွေ့
ည်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်ကုန်းပေါ်တွင် လူရှိသည်။ လူတစ်ယော

အောင်းပြီး ရဲတိုက်ကိုစောင့်ကြည့်နေသည်။

ထိုလူကား ရောက်လီပင် ဖြစ်ပါတော့သည်။

ရောက်လီသည် နေ့ခင်းကတည်းက ဤတောင်

ရောက်နေသူဖြစ်သည်။

ထိုအချိန်ကာလကတည်းက စောင့်ကြည့်နေခဲ့သည်

ညနေစောင်းတိုင်ဖြစ်၏။

ထိုစဉ် သူ့နောက်ဘက်မှ သစ်ကိုင်းခြောက်နင်း

ကြားလိုက်ရတော့သည်။

ထို့ကြောင့် ရောက်လီ နောက်သို့ကြည့်လိုက်ရာ

ဖြစ်နေသည်ကိုတွေ့လေသည်။

ဟူကျန်းစုသည် ဝပ်တွားပြီးတက်လာသည်။

သူသည် ရောက်လီပုန်းအောင်းစောင့်ကြည့်နေ

နေ့ခင့်အယှက်မဖြစ်စေလိုပါ။ ဟူကျန်းစုက ခေါင်းညိတ်

"ဘယ်လိုလဲ"

ရောက်လီက ခေါင်းညိတ်ပြီး....

"ကျင်းစုကို့တို့ကော ပါတယ်"

မကြာမီ ကျင်းစုကို့က ဝပ်တွားပြီးတက်လာ

"ရဲတိုက်အနောက်ဘက်မှ ဘယ်သူမှမတွေ့ဘူး

ချာ ကြည့်တယ်၊ အရိပ်အယောင် မတွေ့ရဘူး"



"မတွေ့ရတာကောင်းတယ်... ရဲတိုက်အရှေ့ဘက်မှာ အစောင့်နှစ်ယောက်ပဲ ရှိတယ်"

ဟူကျန်းစုက....

"ဘာလဲ အစောင့်နည်းလို့ မင်းက သဘောမကျဘူးလား"

ထိုအခါ ရောက်လီက....

"ငါက ထောင်ချောက်ဖြစ်မှာစိုးရိမ်လို့ပါ"

ဟူကျန်းစုက....

"သားရဲတွင်းထဲကိုမဝင်ရင် ဘယ်ကျားကောင်ကလေးတွေကို တွေ့ရမှာလဲ"

ရောက်လီက....

"ရဲတိုက်တစ်ထပ်တည်းရှိတဲ့ပုံပဲ... တော်တော်နိုင်နိုင်ခန့်ခန့်ရှိတယ်၊ အခန်းကတော့ များမယ့်ပုံပဲ"

ဟူကျန်းစုက သေချာစွာ ပြောလိုက်သည်။

"ဒီလိုရဲတိုက်မျိုးကို တွေ့ဖူးပါတယ်၊ ရဲတိုက်အခန်းတွေဟာ ကြီးကြီးမာမား ကျယ်ကျယ်ပြန့်ပြန့်ရှိတတ်ကြတယ်၊ ဒီလိုပုံစံမျိုးဆောက်တာကျတော့ နည်းတယ်"

ကျင်းစုကို့က....

"ဟုတ်တယ်... အဲဒီလိုပဲ ဆောက်ထားတာပဲ"

ရောက်လီက....

"ကွေ့ထင်းပုဟာ တစ်ကိုယ်တော်သမားလို့သိရတယ်၊တစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်သမားဖြစ်လျက်နဲ့ အစောင့်နည်းတာကို သဘောမကျ…
တစ်ကိုယ်တော်သမားဖြစ်လေ အစောင့်များလေဖြစ်ရမယ်…
လား”

ဟူကျန်းစုက….

“သူ့အတွက် အစောင့်အကြပ်မလိုဘူးလို့ထင်ထားလို့ဖြ…
ပေါ့”

ကျင်းစုကိုက ဝင်ပြောသည်။

“ကျွန်မတို့ ကွေ့ထင်းပုနောက်ကို လိုက်နေတယ်ဆို…
ကျုံးယင် မသိလို့ပါ၊ သိရင် အကာအကွယ်ပေးမှာ အသေအ…
ကျွန်မတို့ရဲ့လမ်းကြောင်းကို စန်ကျုံးယင် လုံးဝမသိသေးတာ…
တယ်”

ရှောက်လီက ပြောလိုက်သည်။

“ညမှောင်တာနဲ့ တို့ဝင်ကြတာပေါ့”

ဟူကျန်းစုက….

“ရှေ့က အစောင့်နှစ်ယောက်ကတော့ ငါတာဝန်…
ငါ ကြည့်ရှင်းလိုက်ပါ့မယ်”

ရှောက်လီက….

“ကောင်းပြီ… ငါအထဲကို အရင်ဆုံးဝင်မယ်”

“ရှင်ဝင်ရင် သတိထားနော်”

ရှောက်လီက ကျင်းစုကိုကိုကြည့်လိုက်သည်။



ကျင်းစုကိုမျက်နှာမှာ ရှက်သွေးလျှမ်းသွားပြီး ခေါင်းငုံ့သွား
၏။

အမှောင်ထုသည် လျင်မြန်စွာ ချဉ်းကပ်လာသည်။ အအေး
…တ်ကလည်း တစ်စထက်တစ်စ ဝင်ရောက်လာသည်။

ရှောက်လီသည် အမှောင်ထဲမှရဲတိုက်ကြီးကို မမှိတ်မသုန်
ကြည့်နေသည်။

သူစိတ်စောနေသော်လည်း စိတ်လိုက်မာန်ပါမလုပ်ပါချေ။

ရဲတိုက်ပတ်လည်တွင် မီးတုတ်အလင်းရောင်များပေါ်လာ
…ပြီး အစောင့်နှစ်ယောက်သည် ကင်းစောင့်နေကြလေသည်။

ရှောက်လီက ဟူကျန်းစုအား ခေါင်းညိတ်ပြလိုက်၏။ ဝင်
…ည်ဆိုသည့်သဘောပင်။

ဟူကျန်းစုသည် ခြံစည်းရိုးအား ကျော်ဝင်လိုက်၏။

သူ ရောက်ရှိနေသည့်နေရာနှင့် ရဲတိုက်အကွာအဝေးကို မှန်း
…လိုက်သည်။

အကွာအဝေးမှာ ကိုက်တစ်ရာခန့်ရှိကြောင်း ခန့်မှန်းလိုက်
…သည်။

ကျင်းစုကိုသည် ဓားပါးကလေးများကို အပြန်အလှန် စစ်
…းနေသည်။

ရှောက်လီက ပြောလိုက်၏။

“ကျုပ်ဝင်မယ်… မင်းနောက်က လိုက်ခဲ့”

www.burmeseclassic.com

www.burmeseclassic.com



သူသည် တောင်ကုန်းပေါ်မှပြေးဆင်းသွားပြီး ခြံ...
ကျော်ဝင်လိုက်သည်။

သူသည် အထဲသို့အောင်မြင်ချောမောစွာ ရော...
သည်။ ကျင်းစုကို့ကလည်း ခုန်ကျော်ဝင်လာသည်။

ညအမှောင်အောက်ဝယ် သူတို့သုံးယောက်စလုံး ...
နက်များဝတ်ဆင်ထားကြသောကြောင့် မည်သည့်အစောင့်...
ကြချေ။

မကြာမီ သူတို့သုံးယောက်စလုံး ရဲတိုက်အခြေသို့...
သွားမိကြ၏။

သူတို့သည် ရန်သူရောက်မလာနိုင်ဟု ယူဆထ...
သည်။ ဟူကျန်းစုသည် လျှပ်တစ်ပြက် ပြေးထွက်သွား၏...

အစောင့်နှစ်ယောက်မှာ အမှောင်ထဲမှပြေးထွက်...
ဟူကျန်းစုကို အံ့အားသင့်ပြီး မှင်သက်ငေးကြည့်နေကြသည်...

သူတို့ဓားထုတ်ရန် သတိရသောအခါန်တွင် ဟူကျ...
သူတို့အနီးသို့ရောက်နေလေပြီ။ ထို့ကြောင့် ဓားပင်မထုတ်...
ပေ။

သူသည် လက်ဝါးဖြင့်အစောင့်တစ်ဦး၏ရင်ဝသို့...
သည်။ အစောင့်သမားများက လက်ကိုကြက်ခြေခတ်လျက်...
သည်။

ဟူကျန်းစု၏လက်ဝါးသည် ရှတ်ချည်းပြောင်း...



အစောင့်၏လက်ကောက်ဝတ်အား လက်ညှိုးဖြင့်ထိုးချလိုက်သည်။

ထိုအခါ အစောင့်မှာ လက်ထုံကျင်သွားပြီး မခုခံနိုင်တော့ချေ။

ဟူကျန်းစုသည် ဘယ်လက်ဝါးစောင်းဖြင့် ရန်သူ၏လည်မျိုသို့ ခုတ်ချလိုက်၏။

"အင့်...."

အစောင့်မှာ အင့်ဟုသာအော်ပြီး လဲကျသွားတော့သည်။

ထိုစဉ် ကျန်အစောင့်တစ်ယောက်က အခွင့်အရေးရပြီဟုယူဆကာ ဟူကျန်းစု၏နောက်ကျောအား လက်သီးဖြင့်ထိုးချလိုက်သည်။

ဟူကျန်းစုသည် ဘေးသို့တစ်ချက်တည်းသာ ရှောင်သည်။ ပြီးမှ လှည့်၍ ခြေထောက်ဖြင့် ကန်လိုက်သည်။

"ဖြောင်း...."

ရန်သူ၏နံရိုးကျိုးသံ ထွက်ပေါ်လာ၏။ ရန်သူမှာ ခွေလဲကျသွားပေပြီ။

"ကိစ္စပြီးပြီလား"

ရှောက်လီရောက်လာပြီး လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ပြီးပြီ"

ဟူကျန်းစု ထိုမျှသာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လီသည် ရဲတိုက်အတွင်းသို့ဝင်သွားတော့သည်။

ရဲတိုက်ဧည့်ခန်းမှာ ကျယ်ဝန်းလှသည်။ စားပွဲကုလား[illegible] ဆယ်လုံးခန့် ရှိသည်။ အကွာအဝေးမှာညီမျှစွာ ချထားလေသည်။

ရောက်လီသည် ရပ်ကြည့်လိုက်သည်။ ရန်သူ၏အ[illegible] ယောင်မျှပင် မတွေ့ရပါ။

ရောက်လီသည် ဓားကို အသံမမြည်အောင် ဆွဲထုတ်[illegible] သည်။

ထို့နောက် သတိဖြင့် ရှေ့ဆက်လှမ်းလေတော့သည်[illegible] ဧည့်ခန်းအား ဖြတ်ကျော်ပြီးသည့်အချိန်အထိ ရန်သူတစ်ဦး[illegible] မတွေ့ရချေ။

စင်္ကြံလမ်းကိုတွေ့ရသောကြောင့် ထိုစင်္ကြံလမ်းအ[illegible] ဆက်လိုက်ခဲ့သည်။

ထိုလမ်းကိုလျှောက်သည့်အခါ ခြေလှမ်းနှစ်[illegible] လျှောက်ပြီးသည်နှင့် ဓားသမားတစ်ယောက်နှင့် တွေ့လိုက်[illegible] သည်။

ရောက်လီအား ရုတ်တရက် တွေ့လိုက်ရသောအခါ [illegible] မားသည် ကြောင်သွားသည်။ ဤရဲတိုက်အတွင်း လူစိမ်းသူ[illegible] မမျှော်လင့်မိခဲ့ပါချေ။

သို့သော် တစ်ခဏတာမျှသာ ဖြစ်၏။ ရောက်လီအား [illegible] ဖြင့် တိုက်ခိုက်လေတော့သည်။



ရန်သူမှာ မှန်ကိုဖြစ်နေသည့်အလျောက် ပြင်းထန်သောဓား[illegible]ချက်များဖြင့် တိုက်ခိုက်၏။

ရောက်လီကတော့ လက်ဓားကွက်များကိုသုံးသည်။ သူက [illegible]သူအား အမြန်ဆုံး သုတ်သင်လိုသည်မဟုတ်ပါလော။

ရောက်လီ၏ဓားသည် အပေါ်သို့ထောင်တက်သွားသည်။ [illegible]အခါ ရန်သူက ကိုယ်တစ်ခြမ်းစောင်းကာ သူ၏ဓားနှင့်ပြန်လည်ဖိချ[illegible]

ရောက်လီ၏ဓားသည် ရုတ်တရက် လမ်းကြောင်းပြောင်းသွားပြီး ရန်သူ၏လက်ကိုင်ကိုရိုက်ချလိုက်သည်။

ရန်သူမှာ ထိတ်လန့်သွားသည်။ သူသည် နောက်ဆုတ်သွား[illegible]

ရန်သူ၏ရင်ဘတ်သို့ ရောက်လီက ဓားကိုထိုးသွင်းလိုက်တော့သည်။

"အင့်...."

ရန်သူဓားသမားသည် မသဲကွဲသောလေသံဖြင့် ညည်းကာ [illegible]သွား၏။

ရောက်လီမှာ ရန်သူကိုကြည့်မနေအားပါ။ သူ့ဓားချက်ကို [illegible]ကောင်းစွာ သိပါသည်။

ရန်သူ၏ဇီဝိန်ကို ကောင်းစွာခြွေလိုက်ပြီဖြစ်ကြောင်း သူသိသည်။ ထို့ကြောင့် ရှေ့သို့ခပ်သွက်သွက် ထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



စကြိုလမ်းအတိုင်းလျှောက်လာရာ အခန်းခြောက်ခန်း

ထားသည်ကို တွေ့ရ၏။

ရောက်လီသည် အခန်းတိုင်းကိုဖွင့်ကြည့်သည်။

အခန်းခြောက်ခန်းစလုံး ခမ်းနားစွာ ပြင်ဆင်ထား

လည်း လူတစ်ယောက်မျှ မတွေ့ရချေ။

ရောက်လီသည် မျက်မှောင်ကုတ်လိုက်သည်။

သူသည် ထိုအခန်းများမှထွက်၍ ဆက်လျှောက်လာ

မကြာမီ ရယ်သံများ ကြားရတော့သည်။

ရောက်လီ သတိရလိုက်သည်။

ကွေ့ထင်းပုသည် စန်ကျူးယင်ကဲ့သို့ငှက်များအား ချစ်

မဟုတ်ပါလော။ ရှားပါးသောငှက်များကို မွေးမြူခြင်းဝါသနာ

မဟုတ်ပါလော။

ထို့ကြောင့် ကွေ့ထင်းပုသည် ငှက်ခန်းထဲတွင် ရှိရ

ရောက်လီသည် ငှက်ခန်းရှိရာသို့ ခပ်သွက်သွက်

လိုက်သည်။

ငှက်များမှာ အမျိုးအစား စုံလင်လှသည်။ ငှက်

ရောင်အသွေးများမှာလည်း ရှုချင်စဖွယ်ဖြစ်နေသည်။

ထိုငှက်များ၏အလယ်တွင် လူတစ်ယောက်ရပ်နေသည်

လူသည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားလေသည်။ သူ

လက်တစ်ဖက် မရှိချေ။



ထိုလူသည် ကွေ့ထင်းပုဖြစ်ကြောင်း ရောက်လီက သိ

ရောက်လီသည် ငှက်ခန်းအတွင်းသို့ တံခါးတွန်းဖွင့်လိုက်

ကွေ့ထင်းပုသည် ရောက်လီအား တွေ့လိုက်ရသောအခါ

အားသင့်သွားသည်။

"မင်း ဘယ်သူလဲ၊ ညှော်သည်ဆိုရင်လဲ ငါ့ကိုအကြောင်းကြား

လာရတယ်၊ မင်းဟာ ညှော်သည်မဟုတ်နိုင်ဘူး"

ရောက်လီက အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျား ငြိမ်ငြိမ်နေပါ၊ ကျုပ် ညှော်သည်မဟုတ်ဘူး"

"ငါ့အစောင့်သုံးယောက်ကော...."

"သူတို့က စားသမားမပီသပါဘူး"

ကွေ့ထင်းပုမှာ မျက်နှာမှောင်မည်းသွား၏။

"ရှိ...."

ကွေ့ထင်းပု လေချွန်လိုက်လေပြီ။

ရုတ်တရက်....

"ဝှီး...."

သိမ်းငှက်ကြီးတစ်ကောင် ရောက်လီအား ဝင်ရောက်တိုက်

လေသည်။

ငှက်ကြီးသည် သူ့အား ထိုးဆိတ်သည်။ သူက ရောင်လိုက်

www.burmeseclassic.com



သောအခါ တစ်ပတ်ပျံဝဲသွားသည်။

ငှက်ကြီးမှာ သုံးပေနီးပါးခန့် ကြီးမားသောကြောင့် ရော
လီမထိမဲ့မြင်မပြုဝံ့ပေ။

ငှက်ကြီးသည် ပျံဝဲရင်း ရောက်လီအား ထိုးဆိတ်တို့
လေသည်။

"ရှမ်း... ရှမ်း"

ရောက်လီက ဓားဖြင့် ဖိုက်ခိုက်လိုက်သည်။

"ဝိုး..."

သိမ်းငှက်ကြီးက ရှောင်တိမ်းသွား၏။

ရောက်လီ အလွန်အံ့သြရလေသည်။ ဓားချက်ကိုရှော
နိုင်သောသိမ်းငှက်ကို သူပထမဆုံးအကြိမ် တွေ့မြင်ခြင်းဖြစ်

သိမ်းငှက်ကြီးမှာတိုက်ခိုက်ရန်အတွက် အထူးလေ့ကျ
သောသိမ်းငှက်ကြီးဖြစ်၍ လက်ကိုပင် တောင်ပံနှင့်ရိုက်သွ

"ဖြန်း..."

ငှက်ကြီး၏တောင်ပံရိုက်ချက်မှာ ပြင်းထန်လှ၏။

ကွေ့ထင်းပုက ရယ်မောလိုက်၏။ ထို့နောက် လေ
ချွန်လိုက်ပြန်ရာ အခန်းထောင့်ငှက်အိမ်တစ်ခုအတွင်းမှ သိမ်း
ကောင် ထွက်လာပြန်တော့သည်။

သိမ်းငှက်လှောင်အိမ်မှာ တံခါးမရှိ ချေ။ သိမ်းငှက်
လွတ်လပ်စွာ ပျံနိုင်ကြသည်။



သိမ်းငှက်နှစ်ကောင်သည် ရောက်လီအား ညှပ်ပူးညှပ်ပိတ်
တိုက်ခိုက်ကြတော့သည်။

တစ်ကောင်တည်းကိုပင် မနည်းခုခံနေရသော ရောက်လီမှာ
စ်ကောင်ဆိုသောအခါ ခေါင်းမဖော်နိုင်တော့ပေ။

ရောက်လီ အံကြိတ်လိုက်သည်။

သိမ်းငှက်နှစ်ကောင်သည် ထပ်မံတိုက်ခိုက်ရန် အရှိန်ယူနေ
ကြသည်။ ထို့နောက် ရုတ်တရက် ပျံဝဲတိုက်ခိုက်ကြတော့သည်။

ရောက်လီသည် သိမ်းငှက်တစ်ကောင်၏ တိုက်ခိုက်မှုကို
က်ဖြင့်ခံလိုက်ပြီး ကျန်သည့်တစ်ကောင်အား ဓားဖြင့်ထိုးချလိုက်၏။

လက်ဖြင့်ခံလိုက်သောအခါ အင်္ကျီစုတ်ပြဲသွားပြီး အတွင်းမှ
သားပင် ပါသွားသည်။ ရောက်လီ အရဲစွန့်တိုက်ခိုက်ရကျိုးနပ်သည်
ဆိုရမည်။

သိမ်းငှက်တစ်ကောင်မှာ ရောက်လီဓားချက်မိသွားတော့

"ဝုန်း..."

တစ်ကောင်မှာ ပြုတ်ကျသွားတော့သည်။

ကွေ့ထင်းပုသည် သူ၏သိမ်းငှက်တစ်ကောင်သေဆုံးသွား
ကိုမြင်ရသောအခါ ဒေါသအမျက်ချောင်းချောင်းထွက်သွား

နံရံတွင်ချိတ်ထားသောလှံရှည်ကိုယူ၍ ရောက်လီအား

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်တော့သည်။

သူ၏လုံ့ရှည်မှာ တဝိုးဝိုး ရောက်လီထံတိုးဝင်လာ
သည်။

ကွေ့ထင်းပုသည် လက်တစ်ဖက်တည်းသာ ရှိသော
လုံ့ရှည်နှင့်တိုက်ခိုက်ရာတွင် ကျွမ်းကျွမ်းကျင်ကျင်နိုင်သည်။

ရောက်လီမှာ သူ၏လုံ့ချက်မမိစေရန် ဂရုစိုက်နေ

"ဝိုး....."

ထိုစဉ်သိမ်းငှက်ကလည်း ဝင်ရောက်တိုက်ခိုက်
သည်။

ရောက်လီမှာ ရှေ့မှလုံ့ချက်ကိုခုခံရှောင်တိမ်းသည်
ဖက် နောက်မှသိမ်းငှက်ကို ရှောင်တိမ်းရသည်ကတစ်ဖ
ရောက်နေရတော့သည်။

ရောက်လီ၏ဓားပညာမှာ လူသတ်ရုံမျှသာဖြစ်၏
ကြားခဲ့သောသိုင်းပညာများသည် ရုတ်တရက် ရန်သူကိုအ
ဖမ်းကာ သုတ်သင်ခြင်းမျှသာဖြစ်သည်။ ရန်သူနှင့်ရှေရှည်
နေရန် မဟုတ်ပါ။

တစ်ခုခက်နေသည်မှာ သူသည် ကွေ့ထင်းပုအား
ဖြတ်သုတ်သင်ရန် မဟုတ်ပါ။ သူ့ထံမှ သတင်းအစ်အော
ရန်သာ ဖြစ်ပါသည်။

ထို့ကြောင့် သူသည် ကွေ့ထင်းပုအား သတ်ရန်



နှင့်အစွမ်းကုန်ထုတ်၍ တိုက်ခိုက်ရန် မဖြစ်နိုင်ပါ။

ထိုသို့ စိတ်ရှိတိုင်း မတိုက်ခိုက်နိုင်ရုံသာမက ကွေ့ထင်းပု၏
ည်တိုက်ကွက်နှင့် သိမ်းငှက်၏ ကြားဖြတ်တိုက်ခိုက်မှုကို ခံရသော
ရောက်လီမှာမလှုပ်နိုင်အောင် ဖြစ်နေရပါတော့သည်။

သိမ်းငှက်ကလည်း တကယ့်သိမ်းငှက်ပါပဲ။ ဦးခေါင်းကိုသာ
လပ်စွာ ထိုးသုတ်ခွင့်ရရှိလျှင် ရောက်လီ၏ မျက်လုံးနှာခေါင်းနှင့်
ွက်များမှာ စုတ်ပြတ်သွားပေမည်။

ရောက်လီမှာ ရှေ့မှလုံ့ချက်ကိုကြည့်ရသကဲ့သို့ သိမ်းငှက်ပျံ
လည်း နားစွင့်နေရလေတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)
## မန်ချူးသူလျှို

ရောက်လီသည် ရှေ့မှလုံတံနှင့် နောက်မှသိမ်းငှ... ခိုက်မှုကို အလူးအလဲခံနေရစဉ် ကျင်းစုကို့သည် အခန်းထဲသို့... လာသည်။

သူမသည် အခန်းတွင်းမှအခြေအနေကိုမြင်သည်... လီအခြေအနေမလှဖြစ်နေသည်ကို သိလိုက်လေသည်။

ထို့ကြောင့် သူမသည် ဓားပါးလေးသုံးလက်ဖြင့် သိ... သို့ ပစ်လွှတ်လိုက်၏။

ဓားပါးလေးများသည် သိမ်းငှက်ပျံသန်းသွာ... ဝှစ်မြည်ကာ လိုက်ပါသွားသည်။

သို့သော် သိမ်းငှက်မှာ အထူးလေ့ကျင့်ထားသ... ဖြစ်၍ လျှပ်တစ်ပြက်အပေါ်သို့ ထောင်တက်ပြီး ဓား...



...ောင်ပံဖြင့် ရိုက်ချလိုက်သည်။

ကျင်းစုကို့မှာ သိမ်းငှက်၏ကျင်လည်ပုံကို မြင်သောအခါ ...က်လုံးပြူးသွားသည်။

"မရဘူး... ဒီကောင်ကို ဒီလိုပစ်လို့မရဘူး"

ကျင်းစုကို့သည် ဓားပါးလေးများကို လျင်မြန်စွာ ပစ်သွင်း ...က်ပြန်သည်။ သိမ်းငှက်သည် အပေါ်သို့ထောင်တက်လိုက်သည်။

ဤတစ်ကြိမ် ဓားပစ်လိုက်သည့်ပညာမှာ တကယ်ဆန်း ...ယ်သည်။

ဓားများသည် တစ်ခုနှင့်တစ်ခုထိခိုက်မိကာ လမ်းကြောင်း ...ောင်းလဲသွားသည်။

အချို့ဓားပါးလေးများကား ဘေးသို့ကွေ့သွားသလို အချို့ ... အပေါ်သို့ထောင်သွားသည်။

သိမ်းငှက်သည် လေ့ကျင့်ပေးထားသောငှက်ဖြစ်သော် ...ည်း ထူးဆန်းလှသည့်ကျင်းစုကို့ ဓားပျံကလေးများကိုမူ လွတ် ...ောင်မရှောင်နိုင်ချေ။

"ဝှန်း...."

သိမ်းငှက်ကြီးမှာ အောက်သို့ပြုတ်ကျသွား၏။

ရောက်လီသည် ကျင်းစုကို့ကိုကျေးဇူးတင်သည့်အကြည့်ဖြင့် ...ကြည့်၏။

ကွေ့ထင်းပုမှာ လွန်စွာ အမျက်ထွက်နေသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



ကြားထားသည့်သိမ်းငှက်နှစ်ကောင် သေဆုံးသွားရပြီ မ
လော။

သူသည် ဒေါသတကြီး အော်ဟစ်တိုက်ခိုက်၏။ သူ့
သည် မြွေဟောက်ပမာ ကိုယ်ခန္ဓာနေရာအနှံ့အပြားသို့ တ
ပေါက်ဖြင့် ဝင်ရောက်လာလေသည်။

ရောက်လီသည် လှံရှည်ကိုသတိထား၍ ရှောင်တိ
လစ်ဟာသွားသည့်ကွေ့ထင်းပု၏လှံကိုင်လက်ကို ရိုက်ချလို
ထိုအခါ ကွေ့ထင်းပုနောက်သို့ဆုတ်သွား၏။

ကွေ့ထင်းပုက လျင်သည်။ လက်ကို ဆတ်ခနဲ နော
ပေးလိုက်ရာ ရောက်လီ၏ရိုက်ချက်မှာ လွဲချော်သွားရသည်။

ကွေ့ထင်းပု၏လှံချက်ခုနစ်ချက်သည် ဗွပ်ခနဲ ဝင်သ
ရောက်လီသည် ထိုလှံချက်များကိုလွတ်အောင်ရှောင်ပြီး ဘ
ဖြင့် ဖမ်းဆုပ်လိုက်သည်။

ဓားချက်နှင့်လှံချက်တို့ လွဲချော်သွားသည်။ သို့သော်
လီ၏လက်ဖွင့်းမှု ကွေ့ထင်းပု၏လက်ကို ဖမ်းမိသွားသည်။

"လွှတ်လိုက်စမ်း"

ကွေ့ထင်းပုမှာ တစ်ကိုယ်လုံး ထုံကျင်သွားပြီး လှံ
ကျလာလေသည်။

ထို့နောက် ရောက်လီသည် ကွေ့ထင်းပု၏လည်
ဖြင့်ထောက်ထားတော့သည်။ သူက အံကြိတ်၍ ပြောလို



"ခင်ဗျားရဲ့လက်တစ်ဖက်ကို ဖြတ်ပစ်လိုက်ချင်တယ်ဗျာ၊
ျပ် တကယ်ဒေါသဖြစ်တယ်"

ရောက်လီသည် လှံရှည်ကို ခပ်ဝေးဝေးသို့ကန်ပစ်လိုက်
သည်။ ဓားဦးကို ရင်ဝမှခွာလိုက်၏။ လက်မောင်းရင်းလောက်ဆီသို့
ချိန်ရွယ်ထားလိုက်သည်။

ကွေ့ထင်းပုမှာ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ထိုစဉ်
ကျန်းစုမှာ ရောက်လာသည်။

"အတွင်းက အခန်းတွေထဲမှာ ဘယ်သူမှမရှိဘူးကွ"

"အေး... ကောင်းတယ်၊ ဘယ်သူမှမရှိတာ... သူ့ကိုကြိုးနဲ့
တ်ထားလိုက်၊ သူ့မှာလက်တစ်ဖက်မရှိပေမယ့် ကြောက်စရာ အင်
ာန်ကောင်းတယ်ကွ"

ရောက်လီက ပြောလိုက်သည်။

ဟူကျန်းစုသည် ကွေ့ထင်းပုကို ကြိုးနှင့်တုပ်ထားလိုက်
သည်။ ထိုင်ခုံပေါ်၌ ထိုင်ခိုင်းလိုက်သည်။

ကွေ့ထင်းပုမှာ မတတ်သာ၍ အရှုံးပေးလိုက်ရသော်လည်း
ရှုံးပေးလိုဟန်မရှိ။ ခံပြင်းနေဟန်ရှိသည်။ ရောက်လီအား မီးထွက်မ
တ်မျက်လုံးဖြင့် ကြည့်နေသည်။

ထို့နောက် သူက အံကြိတ်၍ မေးလေသည်။

"မင်းတို့ ဘာလိုချင်လို့လဲ"

ရောက်လီက ခပ်ပြတ်ပြတ်ပင် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဆီက စကားပဲလိုချင်တယ်"

ကွေ့ထင်းပု မျက်မှောင်ကြုတ်ပြီးမေးသည်။

"မင်း ဘယ်သူလဲ"

"နှင်းတောင်ဝံပုလွေ"

ကွေ့ထင်းပု မဲ့လိုက်သည်။

"မင်း ငါ့ကို ဘာမှလုပ်လို့မရဘူး၊ ငါ့ကိုထိရင် မင်းသေ

ရောက်လီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ကျုပ်သေရမှာပဲ၊ ကျုပ်က သေလူဖြ

အတွက် ဘာမှဂရုမစိုက်တော့ဘူးဗျ"

သူ့အသံက အေးစက်မာကျောနေသည်။

ကွေ့ထင်းပုသည် အေးစက်စက်ပြုံးနေသည်။ နှင်း

ပုလွေဟူသော အမည်ကိုကြားပြီးနောက် သူ့ကို ဘာမျှမလု

ထင်မှတ်သွားသည်။

ရောက်လီက….

"ကျုပ်တို့အချိန်ကုန်မခံနိုင်ဘူး… မေးမယ့်မေးခွန်း

တိုရှင်းဖြေပါ၊ ဒါပဲလိုချင်တယ်"

ရောက်လီသည် ထိုစကားကိုပြောပြီးသည်နှင့်

အား တစ်ချက်လှမ်းကြည့်လိုက်သည်။

ဟူကျန်းစုက နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြသည်

ဟူကျန်းစုသည် အလွန်လှပသော ငှက်ကလေးတ



လှောင်အိမ်ဆွဲဖွင့်လျက်. ဆွဲထုတ်ယူလိုက်သည်။

ထို့နောက် ငှက်ကလေးအား လည်ပင်းညှစ်လိုက်သည်။

"ဂစ်…."

ငှက်ကလေးမှာ တစ်ချက်သာအော်နိုင်ပြီး သေသွားသည်။

ဟူကျန်းစုမှာ ငှက်သေလေးအား ကွေ့ထင်းပုရှေ့သို့ပစ်ချ

လိုက်၏။

ကွေ့ထင်းပု ဒေါသအမျက်ချောင်းချောင်း ထွက်သွားသည်။

"မင်း… မင်းတို့ဘာလုပ်တာလဲ"

ရောက်လီက ပြောလိုက်သည်။

"ကွေ့ထင်းပု… ခင်ဗျားသာ မှန်မှန်ပြောမယ်ဆိုရင် ဒါမျိုး

ကြုံရမှာ မဟုတ်ဘူး"

ကွေ့ထင်းပု မျက်နှာမှာ ခံပြင်းမှုကြောင့် နီရဲနေသည်။ သူ

ည် ရှားရှားပါးပါးရှာဖွေထားရသောငှက်ကလေး သေဆုံးသွားသ

လွန်စွာ ဒေါသထွက်နေသည်။

ရောက်လီက….

"ဒီငှက်ကလေးတွေဟာ အလွန်ရှားပါးတဲ့ငှက်ကလေးတွေ

ဘယ်၊ ခင်ဗျားအနေနဲ့ နောက်ထပ်ရှာဖို့ဆိုတာ မလွယ်ပါဘူးဗျာ၊

ငှက်ကလေးတွေကို ရှာဖို့မလွယ်သလို ခင်ဗျားလက်တစ်ဖက်က

ျန်ဖို့မလွယ်တော့ဘူး၊ လက်နှစ်ဖက်ရှိတာက အကောင်းဆုံးပဲ၊

က်မရှိတာထက် တစ်ဖက်ရှိတာက ကောင်းသေးတယ်၊ နှစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



စလုံးမရှိရင်တော့ သေရတာပိုကောင်းတယ်ဗျာ"

ကွေ့ထင်းပု၏မျက်နှာမှာ ဖြူရော်သွားသည်။

ရောက်လီသည် ပြောသည့်အတိုင်း လုပ်မည်သူဖြစ်
အေးစက်စက်လေသံက သက်သေခံလျက်ရှိသည်။

အတန်ကြာ ငေးငိုင်နေသည်။

ပြီးမှ....

"မင်း ဘာလိုချင်သလဲ"

ရောက်လီက....

"ခင်ဗျားရဲ့စကားမှန်ကန်မှု ရှိမရှိဆိုတာကို ကျုပ်တို့
ကလေးကိုသတ်ရင်း စစ်ဆေးကြည့်မှာပဲ"

ကွေ့ထင်းပုမှာ ဒေါသသံဖြင့် ခပ်ဆတ်ဆတ်ပြော

"မေးမှာသာ မေးစမ်းပါ"

"စန်ကျုံးယင် အကြောင်းပြောပါ"

ကွေ့ထင်းပုမျက်နှာပေါ်တွင် အံ့အားသင့်သော
ယောင်များ ထွက်ပေါ်လာ၏။ သို့သော် ချက်ချင်းပျောက်
၏။

ကွေ့ထင်းပုက....

"စန်ကျုံးယင် ဟုတ်လား"

"ဟုတ်တယ်"

"သူ့အကြောင်း ဘာကိုသိချင်တာလဲ"



"သူဟာ သူလျှိုမဟုတ်လား"

"မင်း ဘာတွေလာပြောနေတာလဲ"

ရောက်လီက ဟူကျန်းစုအား ကြည့်လိုက်သည်။

ဟူကျန်းစုသည် ငှက်လှောင်အိမ်အားဖွင့်ပြီး ငှက်တစ်ကောင်အား ထုတ်ယူလိုက်သည်။

ကွေ့ထင်းပု ထိတ်လန့်သွားပြီး...

"မလုပ်နဲ့... မလုပ်ပါနဲ့"

သူ အလန့်တကြား အော်လိုက်သည်။

ရောက်လီက....

"စန်ကျုံးယင်ဟာ မန်ချူးသူလျှိုမဟုတ်လား"

ရောက်လီသည် လေးလေးနက်နက် ထပ်မေးလိုက်သည်။

ထိုအခါ ကွေ့ထင်းပုက တုန်တုန်ယင်ယင်ဖြင့် ဖြေသည်။

"ငါ... ငါ မသိဘူး"

ရောက်လီသည် ဟူကျန်းစုအား မော့ကြည့်လိုက်၏။

ဟူကျန်းစုက ငှက်ကလေးအား ညှစ်သတ်လိုက်ပြီး ကွေ့ထင်းပု၏ရှေ့သို့ ပစ်ချလိုက်၏။

"ငါ့ငှက်ကလေးတွေကို မသတ်ပါနဲ့"

ကွေ့ထင်းပုက အသံကုန်အော်လိုက်၏။

ရောက်လီက....

"ဘာကြောင့် ခင်ဗျား မှန်မှန်မပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ မန်ချူးသူလျှိုဟုတ်မဟုတ် ငါ တကယ်မသိပါဘူး"

"ခင်ဗျားရဲ့ အဖေဟာ မန်ချူးသူလျှိုပဲ၊ စန်ကျုံးယင်နဲ့ ...လဲ ဖြစ်ခဲ့တယ်၊ အဲဒါတွေကို ကျုပ်သိပြီးပါပြီ"

ရောက်လီက အေးအေးဆေး ပြောပြလေ၏။

ကွေ့ထင်းပုက....

"ငါတကယ်ပြောတာပါ။ သူက ငါ့ကိုတစ်ခါတင်မှ ... တာကလွဲလို့ ငါ ဘာမှကိုမသိဘူး"

ရောက်လီသည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်... 

"အင်း... ငှက်ကလေးတွေတော့ သေရဦးမှာပဲ"

ကွေ့ထင်းပု၏မျက်နှာ ချက်ချင်းဖြူရော်သွားတော့... ဟူကျန်းစုက သူ့ဘာသာ ပြောနေသည်။

"ဒီတစ်ခါသတ်ရင် တစ်ကောင်မသတ်တော့ဘူး ... ကောင်ပူးသတ်ရမယ်"

ကွေ့ထင်းပု နာကျင်စွာ အော်လိုက်သည်။

"မလုပ်ပါနဲ့"

ရောက်လီက....

"မလုပ်စေချင်ရင် အမှန်အတိုင်း ပြောလေ"

ကွေ့ထင်းပုက တုန်တုန်ယင်ယင် ပြောသည်။

"ကျုပ်အဖေကိစ္စ ကျုပ် မသိဘူး၊ ဒါပေမယ့် စန်ကျုံး... ကျုပ်အဖေရဲ့တပည့်ပေါ့... ကျုပ်ရဲ့သူငယ်ချင်းပါ"



သူက ဆက်တိုက်ပြော၏။

"ဟုတ်ပြီ... ဆက်ပြောပါဦး"

"ငါ မွန်ဂိုမှာမနေချင်တော့တာနဲ့ သူက ဒီမှာနေခွင့်ရအောင် ...ညီပေးခဲ့တယ်၊ ဒီအတွက် သူခိုင်းတာကို ငါက လုပ်ပေးရတယ်၊ ...ပြန်အလှန်သဘောပါ"

"သူက ဘာခိုင်းလဲ"

"ငါ... ငါ... ငါ"

"ကျုပ်ပြောမယ်... စိတ်အေးအေး နားထောင်ပါ၊ ခင်ဗျားအ... ...ထက် ငှက်ကလေးတွေဟာ ပိုပြီး တန်ဖိုးရှိနေသလား"

ထိုအခါ ကွေ့ထင်းပု သက်ပြင်းချလိုက်တော့သည်။

"ငါ သတင်းပို့သတင်းယူရတဲ့လူကတော့ လူဝါမြို့က ...ဘုက်ကွမ်းတပါ၊ ငါ အဲဒါပဲ သိပါတယ်"

"ဘာသတင်းလဲ"

"ငါ တစ်ခါမှဖတ်မကြည့်ခဲ့ပါဘူး"

ရောက်လီ သက်ပြင်းချပြီး ဆက်ပြောလိုက်သည်။

"အစအဆုံး ပြောစမ်း"

"စန်ကျုံးယင်ဟာ ငါ့ရဲ့မိတ်ဆွေပါ၊ ငါကတော့ သူ့ကိစ္စအရှုပ် ...ထွေးတွေမှာ မပါခဲ့ပါဘူး၊ သူ့ကိုမန်ချူးသူလျှိုအဖြစ် ငါ့အဖေက ...ဘ်သွယ်ပေးခဲ့တယ်ထင်တာပဲ၊ ငါဟာ သူ့အကြောင်းကို သေသေ... ...ချာ မသိခဲ့ရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျန်းစုက ဝင်ပြောလိုက်သည်။

"ခင်ဗျား လိမ်နေတာပဲ"

"ငါအမှန်ကို ပြောတာပါ... စန်ကျုံးယင်ဟာ ဘယ်အချိန်ကစပြီး မန်ချူးသူလျှိုဖြစ်နေတယ်ဆိုတာ ငါမသိခဲ့ရပါဘူး"

"ကျောက်ကွမ်းတနဲ့ စန်ကျုံးယင်ဟာ ဘယ်လိုအဆက်အသွယ်ရှိတာလဲ"

"မသိဘူးဗျ"

"ခင်ဗျား လိမ်ပြောနေပြန်ပြီ"

"ငါ အမှန်တွေကိုပြောနေတာ"

ဟူကျန်းစုသည် ငှက်ကလေးသုံးကောင်ကို ဆ... သတ်ပစ်လိုက်သည်။

ကွေ့ထင်းပုသည် မျက်နှာကိုလက်ဝါးနှင့် အုပ်ထား... သူသည် ငှက်ကလေးများသေသည်ကို မကြည့်ရက်...

"မသတ်ကြပါနဲ့... မသတ်ကြပါနဲ့"

ဟူကျန်းစုက ပြောလိုက်သည်။

"ပြည့်ပြည့်စုံစုံလေး ပြောမှပေါ့ဗျာ"

ကွေ့ထင်းပုက....

"ငါ့ကို ဒီမှာထားတယ်... သူနိုင်းတာအားလုံး ...တယ်၊ သူနိုင်းချင်တာကို လာနိုင်းတာပဲ၊ ဒါထက်မပိုဘူး"

○



အခန်း(၃၂)

သေလမ်းလောရှင်လမ်းလော

ရှောက်လီ၊ ဟူကျန်းစုနှင့်ကျင်းစုကိုတို့ ခေါင်းချင်းဆိုင်ကြလေ...သည်။ သူတို့ခေါင်းချင်းရိုက် တိုင်ပင်ရလေပြီ။

"ကျွန်မတို့ လူဝါမြို့ကိုသွားရမှာပေါ့နော်"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဟူကျန်းစုက....

"အခုကြားရတဲ့ သတင်းတွေအရတော့ စန်ကျုံးယင်ဟာ မန်...သူလျှိုဆိုတာ သေချာနေပြီ"

ရှောက်လီက ခေါင်းယမ်းလိုက်သည်။

"ဒါပေမယ့် အထောက်အထားတော့ မခိုင်လုံသေးဘူး"

ကျင်းစုကိုက....

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ကွမ်းတဆီ ရောက်ရင်တော့ ကျွန်မတို့ ပို
နိုင် သိလောက်ပါပြီထင်ပါတယ်၊ အခု ကျောက်ကွမ်းတဟာ
ပဲ"

ဟူကျန်းစုက အံ့သြစွာ ပြောလိုက်သည်။

"သူဟာ ဘယ်လိုကနေ ဘယ်လိုများ မန်ချူးသူ
တာပါလိမ့်၊ ငါ သိပ်အံ့သြတာပဲ"

ရောက်လီ သက်ပြင်းချလိုက်၏။

"သူ့မှာခိုင်လုံတဲ့အကြောင်းပြချက်တော့ ရှိလိမ့်မေ

ကျင်းစုကို့က....

"ဘာလဲ... ရှင်တို့က ကွေ့ထင်းပုပြောတဲ့စကားကို
ယုံကြည်လက်ခံလိုက်ပြီလား"

ရောက်လီက ခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်ချေ အများကြီးရှိပါတယ်"

ကျင်းစုကို့က....

"ဒါပေမယ့် လုံးဝစိတ်ချလို့တော့ မရသေးပါဘူး"

"အေး... ဟုတ်တယ်"

"သူက ထောင်ချောက်ထဲကို ကျွန်မတို့သုံးယော
လွှတ်လိုက်တာဆိုရင် အားလုံးဒုက္ခရောက်ကုန်မယ်"

ဟူကျန်းစု၏စိတ်အာရုံထဲ၌ ခံစားချက်တစ်ခုကို
ရ၏။ မျက်လုံးများလည်း လှုပ်သွားသည်။



ထိုခံစားချက်မျိုးမှာ တစ်စုံတစ်ခုဖြစ်တော့မည်ဆိုခြင်းကို
ကပ်ပေးခြင်းဖြစ်သည်။ သူသည် ယခင်ကလည်း ထိုခံစားချက်မျိုး
ခံစားခဲ့ဖူးသည်။ ဆဋ္ဌမအာရုံဟု ခေါ်လေမည်လားမသိပေ။

ဟူကျန်းစုက....

"ငါတော့ တစ်ခုခုဖြစ်တော့မယ်လို့ ထင်တယ်"

ရောက်လီက ဟူကျန်းစုကို အံ့သြစွာကြည့်လိုက်သည်။

"အံ့သြစရာပဲ... တိုက်တိုက်ဆိုင်ဆိုင် ငါလဲစိတ်ထဲမှာ တစ်ခု
မယ်လို့ ခံစားနေရတယ်"

ကျင်းစုကို့သည် ရောက်လီနှင့်ဟူကျန်းစုတို့အား နားမလည်
စွာ ကြည့်နေကြ၏။ ရောက်လီက စိုးရိမ်ပူပန်စွာ ပြောသည်။

"ကျင်းစုကို့ ပြောသလို ထောင်ချောက်ထဲကိုလွှတ်သလိုဖြစ်
ယ်၊ ဒီတော့ ငါတို့သုံးယောက်စလုံး ကျောက်ကွမ်းတဆီကို သွား
ဖြစ်တော့ဘူး၊ တစ်ယောက်ယောက်က ကွေ့ထင်းပုကိုလက်စား
ကျန်နေရစ်မှကောင်းမယ်"

ဟူကျန်းစုက....

"ဟုတ်တယ်... တစ်ယောက်ကျန်နေရစ်မှဖြစ်မယ်"

ကျင်းစုကို့က....

"ကွေ့ထင်းပုရဲ့ငှက်တွေဟာ ဘယ်လောက်ဝေးဝေး သူ့ဆီ
ပေါ့၊ သူ့ငှက်နှစ်ကောင်သုံးကောင်ကိုယူသွားရင် သတင်းပို့လို့
တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းစုကို့က....

"အင်း... အဲဒီအကြံကောင်းတယ်၊ ဒါပေမယ့် ဒီမှာဘ

နေခဲ့မလဲ"

ဟူကျန်းစုနှင့်ရှောက်လီတို့မှာ တစ်ယောက်ကိုတစ်ယော

က နေစေချင်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

ကျွင်းစုကို့က အရေးပေါ်အခြေအနေကို ဤသို့ဆုံးဖြ

လိုက်သည်။

"ကျွန်မတို့မဲနှိုက်ပြီး ဆုံးဖြတ်တာပေါ့"

ရှောက်လီက သက်ပြင်းချလိုက်သည်။

"ငါ မနေချင်ဘူး"

"မဲနှိုက်လို့ကျတဲ့လူက နေရစ်ခဲ့ရမှာပဲ"

ဟူကျန်းစုက ပြောသည်။

ရှောက်လီက....

"ငါသွားမယ်... ကျောက်ကွမ်းတကို ငါတွေ့မှဖြစ်မ

ဟူကျန်းစုက....

"မင်းစိတ်ထဲမှာသွားရင် တစ်ခုခုဖြစ်မယ်လို့ ထင်

ဟုတ်လား၊ ငါလဲထင်နေတာပဲ"

"ရှင်တို့အယူသီးမနေကြစမ်းပါနဲ့ရှင်"

ကျွင်းစုကို့က ပြောလိုက်ရာ ရှောက်လီက ပြန်ရ

သည်။



"အယူသီးတာ မဟုတ်ဘူး၊ ကျုပ်တို့ တကယ်ခံစားရလို့ပြော

တာ၊ တစ်ခုခုမလုပ်ခင်မှာ ခံစားချက်တစ်ခုခု ကြိုပေါ်တတ်တယ်၊

သို့ကြိုပေါ်ရင် တစ်ခုခုဖြစ်တာပဲ"

ဟူကျန်းစုက....

"မင်း ဒီမှာအေးအေးဆေးဆေး နေခဲ့ပါ... ငါ အန္တရာယ်ကို

ရှောင်တတ်ပါတယ်"

ရှောက်လီက ပြောလိုက်သည်။

"မင်းက ဒီမှာအေးအေးဆေးဆေး ပိုနေသင့်တာ၊ မင်းကိုရှာ

တာ ပိုများတယ်၊ မန်ချူး၊ တိဗက်၊ တာလီနဲ့ တရုတ်သိုင်းသမား

အားလုံးက ရှာနေတာ၊ ငါ့ကိုရှာတာ စန်ကျိုးယင်တစ်ယောက်ပဲ

သူ့လူတွေကပဲ လိုက်ရှာနေကြတာ၊ မင်းကပိုပြီး အပြင်ထွက်

င်ဘူး၊ မင်းကိုရှာတဲ့လူတွေက ပိုများနေတယ်"

ဟူကျန်းစု ငိုင်ကျသွားသည်။

ရှောက်လီ ပြောသည်မှာလည်း မှန်သည်။

ရှောက်လီက....

"ငါပြောတာ မင်းနားထောင်စမ်းပါ ညီလေး၊ ဒီခရီးမှာ ဘယ်

ထောင်ချောက်များပါစေ၊ အဲဒီထောင်ချောက်တွေကို ကြည့်

င်တဲ့အရည်အချင်း ငါ့မှာရှိတယ်၊ မင်းတွေ့တယ်မဟုတ်လား၊

င် ငါ့ကိုဘယ်လောက်ထောင်ချောက်တွေ ဆင်ခဲ့သလဲ၊ ဒါ

ငါလွတ်အောင်ရုန်းလာခဲ့တာပါကွ... ငါသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မခွဲမယ်ဟော့"

"မခွဲပါနဲ့… မင်းအပြင်ထွက်ရင် ဒုက္ခတွေ ဝိုင်းဝိုင်းလည်
လိမ့်မယ်၊ ဒီတော့ ငါအပြင်ထွက်မယ်၊ ဒီဒုက္ခတွေကို ငါရင်ဆိုင်
ငါ အပြတ်ရှင်းပစ်မယ်"

"အဲဒီဒုက္ခတွေကို ငါ ရင်ဆိုင်ပါရစေတော့ကွာ"

"မင်း ဒီမှာသာ နေခဲ့စမ်းပါကွာ၊ အေးအေးဆေး
ငါ အခြေအနေကောင်းမကောင်း ငှက်တွေနဲ့အကြောင်းကြ
မယ်"

ဟူကျန်းစုက ငြင်းသော်လည်း မရပါ။ သူတို့သည်
ကို လုနေကြပါသည်။ ဟူကျန်းစုကလည်း သေလမ်းကိုရွေး
သည်။ သို့သော် ရှောက်လီက အရွေးမခံပါ။ သူကိုယ်တိုင်
ကိုရွေးပါသည်။

"မင်းနေခဲ့ပါ ညီလေးရာ"

ရှောက်လီက ဆို့နင့်စွာ ပြောလိုက်သည်။

ဟူကျန်းစု သက်ပြင်းချလိုက်သည်။

ကျင်းစုကို့က….

"ရှင့်အတွက် မပူပါနဲ့… ကျွန်မအသက်ကိုပုံပြီး
ကျွန်မအားလုံး တာဝန်ယူပါတယ်၊ သူသေရင် ကျွန်မပါ သေ
မှတ်ပါတော့"

ကျင်းစုကို့က ဟူကျန်းစု၏ စိုးရိမ်ပူပန်မှုကို သိ



ဟူကျန်းစုသည် မျက်ရည်ဝဲသောမျက်လုံးများဖြင့် ရှောက်
ကိုကြည့်ကာ လက်ကိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"မင်း ကံကောင်းပါစေအစ်ကို"

"ငါ ကံကောင်းမှာပါညီလေးရာ… မပူပါနဲ့"

ရှောက်လီသည် ဟူကျန်းစုကိုမကြည့်ပေ။ ကြည့်လျှင် သူ့
မျက်ရည်များကျပေလိမ့်မည်။

"ငါ ငါးရက်သွားမယ့်ခရီးကို သုံးရက်နဲ့အရောက်သွားမယ်
အပြန်လဲ ဒီလိုပဲ"

"ကျင်းစုကို့က မင်းကို အမိလိုက်နိုင်ပါ့မလား"

ကျင်းစုကို့က ရယ်လိုက်သည်။

"ကျွန်မက သာမန်မိန်းကလေးမဟုတ်ဘူးဆိုတာ ရှင်မေ့နေ
တယ်၊ ရှောက်လီ ဘယ်လောက်မြန်မြန်သွားနိုင်မှာလဲ၊ ကျွန်မ
လိုက်နိုင်တယ်၊ ထောက်လှမ်းရေးတာဝန် ထမ်းဆောင်နေတဲ့မိန်း
တာ ရှင်သတိထားစမ်းပါဦး"

ဟူကျန်းစုသည် ကျင်းစုကို့လက်ကိုဆွဲကာ အသာနမ်းလိုက်

"ကျုပ်အစ်ကိုကို ဂရုစိုက်ပါ"

"တိတ်ပါရှင်… ကျွန်မအသက်နဲ့ထပ်တူ စောင့်ရှောက်ပါ့

ကျင်းစုကို့ပြောသည့်စကားမှာ ဆုံးနေပါပြီ။ အသက်နှင့်ထပ်

www.burmeseclassic.com

www.burmeseclassic.com



တူ စောင့်ရှောက်ပါမယ်တဲ့။ ဟူကျန်းစု တစ်ဝက်တော့ စိတ်အေးသွားသည်။

ဟူကျန်းစုက....

"ငါတော့ ပျင်းနေတော့မှာပဲ"

ရှောက်လီက....

"မင်း ပျင်းမနေအောင် ကွေ့ထင်းပုနဲ့ ငှက်အကြောင်းတွေ ပြောနေကြပေါ့ကွာ"

"အေးကွာ... ငါတော့ နားညည်းလောက်အောင် ငှက်အကြောင်းတွေပဲ ကြားနေရမယ်နဲ့တူပါရဲ့ကွာ"

ဟူကျန်းစုက စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်သည်။

ရှောက်လီက ခိုနှစ်ကောင်ပါသောလှောင်အိမ်ကို ဆွဲယူလိုက်၏။

"ကဲ... ကျုပ်တို့သွားကြရအောင်"

ရှောက်လီနှင့်ကျင်းစုကို့တို့သည် ရဲတိုက်အတွင်းမှ အလျင်အမြန် ထွက်ခွာသွားကြ၏။

ဟူကျန်းစုသည် ရှောက်လီနှင့်ကျင်းစုကို့တို့ကို အမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွားသည်ကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။

○



## အခန်း(၃၃)
## စောင့်ကြည့်နေသူများ

ရှောက်လီနှင့်ကျင်းစုကို့တို့သည် လှေသမားများကိုတသွင်သွင် လော်ခိုင်းသဖြင့် သူတို့သည် သုံးရက်နှင့်ရောက်လာကြသည်။

လူဝါမြို့သည် လမ်းဆုံမြို့တစ်မြို့ဖြစ်၍ စည်ကားသောမြို့တစ်မြို့ဖြစ်လေသည်။

ရေလမ်းကုန်လမ်းဆုံရာမြို့ဖြစ်၍ ကုန်စည်အဝင်အထွက်လည်း များသည်။

ကုန်သည်များ၊ ညအိပ်ရပ်နားရာ မြို့လည်းဖြစ်၍ တည်းခိုခန်းများကလည်း လွန်စွာ များပြားလှသည်။

လူဝါမြို့တည်ထားပုံမှာ လွန်စွာစနစ်ကျ၏။ မြို့အား စတုရန်းအကွက်ချပြီး လမ်းများဖောက်လုပ်ထားသည်။

လမ်းမပေါင်း ဆယ့်နှစ်လမ်းရှိပြီး ဖြတ်လမ်းများကတော့

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ့်နှစ်လမ်းရှိသည်။

အမှတ်ခုနစ်လမ်းမကြီး၌ တည်းခိုခန်းများ အများဆုံးတည်ရှိပြီး'ရွှေလင်းယုန်'တည်းခိုခန်းမှာ အသေးငယ်ဆုံးဖြစ်သည်။

ရွှေလင်းယုန်တည်းခိုခန်းတွင် အခန်းပေါင်း တစ်ဆယ့်ခြောက်ခန်းသာရှိသည်။

အခန်းနည်းသော်လည်း အမြဲတမ်း လူပြည့်နေတတ်သဖြင့် တည်းခိုးခန်းဖွင့်သူမှာလည်း တွက်ချေကိုက်နေ၏။

ရွှေလင်းယုန်တည်းခိုခန်းပိုင်ရှင်မှာ အမြဲတမ်းပြုံးနေသည်။ သူ၏ ဆက်ဆံရေးကောင်းမှုကြောင့် လူပြည့်နေခြင်းဖြစ်၏။

သူ့အား ရွှေလင်းယုန်ကြီးဟုပင် ခေါ်ကြသည်။ သူကလည်း ထိုအမည်ကိုနှစ်သက်စွာ လက်ခံ၏။ အမည်အရင်းကိုပင် သိသူမရှိတော့ချေ။

"လင်းယုန်ကြီး... လင်းယုန်ကြီး'ဟုပင် ခေါ်ကြတော့၏။

သူ ဤဆိုင်ပိုင်ဆိုင်ခဲ့သည်မှာ သုံးနှစ်ခန့်သာ ရှိသေးသည်။ မကြာမြင့်မီကာလတွင် သူသည် နောက်ထပ် တည်းခိုခန်းတစ်ခန်း ဖွင့်နိုင်တော့မည်ဖြစ်သည်။

ယနေ့လည်း ထုံးစံအတိုင်း ရွှေလင်းယုန်တည်းခိုခန်းမှာ လူပြည့်နေပြီဖြစ်သည်။

သူသည် အားလုံးကိုပြုံးရွှင်စွာ လက်ခံပြီးနောက် သူ့အခန်းဆီသို့ပြန်လာခဲ့သည်။



ရွှေလင်းယုန်တည်းခိုခန်းမှာ သုံးထပ်ဖြစ်ပြီးမြေညီထပ်နှင့်ပထမထပ်ကို အခန်းငှားထားသည်။ ဒုတိယမြောက်သုံးထပ်တွင်မူ သူနေထိုင်ပေသည်။

သူသည် ပြတင်းပေါက်အနီး၌ထိုင်လိုက်၏။ အောက်မှလမ်းသွားလမ်းလာများကို ဆီးမြင်နေရသည်။

လင်းယုန်ကြီးသည် ခုံတွင်ထိုင်မိသည်နှင့် တစ်စုံတစ်ခုကိုတွေးမိပြီး သူ၏မျက်နှာပေါ်မှ ကျေနပ်နှစ်သိမ့်သော အပြုံးများသည် ပျောက်ကွယ်သွားတော့သည်။

သူသည် အသင့်ရှိနေသောအရက်ကို မော့ချလိုက်သည်။

သူ၏မျက်နှာချက်ချင်း နီမြန်းသွားပြီး ကြေကွဲသောအရိပ်အယောင်များလည်း ပေါ်ပေါက်လာတော့သည်။

ထို့နောက် အံတင်းတင်းကြိတ်ကာ....

"သား... မင်းအတွက် ဖေဖေတစ်နေ့မှာ လက်စားချေခွင့်ကြုံပါရစေ"

သူ တီးတိုးရေရွတ်လိုက်၏။

သူ့သား သေသွားခဲ့ရသည်။ ရိုးရိုးသေဆုံးခြင်းမဟုတ်ပါ။ တာဝန်တစ်ခုအောင်မြင်အောင် မထမ်းဆောင်နိုင်ခဲ့သဖြင့် သေဒဏ်အပြစ်ပေးခံရခြင်းဖြစ်သည်။

သူသည် ထိုမြင်ကွင်းအား ပြန်လည်မြင်ယောင်လာရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်သည့်အလျောက် အရက်ပုလင်းအား ပေါက်ခွဲပစ်လိုက်၏။

"ခွမ်း....."

ထိုအချိန်တွင် လူဝါမြို့ထဲသို့ အဘိုးအိုနှင့် အဘွားအိုနှစ်ဦး ဝင်လာကြသည်။ အဘိုးအိုက ဈေးတောင်းကိုထမ်းကာ အဘွားအို နောက်မှ လိုက်လာသည်။

သူတို့ကား ရှောက်လီနှင့်ကျင်းစုကို့ပင်တည်း။

ကျင်းစုကို့က ရပ်လိုက်သည်။

"ဘာတွေ့လို့လဲ"

ရှောက်လီက လေသံဖြင့်မေးလိုက်သည်။

"ဘာမှမတွေ့ပါဘူး... လမ်းနံပါတ်ကိုကြည့်တာပါ"

ကျင်းစုကို့ကလည်း အမှတ်ခုနစ်လမ်းမထဲသို့ဝင်လာတော့၏။

သူတို့သည် ကျောက်ကွမ်းတ၏အိမ်နှင့် မနီးမဝေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့ရသောအခါ သဘောကျသွား၏။

"ကျွန်မတို့ လက်ဖက်ရည်ဆိုင်ထဲမှာဝင်ပြီး ကျောက်ကွမ်းတအိမ်ကို လေ့လာရင်ကောင်းမယ်"

"ကောင်းတယ်... ဘယ်အရာမဆို လေ့လာသင့်တာပေါ့"

ရှောက်လီနှင့်ကျင်းစုကို့တို့သည် အပြင်းအထန် ပြောဆိုကြပြီးနောက် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ကြလေတော့သည်။



လက်ဖက်ရည်နှစ်ခွက်ကိုမှာကြားပြီးနောက် သူတို့သည် ကျောက်ကွမ်းတအိမ်ကို လေ့လာကြတော့သည်။

အတန်ကြာသည်အထိ ကျောက်ကွမ်းတအိမ်၌ အဝင်အထွက်မရှိချေ။

ကျင်းစုကို့က....

"ကျွန်မတို့ တစ်မနက်လုံး အကဲခတ်ကြည့်ရသလောက် ကျောက်ကွမ်းတဟာ အပြင်ထွက်မယ်မထင်ဘူး၊ ဟော... ဟော"

ထိုစဉ် လူတစ်ယောက်ထွက်လာသည်။

ရုပ်ရှသောမျက်လုံးနှင့် ကျစ်လစ်သန်မာသော ကိုယ်ဟန်အနေအထားကြောင့် သိုင်းသမားတစ်ယောက်ဖြစ်နိုင်သည်။

"ဟော... သိုင်းသမားတစ်ယောက်ပါလား"

ကျင်းစုကို့ကို လေသံဖြင့်ပြောလိုက်သည်။

သူတို့ကြည့်နေစဉ် ထိုသိုင်းသမားသည် အိမ်ပတ်ဝန်းကျင်အခြေအနေကိုလိုက်လံကြည့်ရှု၍နေသည်။ ထို့နောက် အိမ်ထဲသို့ပြန်ဝင်သွားလေတော့သည်။

"ကြည့်ရတာ သက်တော်စောင့်ရှိပုံရတယ်"

ရှောက်လီက တိုးတိုးပြောလိုက်သည်။

"ဟုတ်တယ်"

ကျင်းစုကို့က ထောက်ခံသည်။

"အထဲမှာ သက်တော်စောင့်တပ်တွေ ရှိလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မရှိနိုင်ဘူး… အိမ်ထဲက ဘာလှုပ်ရှားမှုမှမတွေ့ရဘူး"

"ထောင်ချောက်မရှိနိုင်ဘူး… ဆုံးဖြတ်ရတော့မှာပဲ"

"စန်ကျူးယင် ထောင်ချောက်ဆင်ဖို့ အချိန်မရလောက်ပါဘူး၊ အခု မြို့ကိုငါးရက်အကြာမှာရောက်မယ်လို့ ပြောတယ်မဟုတ်လား၊ အခု ကျွန်မတို့သုံးရက်တည်းနဲ့ ရောက်တာပဲ၊ ရှင်အိမ်ထဲဝင်မလား"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ဝင်မှဖြစ်မယ်"

"ဘယ်တော့ ဝင်မလဲ"

"ဒီညပဲ ဝင်မယ်… ကျုပ်တို့မှာ အချိန်မရှိဘူး"

ကျင်းစုကို့ တစ်ချက်စဉ်းစားလိုက်ပြီး…

"သူ့ကို အပါခေါ်ရမှာပေါ့"

"ဟုတ်တယ်… အပါခေါ်ရမယ်၊ သူ့ကို ကွေ့ထင်းပုဆီခေါ်သွားရလိမ့်မယ်"

"လွယ်ပါ့မလားဟင်"

"ခက်ခဲလဲ လုပ်ရမှာပဲ၊ ဒီအလုပ်က မလုပ်ဘဲနေလို့မှဖြစ်တာမဟုတ်ဘဲ၊ သက်တော်စောင့်ရဲ့ရန်က ရှိသေးတယ်"

"သူ့ကို ကျုပ်တာဝန်ယူပါတယ်"

"ဒါဆို ကျွန်မက အထဲဝင်ပြီး ကျောက်ကွမ်းတကိုဖမ်းမှာပါ"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။



"ကျောက်ကွမ်းတဟာ သိုင်းပညာမတတ်ပါဘူး၊ သူ့ကို မင်းထိန်းနိုင်မှာပါ"

"ကောင်းပြီလေ"

ကျင်းစုကို့က ပြောလိုက်သည်။

ထိုသို့ ရှောက်လီနှင့်ကျင်းစုကို့တို့ အကဲခတ်နေသည်ကို ရွှေလင်းယုန်တည်းခိုခန်းပိုင်ရှင် လင်းယုန်ကြီးကတွေ့မြင်နေရသည်။

အပေါ်ဆုံးထပ်မှ အကဲခတ်နေသောသူ့ကို မည်သူမျှမတွေ့နိုင်ပါ။

လင်းယုန်ကြီးသည် မျက်မှောင်ကုတ်နေသည်။

ဤအဘိုးအိုနှင့်အဘွားအိုလင်မယားသည် မည်သူ့ကိုစောင့်ကြည့်နေသနည်း။

သူသတိထားမိသလောက် ဤပတ်ဝန်းကျင်၌ သိုင်းသမားများ ဂရုစိုက်မည့်သူဆို၍ ကျောက်ကွမ်းတတစ်ယောက်သာ ရှိသည်။

"ဟင်… ဘယ်သူတွေပါလိမ့်"

"ဘာကြောင့် ကျောက်ကွမ်းတကို အကဲခတ်နေရတာပါလိမ့်"

"ရန်သူများလား"

"ကျောက်ကွမ်းတကို ဆက်သွယ်ဖို့လာတဲ့လူများလား"

"ဘာဖြစ်လို့ သူတို့ ခုချက်ချင်း မဆက်သွယ်ရတာလဲ"

"ငါ့ဆီ ဘာသတင်းမှမရောက်သေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ဦးတည်းရေရွတ်နေသည်။ သို့သော် သူ့အာရုံများ နိုးကြားလာသည်။

မကြာမီ သူ လှုပ်လှုပ်ရှားရှား ပြုလုပ်ရတော့မည်ဟု အလိုလို ခံစားမိလာသည်။ ပျင်းရိငြီးငွေ့ဖွယ်ရာများ ရပ်ဆိုင်းသွားတော့မည်။

လင်းယုန်ကြီးသည် လက်ခနဲ အကြံပေါ်လာသည်။ သူ ထင်သည့်အတိုင်းဖြစ်လျှင် လှုပ်ရှားရပေမည်။

မဖြစ်လျှင်လည်း အကြောင်းမဟုတ်ပါ။ အပျင်းတော့ပြေမည်ဟု ဆုံးဖြတ်လိုက်လေသည်။

○



အခန်း(၃၄)

## မြေမြွေချင်းခြေမြင်

ဟူကျန်းစုသည် ကွေ့ထင်းပုအား ကြိုးနှင့်ပြန်လည်ချည်နှောင်လိုက်သည်။

ကွေ့ထင်းပုသည် မလှုပ်သာအောင် ဖြစ်သွားသည်။ သူ့ကိုယ်လုံးနှင့်ကုလားထိုင်ကို ချည်နှောင်ခြင်းဖြစ်သည်။

ကြိုးစကို ကွေ့ထင်းပုလက်ဖြင့် မမီသည့်နေရာ၌ အစသတ်လိုက်သည်။

သူ၏တစ်ဖက်တည်းသာရှိသော လက်ကိုမူ ကြိုးနှင့်တုတ်မထားဘဲ လွှတ်ပေးထားသည်။

ထို့နောက် စားပွဲပေါ်သို့ အရက်နှင့်စားစရာများကို တင်ပေးလိုက်သည်။

ကွေ့ထင်းပုသည် အရက်ကိုသာသောက်ပြီး အစားအ

www.burmeseclassic.com

www.burmeseclassic.com



သောက်ကိုမှု ယူမစားချေ။

ကွေ့ထင်းပုက....

"မင်းက ဘာဖြစ်လို့လိုက်မသွားတာလဲ"

ဟူကျန်းစုက....

"ခင်ဗျားက သူတို့ကို ထောင်ချောက်ထဲထည့်လိုက်တာဆိုရင် ခင်ဗျားကိုဆုံးမဖို့ ကျုပ်ကနေခဲ့တာဗျ"

ကွေ့ထင်းပု သက်ပြင်းချလိုက်သည်။

"ဟင်း....."

"ခင်ဗျား ဘာကိုသက်ပြင်းချတာလဲ"

"ငါက အမှန်ကိုပြောလိုက်တာပါ။ ငှက်ကလေးတွေတစ်ကောင်ပြီးတစ်ကောင် သေနေမှတော့ ငါ ဘယ်လျှို့ဝှက်နေရဲတော့မှာလဲ"

ဟူကျန်းစုက အေးအေးဆေးဆေး ပြောပြလေသည်။

"ခက်တာက ကျုပ်တို့ဟာ အရာအားလုံးကိုမယုံကြည်တတ်တော့ဘူးဗျ။ အဲဒါခက်နေတာပေါ့"

"ငါက အမှန်အတိုင်းပြောတာပါကွာ"

"ဒါပေမယ့် ကျွန်တော်တို့က မယုံတတ်တော့ဘူး"

"မင်း ဒီမှာဘယ်လောက်ကြာကြာနေမှာလဲ"

"သူတို့ပြန်ရောက်လာတဲ့အထိ ဒါမဟုတ်ရင် သူတို့သေသွားတာကို သိရတဲ့အထိပေါ့"



ကွေ့ထင်းပုသည် တစ်ဖက်တည်းသောလက်ဖြင့် အရက်ငှဲ့လိုက်သည်။

ထို့နောက်....

"ငါ့ဘဝမှာ ဒီလိုအဖြစ်မျိုး တစ်ကြိမ်မှ မကြုံဖူးပါဘူးကွာ"

"ဒီလိုပါပဲဗျာ... တစ်ခါတလေ သားကောင်ဖြစ်တတ်တာပဲ၊ ကျုပ်တို့လဲ သားကောင်ဖြစ်နေတာပဲ၊ ပြေးနေတာပဲဗျာ၊ အင်း... ကြာခင်တော့ ကျုပ်တို့မုဆိုးတွေ ဖြစ်တောင်းဖြစ်လာနိုင်ပါတယ်"

ကွေ့ထင်းပုက....

"ငါပြောတာ အမှန်တွေဆိုတာ မင်းယုံကြည်ဖို့ကောင်းတယ်ကွာ၊ မင်း ဒီမှာကျန်နေတာ ပိုပြီးအန္တရာယ်ကြီးတယ်"

ဟူကျန်းစုက မျက်မှောင်ကုတ်သွားဖြစ်တော့သည်။

"ဘာဖြစ်လို့ အန္တရာယ်ကြီးတာလဲ"

ကွေ့ထင်းပုက ဆက်၍ပြောလိုက်သည်။

"စန်ကျုံးယင်ဟာ ငါ့ကိုပစ်ထားမယ်လို့များ ,မင်း ထင်သ သူဟာ ဆက်စပ်စဉ်းစားပြီး ငါ့ဆီကိုရောက်လာနိုင်တယ်"

ဟူကျန်းစု ရင်ထဲ၌ လေးလံသွားသည်။

ကွေ့ထင်းပု၏ပြောစကားမှာ ဖြစ်နိုင်ပေသည်။ သို့သော် သူ သို့မျှ ဤနေရာက ထွက်မသွားနိုင်ပါ။

ဟူကျန်းစုက သက်ပြင်းချလိုက်သည်။ ဤနေရာသို့ စန် လိုက်လာနိုင်သည်ကို လက်ခံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဤနေရာမှမခွာနိုင်။ ထို့ကြောင့် စန်ကျုံးယင် လိုက်လာခြင်းကို မတွေ့တာက ပိုကောင်းပေသည်။

ထို့ကြောင့် စကားလမ်းကြောင်းပြောင်းလိုက်ခြင်းဖြစ်၏။ ကွေ့ထင်းပုသည် ရှားပါးသောငှက်အကြောင်းပြောရလျှင် ငြီးငွေ့တတ်သူမဟုတ်ပါ။

ထို့ကြောင့် ငှက်များအကြောင်းတစ်ကောင်ပြီးတစ်ကောင် ပြောပြနေရှာတော့၏။

ဤသို့ဖြင့် သုံးရက်လွန်မြောက်ခဲ့လေသည်။ ဤသုံးရက်စလုံး ကွေ့ထင်းပုသည် ငှက်အကြောင်းကို မမောပပန်း ထိုင်ပြောနေခဲ့သည်။

ဟူကျန်းစု သိလာသည့်အချက်တစ်ချက်ရှိသည်။

ကွေ့ထင်းပုသည် ငှက်များအကြောင်း အလွန်နားလည်သူဖြစ်သည်ဆိုသည့်အချက်ပင်။ ထိုမျှသာမကသေးချေ။

ရောက်လီနှင့်တိုက်ခိုက်စဉ်အခါက ကွေ့ထင်းပု၏သိုင်းပညာကို သူတွေ့မြင်ခဲ့ရပြီးဖြစ်သည်။

လှံရှည်ပညာကို တကယ်ကျွမ်းကျင်သူဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ကွေ့ထင်းပုအား လုံးဝအလစ်ပေးရဲချေ။

ထို့အတူ ငှက်များကိုလည်း အလစ်မပေးရဲချေ။

ဟူကျန်းစု ငှက်လှောင်အိမ်တံခါးများကိုလိုက်ပိတ်ထားသည်။



ကွေ့ထင်းပုသည် မာဂဓဘာသာဖြင့် ငှက်များကို တစ်စုံတစ်ခုအချက်ပေးလိုက်သော် ငှက်များ၏တုံ့ပြန်မှုကို ဟူကျန်းစု မသိချေ။

ရောက်လီအား သိမ်းငှက်ကြီးနှစ်ကောင်က တိုက်ခိုက်သည့် အပြုအမူမျိုးမဖြစ်ဟု မပြောနိုင်ချေ။

သူသည် စန်ကျုံးယင်က ကွေ့ထင်းပုနောက် လိုက်လာခဲ့သည်ရှိသော် ဆိုသည့်အချက်ကို မမေ့ချေ။ တဖြည်းဖြည်း နေဝင်လာပြီ။

ရောက်လီသည် လူဝါမြို့သို့ဆိုက်ရောက်လုပြီဟု သူတွက်၏။ နံနက်ဖြန် နံနက်စောစောတွင် ရောက်လီထံမှ သတင်းတစ်ခုခုကြားရမည်ဟု သူ တွက်ဆ၏။

ထိုစဉ် သူ၏ကြွက်သားများ တင်းလာသလို ခံစားလာရသည်။ ကျောရိုးထဲမှအေးစိမ့်လာသလိုလည်း ခံစားလိုက်ရသည်။

မကြာမီ ညအမှောင်သည် ဖုံးလွှမ်းလာလေတော့သည်။

လှုရိပ်သုံးရိပ်သည် ခြံစည်းရိုးအနီးသို့ချဉ်းကပ်လာသည်။ အသေအချာကြည့်မည်ဆိုလျှင် စန်ကျုံးယင်၊ ချင်းရှောင်နှင့်ချီရှောင်တို့ဖြစ်သည်ကို တွေ့မြင်ရပေလိမ့်မည်။

တစ်ခဏမျှသာ ကြာသည်။ သူတို့စောင့်နေစဉ် ဓားသမားဆယ်ဦးခန့် ရောက်ရှိလာလေသည်။

စန်ကျုံးယင်က လက်ပြလိုက်သောအခါ ဓားသမားများ

www.burmeseclassic.com

www.burmeseclassic.com



သည် ခြံစည်းရိုးကိုကျော်ဝင်ပြီး ရဲတိုက်အခြေသို့ ပြေးကပ်လာကြတော့သည်။

စန်ကျိုးယင်ကမူ တံခါးကိုဖွင့်၍ဝင်သည်။ သူ့နောက်မှ ချင်းရှောင်နှင့်ချီရှောင်တို့သည် မျက်စိလျှင်လျှင် နားပါးပါးထား၍ လိုက်ပါလာကြသည်။

"ခြင်… ချလွင်"

ခေါင်းလောင်းကလေးသည် ရုတ်တရက် မြည်ဟည်းသွားသည်။

ဟူကျန်းစု ဓားဆွဲပြီး ရုတ်တရက် ခုန်ထလိုက်သည်။

ထိုကြိုးတန်းကို ဟူကျန်းစု ချိတ်ဆွဲထားခြင်းဖြစ်သည်။ သူသည် အနက်ရောင်ကြိုးတန်းကို ခေါင်းလောင်းကလေးဖြင့် ဒူးဆစ်နားခန့် ချိတ်တန်းထားခဲ့ခြင်းဖြစ်သည်။

ထိုကြိုးတန်းကလေးအား တစ်စုံတစ်ယောက်က ဝင်တိုက်မိခဲ့ချေပြီ။

ထိုသူသည် ရန်သူမှတစ်ပါး အခြားသူမဖြစ်နိုင်ချေ။ ထိုရန်သူသည် တိတ်တိတ်ကလေး လာခဲ့သူမဟုတ်ပါလား။

ထိုစဉ် အခန်းတံခါးမှာကျိုးပဲ့သွားပြီး အခန်းထဲသို့အလုံးကလေးငါးလုံးဝင်လာပြီး ပေါက်ကွဲသွားသည်။

"ဝုန်း… ဝုန်း… ဝုန်း"

မီးခိုးများ အူထွက်လာသည်။ မီးခိုးများကြောင့် လူရိပ်များကို တွေ့ရသည်။



ဟူကျန်းစုသည် အခန်းဝရှိ လူရိပ်များရှိရာသို့ ဓားပါးလေးများကိုပစ်သွင်းလိုက်ပြီး သူကတော့ ပြတင်းပေါက်မှခုန်ချလိုက်သည်။

သူ့ထံသို့ ဓားသမားနှစ်ယောက်ပြေးလာသည်ကို တွေ့ကြရသဖြင့် ဟူကျန်းစုသည် ရင်ဆိုင်ရတော့သည်။

သူသည် ရန်သူများကို ဆီးကြိုတိုက်ခိုက်ရတော့သည်။

တစ်ယောက်သည် ဟူကျန်းစုထံ ပြေးဝင်လာကာ စင်ရော်တောင်ဓားဖြင့် သိမ်း၍ ခုတ်ချလိုက်သည်။

ဟူကျန်းစုက ရှောင်တိမ်းပြီး ရှေ့ထုတ်လိုက်ရာ ဓားသမားနောက်ကျောသို့ရောက်ရှိသွား၏။

ခန္ဓာကိုယ်အား လှည့်မနေတော့ဘဲ ဓားနှင့်ပြန်ထိုးချလိုက်ရာ ဓားသမား၏ခန္ဓာကိုယ်ကြီးမှာ တွန့်ခနဲ ဖြစ်သွားရှာတော့သည်။

"ဗွပ်…"

"အား…"

ဓားကို ဆွဲနုတ်လိုက်သည်။

ကျန်ဓားသမားတစ်ဦးအား ရင်ဆိုင်ရပြန်၏။ ဓားသမားသည် ဟူကျန်းစုအား တရကြမ်း တိုက်ခိုက်၏။

ထိုဓားသမားမှာလည်း တာရှည်မတိုက်ခိုက်နိုင်ပါ။ သူသည် လောနေသဖြင့် ဟူကျန်းစုက ရင်ဝသို့ခွဲချသွားလေသည်။

"အား…"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ပြေးလွှားလာသောခြေသံများကိုကြားရသဖြင့် ဟူကျန်းစုသည် ခြံစည်းရိုးကို တစ်ပတ်ကျွမ်းထိုး၍ ခုန်ကျော်လိုက်သည်။

သူသည် တောင်ကုန်းထက်သို့ ပြေးတက်လာတော့သည်။

အမှောင်ထုအတွင်း ပြေးဝင်လိုက်သည်။ ရန်သူသည် မိမိအား အမှောင်ထုအတွင်း၌ လွယ်ကူစွာ မရှာဖွေနိုင်ပါ။

သူ ပြေးမြဲပြေးနေပါသည်။ အရှိန်ကိုလျှော့ချခြင်း မရှိပါ။ ရန်သူသည် ယခုပါလာခြင်းမရှိသော်လည်း နောက်တော့ လိုက်လာမည်မှာ သေချာသည်။

သူသည် လူဝါမြို့သို့ အမြန်ဆုံးသွားရောက်ရပေမည်။ စန်ကျုံးယင် လိုက်လာပြီဖြစ်ကြောင်း ရှောက်လီအား အသိပေးရမည်။

ဤသို့သတင်းမပေးနိုင်ပါက ရှောက်လီသည် စန်ကျုံးယင်၏လက်ထဲသို့ ကျရောက်သွားပေလိမ့်မည်။

သူ စိတ်ပူလာသည်။ သူသည် မနားတမ်း ပြေးလေတော့သည်။

ကြာသော် သူ မောပန်းလာ၏။ သူသည် အသွေးအသားနှင့် ထုလုပ်ထားသည့် သူပေပဲ။ သာမန်လူများထက် အမောခံနိုင်ခြင်းသာ ကွာခြားပေမည်။ ကြာလာသည့်အခါ သူလည်း မောပန်းပေမည်။

သူသည် အတော်ပင် ခရီးပေါက်လာခဲ့သူဟု ယူဆသည်။ မှောင်နေသဖြင့် သူရောက်ရှိနေသည့်နေရာကို မခန့်မှန်းနိုင်ပါချေ။

သို့သော် သူသည် မြင့်သည့်နေရာသို့ တဖြည်းဖြည်း ပြေးတက်လာမိကြောင်းကိုတော့ သိသည်။



သူသည် ပြေးနေရာမှ ရပ်တန့်လိုက်သည်။ မတ်ဝန်းကျင်အား လှည့်ပတ်အကဲခတ်လိုက်သည်။

ထိုအခါ အမှောင်ထုအတွင်းမှ လက်ခနဲဖြစ်သွားကြောင်း တွေ့လိုက်ရတော့သည်။

သူ ရိပ်ခနဲ ရှောင်တိမ်းလိုက်သည်။ ဓားပျံတစ်လက်သည် ဦးခေါင်းဘေးမှကျော်ဖြတ်ကာ နောက်ဘက်ရှိ သစ်ပင်များ၌သွားစိုက်နေလေသည်။

ရန်သူသည် မိမိ၏နောက်သို့ ထပ်ကြပ်မကွာ လိုက်ပါခဲ့ချေပြီတကား။

ရန်သူမည်မျှအဆင့်မြင့်သည်ကို ဟူကျန်းစုမှာ ခန့်မှန်းမိတော့သည်။

သစ်ပင်များကြားမှ ရွေ့လျားလာသောလူရိပ်ကို တွေ့မြင်နေရပေသည်။

သူသည် အိတ်ထဲသို့နှိုက်လိုက်သည်။ ဓားပါးလေးတစ်လက် ထွက်လာသည်။

ထို့ကြောင့် ဓားရှည်ကို ဘယ်လက်ဖြင့်ပြောင်းကိုင်ပြီး ဓားပါးကလေးကို ညာလက်ဖြင့် ကိုင်လိုက်သည်။ သူကြည့်နေစဉ်မှာပင် ရန်သူသည် တဖြည်းဖြည်း ရှေ့သို့တိုးလာလေသည်။

သူ၏လှုပ်ရှားမှုသည် လွန်စွာ ညင်သာသည်။ ရန်သူ့ခိုးသော

www.burmeseclassic.com

www.burmeseclassic.com



သည်ကိုစောင့်ပြီး ဓားပါးလေးကိုပစ်လွှတ်လိုက်သည်။

သူ၏ဓားပစ်ပညာသည် ကျင်းစုကိုကိုမမီပါ။ သို့သော် ထိပ်တန်းပညာပင် ဖြစ်ပါသည်။

ရန်သူက လျင်သည်။ အသံကြားသည်နှင့် ကိုယ်ကိုပြားနေအောင် ဝပ်လိုက်သည်။ ထိုအခါ ဓားပါးလေးသည် သူ့ကျောပေါ်မှ ကျော်ဖြတ်သွားတော့သည်။

ဟူကျန်းစု အချိန်ဆွဲမနေတော့ပါ။ ဓားကို ညာဘက်သို့ ပြောင်းကိုင်ပြီး ရန်သူ့ဆီသို့ခုန်ဝင်သွားသည်။

ရန်သူအား ဓားဖြင့် ခုတ်လိုက်သည့်အခါ ရန်သူသည် လိမ့်ရှောင်သွားသဖြင့် မြေကြီးကိုသာ ခုတ်မိတော့သည်။

ရန်သူသည် ခုန်ထလာ၏။ သူ့လက်ထဲတွင်လည်း ဓားတစ်ချောင်းအသင့်ပါလာသည်။

ဟူကျန်းစုသည် ဓားကိုထောင်ထားသည်။ သူ၏ဘယ်လက်ကမူ ရင်ဝကိုကာထားသည်။ သူ၏ခြေနှစ်ဖက်မှာ ကွေးနေသည်။ အလိုက်သင့် ခုန်ထွက်တိုက်ခိုက်နိုင်ရန် ကွေးထားခြင်းဖြစ်၏။

သူ အံ့သြသွားသည်။ ရန်သူကလည်း သူ့အတိုင်း ရပ်နေသည်ကိုတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ကြေးစားဓားသမားများသည် တစ်ပုံစံတည်း မဖြစ်ကြပါ။ လက်အနေအထားမှာ ကွဲလွဲကြပါသည်။

ယခုမူ ထိုသူသည် မိမိနှင့်တစ်ပုံစံတည်း တူညီစွာ ရပ်နေ



သည်။

ထိုသူသည် တာလီနိုင်ငံတွင် သူကဲ့သို့ ဓားပညာသင်ကြားခဲ့သူဖြစ်လေသည်တကား။

ဟူကျန်းစုသည် မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

ဤသူသည် မည်သူနည်း။ ဤသူသည် ရွှေဓားအာမခံဌာန၊ ဌာနမှူးထံမှရရှိခဲ့သည့်စာရင်း၌ ပါဝင်ခဲ့သူလော။

ထိုစာရင်း၌မပါဝင်ဘဲ တာလီနိုင်ငံ၌ ဓားပညာသွားရောက်သင်ကြားခဲ့သူလော။

ထိုစဉ် ထိုသူကစတင်၍ ဓားဖြင့်ထိုးလိုက်၏။ ထိုဓားချက်မှာ တာလီဓားကွက်ပင်။

သူ့မှာလည်း ထိုဓားကွက်ကိုလိုက်၍ တိုက်ခိုက်ရတော့သည်။ သိုင်းကွက်ချင်း တူညီနေရုံမျှမက လျင်မြန်မှုလည်း တူညီနေသည်။

သူက ဖနောင့်ကိုဖိနင်း၍ တစ်ပတ်လှည့်ရှောင်သည်။ ထိုသူအား တိုက်ခိုက်သောအခါ ထိုသူသည် သူ့အတိုင်းလိုက်၍ရှောင်တိမ်းသည်။

သို့သော် နှစ်ယောက်စလုံး မျက်နှာချင်းဆိုင်သောအခါ တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူခုတ်ထစ်မိကြပြန်သည်။

ဟူကျန်းစုမှာ မှန်ထဲ၌ကြည့်၍ အရိပ်နှင့်တိုက်ခိုက်သလိုဖြစ်နေမိသည်။ အချိန်များ ကုန်ဆုံးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရန်သူစားသမားအား အနိုင်မရသေးဘဲရှိရုံမက ဘယ်ဘက်လက်နှင့်ရင်ဝတွင် ဓားဒဏ်ရာငါးချက်ခန့်ရရှိနေပြီ။ သွေးချင်းချင်း နီနေပေပြီ။

သူတစ်ယောက်တည်း ဒဏ်ရာရသည်မဟုတ်ပါ။ ထိုသူမှာလည်း တူညီသောဒဏ်ရာများရပြီး သွေးချင်းချင်းနီနေပါပြီ။

ဟူကျန်းစုသည် ဓားကွက်ချင်းတူညီနေသည့်အတွက် အခြားဓားကွက်ကိုပြောင်းသုံးလိုက်ရန် စဉ်းစားသည်။

သို့သော် အထွတ်အထိပ်အနေအထားသို့ ရောက်နေသဖြင့် အခြားဓားကွက်ကိုမသုံးရဲချေ။

တစ်ဦးနှင့်တစ်ဦး ဓားပညာတူနေရုံမျှမက သွက်လက်လျင်မြန်ပုံမှာလည်း တူညီနေ၏။

ဟူကျန်းစုသည် အံကြိတ်ပြီး ခြေဖနောင့်ပေါ်တွင် ဟန်ချက်ထားကာ ကိုယ်ကို တဖြည်းဖြည်း လှည့်နေ၏။

ရန်သူအား သတိကြီးစွာထား၍ အကဲခတ်နေရသည်။ ရန်သူ၏ပျော့ကွက်ကို ရှာဖွေနေခြင်းဖြစ်သည်။

ရန်သူကလည်း ထိုနည်းတူပျော့ကွက်ကို ရှာနေသည်။ ဟူကျန်းစု စိတ်ကူးတစ်ခုရ၏။ ထို့ကြောင့် ထိုစိတ်ကူးအတိုင်း အကောင်အထည်ဖော်လိုက်သည်။

ရန်သူအား စက်ဝိုင်းဗဟိုတွင်ရှိနေစေပြီး သူက လှည့်ပတ်၍ စူးစိုက်ကြည့်နေခြင်းပင်တည်း။



စက်ဝိုင်းအပြင်မှ လှည့်ပတ်သူသည် စက်ဝိုင်းဗဟိုမှလှည့်ပတ်သူထက် ခေါင်းပို၍မူးသည်မဟုတ်ပါလော။ မူးပါစေ။ ဟူကျန်းစုသည် စက်ဝိုင်းအပြင်မှသာ လှည့်ပတ်နေပေသည်။

သို့သော် ရန်သူသည် ဟူကျန်းစု၏အကြံကို ရိပ်မိသွားပြီးသူကလည်း စက်ဝိုင်းတစ်ခုပြုလုပ်ပြန်တော့သည်။ မြေကြီးပေါ်တွင် စက်ဝိုင်းနှစ်ခုပေါ်လာတော့သည်။

ဤတစ်ကြိမ်တွင်လည်း ဉာဏ်ရည်သည် ထပ်တူဖြစ်နေပြန်သည်။

"သုတ်သင်ရေးသမားဟာ သေဖို့မွေးဖွားလာတာဖြစ်တယ်၊ ရန်သူကိုသုတ်သင်တဲ့နေရာမှာ ကိုယ့်အသက်ကို ဂရုစိုက်နေရင် ဘယ်တော့ရန်သူကို သုတ်သင်နိုင်တော့မှာလဲ"

စန်ကျုံးယင်၏ဩဝါဒစကားပင်။

သူသည် စန်ကျုံးယင်၏ဩဝါဒစကားကို ပြန်လည်ကြားယောင်လာသည်။

ရန်သူသည် သူ့နှင့်လက်ရည်တူသလို ဉာဏ်ရည်လည်း တူနေသည်။

ဤသို့သောအခြေအနေတွင် အတွေ့အကြုံများသူက အနိုင်ရသောမည်ဟု သူယူဆသည်။ သူသည် အတွေ့အကြုံများသည်ဟု ယုံကြည်၏။

သို့သော် သူရင်ဆိုင်နေရသောဓားသမားသည် သူ့ထက်အ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုး စန်ကျိုးယင်ကမွေးထုတ်လိုက်သည့်ဓားသမား ချီရှောင်ဖြစ်
နေသည်ကို ဟူကျန်းစု မသိပါချေ။

ဟူကျန်းစုသည် ဓားကွက်များကို တစ်ကွက်ပြီးတစ်ကွ
ဖော်၍တိုက်ခိုက်၏။

ဟူကျန်းစု၏ဓားချက်မှာ ချီရှောင်ထံသို့ တိုးဝင်သွားသ
ချီရှောင်၏ဓားချက်များကလည်း ဟူကျန်းစုထံသို့ တိုးဝင်လာသည်

ဒဏ်ရာများသည် ဟူကျန်းစုကိုယ်ပေါ် တစ်ချက်ပြီးတ
ချက် ပေါ်လာသကဲ့သို့ ချီရှောင်၏ကိုယ်ပေါ်တွင်လည်း ပေါ်လ
သည်။

ထိုစဉ် အဝေးဆီမှ ခြေသံများကြားလာရသည်။

ဟူကျန်းစုသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး အပြင်းထ
ဆုံးဓားကွက်ကို ဖော်ထုတ်လိုက်သည်။

ထိုသိုင်းကွက်သည် တာလီဓားကွက်မဟုတ်ပါ။ ရုတ်တရ
ဓားကွက်ပြောင်းလိုက်ခြင်း ဖြစ်သည်။

ဟူကျန်းစု စွန့်လိုက်ခြင်းဖြစ်သည်။ ထိုဓားကွက်သည် အ
လွန်ရိုးစင်းသောဓားကွက်ဖြစ်သည်။

ချီရှောင်သည် နာနာကျင်ကျင် ပြုံးလိုက်မိသည်။ ဓားကွ
ကိုမပြောင်းလဲပါ။ တာလီဓားကွက်ကိုသာ ဆက်ထုတ်ပါသည်။

သူ၏ အတွေ့အကြုံအရ ဓားကွက်စပြောင်းသူသည် ရှုံးမ
သူဖြစ်ရပေမည်။



သူ၏ဓားသည် ဟူကျန်းစု၏လည်ပင်းကို ခုတ်မိသည်။

ထို့အတူ ဟူကျန်းစု၏ဓားသည်လည်း သူ့ဝမ်းဗိုက်အား ထိုး
ဖောက်သွားတော့သည်။

ဟူကျန်းစု၏ဓားမှာ ပြင်းထန်သောအရှိန်ဖြင့် ချီရှောင်၏ဝမ်း
က်အတွင်းသို့ ဝင်သွားတော့သည်။

ထို့နောက် ဟူကျန်းစု လဲကျသွားတော့သည်။

အရုဏ်ဦးအလင်းရောင်လည်း တက်လာပေပြီ။

ထိုစဉ် စန်ကျိုးယင်နှင့်ချင်းရှောင်တို့သည် တောင်ကုန်းက
ပေါ်သို့တက်လာခဲ့၏။ အသက်ကင်းမဲ့နေပြီဖြစ်သော ဟူကျန်းစု
ချီရှောင်တို့၏အလောင်းများကို တွေ့လိုက်ရသည်။

စန်ကျိုးယင် သက်ပြင်းချလိုက်သည်။

"သူ့တို့ကို ကောင်းကောင်းမွန်မွန် သဂြိုလ်လိုက်ပါကွာ"

ချင်းရှောင်သည် ကျင်းနှစ်ကျင်းတူး၍ ဟူကျန်းစုနှင့်ချီရှောင်
၏အလောင်းများကို မြှုပ်လိုက်သည်။

စန်ကျိုးယင် သက်ပြင်းချလိုက်၏။

သူသည် မွန်ဂိုတပ်မှူးများကိုလုပ်ကြံသုတ်သင်ပြီးနောက်
လီအပေါ် အပြစ်ချကာ နှုတ်ပိတ်ရန် ကြံစည်ခဲ့သည်။

သို့သော် ယခုအထိ ရှောက်လီကိုဖမ်း၍မမိသေးပါ။

ယခု ဟူကျန်းစုကတော့ သေဆုံးသွားပြီဖြစ်၏။ သူ့ဘက်က
ဟူကျန်းစုကဲ့သို့ထက်မြက်သော ချီရှောင်ကို ရင်းလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ယောက်သေသည်မှာ အကြောင်းမဟုတ်ပါ။ ဟူကျန်းစုသေဖို့သာ လိုရင်းဖြစ်ပါသည်။

ယခုရောက်လီကိုမိရန် လက်တစ်ကမ်းသာ လိုနေသည်။

မိမိကာကွယ်နိုင်တော့မည်ဖြစ်၏။ မိမိအကြောင်းကို မည်သူမျှသိနိုင်တော့မည်မဟုတ်ပါ။

သို့သော် သူ့ရင်မှာမွန်းကျပ်နေသည်။

ဟူကျန်းစုနှင့်ရောက်လီတို့ကို သူသည် ငယ်စဉ်ကတည်းက ပုံသွင်းလေ့ကျင့်ပေးခဲ့သည်။

သူတို့နှစ်ဦး၏ အပြစ်ကင်းစင်သောမျက်နှာများကို စန်ကျုံးယင် မျက်စိထဲတွင် ပြန်မြင်လာသည်။

သူတို့နှစ်ဦးသည် မိမိအား အ လွန်တွယ်တာကြသည်ကိုသိသည်။ မိမိကျေနပ်အောင် အမြဲကြိုးစားကြသည်ကို မိမိသိသည်။

ဤကဲ့သို့ဖြစ်အောင် မိမိက မွေးထုတ်ခဲ့ခြင်းဖြစ်သည်။

ထို့အတွက် သူ ဂုဏ်ယူသင့်သည်။ သို့သော် ဂုဏ်မယူနိုင်ပါ။

နှစ်ဦးစလုံးသည် မိမိက သတ်မိန့်ထုတ်ခဲ့ပြီးသူဖြစ်သည်။ စန်ကျုံးယင် သက်ပြင်းချလိုက်သည်။

စန်ကျုံးယင်သည် မိဘမဲ့ကလေးဆယ့်နှစ်ယောက်ကို မွေးထုတ်ခဲ့သည်။

ယခုတော့ ချင်းရှောင်နှင့်ရောက်လီတို့သာ ကျန်ရစ်ပါတော့သည်။



ကျန်ဆယ်ယောက်စလုံး သေကုန်ပြီ။ ယခု ချီရှောင်သေဆုံးပြီး ချင်းရှောင်တစ်ဦးတည်းသာ ကျန်ရစ်ပေတော့သည်။

"ငါ့ကို ခွင့်လွှတ်ပါကွာ… ဘယ်အရာမဆို ကိုယ့်ထက် ဘယ်သူ့ကိုမှ ပိုမချစ်နိုင်ပါဘူး"

စန်ကျုံးယင်သည် မြေပုံနှစ်ပုံကိုကြည့်ရင်း အသံမထွက်ဘဲ ရေရွတ်လိုက်သည်။

ထို့နောက် ချင်းရှောင်နှင့်အတူ တောင်ကုန်းပေါ်မှဆင်းလာလေတော့သည်။

မကြာမီ လူ၀ါမြို့၌ ရောက်လီသေဆုံးရမည်ဟု သူယုံကြည်သည်။ သူ၏အဆက်အသွယ်များထံသို့လည်း သတင်းပို့ခဲ့ပြီးပြီ။

ရောက်လီအား အမြန်ဆုံးသတ်ဟူသည့်သတင်းပင် ဖြစ်တော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၅)

သတင်းအထူးအဆန်း

အိမ်အတွင်း၌ ထိုင်ရန်ခုံဟူ၍မရှိပါ။

အခန်းထောင့်တစ်နေရာတွင် လူတစ်ယောက်ထိုင်ကာ တရုတ်ဗျပ်စောင်းကို တီးခတ်နေသည်။

ထိုလူမှာ အသက်ငါးဆယ်ကျော်အရွယ်သာရှိသည်။ အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူတီးခတ်လိုက်သောဂီတသံမှာ ပျော့ပျောင်းနူးညံ့သဖြင့် ကြားရသူအပေါင်း ရပ်တန့်မိန်းမောသွားနိုင်သည်။

ထိုလူ၏မျက်နှာမှာလည်း နူးညံ့နေ၏။ သူသည် တေးသီချင်းတစ်ပုဒ်ကို စတင်သီဆိုတော့၏။

သီချင်းသံမှာ ပီသကြည်မြနေ၏။ အသံသြဇာလည်း ရှိ၏။

သီချင်းသံကိုနားထောင်မိသူအပေါင်းမှာ ဂီတရေယာဉ်



ကြောဝယ် နှစ်မျောသွားကြရမည်သာဖြစ်ပေ၏။

အိမ်၏တံစက်မြိတ်အောက်တွင် လူတစ်ယောက်ထိုင်နေသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ဖြစ်ပြီး ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသည်။

သူသည် ပေါင်ပေါ်တွင် ကြီးမားသောပုဆိန်တစ်လက်ကို တင်ထားပြီး တွေဝေစဉ်းစားနေဟန်ရှိ၏။

သူသည် မည်သည့်ဂီတကိုမှ စိတ်မဝင်စားချေ။

ကျွဲပါးစောင်းတီးဟူသည်မှာ ဤလူစားမျိုးပင်ဖြစ်၏။

သူသတိထားသည်မှာ ရန်သူသာဖြစ်သည်။ တာဝန်ဝတ္တရားများကိုသာ ဦးထိပ်ထားသောလူမျိုးဖြစ်၏။

သူ၏မျက်လုံးအစုံသည် စူးရှထက်မြက်နေပြီး ပတ်ဝန်းကျင်ကိုသာ အဆက်မပြတ် အကဲခတ်နေသည်။

သူသည် ဤတာဝန်ကိုထမ်းဆောင်နေသည်မှာ ငါးနှစ်ရှိပေပြီ။

ထိုငါးနှစ်စလုံး ရန်သူနှင့်တစ်ကြိမ်မျှ မကြုံခဲ့ဘူးပါ။ အမြဲတာဝန်ကျအောင် ထမ်းဆောင်တတ်၏။

သူ ဤနေရာသို့ရောက်ရှိနေချိန်မှစ၍ မည်သည့်လူစိမ်းကိုမျှ စကားမပြောခဲ့ပါ။ ထို့ကြောင့် သူ့အား ဆွံ့အနေသည်ဟု ထင်မှတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် သူသည် စကားပြောနိုင်ပါသည်။ စကားပြောသည်နှင့် သူ၏ဓာတ်အမှန် ပေါ်သွားမည်ကိုစိုးရိမ်သဖြင့် စကားမပြောခြင်းဖြစ်သည်။

တေးသံမှာ လွင့်ပျံ့နေဆဲဖြစ်ပါသည်။

သက်တော်စောင့်မှာလည်း တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

ညမှောင်လာသောအခါ သက်တော်စောင့်သည် မှန်အိမ်ဖြင့် မီးထွန်းလေတော့သည်။

ကျောက်ကွမ်းတ သီချင်းဆိုမှုရပ်တန့်သွားလေပြီ။ သူသည် တေးသီချင်း ရေးစပ်နေသည်။ အသံရှာလိုက်၊ သီချင်းရေးလိုက် ပြုလုပ်နေသည်။

သက်တော်စောင့်သည် အခန်းတံခါးများကို လိုက်ပိတ်နေသည်။

ကျောက်ကွမ်းတသည် တံခါးလိုက်ပိတ်နေသောသက်တော်စောင့်ကိုကြည့်ကာ လှမ်းပြောလိုက်သည်။

"မင်းအိပ်ချင် အိပ်တော့... ကျုပ်တော့ ဒီသီချင်းပြီးအောင် စပ်လိုက်ဦးမယ်"

သက်တော်စောင့်သည် ပြတံခါးများပိတ်ပြီးသည်နှင့် ထွက်သွားလေသည်။

သူသည် ကျောက်ကွမ်းတကိုမကြည့်ပေ။ အိမ်ရှေ့ခန်းထိုင်



စောင့်နေတော့မည်။ ကျောက်ကွမ်းတအိပ်မှ သူ အိပ်ပေမည်။

ကျောက်ကွမ်းတက သက်ပြင်းချလိုက်သည်။

ကျောက်ကွမ်းတသည် ဤသို့သောသက်တော်စောင့်မျိုးကို မှ မလိုချင်ပါ။

မလိုအပ်ခြင်းမှာ သူသည် အနုပညာသမားတစ်ယောက်ဖြစ်နေသောကြောင့်ပင်။

အနုပညာသမားတစ်ယောက်တွင် သက်တော်စောင့်များလိုအပ်ပါသလား။

သို့သော် သူတို့က မိမိလုံခြုံရေးအတွက် အကြောင်းပြကာ သက်တော်စောင့်တစ်ယောက်ကို အမြဲပို့ပေးခဲ့သည်။

သူ့တစ်သက်တာတွင် ယခုသက်တော်စောင့်ကဲ့သို့ တာဝန်ကို ဦးထိပ်ထားသော သက်တော်စောင့်မျိုးမတွေ့ခဲ့ဘူးချေ။

ထို့ကြောင့် သူ့မှာကျပ်တည်းသလို ခံစားနေရသည်။

အနုပညာရှင်စောင်းသမားအနေဖြင့် လွတ်လပ်စွာ နေလိုသည်။ လွတ်လပ်စွာ တွေးလိုငေးလိုသည်။

သက်တော်စောင့်ကတော့ လိုက်မတားမြစ်ပါ။ သို့သော် သူ့အဖို့ဘာမျှမလုပ်နိုင်သလို ဖြစ်နေသည်။

ဤတစ်ကြိမ် သူတို့ရောက်ရှိလာလျှင် သက်တော်စောင့်လဲရန် ပြောဆိုရပေတော့မည်။ ဤမျှတာဝန်ကျေပွန်သောသက်တော်စောင့်မျိုးကို သူမလိုချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အတွေးထဲ ပြန်နှစ်မြုပ်လိုက်သည်။ တေးသီချင်းတစ်ပုဒ်ကိုပြီးစီးအောင် ရေးစပ်တော့သည်။

သို့သော် သက်တော်စောင့်အကြောင်း အတွေးဝင်လာသည်နှင့် သူ၏တေးသီချင်းရေးလိုသည့် အနုပညာစျာန်သည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့သည်။

ကျောက်ကွမ်းတသည် တေးသီချင်းရေးစပ်၍ မရတော့သည့်အတူတူ အရက်တစ်ခွက်ကို ငုံ့သောက်လေတော့သည်။

○

လူဝါမြို့နှင့်မိုင်နှစ်ဆယ်ခန့်ကွာဝေးသော ရွာကလေးတစ်ရွာရှိသည်။

ထိုရွာကလေးတွင် မြင်းစီးသမားတစ်ယောက်ရှိလေသည်။ သူသည် မြင်းကိုဒုန်းစိုင်းလာခြင်းဖြစ်သည်။

အိမ်ကလေးတစ်အိမ်ရှေ့သို့ ရောက်သောအခါ မြင်းကိုဇက်သပ်ရပ်လိုက်သည်။ လူကလည်း လွှားခနဲခုန်ဆင်းလိုက်သည်။

အိမ်ရှေ့တံခါးမှာမူ ပိတ်ထားသည်။ လူငယ်သည် အိမ်ရှေ့တံခါးအနီးသို့တိုးကပ်ပြီး ရပ်လိုက်သည်။

သူသည် မြင်းပြေးသလို အသံမျိုးဖြစ်ပေါ်စေရန် တံခါးခေါက်နည်းဖြင့် ခေါက်လိုက်သည်။



တံခါးပွင့်သွားလေပြီ။ မြင်းစီးသမားလူငယ်သည် အတွင်းသို့ လှမ်းဝင်လိုက်၏။ အဘိုးအိုတစ်ယောက်ကို တွေ့ရသည်။

အဘိုးအိုမှာ မည်မျှအသက်ကြီးနေပြီ ဆိုသနည်းဆိုသော် မျက်ခုံးမွေးများပင် ဖြူနေကြောင်းတွေ့ရသည်။

မြင်းစီးသမားလူငယ်က အဘိုးအိုအား အရိုအသေပေးကာ သေတ္တာနက်ကလေးတစ်ခုကိုလှမ်းပေးသည်။

သေတ္တာနက်ကလေးမှာ ခြောက်လက်မခန့်သာရှိပြီး နှစ်လက်မခန့်သာမြင့်သည်။

အဘိုးအိုသည် မြင်းစီးသမားအား ကြည့်ပြီး မေးလိုက်သည်။

"တခြား ဘာတွေမှာလိုက်သေးသလဲ"

မြင်းစီးသမားလူငယ်က ခေါင်းခါလိုက်သည်။

"ဘာမှမမှာလိုက်ပါဘူး"

အဘိုးအိုက....

"ကောင်းပြီ"

အဘိုးအိုသည် သေတ္တာနက်ကလေးအား ဖွင့်ကြည့်လိုက်လေသည်။

သေတ္တာထဲတွင် စာတစ်စောင်ကိုတွေ့ရသည်။ စာကိုဖတ်ကြည့်ပြီးနောက် မီးရှို့လိုက်တော့သည်။

အဘိုးအိုက မြင်းစီးသမားလူငယ်အား ကြည့်လိုက်ပြီး....

"မှာတဲ့အတိုင်း ဖြစ်ပါစေမယ်လို့ ပြောလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားလူငယ်သည် အဘိုးအိုအား အရိုအသေပေးပြီး နောက် ပြန်လည်ထွက်ခွာသွားတော့သည်။

ထို့နောက် မြင်းပေါ်ခုန်တက်ကာ တဲအိမ်ရှေ့မှ ဒုန်းစိုင်း၍ ထွက်ခွာလေတော့၏။ အတွင်းခန်းမှ လူငယ်တစ်ဦး ထလာ၏။

"ဘာအရေးပေါ်လာသလဲ ဆရာ"

"အရေးတော့ ပေါ်လာပြီ"

"အရေးကြီးသလား"

"ကြီးတယ်… စန်ကျူးယင်ဆီကလာတဲ့သတင်းပဲ၊ ဘေးမဲ့ စည်းကမ်းကိုချိုးဖောက်တဲ့ ဟူကျန်းစုကို ရောက်လီက ကူညီခဲ့တယ်၊ အဲဒီအပြစ်အတွက် ရောက်လီကိုသတ်ရမယ်တဲ့"

"ရောက်လီကို သတ်ရမယ်"

"သတ်ရမှာပေါ့… သူက ဘေးမဲ့စည်းကမ်းကို ချိုးဖောက်တဲ့ ဟူကျန်းစုကို ကူညီခဲ့တာကိုး"

"အင်း… သုတ်သင်ရမှာပေါ့နော်"

"ဟုတ်တယ်… ဒါဟာ သိုင်းလောကရဲ့စည်းကမ်းပဲ၊ တို့ရဲ့ပျံလွှားဂိုဏ်းက ဒီစည်းကမ်းကိုလိုက်နာရမှာပဲ"

"သိုင်းလောကရဲ့ထုံးစံဆိုတော့ လိုက်နာရမှာပေါ့ဆရာ"

"အဲဒါ…"

"ကျွန်တော် ဦးစီးပြီးသွားလိုက်ပါ့မယ်၊ ရောက်လီလောက် တော့ ဂရုစိုက်စရာမလိုပါဘူး"



"ဟား… ဟား… ဟား၊ ရောက်လီကို ဘယ်လိုလူစားမျိုးများ မှတ်နေသလဲ တပည့်"

"ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်… ကျွန်တော်သုတ်သင်နိုင်ပါတယ် ဆရာ"

"သူ့ကို နှင်းတောဖ်ဝံပုလွေလို့ ခေါ်ကြတယ်၊ စန်ကျူးယင်ရဲ့ လက်အောက်မှာရှိတဲ့ သုတ်သင်ရေးသမားတွေထဲမှာ အတော်ဆုံး သုတ်သင်ရေးသမားကွ၊ တော်ရုံဓားသမားတွေ ခေါ်သွားလို့ကတော့ အယောက်နှစ်ဆယ်ဆိုလဲ တုံးခနဲ နေမှာပဲ"

"ကျွန်တော်မသိလို့ပါ ဆရာ"

"အဲဒါ မင်း အတော်ဆုံးဓားသမားတွေကို ခေါ်သွားဖို့ လုပ် ပေတော့"

"ဟုတ်ကဲ့… ကျွန်တော် အထူးဂရုစိုက်ပါ့မယ်"

လူငယ်သည် ဆရာ့အား ရိုသေစွာပြောနေသော်လည်း စိတ် ထဲတော့ မခံချင်စွာပြုံးနေ၏။

နှင်းတောင်ဝံပုလွေသည် သူနှင့်တွေ့လျှင် ဧဝိန်ကြွေသွားရ မည်ဟု ကြုံးဝါးလိုက်သည်။

ထို့နောက် လူငယ်သည် စိတ်ကြိုက်ဓားသမားဆယ် ယောက်ကိုခေါ်ဆောင်၍ မြင်းကိုဒုန်းစိုင်းစီးသွားလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com



လိုယန်းမြို့မှာ လူဝါမြို့၏အထက် မိုင်နှစ်ဆယ်ခန့် အကွာတွင် တည်ရှိသည်။

လိုယန်းမြို့သည် ရေပတ်လည်ဝိုင်းနေသော မြို့ဖြစ်သည်။ ရေလမ်းခရီးဖြင့် တစ်ညတာမျှသွားလျှင် လိုယန်းမြို့သို့ ရောက်ရှိနိုင်သည်။

လိုယန်းမြို့ လေ့ဆိပ်တွင် တဲတန်းရှည်တစ်လုံးရှိပြီး လူတစ်ယောက်သည် ထိုတဲတန်းရှည်အတွင်းသို့လျှောက်ဝင်သွားခဲ့သည်။

"သံပေသီး ဗေဒင်"

သူသည် ဆိုင်းဘုတ်ကလေးရှေ့၌ ရပ်လိုက်၏။ တဲအိမ်ကို သူ ဂရုတစိုက် ကြည့်လိုက်သည်။

တဲအိမ်ကလေးအတွင်း၌ မှောင်မည်းနေသည်။ လူရှိပုံလည်း မရပါ။

ထိုစဉ် တဲအတွင်းမှ အသံထွက်လာတော့သည်။

"ဗေဒင်မေးချင်ရင် မနက်မှလာပါ"

ထိုလူက တဲအတွင်းမှ လူသံထွက်ပေါ်လာသဖြင့် အံ့အားသင့်ဟန်မရှိပေ။



တဲအတွင်းကို ပြန်ကြည့်ရင်း....

"လမိုက်ရက်မှာ ဗေဒင်တွက်ရင် ပိုကောင်းပါတယ်"

ထိုလူက ရေရွတ်လိုက်သည်။

သူ၏အသံဆုံးသည်နှင့်တဲအတွင်းမှ မီးလင်းလာသည်။ တဲရှေ့မှလည်း အတွင်းသို့လှမ်းဝင်လိုက်သည်။

ဗေဒင်ဆရာမှာ အသက်လေးဆယ်ခန့်သာရှိသေးပြီး မုတ်ဆိတ်ရှည်များ ရှိသည်။

ဝင်လာသူမှာ ခန္ဓာကိုယ်ထွားကျိုင်းသော်လည်း ဖျတ်လတ်သွက်လက်မှု အပြည့်ရှိလေသည်။ ထို့ပြင် မျက်နှာထားမှာ တည်ကြည်လှပေသည်။

ဗေဒင်ဆရာသည် ထိုသူအားတွေ့ရသောအခါ အံ့အားသင့်သွားသည်။ ဒူးထောက် အရိုအသေပေးလေသည်။

"မင်းသား ဘယ်တုန်းက ရောက်လာတာပါလဲ"

မင်းသားဆိုသူက....

"အခုပဲ... မင်း ဘာကြောင့် ညအထိတာဝန်မယူတာလဲ"

ဗေဒင်ဆရာသည် ပျာပျာသလဲ ဖြေသည်။

"အဲဒီမှာက လူပေါင်းစုံတယ်၊ လူသိတာမြန်တယ်၊ ကျွန်တော်ညဘက်ပါ တာဝန်ယူရင် မကြာခင် ကျွန်တော့်ကိုသိသွားကြမှာပါ စန်ကျုံးယင်က လူမသိအောင်နေဖို့ သတိပေးထားပါတယ်"

မင်းသားက....

www.burmeseclassic.com

www.burmeseclassic.com



"အေး... ကျုပ်လာတာ ဒါပဲ၊ စန်ကျုံးယင်နဲ့ အမြန်ဆုံးတွေ့ချင်တယ်... စီစဉ်ပေးပါ"

ဗေဒင်ဆရာက ပျာပျာသလဲ ပြောသည်။

"ဟုတ်ကဲ့... စန်ကျုံးယင်ဟာ ထီကျန်းမြို့မှာရှိနေတယ်လို့ သတင်းကြားထားပါတယ် မင်းသား၊ ကျွန်တော် ချက်ချင်း ဆက်သွယ်ပါ့မယ်"

"အေး... နှစ်ရက်အတွင်း စန်ကျုံးယင်နဲ့ လူဝါမြို့မှာ တွေ့ချင်တယ်... ဒါပဲ"

"ဟုတ်ကဲ့... စိတ်ချပါ"

မင်းသားဆိုသူသည် စန်ကျုံးယင်နှင့် တွေ့ဆုံရန်ကိစ္စကိုသာ ပြောဆိုပြီးသည်နှင့် ပြန်ထွက်သွား၏။

ဗေဒင်ဆရာသည် မင်းသားဆိုသူထွက်သွားသောအခါ တဲအပြင်သို့ ထွက်လာခဲ့သည်။ ထို့နောက် သဲသောင်ပြင်သို့ဆင်းလာပြီး ဘေးပတ်လည် လူသူရှိမရှိကို အကဲခတ်သည်။

လူမရှိသည်ကိုတွေ့ရသော် သဲပြင်ကိုယက်ထုတ်လိုက်လေတော့သည်။

ထိုအခါ လေးနှင့်မြား ပေါ်လာတော့သည်။ မြားတံမှာ အနီရောင်ဖြစ်သည်။ သူသည် လေးနှင့်မြားကိုယူလိုက်သည်။ ထို့နောက် မြစ်ကမ်းဘေးရှိ တောင်ကုန်းပေါ်သို့တက်တော့သည်။

တောင်ကုန်းပေါ် သို့ရောက်သောအခါ မြစ်တစ်ဖက်ကမ်းသို့ ချိန်ရွယ်လျက် မြားတံကိုပစ်လွှတ်လိုက်လေတော့သည်။



ထိုအနီရောင်မြားတံသည် မြစ်တစ်ဖက်ကမ်း သဲသောင်ပြင်သို့ကျသွားသည်။

ထိုအခါ တံငါသည်တစ်ယောက် ပြေးလာသည်။ သူသည် အနီရောင်မြားတံကို ရှာဖွေတွေ့ရှိသောအခါ ဝမ်းသာအားရ အော်ဟစ်သည်။

"ဟား... ဟား... ဟား၊ ငါမွေးထားတဲ့ငှက်လဲ ဒီတစ်ခါတော့ ချီးရပါပြီကွာ၊ ဟား... ဟား... ဟား"

ထိုသူမှာ အမှန်စင်စစ် ရိုးရိုးတံငါသည်တစ်ယောက်သာ ဖြစ်ပါ၏။

သို့သော် တစ်နေ့တွင် လူရမ်းကားငါးယောက်က ဝိုင်းဝန်းထိုးကြိတ်သဖြင့် သူသည် သေလုမျောပါးခံလိုက်ရသည်။

ထိုစဉ် လူတစ်ယောက်က ကယ်တင်ခဲ့သည်။ ထိုလူအား အကယ်တော့ သူမသိပါ။

ထိုလူက ငှက်တစ်ကောင်ပါသော ငှက်လှောင်အိမ်ကလေး ထိုးပေးပြီး အနီရောင်မြားတံကိုတွေ့ပါက ငှက်လှောင်အိမ်ကိုဖွင့်၍ ငှက်ကိုလွှတ်လိုက်ရမည်ဟု တာဝန်တစ်ခုပေးခဲ့ပါသည်။

သူသည် ထိုလူအား ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ထားသဖြင့် အနီရောင်မြားတံကို ညပိုင်းရောက်သည်နှင့် နေ့စဉ် ဆွေးနွေးခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ကျမှ အနီရောင်မြားတံကို တွေ့ရှိလိုက်ရသည်။ သူ့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရာရောက်ပြီဟု သူဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသည်။

သူသည် လေ့ခေါင်မိုးတွင် ချိတ်ဆွဲထားသော ငှက်လှောင် အိမ်ကို လျှင်မြန်စွာယူပြီး လှောင်အိမ်တံခါးကို ဖွင့်လိုက်တော့သည်။

ငှက်ကလေးသည် တောင်ပံဆန့်ပြီး ပျံသန်းလေတော့ သည်။

တံငါသည်လည်း လွန်စွာ ကျေနပ်သွားလေသည်။ အဘယ် ကြောင့်ဆိုသော် လူငါးယောက်ထိုးကြိတ်ကန်ကျောက်ခံခဲ့ရစဉ်က သူသည် သေလုဖြစ်ခဲ့ရသည်မဟုတ်ပါလော။ တကယ် သေလုသေခင် ဖြစ်နေခဲ့ပေပြီ။

ထိုစဉ် ကျေးဇူးရှင်ရောက်လာပြီး လူငါးဦးကို အလဲအကွဲ တိုက်ခိုက်သည်။ ထိုလူငါးဦးသည် ထွက်ပြေးသွားတော့သည်။

ထိုစဉ်ကတည်းက ပေးအပ်ခဲ့သောတာဝန်ကို သူသည် အ လွန်ကျေပွန်ခဲ့ချင်သည်။

ထို့ကြောင့် နေ့စဉ် အနီရောင်ပါသောမြားတံကို ရှာဖွေခဲ့ရ သည် မဟုတ်ပါလော။ ယခုတော့ သူ့တာဝန်ကျေပေပြီ။

လှောင်အိမ်ထဲမှ ငှက်ကလေးသည်လည်း ပျံသန်းသွားခဲ့ချေ ပြီ။

○



## အခန်း(၃၆)
## သတင်းပို့သူကိုသယ်ယူခြင်း

အုန်းမောင်းသံတစ်ချက် ထွက်ပေါ်လာသည်။

အိမ်တိုင်းလိုလို မီးငြိမ်းပြီးအိပ်နေကြလေပြီ။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေလေပြီ။

ထိုသို့တိတ်ဆိတ်ငြိမ်သက်သည်ကို အခွင့်ကောင်းယူကာ လူ ရိပ်နှစ်ရိပ်သည် အမှတ်ခုနစ်လမ်းအတွင်းသို့ တိတ်ဆိတ်ချဉ်းနင်းဝင် ရောက်လာလေသည်။

ထိုလူများသည် အနက်ရောင်ဝတ်စုံကိုဝတ် ခွင်ထားသဖြင့် မှောင်ထဲ၌ တော်ရုံတန်ရုံလူက မမြင်နိုင်ချေ။

ညတွင် ကိုယ်ဖျောက်ထားကြခြင်းဖြစ်သည်။ ထိုသူနှစ်ဦး သည် အမှောင်ထုကို အကာအကွယ်ယူကာ ရှေ့သို့တိုးလာကြသည်။

သူတို့၏လှုပ်ရှားမှု သည် အလွန်ညင်သာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခွေးအူသံများ စတင်ထွက်ပေါ်လာတော့သည်။ တဖြည်းဖြည်း ကျယ်လောင်လာသော ခွေးအူသံများသည် ကြက်သီးထစဖွယ်ပင်။

ထိုလူနှစ်ဦးသည် အိမ်တစ်အိမ်အနီးသို့ရောက်သောအခါ လျင်မြန်စွာ ချဉ်းကပ်လိုက်ကြလေသည်။ ထိုအိမ်ကား ကျောက်ကွမ်းတ အိမ်ပေတည်း။

ကျောက်ကွမ်းတသည် လဲလျောင်းနေသော်လည်း အိပ်မရသေးပါ။ သူ မျက်စိကျယ်နေပါသည်။

သူ့အခန်းရှေ့မှ ဖြတ်လျှောက်သွားသည့် သက်တော်စောင့်၏ခြေသံကို ကြားလိုက်ရသည်။

သို့သော် သက်တော်စောင့်သည် အလွန်အအိပ်ဆတ်၏။

သူချောင်းဆိုးသည်နှင့်သက်တော်စောင့်သည် နိုးလာတော့သည်။

သူသည် အိပ်မပျော်နိုင်သဖြင့် မီးထွန်း၍စာဖတ်ရတော့မည်လောဟု တွေးပြီး အိပ်ရာမှထလိုက်လေတော့သည်။

သက်တော်စောင့်သည် ကျောက်ကွမ်းတ၏အခန်းရှေ့မှ ဖြတ်လျှောက်ပြီး အိမ်ဝင်းကို တစ်ပတ်လှည့်ကြည့်သည်။

သူ၏လျင်လှသောမျက်လုံးအစုံက အိမ်အနီးသို့ချဉ်းကပ်လာသော ဝတ်စုံနက်ကို သတိပြုမိလိုက်တော့သည်။

ဝတ်စုံနက်များကား အခြားသူများ မဟုတ်ကြပါ။



ရောက်လီနှင့်ကျင်းစုကို့တို့ပင် ဖြစ်ကြပါသည်။

ရောက်လီသည် သက်တော်စောင့်က သူ့ကိုတွေ့သွားသည်ဟု သိလျှင်သိချင်း စတင်တိုက်ခိုက်တော့သည်။

သက်တော်စောင့်သည် သူထင်ထားသည်ထက် ပိုမိုလျင်မြန်ပြီး သိုင်းပညာကောင်းကြောင်းကို ရောက်လီ သိလိုက်လေပြီ။

ချက်ချင်းပင် ပုဆိန်၏တုံ့ပြန်တိုက်ခိုက်ခြင်းကို ခံရလေသည်။ သက်တော်စောင့် တိုက်ခိုက်ရင်း မေးသည်။

"မင်း ဘယ်သူလဲ"

ရောက်လီသည် မန်ချူးလေသံကိုဖမ်းမိလိုက်သည်။

ထိုလေသံအရ သက်တော်စောင့်သည် မန်ချူးတစ်ယောက်ဖြစ်ကြောင်းသိလိုက်ရပြီး ရောက်လီမဖြေပါ။ သက်တော်စောင့်အား သူ့ဓားဖြင့် တိုက်ခိုက်သည်။

သက်တော်စောင့်သည် သူ၏ကြီးမားသောပုဆိန်ကြီးဖြင့် အဆက်မပြတ် တိုက်ခိုက်သည်။

ရောက်လီသည် ပုဆိန်ဖြင့်တိုက်ခိုက်မှုကို ပွတ်ကာသီကာရှောင်ထွက်သွားသည်။

ထိုအခါ ပုဆိန်၏လွဲချော်မှုကိုသက်တော်စောင့် ဒေါသထွက်လာတော့သည်။ ထို့ကြောင့် အတင်းတရကြမ်းတိုက်ခိုက်တော့သည်။

ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ပုဆိန်သည် တဝှီးဝှီးတခ်ခွင် လေတိုးသံမြည်ဟည်းနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီသည် လွတ်အောင်ရှောင်တိမ်းနိုင်သည်။ ထို့နောက် လျှပ်တစ်ပြက်ပင် ပုဆိန်ကိုင်လက်အား ခုတ်ချရန် ဟန်ပြင်လိုက်လေတော့သည်။

အယောင်ပြတိုက်ကွက်ပင်ဖြစ်သော်လည်း အစစ်အမှန်ဓားချက်ကဲ့သို့ ပြင်းထန်လေ၏။

သက်တော်စောင့်မှာ ရှောက်လီ၏တိုက်ခိုက်ပုံကိုထိတ်လန့်သွား၏။

ပုဆိန်ကို ကပျာကယာ ရုပ်သိမ်းလိုက်၏။ ထိုတဒင်္ဂအချိန်ကလေးကို ပိုင်နိုင်စွာ ရယူအသုံးချလိုက်သည်။

ဓားကိုင်လက်ကို ဆန့်ထုတ်လိုက်ပြီး ခန္ဓာကိုယ်ကလည်း စပရိန်ကဲ့သို့ ရှေ့ကိုကန်၍ ခုန်ထွက်လိုက်၏။ ဓားရောလူပါ ရှေ့သို့ခုန်ဝင်လာခြင်းဖြစ်တော့သည်။

သက်တော်စောင့်သည် သူ့ဇီဝိန်ခြွေမည့်ဓားချက်ကို လွန်စွာထိတ်လန့်သွားသည်။

ပုဆိန်ဖြင့် ကာကွယ်လိုက်၏။ သို့သော် လက်မတင်ကလေးနောက်ကျသွား၏။

ရှောက်လီသည် သက်တော်စောင့်ရင်ဝမှဓားကို ဆွဲထုတ်လိုက်၏။

သက်တော်စောင့်၏အင်္ကျီနှင့်စွန်းပေနေသော သွေးများကို သုတ်လိုက်သည်။ ထို့နောက် ဓားကိုပြန်သိမ်းလိုက်သည်။



ကျောက်ကွမ်းတသည် အပြင်မှအဖြစ်အပျက်များကို လုံးဝမသိပါ။

မီးအိမ်၏အလင်းရောင်သည် တစ်ခန်းလုံး လင်းထိန်သွားသောအခါ ကျောက်ကွမ်းတ မျက်လုံးပြူးသွားသည်။

အလွန်ချောမောလှပသော အနက်ရောင်ဝတ်စုံဝတ်မိန်းကလေးသည် သူနှင့်မလှမ်းမကမ်း၌ လာရောက်ရပ်နေသည် မဟုတ်ပါလော။

ကျောက်ကွမ်းတသည် မျက်လုံးများကိုပွတ်သပ်ကာ ကြည့်လိုက်သည်။

မိန်းကလေးသည် ပြုံး၍ သူ့ဆီသို့လျှောက်လာလေသည်။ သူသည် အနုပညာရှင်စာဆိုဖြစ်သည်။ မိန်းကလေး၏အပြုံးကိုကြည့်ပြီး စာဖွဲ့ချင်စိတ်ပင်ပေါက်သွား၏။

သို့သော် မိန်းကလေး၏ခါးတွင် ချိတ်ထားသောဓားကို မြင်သောအခါတွင်မူ မျက်မှောင်ကုတ်သွားမိ၏။

ဤလှပသောမိန်းကလေးနှင့်ဓားသည် မည်သို့လိုက်ဖက်ပါမည်နည်း။

ဗျပ်စောင်းကိုကိုင်ထားလျှင် မည်မျှကျက်သရေရှိပါမည်နည်းဟု တွေးနေမိသည်။

မိန်းကလေးက ပြုံးပြလိုက်ပြီး....

"ရှင်ဟာ ကျောက်ကွမ်းတမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မေးလိုက်သည်။

ကျောက်ကွမ်းတသည် မိန်းကလေး၏အသံကို စိစစ်ခွဲစိတ်နေသည်။ အသံသည် အလွန်သာယာပေသည်ဟု တွေးနေမိသည်။

ဤမျှရုပ်ရည်ရူပကာကောင်းခြင်း၊ အသံ၏ကောင်းခြင်းတို့နှင့်ပြည့်စုံသောမိန်းကလေးသည် အဘယ်ကြောင့် ဓားကိုင်နေရသနည်းဟု ထပ်မံတွေးလိုက်မိ၏။

ကျောက်ကွမ်းတက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်... ငါ ကျောက်ကွမ်းတပဲ"

"ကောင်းပါလေရဲ့ရှင်"

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ဒီကိုဝင်လာရတာလဲ၊ ငါ့ရဲ့သက်တော်စောင့်က မင်းကိုဝင်ခွင့်ပေးလိုက်လို့လား"

"ရှင်သာ ကျောက်ကွမ်းတဖြစ်နေရင် ကျွန်မတို့နဲ့ခဏတော့ လိုက်ခဲ့စေချင်ပါတယ်"

သူမကား ကျင်းစုကို့ပင်ဖြစ်ပါလေ၏။

ကျောက်ကွမ်းတက....

"ဘယ်ကိုလိုက်ရမှာလဲ.. ဘာကိစ္စနဲ့လိုက်ရမှာလဲ"

ကျင်းစုကို့က....

"ရှင့်ကို ကွေ့ထင်းပုဆီခေါ်သွားမလို့ပါ"

ကျောက်ကွမ်းတက သက်ပြင်းချလိုက်ပြီး....

"မင်းတို့ကို ကွေ့ထင်းပုက လွှတ်လိုက်တာမဟုတ်ဘူးဆိုတာ ငါ သိနေတယ်"



ကျင်းစုကို့က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျွန်မတို့ကို ကွေ့ထင်းပုက လွှတ်လိုက်တာမဟုတ်ပါဘူး၊ ကျွန်မတို့က ကွေ့ထင်းပုဆီသွားမလို့ပါ၊ ရှင်လိုက်မယ်လို့ မျှော်လင့်ပါတယ်"

"ကျုပ်က မလိုက်ဘူးဆိုရင်ကော...."

"ခင်ဗျားရဲ့လက်ချောင်းလေးတွေကို တစ်ချောင်းစီ ကျုပ်ဓားနဲ့ဖြတ်ပစ်လိုက်ရလိမ့်မယ်"

ယောကျာ်းသံတစ်သံသည် ရောက်ရှိလာလေ၏။

ရှောက်လီ၏အသံပင် ဖြစ်ပေတော့သည်။

ကျောက်ကွမ်းတက....

"မင်းလေသံနားထောင်ရတာ ပြောတဲ့အတိုင်း လုပ်မယ့်ပုံ မျိုးပဲ"

ရှောက်လီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ပြောတဲ့အတိုင်းလုပ်မယ်ဆိုတာ သံသယမရှိ [illegible] ကွေ့ထင်းပုဟာလဲ သူ့ရဲ့ရှားရှားပါးပါး ဆူးငှက်ကလေးသုံးကောင် [illegible]ပြီးမှ ကျုပ်တို့ကိုကောင်းကောင်း ဆက်ဆံခဲ့တယ်၊ ခင်ဗျားကျ[illegible] အဖိုးတန် လက်ချောင်းလေးတွေမပြတ်ခင် ကျုပ်စကားကိုနား[illegible]င်လိမ့်မယ်လို့ ထင်ပါတယ်"

သူ့အသံသည် အေးစက်မာကျောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကွမ်းတက ပြောသည့်အတိုင်းမလုပ်လျှင် ရှောက်လီသည် ကျောက်ကွမ်းတ၏လက်ကို ဖြတ်ပစ်မည်သာတည်း။

ကျောက်ကွမ်းတမျက်နှာမှာ ဖြူရော်သွားသည်။

ရှောက်လီက ဆက်ပြောသည်။

"ကွေ့ထင်းပုက ငှက်ကလေးတွေကိုပြန်ရှာပြီး မွေးမယ်ဆိုရင် ဖြစ်နိုင်ပါသေးတယ်၊ ခင်ဗျားကတော့ မဖြစ်နိုင်ဘူး၊ လက်ချောင်းအသစ်ပြန်ရဖို့ဆိုတာ အမေမွေးမှ အသစ်ပြန်ရနိုင်မှာ"

ကျောက်ကွမ်းတက....

"မင်းနဲ့ငါ ဘာရန်ငြိုးမှမရှိဘူးလို့ထင်ပါတယ်"

ရှောက်လီက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မရှိဘူး"

"ရန်ငြိုးမရှိဘဲနဲ့ဘာကြောင့် ကျုပ်ခြိမ်းခြောက်နေရတာလဲ၊ မင်းတို့ ကျုပ်ဆီက ဘာကိုလိုချင်တာလဲ"

ရှောက်လီက ပြောလိုက်၏။

"ပူးပေါင်းကူညီမှု"

ကျောက်ကွမ်းတ မျက်မှောင်ကုတ်သွား၏။

"ပူးပေါင်းကူညီမှု ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်က ဘာကူညီရမှာလဲ"

"သတင်းပို့တဲ့ကိစ္စတွေပါ"



ကျောက်ကွမ်းတက မျက်ခုံးများ မြင့်တက်သွားတော့၏။

"ဘာသတင်းလဲ... ကျုပ် ဘာမှမသိဘူး"

"ကွေ့ထင်းပု ပို့လိုက်တဲ့သတင်းတွေလေ"

"ဘာ...."

"စန်ကျုံးယင် ပို့လိုက်တဲ့သတင်းတွေဆိုရင်လဲ တစ်နည်းအားဖြင့် မှန်ပါတယ်"

ကျောက်ကွမ်းတ မျက်နှာပျက်သွားလေ၏။

ကျင်းစုကို ဝင်ပြောလိုက်သည်။

"ရှင်ညာနေလို့လဲ အပိုပဲ... ကျွန်မတို့က အားလုံးသိပြီးပြီရှင့်"

ကျောက်ကွမ်းတ သက်ပြင်းချလိုက်၏။

"ကျုပ်သတင်းပို့နေတာ ကြာပါပြီ၊ အခုနောက်ပိုင်း ဘာသတင်းမှမပို့ဖြစ်ပါဘူး၊ တကယ်ပြောတာပါ"

"ပို့တဲ့သတင်းတွေကို ပြောပါ"

ကျောက်ကွမ်းတက....

"ကျုပ်ဖတ်ခွင့်မရှိပါဘူး... ဖတ်ရင်လဲ သူတို့တစ်နည်းနည်းသိမှာပဲ၊ ကျုပ်သေသွားမှာပေါ့၊ ဒါပေမယ့် သူတို့က သတင်းပို့ရင် သာမန်အတိုင်း ဘယ်ပို့ပါ့မလဲ၊ လျှို့ဝှက်စာတွေနဲ့ ရေးပို့မှာပေါ့၊ ကျုပ်ဟာ အနေညာနယ်ပယ်မှာ ကျော်ကြားတဲ့သူပါ၊ ဒါကြောင့် သူတို့က ကြားခံသူအဖြစ် အသုံးချတာပါ၊ ကျုပ်ကိုလဲ ဘယ်သူမှ သံသယမဝင်ကြဘူး၊ မင်းတို့ကျမှ ကျုပ်ကိုခြေရာခံလာနိုင်တာ အံ့သြစရာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစုကို့က....

"ဘာအံ့သြစရာမှမရှိဘူး... ကွေ့ထင်းပုက ရှင့်ဆီလွှတ်လိုက်တာပဲရှင်"

ကျောက်ကွမ်းတာက ကျိတ်၍ဆဲလိုက်သည်။

"ခင်ဗျားသတင်းတွေပို့နေရတယ် မဟုတ်လား... အဲဒါ ဘယ်သူ့ဆီပို့ရသလဲ"

"မန်ချူးတပ်မှူးကြီး စန်းယုံမင်းစွေဆီကိုပါ"

ရောက်လီ သက်ပြင်းချလိုက်၏။

စန်းယုံမင်းစွေသည် မန်ချူးတပ်မှူးများအနက် အလွန်သြဇာအာဏာထက်မြက်သော တပ်မှူးကြီးတစ်ဦးဖြစ်သည်မဟုတ်ပါလော။

စန်ကျုံးယင် မန်ချူးသူလျှိုဖြစ်လေသည်မှာ မှန်လေပြီ။ သူသည် တရုတ်ပြည်မှသတင်းများကို အမှန်တကယ် ပို့နေလေပြီ။

ကျင်းစုကို့က....

"ကဲ... အချိန်မရှိဘူး၊ ကျွန်မတို့ သူ့ကိုအမြန်ဆုံး ခေါ်သွားမှဖြစ်မယ်၊ အချိန်ဆွဲနေလို့မဖြစ်ဘူး"

ကျောက်ကွမ်းတာက ထိတ်လန့်သွားသည်။

"ကျုပ်... ကျုပ် မင်းတို့သိချင်တာတွေကို ပြောပြပါ့မယ် ကျုပ် မလိုက်ပါရစေနဲ့"

ရောက်လီက....



"ခက်တာက ကျုပ်တို့မှာနားထောင်ဖို့ အချိန်မရှိတာပဲ ကျုပ်တို့ကွေ့ထင်းပုဆီ အမြန်သွားရမယ်"

ရောက်လီသည် ပြောရင်းဆိုရင်း လှုပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

သူ၏လက်ညှိုးနှင့်လက်ခလယ်သည် ကျောက်ကွမ်းတာ၏ သွေးကြောကိုထောက်လိုက်သည်။ ကျောက်ကွမ်းတာမှာ ပျော့ခွေ၍လဲကျသွား၏။

ရောက်လီသည် ပခုံးပေါ်ထမ်းတင်လိုက်ကာ အိမ်ကလေးထဲမှထွက်ခွာသွားလေတော့၏။

ကျင်းစုကို့သည် မီးအိမ်မှမီးကို ငြိမ်းသတ်ပစ်ခဲ့လေသည်.

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၇)

## ရန်သူမိတ်ဆွေ

ရှောက်လီသည် မြစ်ဆိပ်သို့ဆင်းလာခဲ့ကြ၏။ သူတို့သည် မြစ်ဟိုဘက်သို့ကူးအပြီး ကုန်းလမ်းမှပြန်ရန်ကြံသည်။

သို့သော် မြစ်ဆိပ်တွင် လှေတစ်စင်းမှမရှိဘဲ ဖြစ်နေသည်။

ရှောက်လီ သက်ပြင်းချလေ၏။

ကျင်းစုကို့က....

"ဒုက္ခပဲ... ကျွန်မတို့တော့ ကြန့်ကြာလှပြီ၊ လှေလဲတစ်စင်းမှ မတွေ့ရဘူး၊ လှေမရှိရင် ကျွန်မတို့ ခရီးထွက်လို့မရဘူးပေါ့"

သူမက ညည်းလိုက်သည်။

ရှောက်လီလည်း ကျောက်ကွမ်းတကိုအောက်သို့ချပြီး ဆင်းကြည့်လိုက်သည်။

လှေတစင်းသည် မြစ်အလယ်မှကမ်းစပ်ဆီသို့ လှော်ခတ်



လာကြောင်းတွေ့ရသဖြင့် ရှောက်လီ ဝမ်းသာသွားသည်။

လှေကလေးမှာ ပေါင်းမိုးရှိသဖြင့် ကျောက်ကွမ်းတကိုပေါင်းမိုးအတွင်းထား၍ ရပေသည်။

လှေကိုလှော်ခတ်သူ တစ်ယောက်သာပါသဖြင့် ရှောက်လီမှာ မြို့သို့ပြန်ရောက်ရန် အတော်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိလိုက်ရသည်။

ရှောက်လီက....

"လှေငှားနိုင်မလား"

လှေသမားက....

"ကျုပ်မနားရသေးဘူးဗျ... သည့်ပြင် လှေငှားပါဗျာ"

"ကျုပ်တို့အရေးကြီးလို့ပါ... တခြားလှေလဲမရှိဘူးဗျ"

"ကဲ... ဘယ်သွားမှာလဲ"

"ဟိုဘက်ကမ်းတင်ပါ"

"ခင်ဗျားတို့ကိုပို့ပေးမယ်... ငွေတော့ နည်းနည်းပိုပေးရမယ်"

ရှောက်လီသည် လှေသမားလက်ထဲသို့ ငွေတုံးကလေးများ ထည့်ပေးလိုက်သည်။ လှေသမားက နည်းနည်းငွေပိုပေးပါဟု ပြောသည်။

ရှောက်လီက များများကြီး ထည့်ပေးလိုက်သည်။ ရှောက်လီပေးသောငွေသည် အဆမတန် များပြားနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေသမားက....

"ဘာထုပ်ကြီးလဲဗျ"

"မဆိုင်ရင် မစပ်စုတာ အကောင်းဆုံးပဲဗျ"

ရှောက်လီ၏အသံသည် အေးစက်မာကျောနေသည်။

လှေသမားက ပါးစပ်ပိတ်သွားလေသည်။ ထို့နောက် လှေကို စတင်လှော်ခတ်တော့သည်။

မကြာမီ လှေသည် မြစ်လယ်သို့ရောက်ရှိလာလေ၏။

ထိုစဉ် ရှောက်လီသည် အမွှေးနံ့တစ်မျိုးကိုရှူရှိုက်မိသည်။ ရှောက်လီကြည့်လိုက်သောလှေဝမ်းထဲတွင် အမွှေးတိုင်သုံးတိုင် ထွန်းထားသည်ကိုတွေ့လိုက်ရသည်။

ရှောက်လီစိတ်သက်သာရာရသွားသည်။ လှေသမားသည် နတ်ပူဇော်ထားခြင်းသာ ဖြစ်ပေမည်။

သူသည် ဟူကျန်းစုအတွက် စိတ်ပူနေသည်။ ရှောက်လီသည် ကွေ့ထင်းပုထံသို့ အမြန်ဆုံး ပြေးလွှားသွားချင်နေသည်။

ကျင်းစုကို့က ရှောက်လီအဖြစ်ကို သိသည်။

"ရှင် ဟူကျန်းစုအတွက် စိတ်ပူနေတယ်မဟုတ်လား"

ရှောက်လီ ခေါင်းညိတ်ပြသည်။

"ကျွန်မတို့ အဆင်ပြေတဲ့အကြောင်း သတင်းပို့ခိုကို စေလွှတ်လိုက်ပြီပဲ"

ရှောက်လီ သက်ပြင်းချလိုက်၏။



သူ၏အာရုံထဲ၌ ခံစားနေရသည်များကို ပြောပြ၍လည်း ကျင်းစုကို့ နားလည်မည်ဟုမထင်ပါ။

ထိုခံစားချက်များမှာ သူအတွေ့ရှုံယ်ကြုံရစဉ် ခံစားချက်မျိုး ဖြစ်သည်။

ယခု အေးချမ်းနေပြီ။ ကျောက်ကွမ်းတကိုလည်း ဖမ်းဆီးခေါ်ဆောင်လာနိုင်ပေပြီ။ အဘယ်ကြောင့် ဤသို့ခံစားနေရပါသနည်း။

မကြာမီ တစ်ဘက်ကမ်းသို့ရောက်ရှိတော့မည်။

ရှောက်လီ တစ်ဘက်ကမ်းသို့မျှော်ကြည့်လိုက်စဉ်မှာပင် ခေါင်းထဲမိုက်ခနဲဖြစ်သွား၏။ မူးယစ်ရီဝေမှုကို ခံစားလိုက်ရသည်။

အမွှေးတိုင်....။

ရှောက်လီသည် အမွှေးတိုင်ကိုသတိရလိုက်၏။ အမွှေးတိုင်သည် မေ့ဆေးတစ်မျိုးဖြစ်သည်ကို ရုတ်တရက် သူ သိ လိုက်သည်။

သို့သော် သူ မတတ်နိုင်တော့ပါ။ ကျင်းစုကို့အား လှမ်းကြည့်ရန် ကြိုးစားသည်။

ကျင်းစုကို့ လဲကျသွားသည်ကိုလည်း တွေ့ရသည်။

ရှောက်လီ အော်ဟစ်လိုက်သည်။ သို့သော် အသံမထွက်တော့ပါ။

လည်ချောင်းထဲ၌သာ ပျောက်ကွယ်သွားသည်။ ထို့နောက် မှောင်အတိကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်အတိမကျမီ လေ့သမားရဲ့ရယ်မောသံကို ရောက်လီ ကြားဖြစ်အောင် ကြားလိုက်ရလေသည်။

ရောက်လီ အတော်ကြာမေ့နေသည်။ သူ သတိရသောအခါ ကျောက်ကွမ်းတာ၏ အော်ဟစ်ပြောဆိုနေသံကြားလိုက်ရသည်။

ထို့ကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ သူသည် ကောက်ရိုးများပေါ်၌ လဲလျောင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

ကျောက်ကွမ်းတာသည် ရပ်လျက် ရောက်လီအား ကျောပေးထားသူနှင့် စကားပြောနေလေသည်။

ကျောက်ကွမ်းတာက....

"ကျုပ်မှာ အန္တရာယ်ရှိတယ်ဆိုတာကိုသိရင် ခင်ဗျားတို့ ကျုပ်ကိုပစ်ထားဖို့မကောင်းဘူး။ အခုသက်တော်စောင့်ကကော ဘာကောင်းသလဲ၊ ဟုတ်တီပတ်တီနဲ့ စောင့်ရှောက်သလိုလို ဘာလိုလိုနဲ့ တကယ်လဲ ရန်သူလာရော သူမရှိတော့ဘူး"

ထိုလူက....

"ဒေါသမကြီးပါနဲ့လေ... ခု ခင်ဗျားလွတ်မြောက်နေပြီပဲ"

"ကျုပ်လွတ်မြောက်လာလို့ပေါ့... မလွတ်မြောက်ရင် ဘယ်လောက်ကြောက်စရာကောင်းမလဲ မသိဘူး၊ ဒီကောင်က ကျုပ်က လက်ချောင်းကလေးတွေကို ဖြတ်ပစ်မလို့တဲ့ဗျ"

"ခင်ဗျားဟာ နဂိုကတည်းက အကြောက်လွန်တဲ့ လူတစ်ယောက်ဖြစ်နေတော့ ခုကျတာပေါ့ဗျာ"



ကျောက်ကွမ်းတာ မျက်နှာနီရဲသွား၏။ ဘာမျှတော့ ပြန်မပြောပေ။ အတန်ကြာမှ မေးမြန်းလိုက်သည်။

"သူ ဘယ်သူလဲဆိုတာ မင်းသိသလား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"တရုတ်ပြည်ရဲ့ အတော်ဆုံး သုတ်သင်ရေးသမား နှင်းတောင်ဝံပုလွေဆိုတာပဲ"

ကျောက်ကွမ်းတာက မျက်မှောင်ကုတ်သွားသည်။

"ဟင်... သူက စနိုကျုံးယင်ရဲ့လူပဲ၊ ဘာကြောင့်များ စနိုကျုံးယင်ကို ဖော်ထုတ်ဖို့ ကြိုးစားနေရတာလဲမသိဘူး"

"ဘာ... ဘာပြောတယ်"

ထိုလူက အလန့်တကြား ပြန်မေးလိုက်သည်။

ကျောက်ကွမ်းတာက သူ ကြားထားခဲ့ရသည်များကို ပြန်ပြောင်းပြောပြလိုက်၏။

ထိုလူက ခေါင်းညိတ်ပြပြီး....

"ကဲ... ကဲ ခင်ဗျားပြန်နိုင်ပါပြီ၊ ကျုပ်လူတစ်ယောက် ခင်ဗျားကို အပြည့်အဝကာကွယ်ပေးပါလိမ့်မယ်"

ကျောက်ကွမ်းတာသည် အခန်းထဲမှထွက်ခွာသွား၏။

ထိုလူသည် ရောက်လီဘက်သို့လှည့်လိုက်သည်။ ထိုအခါကျမှ ရောက်လီသည် သူ့မျက်နှာကိုမြင်ရသည်။

လင်းယုန်မျက်နှာနှင့် တူလေစွတကား။ လင်းယုန်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသောလူသည် ရောက်လီရှိရာသို့လျှောက်လာလေတော့၏။

ရောက်လီသည် မျက်လုံးပြန်မှိတ်ပြီး သတိမရသေးဟန် ဟန်ဆောင်နေလိုက်သည်။

သို့သော် လင်းယုန်မျက်နှာနှင့်လူက ရိပ်စားမိပြီးဖြစ်သည်။

"မင်းသတိရရင်လဲ ငါတို့စကားပြောကြရအောင်"

လင်းယုန်မျက်နှာနှင့်လူက လိုရင်းကိုရှင်းပြလိုက်သဖြင့် ရောက်လီမှာ ဟန်ဆောင်၍မရတော့ပေ။ မျက်လုံးပြန်ဖွင့်လိုက်ရတော့သည်။

ရောက်လီက....

"ခင်ဗျား ကျုပ်ကို ဘယ်လိုရှာဖွေတွေ့ရှိရတာလဲဗျ"

"ဏကယ်တော့ မင်းကို ငါမသိဘူး၊ ကျောက်ကွမ်းတကို အန္တရာယ်ပြုမယ့်လူလို့ ငါ အကဲခတ်နေတာ"

"ဒါဖြင့် ကျုပ်တို့ ကံဆိုးတာပေါ့ဗျာ၊ မင်း ကံကောင်းတာပါ"

"အဖမ်းခံရတာ ကံကောင်းတာလားဗျ"

"ဟား... ဟား... ဟား၊ တကယ်ကံကောင်းတာကွ၊ မင်းကို ငါ ဒီခေါ်လာတာ စောသွားတယ်၊ ကျောက်ကွမ်းတရဲ့အိမ်ကို ဘယ် သူတွေရောက်လာတယ်မှတ်လဲ၊ ဓားသမားအုပ်စုနှစ်အုပ် ရောက်လာ တယ်ကွ၊ မင်းကိုသတ်ဖို့ချည်းပဲ"

"ဘာ... ကျုပ်ကိုသတ်ဖို့"

"ဟုတ်တယ်... ဓားသမားတစ်စုက စန်ကျုံးယင်ရဲ့လူတွေ



နောက်ဓားသမားတစ်စုက ရွှေပျံလွှားဂိုဏ်းက ဓားသမားတွေ"

ရောက်လီမှာ ပါးစပ်ပိတ်သွားရတော့သည်။

လင်းယုန်မျက်နှာနှင့်လူက မေးသည်။

"မင်း ဘာကြောင့် စန်ကျုံးယင်ကို စုံစမ်းရတာလဲ"

ရောက်လီ ပါးစပ်ပိတ်မြဲပိတ်ထားသည်။

လင်းယုန်မျက်နှာနှင့်လူက....

"ငါတို့မိတ်ဆွေဖြစ်နိုင်တဲ့အချက်ကို မင်းရှာဖွေဖို့ကြိုးစား တော့ဘူးလား"

ရောက်လီ အံ့သြသွားလေသည်။

"ခင်ဗျားနဲ့ကျုပ် မိတ်ဆွေဖြစ်နိုင်သေးတယ်ဟုတ်လား"

လင်းယုန်မျက်နှာနှင့်လူက ခေါင်းညိတ်လိုက်သည်။

ရောက်လီက....

"ခက်တာက ခင်ဗျားဘယ်သူဆိုတာလဲ ကျုပ်မသိရသေး ဘူး ပြီးတော့ ကျုပ်က သွေးကြောပိတ်ထားခံရသေးတယ်၊ ဒါနဲ့များ မိတ်ဆွေဖြစ်နိုင်သေးတယ်လို့ ပြောတယ်... အံ့သြမိပါရဲ့ဗျာ"

လင်းယုန်မျက်နှာနှင့်လူက ရယ်လိုက်သည်။

"ကျုပ်နာမည် ချူကွေ့ကျောင်းပါ... ဒီနာမည် အသုံးမပြု တာကြာလို့ မေ့တောင်နေပါပြီ"

မှန်သည်။ ချူကွေ့ကျောင်းဟု သူ့အား မခေါ်ကြပါ၊ လင်း ယုန်ကြီးဟု သူ့အား ခေါ်ဝေါ်ခဲ့သည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်ခဲလေးတစ်လုံးကို ကောက်ထုတ်လိုက်သည်။

ထိုကျောက်ခဲကလေးက ရောက်လီ၏သွေးကြောကိုလာမှန်သည်။

ရောက်လီသည် သွေးကြောများ ပြန်လည်ပွင့်သွားလေတော့သည်။

ရောက်လီသည် ချူကွေ့ကျောင်း၏သိုင်းပညာကို ချီးကျူးမိသည်။

ချူကွေ့ကျောင်းက....

"ငါ မင်းနဲ့မိတ်ဆွေဖြစ်ဖို့ အသားလွတ်ပေါက်စီတော့ ချန်မထားမိဘူးကွ"

ရောက်လီ၏မေးကြောများ ထောင်ထသွား၏။ စန်းကျူးယင်သည် သူ့အား အသားလွတ်ပေါက်စီကလေးပြ၍ ပြ၍လိုရာကို စေခိုင်းခဲ့သည်မဟုတ်ပါလော။

"ခင်ဗျား သတင်းအတော်စုံတာပဲ"

ရောက်လီသည် ချူကွေ့ကျောင်း၏အမည်ကိုကြားဖူးသိဖူးနေသည်။

လူကိုတော့ ယခုမှတွေ့ဖူးခြင်းဖြစ်သည်။ သူသည် တစ်ချိန်ကကျော်ကြားသော မန်ချူးတပ်မှူးတစ်ဦး ဖြစ်ခဲ့သည်။

မန်ချူးတပ်မှူးများအနက် ထိပ်ဆုံးသို့ပေါက်ရောက်မည့်သူ



တစ်ဦးဟု အများက ထင်ကြေးပေးခဲ့၏။

သို့သော် မည်သည့်အကြောင်းကြောင့်မသိ သူသည် ထိပ်ဆုံးသို့မရောက်လာခဲ့။

ချူကွေ့ကျောင်းက....

"တစ်ခုတော့ ကြိုတင်မှာထားပါရစေ၊ ငါ့ကိုတိုက်ခိုက်ဖို့ မကြိုးစားပါနဲ့၊ မင်းကိုသွေးကြောဖွင့်ပေးပြီး လွတ်လွတ်လပ်လပ်နေစေလိုက်တာဟာ အလကားမဟုတ်ဘူး။ ကျင်းစုကို ငါ့လက်ထဲမှာရှိနေလို့ပဲ"

ချူကွေ့ကျောင်းက သတိပေးလိုက်သည်။

ရောက်လီက ခေါင်းညိတ်လိုက်သည်။

"ဒါဆို ငါ့နောက်လိုက်ခဲ့ပါ... စားသောက်ရင်း စကားပြောကြတာပေါ့"

သူသည် ရှေ့မှဦးဆောင်၍ထွက်သွားသည်။

ရောက်လီသည် ချူကွေ့ကျောင်းအားတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ချူကွေ့ကျောင်းကလက်ထဲတွင် ကျင်းစုကို့ရှိနေသည် မဟုတ်ပါလော။

○

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၈)

သူ့အကြံအစည်

စားပွဲဝိုင်းကား မကြီးကျယ်လှပါ။ တော်ရုံသင့်ရုံ စားစရာများသာ ရှိပါသည်။ သို့သော် ပြည့်စုံမှုတော့ ရှိပါသည်။

ချူကွေ့ကျောင်းက....

"အရက်နဲ့စားစရာတွေမှာ အဆိပ်ခတ်မထားပါဘူး၊ စိတ်ချလက်ချသာ စားပါ"

ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"ယုံပါတယ်... ခင်ဗျားသတ်လိုက်ရင် ကျုပ်သွေးကြောပိတ်နေတုန်း သတ်နိုင်တာပဲလေ"

ချူကွေ့ကျောင်းက အရက်ငှဲ့ပေးလိုက်၏။ အရက်ခွက်ကို ရှောက်လီကယူလိုက်ပြီး စကားပြောလေသည်။

သူ့စကားပင် မဆုံးပါ။ ချူကွေ့ကျောင်းက လက်ကာပြ



လိုက်သည်။ ဆက်မပြောပါနှင့်ဟူသည့် သဘောပင်။

"ဒါကို နောက်တော့ သိရမှာပေါ့... မင်း အကြောင်းပဲ ပြောပါ။ ဒါမှမိတ်ဆွေအဖြစ် ပေါင်းလို့ရမယ်မရဘူး ဆုံးဖြတ်နိုင်မယ်"

"ဘယ်ကစပြီး ပြောရမှာလဲ"

"မင်း စန်ကျုံးယင်ကို ဘာကြောင့်စုံစမ်းရတာလဲ၊ သူ့ကိုဖျက်ဆီးပစ်ဖို့လား"

"ဟုတ်တယ်"

"ဒါဆိုရင် ဘာကြောင့် ဖျက်ဆီးချင်တယ်ဆိုတာကို ပြောပါ"

"တကယ်တော့ သူ့ကိုစုံစမ်းတာက မွန်ဂိုတပ်မှူးကိုလုပ်ကြံပြီးတဲ့အချိန်ကမှ စတာပါ"

"ဟုတ်တယ်... တာလီနိုင်ငံရဲ့လက်ချက်လိုလို... ငါတို့မန်ချူးတွေရဲ့လက်ချက်လိုလို ပြောဆိုနေကြတာ"

ရှောက်လီသည် ထိုအချိန်က စတင်၍ ဖြစ်ပျက်သမျှသောအခြေအနေများကို ပြောပြလိုက်တော့သည်။ ထို့နောက် နိဂုံးချုပ်စကားပြော၏။

"နောက်ဆုံးကျတော့ သူဟာ ခင်ဗျားတို့ရဲ့သူလျှိုတစ်ဦးဖြစ်နေတာကို ကျုပ်သိလိုက်ရတယ်၊ ကျုပ်လဲ ခင်ဗျားတို့ရဲ့ အဖမ်းကိုခံရတာကို ရောက်ရပြီ"

"မင်း မဆိုးဘူး၊ အချိန်တိုတိုနဲ့စန်ကျုံးယင်ရဲ့ဘဝမှန်ကို ဖော်ထုတ်နိုင်တယ်"

www.burmeseclassic.com



"ကျုပ်မှာ သက်သေလိုတယ်ဗျ၊ အပြောနဲ့သူ့ကို မန်ချူးသူ လျှိုပါလို့ ပြောလို့မရဘူး"

ချူကွေ့ကျောင်းက သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်... တကယ်တော့ ကျန်းစီးပုရယ်၊ လွေဟန်ရယ် စန်ကျုံးယင်တို့ဟာ ကွေ့ထင်းဝါးရဲ့တပည့်တွေပဲ"

"ကွေ့ထင်းဝါးဟာ ခင်ဗျားတို့လူပဲလေ"

"ဟုတ်ပါတယ်"

"ကွေ့ထင်းဝါးဟာ သူတို့အားလုံးကို သူလျှိုဖြစ်အောင်ပုံသွင်းပေးခဲ့တာပဲ"

"မဟုတ်သေးဘူးလေ"

ရှောက်လီ အံ့သြသွားသည်။

"မဟုတ်ဘူးလား"

ချူကွေ့ကျောင်းက ခေါင်းညိတ်လိုက်သည်။

"ကွေ့ထင်းဝါးရဲ့တပည့်မဖြစ်ခင်ကတည်းက စန်ကျုံးယင်ဟာ သူလျှိုဖြစ်နေတာပဲ"

ရှောက်လီမှာ အမှန်တကယ် အံ့သြသွားလေတော့သည်။

ရှောက်လီက....

"ကျုပ်တော့ ဘာမှနားမလည်ပါဘူးဗျာ"

ချူကွေ့ကျောင်းက....

"မင်း စန်းယုံမင်းဓွေ့ဆိုတဲ့အမည်ကိုကြားဖူးတယ် မဟုတ်လား"



ရှောက်လီက ခေါင်းညိတ်လိုက်သည်။

"သူဟာ အခုလက်ရှိ မန်ချူးတွေရဲ့အာဏာအရှိဆုံး တပ်မှူးကြီးပဲ"

ချူကွေ့ကျောင်းက ဆက်ပြောလိုက်သည်။

ရှောက်လီက ထပ်မံခေါင်းညိတ်လိုက်သည်။

"ကျုပ် သိပါတယ်... သူက ဘာဖြစ်သလဲဗျ"

"ပြောရင်းနဲ့ပေါ်လိမ့်မယ်... မင်း ဘယ်လောက်အထိ သိထားသလဲ"

ရှောက်လီက သက်ပြင်းချသည်။

"သူ့ရဲ့ယေ်စဉ်ဘဝကိုတော့ မသိပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ဘအထင်ကိုပြောရရင်တော့ မိဘမဲ့တစ်ယောက်လို့ ထင်မိတယ်"

ချူကွေ့ကျောင်းသည် အားရပါးရ ရယ်မောလိုက်တော့သည်။

"ဟား... ဟား... ဟား"

"ခင်ဗျား ဘာရယ်တာလဲ"

ရှောက်လီ မေးလိုက်သည်။

ချူကွေ့ကျောင်းက ပြောလိုက်၏။

"အားလုံးကလဲ စန်ကျုံးယင်ကို မိဘမဲ့လို့ထင်နေကြတာ"

ရှောက်လီ အံ့သြသွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပြောပုံဆိုပုံအရ စန်ကျုံးယင်ရဲ့မိဘတွေကို ခင်ဗျားက သိနေသလိုပဲ"

"ဟုတ်တယ်... သိတယ်"

ချူကွေ့ကျောင်းက ဝန်ခံလိုက်သောအခါ ရောက်လီက အံ့သြသွားတော့သည်။

"ဘယ်သူများလဲဗျာ... မင်းသိရင် အရမ်းအံ့သြသွားမယ်"

"ပြောစမ်းပါ"

"ကဲ ပြောမယ်... စန်ကျုံးယင်ရဲ့မိခင်ဟာ တရုတ်အမျိုးသမီးတစ်ယောက်ပါ၊ ဒါပေမယ့် ဖခင်ကတော့ မန်ချူးတစ်ယောက်ပဲ၊ ရှင်းရှင်းပြောရရင် စန်းယုံမင်းဇွေပဲ"

"ဗျာ... စန်းယုံမင်းဇွေ ဟုတ်လား"

ရောက်လီ၏အံ့သြမှုကား အံ့သြမဆုံးရှိတော့၏။ သူ ကြားလိုက်ရသောစကားကိုမယုံနိုင်အောင် ဖြစ်နေမိသည်။ သူ့ နားကြားမှားလေသလားဟု ထင်မိတော့သည်။

"ငါပြောတာ မဟုတ်လား... မင်း အရမ်းအံ့သြသွားမယ်လို့"

"ဟုတ်တယ်... အရမ်းအံ့သြတယ်"

"စန်းယုံမင်းဇွေဟာ အကြံဉာဏ်သိပ်ကောင်းတဲ့လူတစ်ယောက်ပါ၊ သူဟာ တပ်မှူးဘဝကတည်းက အကွက်ဈေးအောင်လုပ်ခဲ့တာပဲ၊ သူ့ရဲ့သားကို တရုတ်နိုင်ငံထဲကို ငယ်စဉ်ကတည်းက ပို့ထားခဲ့တယ်"

ချူကွေ့ကျောင်းက ဆက်ပြော၏။

"ဒါပေမယ့် သူ့ရဲ့လူယုံတစ်ယောက်က စန်ကျုံးယင်ရဲ့နောက်မှာ အမြဲရှိနေတယ်၊ သူလိုချင်တဲ့လမ်းကြောင်းက တိမ်းစောင်းမသွားအောင် အမြဲပြုပြင်ပေးနေတယ်"

ရောက်လီက ပြောသည်။

"ကျုပ်တို့လိုပေါ့"

ချူကွေ့ကျောင်းက....

"ဟုတ်တယ်... အရွယ်ရောက်လာတဲ့အခါမှာ တရုတ်နန်းတော်မှာ နည်းအမျိုးမျိုးနဲ့ နေရာရအောင် လုပ်ပေးခဲ့တယ်၊ စန်ကျုံးယင် အာဏာရဖို့အတွက် ကျုပ်တို့မန်ချူးသူလျှို အတော်များများကို စတေးပစ်ခဲ့ရတယ်"

ရောက်လီ သက်ပြင်းချမိသည်။

ချူကွေ့ကျောင်းက ဆက်ပြောသည်။

"စန်ကျုံးယင်ဟာ စန်းယုံမင်းဇွေရဲ့သတင်းပေးမှုကြောင့် မန်ချူးသူလျှိုတွေကို သုတ်သင်ခဲ့ပစ်တယ်၊ အဲဒီလူတွေဟာ လူတော်တွေပဲ၊ တိုင်းပြည်အတွက် အလုပ်လုပ်ပေးခဲ့ကြတယ်၊ ဒါပေမယ့် ထိပ်ပိုင်းလူက ဖောက်ပြန်တော့ ဘယ်တတ်နိုင်မလဲလေ"

ရောက်လီမှာ ငိုင်ကျသွားသည်။

ချူကွေ့ကျောင်းမှာ ပြောရင်း မခံချင်ဖြစ်လာဟန်ရှိ၏။

"ဒီလိုနဲ့စန်ကျုံးယင်ဟာ ကိုယ်ရံတော်တပ်ဖွဲ့မှာ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်လာတယ်၊ သူဟာ ဒီထက်မြင့်တဲ့ရာထူးကို လိုချင်ရင် ရနိုင်တယ်၊ ဥပမာပြောရရင် အတွင်းဝန်ရာထူးကို လိုချင်သလား... သူပဲ ရနိုင်တယ်၊ ဘယ်သူက သူနဲ့ပြိုင်ပြီး လုနိုင်မှာလဲ၊ ဒါပေမယ့် သူမယူဘူး"

ရှောက်လီက ပြောလိုက်သည်။

"ဟုတ်တယ်... အတွင်းဝန်ရာထူးကို သူငြင်းပယ်ခဲ့တယ်လို့ ကြားရတယ်"

ချူကွေ့ကျောင်းက....

"ရာထူးသိပ်မြင့်သွားရင် လုပ်ရှားရတာ ကျဉ်းကျပ်သွားတတ်တယ်၊ အခုရာထူးက စိတ်ကြိုက်ရာထူးဖြစ်တယ်၊ ကိုယ်ရံတော် ဓားသမားတွေကို စိတ်ကြိုက်ရွေးချယ်နိုင်တယ်၊ ထောက်လှမ်းရေး မှုးတွေကို စေလွှတ်နိုင်တယ်"

ရှောက်လီက ခေါင်းညိတ်လိုက်၏။

ချူကွေ့ကျောင်းက....

"ပြီးတော့ ပြဿနာတက်ရင် တပ်မှူးကြီးတွေအနေနဲ့သာ ပြဿနာတက်တာ၊ သူလိုဒုတိယခေါင်းဆောင်ကတော့ ပြဿနာမ ဖြစ်နိုင်ဘူး၊ ပြဿနာဖြစ်ရင်လဲ သတိပေးခံရရုံလောက်နဲ့ ပြီးတတ်တယ်"

ရှောက်လီက ပြောလိုက်၏။

"ကျုပ်နားလည်ပြီ... သူ့ရာထူးက မပြုတ်နိုင်တဲ့ရာထူးဗျ"



ချူကွေ့ကျောင်းက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား၊ မင်းက သဘောပေါက်လွယ်သားပဲ ဒီလိုနေရာရဖို့အတွက် သူ့ဖခင်က အမြဲစီစဉ်ပေးနေတာပဲ၊ ပြီးတော့ ကျုပ်တို့ဆီမှာ မင်းသား ဆယ့်နှစ်ယောက်ရှိတယ်၊ မင်းတို့လို အထူး လေ့ကျင့်ပေးထားတဲ့ဓားသမားတွေပဲ၊ စန်းယုံမင်းစွေရဲ့အဓိက ကိုယ် ရံတော်တွေပေါ့"

ရှောက်လီက....

"စန်ကျိုးယင်လဲ ကျုပ်အပါအဝင် ဓားသမားဆယ့်နှစ် ယောက် မွေးခဲ့တာပဲ"

ချူကွေ့ကျောင်း ရယ်လိုက်၏။

"သူတင်ဘယ်ကမလဲ... ကွေ့စန်းဝါကလဲ ဆယ့်နှစ်ယောက် မွေးခဲ့တာပဲ"

ရှောက်လီ မျက်လုံးပြူးသွား၏။ သူမသိသေးသောကိစ္စများ မှာ များစွာ ရှိနေသေးသည်ပါကလား။

ချူကွေ့ကျောင်းက....

"ကွေ့ထင်းပုရဲ့အုပ်ချုပ်မှုအောက်မှာ ခုထက်ထိ ဆယ့်နှစ် ယောက်လုံး လှုပ်ရှားဆဲပဲ၊ မွန်ဂိုနယ်ထဲမှာ ရှိနေတယ်"

ချူကွေ့ကျောင်က ဆက်ပြောသည်။

"စန်းယုံမင်းစွေဟာ ဓားသမားဆယ့်နှစ်ယောက်ကိုမွေး ထုတ်ခဲ့တဲ့အစဉ်အလာအတိုင်း အားလုံးက ဆက်လုပ်ကြတာပဲမင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုပဲ ကျူပ်ကြည့်ပြီးပြောပါရစေ၊ မင်းတို့ဟာ စန်ကျိုးယင်ရဲ့လက်အောက်ကနေ စန်ကျိုးယင်ကိုသစ္စာရှိစွာနဲ့ ပေးသမျှတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့တာဟာ နိုင်ငံတော်အတွက်လို့ ယူဆပေမယ့် တကယ်တမ်းကျတော့ သူတစ်ယောက်တည်းအတွက်ဆိုတာ မင်းတို့သိကြမှာမဟုတ်ဘူး"

ရှောက်လီမှာ မျက်မှာပျက်သွား၏။ တကယ်စဉ်းစားလိုက်သောအခါ ချူကွေ့ကျောင်း ပြောသည့်အတိုင်းဖြစ်နေသည်။

ချူကွေ့ကျောင်းမှာ ပြော၍မောသွားဟန်ဖြင့် ခေတ္တနားလိုက်သည်။ ထို့နောက် အရက်ကိုငှဲ့၍သောက်လိုက်၏။

ထိုအကြောင်းအရာများကို ချူကွေ့ကျောင်း မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောပြနေမှန်းမသိပေ။

တကယ်တော့ စန်ကျိုးယင်သည် သူတို့မန်ချူးများအတွက် အလုပ်လုပ်ပေးနေသည့်သူသာ ဖြစ်သည်။

ချူကွေ့ကျောင်းသည် ဤအကြောင်းအရာများကို အဓိပ္ပာယ်မဲ့ပြောနေသည် မဟုတ်ကြောင်းတော့ ရှောက်လီသိသည်။

ချူကွေ့ကျောင်းက အရက်ခွက်ကိုချပြီး....

"တကယ်တော့ မင်းတို့တတွေ လုပ်ကြံခဲ့တဲ့ မန်ချူးသူလျှိုတွေဟာ စန်းယုံမင်းဧွေက မလိုအပ်တော့ဘူးလို့ ယူဆထားတဲ့လူတွေဖြစ်နေတယ်"

"အကြံက တကယ်ပက်စက်တာပဲ"



ရှောက်လီက ဆက်ပြောလိုက်သည်။

ချူကွေ့ကျောင်းက မဲ့ပြုံးပြုံး၏။

"အင်း... ကွေ့ထင်းပုဟာလဲ ဒီကိစ္စနဲ့ မပတ်သက်ဘူးလို့သိထင်ရပေမယ့် တကယ်တော့ သူလဲ ကြောက်စရာကောင်းတဲ့လူတစ်ယောက်ပဲ"

ချူကွေ့ကျောင်းက....

"တို့သူလျှိုတွေဟာ တိဗက်မှာလဲရှိတယ်၊ တို့တားလို့မရတဲ့နိုင်ငံကတော့ တာလီနိုင်ငံပဲ"

"ဒါဆိုရင် ခင်ဗျားတို့နိုင်ငံအားလုံး ဝါးမျိုးနိုင်ပြီပေါ့"

"အရေးပါတဲ့နေရာအားလုံးမှာ သူလျှိုတွေထားနိုင်ပေမယ့် နိုင်ငံအားလုံးကို သိမ်းပိုက်ဖို့ကျတော့ မလွယ်ဘူးကွ"

ချူကွေ့ကျောင်းက ဆက်ပြောသည်။

"တဖြည်းဖြည်းနဲ့ နိုင်ငံအင်အား ချည့်နဲ့လာအောင် ကြိုးစားရတာကွ၊ ဒီလိုလုပ်တာဟာ မြန်မြန်လုပ်လို့မရဘူး၊ အနှစ်သုံးဆယ်လောက် ကြာချင်ကြာမယ်"

ရှောက်လီက....

"စန်းယုံမင်းဧွေက အသက်ကြီးလှပြီပဲ"

"အသက်ကြီးတာနဲ့ မဆိုင်ဘူးကွ... သူ့ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ သူတို့လူတွေ မွေးထားပြီးပြီ၊ သူလိုချင်တဲ့ပုံနှိပ်ကိုင်နိုင်သူတွေ ပုံစံကိုသိသူတွေပဲ၊ အဲဒီလျာထားတဲ့လူတွေက

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်ကို ဆက်လက်အကောင်အထည် ဖော်သွားရမှာပဲ”

ရှောက်လီ ကြက်သီးဖျန်းဖျန်းထသွားသည်။ အကြံကြီးသောလူပေတကား။

ချူကွေ့ကျောင်းက....

“သူ့အကြံအစည်အောင်မြင်ခဲ့ရင် နောက် အနှစ်နှစ်ဆယ်လောက်သူ့ရဲ့တတိယမျိုးဆက်လောက်မှာ ပတ်ဝန်းကျင်နိုင်ငံအားလုံးဟာ မန်ချူးဘုရင်ရဲ့အာဏာကိုသိမ်းယူလိုက်ဖို့ ရည်ရွယ်ချက်ကြီးကြီးမားမားရှိနေတယ်”

ရှောက်လီက....

“ဒါကို ခင်ဗျား ဘယ်လိုလုပ်သိထားသလဲ”

“ဟား... ဟား... ဟား၊ ငါက တစ်ချိန်က ဩဇာအာဏာရှိခဲ့တဲ့ တပ်မှူးတစ်ယောက်ကွ၊ မင်းက မေ့နေသလား၊ ငါ သူ့အကြောင်းစနစ်တကျ စုံစမ်းထားတယ်ကွ”

“ခင်ဗျားတို့စုံစမ်းတာသိရင် ခင်ဗျားကို အသက်ရှင်လျက် ဘယ်ထားတော့မလဲ”

ချူကွေ့ကျောင်းက....

“မင်းပြောတာမှန်တယ်... ငါ ဒီနေရာမှာလာပုန်းနေရတာဟာ အဲဒီအကြောင်းကြောင့်ပဲ”

ရှောက်လီက ချူကွေ့ကျောင်းအား စိုက်ကြည့်လိုက်၏။

ချူကွေ့ကျောင်း၏မျက်လုံးအစုံမှာ ရီဝေလာသည်။



“ငါ့ရဲ့သားဟာ ထက်ထက်မြက်မြက်ပါ၊ အင်မတန် အလားအလာရှိတဲ့ ဓားသမားတစ်ယောက်ပါ၊ သူ့ကို ငါ အလေးအနက် ထားခဲ့တယ်၊ ပေါက်မြောက်အောင်မြင်မယ့်သားကို ဖူးဖူးမှုတ်ထားခဲ့တယ်။ သားကလိမ္မာပါတယ်... နားထင်သွေးမရောက်ပါဘူး၊ ကြိုးစားတယ်... သူ့ရဲ့ဓားပညာနဲ့ဉာဏ်ရည်ဟာ ငါ့ထက်အများကြီးသာတယ်ဆိုတာ ငါသိတာပေါ့၊ သူ့မိခင်ဟာလဲ စာပေပညာရှင်တစ်ယောက်ဆိုတော့ သူ့ဉာဏ်ရည်သာတာက အံ့ဩစရာမဟုတ်တော့ဘူး”

ရှောက်လီ နားထောင်နေသည်။

ချူကွေ့ကျောင်းက....

“ဒီဘက်ခေတ်ပိုင်းမှာ မန်ချူးမှာ ကျော်ကြားတဲ့လူငယ်နှစ်ယောက်ရှိတယ်၊ တစ်ယောက်က ကျူပ်သား ချူစီပ၊ တစ်ယောက်က ခိုးယုံမင်းစွေရဲ့တူဖြစ်တဲ့ စန်းစီးရှဆိုတဲ့လူငယ်နှစ်ယောက်ပဲ”

သူပြောပြီးသည်နှင့် ရှောက်လီကိုကြည့်လိုက်၏။

ရှောက်လီသည် အလွန့်အလွန် စိတ်ဝင်စားစွာ နားထောင်နေသည်ကိုတွေ့ရသောအခါ သူကျေနပ်သွား၏။ သူ့စကားကို ပြန်ဆက်သည်။

“သိုင်းပညာနဲ့ပတ်သက်ရင်ကော စာပေပညာနဲ့ကော ငါ့ရဲ့သားချူစီးပဟာ စန်းစီးရှထက် အမြဲသာတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခိုးယုံမင်းစွေ ဩဇာအာဏာရှိလို့ သူက ပိုကျော်ကြားသင့်တာပေါ့၊ ဒါပေမယ့် သူ့သားက စန်းစီးရှထက် ပိုကျော်ကြားတယ်လေ၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



မှာ စန်းယုံမင်းဇွေ စိုးရိမ်လာတာပေါ့"

"သူက စန်းစီးရှကို သူ့ရဲ့မျိုးဆက်အဖြစ် လျာထားလေ့ကျင့်ပေးခဲ့တာမဟုတ်လား၊ ဒါပေမယ့် လူမှုဆက်ဆံရေးပြေလည်အောင် စန်းစီးရှကိုထက်မြက်အောင် သင်မပေးနိုင်ခဲ့ဘူး၊ နန်းတော်အသိုင်းအဝန်းကလူတွေ အထူးသဖြင့် မှူးမတ်တွေအပေါ်မှာ စန်းစီးရှဟာ မောက်မောက်မာမာ ဆက်ဆံခဲ့တယ်၊ မှူးမတ်တွေက စန်းစီးရှကိုသဘောမကျဘူး၊ ချူစီးပကို ခင်မင်ခဲ့ကြတယ်"

ချူကွေ့ကျောင်းက သက်ပြင်းချပြီး ဆက်ပြောလိုက်သည်။

"စန်းယုံမင်းဇွေဟာ ချူစီးပကို သူ့ရဲ့ရန်ဘက်အဖြစ်သဘောထားလာခဲ့တယ်၊ တာဝန်တွေ တစ်ခုပြီးတစ်ခု ပေးခဲ့တယ်၊ ငါ့ရဲ့သားချူစီးပဟာလဲ သူပေးသမျှတာဝန်ကို အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့တာချည်းပဲ၊ အဲဒီလို အမြဲတမ်းထမ်းဆောင်နိုင်ခဲ့တဲ့အတွက် ငါ့သား ချူစီးပရဲ့ကျော်ကြားမှုဟာ အထွတ်အထိပ် ရောက်လာခဲ့တယ်"

ချူကွေ့ကျောင်း မျက်ရည်လည်လာ၏။ တပ်မှူးဟောင်းတစ်ယောက်၏မျက်ရည်ကို ရောက်လီ မတွေ့လိုပါ။

"ဒီအခါမှာ စန်းယုံမင်းဇွေ အကောက်ကြံတော့တာပဲ၊ သူဟာ ငါ့သားကို တရုတ်ပြည်ထဲစေလွှတ်ခဲ့တယ်၊ တာဝန်တစ်ခု ထမ်းဆောင်စေတာပေါ့၊ တကယ်တော့ တာဝန်ဟာ ဟန်ပြပါ၊ ဒီမှာရှိနေတဲ့ စန်ကျူးယင်ကိုတာဝန်တစ်ခု ပေးခဲ့တယ်၊ ငါ့သားကို လျှို့ဝှက်သတ်ဖို့ တာဝန်ပဲ"



"အမြဲတမ်း တာဝန်ကိုအောင်မြင်အောင် ထမ်းဆောင်ခဲ့တဲ့ငါ့သားဟာ ဒီတစ်ခါတော့ တာဝန်မကျေနိုင်တော့ပါဘူး၊ စန်ကျူးယင်ဟာ ချူစီးပကိုသုတ်သင်ဖို့ လူခြောက်ဦးတိတိကို တာဝန်ပေးအပ်ခဲ့တယ်၊ ကျုပ်သားဟာ မင်းတို့ရဲ့လူလေးယောက်ကိုသုတ်သင်ပြီး သူလဲဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့တယ်၊ အဲဒီလိုနဲ့ မန်ချူးကိုပြန်ရောက်သွားတာပဲ၊ မန်ချူးမှာ ကျုပ်သားကို ကျုပ်တောင် တွေ့ခွင့်မရလိုက်ပါဘူး၊ ကျုပ်သားကို တာဝန်မကျေပွန်မှုနဲ့ သူတို့က သေဒဏ်ပေးလိုက်ကြတယ်"

ရောက်လီက....

"ခင်ဗျား စန်းယုံမင်းဇွေနဲ့ ထိပ်တိုက်မတွေ့ဘူးလား"

ချူကွေ့ကျောင်းက အံကြိတ်လိုက်သည်။

"ငါ ဘယ်ခံနိုင်မလဲ၊ အမြဲတမ်း အောင်မြင်ခဲ့တဲ့ ငါ့သားကို တစ်ခါလေး မအောင်မြင်တာနဲ့ သေဒဏ်ပေးရတယ်လို့ သူ့ကို ငါစိန်ခေါ်ခဲ့တာပေါ့၊ ဒါပေမယ့် သူ့ရဲ့ဟန်ဆောင်မှုကကောင်းလွန်းတော့ ငါပဲ လူရမ်းကားဖြစ်ခဲ့ရတယ်"

ရောက်လီသည် အရက်တစ်ခွက်ကိုငှဲ့ပေးရ၏။ ချူကွေ့ကျောင်းသည် တငွတ်ငွတ် မော့ချလိုက်တော့သည်။

"ငါ့အနေနဲ့ အဲဒီအချိန်ကစပြီး သူ့အကြောင်းကိုလေ့လာခဲ့တယ်၊ ဒီလိုစုံစမ်းတာကိုလဲသိရော သူက မင်းသားဆယ့်နှစ်ယောက်ကို စေလွှတ်ပြီး ငါ့ကိုရှင်းခိုင်းတော့တာပဲ၊ ငါ့ပတ်လည်မှာလဲ တောင်

www.burmeseclassic.com

www.burmeseclassic.com



ချောက်တွေ ဝိုင်းလို့ပေါ့"

ချူကွေ့ကျောင်းသည် ပြောရင်း ဒေါသထွက်လာသည်။ မေးကြောကြီးများ ထောင်လာသည့်အထိ အမျက်ထွက်လာသည်။

ရောက်လီမှာ ကိုယ်ချင်းစာနာနေမိသည်။ မိမိ၌ သားရှိသည်ဆိုပါက ဤအဖြစ်မျိုးရောက်လျှင် မည်မျှခံပြင်းမိလိမ့်မည်နည်း။

ချူကွေ့ကျောင်းက....

"ငါ ရှောင်တိမ်းရတော့တာပေါ့၊ ငါ ခြေရာဖျောက်လိုက်တယ်၊ ဒီရောက်တော့ ကျောက်ကွမ်းတကို စောင့်ကြည့်တဲ့လူကို ရှင်းပစ်ပြီး ငါက အစားထိုးဝင်နေခဲ့တယ်၊ ဒါမှ ငါ ဟိုက သတင်းလဲ အဆက်မပြတ် သိနိုင်တယ်မဟုတ်လား"

ရောက်လီက....

"ခုတော့ အားလုံးရှင်းသွားပါပြီ"

"မင်းနဲ့ကျုပ် အပေးအယူလုပ်လို့ရမယ် ထင်တယ်"

ရောက်လီ နားမလည်နိုင်ဘဲဖြစ်သွား၏။

သူချက်ချင်း မေး၏လိုက်သည်။

"ဘာအပေးအယူလဲ"

ချူကွေ့ကျောင်းက ပြုံးပြီး ပြောလိုက်သည်။

ရောက်လီသည် မျက်မှောင်ကုတ်ရင်း ပြောလိုက်သည်။

"ခင်ဗျားနဲ့ကျုပ်နဲ့ လက်တွဲလိုက်ရုံရှိကြတာပဲ မဟုတ်လား"

ချူကွေ့ကျောင်းက ခေါင်းခါသည်။



"ဘယ်လွယ်မှာလဲ... စန်းယုံမင်းစွေကို ငါက ဘယ်ရှင်းနိုင်မှာလဲ၊ အနားကပ်လို့တောင် မရဘူး"

ရောက်လီက....

"ဟုတ်တော့လဲ ဟုတ်တယ်၊ စန်းယုံမင်းစွေရဲ့ အနီးကိုကပ်ဖို့တောင် မလွယ်ဘူး"

ချူကွေ့ကျောင်းက....

"ဒါကြောင့် မင်းနဲ့ငါ အပေးအယူလုပ်မယ်လို့ပြောတာပေါ့"

"ဘာလဲ ကျုပ်က စန်းယုံမင်းစွေကိုသုတ်သင်ရမယ်လား၊ ဘယ်ဖြစ်နိုင်မလဲ"

"ငါလဲ မင်းကိုမခိုင်းပါဘူး"

"ဒါဖြင့် ဘာလုပ်ရမှာလဲ"

ချူကွေ့ကျောင်းက ပြောမည်အလုပ်တွင် တံခါးခေါက်သံကြားလိုက်ရ၏။

ချူကွေ့ကျောင်းက....

"ဝင်ခဲ့ပါ"

စားသမားတစ်ဦးရောက်လာသည်။ ထို့နောက် သူသည် ချူကွေ့ကျောင်းအား တီးတိုးပြောလိုက်သည်။

ထို့နောက် အရိုအသေပေးပြီး ပြန်ထွက်သွားသည်။

ချူကွေ့ကျောင်း မျက်နှာပျက်ပြီး အရက်ကိုတစ်ခွက်ပြီးတစ်ခွက် ငှဲသောက်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည့်အထိ ရောက်လီကိုစကားမပြောပါ။ ချူကွေ့ကျောင်း စဉ်းစားခန်းဝင်နေသည်ကိုသိသဖြင့် စောင့်ဆိုင်းနေလိုက်ပါသည်။

သူသည် ချူကွေ့ကျောင်း၏အစီအစဉ်ကို စဉ်းစားပါသည်။ သူ့ စဉ်းစားမရပါ။

ရောက်လီသည် ခေါင်းရှုပ်ခံမစဉ်းစားတော့ဘဲ အစားအသောက်များကို စားသောက်နေလိုက်ပါတော့သည်။

○



အခန်း(၃၉)

အွန်ရာယ်တောသို့

စန်ကျိုးယင်သည် ငှက်ကလေးအား ပွတ်သပ်နေသည်။

ငှက်ကလေးကိုပွတ်သပ်နေသော်လည်း စိတ်ကမူ ပျံ့လွင့်နေပေသည်။

ထိုငှက်ရောက်လာသည်မှာ အကြောင်းရှိပေသည်။ မန်ချူးမင်းသားတစ်ယောက်ရောက်လာကြောင်း အကြောင်းကြားသည့် ...င် ဖြစ်တော့သည်။

မင်းသားပေါင်းဆယ့်နှစ်ယောက်ရှိပါသည်။ မင်းသားဟု ...ကြသော်လည်း အမှန်စင်စစ် မင်းညီမင်းသားများ မဟုတ်ပါ။ ...ခွဲ့ဓားသမားများသာ ဖြစ်ကြပါသည်။

အဘယ့်ကြောင့် မင်းသားခေါ်ဝေါ်သည်ကိုလည်း မသိ... သူဖခင်သည် အကြောင်းမရှိဘဲနှင့် မင်းသားများကိုမ...

www.burmeseclassic.com

www.burmeseclassic.com



ပါ။

တစ်ခုတော့ရှိသည်။ သူ့အကြံအစည်ပေါက်မြောက်အောင် ... မြင်ခြင်း မရှိသည့်အတွက် စိတ်မရှည်ဘဲနှင့် မင်းသားတစ်ယောက်အား ပေးပို့လိုက်ခြင်းဖြစ်ပါသည်။

စန်ကျုံးယင် စိတ်မောသည်။ ဤသို့ တစ်ကြိမ်တစ်ခါမှ မ... မောဘူးပေ။

သူသည် စိတ်မောလူမောဖြင့် မျက်လုံးအစုံကို အသာမှိတ်... လိုက်သည်။

အတန်ကြာ မျက်လုံးမှိတ်နေသည့်အခါတွင် ပေါ့ပါးသောခြေ... သံကိုကြားလိုက်ရသဖြင့် မျက်လုံးပြန်ဖွင့်ကြည့်လိုက်သည်။

ချင်းရှောင်ဝင်လာသည်ကို တွေ့လိုက်ရသည်။

ချင်းရှောင်သည် ဆရာစန်ကျုံးယင်ကို ဦးညွှတ်ဂါရဝပြုလိုက်... ၏။

"ဆရာအပြင်ဘက်မှာ မြင်းလှည်းအသင့်ဖြစ်နေပါပြီ"

စန်ကျုံးယင်သည် စားပွဲပေါ်မှအရက်အိုးကိုဆွဲယူကာ မ... တတ်ရပ်လိုက်သည်။

ချင်းရှောင် အံ့သြသွားသည်။

"ဆရာ...."

သူ့ဆရာသည် ခရီးသွားရင်း အရက်သောက်တတ်သူမဟုတ်... ချေ။



စန်ကျုံးယင်က ပြုံးလိုက်ပြီး...

"ဒါ အခုတလော စိတ်ပင်ပန်းနေတယ်၊ ခရီးပြင်နှင်ရမှာဆိုတော့ နည်းနည်းလောက် သောက်သွားမှဖြစ်မယ်"

သူသည် ပြောပြီးသည်နှင့် ရှေ့မှထွက်သွားတော့သည်။

မြင်းလှည်းသည် ခြံဝင်းရှေ့တွင် ဆိုက်ကပ်ထား၏။ စန်ကျုံးယင် တံခါးဖွင့်ပြီး မြင်းလှည်းပေါ်သို့တက်လိုက်သည်။

ချင်းရှောင်သည် မြင်းလှည်းမောင်းသူနေရာတွင် ဝင်ရောက်ထိုင်လိုက်သည်။

ကိုယ်ရံတော်ဓားသမားလေးယောက်က မြင်းကို ကိုယ်စီစီးကာ မြင်းလှည်းသည် ထွက်ခွာလာတော့၏။

○

ချူကွေ့ကျောင်းသည် အရက်ခွက်ကိုဆောင့်ချလိုက်သည်။

ထို့နောက် လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"အင်း... ကျုပ်အစီအစဉ် ပြောင်းလိုက်ရပြီ"

ချူကွေ့ကျောင်းသည် အဆက်အစပ်မရှိဘဲ စကားကိုပြောလိုက်သည်။

ရှောက်လီက နားမလည်သလိုမော့ကြည့်သည်။ ချူကွေ့ကျောင်းက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ ပြေးစရာလမ်းတစ်လမ်းပဲရှိတယ်၊ တောင်ဘက်စူး စူးကိုပြေးရမယ်၊ သစ်တောက သိပ်ပြီးနက်တယ်၊ ဒါပေမယ့် တောင် အုပ်လွန်ရင် လိုကျန်းမြို့ကိုရောက်မယ်၊ လိုကျန်းမြို့ထဲကိုဝင်လို့ မသင့် ဘူး၊ သူတို့က ခံုးသမားတွေ အစောင့်ချထားနိုင်တယ်၊ ဒီတော့ မြို့ကို ကွေ့ပတ်သွားရမယ်၊ သချိုင်းဟောင်းတစ်ခုကို တွေ့ရမယ်၊ ငါ့ရဲ့မြင်း တစ်ကောင်ဟာ အဲဒီသချိုင်းထဲမှာရှိနေတယ်"

ရှောက်လီက....

"ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ်ကိုထွက်ပြေးဖို့ ပြောနေတာလား"

ချူကွေ့ကျောင်းက သူ့အမေးကိုပြန်မဖြေပါ။ ဆက်ပြောနေ သည်။

"မင်းပြေးရင် ငါ့ခံုးသမားတွေက လိုက်ကြမှာပဲ၊ မင်း သူတို့ ကိုလွတ်အောင်မပြေးနိုင်ရင် သေမှာပဲ"

ရှောက်လီ နားလည်လိုက်ပြီ။

ချူကွေ့ကျောင်းက....

"အခြေအနေသာ မပြောင်းလဲဘူးဆိုရင် ခင်ဗျားဆီက ကတိ တစ်လုံးနဲ့ပဲ ငါ ပြန်လွှတ်ပေးခဲ့မှာပါ"

"အခုတော့ကော...."

ချူကွေ့ကျောင်း သက်ပြင်းချလိုက်သည်။

"ကျောက်ကွမ်းတက သတင်းပို့လိုက်ပြီ... မင်းကို ငါဖမ်း



ထားတယ်လို့၊ မကြာခင် ဟိုကလူတွေ ရောက်လာတော့မယ်၊ ဒီသ ဘယ်နှယ်သတင်းပို့ရတာလဲမသိဘူး၊ သူနဲ့မဆိုင်တဲ့သတင်းကို ပို့ရ တယ်လို့"

ရှောက်လီမှာ ရင်ထိတ်သွားသည်။

"ငါက အယောင်ဆောင်ရမယ့်လူဆိုတော့ အမှားအယွင်းမရှိ အောင် သတိထားရတော့မယ်၊ မင်း တစ်ယောက်တည်းလွတ်သွား တာလို့ပြောနိုင်အောင် ကြံဖန်ရတော့မယ်"

"ကျင်းစုကိုဖမ်းထားမယ် ဆိုပါတော့"

"မင်းရဲ့ကတိအာမခံချက်အနေနဲ့ သူ့ကိုထားခဲ့ရမယ်၊ ပြီး တော့ ငါ့ရဲ့လက်ကြတ်ဓာတ်လမ်းမှာ နှစ်ယောက်စလုံးလွတ်သွားရင် ယုတ္တိမရှိဘူးဖြစ်နေမယ်"

"ခင်ဗျား ကျင်းစုကို့ကိုထိလို့တော့ မရဘူးဗျ"

"ငါကတိပေးတယ်... ပြီးတော့ သူက တာလီနိုင်ငံသူဆို တော့ သိပ်ပြီး အန္တရာယ်မရှိလှပါဘူး"

"ကောင်းပြီ... ကျုပ် ဘာလုပ်ပေးရမှာလဲ"

"သူတို့ရဲ့အကြံအစည်အားလုံးကို ဖြိုခွဲရမယ်"

ချူကွေ့ကျောင်းက တစ်လုံးချင်း ပြောလိုက်လေ၏။

ရှောက်လီက....

"ကျုပ်တစ်ယောက်တည်းနဲ့ ဘယ်လိုလုပ်တတ်နိုင်မှာလဲ ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချူကွေ့ကျောင်းက....

"မင်း စန်ကျုံးယင်ကိုဖြို့ခွဲလိုက်ရင် ပြီးတော့ ကွေ့ထင်းပုကို ဖြို့ခွဲလိုက်ရင် အတော်အေးချမ်းသွားပါပြီ၊ ငါ့အတွက်လဲ စန်းယုံမင်းစွေရဲ့သားကို လက်စားချေရာရောက်တာပေါ့၊ တစ်ခုပဲရှိတယ်... မင်းလက်မလျော့ရဘူး"

ရှောက်လီက ခေါင်းညိတ်လိုက်၏။

"ဒီလောက်တော့ လုပ်နိုင်မယ်လို့တော့ ထင်ပါတယ်"

ချူကွေ့ကျောင်းက....

"မင်းကို စိတ်ဝင်စားစရာတစ်ခု ပြောရဦးမယ်... စန်းယုံမင်းစွေဟာလဲ ငှက်စုဆောင်းတာဝါသနာပါတယ်"

ရှောက်လီ စဉ်းစားနေသည်။

ချူကွေ့ကျောင်းက....

"ငှက်တွေဟာ သူတို့အားလုံးရဲ့ တူညီတဲ့လက္ခဏာတွေပဲ၊ ဒီတော့ ငှက်လှောင်အိမ်တွေကို မင်း ဂရုစိုက်ပါ"

"ဟာ... ကျုပ် သိပြီ၊ ဒီငှက်လှောင်အိမ်တွေဟာ သူတို့ရဲ့လျှို့ဝှက်ချက်အကြံအစည်တွေ မှတ်တမ်းမှတ်ရာတွေ ရှိနိုင်တယ်လို့ ခင်ဗျားပြောချင်တာ မဟုတ်လား"

ချူကွေ့ကျောင်းက ခေါင်းညိတ်လိုက်သည်။

ရှောက်လီက....

"စိတ်ချပါ... ကျုပ်စန်းကျုံးယင်ကို အရင်ဆုံးဖြို့ခွဲပစ်မယ်"



"မဟုတ်သေးဘူး"

"ဘာလဲ...."

"မင်း အရင်ဆုံး ရှင်းသင့်တဲ့လူက ကွေ့ထင်းပုပဲ"

ရှောက်လီ နားမလည်နိုင်ပါ။ မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ချူကွေ့ကျောင်းက....

"စောစောကပဲ ကျုပ်သတင်းရတယ်၊ ဟူကျန်းစုံကို ကွေ့ထင်းပု သတ်သွားပြီ"

"ဘာ...."

ရှောက်လီ၏အထိတ်တလန့်အော်သံသည် ဟိန်း၍ထွက်လာသည်။

○

ကျင်းစုကို့မှာ နံရံကိုမျက်နှာအပ်ပြီး ငိုနေသည်။ နံရံလေးဘက်စလုံး အုတ်ချည်းသာ ကာရံထားသည်။ လွန်စွာလုံခြုံ၏။

ရှောက်လီမှာ နံရံကိုလက်သီးဖြင့်ထိုးနေခဲ့သဖြင့် သွေးများဆိုစီးကျလာမှာ ရပ်ဆိုင်းလိုက်သည်။

ရှောက်လီမှာ ထိန်းမရနိုင်အောင် ဖြစ်နေသည်။ သေချာစွာကြည့်လျှင် ရှောက်လီ၏မျက်လုံးမှာ မျက်ရည်များ စီးကျနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုရင် ကျုပ်သေသင့်တာ"

ရောက်လီမှာ မေးကြောကြီးများထောင်ထအောင် အံကြိတ်ပြီး ပြောလိုက်၏။

ရောက်လီက ဆက်ပြောသည်။

"သူက ဟိုမှာမနေချင်ဘူး၊ ကျုပ်က အတင်းထားခဲ့လို့သာ နေခဲ့ရတာ"

ကျင်းစုကို့က....

"သူက ဒီကိုသွားရင် သေမယ်ထင်ပြီး သူသွားမယ်ပြောတာပေါ့၊ ဟိုမှာနေရင် အသက်ရှင်နိုင်တယ်လို့ သူ တွက်ထားတယ်"

ရောက်လီကလည်း....

"ဟုတ်တယ်... ကျုပ်လဲ ဒီကိုထွက်လာရင် သေနိုင်တယ်လို့ တွက်ပါတယ်၊ ဒါကြောင့် အလုအယက် ထွက်လာတာပေါ့"

ရောက်လီ၏အသံမှာ ယူကြုံးမရဖြစ်နေသည်။

ကျင်းစုကို့က....

"ရှင်က စေတနာကောင်းနဲ့ သူ့ကိုထားခဲ့တာပဲ၊ ရှင့်အပြစ်မဟုတ်ဘူး... ဟူကျန်းစုဟာ သနားစရာကောင်းပါတယ်"

ရောက်လီက အံကြိတ်ပြီးပြောလိုက်သည်။

"သူ တောင့်တခဲ့တဲ့ငြိမ်းချမ်းမှုကို ရသွားတာပေါ့လေ"

သူနှင့်ဟူကျန်းစုတို့မှာ ပုံစံခွက်အတွင်း ကြီးပြင်းခဲ့ရသူများဖြစ်သည်။



သူတို့သည် စန်ကျုံးယင်မှလွဲ၍ မည်သူ့ကိုမျှ သံယောဇဉ်မတွယ်ခဲ့ချေ။

ထို့ကြောင့် စန်ကျုံးယင်ခိုင်းသမျှ အောင်မြင်အောင် လုပ်ပေးခဲ့၏။ လုပ်သမျှလည်း မည်သည့်ခံစားချက်မျှ မရှိခဲ့ချေ။

သို့သော် ဟူကျန်းစုမှာမူ သူနှင့်မတူပါ။ လူသည် မွေးကတည်းက မိဘမေတ္တာတရားဆိုသည်မှာ ချိုနဲ့လားဟု မေးရဖ်လောက်အောင် မိဘမေတ္တာနှင့် ကင်းဝေးခဲ့ရသူဖြစ်သည်။

ဟူကျန်းစုမှာမူ ငယ်စဉ်က ပျော်ရွှင်ဖွယ်ကောင်းသောအိမ်ထောင်စုတွင် ကြီးပြင်းခဲ့ရသူဖြစ်ပါ၏။

မိဘများ ဓားပြများ၏လက်ချက်ဖြင့် သေဆုံးရသောအခါတွင် ကြေကွဲဖွယ်ရာ ဝေဒနာများကိုခံစားခဲ့ရ၏။

ထို့ကြောင့် ဟူကျန်းစု၏စိတ်ထဲတွင် ထိရှလွယ်ခဲ့ခြင်းဖြစ်သည်။

စန်ကျုံးယင်က မည်မျှပင် လေ့ကျင့်ပေးခဲ့သော်လည်း ဟူကျန်းစုသည် အပြည့်အဝမရခဲ့ချေ။

လူသတ်ခြင်းကို သူ မသတီပေ။ သတ်ပြီးတိုင်း အသတ်ခံရသူတိုင်း၏မျက်နှာများကို မြင်ယောင်ကာ စိတ်မချမ်းသာမှုကို ခံစားရပေသည်။

သူသည် စိတ်ချမ်းသာမှုရစေရန် ဘုရားကျောင်းတစ်ခုတွင် ဘုန်းကြီးဝတ်ခဲ့၏။ ဘုန်းကြီးဝတ်သော်လည်း အေးချမ်းမှုမရခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အေးချမ်းမှုရရှိသွားပါလေပြီ။

ရှောက်လီသည် ဟူကျုန်းစုအကြောင်း စဉ်းစားပြီး မျက်ရည်ဖြိုင်ဖြိုင် ကျလာလေသည်။

ကျင်းစုကို့က ရှောက်လီအား ဖေးမသည်။ ထိုအခါ ရှောက်လီသည် ကျင်းစုကို့၏ပခုံးတွင် မျက်နှာအပ်ကာ စိတ်ရှိလက်ရှိ ငိုကြွေးလေတော့သည်။

သူသည် သွေးသားနှင့်တည်ဆောက်ထားသူဖြစ်၏။ မည်မျှပင် ပုံသွင်းလေ့ကျင့်ပေးခဲ့သော်လည်း သူ့အသည်းနှလုံးမှာ လူ့အသည်းနှစ်လုံးဖြစ်နေသည်။ သံမဏိအသည်းနှလုံးမဟုတ်ချေ။

ရှောက်လီမှာ အတန်ကြာအောင် ငိုကြွေးပြီးမှ အငိုရပ်သွားသည်။

"စန်ကျုံးယင် ခင်ဗျား ကျုပ်တို့ကိုလိမ်ညာထားသမျှ ခင်ဗျား ပြန်ပေးဆပ်ရမယ်"

ရှောက်လီက ကြုံးဝါးလိုက်၏။

ကျင်းစုကို့က ရှောက်လီအား ပြောလိုက်သည်။

"ဒီကိစ္စအားလုံးရဲ့တရားခံဟာ စန်းကျုံးယင်ပဲ"

ရှောက်လီသည် အရာအားလုံးကို ပြတ်ပြတ်ထင်ထင် တွေ့မြင်ခဲ့လေသည်။ သူသည် ဟူကျုန်းစုအတွက် လက်စားချေရပေမည်။

ထိုစဉ် တံခါးပွင့်လာတော့၏။

ချူကွေ့ကျောင်းက....



"အချိန်သိပ်မရှိတော့ဘူး... အရက်မတက်ခင် ဒီကနေ ပြေးမယ်၊ ငါပြောခဲ့တဲ့ ခရီးစဉ်အတိုင်းပဲ"

ရှောက်လီက ဖြေလိုက်၏။

"ကျုပ်ကတော့ အဆင်သင့်ပဲ"

"ငါ့ဘက်ကလဲ အားလုံးအဆင်သင့်လုပ်ပြီးပြီ"

"ကျွန်မနေခဲ့ရမယ် ဟုတ်လား"

ကျင်းစုကို့ ဝင်မေးလိုက်သည်။ သူမကြောက်၍မဟုတ်ပါ။ ရှောက်လီကို တစ်ယောက်တည်း စိတ်မချသောကြောင့်ဖြစ်သည်။

ရှောက်လီ ခေါင်းညိတ်လိုက်သည်။

ချူကွေ့ကျောင်းက....

"ခင်ဗျားအတွက် ကျုပ်တာဝန်ယူပါတယ်၊ မဲ့တစ်ပေါက်မခွန်းစေရပါဘူး၊ တစ်ခါတည်း ပြန်မထည့်နိုင်တာကိုတော့ ခွင့်လွှတ်ပါဗျာ"

ကျင်းစုကို့မှာ ရှောက်လီ၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

ရှောက်လီကလည်း ကျင်းစုကို့ကိုစူးစိုက်ကြည့်လိုက်သည်။

သံယောဇဉ်မတွယ်ဘူးသူမှာ ယခုသံယောဇဉ်တွယ်နေပေပြီ။

ရှောက်လီသည် ကျင်းစုကို့၏လက်ကို အသာအယာ နမ်းရှုံ့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစုကို့က တုန်ယင်လှိုက်လှဲစွာ ပြောလိုက်သည်။

“ရှင့်ကို တစ်ယောက်တည်းလွှတ်ရတာ စိတ်မချလိုက်တာ၊ စိတ်ထင်တိုင်း မရမ်းနဲ့၊ ခေါင်းအေးအေးထားပြီး ရင်ဆိုင်ပါ”

ရှောက်လီသည် ခေါင်းညိတ်ပြီး ကျင်းစုကို့လက်ကိုလွှတ်လိုက်သည်။

ရှောက်လီသည် ကျင်းစုကို့အား ကျောခိုင်းကာ တံခါးအပြင်သို့ထွက်သွားတော့သည်။

ရှောက်လီထွက်သွားသည်နှင့် အခန်းတံခါးလည်း ပြန်ပိတ်သွားသည်။

ကျင်းစုကို့သည် ခုတင်ပေါ်တွင် မှောက်၍ငိုကြွေးတော့သည်။

ရှောက်လီတစ်ယောက်တည်း အန္တရာယ်တောသို့ ထွက်ခွာသွားလေပြီ။ ရှောက်လီနှင့် သူမ ပြန်ဆုံနိုင်ပါဦးမည်လော။

ဤတစ်ချိန်တွင် ရှောက်လီနှင့်သူမ တကယ်ပင် လမ်းခွဲလိုက်ရပြီဟု ထင်မိသည်။

ပထမတစ်ကြိမ်က သူမနှင့်အတူ မနေနိုင်သည့်အတွက် လမ်းခွဲခဲ့ရသည်။

သို့သော် ထိုစဉ်က လောကတွင် အသက်ရှိသေးသည်ဟု သောအသိဖြင့် ဖြေသိမ့်နိုင်ခဲ့သည်။

ယခုတစ်ခါတော့ ဤသို့ဖြေသိမ့်နိုင်မည်မဟုတ်ပါ။



ရှောက်လီ၏နာကြည်းမှုကိုလည်း သူမ ခံစားမိသည်။

ဆရာသဖွယ် ဖခင်သဖွယ်ဖြစ်သော စန်ကျုံးယင်အာ သခွာဖောက်ခဲ့သည်မဟုတ်ပါလော။

ထို့ပြင် ဟူကျန်းစုသည် သေခဲ့ရပြီ။ ဟူကျန်းစုသည် သူ၏သွေးသောက်ညီအစ်ကို ဖြစ်သည်။

ကျင်းစုကို့ တစ်ခုစိတ်မချသည်မှာ ရှောက်လီကိုတစ်ယောက်တည်းစေလွှတ်လိုက်ရသည့် အဖြစ်ကိုဖြစ်သည်။

သူမသည်လည်း သေချင်သေပါစေ။ ရှောက်လီနှင့်အတူ တိုက်ပွဲဝင်ချင်ပါသည်။

ယခုတော့ သူမသည် ရှိုက်ကြီးတငင် ငိုကြွေး နေရပြီဖြစ်ပါသည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၀)
## ဖြေရှင်းရမည့်ပြဿနာ

ရောက်လီသည် အလွန်ထူထပ်သောတောအုပ်ကို ဖြတ်၍ ပြေးနေရသည်။

အာရုဏ်ဦးအလင်းရောင်သည် တောအုပ်အတွင်းသို့ မထိုးဖောက်နိုင်ဘဲဖြစ်နေသည်။

တောအုပ်အတွင်း၌ အမှောင်ထုက ကြီးစိုးနေဆဲဖြစ်လေသည်။

ရောက်လီ၏အဝတ်ဖိနပ်မှာ ပေါက်ပြဲနေ၏။ သို့သော် သူ မနားရပါ။

သူ့နောက်တွင် ချုံကွေ့ကျောင်း၏စားသမားများသည် သူ့အား အလွတ်ပေးမည်မဟုတ်ပါပေ။

ချုံကွေ့ကျောင်းအနေဖြင့် ယုတ္တိရှိအောင်လုပ်မည်သာ



တည်း။ မိမိလွတ်အောင်ပြေးနိုင်မှ ဖြစ်မည်။

ဤသို့ဖြင့် တစ်စတစ်စ တောအုပ်အလယ်သို့ချဉ်းကပ်လာခဲ့သည်။

နေရောင်ကလည်း တောအုပ်အတွင်းသို့ဝင်လာ၏။

နေမွန်းတည့်ချိန်ရောက်လာသဖြင့် နေရောင်က တောအုပ်အတွင်းဝင်လာနိုင်ခြင်းဖြစ်သည်။

ရောက်လီသည် ခေတ္တရပ်နားလိုက်၏။ သူ့တွင် လက်နက်ဟူ၍ အပ်တစ်ချောင်းမျှမရှိပါ။

သူသည် ချုံနွယ်များကိုတိုးဝင်ဖြတ်သန်းလာရသဖြင့် ခြစ်ရာအစင်းများ တစ်ကိုယ်လုံးတွင် ထင်နေ၏။ သူ၏အင်္ကျီမှာလည်း စုတ်ပြဲနေ၏။

ထိုအခိုက် ခြေသံကြားလိုက်ရ၏။

ရောက်လီသည် ရင်ထိတ်သွားပြီး ချုံနွယ်ထဲသို့လိမ့်ဝင်လိုက်သည်။ ထို့နောက် အသာငြိမ်ကာ ချောင်းကြည့်လိုက်၏။

စားသမားနှစ်ယောက် မိမိရှိရာသို့လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

မိမိနောက်သို့လိုက်လာသော စားသမားများဖြစ်ကြောင်းသိရသည်။

စားသမားနှစ်ယောက်သည် သူပုန်းအောင်းနေသည့်နေရာအနီးသို့ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အသက်ပင်မရှုနိုင်လောက်အောင် ဖြစ်နေသည်။ ထိုသူနှစ်ဦးသည် သူနှင့်အလွန်နီးကပ်နေသည်မဟုတ်ပါလား။

ဓားသမားနှစ်ဦးသည် မြေကြီးပေါ်မှခြေရာများကို ကြည့်လိုက်သည်။

ဓားသမားတစ်ယောက်က....

"ခြေရာတော့ သိပ်မထင်ဘူး... ကိုယ်ဖော့ပညာ သိပ်ကောင်းမယ့်ပုံပဲ၊ ခြေရာက ရှေ့ဆက်မသွားတော့ဘူး"

ကျန်တစ်ယောက်က ထောက်ခံလိုက်၏။

"ဟုတ်တယ်... သူဒီနားမှာပုန်းနေတာပဲဖြစ်မယ်"

ဓားသမားနှစ်ယောက်သည် ဓားများကိုဆွဲထုတ်လိုက်ကြသည်။

ရှောက်လီက ချောင်းကြည့်နေ၏။

ဓားသမားနှစ်ယောက်သည် ချုံနွယ်များကိုဖယ်ရှားပြီး ရှာဖွေနေသည်။

ရှောက်လီသည် ကိုယ်ကိုဝပ်ထားရသည်။ သို့သော်လည်း မကြာမီ တွေ့သွားတော့မည်ဖြစ်ကြောင်း ကြိုတင်သိနေ၏။

ထို့ကြောင့် သူစွန့်စားရပေမည်။ သူ၏တိုက်ခိုက်မှုသည် လျင်မြန်ရသည်။ တိကျရမည်ဖြစ်သည်။

မကြာမီ သူပုန်းနေသည့်ချုံအနီးသို့ ဓားသမားနှစ်ယောက် ရောက်လာကြသည်။



ရှောက်လီသည် ရုတ်တရက် အားယူကာ ခုန်ထွက်လိုက်သည်။

မှင်သက်မိနေသော ဓားသမား၏လည်မျိုကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

သူတွက်ဆခဲ့သည့်အတိုင်း သူ့လက်ဝါးစောင်းသည် ဓားသမား၏လည်မျိုကို တိတိကျကျ ခုတ်ချနိုင်ခဲ့သည်။

ဓားသမားမှာ တစ်ချက်သာ ညည်းညူနိုင်ပြီး သေဆုံးသွားလေတော့သည်။

ကျန်ဓားသမားသည်လည်း ရှောက်လီ ရုတ်တရက် တိုက်ခိုက်သည်ကို မှင်တက်ငေးကြောင်နေသည်။ နောက်မှသတိဝင်လာပြီး ဓားဖြင့် ခုတ်လိုက်သည်။

ရှောက်လီ ရှောင်တိမ်းလိုက်သည်။ ဓားသမားသည် သူ့အား အလွတ်မပေးဘဲ ဆက်လက်တိုက်ခိုက်လေသည်။

ရန်သူဓားသမားသည် ဓားပညာ အတော်ပင် ကျွမ်းကျင်ကြောင်းသိရသည်။

သူ ပြန်လှန်တိုက်ခိုက်ရန် မဆိုထားဘိ ရန်သူ့ဓားချက်ကို အတော်ပင် ရှောင်တိမ်းနေရ၏။

ဓားချက်များသည် သူရှောင်တိမ်းမည့် အကွက်အားလုံးကို ပိတ်ဆို့ထားပြီး ဖြစ်နေသည်။

ရှောက်လီသည် ရန်သူ့ဓားချက်မှလွတ်မြောက်အောင် သုံး

www.burmeseclassic.com

www.burmeseclassic.com



ကြိမ်တိတိ ထိုးဖောက်ကြံစည်ခဲ့သည်။ သုံးကြိမ်စလုံးပင် မလွတ်မြောက်နိုင်ခဲ့ပေ။

ရောက်လီမှာ လက်ဝါးဖြင့် တိုက်ခိုက်နေရသဖြင့် လွန်စွာသတိထားနေရသည်။

ထိုအခိုက် ဓားစက်ဝန်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်ကိုတွေ့ရသည်။

ယခုထက် ဓားစက်ဝန်းပို၍ကျဉ်းမြောင်းလာလျှင် သူ့အားတိုက်ခိုက်တော့မည်ဖြစ်၏။

ဓားစက်ဝန်း ပို၍မကျဉ်းမြောင်းမီ လွတ်အောင် ကြံရတော့မည်။ ရောက်လီ အသက်ကိုဝအောင် ရှူလိုက်သည်။

သူသည် ဖနောင့်ကို မြေပေါ်တွင် အားပြုပြီး အပေါ်သို့ခုန်တက်လိုက်၏။

သူ တောင်ပေါ်တွင် အဆက်မပြတ် လေ့ကျင့်ခဲ့သော ကိုယ်ဖော့ပညာသည် အရေးကြုံသောအခါ အလွန်ပင် ကောင်းနေကြောင်းတွေ့လိုက်ရသည်။

သူသည် လေထဲသို့မြောက်တက်သွားပြီး လေထဲ၌ တစ်ပတ်ကျွမ်းထိုးလိုက်သောအခါ ရန်သူဓားသမား၏နောက်ဘက်သို့ရောက်သွား၏။

တစ်ဆက်တည်း ဓားသမား၏ခြေသလုံးကို ကန်လိုက်သည်။



"ဝုန်း....."

ဓားသမားမှာ မမျှော်လင့်ဘဲ ရောက်လီ၏ကန်ချက်ကြောင့် လဲပြိုသွား၏။

ရောက်လီမှာ ချက်ချင်းထနိုင်သည်။ ရန်သူဓားသမား၏ ဓားကိုင်လက်ကို ဘယ်ခြေဖြင့် ကန်လိုက်သည်။

"ဖြောင်း....."

ရန်သူ၏ဓားကိုင်လက်မှာ ကျိုးသွားရတော့သည်။

ရောက်လီက အချိန်ဆွဲမနေတော့ပါ။ ရန်သူ့ကိုယ်ပေါ်သို့ခုန်အုပ်ကာ လည်မျိုနှင့်အရိုက်ထဲသို့ လက်သီးများဆက်တိုက်ပစ်လွှတ်လိုက်တော့၏။ ရန်သူမလှုပ်ရှားနိုင်တော့မှ ရပ်တန့်လိုက်သည်။

ရောက်လီမှာ သူ့ခန္ဓာကိုယ်တစ်ခုလုံး ချွေးများ စိုရွှဲနေသည်ကို သတိပြုလိုက်မိတော့၏။

ရန်သူ၏ဓားကို ခါးစည်းကြိုးအတွင်းသို့ ထိုးထည့်လိုက်ပြီး ထိုနေရာမှထွက်ပြေးခဲ့တော့၏။

သူပြေးလာခဲ့သည်မှာ တစ်နေ့လုံးပင်ဖြစ်သည်။ တောအုပ်ကျသောအခါ မိုးစုပ်စုပ်ချုပ်လေပြီ။

ညတွင် အနားယူရပေမည်။ သို့သော် အနားမယူနိုင်ပါ။ ညတွင်လည်း ပြေးလိုက်လျှောက်လိုက် လုပ်လာရသည်။

ရောက်လီမှာ မောပန်းနေသည်။ သူ၏အသက်ရှူသံမှာ ...နှစ်စွာ ထွက်ပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေထွက်သောအခါ မြို့ကလေးကိုတွေ့ရတော့သည်။

ချူကွေ့ကျောင်းသည် အမှန်တရားကို ပြောလိုက်သည်မဟုတ်ပါလော။

ထို့ကြောင့် သူသည် မြို့ထဲသို့မဝင်ဘဲ ကွေ့ပတ်ရှောင်ထွက်သည်။ မကြာမီ သချိုင်းမှတဲအိမ်တစ်ခုကို တွေ့လိုက်ရတော့သည်။

ရောက်လီသည် သတိထားပြီး တဲအိမ်အနီးသို့ ချဉ်းကပ်သွားသည်။ တဲအိမ်ထဲတွင် မည်သူမှရှိမနေပါ။

တဲအပြင်ဘက်ထွက်၍ လှည့်ပတ်ရှာဖွေလိုက်သောအခါ တဲအိမ်အနောက်တွင် ကြိုးချည်ထားသောမြင်းတစ်ကောင်ကို တွေ့လိုက်ရတော့၏။

မြင်းပေါ်တွင် ရိက္ခာခြောက်ဘူးနှင့်ရေဘူးပါ တွေ့လိုက်ရသည်။

ချူကွေ့ကျောင်းသည် စေ့စပ်သေချာသောလူဖြစ်ပါသည်။ သူသည် ချူကွေ့ကျောင်းအား ကျိတ်၍ ကျေးဇူးတင်မိသည်။

ရန်သူ့လက်မှ လွတ်မြောက်ထွက်ပြေးနိုင်စေရန် ချူကွေ့ကျောင်းစီစဉ်ထားသော မြင်းဖြစ်ကြောင်း သူ နားလည်လိုက်သည်။

သူသည် ရိက္ခာခြောက်ဘူးထဲမှ ရိက္ခာအချို့ကိုစားပြီး ရေဂသောက်လိုက်၏။

ထို့နောက် လွှားခနဲ မြင်းပေါ်ခုန်တက်လိုက်ပြီး ခရီးစထွက်



တော့သည်။

သူဦးတည်ရာမြို့မှာ ယီကျန်းမြို့သို့ပင်ဖြစ်ပါတော့သည်။

"ကွေ့ထင်းပုရေ… မင်း သတိထားနေပေတော့"

ရောက်လီသည် ကျိတ်၍ ကြိမ်းဝါးလိုက်သည်။

○

စန်ကျုံးယင်သည် မင်းသားကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

ဤမင်းသားရောက်ရှိလာခြင်းမှာ သူ့အတွက် မကောင်းသောအတိတ်နိမိတ်ပင်။

မင်းသားက....

"ကျုပ်လဲ အခုရောက်ရောက်ချင်း ဒီသတင်းကိုကြားရတာပဲ"

စန်ကျုံးယင်က တောက်ခေါက်လိုက်သည်။

"သူ့ကို မိမိချင်း သုတ်သင်ပစ်သင့်တယ်"

"ဟုတ်တယ်… ဒါပေမယ့် သူ့တာဝန်ကျေချင်လို့ စစ်ဆေးနေတုန်း လွတ်သွားတာ ဖြစ်ဖို့များတယ်၊ သူ့ကိုသတ်မသွားတာတောင် ကောင်းပဲ"

"သူ့တာဝန်ဖြစ်သွားတာပေါ့… ကျင်းစုကို့ကော ပါသွားသ

www.burmeseclassic.com

www.burmeseclassic.com



လား"

"ကျင်းစုကိုတော့ ကျန်ရစ်ခဲ့တယ်"

"ခေါ်သွားမယ်"

"ဒါလဲ ကောင်းတာပဲ၊ ဒါထက် မင်းလာတဲ့ကိစ္စကကော"

"ခင်ဗျားကိစ္စ မပြီးပြတ်သေးလို့ ခင်ဗျားအဖေက စိတ်ပူနေတယ်"

"မကြာခင် သူ့ကို ငါရှင်းနိုင်မှာပါ"

"ဒါပေမယ့် ခုထိ မရှင်းနိုင်သေးဘူးမဟုတ်လား"

"သူက ငါလေ့ကျင့်ပေးထားတဲ့လူတွေထဲမှာ အတော်ဆုံး၊ အကောင်းဆုံး လူတစ်ယောက်ဖြစ်နေတယ်ကွ"

"ဘာပဲဖြစ်ဖြစ် သူ့ကိုမရှင်းနိုင်ရင် ခင်ဗျားဒုက္ခရောက်မယ်လို့ မှာလိုက်တယ်"

"ငါ့ကိုကူညီဖို့ မင်းကိုလွှတ်လိုက်တာလား"

"ဟုတ်တယ်"

စန်ကျုံးယင် မျက်နှာပျက်သွားလေသည်။

မင်းသားက ဆက်ပြောသည်။

"ဒါပေမယ့် ကျုပ်မှာ တခြားတာဝန်တစ်ခုရှိသေးတယ်၊ ဒီရက်အတွင်း အားမှာမဟုတ်ဘူး၊ ခင်ဗျား တစ်ဦးတည်းကြိုးစားဖို့ အချိန်ရပါသေးတယ်၊ ခင်ဗျား ကြိုးစားပါ"

စန်ကျုံးယင်က မေးလိုက်သည်။



"ဘာတာဝန်လဲ"

"ချူကွေ့ကျောင်းအကြောင်း သတင်းရထားတယ်"

"ချူကွေ့ကျောင်း ဟုတ်လား"

"ဟုတ်တယ်... သူ ဒီနယ်မှာရှိတယ်တဲ့၊ ဒါပေမယ့် ကျုပ်တို့ရဲ့ ဓားသမားကို လက်ဦးသွားခဲ့တယ်၊ ဒါကြောင့် အဖေက ကျုပ်ကိုလွှတ်လိုက်တာပဲ၊ ချူကွေ့ကျောင်းကိုရှာပြီး ရှင်းပစ်ရမယ်"

"ငါ ဘာကူညီရမလဲ"

"မလိုပါဘူး... ကျုပ်မှာ အကူအညီပါလာတယ်၊ ဒီနေ့ပဲ ရောက်လာလိမ့်မယ်"

"မင်းရဲ့ ဓားသမားတွေလား"

"ဟုတ်တယ်... ကျုပ် ချူကွေ့ကျောင်းကိုရှင်းပြီးမှ ခင်ဗျား ဒီခွက်ကို ဝင်စွက်နိုင်မှာ၊ သူ့ကိစ္စမပြတ်သမျှ ခင်ဗျားကိစ္စထဲ ကျုပ်ဝင်စွက်လို့မရဘူး"

"မင်း ရောက်လီကိုတွေ့ဖူးသလား"

မင်းသား ခေါင်းညိတ်သည်။

"တစ်ခါတွေ့ဖူးတယ်... ခင်ဗျားလူမို့ သူ့ကို ကျုပ် လွှတ်လိုက်တာ၊ မဟုတ်ရင် မန်ချူးနယ်ထဲက သူ အရှင်ထွက်နိုင်မှာတောင် မဟုတ်ဘူး"

စန်ကျုံးယင်က လေးလေးနက်နက် ပြောလိုက်သည်။

"မင်း သူ့ကို လျှော့မတွက်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ရယ်လိုက်၏။

"ခင်ဗျား အိုသွားပြီ"

စန်ကျူးယင် သက်ပြင်းချလိုက်၏။

"မင်းပြောတာ ဖြစ်နိုင်တယ်... ငါ အိုသွားပြီ"

"ဒီအတိုင်းဆိုရင် ခင်ဗျားနေရာ ဆက်ခံသင့်တဲ့လူကို ရွေးထားသင့်တယ်"

"ရွေးပြီးပါပြီ"

"ခင်ဗျားတပည့်တွေထဲကလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"အဖေ့ကိုတော့ ပြောပြီးပြီ၊ မင်း နောက်တော့ သိရမှာပေါ့"

"အခု ခင်ဗျား ဘာစီစဉ်ပြီးပြီလဲ"

"ငါ ဒီကအပြန် စဉ်းစားမယ်"

"အချိန်က နည်းနေပြီ... သူ ဘယ်သွားတယ်ဆိုတာ ခင်ဗျား သိဖို့ကောင်းပြီ"

"မင်း ဝင်မပူနဲ့... ငါ့အလုပ် ငါသိပါတယ်"

"အင်း... ခင်ဗျားအလုပ်မှာ ကျုပ် ဝင်မစွက်ပါရစေနဲ့လို့ ဆုတောင်းရမှာပဲ"

စန်ကျူးယင် မဲ့လိုက်သည်။

"ငါ့လောက် မင်းက ဒီနယ်မြေအကြောင်း မသိပါဘူး၊ မင်း



ဝင်စွက်ရင် မင်းသေတွင်းတူးသလို ဖြစ်မှာပေါ့"

မင်းသားက ရယ်လိုက်သည်။

"ကျုပ်ရဲ့ဓားပညာက ခင်ဗျားလူတွေထက် သာတယ်ဆိုတာ မကြာခင် ခင်ဗျားတွေ့ရမှာပေါ့"

"ဟား... ဟား... ဟား ဓားပညာသာဖို့မလိုဘူးကွ၊ ဘယ်လိုလူသတ်ရတယ်ဆိုတာ သိဖို့လိုတယ်၊ မင်း ရောက်လီနဲ့ထိပ်တိုက်မတိုးလို့ပါ၊ ထိပ်တိုက်တိုးရင် ဘယ်လောက်ဖမ်းလို့ ခက်တဲ့ကောင်ဆိုတာ မင်းတွေ့သွားမယ်၊ သူဟာ ငါရွေးထားတဲ့လူ ဆယ့်နှစ်ယောက်ထဲမှာ အတော်ဆုံးပဲ"

စန်ကျူးယင်သည် ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။ သူသည် မင်းသားရှိရာသို့လာတွေ့ခြင်း ဖြစ်ပါသည်။

မင်းသားက သူ့ ကိုအခန်းဝတိုင်အောင် လိုက်ပို့သည်။

"အဖေကျေနပ်အောင် ခင်ဗျား အမြန်ဆုံး ဆောင်ရွက်သင့်တယ်ဆိုတာ မမေ့ပါနဲ့"

"ငါသိပါတယ်... မကြာခင် အားလုံးပြီးစီးသွားမှာပါ"

စန်ကျူးယင်က ပြောလိုက်သည်။

○

စန်ကျူးယင်သည် တည်းခိုခန်းတစ်ခု၌ တည်းနေသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ယောက်တည်းတွေးနေသည်။ သူ အမှားအယွင်းများစွာ လုပ်မိပြီဟု တွေးနေပါသည်။

ရောက်လီသည် သူ လေ့ကျင့်ပေးထားသော လူတစ်ယောက်ဖြစ်၏။

ရောက်လီကိုသတ်ရန် ရောက်လီထက် ပါရင့်သူကိုသာ တာဝန်ပေးသင့်သည်။

သူသည် ရောက်လီကို အထင်သေးမိခဲ့၏။ ထို့ကြောင့် ရောက်လီ လွတ်ထွက်သွား၏။

နောက်တစ်ကြိမ်တွင် ရောက်လီကဲ့သို့ မွေးမြူထားသော သုတ်သင်ရေးသမားကို စေလွှတ်ခဲ့သော်လည်း ရောက်လီ လွတ်မြောက်သွားခဲ့သည်။

သူသည် ဆင့်ကဲဆင့်ကဲ့ တောင်ချောင်ဆင်နေသည်။ တစ်နေ့တွင် ရောက်လီ သေရမည်သာ။ သို့သော် ရောက်လီကတော့ မသေသေးပါ။

ဟူကျန်းစုအကြောင်းကို စန်ကျုံးယင် ဆက်တွေးနေပါသည်။

ဟူကျန်းစုသည်လည်း သုတ်သင်ရေးသမားတစ်ဦးပင် ဖြစ်ပါသည်။

သူသည် ချီရှောင်လက်ချက်ဖြင့် သေဆုံးသွားရသလို ချီရှောင်သည်လည်း ဟူကျန်းစု၏လက်ချက်ဖြင့် သေဆုံးသွားရသည်။



ဟူကျန်းစုထက် ရောက်လီက ပို၍ထက်မြက်ကြောင်း စန်ကျုံးယင် သိရှိထားသည်။

ထို့ကြောင့်လည်း ရောက်လီ လွတ်မြောက်နေခြင်းဖြစ်သည်။

ယခု သူ့၌ အချိန်မရှိတော့ပါ။ ရောက်လီသည် လွတ်မြောက်သင့်သည်ထက် ပို၍ကြာမြင့်နေပေပြီ။

သူ့ဘက်ကလည်း တွန်းအားပေးလာပေပြီ။ သူ့ဖခင်သည် လျစ်လျူနေလိမ့်မည် မဟုတ်ပါ။

စန်ကျုံးယင်သည် စကြဲ၌လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသဖြင့် မျက်မှောင်ကုတ်သွားပါသည်။ ထိုလူရိပ်ကို သူသိသည်ဟု ထင်လိုက်ပါသည်။

ဟူကျန်းစုလော....။

စန်ကျုံးယင် ခေါင်းခါလိုက်၏။ ဟူကျန်းစုလား မိမိရှေ့မှာတင် မြေမြှုပ်သင်္ဂြိုလ်ခဲ့ပြီးပြီ။ ဟူကျန်းစု မဖြစ်နိုင်ပါ။ ဤသို့ဆိုလျှင် ရောက်လီပင်လော။

ရောက်လီလည်း မဖြစ်နိုင်ပါ။ ဤတည်းခိုခန်း ပတ်ဝန်းကျင်တွင် ဓားသမားအယောက်နှစ်ဆယ်ရှိနေပါသည်။ ထိုသူများကိုကျော်ဖြတ်၍ ရောက်လီ ရောက်မလာပါ။

သူသည် လူရိပ်ကို ဟူကျန်းစုနှင့်ရောက်လီဟူ၍သာ ထင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုဆိုသော် သူ့တပည့်ဆယ့်နှစ်ယောက်ထက် ဟူကျန်းစုနှင့် ရောက်လီတို့ကိုသာ သူအချစ်ဆုံး ဖြစ်ပါသည်။

ဤသို့အချစ်ဆုံးဖြစ်ပါလျက် အဘယ့်ကြောင့် သုတ်သင်သတ်ဖြတ်ရပါသနည်း။

သူ၏ဘဝလုံခြုံရေးအတွက်ဖြစ်ပါသည်။ လူသည် မိမိကိုယ်မိမိ အချစ်ဆုံးဖြစ်ပါသည်။

သူတို့အား စတေးခံပစ်ရမည့်အဆင့်သို့ ရောက်ရှိလာပါသည်။

သူတို့အား စတေးပစ်ခြင်းအတွက် မိမိခံစားရပါသည်။ သို့သော် မိမိ၏ဖခင် စန်းယိုမင်းဇွေအား မိမိတာဝန်ကျေကြောင်း ပြသနိုင်ခြင်းအတွက် သူက ပို၍ဂုဏ်ယူမိသည်။

သူသည် ကံတရားကို ယုံကြည်သူတစ်ယောက်မဟုတ်ပါ။ ကျွမ်းကျင်မှု၊ အကြံအစည်၊ ဉာဏ်ပညာများကိုသာ ယုံကြည်သူဖြစ်ပ သည်။

ယခု ရောက်လီ လွတ်မြောက်နေခြင်းသည် ကံကောင်းေ ၍ မဟုတ်ပါ။

မိမိဘက်က အကြံအစည်များ ညံ့နေ၍သာဖြစ်မည်ဟု စ ကျုံးယင်က ယုံကြည်မိသည်။

လူရိပ်သည် တံခါးဝသို့ရောက်ရှိလာသည်။

စန်ကျုံးယင်သည် စားလက်ကိုင်ပေါ်သို့ အလိုလိုရော



သွားသည်။ ထိုစဉ် တံခါးဖွင့်သံပေါ်လာသည်။

"ဆရာ အိပ်မပျော်သေးဘူးလား"

စန်ကျုံးယင်က ခေါင်းညိတ်ပြလိုက်သည်။

ဝင်လာသူမှာ သူ၏ ယုံကြည်စိတ်အချရဆုံးသော ချင်းရှောင် ဖြစ်နေပါသည်။

ချင်းရှောင်က....

"ဆရာ အိပ်မပျော်ရင် လက်ဖက်ရည်ကြမ်း ယူဦးမလားဆ ရာ၊ ကျွန်တော် ပို့ပေးပါ့မယ်"

စန်ကျုံးယင် ပြုံးပြလိုက်သည်။

"မင်းက ငါ့ရဲ့အလေ့အကျင့်ကို ခုထိ မမေ့သေးဘူးလား"

"ဆရာလဲ ကျွန်တော်တို့ ဘာကြိုက်တယ်ဆိုတာ ခုထိမမေ့ သေးဘူး မဟုတ်လား"

"ငါ ငယ်ငယ်တုန်းက မင်းတို့ကို စောင့်ရှောက်ခဲ့တယ်၊ အခု ငါအသက်ကြီးလာပြီ၊ မင်းတို့ တစ်လှည့်ပြန်ပြီး စောင့်ရှောက်နိုင်ပါ့မ လား"

ချင်းရှောင်က လေးနက်စွာ ပြောလေသည်။

"ဆရာအတွက်ဆိုရင် ကျွန်တော် အသက်ပေးပြီး စောင့် ရှောက်ပါ့မယ်"

စန်ကျုံးယင်မှာ ထိုစကားကိုကြားရသောအခါ ရင်ထဲတွင် ကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ရောက်လီအား ထိုသို့မေးမည်ဆိုလျှင် ရောက်လီကလည်း ထိုသို့ပင် ဖြေပါလိမ့်မည်။

ဟူကျန်းစုအား မေးမည်ဆိုလျှင်လည်း ထိုသို့ပင် ဖြေပါလိမ့်မည်။

သူ၏တပည့်ဆယ့်နှစ်ယောက်တိတိ သူ့အတွက် လုပ်ကိုင်ပေးရင်း သေဆုံးသွားခဲ့ပြီဖြစ်ပါ၏။

စန်ကျုံးယင်သည် သက်ပြင်းချလိုက်မိပါသည်။

"မင်းမပြောလဲ ငါသိပါတယ်ကွာ၊ ကဲ... ကဲ... မင်းလဲ သွားအိပ်တော့"

"ရပါတယ်... ဆရာ၊ ကျွန်တော် မအိပ်ချင်သေးပါဘူး"

စန်ကျုံးယင်က....

"အေး... မင်း မအိပ်ချင်သေးရင်လဲ စကားစမြည် ပြောကြအောင်"

"ဟုတ်ကဲ့ ဆရာ"

"ရောက်လီက ဘယ်လိုလွတ်သွားတာလဲ၊ မင်း စဉ်းစားကြည့်စမ်း"

ချင်းရှောင် စဉ်းစား၏။

အတန်ကြာ စဉ်းစားပြီးနောက်....

"ကျင်းစုကို ကျန်ရစ်ခဲ့တယ်၊ အင်း... သူဟာ တကယ်ပဲ [illegible]တော်တစ်ယောက်ဖြစ်တယ်"



စန်ကျုံးယင်က ပြောလိုက်သည်။

"မင်း မှားနေပြီ"

ချင်းရှောင်က မော့ကြည့်လိုက်၏။

စန်ကျုံးယင်က....

"သူတို့ ညာပြောကြတာကွ"

ချင်းရှောင် အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ"

စန်ကျုံးယင်က....

"ရောက်လီဟာ တကယ်ကြောက်စရာကောင်းတဲ့လူဆိုတာ သိကြတာပဲ၊ သူ့ကို ဘယ်သူမှအလစ်မပေးရဲဘူး၊ ကျင်းစုကိုကိုတောင် အလစ်မပေးရဲတဲ့သူတွေဟာ ရောက်လီကို ဘယ်အလစ်ပေးရဲမှာတုံး၊ သူ လွတ်သွားတာဟာ ထွက်ပြေးတာမဟုတ်ဘူး"

ချင်းရှောင်က မျက်မှောင်ကုတ်၍ မေးလိုက်သည်။

"ဒါဆို လွှတ်ပေးလိုက်တာပေါ့"

"အေး....ဟုတ်တယ်"

ချင်းရှောင်က....

"ဖြစ်နိုင်ပါ့မလား ဆရာ၊ အကြောင်းမရှိဘဲနဲ့ ဘယ့်နှယ်လွှတ်[illegible]နိုင်မှာတုံး၊ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"အကြောင်းသိပ်ရှိတာပေါ့ကွာ... ငါ့ကို သတ်ဖို့ပေါ့ကွာ"

"ဗျာ...."

www.burmeseclassic.com

www.burmeseclassic.com



ချင်းရှောင် အံ့ဩသွားသည်။

စန်ကျုံးယင်က ချင်းရှောင်ကိုကြည့်ကာ ပြုံးလိုက်၏။

"ဘာလဲ… မင်းက ကျုပ်ကိုအကြောက်လွန်နေပြီ ထင်နေလို့လား"

ချင်းရှောင် ခေါင်းငုံ့သွားသည်။

"ဟား… ဟား… ဟား မထင်ပါနဲ့ကွာ၊ ငါ အကြောက်မလွန်ပါဘူး၊ သေသေချာချာ တွေးကြည့်ရင် ဒီအဖြေပဲရမယ်ကွ"

စန်ကျုံးယင်က ဆက်ပြောနေသည်။

ချင်းရှောင်က….

"အကြောင်းပြချက်တော့ လိုမယ်ထင်တယ်"

စန်ကျုံးယင်က….

"ဟုတ်တယ်… ငါလဲ အခုမှ စဉ်းစားမိတာ၊ ငါသတင်းရထားတာက ချူကွေ့ကျောင်းဟာ လိုဝါးမြို့မှာ ရှိနေတယ်၊ ချူကွေ့ကျောင်းဟာ ငါ့ကိုသိပ်သတ်ချင်နေတဲ့ လူတစ်ယောက်ကွ၊ အဲဒါကို ငါသိတယ်၊ အခုလင်းယုန်ကြီးဆိုတဲ့လူဟာ ချူကွေ့ကျောင်းနဲ့ပတ်သက်မှု ရှိရမယ်၊ ငါ့စိတ်ထင်အရ လင်းယုန်ကြီးဆိုတဲ့လူဟာ ချူကွေ့ကျောင်းပဲဖြစ်ရမယ်"

ချင်းရှောင် တွေဝေသွား၏။ သူသည် စန်ကျုံးယင်လောက် မစဉ်းစားနိုင်ပါ။

အတယ်ကြောင့်ဆိုသော် သက်ဆိုင်ရာ အချက်အလက်များ



ကို စန်ကျုံးယင်လောက် မသိထားသောကြောင့်ဖြစ်ပါသည်။

စန်ကျုံးယင်နှင့် တွေ့ဆုံခဲ့သော မင်းသားဆိုသူကိုလည်း မည်သူမည်ဝါမှန်း မသိပါချေ။ သို့သော် တစ်ခုတော့ သူသိသည်။

သူ့ဆရာစန့်မှန်းချက်များသည် အမြဲမှန်ကန်နေတတ်ခြင်းပင် ဖြစ်သည်။

စန်ကျုံးယင် အတွေးထဲ၌ စကားပြောနေသည်။

"ရှောက်လီ လွတ်သွားပြီ… သူ ဘာလုပ်မလဲ"

"လင်းယုန်ကြီးဟာ ချူကွေ့ကျောင်းဖြစ်ရင် ဘာဖြစ်မလဲ"

"ငါ့အကြောင်း သူ အားလုံးသိနိုင်တယ်"

"ရှောက်လီကို ထောက်လှမ်းရေးပညာတွေအားလုံး ငါသင်ပေးထားတာပဲ၊ သူ့ထက် ငါ ခြေတစ်လှမ်းပိုသာရမယ်"

"ငါသာ ရှောက်လီဆိုရင် ဘာလုပ်မလဲ"

ထိုစကားများကို စန်ကျုံးယင် ထုတ်ပြောခြင်းမဟုတ်ပါ။ စိတ်ထဲမှပြောနေခြင်း ဖြစ်ပါ၏။ သူသည် အဖြေကို ချက်ချင်း တွေးလိုက်မိသည်။

ရှောက်လီမှာ ဟုကျန်းစုသေဆုံးသွားသည့်သတင်းကို သိရှိသည်မှာ သေချာပါသည်။ ထောက်လှမ်းရေးသမားများ၏နားသည် အလွန်ပါးကြောင်း စန်ကျုံးယင် သိသည်။

သူသည် မလွဲမသွေ ကွေ့ထင်းပုထံသို့ သွားပေလိမ့်မည်။ ကွေ့ထင်းပုအား အရင်ဆုံးသုတ်သင်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ထင်းပုအား သုတ်သင်ပြီးသည်နှင့် မိမိကိုထိတ်လန့်အောင် ခြိမ်းခြောက်ပေတော့မည်။

သူသည် ပထမဆုံး ကွေ့ထင်းပုထံသွားမည်မှာ သေချာနေသည်။

အဘယ့်ကြောင့်ဆိုသော် ထိုနေရာ၌ ဟူကျန်းစု သေဆုံးခဲ့သောကြောင့်တည်း။

မိမိသည် အချိန်မှီ ကွေ့ထင်းပုနှင့်ဆက်သွယ်ရမည်။ မိမိတွင် ရောက်လီအား ထောင်ချောက်ဆင်နိုင်သော အခွင့်အရေးတစ်ရပ်ရှိသေးသည် မဟုတ်ပါလော။

စန်ကျုံးယင် ကျေနပ်နစ်သိမ့်စွာ ပြုံးလိုက်သည်။

ချင်းရှောင်က စန်ကျုံးယင် ပြုံးသည်ကိုကြည့်ကာ....

"ဆရာ အကြံရပြီနဲ့တူတယ်"

"အေး... ရပြီ၊ သွား... စာပို့ခိုတစ်ကောင် ချက်ချင်း သွားယူခဲ့၊ ငါ ကွေ့ထင်းပုဆီကို ဆက်သွယ်ရမယ်"

စန်ကျုံးယင် အလျင်အမြန် ပြောလိုက်လေသတည်း။

○



အခန်း(၄၁)

အကြွေးရှင်းပြီ

လိုကျန်းမြို့၏မြို့လယ်လမ်းမကြီးမှာ လူစည်ကားနေလေသည်။

စားသောက်ဆိုင်များ၊ ဈေးဆိုင်များလည်း ရှိနေလေသည်။ လူအများ ဝင်ထွက်သွားလာနေကြသည်။

ထိုလူများကို သေချာစွာကြည့်ပါက ဓားလက်နက်ကိုင်ဆောင်ထားသူများကို များစွာတွေ့ရမည်မှာ သေချာလှသည်။

မြို့အဝင်တွင် ရပ်ဖျက်ကာစောင့်နေသော ထောက်လှမ်းရေးသမားများမှာလည်း အလွန်များပြားသည်။

ထိုသူများကို သာမန်လူကြည့်ကာ မသိနိုင်ချေ။ ဓားသမားများအများစုသည် ဈေးသည်များ၊ လမ်းသွားလမ်းလာများ၊ ဗေဒင်ဆရာများအဖြစ်ဟန်ဆောင်ကာ လူဝင်လူထွက်ကို ကြည့်ရှုစစ်ဆေးနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်သည် လူဝင်လူထွက် အများဆုံးအချိန်ဖြစ်၍ ဝင်သည့်ထွက်သည့်လူများကို ဆန်းစစ်နေကြသည်။

ထိုစဉ် လူအများကြားမှ သူတောင်းစားတစ်ဦးမှာလည်း တောင်ဝှေးကိုထောက်ကာထောက်ကာဖြင့် ဝင်ရောက်လာလေသည်။

သူ၏အဝတ်အစားများမှာ အရောင်မရှိဘဲ ချေးညှော်အထပ်ထပ် တက်နေပေသည်။ အနံ့အသက်မှာလည်း မကောင်းချေ။ အဝတ်တစ်ထည်လုံး ဖာရာဗလပွနှင့်ဖြစ်၏။

ထို့အပြင် ထိုသူတောင်းစား၏ မုတ်ဆိတ်မွေးများမှာ ရှည်လျားလှပြီး ရွံ့ရှာဖွယ်အတိဖြစ်နေသည်။

လူအများကြားမှ သူတောင်းစား တိုးဝှေ့ဝင်ရောက်လာသောအခါ လူအများ ရှောင်ဖယ်နှာခေါင်းရှုံ့ကြလေသည်။

ရုပ်ဖျက်ဝတ်ဆင်ထားသော အာဏာပိုင်များမှာ သူတောင်းစားအား တစ်ချက်ကြည့်လိုက်သည်။

သူတောင်းစား၏ ကိုယ်အနံ့အသက်ကြောင့် နှာခေါင်းရှုံ့ကာ မျက်နှာလွှဲလိုက်ကြသည်။ အချို့က သူတောင်းစားအား မောင်းထုတ်ကြ၏။

သူ တောင်းစားမှာ တုန်တုန်ယင်ယင်ဖြင့် ထွက်သွားပြီး ဈေးထောင့်တစ်နေရာတွင်ထိုင်ကာ တောင်းရမ်းနေတော့သည်။



မကြာမီ နေမြင့်လာပြီး ဈေးလည်း ကွဲသွားတော့သည်။ သူတောင်းစားသည် ရသမျှ ငွေများကိုရေတွက်ပြီး လူနေအိမ်ခြေနည်းပါးသော မြို့စွန်ဆင်ခြေဖုံးဘက်သို့ ထွက်လာလေသည်။

ဤသူတောင်းစားကို စောင့်ကြည့်မည်ဆိုပါက မည်သို့မျှ သံသယဝင်ရန်မရှိပေ။

သူလုပ်သမျှ သူတောင်းစားတစ်ဦး၏ ဟန်ပန်အတိုင်းပင် ဖြစ်နေသည်။

သူတောင်းစားသည် လူကျဲနေသောမြို့စွန်ဒေသ၌ တစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် လျှောက်သွားနေလေသည်။

ထို့နောက် သူတောင်းစားသည် ပတ်ဝန်းကျင်အရပ်လေးမျက်နှာကို ကြည့်လိုက်၏။

မိမိနောက်ကို လိုက်လာသူမရှိကြောင်း သေချာသောအခါမှ ချုံပုတ်တစ်ခုကြားသို့ တိုးဝင်သွားလေတော့သည်။

ရောက်လီသည် ချုံပုတ်အတွင်းတွင် သူတောင်းစားအဝတ်အစားများကို ချွတ်လိုက်သည်။ အနံ့အသက်သည်ယခုတိုင် စွဲနေဆဲဖြစ်သည်။

ဤသူတောင်းစား အဝတ်အစားကြောင့်သာ ဤမြို့ထဲအထိ ဝင်လာနိုင်ခြင်းဖြစ်၏။

သူသည် မြို့စွန်ရှိ ကွေ့ထင်းပုရဲတိုက်ရှိရာသို့ လျင်မြန်စွာ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိပြီး သစ်ပင်ချုံပုတ်များအောက်တွင် ပက်လက်လှန်၍ ဝင်အိပ်သည်။

ဤမြို့သို့ဝင်ရန် လမ်းနှစ်လမ်းရှိသည်။ တစ်လမ်းမှာ ကုန်းကြောင်းမှဖြစ်ပြီး တစ်လမ်းမှ ရေလမ်းဖြစ်သည်။

ဝင်လာခဲ့ခြင်းကတော့ ပြီးပြီ။ ကွေ့ထင်းပုအား လုပ်ကြံသတ်ဖြတ်ပြီးလျှင် ရေကြောင်းမှထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

ပြန်ထွက်ရမည့်လမ်းကြောင်းကို ကြိုတင်စဉ်းစားထားခြင်းသည် မမှားပါ။

မြောက်ဘက်သို့ဆက်လက်ထွက်မည်ဆိုပါက တံငါရွာကလေးတစ်ရွာသို့ ရောက်ရှိပါမည်။ ထိုရွာကလေးမှာ လှေတစ်စင်းကိုရယူပြီး ခရီးဆက်ရပေမည်။

ရောက်လီ မြို့ထဲသို့ဝင်လာစဉ်က ရပ်ဖျက်ထားသောထောက်လှမ်းရေးသမားများ၊ ကိုယ်ရံတော်တပ်သားများကို တွေ့ခဲ့ရသည်။

ယခု ကွေ့ထင်းပုသည်လည်း အကာအကွယ် အပြည့်အဝရယူထားမည်မှာ သေချာသည်။

ဟူကျန်းစုအတွက် သူသွေးကြွေးလာတောင်းသည်ကို ကောင်းစွာ ရိပ်စားမိမည်မှာ သေချာသည်။

ထို့ကြောင့် သူတို့သည် ထောင်ချောက်များဆင်ထားမည်မှာ အတိအကျဖြစ်သည်။



မိမိဝင်လာသည်နှင့် ပြေးမလွတ်အောင် ဖမ်းဆီးသတ်သင်ရန် စီစဉ်ထားပေလိမ့်မည်။

ရောက်လီသည် သစ်ပင်များအကြားမှ တွားသွား၍ ရဲတိုက်၏အနောက်ဘက်သို့ ရောက်လာခဲ့သည်။

တောင်ကုန်းမှကြည့်လျှင် အတွင်းသို့မြင်နိုင်သည်။ ရောက်လီကြည့်လိုက်သောအခါ ငှက်လှောင်အိမ်ခန်းရှေ့တွင် ပုန်းအောင်းစောင့်ဆိုင်းနေသောဓားသမားနှစ်ဦးအား တွေ့လိုက်ရသည်။

ထို့အတူ ငှက်လှောင်အိမ်ခန်းတွင်း၌ အရက်ထိုင်သောက်နေသော ကွေ့ထင်းပုကိုတွေ့လိုက်ရသည်။

ရောက်လီသည် အံကိုတင်းတင်းကြိတ်လိုက်သည်။ ပက်လက်လှန်ချပြီး ဆက်အိပ်လိုက်သည်။

ကွေ့ထင်းပုထံဝင်ရန်နည်းလမ်းကို သူစဉ်းစားသည်။ မည်သို့မျှစဉ်းစား၍ မရပါ။

သူ လက်လျှော့ရမည်လော။ ရောက်လီ မည်သည့်အခါမျှ လက်မလျှော့ပါ။

ဟူကျန်းစုအတွက် ကွေ့ထင်းပုအား သွေးကြွေးတောင်းရမည်သာ ဖြစ်ပါသည်။ ချူကွေ့ကျောင်းအားလည်း ကတိပေးခဲ့သည်မဟုတ်ပါလော။

သူ မဆင်မခြင် မိုက်မိုက်ကန်းကန်း ဝင်ရောက်သွားလျှင် ဟူကျန်းစုနောက်သို့ အမြန်လိုက်သွားရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့အဖြစ်မခံနိုင်ပါ။ ရောက်လီသည် ငှက်လှောင်အိမ်နှင့် မိမိရောက်ရှိနေသည့် အကွာအဝေးကို ခန့်မှန်းလိုက်သည်။

ကိုက်သုံးရာခန့် ကွာဝေးမည်ဟု ခန့်မှန်းမိလေသည်။

အကယ်၍မူ တောင်ဆင်ခြေလျှောဆုံးမှ ကိုက်ငါးရာခန့်သာ ကွာဝေးသည်ကို သူတွေ့ရ၏။

ရောက်လီသည် မြေကြီးကိုကိုင်ကြည့်၏။ မြေကြီးသည် မြေပွဖြစ်နေသည်ကို တွေ့ရသောအခါ သူ ဝမ်းသာသွားသည်။ သူ့မျက်နှာလည်း ပြုံးလာတော့သည်။

"ကွေ့ထင်းပု... မင်း လုံခြုံလှပြီထင်ပေမယ့် မင်း မထင်တဲ့ နေရာက ငါ လာခဲ့မယ်"

သူသည် သစ်ပင်ချုံနွယ်များကို အကာအကွယ်ယူလျက် တောင်ခြေလျှောသို့ ဆင်းသက်လာခဲ့၏။

သူ မိကျောင်းတွား ဝပ်ဆင်းသက်လာသည်ဖြစ်ရာ မည်သူကမျှ သတိမထားမိချေ။

အပေါ်မှ ချုံနွယ်ပိတ်ပေါင်းများကလည်း ရှိနေသေးရာ မည်သူမျှ သတိမပြုသည်ကို အပြစ်မဆိုသာချေ။

သူသည် ခြံစည်းရိုးနှင့် အနီးကပ်ဆုံးနေရာသို့ ရောက်ရှိ၍ လာသည်။

သူသည် ငှက်လှောင်အိမ်အခန်းနှင့် ခြံစည်းရိုးရှိရာသို့ မျက်စိထဲ စွဲမြဲအောင် ကြည့်ခဲ့ပြီးလေပြီ။



သူသည် ခြံစည်းရိုးအနီးရောက်သည်နှင့်ဓားနှစ်လ[illegible]အ သုံးပြုကာ မြေကိုတူးဆွတော့သည်။

သူ မြေကြီးကိုစမ်းသပ်ခဲ့သည်မှာ မှန်၏။ မြေကြီးသည် မြေ[illegible]အမျိုးအစားဖြစ်နေ၏။

တူးရသည်မှာ လွယ်ကူလှ၏။ သူသည် ငှက်လှောင်အိမ်ဆီသို့ ဦးတည်တူးလေ၏။

တစ်ရက်... နှစ်ရက်... သုံးရက်....။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရောက်လီ၏လက်များမှာလည်း ပေါက်ပြဲနေပြီ။သို့သော် [illegible]သည် မြေအောက်လိုဏ်ခေါင်းတစ်ခုအား အောင်မြင်စွာ တူးဖော်[illegible]ခဲ့ပြီ။

သူဆက်၍တူးသွားပါက ငှက်လှောင်အိမ်များရှိသည့် အ[illegible]အောက်သို့ ဒိုးယိုပေါက် ပေါက်ပေလိမ့်မည်။

ထို့ကြောင့် အံကြိတ်ကာ ဆက်တူးနေလိုက်သည်။

ရောက်လီသည် ကျေနပ်စွာ ပြုံးလိုက်ပြီး လိုဏ်ခေါင်းအ[illegible]မှထွက်ကာ တောင်ခြေ၌အိပ်စက်တော့သည်။

သူသည် ကွေ့ထင်းပုအား လှုပ်တစ်ပြက် သုတ်သင်ရန်အ[illegible] အင်အားပြည့်ဝနေရမည် မဟုတ်ပါလော။

သူ စတင်တူးထားသည့်နေရာမှာ သစ်ပင်ချုံနွယ်များရှိနေ[illegible] ဟန်ကျလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ ရှောက်လီ အိပ်စက်နေခြင်းဖြစ်သည်။ နေရောင်ခြည်ထိုးသောအခါ သူနိုးလာသည်။

ကျေးငှက်သာရကာများ ကျူးရင့်သံကိုသာယာစွာ ကြားရသော်လည်း ရှောက်လီမှာ မခံစားနိုင်ပါ။ သူသည် လျင်မြန်စွာ ကွေ့ထင်းပုထံသို့ ကြည့်လိုက်၏။

ရဲတိုက်ရှေ့တွင် လုံ့ရှည်ကိုင် တပ်သားလေးယောက်စောင့်ကြပ်နေသည်။

အမှတ်တမဲ့ ကြည့်လိုက်လျှင် ထိုလှံရှည်ကိုင်အစောင့် လေးဦးသာရှိသည်ဟု ထင်မြင်ဖွယ်ရာရှိသည်။

သို့သော် တကယ်တမ်းတွင် တစ်နေ့လုံး အစောင့်လေးကြိမ်မျှ လဲလှယ်သည်။

ထို့ကြောင့် ပြင်ပတွင်စောင့်သော အစောင့်ဆယ့်ခြောက်ဦးရှိကြောင်းကို ရှောက်လီ ခန့်မှန်းမိသည်။

ဤသည်မှာ ရှောက်လီခန့်မှန်းမိသလောက်သာ ဖြစ်သည်။ အတွင်း၌ အစောင့်အကြပ် မည်မျှများပြားမည်မသိချေ။

ထို့နောက် သူသည် ငှက်လှောင်အိမ်အခန်းသို့ ကြည့်လိုက်သည်။

ယခင်က ကွေ့ထင်းပုသည် ငှက်လှောင်အိမ်အခန်း၌ အ[illegible]လိုလို နေထိုင်ပေသည်။ ယခုငှက်လှောင်အိမ်အတွင်း၌ မတွေ့တော့ချေ။



ရှောက်လီသည် ရိက္ခာခြောက်ကိုစားပြီး ရေသောက်လိုက်သည်။

ထို့နောက် ငှက်လှောင်အိမ်ရှိရာသို့ မမှိတ်မသုန် ကြည့်နေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ နေလည်း တဖြည်းဖြည်း မြင့်တက်လာချေပြီ။

ယခုအထိ ကွေ့ထင်းပု၏ အရိပ်အယောင်ကို မမြင်ရသေးချေ။

ရှောက်လီသည် သက်ပြင်းချလိုက်သည်။

ချူကွေ့ကျောင်း၏လက်ထဲတွင် ကျင်းစုကို့ကျန်ရစ်ခဲ့၏။ သို့သော် ချူကွေ့ကျောင်းကတိတည်မည်ဟု ယုံကြည်ထား၏။ အကြွင်းမဲ့ကား ယုံကြည်၍မရပါ။

စန်ကျုံးယင်အား ရှင်းလင်းပြီး ချူကွေ့ကျောင်းအား ရှင်းလင်းမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။

သူသည် လူသတ်သမားဘဝကို စိတ်ကုန်လာသည်။ တစ်ခါလာလည်း သတ်။ တစ်ခါလာလည်း သတ်ဖြင့် အကြိမ်ကြိမ် သတ်နေရသည်။

သူတို့လူသတ်ပေးနေသည်မှာ တကယ်တော့ နိုင်ငံတော်အတွက် ဖြစ်ပါရဲ့လား။

သူတို့သည် နိုင်ငံတော်အပေါ် သစ္စာရှိနေသည်ဟု ထင်မြင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသော်လည်း လက်တွေ့တွင် စန်ကျူးယင်အတွက်သာ သစ္စာရှိနေ ခြင်းဖြစ်သည်။

သူတို့သုတ်သင်ခဲ့ကြသူများသည် နိုင်ငံတော်၏ ဆူးပြောင့်ခ လုတ်များဟု ထင်မြင်ခဲ့သော်လည်း တကယ်တော့ စန်ကျူးယင် ဆူး ပြောင့်ခလုတ်များပင် ဖြစ်နေကြသည်။

သူတို့က စန်ကျူးယင်အား အားကိုး၏။ ချစ်ခင်၏။ သို့သော် စန်ကျူးယင်ကမူ သူတို့အား သစ္စာဖောက်လေတော့သည်။

ထိုမျှမကသေး နိုင်ငံအားလည်း မန်ချူးလက်အောက်သို့ကျ ရောက်အောင် ရေရှည်စီမံချက်ဖြင့် ကြံရွယ်နေသူဖြစ်သည် မဟုတ်ပါ လား။

ရောက်လီသည် အတွေးစများကို ဖြတ်တောက်ပစ်လိုက် သည်။ သူ၏အာရုံများကို ငှက်လှောင်အိမ်သို့ပြန်ပို့လိုက်သည်။

သို့သော် ယခုထက်တိုင် ကွေ့ထင်းပုအား မတွေ့ရသေးချေ။ ယခင်နေ့များကဆိုလျှင် ဤအချိန်ဆိုလျှင် ကွေ့ထင်းပုရောက်ရှိနေ ပေပြီ။

သူသည် ကနေ့ မြေတွင်းတူးထားသဖြင့် ပင်ပန်းပြီး အိပ် ပျော်သွားခဲ့သည်။

ထို့ကြောင့် ကွေ့ထင်းပု ဤရဲတိုက်မှထွက်ခွာသွားလျှင် သိ မည်မဟုတ်ချေ။

ထိုအခိုက် လူရိပ်သုံးခုသည် ငှက်လှောင်အိမ်သို့လျှောက်လာ



လေသည်။

ရောက်လီခန္ဓာကိုယ် တောင့်တင်းသွား၏။ သူသည် ရှေ့သို့ အာရုံပို၍ စူးစိုက်လိုက်သည်။

ခဏမျှအကြာတွင် လူနှစ်ယောက်သည် စကြံလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေတော့၏။

လူတစ်ယောက်သည် ငှက်လှောင်အိမ်ခန်းအတွင်းသို့ဝင် ရောက်လာသည်။ ထိုလူတွင် လက်တစ်ဖက်မျှ မရှိချေ။

ရောက်လီ ပြုံးလိုက်၏။ သူ တိုက်ခိုက်ရမည့်ကွေ့ထင်းပု သည် ပြန်လည်ရောက်ရှိလာချေပြီ။

သူသည် ဓားပါးလေးများကိုထုတ်၍ စစ်ဆေးလိုက်သည်။

သူသည် ကွေ့ထင်းပုအား အလျင်မြန်ဆုံး တိုက်ရမည်ဖြစ်ပါ သည်။

ပထမအကြိမ် တိုက်ခိုက်ခဲ့ဖူးသော်လည်း ယခုဒုတိယအ ကြိမ်တိုက်ခိုက်စဉ်တွင် အချိန်ဆွဲတိုက်ခိုက်နိုင်ခြင်းရှိမည် မဟုတ်ပါ။

ဓားပါးလေးများကို ခါးစည်းကြိုး၌ တန်းစီထိုးစိုက်လိုက် သည်။

ထို့နောက် ဓားရှည်ကိုအသင့်ကိုင်ဆောင်ကာ သူတူးထား သော ဥမင်လမ်းကြောင်းထဲသို့ ဝင်ခဲ့လေတော့သည်။

ကွေ့ထင်းပုသည် ငှက်ကလေးများကို အစာကျွေးနေ သူ့ဘဝဇာတ်ကြောင်းကို သူ ပြန်တွေးတောနေ

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်၏အရိုက်အရာကို သူ ဆက်ဆံခွင့်ရရှိခဲ့သော်လည်း သူသည် မွန်ဂိုနယ်အဘွင်း၌ အခြေတကျနေခွင့်မရပါ။

သူ လေ့ကျင့်ပေးထားသောလူများသည် မွန်ဂိုနန်းတော်အသိုင်းအဝိုင်းတွင် လှုပ်ရှားကျက်စားနေပြီဖြစ်ပါသည်။

တစ်နေ့တွင် ထိုလူများ၏အကူအညီဖြင့် မွန်ဂိုနယ်မြေအား အုပ်ချုပ်ရမည်ဟု သူရည်မှန်းသည်။

သို့သော် ထိုတစ်နေ့ကို အတော်စောင့်စားရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူစောင့်စားမည်သာ ဖြစ်လေသည်။

စန်ကျုံးယင် သူ့နေရာကိုဆက်ခံရန် လူတစ်ယောက်ကိုလျာထားသည်။ သူကမူ သူ့နေရာကိုဆက်ခံရန်လူကို ရွေးချယ်မထားခဲ့ပါ။

သူစိတ်ရှည်စွာ စောင့်ဆိုင်းခဲ့ရသော အချိန်ကာလကို သူပိုင်ဆိုင်ရမည် ဖြစ်သည်။ အခြားသူသည် မည်သူ့ကိုမျှ လွှဲမပေးစေချင်ပါ။

ယခုစန်းကျုံးယင်က ရောက်လီအား သတိထားရန်ပြောဆိုခဲ့ပါသည်။

စန်ကျုံးယင်၏ သတိပေးစကားကြောင့် သူ့နေရာဆက်ခံမည့်သူကို ရွေးသင့်မရွေးသင့် စဉ်းစားရပေတော့မည်။

သို့သော် သူသေတော့ မသေနိုင်ပါ။ စန်ကျုံးယင် အကြောက်လွန်ခြင်းလည်း ဖြစ်နိုင်သည်။

ရောက်လီသည် ထက်မြက်သော လူငယ်တစ်ယောက်ဖြ



၏။

သူ လက်ခံသည်။ သို့သော်ရောက်လီသည် သူ့အား သုတ်သင်နိုင်မည်မဟုတ်။

သူ့စားသမားသုံးဆယ်ကျော်သည် သူ့အား စောင့်ရှောက်နေကြ၏။ ရဲတိုက်အပြင်အတွင်း စောင့်ရှောက်နေသူများ မပါသေးပါ။

ဤရဲတိုက်သည် လွန်စွာ လုံခြုံလှ၏။ ဤငှက်လှောင်အိမ်အခန်း၏ အပြင်တွင်ပင် သူ့အား စောင့်ရှောက်နေကြသေးသည်။

ဤလုံခြုံသောအခန်းတွင်းသို့ ရောက်လီ မည်သို့မျှမဝင်နိုင်ပါ။

မြို့တွင်း၌လည်း စန်ကျုံးယင်၏အစီအစဉ်ဖြင့် ရောက်လီဝင်ရောက်လာသည်နှင့် သုတ်သင်ရန် စောင့်နေကြသော ရုပ်ဖျက်ထားသည့်စားသမားများလည်း များစွာရှိနေပါသည်။

ကွေ့ထင်းပုသည် ကျေနပ်စွာ ပြုံးလိုက်၏။ အရက်ခွက်ထဲသို့ အရက်အိုးထဲမှ အရက်များကိုထည့်လိုက်သည်။

"ရောက်လီ… မင်းလာမယ်ဆိုရင် မြေလျှိုးမိုးပျံနိုင်မှပဲ ငါ့ဆီကိုလာလို့ရမယ်ကွ"

ကွေ့ထင်းပု စိတ်ထဲတွင် ကျိတ်၍ပြောလိုက်သည်။ သူပြောဆိုက်၍ မဆုံးခင်မှာပင် သူ့ရှေ့ကြမ်းပြင်သည် ပြိုကျသွားလေသည်။

သူ ကြက်သေ‚သေသွားသည်။ အပေါက်တစ်ခုပေါ်လာပြီး လူတစ်ယောက် ခုန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ထင်းပု ထိတ်လန့်သွားပြီး အလန့်တကြား ရေရွတ်လိုက်သည်။

"ရောက်လီ...."

ရောက်လီသည် တကယ်ပင် သူ့ထံသို့မြေလျှိုးမိုးပျံကာ ရောက်ရှိလာလေပြီ။

ရောက်လီသည် အပေါ်သို့ရောက်သည်နှင့် ဓားပါးလေး ခြောက်လက်အား တဝှီးဝှီးဖြင့် ပစ်သွင်းလိုက်သည်။

ထိုဓားပါးကလေး၏ပစ်မှတ်မှာ တစ်နေရာတည်းဖြစ်နေသည်။ ကွေ့ထင်းပု၏ တစ်ဖက်တည်းသာရှိသော လက်သို့တည်း။

ကွေ့ထင်းပုကလည်း သတိဝင်လာသည်နှင့် အရက်အိုးနှင့် ကောက်ပစ်သည်။ အခန်းအပြင်သို့ ကျွမ်းထထိုးရန် ကြံသည်။

သို့သော် ပေါက်ဓားလေးနှစ်လက်က သူ၏လက်ဖျံနှင့်လက်မောင်းတွင် စိုက်၏။ ဓားပါးလေး လေးလက်ကိုတော့ ရှောင်နိုင်သည်။

ကွေ့ထင်းပု၏မျက်နှာမှာ ရှုံ့မဲ့သွား၏။ သူ ကျွမ်းထိုးမထွက်ဖြစ်တော့ပေ။

ရောက်လီသည် ဓားကိုမြှောက်လိုက်၏။

ကွေ့ထင်းပုက....

"မင်း... မင်း...."

ရောက်လီက အံကြိတ်ပြီးပြောလိုက်သည်။



"ဒါ ဟူကျန်းစုအတွက်... ပြီးတော့ ကျုပ်ကိုလိမ်ညာတဲ့အ
ွက် နောက်ဆုံးကတော့ ကျုပ်တိုင်းပြည်ကိုရောင်းစားတဲ့အတွက်"

သူသည် စကားဆုံးသည်နှင့်ဓားသုံးချက်ထိုးသွင်းလိုက်
သည်။

ကွေ့ထင်းပုမှာ ကြက်သေသေပြီး မှင်သက်နေသဖြင့်
ောက်လီ၏ဓားချက်များကို မရှောင်တိမ်းနိုင်ဘဲ ဖြစ်နေသည်။

"အား...."

စူးရှနာကျင်စွာ အော်လိုက်သောအသံကြီးသည် အခန်းထံမှ
ိန်းထွက်သွားသည်။

ကွေ့ထင်းပုသည် ရောက်လီအား မယုံကြည်နိုင်စွာ ကြည့်
ငံလဲပြိုကျသွားသည်။

ဓားသုံးချက်စလုံး သူ့ခန္ဓာကိုယ်ထဲသို့ တိုးဝင်သွားခြင်းဖြစ်
ည်။

ကွေ့ထင်းပုသည် ရောက်လီက မသတ်နိုင်ဟု ယုံကြည်ခဲ့
ည်။

တကယ်တမ်းတွင်တော့ ရောက်လီရောက်လာခဲ့ပြီး သူ့ကို
တ်သွားခဲ့လေပြီ။

ကွေ့ထင်းပု၏အော်သံကြီးသည် ရဲတိုက်တစ်ခုလုံးသို့ ပျံ့

ထိုအခါအဝေးကြောက် သုံးဆယ်သော ဓားသမားများသည်

www.burmeseclassic.com

www.burmeseclassic.com



အော်သံကြားရာသို့ အပြေးအလွှား ရောက်ရှိလာကြတော့သည်။

ရှောက်လီသည် ဓားကို ခါးကြားထဲသို့ထိုးကာ အပေါက်
သို့ပြန်ဆင်းလိုက်သည်။

သူအောက်သို့ရောက်သည်နှင့် ဒေါက်တိုင်နှစ်ခုကို ဖြုတ်
လိုက်တော့သည်။

"ဝုန်း....."

မြေကြီးများ ပြိုကျလာပြီး လမ်းပေါက်ပိတ်သွားတော့သည်

သူ့နောက်မှလိုက်သူများ မလိုက်နိုင်တော့ပါ။ ပိတ်ဆို့
သောမြေစာများကိုတူးဖော်၍ လိုက်မည်ဆိုလျှင်လည်း အလွန်နှော
ကျသွားပါလိမ့်မည်။

ဓားသမားသုံးဆယ်မှာ မည်သို့ဆုံးဖြတ်ရမှန်းမသိဘဲ ယော
ချာချာ ဖြစ်နေကြတော့သည်။

ရှောက်လီသည် ကျေနပ်စွာပြုံးလိုက်ပြီး ဥမင်လမ်းအတွင်
တွားသွား၍ ထွက်လာခဲ့သည်။

အပြင်ရောက်သည်နှင့် ငှက်လှောင်အိမ်ခန်းကို ကြည့်သည်

ဓားသမား ပျာယာခတ်နေသည်ကိုကြည့်ပြီး ရှောက်လီ
လိုက်လေသည်။

ရှောက်လီသည် ဖုတ်ဖက်ခါပြီး ထရပ်လိုက်သည်။ မြော
ဘက်အရပ်သို့သွားမည်။ ဟိုကျလျှင် တံငါရွာကိုတွေ့မည်။

တံငါရွာမှ လှေတစ်စင်းကိုရယူပြီး စန်ကျုံးယင်ရှိရာသို့



သည်။

သူသည် ယခင်က အစီအစဉ်တိုင်း ထွက်ခဲ့သည်။ ရင်
ပွင်မှု ဆူညံသောအသံများ ဖြစ်ပေါ်ကျန်ရစ်ခဲ့လေသည်။

သို့ဆိုလျှင် တံငါရွာကလေးသို့ သူရောက်မည်ဖြစ်သည်။

ရှောက်လီသည် ချုံနွယ်ပိတ်ပေါင်းကြားမှ တိုးဝင်ပျောက်
သွားလေသည်။

သူ့အား ကွေ့ထင်းပု၏အစောင့်များ မမြင်စေချင်ပါ။ မြင်
င် ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်ကြပါလိမ့်မည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၂)
## မန်ချူးရန်ကြွေး

ချူကွေ့ကျောင်းသည် အရက်သောက်ရင်း အဆောက်အ ရှိရာသို့ လာသူရှိမရှိ ကြည့်နေသည်။

ထိုစဉ် လူလေးယောက် အဝေးမှလျှောက်လာနေကြော တွေ့လိုက်ရသည်။

ချူကွေ့ကျောင်း ခုန်ထလိုက်သည်။ သူ ထိတ်လန့်သွားပြ ပြီ။

သူသည် မန်ချူးအရာရှိတစ်ဦး ရောက်ရှိလာမည်ဟု တင်သတင်းရထားသည်။

သူက လင်းယုန်ကြီးနေရာတွင်တော့ ထိုယုံကြည်မှုမှာ သုဉ်းသွားခဲ့ပြီဖြစ်သည်။

ယခုလာနေသူမှာ သာမန်အရာရှိတစ်ဦးမဟုတ်ပါ။



မန်ချူးတပ်မှူးကြီးစန်းယုံမင်းစွေ မွေးထားသော မင်းသား ဆယ့်နှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်ပါသည်။

ချူကွေ့ကျောင်းသည် မင်းသားဆယ့်နှစ်ယောက်လုံးကို သိပါသည်။

မင်းသားများသည် သာမန်ကိစ္စနှင့်မန်ချူးနယ်မှ မထွက်ပါ။

သူတို့သည် မိမိအား ရိပ်စားမိသွားပြီလောမသိပါ။ သို့မ ဟုတ် မိမိအား အနံ့ရသွား၍ ဖြစ်နိုင်ပါသည်။

မင်းသားများ၏ အရည်အသွေးကို သူကောင်းစွာသိထားပါ သည်။

မင်းသားတစ်ယောက်၏ ရှေ့၌ သူသည် လင်းယုန်ကြီးအ ဖြစ် ကြာရှည်ဟန်ဆောင်နိုင်မည်မဟုတ်ပါ။

ချူကွေ့ကျောင်းသည် ချက်ချင်းပင် ကျင်းစုကို့၏အခန်းဆီ သို့ ပြေးတော့သည်။

ကျင်းစုကို့ကို မှဲ့တစ်ပေါက်မှ မစွန်းစေရဟု တာဝန်ယူထား သူမဟုတ်ပါလော။

ချူကွေ့ကျောင်းက တံခါးဖွင့်လိုက်သည်။

"ကျင်းစုကို့ မင်း ဒီနောက်ကလမ်းအတိုင်း ပြေးပေတော့"

ကျင်းစုကို့ အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲရှင်"

"ကျုပ်ရန်သူတွေရောက်လာပြီ... မင်းကို မှဲ့တစ်ပေါက်မှမ

www.burmeseclassic.com

www.burmeseclassic.com



ခွန်းစေရဘူးလို့ ကျုပ်က ရှောက်လီကို ကတိပေးခဲ့တယ်၊ ကျုပ်ရန်သူတွေကတော့ ကတိတွေ ဘာတွေတည်နေမှာမဟုတ်ဘူး"

ကျင်းစုကို့က ဦးညွတ်ဂါရဝပြုလိုက်သည်။

"ရှင်ဟာ ကတိကိုတန်ဖိုးထားတဲ့ လူကောင်းတစ်ယောက်ပဲ၊ ရှင်ကံကောင်းပါစေလို့ ကျွန်မဆုတောင်းပါတယ်"

ချူကွေ့ကျောင်းက....

"ရှောက်လီကိုသာ မင်း အောင်မြင်အောင် ကူညီပါ။ ကဲ... သွားပေတော့၊ မင်းလဲ ကံကောင်းပါစေ"

ကျင်းစုကို့သည် ပြင်ဆင်စရာရှိသည်ကို ချက်ချင်းပြင်ဆင်ပြီး အနောက်ဘက်တံခါးမှ ပြေးထွက်သွားလေတော့သည်။

ချူကွေ့ကျောင်းသည် ဧည့်ခန်းထဲသို့ပြန်ဝင်လာပြီး စီစဉ်စရာရှိသည်များကို စီစဉ်လေတော့သည်။

သူ၏လက်အောက်ငယ်သားများကိုလည်း အသင့်ပြင်ဆင်ထားရန် မှာကြားလိုက်သည်။

သူစီစဉ်သည်မှာ အချိန်ကိုက်ပင်။ မကြာမီ တံခါးခေါက်သံထွက်ပေါ်လာသည်။

"ဒေါက်... ဒေါက်... ဒေါက်"

ချူကွေ့ကျောင်းကလည်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ချူကွေ့ကျောင်း၏ငယ်သားတစ်ယောက်က တံခါးဖွင့်ပေးလိုက်သည်။



မင်းသားနှင့် တပည့်လက်သားသုံးယောက်သည် အိမ်တွင်းသို့လှမ်းဝင်လာကြ၏။

ချူကွေ့ကျောင်းက နေရာမှထကာ ဦးညွတ်ဂါရဝပြုသည်။ မင်းသားက ထိုင်ခုံတွင်ဝင်ထိုင်ပြီး ဓားသမားသုံးယောက်က မင်းသား၏နောက်မှ တန်းစီရပ်လိုက်ကြ၏။

ချူကွေ့ကျောင်းအား မင်းသားက စိုက်ကြည့်ပြီး....

"ရှောက်လီ ဘယ်လိုလွတ်သွားတာလဲ"

ချူကွေ့ကျောင်းက ရှင်းပြလိုက်သည်။

"ကျုပ်ရဲ့ဓားသမားနှစ်ယောက် သေသွားပါတယ်၊ ရှောက်လီ သတ်ခဲ့တာပါ"

မင်းသားက ရယ်မောတော့သည်။

ချူကွေ့ကျောင်းသည် မင်းသားရှေ့တွင် ထွန်းထားသော ဖယောင်းတိုင်ကိုကြည့်လိုက်၏။ လေးပုံတစ်ပုံခန့် ကုန်သွားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် အနည်းငယ် စိတ်အေးသွားသည်။

မင်းသားက...

"ကျုပ်ရောက်ရောက်ချင်း လာမလို့ဘဲ၊ ဒါပေမယ့် သေချာအောင် စုံစမ်းနေလို့ မရောက်ခဲ့ရဘူး"

"ကျုပ်ကလဲ သာမန် မန်ချူးအရာရှိတစ်ယောက်ပဲ လာမယ်ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လဲ အောက်ခြေသိမ်းစုံစမ်းခဲ့တာပဲ"

"ကျုပ်ရဲ့လက်အောက်ငယ်သားတွေ အသုံးမကျလို့ လွတ်သွားတာပါ၊ ဒါပေမယ့်...."

မင်းသားက လက်ကာပြလိုက်သည်။

"ကျုပ်ကတော့ ဒီလိုမထင်ဘူး"

သူသည် ချူကွေ့ကျောင်းအား စိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားက ရှောက်လီကို တမင်လွှတ်ပေးလိုက်တာလို့ ကျုပ် ထင်တယ်"

ချူကွေ့ကျောင်း ထိတ်ခနဲဖြစ်သွားတော့သည်။ မယုံကြည်သည့်ဓာတ်လမ်းကတော့ စလာလေပြီ။

"မဟုတ်ပါဘူး... ဘာကြောင့် ကျုပ်က လွှတ်ပေးရမှာလဲ"

မင်းသားက....

"စန်ကျုံးယင်နဲ့ကွေ့ထင်းပုကို သုတ်သင်ဖို့ပဲပေါ့"

"အဓိပ္ပာယ်မရှိလိုက်တာဗျာ"

"ဟား... ဟား... ဟား၊ အဓိပ္ပာယ်သိပ်ရှိတာပေါ့"

"ဘာကြောင့်လဲဆိုရင် ခင်ဗျားဟာ ချူကွေ့ကျောင်း ဖြစ်လို့ပဲ"

မင်းသား၏အသံမှာ အေးစက်နေသည်။

ချူကွေ့ကျောင်းသည် လင်းယုန်ကြီးအဖြစ် ဆက်လက်ဆောင်၍ မရတော့ကြောင်းသိသွားသည်။



ထို့ကြောင့် ဓားကို အသင့်ဆုပ်ကိုင်ထားလိုက်သည်။

"မင်းသားက မဆိုးပါဘူး... ခြေခြေမြစ်မြစ် သတင်းတွေကို လိုက်ထားတာကိုး၊ ကျုပ်ကို ချက်ချင်းသိလိုက်တာပဲ"

"ဟား... ဟား... ဟား၊ ကျုပ်က အထူးအာရုံပြု စုံစမ်းဖို့ မလိုပါဘူး၊ ကျုပ်ရဲ့သတင်းပေးက တိကျလို့ပါ၊ စန်ကျုံးယင်ကလဲ ဒီလိုပဲ တွက်တာပဲ"

"ဒါပေမယ့် ခင်ဗျားတို့ ကျုပ်ကိုနိုင်မယ်မထင်နဲ့"

မင်းသားက မဲ့လိုက်သည်။

"ဘာလဲ... ခင်ဗျားက ကျုပ်ထက် ဓားပညာပိုတော်နေလို့လား"

ချူကွေ့ကျောင်းက ရယ်မောလိုက်သည်။

"ဓားပညာမှာ ကျုပ်က ခင်ဗျားကို မမီပါဘူး၊ ဒါပေမယ့် ခင်ဗျားဟာ ကျုပ်ရဲအဆိပ်မိနေပြီဆိုတာ သိရဲ့လား၊ ဒါကြောင့် ကျုပ်ကို မနိုင်ဘူးလို့ပြောတာ"

ထိုအခါ မင်းသားက အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ချူကွေ့ကျောင်း... ခင်ဗျားဟာ အဆိပ်ကိုအသုံးပြုတတ်တယ်ဆိုတာ ကျုပ်မသိဘူးထင်နေလို့လား၊ ခင်ဗျားရဲ့အဆိပ်က ကျုပ်ကိုဒုက္ခမပေးနိုင်ပါဘူးဗျ"

ပြောပြီးသည်နှင့်စားပွဲခုံကို လက်ဝါးဖြင့် ရိုက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း....."

စားပွဲခုံမှာ ထက်ပိုင်းကျိုးသွားလေတော့၏။

သူ၏အတွင်းအားသည် ပုံမှန်အတိုင်းရှိနေကြောင်း ပြသလိုက်ခြင်းပင်ဖြစ်၏။

ချူကွေ့ကျောင်းမှာ မျက်နှာပျက်သွားသည်။ မင်းသားနှင့် တပည့်များသည် ဤနေရာသို့မရောက်လာမီ အဆိပ်ဖြေဆေးများ သောက်ထားကြောင်း သက်သေပြလိုက်ခြင်းပင် မဟုတ်ပါလော။

ချူကွေ့ကျောင်းက သက်ပြင်းချလိုက်၏။

ခေါင်းဆတ်ပြလိုက်သောအခါ သူ့ငယ်သားဆယ်ယောက်တို့သည် ဓားကိုဆွဲထုတ်လိုက်ကြသည်။

"ရွမ်း....ရွမ်း.... ရွမ်း"

မင်းသားက ထိုင်ရာမှမထပါ။ ယပ်တောင်ကိုထုတ်ကာ ဖြန့်လိုက်သည်။

သူ၏ဓားသမားသုံးယောက်က ဓားများကိုဆွဲထုတ်လိုက်သည်။

ချူကွေ့ကျောင်း၏ဓားသမားများကို ရင်ဆိုင်လိုက်တော့သည်။

မင်းသား၏ဓားသမားသုံးယောက်က ဓားသမားဆယ်ယောက်ကို စတင်တိုက်ခိုက်တော့၏။ ညှိခန်းအတွင်း၌ ပြင်းထန်သောတိုက်ခိုက်မှု စတင်တော့သည်။



မင်းသားသည် ထိုင်ရာမှမထဘဲ သူ့တ[illegible] ကိုကြည့်နေသည်။ သူသည် စိတ်အေးလက်အေး ယပ်တောင်ခတ်နေသည်။

ချူကွေ့ကျောင်းသည် မင်းသားကိုကြည့်နေ၏။

မင်းသားကလည်း ချူကွေ့ကျောင်း သူ့ကိုအကဲခတ်နေခြင်းကို သိပါသည်။

မင်းသား မလှုပ်မရှားမချင်း သူလှုပ်ရှားရန် မလိုသေးပါ။ သို့မဟုတ် အပိုင်အနိုင် မတိုက်ခိုက်နိုင်သရွေ့ မတိုက်ခိုက်ရန် ချူကွေ့ကျောင်း ဆုံးဖြတ်ထားပါသည်။

သူ၏ဓားသမားများသည် ကြေးစားအဆင့်ရှိသည်။ ဤသူများက မင်းသား၏လူသုံးယောက်ကို အနိုင်ယူပြီးလျှင် ထိုဓားသမားများ အကူအညီဖြင့် မင်းသားအား တိုက်ခိုက်မည်ဟု ချူကွေ့ကျောင်း ဆုံးဖြတ်ထားပါသည်။

သို့သော် မင်းသား၏ဓားသမားသုံးယောက်မှာ လက်ရွေးစင် ဓားသမားသုံးယောက်ဖြစ်ပါသည်။

ထို့ကြောင့် သူတို့၏ဓားကွက်များမှာ ထူးဆန်းပါသည်။

သူတို့၏ ထူးဆန်းသောဓားကွက်များကြောင့် ချူကွေ့ကျောင်း၏ ဓားသမားရှစ်ယောက်မှာ ကျဆုံးသွားရ၏။ ကျန်နှစ်ဦးမှာလည်း ဒဏ်ရာရရှိသွားကြသည်။

ထို့အတူ မင်းသား၏ဓားသမားသုံးယောက်မှာ သေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

မင်းသားသည် စတင်လှုပ်ရှားတော့၏။

သူသည် ထိုင်ရာမှခုန်ထပြီး ဒဏ်ရာရနေသည့်ဓားသမားအနီးသို့ရောက်သွားသည်။

သူ၏ယပ်တောင်ကိုစုပြီး ဓားသမားတစ်ဦး၏လည်မျိုကို ထိုးလိုက်သည်။

"အား....."

ဓားသမားမှာ စူးရှနာကျင်စွာအော်ပြီး လဲကျသွားသည်။ ကျန်တစ်ယောက်မှာ နောက်ဆုတ်သွား၏။

မင်းသား၏ယပ်တောင်မှာ သံနှင့်ပြုလုပ်ထား၏။ ခေါက်လိုက်သောအခါ ဓားကဲ့သို့ဖြစ်သွား၏။

"ခင်ဗျား ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်မှာလား"

"ဟား... ဟား... ဟား၊ ကျုပ်ဓားက သဘောတူမှာမဟုတ်ဘူး"

"ခင်ဗျားဓားက သံချေးတက်နေပြီ"

မင်းသားက ပြောင်လှောင်လိုက်သည်။

ချူကွေ့ကျောင်း ဒေါသထွက်သွားသည်။

သို့သော် ဓားကိုထိန်းပြီး စင်ရော်တောင်ဖြန့်သည့်သဏ္ဍာန်ကိုင်လိုက်၏။ ရုတ်တရက် မင်းသားအား ခုတ်ချလိုက်သည်။



မင်းသားသည် ကိုယ်ကိုနွဲ့ကာ ရှောင်တိမ်းပြီး ချူကွေ့ကျောင်း၏ဓားကို ရိုက်ချလိုက်၏။

ချူကွေ့ကျောင်းက ဓားလက်ကိုင်ကို ခပ်ဇွဲဇွဲထိုးထည့်လိုက်ရာ မင်းသားက ပေါ့ပါးစွာ ကျွမ်းထိုး၍ရှောင်သည်။

ချူကွေ့ကျောင်း၏ ဒဏ်ရာရထားသောဓားသမားက ဝင်တိုက်သည်။

မင်းသားသည် ပြတင်းပေါက်မှ ကျွမ်းထိုးထွက်သွားရာ ချူကွေ့ကျောင်းနှင့်ဓားသမားတို့ကလည်း လိုက်ပါသွားကြသည်။

ချူကွေ့ကျောင်းက....

"မင်း ဓားမထုတ်ဘူးလား"

မင်းသားက ပြုံးပြီး....

"ဓားထုတ်ရင် မင်း မြင်ရမှာတောင်မဟုတ်ဘူး"

ချူကွေ့ကျောင်း၏ဓားသမားသည် မင်းသား၏နံဘေးသို့ ထိုးသွင်းလိုက်၏။

"ဝိုး... ရှမ်း"

မင်းသားက ယပ်တောင်ဖြင့် ရိုက်ချလိုက်သည်။

ချူကွေ့ကျောင်းကလည်း ဓားဖြင့် ခုနစ်ချက်ခန့် ဆက်တိုက်ခုတ်လိုက်သည်။

"ရှမ်း... ရှမ်း... ရှမ်း"

"ဝိုး... ဝိုး... ဝိုး"

www.burmeseclassic.com

www.burmeseclassic.com



ဓားချက်များသည် သံကွင်းပမာ မင်းသားထံသို့ဝင်သွား၏။ မင်းသား သတိထားရှောင်တိမ်းသော်လည်း ဓားချက်တစ်ချက်က မင်းသား၏အင်္ကျီအား ထိုးခွဲသွားလေပြီ။

"ဗြဲ...."

မင်းသားမှာ မျက်နှာနီရဲသွားသည်။ သူသည် ချူကွေ့ကျောင်းထက် ဓားပညာမှာ အပြတ်အသတ်တော်သည်ဟု ယူဆထားသည် မဟုတ်ပါလော။

ချူကွေ့ကျောင်းမှာ အားတက်သွားသည်။ သူ့ဓားသမားအား ညာသံပေး၍ အော်ဟစ်လိုက်သည်။

"တိုက်... တိုက်"

မင်းသားက ယပ်တောင်ဖြင့် ခုခံသည်။

ထိုအခိုက် နောက်မှအလစ်ချောင်းနေသော ဓားသမားက မင်းသားအား နောက်ကျောမှ ဓားဖြင့် ထိုးချလိုက်၏။

ထိုဓားချက်မှာ လွန်စွာ ပိရိသေသပ်လှသည်။

မင်းသားက ခန္ဓာကိုယ်အား စောင်းရှောင်ပြီး ခြေထောက်နှင့်ကန်လိုက်သည်။

"ဖွပ်...."

"ဖြောင်း...."

ဓားသမား၏ဓားချက်က မင်းသား၏လက်ပြင်ကိုထိုးမိသွားပြီး မင်းသား၏ခြေကန်ချက်က ဓားသမား၏ရင်ဝကိုကန်မိသွားသည်။



"အား...."

ဓားသမားမှာ လွင့်စဉ်ထွက်သွားသည်။ လူးလဲပြန်ထရန် ကြိုးစားသော်လည်း မထနိုင်ဘဲ လဲကျသွားတော့သည်။

ထိုအခိုက် ချူကွေ့ကျောင်းကလည်း အပိုင်တိုက်တော့သည်။

ချူကွေ့ကျောင်း၏ဓားပညာမှာ အလွန်အဆင့်မြင့်ပေသည်။

သူသည် အထက်မြက်ဆုံး ဓားချက်များကိုသုံးကာ တိုက်ခိုက်တော့သည်။

သူ့ဓားချက်သည် ရှေ့သို့ယိုင်ကျလာသော မင်းသားအား အနှံ့အပြား ထိုးနှက်လေတော့သည်။

မင်းသား ထိတ်လန့်သွား၏။ ကမန်းကတန်း ကိုယ်ကိုလှဲချလိုက်ရသည်။

ထိုအခါ ချူကွေ့ကျောင်း၏ဓားသည် မင်းသား၏ဆံပင်အများအပြားကို ဖြတ်ချသွားလေတော့သည်။

သီသီကလေးပင် အောက်သို့ သည့်ထက်နိမ့်၍ ဖြတ်နိုင်ပါက မင်းသား၏ဦးခေါင်း ပါသွားမည်မှာ သေချာလှသည်။

မင်းသားသည် ပက်လက်အနေအထားမှ ယပ်တောင်ကို ညှစ်ချလိုက်ရာ....

"ဝှစ်... ဝှစ်... ဝှစ်"

www.burmeseclassic.com

www.burmeseclassic.com



ယပ်တောင်ထိပ်တွင် တပ်ဆင်ထားသောအပ်ကလေးများမှာ ချူကွေ့ကျောင်းထံသို့ ပြေးဝင်သွားသည်။

ချူကွေ့ကျောင်း ထိတ်လန့်သွားသည်။ မင်းသားသည် ဤသို့တိတ်တိတ်ပုန်း ကောက်ကျစ်သောနည်းကိုသုံးမည်မဟုတ်ဟု ယုံကြည်ထားသည်။

ယခုကဲ့သို့ အနီးကပ်လုပ်ကြံလိုက်သောအခါ ဓားကိုဝှေ့ယမ်းကာကွယ်သော်လည်း သူ မရတော့ပါ။ အပ်များသည် ဓားကိုင်လက်နှင့် ကိုယ်ခန္ဓာအနှံ့အပြားသို့ ထိမှန်သွားတော့သည်။

"အား....."

ချူကွေ့ကျောင်းမှာ နာကျင်စွာ အော်ဟစ်ပြီး ဓားကိုလွှတ်ချလိုက်ရသည်။

မင်းသားမှာ ရုတ်ချည်းခုန်ထလိုက်သည်။ သူသည် ချူကွေ့ကျောင်းထံသို့ခုန်ဝင်ကာ နားထင်သို့အရှိန်ဖြင့် ကန်လိုက်၏။

"ဝုန်း....."

ချူကွေ့ကျောင်း၏ကိုယ်မှာ လွင့်စင်သွားပြီး အတန်ကြာ လူးလိမ့်နေပြီးနောက် ချူကွေ့ကျောင်း ငြိမ်သက်သွားသည်။

လင်းယုန်ကြီး အသက်ပျောက်သွားပြီ။

မင်းသား ရယ်မောလိုက်သည်။ သူရယ်မောသံမှာ အသက်ပါချေ။

သူသည် ဤတစ်ပွဲတွင် အထိနာလေသည်။ သူ့လက်ပြ



တွင်လည်း ဓားဒဏ်ရာရရှိထားသည်။

ချူကွေ့ကျောင်း ထိုးလိုက်သောဓားချက်ကို သူ မရှောင်နိုင်ခဲ့ချေ။ ဓားပညာရှင်ဟူသည်မှာ မျက်စိလျင်ပြီး နားပါးရသည်။

နောက်ကျောမှထိုးလိုက်သည့် ဓားသံကိုမကြားရသောကြောင့် သူအထိုးခံလိုက်ရခြင်းဖြစ်ပါသည်။

ထို့ပြင် သူ့ယပ်ထိပ်တွင် ဆံပင်များ ကွက်နေသည်မဟုတ်ပါလော။

ချူကွေ့ကျောင်းက သူ့ဆံပင်များကို ဖြတ်လိုက်ခြင်းဖြစ်ပါသည်။ ကံကောင်းထောက်မ၍ သူ့ဦးခေါင်း ပါမသွားခြင်းဖြစ်သည်။

ဤနှစ်ချက်နှင့်ပင် သူမည်မျှအထိနာကြောင်း သိနိုင်သည်။ ခရင်းချုပ်သော် သူ့ဓားသမားသုံးဦးစလုံးလည်း သေဆုံးသွားသည်။

မင်းသားက....

"အင်း... အဖေကျေနပ်အောင် ရှောက်လိုက်ပါ သုတ်သင်သွားမှပဲ"

သူသည် ပဝါကိုထုတ်ကာ ခေါင်းကိုစည်းလိုက်သည်။ အကျႌစုတ်ကိုဖြဲကာ လက်ပြင်ကိုပတ်တီးစည်းလိုက်သည်။

ထို့နောက် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ထိုနေရာမှ ထွက်ခွာသွားတော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၃)
## မန်ချူးရန်စွယ်

စန်ကျူးယင်သည် ကွေ့ထင်းပု သေဆုံးသွားသည့်သတင်းကို ကြားလိုက်ရသည်။

စန်ကျူးယင် မျက်နှာပျက်သွားသည်။ သူသည် အရက်အိုးကို တုန်တုန်ယင်ယင်ဖြင့် လှမ်းယူလိုက်၏။

ထို့နောက် အရက်ခွက်ထဲသို့ ငှဲ့ထည့်မနေတော့ဘဲ သည်အတိုင်း မော့ချသောက်လိုက်သည်။

နှုတ်ခမ်းမှစီးကျလာသော အရက်ကို လက်ခုံဖြင့် သုတ်လိုက်သည်။

ကွေ့ထင်းပုနှင့် ကြေးစားဓားသမားအဆင့်ရှိ ဓားသမားအယောက်သုံးဆယ်ခန့်ရှိသည့်ကြားမှ ကွေ့ထင်းပုအား လုပ်ကြံသွားသည်ကို သူ စဉ်းစား၍မရချေ။



တစ်ခုတော့ သေချာသည်။ ရှောက်လီသည် လုပ်စရာရှိသည်ကို ဓဖြစ်မနေ လုပ်တတ်ခြင်းပင်။

ဤသို့ လုပ်ဆောင်တတ်အောင်လည်း သူပင် လေ့ကျင့်ပေးခဲ့သည် မဟုတ်ပါလော။

ထိုစဉ် ပြတင်းပေါက်မှ လေတစ်ချက် တိုက်ခတ်လာသည်။

စန်ကျူးယင်သည် အေးစိမ့်မှုကို ခံစားလိုက်ရသည်။

ဤတည်းခိုခန်း၌နေရသည်မှာ လုံခြုံမှုမရှိတော့ဟု သူ စဉ်းစားမိလိုက်သည်။ မကြာမီ တည်းခိုခန်းသို့ ရှောက်လီသည် ရောက်ရှိလာတော့မည်ဖြစ်သည်။

သူသည် ဤနေရာကို ခေတ္တစွန့်ခွာရပေမည်။ အလုံခြုံဆုံးသောနေရာတွင် သူသွားရောက်နေထိုင်ရတော့မည်။

ယခု သူသည် ရှုံးနိမ့်မှုကို စတင်ခံစားလိုက်ရပေသည်။

ယခု သူ မည်သည့်နေရာသို့ သွားမည်နည်း။ အလုံခြုံဆုံးသောနေရာမှာ ဘေးမဲ့စခန်းတစ်ခုသာ ဖြစ်ပါလိမ့်မည်။

မိမိ ဘေးမဲ့စခန်းတစ်ခုခုတွင် ခိုလှုံလိုက်လျှင် ရှောက်လီသည် မိမိအား သတ်မရတော့ပေ။

သို့သော် မိမိကဲ့သို့ပုဂ္ဂိုလ်မျိုးက ဘေးမဲ့စခန်းတစ်ခုခုတွင် ခိုလှုံသည်ဆိုလျှင် အရပ်ရပ်နေပြည်တော် ကြားလို့မှမတော် ဖြစ်တော့မည်။

ဘေးမဲ့စခန်းသွားမည်ဆိုလျှင်လည်း တစ်လကြာမှ သွား

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရပေလိမ့်မည်။ နောက်ဆုံး သူသွားရမည့်နေရာကို စဉ်းစားမိသည်။ ထိုနေရာတွင် သူ၏မိတ်ဆွေတစ်ယောက် ရှိသည်။

ထိုနေရာကို ရှောက်လီတွေ့အောင်ရှာနိုင်မည် မထင်ပါ။

"ချင်းရှောင်… ချင်းရှောင်"

သူက အော်ခေါ်လိုက်သည်။ ချင်းရှောင် ပြေးလာသည်။

"ဘာအလိုရှိပါသလဲ ဆရာ"

"ဘာမှအလိုမရှိဘူး… ခရီးထွက်မယ်၊ သက်တော်စောင့်တွေနဲ့ အသင့်ပြင်"

"ဟုတ်ကဲ့ ဆရာ"

ချင်းရှောင်သည် ပြေးထွက်သွားပြီး စီစဉ်စရာရှိသည်များကိုစီစဉ်သည်။

မကြာမီ စန်ကျုံးယင်ထံသို့ ပြန်လည်ရောက်ရှိလာသည်။

"ဆရာ… အားလုံးအဆင်သင့်ဖြစ်ပါပြီ ဆရာ"

"အေး… ကောင်းတယ်"

စန်ကျုံးယင်သည် မကြာမီ ထွက်ခွာသွားတော့သည်။

ထိုအချိန်၌ သူ့အား စောင့်ကြည့်နေသူရှိကြောင်းကို သူ လုံးဝသတိလက်လွတ်ဖြစ်စေတတ်သည် မဟုတ်ပါလော။



ညဉ့် လသာနေသဖြင့် သဲသောင်ပြင်တစ်ခုလုံး လင်းနေသည်။ အရာရာကို ပီပီပြင်ပြင် မြင်နေရသည်။

ရှောက်လီသည် တံငါရွာကလေးသို့လမ်းအတိုင်း ဝင်ရောက်လာခဲ့သည်။

သတိကိုမပြတ်ထားရင်း သူသည် တံငါရွာကလေးထဲသို့ ဝင်လာခြင်းဖြစ်သည်။

ရှောက်လီသည် တံငါရွာသို့ဝင်လာခြင်းမှာ လှေလို၍ဖြစ်ပါသည်။

ရွာသူရွာသားများမှာ အိပ်မောကျနေလေပြီ။ ထို့ကြောင့် လှေများဆိုက်ထားရာ ဆိပ်ကမ်းသို့ ရှောက်လီလျှောက်သွားသည်။

သဲသောင်ပြင်သို့ ခြေလှမ်းဆယ်လှမ်းမျှ လှမ်းမိသောအခါ ရှောက်လီ၏ခြေလှမ်းများသည် အလိုလို ရပ်တန့်သွားသည်။

ရှောက်လီ၏လက်သည် အလိုလိုပင် ဓားရိုးရှိရာသို့ရောက်သွားတော့သည်။

သဲသောင်ပြင် လှေဆိပ်အနီးတွင်ထိုင်စောင့်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် ယပ်တောင်ခတ်ရင်း မတ်တတ်ထရပ်လိုက်၏

"ကျူပ်ရောက်နေတာ တော်တော်ကြာသွားပါပြီ"

သူ့အသံမှာ အေးစက်နေသည်။ ရောက်လီ သက်ပြင်းခ
လိုက်သည်။

ဤလူမျိုးကို တွေ့ဖူးသည်။ ကြောက်စရာကောင်းသော မ
ချူးသုတ်သင်ရေးသမားပင်တည်း။

စန်ကျုံးယင်ထံ ရောက်သွားလိုလျှင် ဤမန်ချူးသုတ်သင်
ရေးသမားကို အရင်ရှင်းပစ်ရမည်။

ကိုယ်ကမရှင်းနိုင်လျှင် သူက ကိုယ့်ကိုရှင်းသွားပေလိမ့်မည်
ဤနေရာတွင် ကိုယ်နိုင်မည်ဟုချည်း ပြော၍မရပေ။

ရောက်လီသည် ခြေထောက်ကို အနည်းငယ် ခွာလိုက်၏။

ဓားကိုကောက်ကိုင်ကာ ရင်ဝတွင် ဘယ်လက်ကို ကာထား
လိုက်၏။

မင်းသားမှာ ယပ်တောင်ကိုခတ်ရင်း ရှေ့သို့တိုးလာသည်
ရောက်လီက တစ်နေရာတွင် ရပ်နေလိုက်သည်။ နှစ်ယောက်အကွာ
အဝေးမှာ သုံးလှမ်းစာမျှသာရှိတော့သည်။

ရောက်လီသည် ညာခြေကိုအားပြုကာ လျှပ်တစ်ပြက် ခုန်
ထွက်သွား၏။ ဓားက မင်းသား၏ဦးခေါင်းဆီသို့ ခုတ်ချလိုက်သည်။

တစ်ဆက်တည်းမှာပင် သူ၏ခြေထောက်ကလည်း မင်း
သား၏ခါးကို ကန်ချလိုက်တော့သည်။



မင်းသားက ခန္ဓာကိုယ်အား ရှေ့သို့ လျှင်မြန်စွာတိုး၍ ယပ်
တောင်ဖြင့် လက်ပြန်ရိုက်ချသည်။

နှစ်ယောက်စလုံး တိုက်စစ်ချည်းဆင်ကြသည်။

"ဖြန်း....."

ရောက်လီသည် သူ့ဓားချက်လွဲသည်နှင့် ဘယ်လက်ဖြင့်
လက်ပြန်ရိုက်ချလိုက်ရာ ယပ်တောင်ကို အပြားလိုက်ရိုက်မိသည်။

နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦး ပို၍သတိထားလိုက်ကြ
သည်။

ရောက်လီသည် ဘယ်ခြေထောက်ကို အားပြု၍ စက်ဝိုင်းပ
ခာ လှည့်လိုက်သည်။

မင်းသားက ကိုယ်ကိုလိုက်မလှည့်ပါ။ နားကိုသာ စွင့်ထား
သည်။

ရောက်လီကမူ ဓားချက်များ တစ်ချက်ပြီးတစ်ချက် ထုတ်
နေလေသည်။

မင်းသားကလည်း ဓားချက်တိုင်းကို ယပ်တောင်ဖြင့် ခုခံ၏။

ရောက်လီသည် တိုက်ခိုက်ရင်းမှ ဓားကွက်တစ်ကွက်ကို သ
တိရမိလိုက်သည်။

သူသည် ဓားစက်ဝိုင်းများဖြစ်အောင်ပြုလုပ်ပြီး မင်းသားကို
ဓားစက်ဝိုင်းအတွင်းရောက်အောင် ဆွဲသွင်းလိုက်သည်။

မင်းသားက ရယ်မောပြီး ဖြိုခွဲလိုက်ရာ ဓားစက်ဝိုင်းပြိုကွဲ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ဤသို့ဖြင့် တိုက်ခိုက်နေကြရာ သိုင်းကွက်သုံးရာကျော်မျှ တိုက်ခိုက်ပြီးချိန်အထိ တစ်ဦးကိုတစ်ဦး အသာမရဘဲ ဖြစ်နေသည်။

သို့သော် မင်းသား မောပန်းလာချေပြီ။ လက်ပြင်မှ ဒဏ်ရာကလည်း သွေးများယိုစီးကျလာသည်။

ဤဒဏ်ရာကြောင့် ရောက်လီအား သူ အနိုင်မယူခဲ့ခြင်းဖြစ်ကြောင်းကို သူသိသည်။

ဤဒဏ်ရာသာ မရရှိပါက သိုင်းကွက်သုံးရာအတွင်းရောက်လီအား သူ အနိုင်ယူခဲ့ပေမည်။

ယခုဒဏ်ရာက သွေးထွက်လွန်လာပြီဖြစ်၍ လက်ကိုမလှုပ်ရှားချင်လောက်အောင် ဖြစ်လာသည်။

အသက်လုတိုက်ပွဲဖြစ်နေ၍သာ လှုပ်ရှားနေခြင်းဖြစ်သည်။

မင်းသား နောင်တရလိုက်သည်။ သူသည် စစချင်း ရောက်လီအား ဓားနှင့်တစ်ဟုန်ထိုးတိုက်ခိုက်ပါက အနိုင်ရနိုင်သည်ကို သိလျက်နှင့် သူ့သေကိုယ်သေတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ရောက်လီက ဓားဖြင့်ခုတ်ချလိုက်သည်။

ထိုအခါ ဓားချက်ကို သူ၏ဒဏ်ရာရသောလက်ဖြင့် ခံပေးလိုက်ပြီး ယပ်တောင်ကို ညှစ်ချလိုက်သည်။

"ဗိုး... ဝှစ်... ဝှစ်"

ရောက်လီ၏ဓားချက်များမှာ မင်းသား၏လက်ကိုဖြတ်ပစ်ပြီး ပခုံးတွင်သွားစိုက်သည်။



ရောက်လီသည် မင်းသားက လက်ချည်းသက်သက်ဖြင့် ဓားကိုခုခံတော့မည့်ကို ရိပ်ခနဲသိလိုက်သည်နှင့် တစ်စုံတစ်ခုဖြစ်တော့မည်ကို ကြိုတင်သိရှိလိုက်သည်။

ထိုအခါ သူသည် ကိုယ်ဖော့ပညာကိုသုံး၍ တစ်ပတ်ကျွမ်းထိုးလိုက်သည်။ ဓားအခုတ် အကျွမ်းကျင်ဆုံးဖြစ်တော့သည်။

မင်းသား၏အဆိပ်အပ်များသည် ရောက်လီ၏ခန္ဓာကိုယ်အား လွဲချော်သွားလေတော့သည်။

လေထဲ၌သာ တဗိုးဗိုး တဝှစ်ဝှစ် မြည်ထွက်သွားတော့သည်။

ရောက်လီ ပြန်ကျလာသောအခါတွင် မင်းသား၏ရင်ဝသို့ လက်ရိုက်ချလိုက်သည်။

"ဝုန်း....."

မင်းသားမှာ လွင့်စင်သွားသည်။

ရောက်လီသည် မင်းသား၏နားထင်အား ပြေး၍ကန်လိုက်သည်။

"ခွပ်...."

မင်းသားမှာ လိမ့်ဆင်းသွားသည်။ မင်းသားသည် ချူကျွေကျောင်းအား ဤသို့ကန်ခဲ့လေသည်။

ရက်သတ္တတစ်ပတ်မျှ မကျော်မီ သူလည်း ဤသို့ပြန်အကန်

www.burmeseclassic.com

www.burmeseclassic.com



ခံရပေသည်။

မင်းသားသည် သဲသောင်ပြင်ပေါ်လူးလိမ့်ရင်း ငြိမ်သက်သွားတော့သည်။

ရှောက်လီသည် မင်းသားအား မကြည့်တော့ပါ။

လှေတစ်စင်းကိုပြေး၍ တွန်းလိုက်သည်။ မြစ်ထဲသို့ လှေရောက်သည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးတက်က လှော်ခတ်သွားတော့သည်။

○



အခန်း(၄၄)
ရှင်းလင်းခဲ့သောလှေခါးတစ်ထစ်

ရှောက်လီသည် စန်ကျုံးယင်ရှိရာသို့ အပြေးလာခဲ့လေသည်။

စန်ကျုံးယင်သည် သက်တော်စောင့်စားသမားများ အလယ်၌ရှိမည်ကို သူ ကြိုတင်မျှော်လင့်ပြီး ဖြစ်လေတော့သည်။

သူတည်းခိုခန်းရှိရာသို့ ရောက်သောအခါ စန်ကျုံးယင် ရှိမနေတော့ချေ။

ရှောက်လီ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူ ထိုတည်းခိုခန်း၌ စုံစမ်းကြည့်၏။

စန်ကျုံးယင်ကား ခြေရာလည်းပျောက် ရေလည်းနောက်ချေပြီ။

ရှောက်လီသည် စိတ်ပျက်လက်ပျက်ဖြင့် မြို့ထဲသို့လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။

ထိုအချိန်တွင် သူ့နောက်သို့ တစ်စုံတစ်ယောက် လိုက်လာကြောင်းကို စိတ်ထဲ၌ အလိုလိုခံစားလာမိသည်။

သူသည် မြို့ပြင်သို့ထွက်ပြီး သစ်ပင်များအကြား ပုန်းရှောင်နေသည်။

ခဏကြာသောအခါ လူတစ်ယောက်လိုက်လာသည်ကို တွေ့ရ၏။

ရှောက်လီ သစ်ပင်များအကြား ပျောက်ကွယ်သွားသဖြင့် ထိုသူသည် ရပ်တန့်ပြီး ဟိုရှာသည်ရှာ လုပ်နေသည်။

"ဟား... ဟား... ဟား"

ရှောက်လီသည် ပုန်းနေသောသစ်ပင်ကြားမှထွက်ပြီး ရယ်မောလိုက်သည်။

"မင်း ဘာကြောင့် ကျုပ်နောက်ကို တကောက်ကောက်လိုက်နေရတာလဲ"

ထိုသူက မဖြေပါ။ သူ၏မျက်နှာဖုံးအတုကိုချွတ်ပြီး ခမောက်ကိုလှန်ချလိုက်သည်။

"ဟင်.. ကျင်းစုကို့"

လှပသောမျက်နှာကလေး ပေါ်လွင်လာသည်။

ရှောက်လီမှာ လွန်စွာ ဝမ်းသာသွားသည်။

"ကျင်းစုကို့... မင်း... မင်းလွတ်လာပြီနော်"



"ညီမ လွတ်လာပြီ၊ အစ်ကို့ကို စောင့်နေတာပဲ"

ကျင်းစုကို့က သူလွတ်မြောက်လာပုံကို ရှင်းလင်းပြောပြလိုက်သည်။

ထို့နောက် သူမက....

"သူ့နောက်ကို လိုက်တဲ့ရန်သူက အစွမ်းတော်တော်ထက်တယ်လို့ ယူဆရတယ်၊ သူ့မျက်နှာကတော့ သေမထူးနေမထူးပုံပဲ၊ ကျွန်မကိုတော့ မြန်မြန်သွားတော့လို့ပဲပြောတယ်"

ရှောက်လီက....

"ရှင်းသွားတာလဲ အေးတာပါပဲကွာ၊ တစ်ခု ညီမကို ပြောချင်တယ်"

"ဘာများလဲ"

"စန့်ကျိုးယင်ကိုရှင်းပြီးတဲ့အခါ အသက်ရှင်ခဲ့ရင်"

"တော်တော့... အစ်ကိုပြောမှာကို ညီမနားလည်တယ်၊ အခု စန့်ကျိုးယင် ဘယ်မှာနေသလဲဆိုတာကို ညီမစုံစမ်းခဲ့ပြီးပြီ"

ရှောက်လီသည် ကျင်းစုကို့ကို စိုက်ကြည့်လိုက်ပြီး....

"မင်းပါ လိုက်မလို့လားညီမ"

ကျင်းစုကို့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... လိုက်ရမယ်၊ အစ်ကိုတစ်ယောက်တည်း မလွှတ်နိုင်တော့ဘူး"

ရှောက်လီသည် ကျင်းစုကို့၏လက်မောင်းကို တင်းကျပ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်လေသည်။

သူတို့သည် မြင်းတစ်စီးကိုနှစ်ယောက်စီး၍ ခရီးဆက်လက်ထွက်ခွာလာကြလေသည်။

ဤသို့ဖြင့် ပန်းတစ်ရာကျေးရွာသို့ ဆိုက်ရောက်ခဲ့လေတော့သည်။

○

"ပန်းတစ်ရာကျေးရွာ"

ရွာအဝင်ဝတွင် ရေးထားသောဆိုင်းဘုတ်ဖြစ်တော့သည်။

သို့သော် ရွာအဝင်လမ်းတစ်လျှောက် မည်သည့်ပန်းတစ်ပွင့်ကိုမျှ မတွေ့ခဲ့ချေ။

ရောက်လီသည် ဓားကိုတင်းကျပ်စွာဆုပ်ကိုင်ထား၏။

ကျင်းစုကို့၏သတင်းပေးချက်အရ ရွာတွင် သူတစ်ယောက်တည်းသာ နေထိုင်သည်ဟုဆိုသည်။

ထို့ကြောင့် သူနှင့်ရင်ဆိုင်ရမည့်သူမှာ သုံးလေးဦးသာရှိနေပေမည်။

သို့သော် ရောက်လီမှာ မပေါ့ဆရဲပါ။ ထိုသုံးယောက်ကို တစ်ပြိုင်တည်း ရင်ဆိုင်ရန် မလွယ်ကြောင်း ရောက်လီသိသည်။

ထို့ကြောင့် သူတို့သည် အထူးသတိထားလာခဲ့ရပါသည်။



အတန်ကြာသော် ထင်းရှူးပင်များ တန်းစီပေါက်နေသည့်နေရာသို့ ရောက်လာတော့သည်။

ထင်းရှူးပင်များ၏တစ်ဖက်တွင် အိမ်ကလေးတစ်လုံးကိုတွေ့ရသည်။ ထိုအိမ်ကလေးကို တည်ဆောက်ထားပေသည်။

ရောက်လီသည် ကျင်းစုကို့၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်းက ထင်းရှူးပင်များအတွင်းသို့ ဝင်လိုက်သည်။

သူသည် တစ်ဖက်အိမ်သို့ရောက်ရှိရန် ဤထင်းရှူးတောကိုဖြတ်သန်းရပေမည်။

သို့သော် အတန်ကြာသွားသည်အထိ ထင်းရှူးတောကိုမကျော်ဖြတ်နိုင်သေးဘဲ ဖြစ်နေသည်။

ရောက်လီသည် အံကြိတ်ကာ ကျင်းစုကို့၏လက်ကိုဆွဲလျက် ပြေးလိုက်သည်။

မည်မျှပင်ကြာအောင်ပြေးပြေး မူလနေရာသို့ပင် ပြန်ရောက်နေသည်ကို တွေ့ရတော့သည်။

ရောက်လီ ထိတ်လန့်သွားသည်။ သူတို့ဖြတ်သန်းနေသည့်ထင်းရှူးတောမှာ သာမန်ထင်းရှူးတော မဟုတ်ပါ။

ဝက်ပါ....။

ဝက်ပါထင်းရှူးတောဖြစ်ကြောင်း သူ နားလည်လိုက်၏။

ကျင်းစုကို့က....

"ဒါဟာ နက္ခတ်တွေကိုကြည့်ပြီး ပြုလုပ်ထားတဲ့ဝက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားအဆုံးတွင် အသက်ကြီးရင့်သောသူတစ်ဦး၏ အသံ ပေါ်ထွက်လာသည်။

"ဒီကောင်မလေးက ဘယ်ဆိုးလို့လဲ"

အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ဦးထွက်ပေါ် လာလေသည်။

ကျင်းစုကို့က....

"အစ်ကို ဒီဝက်ပါက ထွက်ချင်သလား"

"ထွက်ချင်တာပေါ့... ဒါမှ ဟိုအိမ်ကိုရောက်မှာ"

"ဒါဖြင့် ညီမပြောတဲ့ ခြေလှမ်းအတိုင်းလျှောက်... ဘယ် ရှစ် ညာ ကိုး... တည့်တည့်ဆယ့်ခုနစ်"

ထိုစကားကြားသောအခါ အဘိုးအိုမှာ ဒေါသထွက်ပြီး ကျင်း စုကို့အား ဝင်ရောက်တိုက်ခိုက်တော့သည်။

ကျင်းစုကို့က ခုခံလိုက်ပြီး....

"အစ်ကိုသွားတော့... ညီမ သူ့ကိုထိန်းထားလိုက်မယ်"

ရောက်လီသည် လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

"မင်းကလား ငါ့ကိုထိန်းထားနိုင်မှာ"

အဘိုးအိုသည် ပြောပြောဆိုဆို အပြင်းအထန် တိုက်ခိုက် လေတော့သည်။

အဘိုးအို၏သိုင်းကွက်များမှာ ထူးဆန်းသည်။ လေးငါး ကွက်တိုက်ရုံမျှဖြင့် အခြေအနေမဟန်ကြောင်း ကျင်းစုကို့ သိလိုက်



လေပြီ။

"မိန်းကလေးတစ်ယောက်ကို ဒီလောက်တိုက်ခိုက်နေတာ မရှက်ဘူးလား"

"မင်းက စိန်ခေါ်တာကိုးကွ"

"ကျွန်မက စိန်မခေါ်ပါဘူး... ရှင်တိုက်တာကို ထိန်းထား မယ်လို့ပြောတာပါ"

"မင်းက ဘာကြောင့် ငါ့ဝက်ပါကို ဖျက်ဆီးရတာလဲ"

ကျင်းစုကို့က ရယ်သည်။

"ရှင့်ဝက်ပါကို မဖျက်ဆီးပါဘူး... ဒါပေမယ့် ဒီဝက်ပါလေးက ကလေးကစားစရာလို ဖြစ်နေတာကိုး"

အဘိုးအိုမှာ သူ ကြိုးစားတီထွင်ထားသော ဝက်ပါအား ကျင်းစုကို့က ကလေးကစားစရာဟုပြောသောအခါ မခံမရပ်နိုင် အောင် ဖြစ်သွားသည်။

"မင်းက ဘယ်လောက်အစွမ်းရှိလို့ ဒီဝက်ပါကို ကလေးက စားစရာလို့ ပြောရတာလဲ"

ကျင်းစုကို့၏မိခင်မှာ ဝက်ပါအတတ်ကိုတတ်၏။ ငယ်စဉ်က ဝင် ဝက်ပါတည်ဆောက်နည်းများကို သင်ယူခဲ့သူဖြစ်၏။

အဘိုးအိုသည် တည်ဆောက်ထားသည့် ထင်းရှူးတောဝက် ပါမှာ တကယ့်ကလေးကစားစရာကလေးသာ။

"ရှင်နဲ့ကျွန်မနဲ့ ဝက်ပါပြိုင်ဆောက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ဆောက်မယ်"

"ဘယ်သူ အရင်ထွက်နိုင်မလဲ... ပြိုင်မယ်"

အဘိုးအိုက ဆက်ပြောလေသည်။

"ကောင်းပြီ... မင်းရှုံးရင် ဒီမှာတစ်သက်လုံး နေရမယ်"

"ရှင် ရှုံးရင်ကော"

"ငါရှုံးရင်...."

ကျင်းစုကို့က....

"ရှင်ရှုံးရင် ကျွန်မတို့ကို မနှောင့်ယှက်ရဘူး"

သူမသည် ထင်းရှူးကိုင်းများကိုချိုးကာ ထိပ်ကိုချွန်လိုက်၏။ ခြောင့်များသဖွယ် လေးဆယ့်ကိုးချောင်းတိတိ ချွန်လိုက်သည်။ သူမသည် ဝက်ပါတစ်ခုတည်ဆောက်လိုက်သည်။

အဘိုးအိုကလည်း ကျောက်တုံးများကိုယူကာ ဝက်ပါတစ်ခုတည်ဆောက်သည်။

ထို့နောက် တစ်ယောက်စီ၏ ဝက်ပါအတွင်းသို့ ဝင်လိုက်ကြလေသည်။

ကျင်းစုကို့မှာ သာမန်မိန်းကလေး မဟုတ်ပါ။ ထက်မြက်သောမိန်းကလေး ဖြစ်၏။

ဝက်ပါအတတ်နှင့်များစွာ ရင်းနှီးသူဖြစ်သည်။ သို့တိုင်အောင် တတ်ကျွမ်းသူဖြစ်ပါလျက် အဘိုးအို၏ဝက်ပါအတွင်း၌ နာရီဝက်မျှ နေခဲ့ရသေးသည်။



သူမ ထွက်လာနိုင်သောအခါ အဘိုးအိုသည် သူမ ပြုစုထားသော ဝက်ပါအလယ်တွင်ထိုင်ကာ စဉ်းစားတွေးတောနေကြောင်း တွေ့ရှိခဲ့ရလေသည်။

○

ရောက်လီမှာ ထင်းရှူးတောထဲမှ ပြေးထွက်ခဲ့သည်နှင့် လူတစ်ယောက်နှင့်တန်းတိုးနေလေသည်။ ထိုသူကား ချင်းရှောင်ပင်ဖြစ်ပါသည်။

ချင်းရှောင်က ဓားကိုအသင့်ပြင်လျက် ရောက်လီကိုစောင့်နေလေသည်။

"မင်းက ငါ့ကိုစောင့်နေတာလား"

ရောက်လီက မေးလိုက်သည်။

"အင်း...."

ချင်းရှောင်က ထိုမျှသာဖြေသည်။

ရောက်လီကလည်း ဓားကို အသင့်ပြင်လိုက်သည်။

သူတို့နှစ်ဦး၏ဓားကိုင်ပုံ၊ ရပ်ပုံတို့မှာ တစ်ထေရာတည်း တူညီနေသည်။ ရောက်လီမှာ ရင်ထိတ်နေသည်။

ထိုသူသည် သူ့ကဲ့သို့ပင် တာလီနိုင်ငံတွင် ဓားပညာသင်ယူသူတစ်ဦးဖြစ်ကြောင်း ရိပ်စားမိလိုက်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ရှောက်လီသည် သတိကြီးစွာထား၍ တိုက်ခိုက်၏။ ဓားကွက်ချင်းလည်း တူညီနေတော့သည်။

ရှောက်လီသည် ဒုတိယဓားကွက်ကိုဖော်ထုတ်လိုက်သည်။

ချင်းရှောင်ကလည်း ဒုတိယဓားကွက်ကို ဖော်ထုတ်လိုက်သည်။ လူနှစ်ယောက်ချက်ချင်း ပူးကပ်သွားသည်။

"ခွမ်း....."

ဓားချင်းထိခတ်သံ မြည်ဟည်းသွားသည်။

ရှောက်လီ၏ဓားကိုင်လက်မှာ ထုံကျဉ်သွားသည်။ လူချင်းပြန်ခွာသွားကြသည်။

သို့သော် သူသည် တတိယဓားကွက်ကို ထုတ်ဖော်လိုက်သည်။

ဓားသည် စွေစောင်းစောင်းအနေအထားဖြင့် ချင်းရှောင်ရှိရာသို့ဝင်သွားသည်။

သူတို့တိုက်ခိုက်ပုံမှာ တစ်ထေရာတည်း တူညီနေသဖြင့် ရှောက်လီ ရင်ထိတ်လာသည်။ ချင်းရှောင်ကလည်း စိုးရိမ်လာတော့သည်။

သူတို့သည် ဓားကွက်မပြောင်းလဲရဲချေ။ ပြောင်းလဲသည်နှင့် ဒဏ်ရာရမည်ကို စိုးရိမ်နေကြလေသည်။

ရှောက်လီသည် ဓားကွက်များကို တစ်ကွက်ပြီးတစ်ကွက် ထုတ်သုံး၏။ ချင်းရှောင်ကလည်း ခုခံ၏။ မည်သူမျှ အသာစီးမရပါ



ချေ။

ထို့ကြောင့် သူသည် စန်ကျုံးယင်၏ ဩဝါဒအတိုင်း ဉာဏ်ရည်ကို အသုံးချလိုက်သည်။

သူသည် ချင်းရှောင်အား စက်ဝိုင်းပုံလှည့်ပတ်လိုက်၏။

ချင်းရှောင်ကလည်း ရှောက်လီ၏အကြံကိုသိကာ စက်ဝိုင်းပုံပြန်၍ လှည့်ပတ်လာသည်။

ဤတစ်ကြိမ်တွင်လည်း ဉာဏ်ရည်တူနေပြန်သည်။ သူတို့နှစ်ဦး၏တိုက်ပွဲသည် ဓားပညာတူညီနေသည်။

ဉာဏ်ရည်မှာလည်း မကွာခြားလှပါ။ အတွေ့အကြုံကသာ အဆုံးအဖြတ်ပေးမည်ဟု ယုံကြည်ရပါသည်။

ချင်းရှောင်သည် ရှောက်လီထက် အသက်ကြီးပုံရ၏။ ထို့ကြောင့် သူ့ထက် အတွေ့အကြုံ ပိုများနိုင်ပေသည်။

သို့သော် ရှောက်လီလောက် ရန်သူထောင်ချောက်အတွင်း ကျဆင်းခဲ့ဘူးပေ။

ရှောက်လီက ဓားကွက်ကို အစမှအဆုံးတိုင် ထုတ်ဖော်တိုက်ခိုက်လိုက်သည်။

ချင်းရှောင်ကလည်း အစမှအဆုံးတိုင် ပြန်လည်ခုခံလေသည်။

သူတို့၏တိုက်ပွဲမှာ အသက်လုတိုက်ပွဲဖြစ်သော်လည်း တိုက်ပွဲနှင့်မတူဘဲ လေ့ကျင့်သည်နှင့် တူနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောက်လီသည် သူ၏ထက်မြက်သော ကိုယ်ဖော့ပညာကိုပါ ပူးတွဲတိုက်ခိုက်သည်။ သို့သော အကျိုးထူးမလာပါ။

ချင်းရှောင်က ကျောက်တောင်ကြီးသဖွယ် တည်ငြိမ်စွာခုခံနိုင်ခဲ့လေ၏။

ချင်းရှောင်၏ကိုယ်ပေါ်တွင် ချွေးများရွဲနစ်နေသည်။ ထို့အတူ ရှောက်လီ၏ကိုယ်ပေါ်တွင်လည်း ချွေးများရွဲနစ်နေသည်။

ရှောက်လီသည် အကြံတစ်ခုရသွားသည်။ အကြံမှာ ရိုးရိုးကလေးပင်။

ရှောက်လီသည် တဖြည်းဖြည်းလှည့်ပတ်ကာ နေရောင်ကို မျက်နှာမူလိုက်သည်။

နေရောင်ကိုဓားနှင့်ခံကာ ချင်းရှောင်၏မျက်လုံးအစုံသို့ ရောင်ပြန်ဟပ်ပေးလိုက်သည်။ ထိုအခါ ချင်းရှောင်မှာ တဒင်္ဂမျက်စိပြာသွားရသည်။

ရှောက်လီသည် ရရှိလာသောအခွင့်အရေးကို လက်လွှတ်မခံပါ။ ဟန်ချက်ပျက်သွားသော ချင်းရှောင်အား ဓားနှင့်ထိုးသွင်းလိုက်သည်။

"အား....."

ချင်းရှောင်သည် ရှောက်လီအား ခုခံနိုင်စွမ်းမရှိတော့ပါ။ နာကျင်စွာ အော်ဟစ်ပြီး လဲကျသွားရှာသည်။

○



အခန်း(၄၅)

ဖန်တီးရှင်၏ဇာတ်လမ်း

ရှောက်လီသည် သစ်လုံးအိမ်ကလေးသို့ တစ်လှမ်းချင်း တိုးဝင်လိုက်သည်။

သစ်လုံးအိမ်ကလေးအတွင်း၌ထိုင်နေရသော စန်ကျူးယင်အား တွေ့လိုက်ရပေသည်။ ရှောက်လီမှာ အံကိုတင်းတင်းကြိတ်မိ၏။

စန်ကျူးယင်၏မျက်နှာမှာ ချောင်ကျနေသည်။ အဘိုးအိုတစ်ဦး၏ မျက်နှာကဲ့သို့ ဖြစ်နေပေသည်။

စန်ကျူးယင်သည် မျက်နှာလှည့်မကြည့်ဘဲ ပြောလိုက်၏။

"ရှောက်လီ တစ်နေ့ မင်းရောက်လာမယ်ဆိုတာ ငါသိနေပါတယ်"

သူ့အသံမှာ တုန်လှုပ်ခြင်း ကင်းမဲ့နေသည်။ ရှောက်လီသည် ခါးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စန်ကျိုးယင်က....

"မင်း ဘာကိုစောင့်တာလဲ၊ အခု မင်း ငါ့ကိုသတ်နိုင်ပြီပဲ"

ထပ်ပြောလိုက်သည်။ ရှောက်လီမှာ ဓားကိုင်လက်ကို မြှောက်ရန် ကြိုးစားနေ၏။ သို့သော် ဓားကိုင်လက်မှာ မြှောက်မရဘဲ ဖြစ်နေသည်။ စန်ကျိုးယင်က ဆက်ပြောသည်။

"မင်းလုပ်ချင်တာကို မင်းလုပ်နိုင်ခဲ့ပြီး မင်းသွားနိုင်ပါပြီ... မင်းသွားနိုင်ပါပြီကွာ"

ရှောင်လီ၏ရင်ထဲ တင်းကျပ်သွား၏။

"လူယုတ်မာ"

ရှောက်လီ ပြောလိုက်သော်လည်း ပါးစပ်မှထွက်မလာပါ။ ရှောက်လီ ကြိုးစား၍ပြောလိုက်သည်။

"ခင်... ခင်ဗျား ဘာကြောင့်ယုတ်မာတာလဲ"

စန်ကျိုးယင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ငါလူယုတ်မာပါ။ မင်းလဲ ယုတ်မာခဲ့ဖူးတာပဲ မဟုတ်လား၊ သတ်လေကွာ... မင်းနိုင်နေပြီပဲ၊ ငါ့ကို သတ်လိုက်စမ်းပါ"

ရှောက်လီက....

"ခင်ဗျား မခံစားတော့ဘူးလား"

စန်ကျိုးယင် ခေါင်းခါလိုက်၏။

"ဘာလုပ်တော့မှာလဲ... ငါ အိုနေပါပြီ၊ စိတ်လဲ အင်မတန်



ပင်ပန်းတယ်၊ မင်းကို ဘာလို့ခုခံတော့မှာလဲ၊ ငါ့သားလိုချစ်ရတဲ့လူတွေ အားလုံးသေကုန်ပြီ... ငါလဲ စိတ်ကုန်ပါပြီ"

ရှောက်လီက....

"ဟူကျန်းစုအတွက် ကျုပ် ခွင့်မလွှတ်ဘူး"

စန်ကျိုးယင်သည် ကိုယ်ကို ရှောက်လီနှင့်မျက်နှာချင်းဆိုင် လိုက်၏။

"ဒါဆို ငါ့ကိုဘာကြည့်နေတာလဲ... ငါ့ကိုသတ်လိုက်ပါတော့၊ ငါ့သားလိုပြုစုခဲ့ရတဲ့ မင်းတို့တတွေကို စတေးပစ်ရတိုင်း ဝမ်းသာ ဘယ်လို့များထင်နေသလား၊ ငါ ဘယ်လောက်စိတ်ထိခိုက်ရတယ်ဆို တာ ငါပြောမပြနိုင်လောက်အောင်ပါပဲကွာ၊ အိုး... ရှုတ်ပါတယ်၊ မင်းကို အခွင့်ပေးတယ်... ငါ့ကိုသတ်လိုက်ပါတော့"

စန်ကျိုးယင်၏အသံမှာ ကြေကွဲဝမ်းနည်းနေသည်။ ရှောက်လီ၏ဓားကိုင်လက်မှာ အလိုလို ပြေလျော့သွားသည်။

စန်ကျိုးယင်က....

"ဘာလဲ... မင်းက ငါ့ကိုမသတ်ရက်ပါဘူး၊ လုပ်စမ်းပါကွာ... မင်း စိတ်မပျော့စမ်းပါနဲ့ကွာ"

ရှောက်လီမှာ စန်ကျိုးယင်အားကြည့်ရင်း ရင်ထဲဆို့နင်နေ တော့သည်။

စန်ကျိုးယင်က....

"ငါ မင်းနဲ့ပြန်ပြေလည်နိုင်ဖို့ကိုတော့ မမျှော်လင့်တော့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွာ"

ရောက်လီ သက်ပြင်းချလိုက်၏။ စန်ကျုံးယင်က တုန်တုန်ယင်ယင်ဖြင့် ထရပ်လိုက်သည်။

သူသည် ရှေ့သို့တစ်လှမ်းချင်းတိုးလာသည်။ ခေါင်းစင်းပေးသည့် ဝံပုလွေအိုကြီးပမာ ဖြစ်နေတော့သည်။

"ငါ တခြားသူတွေရဲ့လက်ချက်နဲ့မသေချင်ဘူး… ငါမွေးထားတဲ့ ငါ့သားတွေရဲ့လက်ချက်နဲ့ပဲ သေချင်တယ်"

ရောက်လီက….

"ဘာကြောင့်များ ကျွန်တော့ကိုမှရွေးပြီး စတေးခဲ့တာလဲဗျာ"

ဆို့နင်ကြေကွဲစွာ မေးလိုက်သည်။

စန်ကျုံးယင်က….

"မင်းကို အချစ်ဆုံးလေ… အဲဒါကိုအတွင်းသိ လူတိုင်းသိကြတယ်"

"အချစ်ဆုံးကို စတေးမှလူတွေယုံကြည်ကြတာပေါ့၊ ယုတ္တိရှိလာမှာပေါ့၊ ဒီလိုစတေးရတဲ့အတွက် ငါ့ကိုပျော်တယ်များ ထင်နေသလား၊ ခုထက်ထိ ဟူကျန်းစုရဲ့တစ္ဆေက ငါ့ကိုခြောက်လှန့်နေဆဲပဲ"

ရောက်လီမှာ မွန်းကျပ်သလို ခံစားနေရ၏။

စန်ကျုံးယင်က ရှေ့သို့ဆက်တိုးလာရင်း ပြောလိုက်ပြန်၏။

"ငါ့ကလေးတွေကို ငါ စတေးပစ်ခဲ့ရတယ်၊ အဲဒီအစား ကိုယ်



တိုင်ဝင်ခံလိုက်ချင်ပါတယ်လို့ပြောလဲ မင်းတို့ယုံမှာမဟုတ်ပါဘူး၊ မင်းတို့ကို ငါသိပ်ချစ်ပါတယ်၊ မင်းတို့ကို ငါငယ်ငယ်လေးကတည်းက ပြုစုပျိုးထောင်ခဲ့ရတာပါ"

ရောက်လီမှာ ဝမ်းနည်းလာသည်။ မျက်ရည်များ ဝဲလာမိသည်။ လက်ထဲမှဓားလည်း အလိုလိုလွတ်ကျသွားမိ၏။

သူသည် စန်ကျုံးယင်အား ချစ်သည်။ လေးစားသည်။ အားကိုးသည်။ စန်ကျုံးယင်ကို သူ မည်ကဲ့သို့သတ်ရက်နိုင်ပါအံ့နည်း။

"ဆရာ…."

ရောက်လီက ကြေကွဲစွာ ခေါ်လိုက်ပါသည်။ စန်ကျုံးယင်သူ့ရှေ့သို့ရောက်ရှိလာသည်။ ရောက်လီ ဒူးထောက်ထိုင်ချလိုက်သည်။

စန်ကျုံးယင်၏ခြေထောက်ကိုကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျလာတော့သည်။

"ဝံပုလွေ… မင်းဟာ နှင်းတောင်ဝံပုလွေဆိုပေမယ့် စိတ်တအယ်ပျော့ပါလား၊ မင်းကို ငါသင်ပေးထားတာတွေ မေ့ကုန်ပြီလား"

စန်ကျုံးယင်သည် ရောက်လီအားပွေ့ဖက်ရန် ဟန်ပြင်လိုက်သည်။ စန်ကျုံးယင်၏အင်္ကျီလက်ကြားမှ လျှပ်တစ်ပြက် ဓားတစ်ချောင်းပေါ်လာသည်။

သူသည် ရောက်လီအား ပွေ့ဖက်မည့်ဟန်ပြုလုပ်ပြီး ရောက်လီ၏ကျောပြင်အား အားကုန်စိုက်ချလိုက်တော့၏။

ရောက်လီမှာ ဘာမျှမသိပါ။ စန်ကျုံးယင်၏ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



အား ကြည့်၍ငိုနေပါသည်။

ထိုစဉ် ပြတင်းတံခါးပေါက်မှ လူရိပ်တစ်ခုသည် အချိန်ကိုက် ပျံထွက်လာသည်။ စန်ကျုံးယင်၏လက်အမြောက်တွင် သူမသည် ဝင် ရောက်လာခြင်းဖြစ်ပါ၏။

စန်ကျုံးယင်၏နောက်ကျောသို့ ဓားဖြင့်ထိုးချလိုက်လေ သည်။

"အား...."

စန်ကျုံးယင်မှာ ဓားချက်ကြောင့် ယိုင်သွားသည်။ သူ့လက် ထဲတွင် ဓား။ ရှောက်လီသည် စန်ကျုံးယင်၏လက်ထဲမှဓားကိုကြည့် ပြီး ကြက်သေ,သေသွားသည်။

စန်ကျုံးယင်သည် သူ့နောက်ကျောကို ဓားနှင့်ထိုးစိုက်ရန် ချိန်ရွယ်ခဲ့သည် မဟုတ်ပါလား။

သေမင်းသည် သူနှင့် လက်တစ်ကမ်းအလိုတွင် ရှိနေခဲ့သည် မဟုတ်ပါလား။

ပြတင်းပေါက်မှဝင်လာသူမှာ ကျင်းစုကို့ပင်ဖြစ်သည်။

ကျင်းစုကို့မှာ မှင်တက်နေသောရှောက်လီအား ကြည့် ကာ....

"အစ်ကို... သူ့ကိုမသတ်ရက်ဘူးဆိုတာ သူကောင်းကောင်း သိတယ်၊ သူဟာ အစ်ကို့ကိုလေ့ကျင့်ပေးခဲ့သူမဟုတ်လား"

ရှောက်လီ သက်ပြင်းချလိုက်သည်။



"အခုတော့ အားလုံးပြီးသွားပါပြီ"

သူသည် စန်ကျုံးယင်၏အလောင်းကိုပင် မကြည့်တော့ပေ တွေ့ချင်မြင်ချင်စိတ် ကုန်ခန်းသွားခြင်းဖြစ်သည်။

သူသည် ကျင်းစုကို့လက်ကိုကိုင်၍ ထွက်လာလေသည်။ သူ တို့ထွက်ခွာသွားသည်အထိ အဘိုးအိုသည် ဇုက်ပါထဲမှထွက်ရန် စဉ် စားနေဆဲသာ ရှိနေပေသေးသည်။

ရှောက်လီသည် ငှက်လှောင်အိမ်များအတွင်းမှ စန်ကျုံးယင် ၏မှတ်တမ်းများနှင့် ကွေ့ထင်းပု၏မှတ်တမ်းများကို သက်ဆိုင်ရာတို့ အား ပေးအပ်လိုက်သည်။

တရုတ်များသည် သံတမန်ကျင့်ဝတ်နှင့်အညီ မန်ချူးကော ဇာခ်သိရှိအောင်လည်း အကြောင်းကြားလိုက်သည်။

ထို့ကြောင့် စန်းယုံမင်းစွေတည်ထောင်ခဲ့သောလူတစ်စု သည် ပြိုကွဲပျက်စီးသွားခဲ့လေသည်။

ရှောက်လီမှာ မင်းဒဏ်မှလွတ်သော်လည်း ဟူကျန်းစုအား ကူညီခဲ့သည်ဆိုသောအမှုအတွက် ဘေးမဲ့စခန်းဥပဒေအရ သေဒဏ် သင့်နေခဲ့သည်။

ထို့ကြောင့် ကျင်းစုကို့သည် ရှောက်လီအား သူမနိုင်ငံအထိ သို့ ငှက်စွာခေါ်ဆောင်သွားပြီး ဘဝကိုအေးအေးချမ်းချမ်း ထူထောင် ခဲ့လေသည်။

သူတို့သည် ဟူကျန်းစု၏အလောင်းကိုပြန်ဖော်ကာ လျှို့စန်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်၌ မြှုပ်နှံခဲ့သည်။

၀

ရောက်လီသည် မြင်းရထားပေါ်၌ တွေးနေရာ အိမ်ပြန်ရောက်မှ အတွေးစများ ပြတ်သွားရသည်။

"နေရစ်ခဲ့တော့ ညီလေးရေ"

သူသည် သူ၏သွေးသောက်ညီ ဟူကျန်းစုအတွက် ထိုစကားကိုသာ ပြောနိုင်လေတော့သည်။

ရောက်လီသည် သူ့လက်ဖဝါးများကို ကြည့်လိုက်သည်။ လက်ဖဝါးများသည် မာကျောနေပေသည်။ သူသည် ဓားကိုင်မည့်အစား ပေါက်ပြားကိုင်ခဲ့ပေသည်။

ဤဖြစ်ရပ်များသည် စန်ကျုံးယင် လျှို့ဝှက်စွာရွေးချယ်ခဲ့သောလူတစ်ယောက်ကြောင့်ဆိုလျှင် ရောက်လီအဖို့ ပေါက်ပြားကိုဖြောင့်အောင် ကိုင်ဆောင်နိုင်ပါမည်လော။

ပြီးပါ၏

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com